www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

Kyaw Kyaw Swe 1965@ gmail,com

BURMESE CLASSIC

# လျှို့ဝှက်ဆန်းကြယ်

## မဂ္ဂဇင်းတိုက်

တိုက်(၉)၊၃၀၁-ဗိုတောက်လမ်း၊ယုဇနပလာဇာ၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့။
ဖုန်း-၀၉၄၄၃၂၀၀၇၆၀၊ ၀၉၅၁၇၂၁၅၀၊ ၀၉၅၁၃၆၂၃၀၊ ၀၉၅၀၃၆၆၀၂
http:// www.facebook.com/Secret San Kyal

DEAR MARRY FASHION HOUSE
အမှတ်(၅၆)၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။



www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓ၊ ဓမ္မ၊ သံဃ
ဦးမင်္ဂလာဒါဘိဒေဝါ

မဂ္ဂဇင်း

ကျော်ကျော်ဆွေ
စုစည်းတင်ဆက်သည်။

အတွဲ (၁၉)၊ အမှတ် (၄)၊ ဇန်နဝါရီ၊ ၂၀၁၆ ခုနှစ်။

၁၉၉၇ ခုနှစ်၊ စက်တင်ဘာလတွင် စတင်ထုတ်ဝေသည်။ မိုးဆမ်းပန်းတာပေ၊ Dear Marry (Myanmar)
တိုက်(၉) ၃၀၁ ဗိုတောက်လမ်း၊ ယုဇနပလာဇာ၊ မင်္ဂလာတောင်ညွန့်မှ ပြည်လုံးကျွတ်ဖြန့်ချိပါသည်။ ဖုန်း-၀၉၄၃၂၀၀၇၆၀

**အတိုင်ပင်ခံပညာရှင်များ**

အမျိုးသားစာပေဆုရ စာရေးဆရာကြီးမြေမောင်
အမျိုးသားစာပေဆုရ စာရေးဆရာကြီး ဒေါက်တာချစ်စံဝင်း
အမျိုးသားစာပေဆုရ စာရေးဆရာကြီး သောင်းဝေဦး

**စာတည်းအဖွဲ့**

ကိုကိုဆွေဆွေ
မိုးသိမ့် BE (Electronic)
အိမြတ် BE (Civil)

**ငေါင်းစီးတာလုံး**

ပန်းချီတင်ထွန်း

**အမှတ်တံဆိပ်**

ပန်းချီတင်ရွှေချို

**မျက်နှာဖုံးသရုပ်ဖော်**

ဇေဖြိုး

**ကွန်ပျူတာတာစီ**

မွေးမွေးနဲ့အဖွဲ့(အနာဂတ်ကမ္ဘာ)

**အုပ်ချုပ်ရေးမှူး**

ငြိမ်း B.sc (Chem)

**စာမျက်နှာဖွဲ့စည်းမှု**

မွေးမွေး၊ မျိုးဟန်(အနာဂတ်ကမ္ဘာ)

**လျို့ဝှက်ဆန်းကြယ်ပန်းချီဒိုင်းအဖွဲ့**

မောင်မောင်သိုက်၊ ကျော်ဦး၊ မိုးဒီလွင်၊ မိုးဝေ
စိုးအောင်၊ ထွန်းအောင်ကျော်မြင့်၊ စောနိုင်ထူး၊
ပန်းချီချစ်ဦး(ပုသိမ်)၊ ပန်းချီစကြူ

**ဖြန့်ချိရေး**

ရန်ကုန်-ကျော်သိန်းစာပေ၊ ငြိမ်းစာပေ
စောဦးစာပေ၊ နေစေးစာပေ၊ ကိုလတ်စာပေ၊
ပန်းရွက်ဝေစာပေ၊ မြတ်စာပေ၊ မြသော်တာစာပေ
အောင်ကျော်စာပေ၊ အမေ့အိမ်စာပေ၊
ဦးတင်စိုးစာပေ၊ သီတာနီလာစာပေ
မန္တလေး-နဂါးစာပေ၊ မော်လမြိုင်-ကျော်ကျော်စာပေ၊
တောင်ကြီး-ဂါးနေဒီစာပေ၊ စိလျှံနာစာပေ၊
ပဲခူး-သဇင်စာပေ၊
ခေတ္တရာစာပေ-သထုံ၊ သော်တာစန်းစာပေ-နေပြည်တော် ပျဉ်းမနား၊

ထုတ်ဝေသူ - ဦးချစ်ကျော်ကျော် (ခ) ဦးကျော်ကျော်ဆွေ (၀၁၁၅၆မြဲ) ၁၉/၂၁၊ ကျောင်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့် အဖုံးပုံနှိပ်သူ - ဒေါ်ခင်ဝင်းဆင့် (၀၀၄၂၅မြဲ) ရွှေနင်းအော့ဖ်ဆက် အမှတ်-၂၃၊ ရွှေဝါထွန်းလမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်း CTP- (Eagle)၊ ဓာတ်ရေ - ၁၀၀၀။ တန်ဖိုး - ၂၁၀၀။ စာအုပ်ချုပ် - ရှုကီး (တင်ထွန်း) ၁၁၄ လမ်း

ပန်းချီကျော်ကျိုင်သင်း ချစ်ဆန်း (၅၂၈) ဖြိုးချ(တသန်) အထူးကျေးဇူးတင်သည်။

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| | ၅၅ဝ ဇာတ်တော်ထဲက | |
| ချကြာရှင် | ဉာဏ်တောင်းရှာတစ်ချက် | ၉ |
| | အလွတ်အထိမ် | |
| ရွှေတံကူသာသနာမြို့ မယ်တော်ကြီး | လက်ထွေးကမ္ဘာရှိခဲ့ရသောဖိတော်ရှင်ဘုရား | ၂၀ |
| | ကြီးစွာအားထုတ်ပါ | |
| ပဒေနာမြို့(ဓလွှန်) | ချမ်းသာနှစ်မျိုး | ၂၆ |
| | ဘုရားရှင်တိုင်ပင်တော်မြတ်ကြီးများအား | |
| ရွှေတံကူသာသနာမြို့ | ရွှေတံကူသာနှင့်သာမြို့မိသားစု | ၃၀ |
| မယ်တော်ကြီး | ဘွဲ့အာဝ်ရပ်မြင်းအဝိအဆင့်ကုသိုလ်တော် | |
| | မကိုင်ရှုထွတ်ဦး | |
| ရဲရဲထွန်း(တသ်ာတ) | အောင်သုထူးဘုရားရှိန်းတော်ကြီး | ၄၄ |
| | ဘာမဆိုအောင်ရမည် | |
| ရဲရဲထွန်း(တသ်ာတ) | အောင်ဝါလာတော်ကြီး | ၄၇ |
| | သိချင်ကြရင် | |
| တာဝါလမိုင်းယောတန်(တခွန်) | ကံကြမ္မာ၏အတိုးမြှုပ်များ | ၄၉ |
| | အလေ့အကျင့် | |
| ဇော်ဇော်(ကင်းစိတ်ပြင်) | အထုံ | ၅၇ |
| | ဒေါ်သန့်ပါပဲ | |
| ဆောင်းဝင်းသူ (ကျောက်စိမ်းတွင်း) | တိရစ္ဆာန်တို့၏တုံ့ပြန်အကြိုး | ၆၀ |
| | ဝိဇ္ဇာဆိုသည်မှာ | |
| စေတော်ဝင်းမောင်တုသာလ | ကိုယ်တွေကြုံရုပ်သွဲ့တာတ်သူ | ၆၅ |
| | သည်ပြင်ခံပါ | |
| အေးရွှင်ယန်(သင်ထုံး) | သမုဒ္ဒရာနှစ်ထောင်တစ်ထွာ | ၆၀ |
| | ဆောင်းချောက် | |
| မင်းအသ | အရှုတ္တာ၏အကြွားဆဲ | ၇၃ |
| | ကိုယ်တွေ့ကြုံရသူ | |
| စောရွှေမောင်(ပုတ်ချောတော) | ကာတိတည်ထူ | ၈၂ |
| | သံယောဇဉ်ဆိုတာ | |
| ကြည်နှီးရည်(ခရမ်း) | လေမုရုတဲ့အမြူ | ၉၀ |
| | အတိုးကြီးဆိုပြီး | |
| ကြည်ဝင်း(တသ်ာတ) | ရွှေခေတ်ထာရန်ကုန်မြို့မှာရှိခဲ့ကြီးများ | ၉၇ |
| ဝိမ်ဝိမ်အေး | ဖွဲ့ထိုက်သေ | |
| | ပေးလေအမျှကြားပါစေ | |
| မြန်နန်းသီတာမွယ် | ကိုတာယ်သို့ရောက်လာသောတစ္ဆေ | ၁၁၀ |
| | ၂၀၁၆ခုနှစ် ဇန်နဝါရီလအတွင်း (၇)ရက်သားသမီးများအတွက် | |
| ဝေဒသုတေသီသရာမျိုး | ဘာကိုသောစ်လို့ရှောင်မလဲ | ၁၁၅ |
| | ထိုသုံးမျိုးကိုရှောင် | |
| အောင်ဆန်းလင်း(ဘိဒေ) | အသက်ရှည်ကြာနေချင်သလား | ၁၂၀ |
| | နှယ်မြောက်သာဆိုင် | |
| နေရှူးပိုင်ဝင်း | လေညှင်းမွှေ့၏ဘေးဖက်ဝင်ပုံ | ၁၂၅ |
| | တစ်မတော်ထဲကရုပ်စရာများ | |
| ခွန်သက်တန်ဝင်း | ဘဝတန္တာရထဲကတာသရာ့ချည်စကားများ | ၁၃၀ |
| | လူတိုင်းကျင့်ကြံရမည့် | |
| တင့်ထူး(ဝေယျဝတီ) | မင်္ဂလာတရားတော် | ၁၃၆ |


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

အခေဆောင်

ဆောင်းစုန်မြိုင့်(ကချင်ခြေ) — မှလဲ မြန်မာ့အငြေကြာပညာ — ၁၆၁

ဝေမြွှနီထီး(မြူ) — အငြကျမြင်းဆံရာ (၅)နေ့သားသမီးများအားလုံးအတွက် — ၁၆၆

ဆရာဝ္ကီ၇ — ၂၀၁၆၊ ဇန်နဝါရီလ၊ ဟောစာတမ်း အစူးအဝင်ကြောင်း — ၁၇၀

သရုပ္ပသန်းဆောင်(မော်ကျွန်း) — တဆွတ် ဆေမ်းကြွယ်သူတာ — ၁၇၅

ဆောင်းသုဝ — ဝန်းကန်ပြားချိ(UFO) တကယ်ရှိနိုင်သလား ခိုးဝါးတဲ့အမှတ်တာရသဝေါ်သားများဘဝ — ၁၈၁

သက်ရှိုင်မိုး(စက်မှု) — နံပါတွေအားလုံးမှာလည်း ကျမိနီးတွေဝုံးနေပါသည် ခရီးသည်းသွား ဘုရားဖူးသည်ချေး — ၁၈၄

ကြည်ကြည်ကျော် — တနင်္သာရီတိုင်းဒေသကြီး မြိတ်အေသယ် — ၁၉၁

(ရန်ကွင်း-ပုံနိပ်)ချူးမနား — သမိုင်းဝင်ရှစ်တိုင်ဘုရားများ အမှတ်တရခြိုးဆောဘ်စည်ပဒါ(၄)

ဆောင်းဆဝိုး — မြူည်သူမသိသေးသော ဗိုလ်ချုပ်မှူးကြီးသန်းရွှေအကြောင်း — ၂၀၇

နဂ္ဂတ်ါ(၃)ညွှယ် ဖန်နုဝါရီလအတွက်

နတ်မှုကိစ် — ဟောစာတမ်း — ၂၂၀

ဆရာအောင်ဝိုး(B.Sc) — စနေ သမီး

နတ်မှုကိစ်ဆရာအောင်ဝိုး — အနေနှင့်တူသောသမီးများ ကျန်းမာရေးအတွက် — ၂၂၆

ဒေါက်တာရွှင်သန့်(ဆေး-၂) — သင့်ကျန်းမာရေးကောင်းမကောင်း ငွေကြောင့်ရယ် အစားကြောင့်ရယ် — ၂၂၉

ကျော်ဝဏ္ဏကျော် — လောအတွေ့ရှိနေသူ ပျောက်သောသူရှာလှူင်ဖွေ — ၂၃၃

ဝင်းတင်(ရွှေရာင်မြေ) — ပတေ့ဆန်သောတစ်ညတာ အခုမှပဲ တွေ့တော့တာသယ် — ၂၄၀

မိကျန်းဆော်ဝင်းမောင် — တရားတာဝယ်သူလဲတော့ အခန်းဆောက်ဝတ္ထုရှည် — ၂၄၆

ဘိုဘို(ရွှေဂါး) — လွမ်းမျက်ရည် ဝတ္ထုရှည်အစအဆုံး — ၂၅၃

တိုးတိုး — အိမ်ထောင်ကျခဲ့ပြီတာယ် — ၂၆၃

www.burmeseclassic.com

www.burmeseclassic.com



# သူတော်ကောင်းဆိုတာ

အဆင်မပြေလို့ တစ်ယောက်နဲ့တစ်ယော[illegible]

အထင်အမြင်တွေလွဲပြီး မတည့်ဘူးဆိုရင်

ကွဲနေတဲ့သူကို စေ့စပ်ပေးတယ်

ညီညွတ်အောင်လုပ်ပေးတယ်

ခင်ခင်မင်မင်ရှိနေတဲ့ ပုဂ္ဂိုလ်တွေဆို[illegible]

ရင်းနှီးအောင်လုပ်[illegible]

တစ်ဦးနဲ့တစ်ဦး ညီညွတ်[illegible]

ကွဲပြီး[illegible]

တစ်ယောက်နဲ့တစ်ယော[illegible]

သာယာ[illegible]

www.burmeseclassic.com

www.burmeseclassic.com



# သူတော်ကောင်းဆိုတာ

အဆင်မပြေလို့ တစ်ယောက်နဲ့တစ်ယောက်
အထင်အမြင်တွေလွဲပြီး မတည့်ဘူးဆိုရင်
ကွဲနေတဲ့သူကို စေ့စပ်ပေးတယ်
ညီညွတ်အောင်လုပ်ပေးတယ်
ခင်ခင်မင်မင်ရှိနေတဲ့ ပုဂ္ဂိုလ်တွေကိုပြီး [illegible]
ရင်းနှီးအောင်လုပ်[illegible]
တစ်ဦးနဲ့တစ်ဦး ညီညွတ်[illegible]
ကွဲပြီး[illegible]
တစ်ယောက်နဲ့တစ်[illegible]
သူ[illegible]

www.burmeseclassic.com

www.burmeseclassic.com



လောကမှာ လူ့စွမ်းဆောင်တွေဆိုတာလည်း

တစ်ခါတစ်ခါ ပေါ်လာတတ်တယ်။

ဒါပေမဲ့ တစ်စုံတစ်ခုသော အနှောက်အယှက်

အတားအဆီးများရှိနေခဲ့ရင်

အဲဒီလူ့စွမ်းဆောင်ဟာ မထောက်ပနိုင်ပြန်ဘူး။

အဲဒါကြောင့် တစ်ခါတစ်ရံမှသာ

ပေါ်ပေါက်လာတတ်တဲ့ အင်မတန်အစွမ်းသတ္တိရှိတဲ့

'လူ့စွမ်းဆောင်တွေကို
မြေတောင်မြှောက်ပေး'

လူ့စွမ်းဆောင်တွေ၊ ရှင်စွမ်းဆောင်တွေ၊

ရဟန်းစွမ်းဆောင်တွေကို နေရာဖွင့်ပေးကြရမယ်။

မြေတောင်မြှောက်ပေးကြရမယ်။

"ဒီဆောင်သိပ်အစွမ်းထက်တယ်။

ဒီဆောင့်ကိုတော့ နှိမ်ထားလိုက်ဦးမယ်"ဆိုပြီးလုပ်လိုက်ရင်

တိုင်းပြည်မှာရော သာသနာမှာပါ နစ်နာသွားမယ်။

သီတဂူဆရာတော်ဘုရားကြီး

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဘုရားရှင် လက်ထက်တော် အခါက ရာဇဂြိုဟ်ပြည်တွင် ခနေသဋ္ဌိ ဟူသော ထင်ရှားကျော်ကြားသည့် သူဌေးကြီးတစ်ဦးရှိ၏။ ထိုသူဌေးကြီးတွင် လှပတင့်တယ်သော တစ်ဦးတည်းသော သမီးသည်ရှိ၏။ သူဌေးကြီးဇနီးမောင်နှံ တို့သည် သမီးလေးအားချစ်၍ မဝအောင် ရှိကြသဖြင့် အချိန်တန် အရွယ်ရောက် လာသည်ကိုပင် သတိမမူမိဘဲ ကလေး လိုသာ အောက်မေ့လျက် သမီးအား အိမ်ထောင်ချထားရန် မစဉ်းစားမိကြဘဲ ရှိသည်။

ထိုအခါ သူဌေးသမီးလေးသည် အနေနီးစပ်ရာ အခိုင်းအစေ လူငယ်နှင့် မေတ္တာမျှမိကြ၏။ အချိန်ကာလ ကြာသောအခါ ဤအကြောင်းကို တစ်နေ့မဟုတ် တစ်နေ့ သူဌေးကြီးတို့ သိရှိမည်။ သိရှိလျှင် အခိုင်းအစေ လူငယ်မှာ အသက်ခံရမည်။ ထို့ကြောင့် မိမိတို့အား မည်သူမျှမသိရှိသော ဝေးလံ သည့်အရပ် တစ်ပါးသို့ ထွက်ပြေးကြရန် တိုင်ပင်ပြီးလျှင် တစ်နိုင်မျှသာ ဥစ္စာ ပစ္စည်းအချို့ကို ယူငင်၍ မိဘတို့ မသိအောင် တိတ်တစိတ် ထွက်ပြေးခဲ့ကြ ၏။

ဤသို့ဖြင့် အလှမ်းဝေးလံသော အရပ်ဒေသတစ်ခုသို့ ရောက်ရှိသောအခါ ထိုဒေသမှာပင် အခြေချနေထိုင်၍ လုပ်ကိုင်စားသောက်၍ နေကြ၏။ မကြာမီ သူဌေးသမီးတွင် ကိုယ်ဝန်ရရှိပြီး တဖြည်းဖြည်း ကိုယ်ဝန်သည်လည်း



ရင့်မာ၍လာသည်။ ထိုအခါ သူဌေး သမီးသည် ယောကျာ်းဖောင်စီး မိန်းမ မီးနေဟူသော စကားရှိ၏။ အဆွေအမျိုး မရှိသော အရပ်၌ သားဖွားခြင်းသည် အန္တရာယ်များလှပေ၏။ မိဘအိမ်ပြန်၍ မွေးဖွားခြင်းသည်သာ ကောင်း၏ဟုတွေး ပြီး...

"အရှင် ကျွန်ုပ်သည် မကြာမီ ကလေးမီးဖွားတော့မည်။ မိဘအိမ်သို့ လိုက်ပို့ပါ" ဟုဆိုရာ လင်ယောကျာ်းမှ

"မဖြစ်ဘူးရှင်မ။ ငါတို့မင်း အိမ်ကိုပြန်ရင် မင်းမိဘတွေက ငါ့ကို ခွင့်လွှတ်မှာ မဟုတ်ဘူး။ သတ်ကြလိမ့် မယ်။ ဒီမှာလည်း လက်သည်ကောင်းတွေ ရှိပါတယ်။ အကောင်းဆုံးစီစဉ်ပေးပါ့မယ်" ဟု ပြော၏။

"အရှင် အဘိုးအဘွားတို့ မည်သည်မှာ မြေးကိုလက်ခံကြပါလိမ့် မည်" ဟု ဆိုသော်လည်း လင်ယောကျာ်း သည် ပို့ပေးပါမည်ဟုသာ နှစ်သိမ့်လျက် နေ့ရက်တို့ကို ကုန်လွန်စေ၏။

ထိုအခါ လင်ယောကျာ်းသည်



www.burmeseclassic.com

www.burmeseclassic.com

မိမိ၏ မိဘထံသို့ မလိုက်ရသည်ကို သိရှိပြီဖြစ်၍ တစ်နေ့တွင် လင်ယောကျ်ား အလုပ်သွားခိုက် သူဌေးသမီးသည် အိမ်နီးချင်းတို့အား မှာကြားပြီး မိဘရပ်ထံသို့ တစ်ဦးတည်း ထွက်လာခဲ့၏။ သွားကြောင်းသိသည်နှင့် နောက်မှ အပြေးလိုက်လာခဲ့သည်။ သူဌေးသမီးသည် နုနယ်သူဖြစ်သည့်အပြင် ကိုယ်ဝန်အရင့်အမာနင့်ဖြစ်ရာ ခရီးမတွင်ဘဲ ညနေစောင်းတွင် လမ်းခုလပ်ရှိ ဇရပ်တစ်ခုတွင် နားနေလျှက်ရှိစဉ် လင်ယောကျ်ား မီလာခဲ့၏။ ထိုအချိန်မှာပင် သူဌေးသမီးသည် သားယောကျ်ားလေးကို ချောချောမောမော ဖွားမြင်လိုက်၏။

"ရှင်မ ငါတို့သည် မီးဖွားရန်ကိစ္စအတွက် မိဘရင်းသံပြန်ကြခြင်း မဟုတ်လော။ ယခု သားဖွားခြင်းကိစ္စ ပြီးဆုံးပြီဖြစ်ရာ မိဘရပ်ထံမသွားပါနှင့်တော့ ငါတို့အိမ်ကိုသာ ပြန်ကြပါစို့" ဟု ချော့မော့ပြောဆိုသဖြင့် ဇနီးမောင်နှံနှစ်ဦးလည်း သားငယ်ကိုချီပိုး၍ မိမိတို့နေအိမ်သို့ ပြန်ခဲ့ကြ၏။

လမ်းခရီးအကြား၌ ဖွားမြင်သူဖြစ်သောကြောင့် ထိုကလေးငယ်ကို "ပန္ထက" ဟုအမည် မှည့်ခေါ်ခဲ့ကြ၏။ ဤသို့ဖြင့် နေလာခဲ့ကြရာ သူဌေးသမီး၌ ဒုတိယ ကိုယ်ဝန် တည်လာပြန်၏။ ကိုယ်ဝန်ရင့်မာလာသောအခါ သူဌေးသမီးသည် ရှေးနည်းတူပင် မိဘ ရပ်ထံပြန်၍ မွေးဖွားလိုကြောင်း လင်ယောကျ်ားကို ပြောကြားပြန်၏။ လင်ယောကျ်ားလည်း သူဌေးသမီး၏ မိဘများနှင့် ရင်မဆိုင်ရဲသည်ဖြစ်၍ အကြောင်းအမျိုးမျိုးပြ၍ အချိန်ဆွဲနေခဲ့ရာ သူဌေးသမီးသည်



ရှေးနည်းတူပင်း တစ်ဦးတည်းထွက်သွားပြန်၏။ လင်ယောကျ်ားသိ၍ လိုက်လာသောအခါ ပထမတစ်ကြိမ်သားဖွားခဲ့သော အရပ်မှာ မီပြန်ပြီး ထိုဇရပ်မှာပင် ဒုတိယအကြိမ် သားယောကျ်ားလေးကို မွေးဖွားပြန်၏။ ထိုသားငယ်မှာလည်း လမ်းခရီးမှာပင် ဖွားမြင်သည်ဖြစ်၍ "ပန္ထက" ဟုပင် အမည်မှည့်ခေါ်ပြန်ရာ သားအကြီးကို "မဟာပန္ထက" သားငယ်ကို "စူဠပန္ထက" ဟုခေါ်ဝေါ်ခဲ့ကြ၏။

တဖြည်းဖြည်းဖြင့် ကလေးနှစ်ယောက်တို့ ကြီးပြင်းလာသောအခါ အမိ၊ အဘတို့အား ရွယ်တူတန်းတူ သူငယ်ချင်းများတွင် အဘိုး၊ အဘွား၊ ဦးကြီး၊ ဒေါ်လေးတို့သည် ရှိ၊ သားတို့မှာကော ထိုသို့မရှိဘူးလား။ ရှိလျှင်လည်း အဘယ်မှာ ရှိလျှင်လည်း အဘယ်မှာ ရှိသနည်း။ တွေ့ချင်လှပါသည်ဟု မိခင်အား သနားစဖွယ် မေးကြကုန်၏။ မိခင်သည် ပြောမပြဘဲ စိပ်စိပ်သာနေခဲ့၏။ နောက်ဆုံးတွင် ကလေးငယ်တို့က အတင်းအကျပ် မေးကြကုန်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံးတွင် သားတို့၏ အမျိုးအဆွေတို့သည်ကား၊ ဤအရပ်မှာ မရှိ ရာဇဗြိုဟ်ပြည်တွင်ရှိ၏။ ဓနသေဋ္ဌ သူဌေးကြီးသည် သားတို့၏ အဘိုးဖြစ်၍ ဆွေမျိုးများစွာ ရှိပါ၏" ဟု ပြောကြားရပါတော့သည်။ ထိုသို့ဆိုလျှင် ရာဇဗြိုဟ်ပြည်ကို အဘယ်ကြောင့် မသွားသနည်း။ အဘိုးအဘွားနှင့် ဆွေမျိုးများကို တွေ့လိုလှပါသည်။ လိုက်ပို့ပေးပါ" ဟုတောင်းဆိုကြပြန်ကုန်၏။

မိခင်လည်း စိပ်စိပ်ပင် နေပြန်၏။ ထိုအခါ ကလေးနှစ်ဦးက မရမက ပူဆာကြပြန်၏။ နောက်ဆုံးတွင် လင်ယောကျ်ားအား ဖွင့်ပြောပြီး ထပ်ဆင့် ပူဆာရပြန်၏။ လင်ယောကျ်ားလည်း မတတ်သာသည့်အဆုံး ဇနီးနှင့် သားများ၏ ဆန္ဒကို လိုက်လျောပြီး ပို့ဆောင်ပေးရန် သဘောတူညီလိုက်ရ၏။ ရက်ပိုင်းအတွင်းမှာပင် လမ်းခရီးအတွက် စီစဉ်စရာရှိသည်တို့ကို စီစဉ်၊ ယူငင်စရာရှိသည်တို့ကို ယူငင်၍ ရာဇဗြိုဟ်ပြည်သို့ ထွက်ခွာခဲ့ကြ၏။

အဆင့်ဆင့် ခရီးထောက်နား နေလျက် လာခဲ့ကြရာ ရက်အတန်ကြာ၌ ရာဇဗြိုဟ်မြို့တံခါးဝသို့ ရောက်ရှိ၏။ သူဌေးသမီးမိသားစုသည် မြို့တံခါးအနီး ဇရပ်တစ်ခုတွင်နေ၍ မြို့အတွင်း လူကြုံတို့ဖြင့်လိုက်၏။ သူဌေးကြီးလည်း သမီးဟူသော အသံကြားလိုက်ရာ မိတ်မေတ္တာ မိတ်သံယောဇဉ်တို့ဖြင့် ခေါ်ငင်လိုစိတ်ဖြစ်



ပေါ်သော်လည်း သမီးနှင့် သမက်ကို ခေါ်ယူထားရှိလျှင် တစ်သက်တာလုံး မိမိတို့ အရှက်ရနေမည့်အဖြစ်ကို တွေးမိ၍ သံသရာ၌ ငါတို့၏ သားသမီးတော်စပ်ခဲ့သူတို့ကား ရေတွက်၍ မကုန်နိုင်ပြီ ငါတို့တွင် ဤသမီးတစ်ယောက်တည်းသာရှိခဲ့သည်မဟုတ်၍ ကြီးစွာသော သံယောဇဉ် မထားရှိသင့်ဟု စိတ်ကို ဖြေလျှော့၍ သူဌေးကြီးသည် အိမ်တော်ထိန်းအားခေါ်၍ "အမောင် သမီးနှင့် သမက်ကို ဥစ္စာတချို့တစ်ဝက် ပေးအပ်ပြီး ပြန်နိုင်းပါ။ မြေးနှစ်ယောက်ကို ခေါ်ခဲ့ပါ။ အကယ်၍ မြေးနှစ်ယောက်ကို မပေးနိုင်လျှင် ဥစ္စာတို့ကို ပြန်ယူပြီး သူတို့အားလုံး ပြန်ကြတော့လို့ ပြောလိုက်ပါ" ဟု မှာကြား၍...

အိမ်တော်ထိန်းလည်း သူဌေးသမီးထံသွားရောက်ပြီး သူဌေးကြီးမှာကြားသည့်အတိုင်း ပြောကြားသောအခါ သူဌေးသမီးသည် သားနှစ်ယောက်၏ ရှေ့ရေးကို ငဲ့ကွက်၍ ဥစ္စာကိုယူ၍ သား နှစ်ယောက်ကို အိမ်တော်ထိန်းအား အပ်နှံ



www.burmeseclassic.com

www.burmeseclassic.com

၍ ၄င်း၏နေရပ်သို့ ပြန်ခဲ့၏။

ခနသေဋ္ဌိ သူဌေးကြီးသည် မြတ်စွာဘုရားထံ နေ့စဉ်သွားရောက် ဖူးမြော်၍ တရားနာလေ့ရှိရာ မြေးအကြီး မဟာပန္ထကကိုလည်း ခေါ်ဆောင်သွား၏။ စူဠပန္ထကသည်ကား ငယ်လွန်းလှသေး၍ အိမ်မှာပင် ချန်ထားရစ်ခဲ့၏။ မဟာပန္ထကသည် ဘုရားရှင်၏ တရားတော်များကို နာကြားရသောအခါ ရဟန်းပြုလိုစိတ်ဖြစ်ပေါ်လာသဖြင့် အဘိုးထံခွင့်တောင်းခံ၏။ အဘိုးဖြစ်သူကလည်း ဝမ်းပမ်းတသာ ကြည်ဖြူစွာ အခွင့်ပေး၏။ ဤသို့ဖြင့် မဟာပန္ထကသည် ဘုရားရှင်ထံ သာမဏေပြုပြီးနောက် အသက် ၂၀ပြည့်သောအခါ ရဟန်းဘောင်သို့ တက်ရောက်ပြီး နောက်မကြာမီ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်၏။

မဟာပန္ထကသည် ဈာန်ချမ်းသာ၊ မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာတို့ ခံစားရသောအခါ ဤချမ်းသာမျိုးကို ညီတော်အားလည်း ရရှိခံစားစေလို၏။ ထို့ကြောင့် သူဌေးကြီးထံသွားရောက်ပြီး စူဠပန္ထက အားသာသနာ့ဘောင်သို့ သွတ်သင်းလိုကြောင်း ပြောကြားရာ သူဌေးကြီးမှ ကြည်ဖြူလိုလားစွာပင် ခွင့်ပြု၏။ ဤသို့ဖြင့် စူဠပန္ထကသည်လည်း ရဟန်းအဖြစ်သို့ ရောက်ရှိ၏။ စူဠပန္ထကသည် ဉာဏ်ထိုင်းသူဖြစ်ရကား ဂါထာတစ်ပုဒ်ကိုပင် လေးလနှင့် မတတ်မြောက်ပဲရှိနေ၏။

ထိုအခါ မဟာပန္ထသည် ညီတော်အား ခေါ်ယူ၍ အသင်သည် လေးလကြာမြင့်သော်မှ ဂါထာတစ်ပုဒ်ကို မတတ်၊ ဤဉာဏ်မျိုးနှင့် ရဟန်းကိစ္စ မည်သို့ပြီးနိုင်ပါအံ့နည်း။ သင်သည် သာသနာတော်နှင့် မထိုက်တန်ပြီ၊ ဤမှာဆက်နေ၍လည်း အကျိုးမရှိပြီ လူထွက်လော့၊ အိမ်ပြန်လော့ဟုဆို၏။ စူဠပန်သည် သာသနာတော်၌သာ ပျော်မွေ့သူဖြစ်ရကား လူထွက်လိုသော ဆန္ဒမရှိပါ။ ထို့ကြောင့် နောင်တော်၏ စကားကို မလိုက်နာဘဲ ကျောင်းမှာပင် ဆက်နေ၏။

နောက်တစ်နေ့တွင် ဆရာဇီဝကသည် ကျောင်းတော်သို့ ရောက်ရှိလာပြီး ဘုရားရှင်အား ပန်းနံ့သာတို့ဖြင့် ပူဇော်ပြီး ဘုရားရှင်၏ တရားတော်တို့ကို နာယူပြီးနောက် ဘုရားရှင်၏ ကျောင်းတော်၌ ဆွမ်းကိစ္စတို့ကို တာဝန်ယူရသော မဟာပန္ထက မထေရ်ထံ သွားရောက်၍ အရှင်ဘုရား မနက်ဖြန် နံနက်တွင် တပည့်တော်၏ နေအိမ်၌ ဘုရားအမှူးရှိသော သံဃာတော်များကို ဆွမ်းကပ်လို၍ သံဃာစာရင်း ရယူလိုကြောင်း လျှောက်ထားရာ "ဒါယကာ ဇီဝက ဤကျောင်း၌ ဉာဏ်ပညာနုံ့ထိုင်းသော မဟာပန်ထေရ်ကို ချန်လှပ်၍ အပါးငါးရာ ပင့်ဆောင်ခွင့်ပြု၏" ဟု ပြောကြားတော်မူ၏။

ထိုစကားကို စူဠပန်ထေရ် ကြားတော်မူလျှင် ငါ၏နောင်တော်သည် ငါ့အား သံဃာစာရင်းမှ ပယ်လေပြီ။ ငါသည် သာသနာတော်၌ ဆက်နေရန် အကျိုးမရှိပြီ လူထွက်၍ လူ့ဘဝနှင့်ပင် ကောင်းမှုတို့ကို ပြုတော့မည်။ မနက်ဖြန် မနက်စောစော လူထွက်တော့မည်ဟု

www.burmeseclassic.com

စိတ်နှလုံးမသာမယာဖြင့် ဆုံးဖြတ်လိုက်၏။

နောက်တစ်နေ့ မနက် မိုး သောက်ထသော် မြတ်စွာဘုရားရှင်သည် သဗ္ဗညုတဉာဏ်တော်ဖြင့် လောက တစ်ခွင်ကို ကြည့်ရှုတော်မူလျှင် ကျွတ် ထိုက်သူ စူဠပန်လည်း ဘုရားရှင်အား ရိုသေစွာရှိခိုးလျှင် "စူဠပန်သင်သည် အဘယ်ရပ်သို့သွားရန် ထွက်လာသနည်း" ဟု ရိုသေစွာ လျှောက်ထား၏။

"စူဠပန်အသင်သည် ငါ၏ထံ တွင် ရဟန်းပြုခဲ့သည် မဟုတ်လော၊ သင်၏ အစ်ကိုနှင်ထုတ်ရုံမျှနှင့် အဘယ် ကြောင့် လူထွက်မည် ကြံရသလော၊ ငါ့ထံသို့ အဘယ်ကြောင့် မလာသနည်း။ ရဟန်းဘဝသည် မြတ်၏။ လူ့ဘဝကို ပြန်သွား၍ အကျိုးမရှိ၊ ချစ်သားစူဠပန် ငါ့ထံသို့လာလော့" ဟု ခေါ်တော်မူ၍ ဂန္ဓကုဋိတိုက်ဦးတွင် နေစေ၍ အဝတ်စ တစ်ခုကို ဖန်ဆင်း၍ ထိုအဝတ်စကို ပေးအပ်ပြီး အသင်သည် အရှေ့အရပ် ကို မျက်နှာမူ၍ "ရဇောဟရဏံ၊ ရဇောဟရဏံ" ဟု ရွတ်ဆိုပြီး အဝတ်စ ကို ဆုပ်နယ်၍ နေရစ်ပါလော့ဟု မိန့်ကြားတော်မူပြီး သံဃာတော်များနှင့် အတူ ဘုရားရှင်သည် ဇီဝက၏ အိမ်သို့ ကြွသွားတော်မူ၏။

စူဠပန်သည် ဘုရားရှင်မှာကြား တော်မူခဲ့သည့်အတိုင်း အဝတ်ပိုင်းကို ဆုပ်နယ်လျက်ရှိရာ အဝတ်ပိုင်းသည် ခဏအတွင်းမှာပင် ညစ်နွမ်း၍လာ၏။



နဂိုကဖြူစင်၍ တောင့်တောင့်ရောင့်ရောင့် ရှိသော အဝတ်ပိုင်းသည် အတ္တဘောကို မှီ၍ ဖြူစင်ခြင်းတို့ ပျောက်ကာ ညစ်နွမ်း ခြင်းသို့ ရောက်ရခြင်း မမြဲသော အနိစ္စ သဘောပါတကား ဟု ဆင်ခြင်မိပြီးဖြစ် ခြင်း၊ ပျက်ခြင်းတို့ကို ဝိပဿနာ ဉာဏ် အမြင်ဖြင့် ဆင်ခြင်မိလာ၏။ ထို အကြောင်းကို မြတ်စွာဘုရားရှင်သည် ဆရာဇီဝက၏ နေအိမ်မှပင် သဗ္ဗညုတ ဉာဏ်တော်မှ၍ လှမ်း၍မြင်နိုင်သည်ဖြစ် ၍ စူဠပန်မထေရ်ထံသို့ ရောင်ခြည်တော် တို့ ပို့လွှတ်တော်မူ၍ ဤအဝတ်ပိုင်းသည် ပင် ညစ်နွမ်း၏။ မြေမှုန့်မြူတို့သာလျှင် အဝတ်စကို ညစ်နွမ်းစေ၏ဟု မိန့်တော် မူပြီးလျှင် "ရာဂကို မြူဟုဆိုအပ်၏။ မြေမှုန့်၊ ဖုံမှုန့်ကိုကား မြူဟုမဆိုအပ်၊ မြူဟူသည်မှာ ရာဂ၏ အမည်တည်း။ ရာဂမြူကင်းသော မြတ်စွာဘုရား၏ သာသနာတော်၌ ရဟန်းတို့သည် ရာဂ မြူကို ပယ်လျက်နေ၏။

"ဒေါသကို မြူဟုဆိုအပ်၏။ မြေမှုန့်၊ ဖုံမှုန့်ကိုကား မြူဟု မဆိုအပ်၊



www.burmeseclassic.com

www.burmeseclassic.com

မြူဟူသည်မှာ ဒေါသ၏ အမည်တည်း ဒေါသမြူကင်းသော မြတ်စွာဘုရား၏ သာသနာတော်၌ ရဟန်းတို့သည် ဒေါသမြူကို ပယ်လျက်နေ၏။

"မောဟကို မြူဟုဆိုအပ်၏။ မြေမှုန့်၊ ဖုံမှုန့်ကိုကား မြူဟုမဆိုအပ်။ မြူဟူသည်မှာ မောဟ၏ အမည်တည်း။ မောဟမြူကင်းသော မြတ်စွာဘုရား၏ သာသနာတော်၌ ရဟန်းသည် မောဟမြူကို ပယ်လျက်နေ၏" ဟု အဓိပ္ပာယ်ရသော ဂါထာတော်ကို ရွတ်တော်မူ၏။

ထိုဂါထာတော် ဆုံးသည်နှင့် စူဠပန်မထေရ်သည် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူ၏။ စူဠပန်သည် တစ်ခုသောဘဝ၌ မင်းအဖြစ်သို့ ရရှိစဉ် တိုင်းခန်းလှည့်လည်စဉ်၌ နဖူးမှ ချွေးတို့ကို ပုဆိုးစဖြင့် သုတ်၏။ ချွေးတို့ ပေကျံ၍ ပုဆိုးစ မည်းညစ်သွားသည်ကို ကြည့်၍ သံဝေဂရရှိခဲ့ဖူးသောကြောင့် ဘုရားရှင်မှ အဝတ်ဖြူစ ကမ္မဋ္ဌာန်းကို ပေးခြင်း ဖြစ်သည်။

ထိုအချိန်မှာပင် ဆရာဇီဝကသည် ဘုရားရှင်အား ဆွမ်းကပ်မည် ပြုစဉ်...

"ဒါယကာ ခေတ္တဆိုင်းဦးလော့ ကျောင်းတွင် ရဟန်းရှိသေးသည် မဟုတ်လော" ဟုဆိုကာလက်ဖြင့် သပိတ်ကို ပိတ်ထား၏။ အရှင်ဘုရားကျောင်းတွင် ရဟန်းမရှိပါဟု မဟာပန်က ဝင်ရောက်လျှောက်ထား၏။ သို့သော် ဘုရားရှင်သည် မဟာပန်၏ စကားကို ဥပေက္ခာပြုတော်မူ၍ ကျောင်းတွင်ရဟန်းရှိသေး၏ ဟူ၍သာ ထပ်မံမိန့်ကြားတော်မူ၏။

ထိုအခါ ဇီဝကသည် တပည့်လက်သားတစ်ဦးအား ကျောင်းသို့သွားကြည့်ချေရန် စေလွှတ်လိုက်၏။ ထိုအကြောင်းကို စူဠပန်ထေရ် သိရှိနေသည်ဖြစ်၍ နောင်တော်သည် ကျောင်းတွင် ရဟန်း (ရဟန္တာ) မရှိဟုဆို၏။ ကျောင်းတွင် ရဟန်း (ရဟန္တာ) ရှိသည် ဤအဖြစ်ကို ထင်ရှားပြအံ့ဟု တွေး၍ ရဟန်းတစ်ထောင် ဖန်ဆင်း၍ သွားလာလှုပ်ရှားလုပ်ကိုင်လျက် နေခြင်းကိုပြ၏။

ထိုအခါ ကျောင်းသို့သွားရောက် ကြည့်ရှုသူသည် အရှင်ဘုရား ကျောင်းတွင် ရဟန်းတို့များစွာရှိဟု ဘုရားရှင်အား လျှောက်ထားလျှင် တစ်ဖန်သွားဦးလေ စူဠပန်ထေရ်အား ငါဘုရားခေါ်သည်ဟု ဆိုချေဟု စေလွှတ်ပြန်၏။ ထိုသူလည်း ကျောင်းတော်သို့ အလျင်အမြန်သွားရောက်၍ စူဠပန်ထေရ်၏ အမည်ကိုခေါ်လျှင် ရဟန်းအားလုံးက ငါစူဠပန်ဟု ဖြေကြပြန်သဖြင့် ထို အကြောင်းကို ဘုရားရှင်အားလျှောက်ထားပြန်ရာ "တစ်ခေါက်သွားချေဦးလော့ ပထမဆုံး စူဠပန်ဟုပြောသော ရဟန်းကိုသာ လက်ဆွဲလိုက်" ဟု မိန့်တော်မူပြန်၏။ ထိုသူလည်း တစ်ဖန်ကျောင်းသို့ သွားပြန်ပြီး စူဠပန်ထေရ်ဟု ခေါ်ဆိုပြန်ရာ ငါစူဠပန်ဟု ပထမဦးဆုံးပြောသည့် ရဟန်း၏ လက်ကိုဆွဲလိုက်ရာ ကျန်သော ရဟန်းအားလုံး ပျောက်ကွယ်သွား၏။ သို့ဖြင့် ဘုရား၏အထံတော်သို့ ထွက်လာခဲ့ကြ၏။

ထိုအခါမှ ဘုရားရှင်သည် ဆွမ်းကပ်ခြင်းအမှုကို ပြုစေ၏။ ဘုရား



www.burmeseclassic.com

www.burmeseclassic.com

ရှင်သည် ဆွမ်းဘုဉ်းပေးတော်မူပြီးသော အခါ ဇီဝက ရှုဋ္ဌပန်၏သပိတ်ကိုယူလော့။ ရှုဋ္ဌပန်သည် သင့်အား ဆွမ်းအနုမောဒနာ တရားဟောကြားလိမ့်မည်ဟု မိန့်တော်မူ၏။ သပိတ်ကို ဇီဝကထံ ကမ်းလင့်ပြီးလျှင် ရှုဋ္ဌပန်ထေရ်သည် ပိဋကတ်သုံးပုံကို နှုတ်ငုံဆောင်ထားသည့်အလား အလုံးစုံသောတရားတော်တို့ကို ရဲရင့်တည်ကြည်စွာ ဟောကြားတော်မူ၏။

ထို့နောက် ဘုရားရှင်သည် ရဟန်းသံဃာတော်တို့ ခြံရံလျက် ကျောင်းတော်သို့ ပြန်လည်ကြွမြန်းတော်မူ၏။

ညချမ်းအခါသို့ရောက်သော အခါ ရဟန်းတော်တို့သည် "ငါ့ရှင်တို့ မဟာပန်သည် ရှုဋ္ဌပန်၏ သဘောအလိုကို မသိ၍ ဂါထာတစ်ပုဒ်ကို လေးလကြာမြင့်သည့်တိုင် တတ်မြောက်အောင် မသင်ကြားနိုင်ခဲ့၊ မြတ်စွာဘုရားရှင်သည်ကား တစ်ကြိမ်တစ်ခါမျှသာ ဖြစ်သော ဆွမ်းပြင်ဆင်သည်။ ဤတစ်ခဏတာ အချိန်လေးအတွင်းမှာပင် အဂဟာတ္တဖိုလ်သို့ ရောက်ရှိအောင် ပို့ဆောင်နိုင်စွမ်း၏။ မြတ်စွာဘုရားရှင်၏ ကျေးဇူးတော်ဂုဏ်တော်တို့သည်ကား ကြီးမားလွန်လေစွဟု ပြောဆိုချီးမွမ်းလျက် ရှိကုန်၏။

ထိုခဏမှာပင် မြတ်စွာဘုရားရှင်သည် တရားဟောကြားရန် ကြွရောက်တော်မူလာ၏။ ရဟန်းတော်တို့သည်



ရှုဋ္ဌပန်ထေရ်နှင့် ပတ်သက်၍ ဘုရားရှင်၏ ကျေးဇူးတော်ကြီးမားလှပုံကို လျှောက်ထားကြရာ "ချစ်သားတို့ ရှုဋ္ဌပန်သည် ယခုဘဝမှာပင် ငါ၏လမ်းညွှန်မှု ငါ၏ကျေးဇူးကြောင့် ကြီးစွာသော တရားတို့ကို ရရှိခဲ့သည်မဟုတ်၊ တစ်ခုသော ဘဝတွင်လည်း ငါ၏လမ်းညွှန်ချက်တို့ကြောင့် ကြီးစွာသော စည်းစိမ်ဉစ္စာတို့ ရရှိခဲ့ဖူးပေသည်" ဟု မိန့်ဆိုတော်မူရာ ရဟန်းအပေါင်းတို့မှ "အရှင်ဘုရား တပည့်တော်တို့အား ထိုအကြောင်းကို ဟောကြားပေးတော်မူပါ" ဟု လျှောက်ထား တောင်းပန်ကြလျှင် ဘုရားရှင်သည် "ချစ်သားတို့ ကောင်းမွန်ရှိသေစွာ နာယူ ကြကုန်လော့" ဟု မိန့်ကြားတော်မူ၍ ရှုဋ္ဌသေဋ္ဌိဇာတ်ကို ဟောကြားတော်မူ၏။

လွန်လေပြီးသောအခါ ကာသိတိုင်း ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်း အုပ်ချုပ်စိုးစံလျက်ရှိစဉ် ဘုရားလောင်းသည် ရှုဋ္ဌသေဋ္ဌိဟူသော သူဌေးကြီးအဖြစ်နှင့် အတိတ်နိမိတ်တို့ကို ကော[illegible]ယှုတတ်သော ဉာဏ်ပညာတို့ဖြင့် ပြည့်စုံ

www.burmeseclassic.com

၏ ဖြောင့်မတ်တည်ကြည်၏။

တစ်နေ့၌ စူဠသေဋ္ဌိ သူဌေးသည် မင်းအား ခစားရန်သွားသောအခါ ကြွက်သေတစ်ကောင်ကို တွေ့ရှိ၏။ ထိုခဏမှာပင် နက္ခတ်ကို တွက်စစ်၍ ပညာရှိသော အမျိုးသားသည် ဤကြွက်သေကို အရင်းပြု၍ ဉာဏ်အမြော်အမြင်ရှိလျှင် ကြီးပွားနိုင်၏ဟု ရေရွတ်လိုက်ပြီး ထိုနေရာမှ ထွက်ခွာသွား၏။

ထိုရေရွတ်သံကိုကြားလိုက်သော အမျိုးသားဆင်းရဲတစ်ဦးသည် ကြွက်သေကို ကောက်ယူ၍ ဈေးသို့သွားရောက်၏။ ဈေးသို့ရောက်သောအခါ ကြောင်စာဝယ်သူနှင့် တွေ့သဖြင့် တစ်ခြင်ရွေးသော အသပြာနှင့် ရောင်းလိုက်၏။

ထိုအသပြာနှင့်ပင် ရသလောက်သော တင်လဲရည်ကို ဝယ်ယူ၍ ရေအိုးတစ်လုံးတွင် ရေအပြည့်ဖြည့်ပြီး တောမှပန်းရောင်းလာကြသော ပန်းသည်တို့၏ လမ်းတွင်စောင့်နေ၏။ ပန်းသည်တို့လာကြသောအခါ တစ်ဦးစီ တစ်ဦးစီအား တင်လဲအနည်းငယ်နှင့် ရေတစ်ခွက်စီ ခတ်၍ တိုက်၏။ ပန်းသည်တို့သည် ပန်းတစ်ဆုပ်စီ ပေးခဲ့ကြ၏။ နောက်နေ့တွင်လည်း ပန်းရောင်းရသောငွေဖြင့် တင်လဲတို့ကို တိုး၍ ဝယ်၏။ ရေအိုးတို့ကိုလည်း တိုး၍ တည်၏။ ထိုအခါ ပန်းသည်တို့သည် ထက်ဝက်ခွတ်ပြီးသော ပန်းပင်တို့ကို ပေးခဲ့ကြပြန်၏။ ထိုနည်းဖြင့် ရှစ်အသပြာသော ငွေကိုရရှိ၏။

ထိုညတွင် လေမိုးကျရောက်သဖြင့် ဘုရင့်ဥယျာဉ်မှ သစ်ကိုင်း သစ်



ခက်တို့ ကျိုးကျေလျက် ဥယျာဉ်တွင်း၌ အများအပြားကျရောက်လျက် ရှိ၏။ နံနက်လင်းသောအခါ ဥယျာဉ်မှူးသည် ထိုသစ်ကိုင်းများကို ဖယ်ရှားရှင်းလင်းရန် အခက်တွေ့လျက်ရှိရာ ထိုအချင်းအရာကို မြင်တွေ့သော သူဆင်းရဲ အမျိုးသားသည် ဥယျာဉ်မှူးအား ဤသစ်ကိုင်းတို့ကို ငါ့ကိုပေးလျှင် ရှင်းလင်းပေးမည်ဟု ပြောကြားလိုက်ရာ ဥယျာဉ်မှူးက ခွင့်ပြု၏။

ထိုအခါ သူဆင်းရဲအမျိုးသားသည် ကလေးများ စုဝေးကစားနေရာသို့ သွားပြီးလျှင် တင်လဲများကိုပေး၍ ဥယျာဉ်အတွင်းမှ သစ်ကိုင်းတို့ကို ထုတ်စေ၍ ဥယျာဉ်အပြင်ဘက်တွင် စုပုံထား၏။

ထိုအခါ ရှင်ဘုရင်၏ အိုးထိန်းသည် အိုးဖုတ်ရန်အတွက် အရေးတကြီး ထင်းလိုအပ်သဖြင့် ထင်းရှာဖွေရင်း ဘုရင့်ဥယျာဉ်တော်ရှေ့ရောက်ရှိလာရာ ထင်းပုံကြီးကို တွေ့မြင်၍ ဝယ်ယူသွားပြီး တစ်ဆယ့်ခြောက် အသပြာအပြင် အိုးစရည်း ငါးလုံးကိုပင် ပေးသွား၏။ ထိုသို့ဖြင့် နှစ်ဆယ့်လေး အသပြာငွေရရှိသော



www.burmeseclassic.com

www.burmeseclassic.com

မြို့တံခါးအနီးသို့ သွားရောက်ပြီးလျှင် ရေဒိုးများအတည်၍ ငါးရာကုန်သော မြက်ရိတ်သမားတို့ကို ရေကုသိုလ်ပြု၏။ ထိုအခါ မြက်ရိတ်သမားတို့သည် ထိုသူအား အဆွေသင်သည် ငါတို့အား ကျေးဇူးများစွာ ပြု၏။ ငါတို့အသင်၏ ကျေးဇူးကို မည်သို့ဆပ်ရမည်နည်း ဟု ဆိုကြသော် အလိုရှိသောအခါ ပြောပါမည်ဟုဆိုပြီး ရေကုသိုလ်အမှုကို ပြုမြဲ ထိုမှဤမှ သတင်းစကားတို့ကိုလည်း ကြားသိရ၏။ ဤသို့ဖြင့် တစ်နေ့တွင် မနက်ဖန်၌ မြင်းကုန်သည်သည် မြင်းငါးရာဖြင့် ဤမြို့သို့ ရောက်လာလိမ့်မည်ဟူသော သတင်းကို ကြားသိလိုက်ရ၏။

နောက်တစ်နေ့ မနက်တွင် မြက်ရိတ်သမားတို့ မြက်ရိတ်ပြီး ပြန်လာကြသောအခါ မြက်ရိတ်သမားများထံမှ မြက်တစ်စီးစီ တောင်းယူ၏။ ထိုနောက် နောင်တော်တို့ ညီတော်၏ မြက်များ ရောင်းပြီးမှသာ နောင်တော်တို့ မြက်ကို ရောင်းကြပါ။ ညီတော် မြက်များမရောင်းချီ နောင်တော်တို့ မြက်များကို မရောင်းကြပါနှင့်ဟုဆိုရာ "ကောင်းပြီ" ဟု ဝန်ခံကြ၏။ မြက်ရိတ်သမားတို့လည်း မြက်အစီး ငါးရာကို ထိုအမျိုးသားအိမ်၌ ချကြ၏။ မကြာမီပင် မြင်းကုန်သည်တို့ ရောက်ရှိလာပြီး မြက်များကို လိုက်လံဝယ်ယူရာ မည်သည့် မြက်ရိတ်သမားများကမျှ ရောင်းချပေးခြင်း မပြုဘဲ ထိုအမျိုးသားအိမ်သို့သာ ညွှန်၏။ အမျိုး



သားသည် မြက်တို့ကို အသပြာ တစ်ထောင်နှင့် ရောင်းချလိုက်၏။

မကြာမီ ရေကြောင်းခရီးသွား တစ်ဦးထံမှ မြစ်ဆိပ်သို့ ကုန်လှေကြီး ဆိုက်ရောက်မည် ဟုကြား၏။ အမျိုးသားသည် ဤတစ်ကြိမ်သည် ချမ်းသာခြင်း၏ အကြောင်းတည်းဟု တွေးမိ၍ ရှစ်အသပြာ အကုန်အကျခံ၍ နောက်လိုက်နောက်ပါ အခြွေအရံများကို ပြု၏။ ခမ်းနားထည်ဝါသော ရထားတစ်စီးကိုလည်း ခေတ္တငှားရမ်းလိုက်၏။ ဝတ်ကောင်းစားလှများလည်း ဝတ်ဆင်၏။ အဖိုးထိုက်သော လက်စွပ်တစ်ကွင်းကိုလည်း ဝတ်ဆင်သွား၏။ လှေသူကြီးအား ထိုလက်စွပ်ကို စရံသဘော အာမခံပေးထားပြီး ဈေးဖြတ်၍ ငွေအကျေချေမည့် ရက်ကို သတ်မှတ်ကာ ကုန်ပစ္စည်းများကို ဝယ်ယူလိုက်၏။

ထို့နောက် ကုန်လှေကြီး ဆိုက်ရောက်ကြောင်းကို အဆင့်ဆင့် ကြေညာစေ၏။ ထိုအခါ တစ်ရာမျှသော ကုန်သည်တို့သည် လှေကြီးထံမှ ကုန်



www.burmeseclassic.com

www.burmeseclassic.com

ပစ္စည်းများကို ဝယ်ယူရန် ရောက်ရှိလာကြ၏။ ထိုအခါ လေ့သူကြီးသည် ဤပစ္စည်းများမှာ ရောင်းချပြီးပြီဖြစ်၍ မိမိ၏ ပစ္စည်းများမဟုတ်တော့ပါ။ ဤအမျိုးသားထံမှသာ ဝယ်ယူကြလော့ဟုဆို၏။ ထိုသို့ဖြင့် လေ့ကြီးပေါ်ရှိ ပစ္စည်းများ အားလုံးရောင်းချပြီးသောအခါ နှစ်သိန်းသော အသပြာတို့ ငှင်အတွက် ရရှိလိုက်၏။

ထိုအခါ တစ်သိန်းသော အသပြာငွေကို ယူဆောင်၍ ဗာရာဏသီပြည်သို့သွားကာ စူဠသူဌေးနှင့် တွေ့ဆုံ၍ ထိုငွေကို ကန်တော့လျှင် သူဌေးက အမောင်မည်သို့နည်း ဤအသပြာများကဘာအတွက်နည်း ဟုအံ့ဩစွာ ဆို၏။ ထိုအခါ လိမ္မာသော အမျိုးသားက ကြွက်သေတစ်ခုကို အရင်းပြုခဲ့ပုံမှစ၍ လေးလတာအတွင်း အသပြာနှစ်သိန်းရရှိခဲ့ပုံတို့ကို ရှင်းပြပြီး" ဤငွေတို့သည် သူဌေးကြီး၏ ကျေးဇူးကြောင့် ရရှိခဲ့ခြင်းဖြစ်ပါ၍ ထိုငွေ၏ တစ်ဝက်ကို ဥာဏ်ပူဇော် အဖြစ်လာရောက် ကန်တော့ပါ ကြောင်း ပြောကြား၏။ သူဌေးကြီးသည် ထိုစကားကို ကြားရသောအခါ ဤသူငယ်သည် ဉာဏ်ရည်ထက်မြက်၏။ လုံ့လဝီရိယရှိ၏။ ဇွဲရှိ၏။ ကျေးဇူးသိတတ်၏။ သမီးနှင့် ပေးစားလိုက်၏။ စူဠသူဌေး ကွယ်လွန်သောအခါ သူဌေးကြီး၏ အရိက်အရာ သူဌေးဘွဲ့ထူးကို ခံယူ၍ အသက်ထက်ဆုံး ချမ်းသာစွာ နေထိုင်သွားရ၏။

ထိုကဲ့သို့ ဇာတ်တော်ကို အဆုံးသတ်ပြီးလျှင်...

"ပညာရှိသည် အနည်းငယ်သော မီးကိုမှုတ်၍ မီးပုံကြီးကို ပြုသကဲ့သို့ ကုန်သွယ်ခြင်း၌ လိမ္မာသော ပညာရှိသည် အနည်းငယ်သော ဥစ္စာအရင်းအနှီးဖြင့် များစွာသော ဥစ္စာကိုလည်းကောင်း၊ အခြံအရံကိုလည်းကောင်းဖြစ်စေ၍ ထိုများစွာသော ဥစ္စာအခြံအရံ၌ မိမိကိုယ်ကို တည်စေ၏"ဟူသော ဂါထာတော်ကို ဟောကြားပြီးလျှင် ရဟန်းတို့ စူဠပန်သည် ငါ့ကိုမှီ၍ များမြတ်သော တရားတို့ကို ရရှိသည်သာ မဟုတ်၊ ရှေးအခါ၌လည်း ငါ့ကိုမှီ၍ ကြီးစွာသော စီးပွားဥစ္စာတို့ကို ရရှိဖူးပေပြီ။ ထိုတဝ၌ စူဠပန်သည် သုံဆင်းရဲအမျိုးသားဖြစ်ခဲ့၍ ငါဘုရားသည် စူဠသူဌေးဖြစ်ခဲ့သည်ဟု မိန့်ကြားတော်မူလျှင် ရဟန်းအပေါင်းတို့သည် သာဓု၊ သာဓု ဟု ခေါ်ဆိုကြလျက် ဒေသနာတော်ပြီးဆုံးခြင်းသို့ ရောက်ရှိလေသတည်း။



(၅၅၀- ဇာတ်တော်များမှ စူဠသေဋ္ဌိဇာတ်တော်ကို ပြန်လည်ရေးသားပူဇော်ပါသည်။)

စကြာရှင်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

စာရေးသူတို့၏ ရှေးကံကူလေပျံ့သစ်တော်ရပ်ရှင်တော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲ ၉ရက် ၉လ ဗုဒ္ဓပူဇနီယပွဲတော်ကြီးပြီးသည်နှင့် ၁၅ ရက် ၉လ မှစ၍ ပုံဂံညောင်ဦး၊ ပုပ္ပါး၊ မြင်းခြံ၊ ကျောက်ပန်းတောင်း၊ အောင်လံ၊ မကွေး ခရီးစဉ်ကြီး အောင်မြင်ခဲ့ပါသည်။ ထိုခရီးစဉ်ကြီးအတွင်းရှိ ၉လပိုင်း ၂၇ရက်နေ့တွင် ကျောက်ပန်းတောင်းမြို့မှ အောင်သပြေကိုယ်ပိုင်ကျောင်း ဆရာမ ဒေါ်မြင့်မြင့်ကြည် အစ်မဒေါ်ငွေးငွေးဦးနှင့် မောင်နှမ တစ်စုမှ ပင့်ဆောင်ပူဇော်ကြရာ ထိုရက်တွင် စာရေးသူတို့ညီအစ်မအား ကျောက်ပန်းတောင်းနယ်မှ နှစ်ကျပ်ခွဲကျေးရွာရှိ ထီးတော်ရှင်ဘုရားကို လိုက်ပါပို့ဆောင် ဖူးမြော်စေခဲ့ပါသည်။

စေတီတော်မှာ ရှေးဘုရားသိမ်ဘုရားဖြစ်ပါသည်။ စာရေးသူတို့ ရောက်သွားချိန်မှာ နေ့ ၂နာရီခွဲခန့်ဖြစ်၍ နေမှာလည်း အတော်ပူပြင်းလှပါသည်။ ထို့ကြောင့် နေရိပ်မှပင် ဘုရားကန်တော့ခဲ့ကြရပါသည်။ ဓာတ်ပုံမှတ်တမ်းတင်ရန်ဖုန်း ကင်မရာလည်း ပါမသွား၍ ဆရာမ ဒေါ်မြင့်မြင့်ကြည်၏ တူကလေးကို သူ၏ ကင်မရာဖြင့် ဓာတ်ပုံရိုက်ခဲ့ပါသည်။ ထိုဓာတ်ပုံမှာ ဘုရားစေတီအပြည့်အဝ မပါဘဲ လူများကိုသာ အဓိကထား၍ ရိုက်ထားသည့် ပုံဖြစ်နေပါသည်။ ဘုရားလူကြီးတစ်ဦးမှ လေ့ကားနှင့် ငှက်ပျောဖူးအထိတက်ပြီး ထီးတော်၏ အောက်ခြေငှက်ပျောဖူးကို သေချာစွာ ကိုင်၍ လှုပ်ယမ်းပြပါသည်။ အံ့ဩစဖွယ် ထီးတော်မှာလည်း သွက်သွက်ခါလျက် အောက်ခြေအထိ စေတီတစ်ဆူလုံး လှုပ်ရှားသည်ကို ဖူးတွေ့ရပါသည်။

ဘုရားထီးတော်ကို တက်လှုပ်ပြသောဘုရားဒါယကာကြီးက ပြောပြသည်မှာ . . .

"အံ့ဩစရာကြီးပါဗျာ။ အင်တော့ငှက်ပျောဖူးကို ကိုင်ရတာရွှံ့တုံးကြီးကို ကိုင်ရသလိုပဲ။ ပျော့အိနေတာပဲ။ ကျုပ်လည်း သရဏဂုံရွတ်ပြီးမှ လှုပ်ရဲတာ" ဟု ပြန်ပြောပြပါသည်။ ရက်စေ့၍ ကျောက်ပန်းတောင်းမှသည် မြင်းခြံ၊ အောင်လံ၊ မကွေး စသည့်မြို့များကို ဆက်လက်ဒေသစာရီကြွလာပြီး ဂရက် ၁၀လတွင် ကျောက်ပန်းတောင်းမြို့ ခုံးတပ် အမှတ် (၁)မှ ပင့်ဆောင်ပူဇော်ပြန်ရာ ခုံးတပ်မှ ဗိုလ်ချုပ်သိန်းဝင်း၏ ဇနီးဒေါ်နန်းခမ်းယုံ အား စာရေးသူမှ ဒေါ်နန်းခမ်းယုံ ထီးတော်ရှင်ဘုရားကို ပတ်ပတ်လည် ထောင့်စုံ၊ ဘက်စုံက





www.burmeseclassic.com

www.burmeseclassic.com

ရိုက်ထားတဲ့ပုံ လိုချင်ပါတယ်။ တပ်က လူတွေကို လွှတ်ပြီးမှတ်တမ်းတင် ဓာတ်ပုံလိုချင်ပါတယ်။ တပ်ကလူတွေကို လွှတ်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ပူဇော်ပေးပါဟု ပြောကြားရာ ထိုတပ်မှ ဗိုလ်ကြီးဇော်လတ်ပိုင် သွားရောက်ပြီး မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ယူပူဇော် လာခဲ့ပါသည်။ ညနေ ၂နာရီခန့်တွင် သွားရောက်ရိုက်ကူးကြပါသည်။ ထိုနေ့က မိုးမှောင်များကျနေပြီး မိုးအုံ့ နေပါသည်။ မိုးတိမ်များ ထူထပ်နေသည်။ အထဲတွင် ရိုက်ကူးလာကြသော ဓာတ်ပုံများကို တစ်ပုံစီ ဖူးကြည့်ရာ ပုံတော်နှစ်ပုံတွင် ထီးတော်မှ ရောင်ခြည်တော်များ ထူးခြား စွာထွက်နေသည်ကို အံ့ဩဖမ်းသာဖွယ် ဖူးတွေ့လိုက်ရပါသည်။ မီးလည်းထွန်း မထားနေလည်း မပွင့်မိုးတိမ်းများထူနေ သည့်အထဲမှ ထင်ရှားသိသာစွာ ထွက် ပေါ်လာသော ရောင်ခြည်တော်ဖြစ်ပါသည်။

ထီးတော်ဆိုသည်မှာ ဘုရား စေတီ၏ အထွတ်အထိပ်ဖြစ်ပါသည်။ ရှင် ဆိုသည်မှာ ရှင်သန်လှုပ်ရှားနေသည့်



သဘောကို ဆောင်ပါသည်။ ထီးတော်ရှင် ဘုရားကြီး၏ ထီးတော်မှ ရောင်ခြည်တော် ကွန့်မြူးသည့်အတွက် မြန်မာပြည်ကြီး အေးငြိမ်းချမ်းသာပြီး သာသနာတော် စည်ပင်ထွန်းတောက်မည့် အတိတ် ကောင်း နိမိတ်ကောင်း ဖြစ်ပေတော့ သည်။

ထီးတော်ရှင် နှစ်ကျပ်ခွဲဘုရား သိမ်တော်ဘုရား သမိုင်းကြောင်းကို သိရှိနိုင်ရန် မူလအတိုင်း ဖော်ပြပေးလိုက် ပါသည်။ ၂ကျပ်ခွဲမှသည် ၁ဝိသာအထိ ကောင်းသောကုသိုလ် အမှုများတိုးတက် ပွားများစွာ ဆောင်ရွက်နိုင်ကြပါစေ သတည်း။

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊

ကျောက်ပန်းတောင်းမြို့နယ်၊

နှစ်ကျပ်ခွဲကျေးရွာ

**ထိမ်တော်ထုရားထိစ္စတ်ဖွယ်ရာများ**

လူတို့သည် ထူးခြားအံ့ဩဖွယ် ရာများကို ကြားမြင်တွေ့ရှိပါက [illegible]လာ



www.burmeseclassic.com

www.burmeseclassic.com



လိုစိတ်၊ သိလိုစိတ်တို့သည် ပေါ်ပေါက်စမြဲ ဖြစ်၏။ ထူးခြားသော အမည်နာမများကို တွေ့မြင်ပါက ယင်းအမည်နာမ ဖြစ်ပေါ်လာရခြင်းအကြောင်းရင်းကို သိလိုကြသည်မှာ လူတို့၏ဓမ္မတာပင် ဖြစ်ပေသည်။

ရွာအမည်ကား (နှစ်ချပ်ခွဲ) ဖြစ်၏။ နာမည်ဆန်းသဖြင့် ကြားရသူတိုင်း ဘာကြောင့်နှစ်ကျပ်ခွဲရွာဟု ခေါ်ကြောင်း မေးမြန်းကြ၏။ သိလိုကြ၏။ မေးသင့်မေးထိုက်သော မေးခွန်းဖြစ်ပေသည်။ ရွာအမည်ဆန်းသလောက် ထူးခြားသော အချက်များလည်း ရှိ၏။ နှစ်ကျပ်ခွဲရွာသည် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ် မြို့မြောက်ဘက် ၄ မိုင်အကွာတွင် သာယာသောတောင်တော်(ရွှေပုပ္ပားတောင်)၏ အနောက်စူးစူး ၅ မိုင်ခန့်အကွာတွင် တည်ရှိ၏။

နှစ်ကျပ်ခွဲရွာသည် အိမ်ထောင်စု ၁၀၀၀ ခန့်နှင့် လူဦးရေ ၆၀၀၀ ကျော် ရှိပါသည်။ ဤမျှ လူဦးရေ များပြား၍ ရွာအမည်ဆန်းပြားခြင်းမှာ ရွာ၏ ထူးခြားသောနောက်ခံသမိုင်းများကြောင့် ဖြစ်ပေသည်။

ပုဂံပြည့်ရှင် အလောင်းစည်သူမင်းကြီးသည် စစ်သည်ဗိုလ်ပါ အလုံးအရင်းဖြင့် တိုင်းခန်းလှည့်လည်စဉ် ဤဒေသသို့ ရောက်ရှိသောအခါ သတ္တဝါများ သောက်သုံးရန် ရေကန်တူးဖော်ခဲ့ပါသည်။ စစ်သည်ဗိုလ်ပါ အလုံးအရင်းတို့ကို တစ်ဦးလျှင် ရွှံ့ သဲ နှစ်ကျပ်ခွဲသားမျှစီ တူးဖော်ရုံမျှဖြင့် ကန်ဆည်ခြင်းအမှုကိစ္စ ပြီး၍ ထိုကန်ကို (နှစ်ကျပ်ခွဲကန်)ဟု အမည်ပေးခဲ့သည်။

နှစ်ကျပ်ခွဲကန်ကို အစွဲပြု၍ ဤရွာကို (နှစ်ကျပ်ခွဲရွာ)ဟု အမည်တွင်ခဲ့သည်။ တစ်ပိသာစီ သယ်ယူတူးဖော်ရသော ကန်ကို ပိသာကန်ဟု ခေါ်သည်။ ရွာမြောက်ဘက်ရှိ (နှစ်ကျပ်ခွဲရေကန်)နှင့် ရွာ၏တောင်ဘက်တွင် ရှိသော ပိသာကန်တို့မှာ ယခုတိုင် ရှိနေပေသည်။

သီပေါမင်းလက်ထက်တွင်



www.burmeseclassic.com

www.burmeseclassic.com

ဤဒေသ၌ အလယ်ကုန်းရွာ၊ မြောက်ကုန်းရွာ၊ တောင်ကုန်း (ခေါ်) နှစ်ကျပ်ခွဲရွာ ဟူ၍ ရွာငယ် ၃ ရွာတည်ရှိခဲ့ပေသည်။

၁၂၄၇ ခုနှစ်တွင် အင်္ဂလိပ်တို့မှ သီပေါမင်းကို ဖမ်းဆီးပြီး မြန်မာနိုင်ငံကို စိုးမိုးကြ၏။ မျိုးချစ်မြန်မာအမျိုးသားတို့သည် အင်္ဂလိပ်တို့ အုပ်ချုပ်မှုကို မခံဘဲ တော်လှန်ခဲ့ကြသည်။

ယင်းသို့ တော်လှန်ကြရာတွင် ကျွန်းခင်းကြီးမှ ဗိုလ်လှကျော်၊ နှစ်ကျပ်ခွဲမှ ဗိုလ်ရွှေမှတ်၊ ဗိုလ်ငှက်ကြီးတို့သည်း အပါအဝင်ဖြစ်၏။ မြစ်အနောက်ဘက်မှ လာရောက်ပူးပေါင်းသော ဗိုလ်ခံသီးတို့လည်း အပါအဝင်ဖြစ်၏။



အင်္ဂလိပ်အစိုးရသည် ဗိုလ်လှကျော်၊ ဗိုလ်ရွှေမှတ်နှင့် ဗိုလ်ခံသီးတို့ကို ပြတ်ပြတ်သားသား နှိမ်နင်းနိုင်ရန် ၎င်းတို့ အခြေစိုက်သည့် မြောက်ကုန်းရွာ၊ အလယ်ရွာ၊ နှစ်ကျပ်ခွဲကုန်းရွာတို့ကို ဖျက်ဆီး၍ တပ်ကြက်နအုပ်စုသို့ ပြောင်းရွှေ့နေထိုင်စေပါသည်။

အင်္ဂလိပ်အစိုးရသည် နယ်မြေငြိမ်သက်သည့်အခါ ဖော်ပြပါ (သုံးရွာသား)တို့ကို မူရင်းဒေသသို့ ပြန်၍နေခွင့်ပြုရာ မိမိတို့၏ မူလရွာများသို့ မပြန်ကြတော့ဘဲ ယခုတည်ရှိနေသော နှစ်ကျပ်ခွဲရေကန်၏ တောင်ဘက်တွင် တစ်စုတစ်ရုံးတည်း နေထိုင်ခဲ့ကြ၏။ (ရေကန်)၏ အမည်ကို အစွဲပြု၍ နှစ်ကျပ်ခွဲရွာ အမည်ဖြင့် ၁၂၅၅ ခုနှစ်က အိမ်ခြေ ၇၅ အိမ်မှ စတင်တည်ထောင်ခဲ့ခြင်း ဖြစ်ပါသည်။

နှစ်ကျပ်ခွဲသည် နယ်ချဲ့ကို တော်လှန်ခဲ့သည့် ရှေးဦးမြန်မာ့တော်လှန်ရေးမှ ပေါက်ဖွားလာသော သမိုင်းဝင်ရွာကြီးဖြစ်ပါသည်။

**သိမ်တော်ဘုရား**

နှစ်ကျပ်ခွဲ ရွာသူ၊ ရွာသားများ ကိုးကွယ်သော သိမ်တော်ဘုရားသည် ရွာ၏အနောက်တောင်ဘက်တွင် တည်ရှိသည်။ ဘုရား၏သမိုင်း အခိုင်အမာ အထောက်အထား မတွေ့ရှိရသေးပါ။

သို့သော်လည်း ရှေးအဆက်မှ လူကြီးများ၏ အဆင့်ဆင့် ပြောစကားအရဝင်ပြုရလျှင် ပုဂံပြည့်ရှင် အလောင်းစည်သူမင်း တည်ထား၍ အရှင်အရဟံ အမှူးပြုသော သံဃာတော် ၅၀၀ သိမ်သမုတ်ခဲ့သည်ဟု ပြောဆိုကြ၏။ ဘုရားတည်ထားသောသူကို အတိအကျ သိရှိနိုင်ရန် ပေစာကျောက်စာများ ရှာဖွေဖော်ထုတ်ရန် လိုအပ်နေပါသည်။


www.burmeseclassic.com

www.burmeseclassic.com

**သိမ်တော်ဘုရား၏**

**ထူးခြားသောတန်ခိုးတော်များ**

၁။ သိမ်တော်ဘုရား၏ ကြာမောက် ကြာလန်မှ ကိုင်လှုပ်လျှင် ဘုရား၏ ထီးတော်ရှိ ဆည်းလည်းများ မြည်သည့်အပြင် ဖောင်းရစ်တော်မှ အောက်ခြေပစ္စယံအထိ တုန်လှုပ်သည်ကို မျက်ဝါးထင်ထင် ဖူးတွေ့ကြည်ညိုနိုင်ခြင်း။

၂။ ဘုရား၏အရှေ့တောင်ထောင့်တွင် ခြသေ့ံတစ်ကောင်တည်းသာ တည်ရှိခြင်း။

၃။ ဘုရား၏အရှေ့မြောက်ဘက်တွင် ဘုရားဘက်သို့ မျက်နှာမူနေသော ဆင်တစ်ကောင်တည်းသာ ရှိခြင်း။

၄။ သိမ် ၃ ထပ် တည်ရှိခြင်း။

၅။ နှစ်ကျိပ်ခွဲရွာတွင် (ဆိတ်ဖလူးပင်တစ်ပင်တည်းသာ) ရှိ၏။ ထိုတစ်ပင်တည်းသော ဆိတ်ဖလူးပင်မှာ ဘုရားအနောက်ဘက်တံတိုင်းခြေတွင် မကြီးမငယ် အရွယ်မပြောင်း ပကတိအတိုင်း ထူးဆန်းစွာ ရှင်သန်လျက်ရှိခြင်းကို (ဘိုးဘွားများငယ်စဉ်ကလည်း ယခုအတိုင်းပင်)တွေ့မြင်ကြသည် ဆို၏။

၆။ ဘုရား၏အနောက်မြောက်ဘက်မှ ညောင်ပင်ရှိ ညောင်ကိုင်းများ ဘုရားအုတ်တံအတိုင်းအတွင်းသို့ မရောက်ခြင်း၊ ရောက်ရှိလာပါက ညောင်ကိုင်းများ ခြောက်သွေ့သွားခြင်း။

၇။ ဘုရားဝိုင်းအတွင်းရှိ ညောင်ပင်များမှ ညောင်ထောက်များသည် သစ်တံခါးပုံသဏ္ဍာန် တည်ရှိခြင်း။

၈။ ဘုရားရှေ့ရှိ သိမ်တန်ဆောင်းအတွင်းသို့ အစဉ်အလာအရ အမျိုးသမီးများ တက်ရောက်နေထိုင်ခြင်း မပြုကြဘဲ အစဉ်ရှောင်ကြဉ်ကြခြင်း။

၉။ ဝါတွင်းကာလ လပြည့်/လကွယ်နေ့များတွင် ဘုရားအား ရှာလုံးကျွတ် ဆွမ်းကပ်လှူဒါန်းခြင်း။ အနီးအနားကျေးရွာများရှိ သံဃာတော်များကို ဆွမ်းလောင်းလှူခြင်း။

**သီတင်းကျွတ် လပြည့်နေ့တိုင်း ဘုရားပွဲတော်ကို စည်ကားသိုက်မြိုက်စွာ နှစ်စဉ် ကျင်းပမြဲဖြစ်ပေသည်။**

**ဘုရား၏အခြားသိမှတ်ဖွယ်ရာများ**

၁။ ဘုရား၏ဉာဏ်တော်အမြင့် ၃၄ ပေ၊ ၄ လက်မ။

၂။ ဘုရား၏အောက်ခြေအရှည် ၁၇ ပေ၊ ၄ လက်မ။

၃။ ဘုရား၏ထီးတော်အမြင့် ၉ ပေ၊ ၉ လက်မ။

**သိမ်တော်ဘုရားဂေါပကအဖွဲ့**

**နှစ်ကျိပ်ခွဲကျေးရွာ**

**ကျောက်ပန်းတောင်းမြို့နယ်။**

မြို့စဉ်မေတ္တာဖြင့်

**ရွှေကံကူသာသနာပြု**

**မယ်တော်ကြီး**



www.burmeseclassic.com

www.burmeseclassic.com




ကြိုးစားအားထုတ်ပါ

# ချမ်းသာနှစ်မျိုး

မဓနော မြို့ (ဓလဝန်)

www.burmeseclassic.com

www.burmeseclassic.com

လူတွေကို အမျိုးအစားခွဲကြည့်မယ်ဆိုရင် နိမ့်ကျတဲ့ပုဂ္ဂိုလ်၊ အလယ်တန်းစားကျတဲ့ ပုဂ္ဂိုလ်ဆိုပြီး တွေ့ရမှာဖြစ်ပါသည်။ အဲဒီလို လူအမျိုးမျိုးကွဲပြားနေပေမယ့် အဲဒီလူတွေ ဖြစ်ချင်လိုချင်တဲ့အလို ဆန္ဒကတော့ အတူတူပါပဲ။ အားလုံးသော လူတန်းစားအသီးသီးက ပုဂ္ဂိုလ်တွေဟာ ချမ်းသာချင်ကြတာပါပဲ။

ချမ်းသာချင်လို့ လောကမှာ နည်းအမျိုးမျိုးနဲ့ သွားလာလှုပ်ရှား ရှာဖွေနေကြတာဖြစ်ပါတယ်။ မိုးကုတ်ဆရာတော် ဘုရားကြီးပြောသလို အရှေ့အရပ်က လူတွေက နောက်ကိုသွား၊ အနောက်အရပ်က လူတွေက အရှေ့ကိုသွား၊ တောင်ကလူက မြောက်ကိုသွား၊ မြောက်ကလူက တောင်ကိုသွားနဲ့ လူးလာလှုပ်ရှား ရှန်းကန်နေကြတာဟာ ချမ်းသာချင်ကြလို့ပါ။

ဒါကြောင့် မြတ်စွာဘုရားက - "ဒုက္ခီ သုခံပတ္တိယတိ၊ သုခီ ဘိယျောပိ ကာ္ကဋ္ဌတဲ" ဒုက္ခ၊ ဆင်းရဲနေသော (လောလောဆယ်မှာ ဆင်းရဲနေတဲ့ ပုဂ္ဂိုလ်တွေ) ဟာ သုခံ၊ ချမ်းသာကို ပတ္တိယတိ၊ တောင့်တ၏။ လိုချင်၏။ မျှော်မှန်းနေ၏။

သုခီတိယျောပိ၊ ချမ်းသာနေတဲ့ ပုဂ္ဂိုလ်သည်လည်း ထို့ထက်ပိုလွန်၍ ကာ္ကစ္ဆတိ၊ ချမ်းသာကိုအလိုရှိ၏။ ချမ်းသာသည်ထက် ချမ်းသာချင်၏။ "တဲ့။ ဒါကြောင့် အကျဉ်းချုပ်လိုက်တော့ သတ္တဝါတိုင်းဟာ ချမ်းသာကိုအလိုရှိကြ၊ တောင့်တကြတယ်လို့ အဖြေထွက်ပါတယ်"

မြတ်စွာဘုရားက ချမ်းသာ နှစ်မျိုးရှိတယ်လို့ ဟောထားပါတယ်။

၁။ ဝေဒယိတသုခ= ချမ်းသာကိုခံစားနေတာ။

(ခံစားမှုချမ်းသာ)

ကာ္ကဋ္ဌာရုံအမျိုးမျိုးတွေ၊ မြင်စရာ ရူပါရုံအမျိုးမျိုးတွေနဲ့ ခံစားပျော်ပါးပြီး (ကြားစရာအာရုံ၊ အသံအမျိုးမျိုးတွေနဲ့ ဆက်ဆံ ပျော်မွေ့နေတာလည်းရှိ၏။ စားစရာအာရုံ၊ နံစရာအာရုံ၊ တွေ့ထိစရာအာရုံတွေ) အဲဒီလိုအာရုံအမျိုးမျိုးတွေနဲ့ ခံစားနေတဲ့ချမ်းသာကို "ဝေဒယိတသုခ" လို့ ခေါ်ပါတယ်။

၂။ သန္တိသုခ= ခံစားမှုမရှိ၊ ပူပန်မှုကြောင့်ကြမှုမရှိဘဲ နေရတဲ့ချမ်းသာမျိုး။

အာရုံအမျိုးမျိုးကိုခံစား လိုက်စားနေတာမဟုတ်။ သူ့ရဲ့စိတ်အစဉ် နာမ်အစဉ်မှာ အေးချမ်းတဲ့သဘော၊ ငြိမ်းအေးတဲ့ သဘောလေးနဲ့ တောအလယ်၊ တောင်အလယ်၊ လှိုဏ်အလယ်မှာ အေးအေးချမ်းချမ်းနဲ့နေတဲ့ သုခချမ်းသာဖြစ်ပါတယ်။

အဲဒီလိုချမ်းသာနှစ်မျိုးရှိရာမှာ တစ်ယောက်နဲ့ တစ်ယောက် ဝေဒယိတသုခကို နှစ်သက်သူနဲ့ သန္တိသုခကိုနှစ်သက်သူဆိုပြီး ကွဲလွဲနေပါတယ်။ မြတ်စွာဘုရားက-

"အကြင်ဝေဒယိတသုခကို အဝိဇ္ဇာအုပ်ချုပ်ပြီး တဏှာဦးစီးတဲ့ပုဂ္ဂိုလ်တို့သည် အားထုတ်ကြိုးစား၍ ရှာကြံကြ



www.burmeseclassic.com

www.burmeseclassic.com

လေကုန်၏။" "ဘုရားအစရှိသော အရိယာသူတော်ကောင်းတို့သည် ဒုက္ခဟူ၍ အားထုတ်ရှောင်ကြဉ် နေကြလေကုန်၏"

"အကြင်သန္တိသုခကို၊ အဝိဇ္ဇာ အုပ်ချုပ်၍ တထုာဦးစီးတဲ့ ပုဂ္ဂိုလ်တို့သည် ဒုက္ခဟူ၍ ရှောင်ကြဉ်ကြလေကုန်၏။ ဘုရားအစရှိသော အရိယာသူတော်ကောင်းတို့သည် သုခဟူ၍ မရရအောင် ကြိုးစားရှာဖွေ အားထုတ်၍နေကြလေကုန်၏။

ဤသို့ ပညာမျက်စိအမြင်ရှိသော ပုဂ္ဂိုလ်တို့နှင့် ပညာမျက်စိအမြင်မရှိသော ပုဂ္ဂိုလ်တို့သည် ဆန့်ကျင်ဘက်ဖြစ်နေကြပါသည်။

သန္တိသုခသမားနဲ့ ဝေဒယိတသုခသမားတို့ အကြိုက်ချင်းမတူကြပုံ၊ ပျော်ပါးကျက်စားရာ အာရုံချင်းမတူကြပုံကို လောကဥပမာအနေနဲ့ ကြည့်မယ်ဆိုရင် ယင်မမဲရိုင်းနဲ့ ပျားပိတုန်းတွေကို နှိုင်းယှဉ်ပြရမှာပါပဲ။

ယင်မမဲရိုင်းတွေဟာ အညှီအဟောက်၊ အပုပ်အစပ်ရှိတဲ့နေရာတွေမှာ သွားပြီးတော့ ကျက်စားကြတယ်။ အဲဒီ အာရုံတွေကို ကောင်းတယ်လို့ထင်နေကြတယ်။ တရှုံးရှုံး–တအုံးအုံးနဲ့ ကျင်လည် ကျက်စားပျော်ပါးနေကြတယ်။ အဲဒီယင်မမဲရိုင်းတွေကို ပန်းပွင့်လေးတွေပေါ်မှာ သွားတင်ကြည့်ရင် မနေပါဘူး။ ပန်းပွင့်လေးတွေရဲ့ အမွှေးနံ့၊ ကောင်းတဲ့အနံ့ရှိတဲ့နေရာကို သဘောမကျကြပါဘူး။ မနှစ်သက်ကြပါဘူး။ သူတို့ရဲ့ဓာတ်ခံ ကွာနေလို့ပါ။ ယင်မမဲရိုင်းတွေက အပုပ်ဓာတ်သာကြိုက်ပါတယ်။

ပျားတွေ၊ ပိတုန်းတွေကျတော့ အမွှေးနံ့သာ ကြိုင်လှိုင်တဲ့နေရာမှာ ကျင်လည်ကျက်စားပျော်ပါးကြတယ်။ ပန်းရုံ၊ ပန်းခုံ၊ ပန်းပွင့်တွေဆီမှာ ဝတ်ရည်တွေစုပ်ပြီး တရှုံးရှုံးတအုံးအုံးနဲ့ ကျင်လည်ကျက်စားလေ့ရှိကြတယ်။ သူတို့ကိုအပုပ်အစပ်၊ အညှီအဟောက်ရှိတဲ့နေရာကို သွားပို့ထားမယ်ဆိုရင် မနေနိုင်ပါဘူး။ အပုပ်ဓာတ်ကို မကြိုက်ကြလို့ ဖြစ်ပါတယ်။

ဒီဥပမာလေးနဲ့ ပြန်ဟပ်ကြည့်ရင် ဝေဒယိတသုခသမားက ယင်မမဲရိုင်းတွေနဲ့တူပြီး၊ သန္တိသုခသမားတွေကပျား၊ ပိတုန်းနဲ့တူတယ်။ ဝေဒယိတသုခသမားကိုသွားမေးရင် "မင်း၊ လူ့သူ့အရောက်အပေါက်နည်းပြီး ဆိတ်ငြိမ်အေးချမ်းတဲ့ ဒီနေရာမှာ ပျော်ရဲ့လား" လို့ ဆိုရင် မပျော်ဘူး။ မနေနိုင်ဘူးပြောမှာပဲ။ ဘယ်နေရာမှာ ပျော်တုန်းဆိုရင် ရှုပ်ယှက်ခတ်တဲ့နေရာမှာ ပျော်တယ်။ ပျော်စရာပါးစရာ၊ စီးပွားရေး၊ ကြီးပွားရေးတွေနဲ့ ရှုပ်ယှက်ခတ်နေရမှ နေပျော်တယ်။ ဝေဒယိတသုခသမားတွေရဲ့ ဓာတ်ခံက အဝိဇ္ဇာနဲ့ တဏှာရှိနေတယ်။

သန္တိသုခကို ချမ်းသာတယ်လို့ ထင်တဲ့ပုဂ္ဂိုလ်က ခန္ဓာရဲ့အဖြစ်မှန်ကိုသိတဲ့ဝိဇ္ဇာဓာတ်ရယ်၊ အာရုံတွေပေါ်မှာ ခင်တွယ်မှု၊ နှစ်သက်မှုကင်းတဲ့ အလောဘဓာတ်ခံရှိကြတယ်။

ဝေဒယိသုခ သမားတွေက အကောင်းလို့ထင်နေတဲ့ ငါးငှက်ရဲ





www.burmeseclassic.com

www.burmeseclassic.com

ကာမဂုဏ်ဆိုတဲ့ ပျော်စရာ ပါးစရာအာရုံလို့ ထင်ထားတာတွေလည်း တကယ်တမ်း ဆန်းစစ်ကြည့်တဲ့အခါ ကိုယ်မြင်ချင်စရာ အာရုံတွေကိုမြင်ရမယ်။ မြင်ရတဲ့အခါ ချမ်းသာမယ်။ အမြဲတမ်းသူ့ကို ထပ်ခါထပ်ခါ ကြည့်နေရပြန်တော့ ချမ်းသာနိုင်ပါမလား။

စားစရာအာရုံကိုပဲကြည့်ဦး။ ဟင်းကောင်းလေးချက်စားတယ်ဆိုပါစို့။ ကြက်သားဟင်းလေးပဲဖြစ်ဖြစ်။ အဲဒီဟင်းလေးကောင်းတယ်လို့ တစ်နပ်၊ နှစ်နပ်တော့ထင်မယ်။ ထပ်ခါထပ်ခါစားရတဲ့အခါကျတော့ မကောင်းနိုင်တော့ဘူး။ ငြီးငွေ့လာတယ်။

ဝေဒယိတသုခသမားဆိုတာ အမြဲမချမ်းသာဘူး။ ချမ်းသာလိုက်၊ မချမ်းသာလိုက် ဖြစ်နေတယ်။ ရူပါရုံအဆင်းပဲ ဖြစ်ဖြစ် သဒ္ဒါရုံအသံပဲဖြစ်ဖြစ်။ ဂန္ဓာရုံအနံ့ပဲ ဖြစ်ဖြစ်၊ ရသာရုံအရသာပဲ ဖြစ်ဖြစ် ဖောဋ္ဌဗ္ဗာရုံ အတွေ့အာရုံပဲဖြစ်ဖြစ် အမြဲမပြတ်။ အမြဲတစေခံစားနေရရင် ငြီးငွေ့စရာကြီး ဖြစ်သွားမှာပါပဲ။

ဒါဟာ ဘာကြောင့်လဲဆိုရင် "သုခအစစ်" မဟုတ်လို့ပေါ့။ သုခသာစစ်ရိုးမှန်ရင် မုတ်ကျောက်အတင်ခံနိုင်ရမှာပေါ့။ အမြဲချမ်းသာနေရမှာပေါ့။

သန္တိသုခချမ်းသာကိုရမှ အမြဲချမ်းသာဖြစ်နိုင်မယ်၊ အဝိဇ္ဇာတဏှာစာတ်ခံကနေ ဝိဇ္ဇာအလောဘစာတ်ခံရောက်အောင် ပြောင်းပေးမှသာ ဝေဒယိတသုခသမားကနေ သန္တိသုခသမားဖြစ်မယ်။

တရားဓမ္မတွေအားထုတ်ခြင်း။ သမာဓိတွေထူထောင်ခြင်း ဝိပဿနာဉာဏ်တွေ ရအောင်လုပ်ခြင်းတွေဟာ စာတ်ခံပြောင်းတာပဲ ဖြစ်ပါတယ်။ သန္တိသုခသမားဆိုတာ ပစ္စည်းဥစ္စာပိုင်ဆိုင်မှု ကင်းရှင်းပြီး အေးငြိမ်းစွာနေရတဲ့သဘောဖြစ်ပါတယ်။ ဝိဇ္ဇာစာတ်ခံဖြစ်တဲ့အတွက် ငါးဝအာရုံကာမဂုဏ်တွေကို အကောင်းမထင်တော့ပါဘူး။ အကောင်းမထင်တဲ့အတွက် တွယ်တာတဲ့စိတ်တွေ ကင်းရှင်းပြီး အအေးစာတ်တွေရနေပါတယ်။

ဒါကြောင့် ချမ်းသာခြင်းနှစ်မျိုးမှာ အစစ်အမှန်ချမ်းသာခြင်း၊ အေးငြိမ်းခြင်းဖြစ်တဲ့ သန္တိသုခချမ်းသာကို ရရှိခံစားရအောင် အဝိဇ္ဇာဖုံးလွှမ်းထားတဲ့ ကာမဂုဏ်အာရုံတွေကို ပယ်ရှားနိုင်ဖို့ တရားဓမ္မတွေ အားထုတ်ခြင်းဖြင့် ဝိဇ္ဇာစာတ်ခံဖြစ်အောင် ပြောင်းနိုင်ကြပါစေ။ အစစ်အမှန်ဖြစ်တဲ့ သန္တိသုခချမ်းသာကို ရရှိခံစား နိုင်အောင် ကြိုးစားနိုင်ကြပါစေလို့ တိုက် တွန်းနှိုးဆော် လိုက်ရပါတယ်။

ပြီးပြီ။ ။ ဘဒ္ဒန္တဇာဂရ၏ "ချမ်းသာနှစ်မျိုး" တရားတော်။

မနော်ဖြူ (ဇလွန်)



www.burmeseclassic.com

# ရွှေကံ့ကူသာသနာပြုမိသားစု၏ ဆွမ်းကပ်လှူခြင်း အစီအစဉ် ကုသိုလ်တော်

ဘုရားရှင်ကိုယ်တော်မြတ်ကြီးများအား



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူတို့ မိသားစုသည် ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်ကြီးများကို နေ့စဉ်သက်တော်ထင်ရှားကဲ့သို့ ဗုဒ္ဓဝေယျာဝစ္စများ ဆောင်ရွက်ကာ ကုသိုလ်ယူကြပါသည်။ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်များကို နေ့စဉ်နေ့တိုင်း ဝတ်မပျက်ရအောင် ကြိုးစားပြီး လုပ်ဆောင်နေကြပါသည်။

ဒါနအမှုဖြစ်သော ဆွမ်း၊ ပန်း၊ ရေချမ်း၊ အလင်းရောင်များကို နေ့စဉ်လှူဒါန်းပါသည်။ သီလအမှုဖြစ်သော နိစ္စသီလဆောက်တည်ခြင်းကိုလည်း နေ့စဉ်ကြိုးစား၍ ဆောက်တည်ပါသည်။ ဘာဝနာအမှုဖြစ်သော ပရိယတ္တိဗုဒ္ဓစာပေများကို ပူဇော်ရွတ်ဖတ်ကန်တော့ခြင်း ပရိယတ္တိဖြစ်သော ကမ္မဋ္ဌာန်းတရားပွားများ ရှုမှတ်ခြင်း ကုသိုလ်ပွားကိုလည်း အထူးတလည် မိမိတို့စွမ်းသလောက် ကြိုးစားအားထုတ်ကာ ရတနာမြတ်သုံးပါး၏ ကျေးဇူးများကိုဆပ်ခွင့် ရနေကြသဖြင့်လည်း ဝမ်းသာပီတိဖြစ်ရပါသည်။ သောင်းနယ်၌ စီးပွားရှာနေကြရသော (၇) ရက်သားသမီးများသည် သားရေး သမီးရေး၊ စီးပွားရေး၊ လူမှုရေး အရေးပေါင်းများစွာ ရှိနေကြသဖြင့် ဘုရားခန်းဝင်ရမည့် အရေးကိုအတော်အချိန်ယူနေကြရပါသည်။ စာရေးသူတို့မှာ ကံထူးလှစွာ ရွှေကံ့ကူဘုရားကြီးနှင့် ရတနာမြတ်သုံးပါး၏ ဂုဏ်ကျေးဇူး၊ အလှူရှင်အလှူအမမများ၏ စေတနာ၊ မိမိတို့၏ အတိတ်ကံအားလုံး ပေါင်းဆုံမိလေသောကြောင့် မတောင့်မတ မကြောင့်မကျရဘဲ နေ့စဉ်အချိန်ပြည့် ကုသိုလ်ကောင်းမှုများ ပြုခွင့်ရနေခြင်းဖြစ်ပါ သည်။

ကုသိုလ်များပြုတိုင်း ပြုတိုင်းလည်း ရတနာမြတ်သုံးပါးကို အစဉ်ဦးထိပ်ထားလျက် ကျေးဇူးရှင်ကုသိုလ်ရှင်များနှင့် (၃၁) ဘုံသားများကို အမြဲမေတ္တာပို့သ အမျှဝေပေးလျက်ရှိပါသည်။ သြော်...တို့များ ဘုရားကြီး ကျေးဇူး၊ ဘုရားကြီးကိုပင့်ဆောင် ပူဇော်ကြတဲ့ စေတနာရှင် ကုသိုလ်ရှင်တွေရဲ့ လှူဒါန်းထောက်ပံ့မြှင့်မြောက်မှုကြောင့် ယခုလို အေးချမ်းစွာ ကုသိုလ်တွေ ပြုခွင့်ရပေ





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



တယ်။ အလှူရှင်၊ အလှူအမများ ပါရမီဖြည့်ဖက်များ ကျွန်ုပ်တို့ ပြုသမျှ ကုသိုလ်တွေထပ်တူ ထပ်မျှရကြပါစေ။ နလုံးစိတ်ဝမ်း အေးချမ်းကြပါစေ၊ ကောင်းမြတ်တဲ့ လိုရာဆန္ဒတွေ ပြည့်ကြပါစေဟု စိတ်တွင်အမြဲနလုံးသွင်းပြီး ဆုတောင်းမေတ္တာမပြတ် ပို့သပေးနေပါသည်။ ရောက်လေရာ အရပ်တိုင်းတွင်လည်း ဘုရားပင့်ဆောင်ပူဇော်သူများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာသနာရေး၊ လူမှုရေး၊ သားသမီးများ၏ ပညာရေး၊ အလုပ်အကိုင်၊ အကြံအစည်များ ဖွံ့ဖြိုးတိုးတက်စေရန် မိမိသိသမျှ ကျင့်စဉ် တရားဓမ္မများကို ပူဇော်ကန်တော့ပေးကာ ဆုတောင်းမေတ္တာ ပို့သပေးပါသည်။ စာရေးသူတို့ စားရသော ဆွမ်းတစ်နပ်သည် အင်မတန်မှ တာဝန်ကြီးလေးလှပါသည်။ (၇) ရက်သားသမီးများက ကြည်ညိုလေးစား၍ ရိုသေစွာ လှူဒါန်းကြသော ဆွမ်းဖြစ်ပါသည်။ မိမိက ပေါ့ပေါ့နေ၊ ပေါ့ပေါ့စားပြီး ပေါ့ပေါ့ သဘောထားလိုက်လျှင် သံသရာ၌



www.burmeseclassic.com

www.burmeseclassic.com

ချီ၍ အကြွေးဆပ်ရပေလိမ့်မည်။ ထို့ကြောင့် နေ့စဉ်ပေါ့ပေါ့တန်တန်နှင့် အချိန်တွေကို မဖြုန်းရဲပါ။ ကုသိုလ်ကောင်းမှုများ ပြုလုပ်ကာ တစ်နေ့တာ ကာလများကို ဖြတ်သန်းခဲ့ပါသည်။

စာရေးသူတို့မှာ အင်မတန်မှ ခရီးများလှသဖြင့် ခရီးလည်းပန်းလှပါသည်။ ခရီးပန်း၍လည်း မနားရဲပါ။ မိမိ၏ တစ်နေ့တာ ကျင့်စဉ်ဝတ်ရွတ်စဉ် ကုသိုလ်တာဝန်များ လုပ်ဆောင်ပြီးမှသာ အနေဖြောင့်ပါသည်။

တချို့သာဓကများက ပြောပါသည်။ မယ်တော်ကြီးကို ပင်ပန်းလိုက်တာ။ တရားစာတွေရွတ်ရတာ မမောဘူးလား။ ဥပုသ်စောင့်ရတာ မဆာဘူးလား နှင့် စာနာစွာဖြင့် မေးပြော ပြောကြလျှင် စာရေးသူက…

“အေး…တို့များ မမောပါဘူး။ **မင်းကွန်းဆရာတော်ကြီး မိန့်တော်မူခဲ့သလိုပေါ့။ တချို့ ဓါယကာ၊ ဓါယကာမတွေက ဘုန်းကြီးကို အသက်ကြီးလို့ တရားဟောရတာ မမောဘူးလား ဘုရားလို့ မေးလျှောက်ကြတယ်တဲ့၊ တရားဟောရတာမမောပါဘူးကွယ်။ ကိုယ်ရြွီးသားစာတွေ ပြန်ရွတ်ရတာပါပဲ။ ဒီပါးစပ်ကြီးက ဘဝများစွာ ပြောချင်ရာတွေ ပြောခဲ့၊ စားခဲ့တာ။ အခုဘဝကောင်း၊ အချိန်ကောင်းနဲ့ ကြုံကြိုက်နေတဲ့အချိန်မှာ ကောင်းတာတွေ ပြောဟောနေရတော့ မမောပါဘူး”** ဆိုတဲ့ မိန့်ကြားချက်လိုပါပဲ။ မယ်တော်ကြီးတို့လည်း သံသရာမှာ ဒီရုပ်၊ ဒီခန္ဓာကြီးတွေက မကောင်းမှုတွေနဲ့ မွေ့လျော်ခဲ့ကြမှာ အခုဘဝကောင်း အနေကောင်းရနေတဲ့အတွက် တရားဓမ္မအလုပ်တွေလုပ်ကိုင်နေတာ မမောဘူး။ ပျော်ပါတယ် ဟုပြန်ပြောလေ့ရှိပါသည်။

စာရေးသူသည် ပညာသည် ပညာရှင် မဟုတ်သေးပါ။ ပညာဝယ်ကြိုးစားဆဲ အဆင့်သာရှိပါသေးသည်။ မိမိသိသမျှ တတ်သမျှ မှတ်သားမိသမျှ ကလေးများကို စာရေးသူ၏ သံသရာမှ မိဘဆွေမျိုးများကို ကုသိုလ်ပွားနိုင်စေဖို့ တင်ပြပေးနေခြင်းသာ ဖြစ်ပါသည်။

စာရေးသူတို့ ဘုရားရှင်ကြီး ကြွလေရာ အရပ်တိုင်း အရပ်တိုင်းတွင် ဘုရားရှင်ကြီးအမှူးရှိသည့် သံဃာတော်အရှင်မြတ်ကြီးများကို နေ့ဆွမ်းကပ်လှူဒါန်းခြင်း ကုသိုလ်တော်ကို စာဖတ်သူဆွေမျိုးများအတွက် ကုသိုလ်ဖြစ်ဒါနပြုပေးမှာ ဖြစ်ပါတယ်။ စာရေးသူတို့ ဆွမ်းကပ်သလို အခြားသော ဆရာတော်ကြီးများ၊ ဆရာလေး သီလရှင်များနှင့် လူပုဂ္ဂိုလ်များလည်း ကပ်ဖြစ်ကြပါလိမ့်မည်။ မကပ်ဖြစ်သေးသော သူများနှင့်စာရေးသူတို့ ဆွမ်းကပ်ပေးသည်ကို ကြည်ညိုနှစ်သက်၍ ဤနည်းအတိုင်း ကပ်လိုပါသည် ဟုတောင်းဆိုကြသူများအတွက် ရေးသားပြုစုပေးခြင်းဖြစ်ပါသည်။

နံနက်ဆွမ်းနှင့် နေ့ဆွမ်း မိမိကပ်လိုသည့် အချိန်တွင် ဤနည်းအတိုင်း ကပ်လှူ၍ရပါသည်။ နံနက် ဆွမ်းကပ်မည်ဆိုလျှင် နက် ၆နာရီထက် နောက်မကျစေဘဲ နေ့ဆွမ်းကပ်မည်ဆိုလျှင် နေ့လယ် ၁၀ နာရီခွဲနှင့် ၁၁နာရီ ကြားတွင် ကပ်လှူနိုင်ပါသည်။

ဆွမ်းကပ်ရမည့်အစီအစဉ်မှာ

www.burmeseclassic.com

ပထမဦးစွာ စားပွဲဝိုင်းအပုအကြီးကြီးကို ကြမ်းပြင်ပေါ်တွင် ကော်ဇော (သို့) ဖျာခင်းပြီး ခင်းကျင်းထားရပါမည်။ စားပွဲခင်းကို ကြမ်းပြင်မထိရအောင် ထားရပါမည်။ စားပွဲခြေထောက်များကို အရှေ့အနောက်တည့်မတ်စွာ ထားရပါမည်။

ဆွမ်းပွဲ (၅)ပွဲပြင်ရပါမည်။ စားပွဲသေးလျှင် (၃)ပွဲပြင်၍ ရပါသည်။ ထိပ်မှာရှိသော ဆွမ်းပွဲသည် ဘုရားရှင်အတွက်ဖြစ်ပြီး ဘေးမှာဆွမ်းပွဲများမှာ ရဟန္တာနှင့် သံဃာတော်အရှင်မြတ်များအတွက် ဖြစ်ပါသည်။ ဆွမ်းဟင်းများကိုလည်း ဆရာတော်ကြီးများကို ကပ်သလို ဆွမ်းဟင်းပန်းကန်လုံးကြီးများဖြင့် ထည့်ထားရပါမည်။ အချိုပွဲများကိုလည်း တစ်ပါထဲထည့်ပြင်ထားရပါမည်။ ဆွမ်းပွဲတစ်ပွဲပြီး၏။ ဘယ်ဘက်တွင် ရေတော်တစ်ခွက်စီနှင့် ရေနွေးကြမ်းတော်၊ ကော်ဖီတော်၊ ဆေးဖျော်ရည်များကို ထားရှိရပါမည်။

ဆွမ်းပွဲကြီး ပြင်ဆင်မှုပြည့်စုံလျှင် ဘုရားရှင်အတွက် ထိပ်ဆုံးမှ ဆွမ်းပွဲနှင့် တည့်တည့်နေရာတွင် နေရာထိုင်ခင်းကို ပထမခင်းရပါမည်။ အခြားနေရာထိုင်များမခင်းရသေးပါ။ ဘုန်းတော်ကြီးများကို ဆွမ်းကပ်လှူသက်တော်ကြီး ဝါတော်ကြီး ဆရာတော်ကြီး တစ်ပါးမှ အရင်ကပ်ခံပြီးမှသာ အခြားဆရာတော်များက ဝိုင်းထိုင်ပြီး ဘုန်းပေးသုံးဆောင်သကဲ့သို့ပင် ဘုရားအမှူးရှိသော သံဃာတော်များကို ဆွမ်းကပ်ခြင်းဖြစ်သဖြင့် ဘုရားရှင်ကြီးကို အရင်ကပ်ပြီးမှသာ အခြားသော ဆွမ်းပွဲများတွင် နေရာထိုင်ခင်းများ ခင်းပေးပြီး တရားဓမ္မများနှင့် ပူဇော်ရပါသည်။

ဘုရားရှင်ကြီးအတွက် ဆွမ်းပွဲနေရာတွင် နေရာထိုင်ခင်း ခင်းပြီးလျှင် အလှူ့ဒါယိကာမများက "နမောတဿ ဘဂဝတော အရဟတော သမ္မ သမ္ဗုဒ္ဓဿ" ဟု လက်အုပ်ချီကာ သုံးကြိမ် ညီညာစွာ ရွတ်ဆိုပူဇော်ကြရပါသည်။

နမောတဿ သုံးကြိမ်ရွတ်ဆို ပူဇော်ပြီးလျှင် ဘုရားရှင်ကြီးကို ခင်းကျင်းထားသော နေရာထိုင်ခင်းပေါ်သို့ ကြွရောက်တော်မူပြီး ဆွမ်းခဲဖွယ် ဘောဇဉ်ချိုချဉ်ရသာ အဖြာဖြာတို့ကို အကပ်ခံတော်မူပါရန် လျှောက်ထားရပါမည်။ စာရေးသူတို့ လျှောက်ထားရပါမည်။ စာရေးသူတို့ လျှောက်ထားနည်းမှာ ဘုန်းတော် အနန္တ ဂုဏ်တော် အနန္တ ဉာဏ်တော် အနန္တ တန်ခိုးတော် အနန္တ ပါရမီတော် အနန္တ မဟာကရုဏာတော် အနန္တတို့နှင့် ပြည့်စုံတော်မူသော သဗ္ဗညုတ မြတ်စွာဘုရားရှင်ကို သက်ရှိထင်ရှားရှိသကဲ့သို့ ရည်မှတ်၍ ပင့်ဆောင်၍ ပူဇော်ပါသည်ဘုရား။ အတုလံ၊ အတုမရှိ၊ အနှိုင်းမရှိ ကျေးဇူးတော်ကြီးမားလှပါသော မြတ်စွာဘုရား ငါးသိန်းတစ်သောင်း နှစ်ထောင် နှစ်ကျိပ်ရှစ်ဆူ ကုန်သော မြတ်စွာဘုရားရှင် အဆူဆူတို့နှင့်တကွ ထိုဘုရားရှင်ကြီးများကို ရည်မှတ်ပူဇော်ထားသော ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿကစေတီ၊ ပရိဘောဂစေတီတော်မြတ်ကြီးများ။ ကမ္ဘာပေါ်ရှိ တစ်ဆူမကြွင်း တစ်ဆင်းတုမကျန် ဗုဒ္ဓမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး

www.burmeseclassic.com



များ နှင့်တကွ သံဃာ ထိုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးတို့၏ တပည့်သားသံဃာတော်ကြီးများ ဖြစ်တော်မူကြသော ပဥ္စဝဂ္ဂီငါးပါးမှ အစပြုသော အဂ္ဂသာဝက မဟာသာဝက အရှင်မြတ်ကြီးများ၊ ရဟန္တာအရှင်မြတ်ကြီးများ ရဟန္တာ အနွယ်ဝင် ယခုလက်ရှိ သမုတိသံဃာတော်အရှင် မြတ်ကြီးတို့အား ဘုရားတပည့်တော် ရှိသေမြတ်နိုးမာန်ညွတ်ကျိုးဖြင့် ရှိခိုးပင့်လျှောက်ပါသည်ဘုရား" ဘုရားအမှူးရှိသော သံဃာတော်အရှင်မြတ်ကြီးတို့အား မွန်မြတ်လှစွာသော နံနက်ဆွမ်း (သို့) နေ့ဆွမ်းဆက်ကပ်လှူဒါန်းပူဇော်ရန် အချိန်အခါ ကျရောက်ပါပြီဘုရား။ သို့ပါသောကြောင့် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် ဤခင်းကျင်းထားသော နေရာထိုင်ခင်းကြီးပေါ်သို့ ကိုယ်တော်တိုင် ကြွရောက်တော်မူကာ အားလုံးသော ဘုရားအဆူဆူတို့၏ ကိုယ်စားသံဃာတော်အရှင်မြတ်ကြီးများ၏ ကိုယ်စားဆွမ်းကပ်ခံတော်မူပါရန် ကြွရောက်ချီးမြှင့်တော်

www.burmeseclassic.com

www.burmeseclassic.com

မှုပါ။ ဘုရားနေရာတော် ခင်းပါသည်ဘုရား ဟု ရိုသေစွာလျှောက်ထားကာ ခင်းထား သည် နေရာထိုင်ကလေးကို လက် ကလေးဖြင့် ပြန်ခင်းသည့်ဟန်ရိုသေစွာ ခင်းပေးရပါမည်။

ဘုရားရှင်ကြီးကို နေရာထိုင် ခင်းပေါ်သို့ ကြွရောက်တော်မူပါရန် လျှောက်ထားပြီးသည့်အခါ မိမိတို့ မိသားစုသာမက သုံးဆယ့်တစ်ဘုံသား များ ဒေဝမျိုးများကိုလည်း မိမိတို့နှင့်ထပ် တူ ကုသိုလ်ရရှိစေလိုသော စေတနာထား ကာ မိမိတို့နှင့်အတူတကွ ဘုရားအမှူးဒ ရှိသော သံဃာတော်အရှင်မြတ်များကို အတူ ဆွမ်းကပ်နိုင်ရန်မှာ သာသနာတော် ကြီးကို ရေရှည်တည်တံ့ခိုင်မြဲစေရန် သာသနာစောင့် နတ်မင်းကြီးများနှင့် အခြံအရံနတ်ပရိသတ်များ သာသနာ့ ဒါယကာ သိကြားမင်းကြီးနှင့် အခြံအရံ နတ်ပရိသတ်များ၊ အရိမေတ္တေယျဘုရား အလောင်းအဇိတ နတ်မင်းနှင့် အခြံအရံ နတ်ပရိသတ်များ။ မဟာသမယ သုတ် တော်လာ နတ်နဂါး ဂဠုန်၊ ကုမ္ဘဏ်၊ ယက္ခအပေါင်း၊ အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာ၊ အရပ်ဆယ်မျက်နှာရှိ (၃၁)ဘုံသား ဝေနေယျသုခိတ ဒုက္ခိတ သတ္တဝါအနန္တ သတ္တဝါအားလုံးတို့အား ဖိတ်ခေါ်အပ်ပါသည်။ သံသရာကြီးသည် ရှည်လျားလှပါသဖြင့် သံသရာအဆက် ဆက်ဘဝ အဆက်ဆက်မှ ဒေဝမျိုးတော် စပ်ခဲ့ဖူးသော မိဘဘိုးဘွားဆွေတော်မျိုး တော်ရှစ်သောင်း မျိုးတော်အပေါင်းအား သိစေအပ်။ ဖိတ်ခေါ်အပ်၊ တိုက်တွန်း အပ်ပါသည်။ ဤနေ့သည်ကား ခရစ် သက္ကရာဇ် (နှစ်၊ လ၊ ရက်) မြန်မာ သက္ကရာဇ် (နှစ်၊ လ၊ ရက်) နေ့ ဖြစ်ပါ သည်။ ဤနေ့တွင် (လိပ်စာထည့်ရမည်) မန္တလေးတိုင်းဒေသကြီး ကျောက်ဆည် ခရိုင်မြို့ စဉ့်ကိုင်မြို့ ရန်အောင်မြေ ရပ်ကွက်နေ ဘုရားဒါယိကာကြီးအမေဖြင်း ဘုရားအစ်မကြီး အမေကောင်းတို့၏ ရွှေကံကူ ကျောင်းတော်ကြီးတွင် မြတ်စွာ ဘုရားအမှူးရှိသော သံဃာတော်အရှင် မြတ်ကြီးတို့အား မွန်မြတ်လှစွာ ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်၊ ချိုချဉ်ရသာ အဖြာဖြာ တို့ကို ဘောက်တော်ရေချမ်း၊ ရေနွေး တော်၊ အချိုပွဲများ သစ်သီးဆွမ်းများနှင့် တကွ ဆက်ကပ်လှူဒါန်းပူဇော်မည် ဖြစ်ပါ၍ ကျွန်ုပ်တို့မိသားစုနှင့်အတူ အားလုံးသော လူနတ်ပြဟ္မာ သတ္တဝါ အပေါင်းတို့သည် ဤဆွမ်းပွဲကြီးကို ကိုင်ကာ အတူတကွ ဆွမ်းတော်ကပ်နိုင် ကြပါရန် ဖိတ်ခေါ်တိုက်တွန်းနှိုးဆော် အပ်ပါသည်။ ဆွေတော်ရှစ်သောင်း မျိုးတော် အပေါင်းတို့ အထက်ပါအတိုင်း (၃၁)ဘုံသားများကို ဖိတ်ခေါ်တိုက်တွန်း နှိုးဆော်ပြီးလျှင် မိသားစုများသည် ဆွမ်း ပွဲကြီးကို အားလုံးကိုင်းပြီး ကိုင်ကြရပါမည်။ နေရာတိုင်း • • • နေရာကိုမထိမိစေရ လွှတ်ထားရပါမည်။ ဤသို့သံပြိုင်ရွတ်ဆို ကြရပါသည်။

"အရှင်ဘုရား တပည့်တော်တို့ သည် ကံကိုလည်းကောင်း၊ ကံ၏ အကျိုးတရားကိုလည်းကောင်း ယုံကြည် အားကိုးပါသောကြောင့် နိဗ္ဗာန်သို့ရောက် ကြောင်း အားကြီးသော၊ အားကောင်းသော အထောက်အပံ့ကောင်း ဖြစ်ပါစေ၍နှ

www.burmeseclassic.com

မြတ်စွာဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်ကြီးတို့အား မွန်မြတ်လှပါသော ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်၊ ချိုချဉ်ရသာ အဖြာဖြာတို့ကို သောက်တော်ရေချမ်း၊ ရေနွေးတော်၊ ကော်ဖီတော်၊ ဆေးဖျော်ရည်၊ အချိုပွဲများ၊ သစ်သီးဆွမ်းများနှင့်တကွ ရိုရိုသေသေ ယုံယုံကြည်ကြည် နိဗ္ဗာန်ကိုရည်မှန်း၍ လှူဒါန်းပါ၏အရှင်ဘုရား။ နိဗ္ဗာန်ကိုရည်မျှော်၍ ပူဇော်ပါ၏ အရှင်ဘုရား။ အလှူခံတော်မူကြပါဘုရား။ အကပ်ခံတော်မူကြပါဘုရား။ စိတ်အေးချမ်းသာစွာ သုံးဆောင်ဘုန်းပေးတော်မူကြပါ။ မြတ်စွာဘုရားအမှူးရှိသော သံဃာတော် အရှင်သူမြတ်ကြီးတို့ ဘုရား။ ဗုဒ္ဓသာ ဒေးမ၊ ဓမ္မသသ ဒေးမ၊ သံဃာသသ ဒေးမ။ နိဗ္ဗာန်နသသ ပစ္စယော ဟောတုပါဘုရား ဟု ဆွမ်းပွဲကြီးကို မြှောက်ကိုင်ကာ ကပ်လှူကြရပါမည်။

ဆွမ်းပွဲကြီးကို ဘုရားရှင်ကြီးအား ကပ်လှူပြီးလျှင် အခြားသော ဆွမ်းပွဲများနှင့် တည့်တည့်တွင် သံဃာတော်ကြီးများအတွက် နေရာထိုင်ခင်းများကို ရိုသေစွာ ခင်းပေးရပါမည်။ ဆွမ်းပွဲကြီးကို မထိကြရတော့ပါ။ မိမိတို့၏ အာရုံထဲတွင် ဤဆွမ်းပွဲကြီးတွင် မြတ်စွာဘုရားအမှူးရှိသော သံဃာတော်ကြီးများ အမှန်တကယ်ကြွရောက်ကာ သီတင်းသုံးပြီး ဆွမ်းဘုဉ်းပေးသုံးဆောင်နေကြပြီဟု အောက်မေ့ရည်မှတ်ကာ ဤသို့လျှောက်ထားကြရပါမည်။

မြတ်စွာဘုရားအမှူးရှိသော သံဃာတော်အရှင်မြတ်ကြီးတို့ ဘုရား။ အရှင်ဘုရားကြီးတို့ ဆွမ်းများသုံးဆောင်ဘုဉ်းပေးနေချိန်မှာ တပည့်တော်များကို ပါဠိအနက် ပူဇော်ကန်တော့ကြပါမည်ဘုရား။ တပည့်တော်တို့ ဆွမ်းဒါယကာ၊ ဒါယိကာမများ၏ ဖိတ်ကြားချက်အရ အတူ ကြွရောက်ကာအတူ ဆွမ်းကပ်ကြကုန်သော သမ္မာဒေဝ နတ်မြတ် နတ်ကောင်း နတ်အပေါင်းတို့ ယခုအချိန်မှစပြီး ရတနာမြတ်သုံးပါး၏ ဂုဏ်တော်များကို ပါဠိအနက် ပူဇော်ကန်တော့ကြမည် ဖြစ်ပါ၍ အာရုံတစ်ပါးစိတ်မသွားစေဘဲ ရတနာမြတ်သုံးပါး၏ ဂုဏ်တော်ကျေးဇူးတော်များကို ကောင်းမွန်ရိုသေစွာ နာယူတော်မူကြပါကုန်လော့။

ရတနာမြတ်သုံးပါး၏ ဂုဏ်တော်များကို ပါဠိအနက် ရိုသေစွာပီပြင်ကြည်လင်ပြတ်သားစွာ ရွတ်ဆိုပူဇော်ပြီးလျှင် သစ္စာပြု၍ ဆုတောင်းရပါမည်။ တစ်လောကလုံးတွင် ရတနာမြတ်သုံးပါးသည် အမြင့်မြတ်ဆုံးတရားများ ဖြစ်ကြပါသည်။ "သစ္စာ" ဆိုသည်မှာ မှန်သော စကားဖြစ်ပါ၍ ရတနာမြတ်သုံးပါးကို သစ္စာပြုကာ တိုင်တည်ဆုတောင်းကြမည်ဖြစ်ပါ၍ အမြတ်ဆုံးဆုအကောင်းဆုံးများဖြင့် အမှန်ပြည့်ဝကြတော့မည်ဖြစ်ပါပေသည်။ သစ္စာဆိုပုံဆိုနည်းမှာ . . .

တပည့်တော်တို့ ယခုရိုသေစွာ ယုံကြည်စွာ ပူဇော်ကန်တော့ခဲ့ကြသော နာယူခဲ့ကြသော ဂုဏ်တော်များမှာ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ ဂုဏ်တော် (၉)ပါးအစစ်အမှန် ဖြစ်ပါသည် ဘုရား။ တရားတော်မြတ်တို့၏ မေ့ဂုဏ်တော် (၆) ပါးအစစ်အမှန် ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓ၏ဂုဏ်တော် (၉)ပါးပါထူရေး

၁။ အရဟံ = လူမင်းနတ်မင်း ဗြဟ္မာမင်းတို့၏ ဝပ်စင်း ကော်ရော် ပူဇော်မှုအထူးတို့ကို ခံယူတော်မူသော မြတ်စွာဘုရား။

၂။ သမ္မာသမ္ဗုဒ္ဓေါ = သိစရာ၊ တတ်စရာ တရားအားလုံးတို့ကို ဆရာမကူ သယမ္ဘူ ဉာဏ်ဖြင့် အလွယ်တကူ ထိုးထွင်း၍ သိမြင်တော်မူသော မြတ်စွာဘုရား။

၃။ ဝိဇ္ဇာစရဏသမ္ပန္နော = ဝိဇ္ဇာဟူသော အသိဉာဏ်၊ စရဏ ဟူသော အကျင့်တရားတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

၄။ သုဂတော = မှန်သောစကား၊ အကျိုးရှိသောစကားတို့ကိုသာလျှင် ဆိုတတ်တော်မူသော မြတ်စွာဘုရား။ နိဗ္ဗာန်သို့ကောင်းစွာ ကြွသွားတော်မူတတ်သော မြတ်စွာဘုရား။

၅။ လောကဝိဒူ = လောကသုံးပါးအကြောင်းကို အကုန်အစင် သိမြင်တော်မူသော မြတ်စွာဘုရား။

၆။ အနုတ္တရောပုရိသဒမ္မသာရထိ = ချွေချွတ်ထိုက်သော လူကြမ်းနတ်ကြမ်း တိရစ္ဆာန်ကြမ်းတို့ကို အတုမရှိ ယဉ်ကျေးအောင် ဆိုဆုံးမတော်မူတတ်သော မြတ်စွာဘုရား။

၇။ သတ္ထာဒေဝမနုဿာနံ = နတ်၊ လူတို့၏ ဆရာတစ်ဆူဖြစ်တော်မူသော မြတ်စွာဘုရား။

၈။ ဗုဒ္ဓေါ = သစ္စာလေးပါးမြတ်တရားတို့ကို ကိုယ်တော်တိုင်လည်း သိ၍ ဝေနေယျအားလုံးတို့ကိုလည်း သိစေတော်မူသော မြတ်စွာဘုရား။

၉။ ဘဂဝါ = ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

ဤကဲ့သို့ အရဟံအစ ဘဂဝါအဆုံးရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့် သမ္ပယုတ် ပြည့်စုံတော်မူသော နာထ လူနတ်တို့၏ ကိုးကွယ်ရာအစစ်ကောင် ဖြစ်တော်မူသော ဗုဒ္ဓမြတ်စွာဘုရားကို အပယ် တရားတပည့်တော်တို့သည် ကိုင်းညွတ်ရိုကျိုး သချွဲမိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား။



www.burmeseclassic.com

www.burmeseclassic.com

## တရားဂုဏ်တော် (၆)ပါး

၁။ သွာက္ခာတောဘဂဝတာဓမ္မော = တရားတော်မြတ်သည် မြတ်စွာဘုရားကိုယ်တော်တိုင် ကောင်းစွာ ဟောကြားတော်မူခဲ့သော တရားတော်ဖြစ်ပါသည်။

၂။ သန္ဒိဋ္ဌိကော = လက်တွေ့ မျက်တွေ့ အမှန်တရားဖြစ်ပါသည်။

၃။ အကာလိကော = အချိန်အခါမလင့် လက်ငင်းအကျိုးပေးတတ်သော တရားတော် ဖြစ်ပါသည်။

၄။ ဧဟိပဿိကော = ဖိတ်ခေါ်တိုက်တွန်းအပ်သော တရားတော်ဖြစ်ပါသည်။

၅။ ဩပနေယျိကော = ကပ်၍ဆောင်ထားထိုက်သော တရားတော်ဖြစ်ပါသည်။

၆။ ပစ္စတ္တံဝေဒိတဗ္ဗောဝိညူဟိ = အရိယာသူတော်စင်တို့သာလျှင် သိမြင်ခံစားအပ်သော တရားတော် ဖြစ်ပါသည်။

ဤကဲ့သို့ ဂုဏ်တော် (၆) ပါးနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားကိုယ်တော်တိုင် ကောင်းစွာ ဟောကြားတော်မူခဲ့သော တရားတော်တို့ကို အဟံ ဘုရားတပည့်တော်တို့သည် ကိုင်းညွတ်ရှိခိုး သချွီ မိုး၍ ရှိခိုးပါ၏ တရားတော်မြတ်တို့ဘုရား။

ပါသည် ဘုရား။ ဘုရားသံဃာတော် အရှင်သူမြတ်ကြီးတို့၏ သံဃာ့ဂုဏ်တော် ကိုးပါး အစစ်အမှန်ဖြစ်ပါသည်။ ဤ ရတနာမြတ်သုံးပါးမှလွဲ၍ တပည့်တော် တို့မှာ အားကိုးစရာ အားထားရာဟူ၍ ယုံကြည်စွာ ဆည်းကပ်ကြပါသည်ဘုရား။ ဤသစ္စာစကားသည် မှန်ကန် ပါသော

ကြောင့်...

ဗုဒ္ဓဿ ပူဇံ မဟာတေဇ ဝဏ္ဏော။

ဓမ္မဿ ပူဇံ မဟာပညာ ဝဏ္ဏော။

သံဃဿ ပူဇံ မဟာဘောဂ ဝဏ္ဏော ဆိုသည့် ဗုဒ္ဓ အပါဒါန် မိန့်မှာချက် နှင့် အညီ ဘုရားတပည့်တော်တို့ အားလုံးသည် ဘုရားကိုးကွယ်တန်းခိုး ကြွယ်၊ အပါယ်မကျ နိဗ္ဗာန်ရ။ တရား ကိုးကွယ် ပညာကြွယ်။ အပါယ်မကျ နိဗ္ဗာန်ရ သံဃာကိုးကွယ်စည်းစိမ်ကြွယ် ၍ အပါယ်သို့ မကျဘဲ နိဗ္ဗာန်သို့အေးချမ်း စွာ မျက်မှောက်ပြုရပါလို၏ ဘုရား။



www.burmeseclassic.com

www.burmeseclassic.com

## သံဃာ့ဂုဏ်တော် (၉) ပါး

၁။ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော

မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး၏ တပည့်သား သံဃာတော်သည် ရဟန်းသည် ကောင်းသော အကျင့်တို့နှင့် ပြည့်စုံတော်မူပါသည်။

၂။ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော

ဖြောင့်မတ်သောအကျင့်တို့နှင့် ပြည့်စုံတော်ပါသည်။

၃။ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော

သင့်မြတ်မှန်ကန်သော အကျင့်တို့နှင့် ပြည့်စုံတော်မူပါသည်။

၄။ သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော

(ယဒိဒံစတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာဧသ ဘဂဝတော သာဝကသံဃော)

အစုံအားဖြင့် လေးစုံ၊ အရေအတွက်အားဖြင့် ရှစ်ပါးပုဂ္ဂိုလ် အရေအတွက်ရှိသော မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ရဟန်းသည် ရိုသေထိုက်သောအကျင့်တို့နှင့် ပြည့်စုံတော်မူပါသည်။

၅။ အာဟုနေယျော = ရပ်ဝေးမှဆောင်၍ ပေးလှူသော အလှူကို ခံယူတော်မူထိုက်ပါသည်။

၆။ ပါဟုနေယျော = ဧည့်သည်ရည်မှန်း၍ ပေးလှူသောအလှူကိုလည်း ခံယူတော်မူထိုက်ပါသည်။

၇။ ဒက္ခိဏေယျော = မြတ်သောအလှူကို ခံယူတော်မူထိုက်ပါသည်။

၈။ အဉ္ဇလိကရဏီယော = လက်အုပ်ချီမိုး၍ ရှိခိုးခံတော်မူထိုက်ပါပေသည်။

၉။ အနုတ္တရံပုညက္ခေတ္တံလောကဿာတိ = လယ်ယာမြေကောင်းနှင့်သဏ္ဍာန်တူပါပေသည်။

ဤကဲ့သို့ သံဃာ့ဂုဏ်တော် (၉) ပါးနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး၏ တပည့်သား သံဃာတော် အဂ္ဂသာဝက၊ မဟာသာဝက အရှင်သူမြတ်ကြီးတို့နှင့်တကွ အရိယာ သံဃာတော်မြတ်ကြီးများ၊ အရိယာနွယ်ဝင် သမုတိ သံဃာတော်အရှင်မြတ်တို့ကို အဖဲ့ ဘုရား တပည့်တော်တို့သည် ကိုင်းညွတ်ရိုကျိုး သချိုးမိုး၍ ရှိခိုးပါ၏ တရားတော်မြတ်တို့ဘုရား။



www.burmeseclassic.com

www.burmeseclassic.com

ဤနေရာတွင် စာရေးသူမှ ထပ်ဆင့်၍ ကတိသစ္စာပေးမှုကိုပါ ထည့်သွင်း လျှောက်ထားပေးထားပါသည်။ ရတနာမြတ်သုံးပါး ကိုးကွယ်သူများ အပါယ်သို့ မလားဟု မြတ်စွာဘုရားရှင်ကြီးက မဟာ သမယသုတ်တွင် အတိအလင်း ဟောကြားထားခဲ့ပါ၍ ရတနာမြတ်သုံးပါး၏ ဂုဏ်တော်များကို ရိုသေလေးမြတ်မှုဇော်ကန်တော့ ကိုးကွယ်ဆည်းကပ်ကြပါလျှင် အပါယ်သို့မကျနိုင်တော့ပါ။ "နိဗ္ဗာန်ရ" ဆိုသော အားထုတ်မှုသာ ရနိုင်မည် ဖြစ်ပါသောကြောင့် မိမိ၏တာဝန်ယူမှုပါသော ဤဆုတောင်းသစ္စာကို ထပ်ဆင့်တောင်းပေးပါသည်။ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကောင်း အကျင့်မြတ်များကိုလည်း တပည့်တော်တို့ ကိုယ်စွမ်းရှိသ၍ ဉာဏ်စွမ်းရှိသ၍ ကြိုးစားအားထုတ်သွားပါမည် ဟုကတိသစ္စာပြုပါသည်ဘုရား ဟုသစ္စာဆိုကတိပြု ဆုတောင်းကန်တော့ပါသည်။ သာဓု သုံးကြိမ်ခေါ်ရပါသည်။ ရတနာမြတ်သုံးပါး ဆုတောင်းသစ္စာပြုပြီးလျှင် ခွမ်းကပ်ခြင်း မင်္ဂလာအောင်မြင်ပြီးမြောက်ပါ၍ ဘုရားအမှူးရှိသော သံဃာတော်ကြီးများ မိမိတို့ ကျောင်းတော်ရာသို့ ပြန်လည်ကြွပြန်တော်မူကြပါရန် လျှောက်ထားရပါသည်။ လျှောက်ထားပုံမှာ…

မြတ်စွာဘုရားအမှူးရှိသော သံဃာတော်အရှင်သူ မြတ်ကြီးတို့ဘုရား။ အရှင်ဘုရားကြီးတို့အား မွန်မြတ်လှစွာသော ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်၊ ချိုချဉ် ရသာအဖြာဖြာတို့ကို ရိုသေစွာ ဆက်ကပ်လှူဒါန်းပူဇော်ပြီးပါပြီ ဘုရား။ ရတနာမြတ်သုံးပါး၏ ဂုဏ်တော်များကိုလည်း ပါဠိအနက်ယှဉ်တွဲ၍ ရိုသေစွာ ပူဇော်ကန်တော့ပြီးကာ ရတနာမြတ်သုံးပါး သစ္စာပြုဆုတောင်း ကန်တော့ခြင်းတို့လည်း အောင်မြင်စွာ ပြီးမြောက်ပါပြီဘုရား" ဆွမ်းကပ်ခြင်း မင်္ဂလာအောင်မြင်ပြီးမြောက်ပါ၍ အရှင်ဘုရားကြီးတို့၏ ကျောင်းတော်ရာများဆီသို့ ပြန်လည်ကြွပြန်တော်မူကြပါရန် ရိုသေစွာ လျှောက်ထားအပ်ပါသည် ဘုရား။ တစ်လက်စထဲ နတ်များကိုပါ ပြန်ပို့ရပါမည်။

ကျွန်ုပ်တို့၏ ဖိတ်ကြားချက်အရ ဆွမ်းဒါယကာ၊ ဆွမ်းဒါယကာမများ၏ ဖိတ်ကြားချက်အရ အတူဆွမ်းကပ်ရန် အတူတရာတော်နာယူရန် ကြွရောက်တော်မူလာကြသော သမ္မာဒေဝနတ်မြတ် နတ်ကောင်း နတ်အပေါင်းတို့နှင့်တကွ မြင်အပ် မမြင်အပ် ပုဂ္ဂိုလ်များ။ သံသရာကြီးသည် ရှည်လျားလှပါသဖြင့် သံသရာ၊ အဆက်ဆက်၊ ဘဝအဆက်ဆက်မှ ဆွေမျိုးတော်စပ်ခဲ့ဖူးကုန်သော မိဘ၊ ဘိုးဘွား၊ ဆွေတော် ရှစ်သောင်းမျိုးတော် အပေါင်းတို့သည်လည်း ဆွမ်းကပ်ခြင်း မင်္ဂလာ တရားနာခြင်း မင်္ဂလာအောင်မြင်စွာ ပြီးမြောက်ပါ၍ မိမိတို့နေထိုင်ရာ အရပ်ဌာန၊ မိမိတို့နေထိုင်ရာ ဘုံဗိမ္မာန်ဆီသို့ ကျန်းမာစွာ ချမ်းသာစွာ ဝမ်းသာစွာ ပြန်လည်၍ ကြွပြန်တော်မူကြပါကုန်လော့။

"အားလုံး… ကုသိုလ်။ အမျှ… အမျှ… အမျှ ယူတော်မူကြပါကုန်လော့" ၃ ကြိမ်အမျှဝေ၍ သာဓုခေါ်ဆိုကြရပါမည်။

သာဓုခေါ်ဆိုပြီးလျှင် ဘဝတ

www.burmeseclassic.com

သဗ္ဗမင်္ဂလံ သုံးဂါထာကို သုံးပြိုင်ပူဇော်ရပါမည်။

ဘဝတု သဗ္ဗမင်္ဂလံ ရက္ခန္တု
သဗ္ဗဒေဝတာ
သဗ္ဗ ဗုဒ္ဓါ နုဘာဝေန သဒ္ဓါသုခီ
ဘဝန္တု မေ၊တေ။

ဘဝတု သဗ္ဗမင်္ဂလံ ရက္ခန္တု
သဗ္ဗ ဒေဝတာ
သဗ္ဗ ဓမ္မာ နုဘာဝေန သဒ္ဓါ
သုခီ ဘဝန္တု မေ၊တေ။

ဘဝတုသဗ္ဗ မင်္ဂလံ ရက္ခန္တု
သဗ္ဗ ဒေဝတာ
သဗ္ဗ သံဃာ နုဘာဝေန သဒ္ဓါ
သုခီ ဘဝန္တု မေ၊ တေ။

အလုံးစုံသော ကြီးပွားတိုးတက်ကြောင်း မင်္ဂလာ အပေါင်းသည် ဖြစ်ပါစေသတည်း။ အလုံးစုံသော နတ်တို့သည် စောင့်ရှောက်ကြပါစေသတည်း။ အလုံးစုံသော ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးတို့၏ ဂုဏ်တော် ကျေးဇူးတော်တို့ကြောင့် သတ္တဝါအားလုံးတို့သည် ဘုရားတပည့်တော်တို့နှင့် တကွ ယနေ့ ဆွမ်းဒါနကုသိုလ်ရှင် ဦး…၊ ဒေါ်… မိသားစုတို့သည် အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၍ ချမ်းသာတော်မူကြပါစေသတည်း။ သာဓု… သာဓု… သာဓု။

တိတ္ထံ့ဝေ၊ နိဗ္ဗုတေ စာပိ။
သမေ စိတ္တေသမံ ဖလံ၊ တိတ္ထံ့ဝေ၊ သက်တော်ထင်ရှား မြတ်စွာဘုရားရှင်ကြီးကိုဖြစ်စေ၊ နိဗ္ဗုတေ ပရိနိဗ္ဗာန်ဝင်စံပြီး ကုန်သောဘုရားရှင်တို့၏ ကိုယ်စားတော် ဆင်တုတော်စေတီတော်ကိုဖြစ်စေ၊ သမေစိတ္တေမူသော စိတ်ထားဖြင့် ရိုသေစွာရှိခိုးခြင်း၊ ပူဇော်ခြင်း၊ ဝေယျာဝစ္စ ဆောင်ရွက်ခြင်းများ ပြုလုပ်သည်ရှိသော် သမံဖလံ တူမျှသော အကျိုးတရားများ ရရှိပါပေ၏ ဆိုသည့် ဗုဒ္ဓအပါဒါန်မိန့်မှာ ချက်အတိုင်း မြတ်စွာဘုရားအမှူးရှိသော သံဃာတော် အရှင်မြတ်ကြီးတို့အား သက်တော်ထင်ရှား ဘုရားရဟန္တာကြီးများကို ဆက်ကပ်သကဲ့သို့ အဝရုံပြီး ဆက်ကပ်လှူဒါန်းကြသဖြင့် တူမျှသော အကျိုးတရားများရရှိကြမည်မှာ အသေအချာပင် ဖြစ်ပါသည်။

စာရေး သူတို့မိသားစုသည် ရွှေကကျကျောင်းတော်မှာ သီတင်းသုံးချိန်တွင်လည်း အထက်ပါ ဆွမ်းကပ်နည်းအတိုင်း ကပ်လှူကြပါသည်။ ဒေသစာရီ ခရီးစဉ်များတွင်လည်း ထိုနည်းအတိုင်းပင် ဆက်ကပ်ပေးကြပါသည်။ တရားနာပရိတ်အပေါင်းမှာ ကြည်နူးပီတိများဖြစ်ကြ၍ တချို့ဆိုလျှင် မျက်ရည်ဖြိုင်ဖြိုင်ကျကြပါသည်၊ ဆရာတော်ကြီးများ၊ သီလရှင် ဆရာကြီးများကလည်း အထူးကျေနပ်နှစ်သက်စွာ သာဓုခေါ်ကြပါသည်။

စာရေးသူ၏ မွေးနေ့အထိမ်းအမှတ် ဆွမ်းကပ်လှူခြင်း အစီအစဉ်စာအုပ် ဒါနပြု လှူဒါန်းဖူးပါသည်။ သို့သော် နေရာ အနှံ့သို့မရောက်နိုင်သေးပေ။ ထို့ကြောင့် ပိုမိုကျယ်ပြန့်စွာ ကုသိုလ်ပွားနိုင်ကြစေဖို့ လျှို့ဝှက်ဆန်းကြယ်စာပေ စင်မြင့်မှ ကုသိုလ်ဖြစ် ဝေငှဖြန့်ပွား ဒါနပြုလိုက်ရပါကြောင်း ဖြူစင်မေတ္တာဖြင့်…

ရွှေကကျသာသနာပြုမယ်တော်ကြီး

www.burmeseclassic.com



မကိုင်ထွတ်ဦး

# အောင်ဆုထူး ဘုရားရှိခိုးတော်ကြီး

ရဲရဲထွန်း(ဟာသဘာတ)



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့တွင် စာရေးသူ လက်ဖက်ရည်ဆိုင်မှာ ထိုင်နေစဉ်ရတနာကုန်သည် ဦးတင်ဝင်းဝင် ရောက်လာသည်။

"ဘယ်လိုလဲ ဦးတင်ဝင်း၊ အရောင်းအဝယ်ရော ကောင်းရဲ့လား။ လာဗျာ လက်ဖက်ရည်သောက်ရအောင်"

စာရေးသူက ခရီးဦးပြုနေပြန်၍ ပဋိသန္ဓာရစကားဖြင့် နှုတ်ဆက်လိုက်သည်။

"ဒီလိုပေါ့ဗျာ တိုင်းပြည်ရေးကောင်းမှ အရောင်းအဝယ်ကလည်း ကောင်းမှာကိုဗျ။ ပြည်သူတွေစီးပွားရေးအဆင်ပြေရင် ကျွန်တော်တို့ ကုန်သည်တွေလည်း ရောင်းရတာပေါ့ဗျာ"

ဦးတင်ဝင်းသည် ပြောပြောဆိုဆို စာရေးသူနှင့်အတူ လက်ဖက်ရည်မှာသောက်သည်။

"အင်း . . . ခင်ဗျားပြောတာ မှန်သင့်သလောက်တော့ မှန်ပါတယ်။ ဒါပေမဲ့ကျွန်တော်တို့မှာ အားကိုးအားထားပြုရမယ့်ရတနာသုံးပါး ဂုဏ်ကျေးဇူးတွေကိုလည်း မမေ့အပ်ဘူးပေါ့ဗျာ"

"ဒါထက် စာရေးသူဆရာ၊ အခုတလော စာတွေရေးတာ မတွေ့ပါလား။ ဘာလုပ်နေလဲဗျ"

ဦးတင်ဝင်းက စာရေးသူစကားကို ခေါင်းတဆိုက်ဆိုက်ဖြင့် နားထောင်ပြီး မေးခွန်းထုတ်လိုက်သည်။

"ဟုတ်တယ် ဦးတင်ဝင်းရေ။ အခု ကျွန်တော်အောင်မြင်ရေး လမ်းကြောင်းပေါ် ပြန်ရောက်နေပြီဗျ။ စီးပွားရေး၊ ကျန်းမာရေးအစ ကောင်းလာတယ်"

"ကဲ . . . အဲဒါဆိုလုပ်စမ်းပါဦး စာရေးဆရာရယ်၊ ကျွန်တော်လည်း အရောင်းအဝယ်တွေ အောင်မြင်ချင်ပါတယ်"

ဦးတင်ဝင်းက စာရေးသူစကားကို စိတ်ဝင်စားပြီး သူ့အတွက် မည်ကဲ့သို့ဆောင်ရွက်ရမည်ကိုမေးသည်။

"အဲဒါကတော့ အောင်ခြင်းမင်္ဂလာအပြားပြားတို့နှင့် ပြည့်စုံတဲ့ မကိုင်ထွတ် ဦးအောင်ဆုထူး ဘုရားရှိခိုးတော်ကြီးဗျ။ လူတိုင်းလိုလို ရွတ်ဖတ်နေကြပေမယ့် အရေးကြီးတာက အနက်အဓိပ္ပာယ်ပါ ရွတ်ဆိုပြီး တစ်နေ့ နံနက်တစ်ကြိမ် နေ့လယ်တစ်ကြိမ်နဲ့ ညအိပ်ရာဝင် တစ်ကြိမ် ပေါင်းသုံးကြိမ်တိတိ ဘုရားရှိခိုးပြီး ရွတ်ဆိုပူဇော်ရတယ်"

စာရေးသူက ဦးတင်ဝင်းကို ဘုရားရှိခိုး ပူဇော်နည်းနှင့် မကိုင်ထွတ် ဦးအောင်ဆုထူး ဂါထာကြီးကို အနက်အဓိပ္ပာယ်နှင့်တကွ စာရွက်တစ်ရွက်တွင် ချရေးပေးလိုက်သည်။

"ဒီဘုရားရှိခိုး ဂါထာတော်ကြီးကို စာမေးပွဲဖြေမယ့် ကျောင်းသားတွေလည်း ရွတ်ဆိုပူဇော်လေ့ရှိကြတယ်ဗျ"

**မထိုင်ထွတ်ဦး အောင်ဆုထူးဘုရား ရှိခိုးတော်ကြီး**

ယောစက္ကော ယောန္တြေယော။
ယိတာဗွေ ယောသနေ။
ယော ပေသီ ယေသိန်း။
ယိ ဒေတု ယုတ္တရော။


www.burmeseclassic.com

www.burmeseclassic.com

ယောဇယာစက္ကော၊ ပါရမီတော်
ဆယ်ချက်၊ အောင်လက်နက်ဗိုင်ရှင်
အကြွင်ဘုရားရှင် ကိုယ်တော်မြတ်ကြီး
သည်။

ဇယာသနေ၊ အောင်သိဒ္ဓိဆင်
မြန်းသည့် ပလ္လင်နန်းမှန်ကင်းအောင်
ဗောဓိပင်ရင်း၌။

ဇယိတဗ္ဗေ၊ အောင်အပ်သည့်
တရား မာန်ငါးပါးအပေါင်းတို့ကို။

ဇယန္တော၊ အကြွင်းမဲ့ ချေမှုန်း
လျက် ဖျက်ဖြုန်းကာပယ်ရှင်း၍ ကောင်
ခြင်းကြီး အောင်တော်မူခဲ့လေပြီ။

ဇယေဆီနံ၊ မြတ်နိဗ္ဗာန်
အောင်ခန်းနှင့် အောင်ဘိသိတ်ပန်း။ မင်္ဂ
ဖိုလ်ကိုများ ထိုထိုဝင့်အတွင်းမှ လွှတ်
ကင်းအောင် အာသာကြီးဖြင့် ရှာမှီးကာ
နေကြကုန်သူတို့အား။

ဇယာပေသိ၊ ကိုယ်တော်မြတ်
နှင့်အတူ အောင်ပန်းကို ဆွတ်ချူ၍
ထွတ် အင်္ဂုအမြိုက်စာတ်သို့ ဆိုက်ကပ်
တော်မူစေပြီး၍ အောင်စေတော်မူ
လေပြီ။

ဇယုတ္တဝရော၊ အောင်သူတကာ
တို့၏မှန်ကင်း၊ အောင်ခြင်းတကာတို့၏
ဉ‌ဩချင် ထွတ်ခေါင်မြတ်သရဖူ သသယမှု
မကိုင်ငြိထိး အောင်ပွဲဝင် ပုဂ္ဂိုလ်ကြီး ဖြစ်
ပေထသော။

သောဇယာစက္ကော၊ အလုံးစုံ
အောင်ခြင်းနှင့် ပြည့်စုံတော်မူသော ထို
ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။

မေ၊ မြတ်နိမ္မူအောင်ပန်းကို
ဆွတ်ချူရန် လက်လှမ်း၍ ကြိုးပမ်းကာ
အာသာကြီးဖြင့် ရှာမှီးသူအကျွန်ုပ်အား။

ဇယံ၊ အောင်ခြင်းကို (ဝါ)
အောင်ပန်းဝေမြိုင် အောင်ဖူးတွေ ကြိုင်
လှိုင်သည့် အောင်သိဒ္ဓိပန်းနိုင်ကြီးကို။

ဒေတု၊ ပေးသနားတော်မူပါ
အရှင်ဘုရား။

"ဦးတင်ဝင်းရေး အသားဟင်း
ဆိုတာ အရသာရှိပေမယ့် ဝိတ္ထုကဲတဲ့
အရသာရှိအောင် ချက်ပြုတ်စားတတ်ရင်
ပိုပြီး ထမင်းမြိန်တာပေါ့ဗျာ။ ခင်ဗျားလည်း
ထမင်းမြိန်ချင်ရင်တော့ အခု ကျွန်တော်
ရေး ပေးတဲ့အတိုင်း "စလုပ်တော့ဗျို့
ဘယ်အချိန် အကောင်းဆုံးလဲလို့ မမေးနဲ့
စလုပ်တဲ့ အချိန်ဟာ အကောင်းဆုံးပါ
ပဲဗျာ"

မိုငြမ်း ။ ပတ္တာန်းဒေသနာအိတ်ဆောင်
တအုပ်။

**ရဲရဲထွန်း (ဟသ်ာတ)**


ချိုပွက်ဆန်းကြယ်မဂ္ဂဇင်း
ရန်ကုန်ဖြန့်ချိရေးနှင့် အထူးကိုယ်စားလှယ်

စောဦး

စာပေ

၃၁-လမ်း၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

ဘာမဆိုအောင်ရမည်

# အောင်ဂါထာတော်ကြီး

ရဲရဲထွန်း(ဟင်္သာတ)



www.burmeseclassic.com

လူ့ဘဝသည် ထောက်ရာမဲ့ ပျံ့သကဲ့သို့ နိမ့်တုံမြင့်တုံ အတက်အကျ များဖြင့် ပြည့်နှက်နေသည် ဟု ဆိုကြ သည်။ ကံကြမ္မာ အကျိုးပေးပုံ ချင်း မတူညီကြသော်လည်း ကံတရားတစ်ခု တည်းကိုသာ ပုံ၍ ယုံကြည်၍ မဖြစ်ပေ။ ကံ၊ ဉာဏ်၊ ဝီရိယ တည်းဟူသော သုံးပွင့်ဆိုင်ညီညွတ်ရန်လည်း အရေးကြီး ပါသည်။

ယခုဖော်ပြပါ ဘာမဆိုအောင် ရမည့် အောင်ဂါထာသည် လူ့ဘဝ၏ လောကဓံခရီးတွင် မည်သည့် အခက် အခဲများ ကြုံတွေ့သည်ဖြစ်စေ ရတနာသုံး ပါးကို အားထား၍ ယုံကြည့်စွာရွတ်ဆိုရ သော ဂါထာတော်ကြီး ဖြစ်ပါသည်။ နိမ့်ကျ၍ စိတ်ညစ်နေစရာမလိုပါ။ ဘာ မဆို အောင်ရမည် ဟူ၍ သန္နိဋ္ဌာန်စိတ်ဖြင့် ဝီရိယထားရှိပြီး ရွတ်ဆိုပွားများရန် (သို့ မဟုတ်) ပုတီးစိတ်ရန် ဖြစ်ပါသည်။

ဘုရားရှိခိုးကြသူများ နံနက် တစ်ကြိမ်၊ ညအိပ်ရာဝင်တစ်ကြိမ် မြတ်စွာဘုရားကို ရည်စူး၍ ရွတ်ဆို ပူဇော်ကြရန် ဖြစ်ပါသည်။ ပုတီးစိတ်သူ များအနေဖြင့် တစ်နေ့လျှင် ဂါထာ သက်သက် ပုတီးတစ် ပတ်ပြည့်အောင် ရည်စူးဓိဋ္ဌာန်စိတ်ကြရန် ဖြစ်ပါသည်။

**ဓအောင်ရစေဘို့အောင်ဂါထာ**

**ဆန္ဒဝတော ကိံနာမ ကမ္မံ န သိဇ္ဈတိ။**

**ဝီရိယ ဝတော ကိံနမ ကမ္မံ န သိဇ္ဈတိ။**

**စိတ္တဝတော ကိံနာမ ကမ္မံန သိဇ္ဈတိ။**

**ပညာဝတော ကိံနာမ ကမ္မံန သိဇ္ဈတိ။**

ဆန္ဒဝတော ပြင်းပြသော အလိုဆန္ဒရှိသူအား ကိံနာမ အဘယ်မည် သော။ ကမ္မံ အမှုကိစ္စဟူသမျှသည် နသိ ဇ္ဈတိ မပြီးစီးပဲရှိနိုင်ပါအံ့နည်း။ သိဇ္ဈတိ၊ ဧဝ၊ မုချအမှန် ကောင်ပြီးစီးအောင်မြင်ရမည် သာတည်း။

ဝီရိယဝတော၊ လွန်ကဲသော လုံ့လဝီရိယရှိသူအား ကိံနာမ၊ အဘယ် မည်သော ဧဝ မုချအမှန်ကန်ပြီးစီးအောင် မြင်ရမည်သာတည်း။

စိတ္တဝတော၊ ထက်သန်သော စိတ်ရှိသူအား၊ ကိံနမ၊ အဘယ်မည်သော ကမ္မံ၊ အမှုကိစ္စဟူသမျှသည်။ နသိဇ္ဈတိ၊ မပြီးစီးပဲရှိနိုင်ပါအံ့နည်း။ သိဇ္ဈတိဧဝ၊ မုချ အမှန်အကန်ပြီးစီး အောင်မြင်ရမည်သာ တည်း။

အထက်ပါ အောင်ဂါထာကို ရွတ်ဆိုပွားများသူသည် ဂါထာ၏ အနက် အဓိပ္ပာယ်နှင့် ထပ်တူညီအောင် စိတ်ကို ပြုပြင်ရမည်ဖြစ်တည်း၊ အားလုံးက သူတော်ကောင်းအပေါင်းတို့သည် ဘဝ၏ အောင်မြင်ခြင်း အဖြာဖြာတို့များ မကြာမီ ရရှိကြမည် ဖြစ်ကြောင်း စေတနာကောင်း မြင့် ရေးသားဖော်ပြအပ်ပါသည်။

**ရဲရဲထွန်း(ဟင်္သာတ)**

နေပြည်တော်
ပျဉ်းမနားမြို့
ဖြန့်ချိရေး
ဒေါ်ခင်လှ
၈၈၀



www.burmeseclassic.com

www.burmeseclassic.com



သိချင်ကြရင်

# ကံကြမ္မာငါ်အကျိုးပြုနည်းများ

ကာဝိလမိုင်းယောဟာန်(ဇာမွန်)



www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာလောကကြီးနှင့် သက်ရှိ သက်မဲ့ အရာဝတ္ထုတိုင်းကို ပထဝီ၊ တေဇော၊ ဝါယော၊ အာပေါ ဟူသော ဓာတ် ၄ ပါးက ဖောက်ပြန်ပါက လောကကြီးလည်းကောင်း၊ သက်ရှိ သက်မဲ့လည်းကောင်း အေးချမ်းသာယာမှု ရှိပေမည်။

ထို့ကြောင့် ထိုဓာတ်ကြီး ၄ ပါးကို အခြေခံ၍ ယတြာယာ ဓာတ်ရိုက် ဓာတ်ဆင်ပြုလုပ်ရာတွင် အဓိကထား၍ ပြုလုပ်ကြရသည်။ ဓာတ် ၄ ပါးကို ကြီးစိုးသော ဂြိုလ်များက . . .

၁။ တနင်္လာမြေ အဖိုဓာတ်နှင့် ကြာသပတေးမြေ အမဓာတ်တို့ဖြစ်၍ နိုင်မြဲမှုကို အကျိုးပြုပေးသည်။

၂။ အင်္ဂါသည် လေအဖိုဓာတ် ဖြစ်ပြီး။ ရာဟုသည် လေအမဓာတ်ဖြစ်၍ လျှင်မြန်ဖျက်လက်မှု၊ ပြီးစီးမှုကို အကျိုး ပြုပေးသည်။

၃။ ဗုဒ္ဓဟူးသည် ရေအဖိုဓာတ် ဖြစ်ပြီး သောကြာသည် ရေအမဓာတ် ဖြစ်၍ အေးချမ်းမှု၊ ငြိမ်းအေးမှုကို ပြုပေးသည်။

၄။ တနင်္ဂနွေသည် မီးဓာတ်အဖို ဖြစ်ပြီး စနေသည် မီးဓာတ်အမဓာတ် ဖြစ်၍ တောက်လောင်မှု၊ ထွန်းတောက်မှု ကို ပေးလေသည်။

ဤသို့ဖြစ်၍

ရာထူးဌာန တက်လိုစေရန် ထွန်းတောက်စေရန် စနေနှင့် တနင်္ဂနွေ အချိန်ဇယားကြည့်၍ ယတြာဓာတ်ရိုက်၊ ဓာတ်ဆင် ပြုလုပ်ပေးခြင်း ဖြစ်သည်။

တနင်္ဂနွေ မီးခဲအဖိုဓာတ်ဖြစ်၍

**အချိန်ဇယား**

| ၆း၀၀ ၇း၃၀ | ၇း၃၀ ၉း၀၀ | ၉း၀၀ ၁၀း၃၀ | ၁၀း၃၀ ၁၂း၀၀ | ၁၂း၀၀ ၁း၃၀ | ၁း၃၀ ၃း၀၀ | ၃း၀၀ ၄း၃၀ | ၄း၀၀ နာရီ ၆း၀၀ အချိန် | |
|---|---|---|---|---|---|---|---|---|
| ၁ | ၆ | ၄ | ၂ | ၀ | ၅ | ၃ | ၁ | တနင်္ဂနွေနေ့ |
| ၂ | ၀ | ၅ | ၃ | ၁ | ၆ | ၄ | ၂ | တနင်္လာနေ့ |
| ၃ | ၁ | ၆ | ၄ | ၂ | ၀ | ၅ | ၃ | အင်္ဂါနေ့ |
| ၄ | ၂ | ၀ | ၅ | ၃ | ၁ | ၆ | ၄ | ဗုဒ္ဓဟူးနေ့ |
| ၅ | ၃ | ၁ | ၆ | ၄ | ၂ | ၀ | ၅ | ကြာသပတေးနေ့ |
| ၆ | ၄ | ၂ | ၀ | ၅ | ၃ | ၁ | ၆ | သောကြာနေ့ |
| ၀ | ၅ | ၃ | ၁ | ၆ | ၄ | ၂ | ၀ | စနေနေ့ |



www.burmeseclassic.com

www.burmeseclassic.com

စနေသည် မီးတောက် မီးလျှံအမတော်ကို ကြည့်၍ ပြုလုပ်လျှင် အကျိုးခံစားရပေသည်။

တနင်္လာသည် မြေအမာ အဖိုတော်ဖြစ်၍ ကြာသပတေးသည် ရွှံ့ဖွက်အမတော်ဖြစ်၍ နေတော် ၂ ပါး အချိန်ကာလကို ကြည့်၍ ပြုလုပ်ပေးလျှင် သိမ်ကျောင်းဇရပ်တိုက် တချုပ်စာတမ်း ဂုဏ်မဏီလုပ်ငန်းများ၏ ကောင်းကျိုးချမ်းသာကို ပြုပေသည်။

အင်္ဂါသည် လေပြေလေညှင်း အဖိုတော်ဖြစ်၍ ရာဟုသည် လေမုန်တိုင်း အမတော်တို့သည် အမှုကိစ္စ အမှုအခင်း ရန်သူများကို ရှင်းပျောက်မြန်ဆန်မှုကို အကျိုးပြုကို ရှင်းပျောက်မြန်ဆန်မှုကို အကျိုးပြုပေသည်။

ဤအချိန်ယောဂ အခါအချိန်များ ဖြစ်၍ နေနှင့်အချိန်ယောဂသည် မိတ်ဖက်၊ ရန်ဖက်၊ ဓာတ်ဖက် ဥဿုံသိန်များကို ရိုက်ဓာတ်ဆင်ယတြာများ ပြုလုပ်ရန် အရေးကြီးပေသည်။

**ကဝိလမိုင်းယောဟန်ဖာပွန်**




ဆုတောင်းပြည့်

# ဆရာကြီး အောင်ဘုန်းမြင့်

နက္ခတ္တဗေဒ ပလိတပညာရှင် - မဟာဂန္ဓာရီဗေဒင် လက္ခဏာသုတေသီ

စာရေးဆရာ – အောင်ဘုန်းမြင့် (ကချင်မြေ)

ကဇလောင်စွဲ – ကာလီဒါ၍ (မြန်မာပြည်)

- ယတြာ ဓာတ်ရိုက်ဓာတ်ဆင် အထူးဆောင်ရွက်ပေးသည်။
- ဘဝရေစုဆောင်လမ်းညွှန် အတိုင်ပင်ခံသည်။
- နေ့စဉ် နံနက်(၆)နာရီ မှ (၉)နာရီအတွင်း အခမဲ့ဟုန်းဖြင့် ဟောကြားပေးသည်။

အမှတ်(၄၂)၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။ ဖုန်း - ၀၁-၅၄၀၇၂၀၊ ၀၉-၃၁၀၂၂၈၁၆




www.burmeseclassic.com

www.burmeseclassic.com


ဦး အရဟံ မေတ္တာ လာဘ်



# နက်ချက်စိ

ဆရာဦးအောင်စိုး (B.Sc) မော်လမြိုင်

ခုနှစ်ရက်သားသမီးများအတွက် ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး ကိစ္စရပ်များ၊ ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာများကို ဒိုက်ထဲမှာ ပုဏ္ဏားလေး ဝင်စားနေသကဲ့သို့ မှန်ကန်သော ဟောချက်များ၊ ထိရောက်သော ယတြာများဖြင့် (၂၅) နှစ်တိုင်တိုင် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

## အောင်မြင်သူတို့ ဆုံကြရာ

ဟောခန်းတည်နေရာ ➡ အမှတ်-၁၃၁၊ အောင်တံခွန် သ/မ ပရိဝုဏ်၊ ၁၀-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။

လမ်းညွှန် ➡ အဓိပတိ (အပြာ)၊ တိုက်ကြီး-ဆူးလေ၊ (၅၁)၊ (၂၃၁)၊ (၅၃)၊ (၇၉)၊ (၂၀၂) ကားစီး၍ ဆယ်မိုင်ကုန်းဈေးမှတ်တိုင်တွင် ဆင်းပါ။

ဟောပြောချိန် ➡ နံနက် (၉) နာရီမှ ည (၉) နာရီ အထိ။

ဆက်သွယ်ရန် ဖုန်း ➡ ဟောခန်း - ၀၉-၇၃၁၀၉၅၅၆၊ အိမ် - ၀၉-၇၃၂၄၄၈၉၇။

မှတ်ချက် ➡ ***ဖုန်းဖြင့် ကြိုတင်တိုင်ပင်ချိန်းဆို၍*** ကျေးဇူးတင်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com

# သင့်ဖုန်းနံပါတ်များ ယင်းကံဂါထာ

## နတ်မျက်စိ ဆရာဇော်အောင်မိုး (B.Sc)






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

## ဖူလုံစာပေမှ ဖြန့်ချိနေပါသည်။

ထူးခြားဆန်းကြယ်သော အကြောင်းအရာတို့အား
ဆန်းသစ်သော တင်ပြပုံတို့ဖြင့် ရေးဖွဲ့ထားပါ၍
ဖတ်မိသူအားလုံးကို နှစ်ခြိုက်စွဲမက်စေခဲ့သော ....

**ဘိုဘို** (ရွှေကံကူ) ၏ ထုတ်ဝေပြီးခဲ့သော

၁။ ရွှေကံလေပျံသစ်တော်ရုပ်ရှင်တော်မြတ်၏
ဖြစ်တော်စဉ် သမိုင်းမှတ်တမ်း

၂။ မြိုင်သာယာမှ ဘယ်ဆီဘယ်ဝယ်နှင့်
ဂမ္ဘီရ ရသဝတ္ထုတိုများ

၃။ မြိုင်သာယာမှ မဲဆွယ်ပွဲနှင့်
ဂမ္ဘီရ ရသဝတ္ထုတိုများ

၄။ ယောသူတို့ရွာ ... အပါအဝင်
ဂမ္ဘီရ ရသဝတ္ထုတိုများ ....

အထက်ပါစာအုပ်များကို

၀၉-၄၁၀၅၇၂၉၆
၀၉-၄၇၄၄၈၇၃၉၆
၀၆၆-၄၀၂၇၈ ... တို့တွင် မှာယူရရှိနိုင်ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

အလေ့အကျင့်

# အခဆုံ

ဇော်ဇော်(ကာင်းစိတ်ပြင်)



www.burmeseclassic.com

ဘဝတွင် ကိုယ်လုပ်ချင်ရာများကို တတ်နိုင်သလောက် လုပ်ဖြစ်အောင် ကြိုးစားမိသည်။ လုပ်ချင်သော အရာများသည် မိမိအတွက်သော်လည်းကောင်း၊ မိသားစုအတွက်သော် လည်းကောင်း၊ လူမျိုးအတွက်သော် လည်းကောင်း အကျိုးရှိသည်လည်းရှိ၍ အကျိုးမရှိသည်လည်းရှိသည်။ သို့သော် ကိုယ်



ဝါသနာပါရာကို လုပ်ရလျှင် ကျေနပ်မိသည်သာ။ ဝါသနာပါသည့်ကိစ္စ၊ လုပ်ချင်သည့်ကိစ္စများလွန်း၍ တစ်ခါတစ်ခါ ကိုယ့်ကိုယ်ကိုဆုံးမ၍ ပြန်ပြန်လျှော့ရသည်။ ထိုအခါမျိုးတွင်လည်း အားမကြီးသော စိတ်ကူးဆန္ဒများသည် မေ့မိန်းသွားရသည်။ သို့သော် ပြေပျောက်၍ မရနိုင်သောဆန္ဒ ဝါသနာကိုကား မည်သို့မျှ လျှော့၍မရပါပေ။

ကျွန်တော်သည် ငယ်စဉ်ကတည်းကပင် ဂီတအနုပညာကို ဝါသနာပါလေရာ သီချင်းဆို၊ သီချင်းညည်းခြင်းကို အစဉ်အမြဲပြုမိသည်။ တက္ကသိုလ်ကျောင်းသားဘဝ တစ်လျှောက်မိမိနှင့် ပတ်သက် ဆက်ဆပ်နေသော ပတ်ဝန်းကျင်များတွင် သီချင်းဆိုဖြစ်သည်။ ကိုယ်နေသောအဆောင် ညစာစားပွဲသာမက အခြားအဆောင်ညစာစားပွဲများမှ ဖိတ်ကြားခံရ၍ဆိုဖြစ်သည်။ ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်၌ ရခိုင်စာပေနှင့် ယဉ်ကျေးမှုကော်မတီက တင်ဆက်သော ယိမ်း၌လည်း ဆိုဖူးသည်။ မြဝတီ အသံလွှင့်ရုံတွင်လည်း အသံသွင်းဖူးသည်။ ထို့ထက်မက မိမိကိုယ်ပိုင် တေးစီးရီးခွေ ပင်ထုတ်ဖူးခဲ့သည်။ ဤမျှထိ ဝါသနာပါသော ဂီတပညာ၌ ကောင်းစွာမကျွမ်းကျင်ပါ။ ဝါသနာပါရုံသာရှိသည်။ မိမိ ကိုယ်ကိုလည်း ဂီတသမား၊ အဆိုကျွမ်းကျင်သူအဖြစ် မည်သည့်အခါမျှမခံယူပေ။ ကိုယ့်အကြောင်းကို ကိုယ်သာလျှင် အသိဆုံးဖြစ်ပါသည်။ အချို့ကမိမိအား အဆိုကောင်းကြောင်း၊ တော်ကြောင်း ချီးမွမ်းစကားပြောလာလျှင် ကျွန်တော် ဝမ်းသာပါသည်။ သို့သော်ကျေနပ်၍ကား မဟုတ်။ တဒင်္ဂအမြှောက်ကြိုက်သော ကြောင့်သာ။ ကျွန်တော်အဆိုတော်သူ မဟုတ်မှန်း မိမိဘာသာမိမိသိလေသည်။

ကျွန်တော်လုပ်ချင်သော အခြားတစ်ခုမှာ စန္ဒယားတီးခြင်း ဖြစ်သည်။ ငယ်စဉ်ကတည်းကပင် စန္ဒယားတီးတတ်ချင်ခဲ့သည်။ သို့သော် မိမိမွေးသောဒေသသည် စန္ဒယားရှိသောဒေသ

www.burmeseclassic.com

မဟုတ်။ တက္ကသိုလ်တတ်သောအခါ လည်း ထိုဆန္ဒမပျောက်ခဲ့။ သို့သော်သင် ယူနိုင်သော အခြေအနေမရှိ။ ငွေကြေး မရှိ၊ အချိန်မရှိ။ သို့နှင့် ဝန်ထမ်းဖြစ်ပြီး ၍ အသက် ၃၀ ကျော်သောအခါမှ စန္ဒယားအတီး စသင်ဖြစ်ပါတော့သည်။ ပထမ စသင်ခါစက အော်ဂင်သေးသေး လေး တစ်လုံးဖြင့်၊ နောက်တစ်နှစ်ကြာ သောအခါ အကြီးတစ်လုံးဖြင့်။

ကျွန်တော်၏ လက်ဦးစန္ဒယား ဆရာကား စစ်တွေမြို့မှ ယခင်သစ္စာရှင် တီးဝိုင်းခေါင်းဆောင် ဂီတမှူး ဦးထွန်း သိန်းဖြစ်သည်။ ဦးထွန်းသိန်းမှာ သဘော ကောင်းသူ၊ စိတ်ရှည်သူဖြစ်သည်။ စန္ဒယား၊ ဒုံမင်း၊ မယ်ဒလင်၊ မြန်မာဂီတာ၊ တယောစသော ကြိုးတပ်တူရိယာများကို တီးခတ်နိုင်သူဖြစ်သည်။ စန္ဒယား၊ ဒုံမင်း တီးခတ်ရာ၌ အလွန်လက်သံသာသူဖြစ် သည်။ ဆိုကရေးတီးပြိုင်ပွဲ ဝါသနာရှင် အဆင့် တယောအတီးပြိုင်ပွဲ၌ ဆုပင်ရခဲ့ ဖူးသူဖြစ်သည်။ သူ့ထံတွင် ရုံးပိတ်ရက်များ ၌ စန္ဒယားအတီးသင်ယူခဲ့သည်။ စန္ဒယား ဟု ရေးနေသော်လည်း စန္ဒယားအစစ် မဟုတ်၊ လျှပ်စစ်အော်ဂင်သာဖြစ်သည်။

ဆရာစိတ်ရှည်သလို ကျွန် တော်လည်း စိတ်ရှည်သည်။ လိုချင်သူ ဖြစ်သောကြောင့် ပို၍စိတ်ရှည်ရသည်။ ဆရာသင်ပြသည်ကိုရအောင် အကြိမ် ပေါင်းများစွာလေ့ကျင့်သည်။ ထပ်ခါထပ် ခါတီးလွန်း၍ ပတ်ဝန်းကျင်ကပါ နားငြီး ကြပေတော့သည်။ သို့သော် ကျွန်တော့် လက်သံကား ကျွန်တော်လိုချင်သလို ဖြစ်မလာခဲ့ပါ။ လက်သံမသာခြင်း၊ ညည်း ထိမပိုင်ခြင်း၊ တီးလိုသည့်သံစဉ်ကို မတီး နိုင်ခြင်း၊ လျှရှေ့ပွင့်တီးလျှင် လက်ခလုတ် တိုက်ခြင်းစသည့် အားနည်းချက်များနှင့် သာ နပမ်းလုံးနေတော့သည်။ မိမိ၏ အားနည်းချက်ကို ကျွန်တော်ကောင်း ကောင်းသိသည်။ ထိုသို့သိသောအခါ အမှန်အကန်အားငယ်၏။ သင်ပေးသော ဆရာကိုအားနာ၏။ အတီးသင်၍ သည် တစ်သက် တတ်ပါ့မလားဟု သံသယဝင် လာ၏။ ထို့ကြောင့်ပင် တစ်ခါသော် ဆရာအား ညည်းတွားပြောကြားဖူးလေ သည်။ "ကျွန်တော်စန္ဒယားတီးသင်လို့ တတ်တောင်တတ်ပါ့မလား ဆရာ" ဟူ ၍ ဆိုလေရာဆရာက "အထုံနည်း၍ဖြစ် မည်" ဟု ပြန်ပြောပါသည်။

ကျွန်တော်စဉ်းစားသည် အထုံ ဆိုသည်မှာ အဘယ်နည်း။ နောက်တော့ သဘောပေါက်လာသည်။ အထုံဆိုသည် မှာ အလေ့အကျင့်ပင်ဖြစ်သည်။ ၎င်းကို ဝါသနာနှင့် တွဲဖက်၍ တစ်ခါတစ်ခါသုံး တတ်သည်။ ပါရမီနှင့်လည်း တွဲလျက်သုံး တတ်သည်။ ဝါသနာနှင့်ကား လုံးလုံးမျှ မတူပေ။ ပါရမီနှင့်တွဲလျှင်ကား အနည်း ငယ်တူသည်ဟု ဆိုရမည်။ အထုံဆိုသည့် စကားလုံးသည် ကျွန်တော့်အတွေးထဲ၌ ကိန်းအောင်းနေလေတော့သည်။

အထုံဟူသည်အလေ့အကျင့် ပင်ဖြစ်သည်ဟု ကျွန်တော်ဆိုခဲ့သည်။ ထို့ကြောင့် မိမိတတ်ချင်သော ပညာရပ် ကို ကျွမ်းကျင်စေရန် လေ့ကျင့်မှုရှိရမည် သာဖြစ်သည်။ လေ့ကျင့်မှုများလေလေ ကျွမ်းကျင်မှု ရှိလေဖြစ်သည်။ လေ့ကျင့် မှုမရှိပဲနှင့်ကား မည်သည့်အတတ်ပညာ


www.burmeseclassic.com

www.burmeseclassic.com

မှ ကျွမ်းကျင်လိမ့်မည် မဟုတ်ပေ။ လေ့ကျင့်မှုအထုံသည်လည်း ဝါသနာက ကပ်ပါနေမှ ဖြစ်ပေမည်။ ဝါသနာမပါပါက လေ့ကျင့်ချင် စိတ်ရှိမည်မဟုတ်။ ထို့ကြောင့် ဝါသနာပါသည့် အလုပ်ကိုလုပ်ရမည်။ လုပ်သောအခါ၌လည်း စွဲစွဲမြဲမြဲဖြစ်အောင်လုပ်ရမည်။ စွဲစွဲမြဲမြဲဖြစ်အောင် လေ့ကျင့်မှုများလုပ်ရမည်။ ထိုသို့လုပ်လျှင် မိမိတတ်မြောက်လိုသော အတတ်ပညာကို ကျွမ်းကျင်စွာတတ်မြောက်မည်မှာ မြေကြီးလက်ခတ်မလွဲ ဖြစ်ပါတော့သည်။

မိမိပြုခဲ့သောအမှု (ကံ) သည် မိမိနှင့်ထပ်ကြပ်မကွာ လိုက်ပါလေသည်။ ကျွန်တော်သည် ဗုဒ္ဓဘာသာဝင်ဖြစ်ရာ ကံ၊ ကံ၏အကျိုးကို ယုံကြည်သူဖြစ်ပြီး ကံဟူသောစကားလုံး၏ အဓိပ္ပာယ်ကိုလည်း အထိုက်အလျောက် နားလည်သည်ဟု မိမိဘာသာထင် ထားမိသည်။ ထို့ကြောင့် မိမိပြုခဲ့သောကံသည် ယခုဘဝ၊ အနာဂတ်ဘဝများအထိ လိုက်ပါလာပြီး အကျိုးပေးမည်ဟု ယုံကြည်မိသည်။ ထိုကံဟူသည်ကား အလုပ်ပင်ဖြစ်သည်။ အလုပ်ဟူသော စကားထဲတွင် အစဉ်အမြဲလေ့ကျင့်ပြုလုပ်သော အလုပ်လည်း ပါဝင်လေသည်။ လောကတွင် တစ်ယောက်နှင့်တစ်ယောက် အတတ်ပညာသင်ယူတတ်မြောက်ပုံချင်း မတူကြသည်မှာ အတိတ်ဘဝမှပါလာသောကံ၊ အလေ့အကျင့်၊ အထုံမတူညီကြခြင်းကြောင့်ဖြစ်သည်။ အတိတ်ဘဝကအလေ့အကျင့်အပြုမှုများခဲ့သော အလုပ်သည် ယခုဘဝတွင် တတ်လွယ်မှတ်လွယ်မည်။ အတိတ်ဘဝက အလေ့ကျင့်အပြုမှုနည်းခဲ့သော အလုပ်သည် ယခုဘဝတွင် တတ်မြောက်ရန် ခက်ခဲမည်။ ထို့သို့ ကျွန်တော်တွေးမိသည်။ ထိုသို့တွေးတောမိသောအခါ ယခုကျွန်တော်သင်ယူနေသော စန္ဒယားအတီးပညာအတွက် ကျွန်တော်လေ့ကျင့်ရမည်ကို ကောင်းကောင်း သဘောပေါက်လေတော့သည်။ ယခုဘဝတွင် မတတ်ခဲ့လျှင် နောင်ဘဝတစ်ခုတွင် ဝါသနာပါခဲ့သည် ရှိပါကအလွယ်တကူ တတ်မြောက်နိုင်ရန် ယခုဘဝကတည်းက လေ့ကျင့်ရပေတော့သည်။

စန္ဒယားအတီးပညာမက အခြားအတတ်ပညာရပ်များကို တတ်မြောက်ရန်လည်းကောင်း၊ စိတ်ကောင်း စေတနာကောင်းရှိရန်လည်းကောင်း လက်ရှိဘဝ၊ လက်ရှိအချိန်သည် လေ့ကျင့်ရန် အကောင်းဆုံးသော အချိန်ပင် ဖြစ်တော့သည်။ ဘဝဟူသည်ရပ်တန့်မနေပေ။ ရပ်တန့်မနေသော ဘဝသံသရာတွင် အတတ်ပညာကောင်းများ၊ အမှုအကျင့်ကောင်းများ သံသရာတစ်လျှောက် ထပ်ကြပ်မကွာ လိုက်ပါလာအောင် အစဉ်အမြဲလေ့ကျင့်ရပေတော့သည်။ ထိုအလေ့အကျင့်များကို တော်လောက်ပြီဟု မရပ်တန့်ကောင်းချေ။ စန္ဒယားဆရာ ပြောခဲ့သော "အထုံနည်း၍ဖြစ်မည်" ဟူသောစကားသည် ကျွန်တော်လျှောက်လှမ်းမည့် ဘဝသံသရာခရီးလမ်းအတွက် ဘဝအသိပေးသော အားပေးစကားပင် ဖြစ်တော့သည်။

**ဇော်ဇော်(ကင်းဆိပ်မြင့်)**



www.burmeseclassic.com

www.burmeseclassic.com



ဒေါသနဲ့ပါပဲ

# တိရစ္ဆာန်တို့၏ တုံ့ပြန်အငြိုး

မောင်ဇင်သူ(ကျောက်စိမ်းတွင်း)



www.burmeseclassic.com

www.burmeseclassic.com

လူ့ပတ်ဝန်းကျင်ရှိ တိရစ္ဆာန်တို့၏ ဓလေ့စရိုက်ကို တည်မှီ၍ လူတစ်ဦးချင်းစီ၏ အမူအကျင့်များကိုလည်း တင်စား၍ ပြောဆိုကြသည်။ မြေခွေးလို အကျင့်ယုတ်သူ၊ ကျားလို စဉ်းလဲတဲ့သူ၊ မြွေလိုအညိုးအတေးကြီးသူ၊ ခြသေ့လို ရဲရင့်တဲ့သူ၊ ယုန်သူငယ်လို ထိန့်လန့်တတ်သူ၊ ဆင်ကြံ့ကြံ့သူ စသဖြင့် ပြောတတ်ကြပါသည်။ လူတို့၏ အပြုအမူ အကျင့်စရိုက်သည် တစ်ခါတစ်ရံ တိရစ္ဆာန်တစ်မျိုးမျိုး၏ အမူအကျင့် စရိုက်တစ်မျိုးမျိုးနှင့် သွားတူနေတတ်ပါသည်။ ထို့အတူပင် လူတို့၏ ဓလေ့စရိုက်များလည်း တိရစ္ဆာန်တို့က လူကဲ့သို့ အညိုးထားသောကြောင့် ဖြစ်ရသော အဖြစ်အပျက်ဖြစ်သည်။

ဖားကန့်မြို့နယ်အတွင်း ဥရုချောင်းရိုးဘေးက ရွာကြီးတစ်ရွာတွင် ဖြစ်သည်။ ရှမ်းကြီးတစ်ရွာတွင် ဖြစ်သည်။ ရှမ်းနီရွာကြီးဖြစ်သည်။ ကျောက်စိမ်းနှင့် ရွှေထွက်ရှိသည်။ ဘုန်းကြီးကျောင်း (၂) ကျောင်းရှိသည်။ တောင်ကျောင်းနှင့် မြောက်ကျောင်းဖြစ်သည်။ တောင်ကျောင်းသည် ရွာလယ်တွင်ရှိပြီး မြောက်ကျောင်းသည် ရွာထိပ်မြောက်ဘက် ကုန်းမြင့်မြင့်ပေါ်တွင် ရှိသည်။ ယခင်က မြောက်ကျောင်းသည် ဥရုချောင်းဘေးတွင် ရှိခဲ့သော်လည်း ချောင်းဘေးတွင် ကျောက်စိမ်းများ တူးဖော်ကြသဖြင့် ဥရုချောင်းရေတိုက်စားခဲ့သည်။ ထို့ကြောင့် ယခုနေရာသို့ ဘုန်းကြီးကျောင်းကို ပြောင်းရွှေ့ခဲ့သည်။

မြောက်ကျောင်းတွင် ဆင်ငယ်တစ်ကောင် မွေးထားသည်။ ဟုမ္မလင်းမြို့နယ် ဥရုချောင်းရိုးတစ်လျှောက်ရှိ ရွာများသည် ရှမ်းနီရွာများသာဖြစ်သည်။ အပြင်လူများသည့် ဖားကန့်နှင့် ဆိုင်းမှ (ဆိုင်းတောင်) သာလျှင် လူမျိုးစုံပြီး ဒေသခံများသည် အောက်ဖက်ရွာများမှာ ဟုမ္မလင်းမြို့အထိ ရှမ်းနီများသာဖြစ်သည်။ သို့ဖြစ်၍ တစ်ရွာနှင့်တစ်ရွာ ကူးလူးဆက်ဆံကြသည်။ မွေးထားသော ဆင်ငယ်ကလေးမှာ ဆင်ထီးကလေးဖြစ်သည်။ ငယ်တုန်းရောက်စကတော့ ခြနှင့်လှောင်ထားလိုက်၊ ကြိုးနှင့်လှန်ထားလိုက်ဖြင့် မွေးမြူထားသည်။ ကျောင်းသားနှင့်ကိုရင်မများသော်လည်း ရွာထဲကလူများ အစာလာလာကျွေးသဖြင့် ယဉ်ပါးနေသည်။ ငယ်ကထဲက လူတောထဲရောက်လာ၍ တောစိတ်လည်း ပျောက်နေသည်။



မြောက်ကျောင်း၌ အသက်အရွယ်ရမှ သက်နံ့လာဝတ်သော ဦးပဥ္စင်းတစ်ပါးလည်း ရှိပါသည်။ ငယ်ရွယ်တုန်းကတော့ ဆိုးဆိုးပေပေ နေခဲ့သည်။ စိတ်မြန်လက်မြန်နှင့် လူမိုက်ဆန်ခဲ့သူ ဖြစ်ပါသည်။ ကျောက်စိမ်းနှင့် ရွှေထွက်သည့် ဥရုချောင်းရိုးတစ်လျှောက် ရှိရှိသားသားနှင့် ကြီးစားပါက တစ်နေ့မဟုတ်တစ်နေ့ ချမ်းသာပါသည်။ မချမ်းသာရခြင်းမှာ မူးယစ်ဆေးဝါးသုံးစွဲ၍သော်လည်းကောင်း၊ အောင်း





www.burmeseclassic.com

www.burmeseclassic.com

ကစားလုပ်၍သော်လည်းကောင်း၊ သို့မဟုတ် သောက်စားမူးယစ်ပြီး ပျင်းရိနေ၍သာဖြစ်မည်။ ချမ်းသာပြီးလျှင်လည်း ပျက်စီးစရာ အကြောင်းများစွာရှိသည်။ သို့ဖြစ်၍ ကျောက်စိမ်းတွင်းဒေသ ဥရုချောင်းရိုးတစ်လျှောက် လူများသည် ဒေသခံနှင့် ဒေသခံမဟုတ်သူများပါ ဘဝအပြောင်းအလဲ မြန်ကြသည်။

ဦးပဉ္စင်းကြီးမှာလည်း ငယ်တုန်းက ပေပေတေတေ ပေါ့ပျက်ပျက်နေခဲ့၍ လူဘဝ၌ ဘာမှစုဆောင်းမိခဲ့ပုံ မရချေ။ စိတ်မြန်စိတ်ဆက်သည်ကတော့ ငယ်ကျင့် ကျန်နေပါသေးသည်။ ဆတ်ထီးကလေးမှာလည်း (၂) နှစ် (၃) နှစ်အတွင်း အရွယ်ရောက်လာတော့သည်။ အရွယ်ရောက်လာတော့ အားစမ်းချင်လာသည်။ ကျောင်းတိုင်များ၊ ကျောင်းဝင်းထရံများ ချိုနှင့် ထွေတတ်လာသည်။ ခွာနှင့် ခုတ်တတ်လာသည်။ ထိုအခါမျိုးတွင် ဦးပဉ္စင်းကြီးနဲ့ တွေ့တော့သည်။ ဦးပဉ္စင်းကြီးကလည်း တွေ့ရာနှင့် ရိုက်တတ်သည်။ ထို့ကြောင့် ဦးပဉ္စင်းကို သိပ်ကာပ်မခံ၊



တန်းတန်းသာနေသည်။ ကျွေးလျှင်တော့ စားသည်ပြီးလျှင် သွားတော့သည်။ အတိုက်အလျောက် အမှန်းစိတ်ဝင်နေပုံရသည်။ သက်တော်ငယ်သော်လည်း ငယ်ဖြူကျောင်း ထိုင်ဆရာတော်ကိုတော့ ခင်ပုံရသည်။ ခေါ်လျှင်လာသည်။ အစာကျွေးလျှင် မွတ်သီးမွတ်သပ်လုပ်တတ်သည်။ ဆတ်ထီးကလေးသည် ဆတ်ကြီးဖြစ်လာသည်။ သဘာဝအတိုင်း တောတောင်များ၌ ဆတ်မများနှင့် မပျော်ပါးရသဖြင့် စိတ်တိုင်းမကျကာ ကျောင်းတိုင်နှင့် ဝင်းထရံများ သစ်ပင်များကို လျှောက်ထွေနေတတ်သည်။

တစ်ညနေမှာတော့ ကျောင်းတိုင်ကို ထွေနေသဖြင့် ဦးပဉ္စင်းကြီးက ရိုက်လွှတ်သည်။ မကျေနပ်၍ လားမသိ နောက်တစ်ခါ လာထွေသည်။ ထပ်ရိုက်နိုင်းပါပြင်လျှင် တားသည်။ ညဦး ဦးပဉ္စင်းကြီးကျိန်းစမှာ ဒုန်းဒုန်းဒိုင်းဒိုင်း အသံကြားသဖြင့် လန့်နိုးလာပြီး ဆတ်ကို ဆင်းရိုက်ပြန်သည်။ ဒီတစ်ခါတော့ ခပ်နာနာနှင့် ခပ်များများကို ရိုက်လွှတ်





www.burmeseclassic.com

www.burmeseclassic.com

လိုက်သည်။ ယနေ့တစ်နေ့လုံး ရိုက်နေရသလို ဖြစ်နေသည်။ စိတ်တိုတိုနှင့် အားထည့်ရိုက်လိုက်သဖြင့် လူလည်း တော်တော်မောသွားသည်။ ဆိတ်လည်း တော်တော်နာသွားသည်။ ဦးပဥ္စင်းလည်း မောမောနှင့် ကျောင်းပေါ်တက်ပြီး ဆက်ကျိန်းပြန်သည်။

ညသန်းခေါင်ကျော် (၁) နာရီလောက်တွင် အပေါ့အပါးသွားရန် ထလာသည်။ လရောင်ဝိုးတဝါးအောက်မှာ ဓာတ်မီးထိုးပြီး ကျောင်းအောက်ဆင်းလာသည်။ အပေါ့သွားချင်သဖြင့် ဦးပဥ္စင်းကြီး ကုဋီသို့ ခပ်သွက်သွက် သွားနေသည်။ ကျောင်းအောက်၌ မှောင်ရိပ်ခိုပြီး ဆိတ်ထီးကြီးက ဦးပဥ္စင်းကြီးကို မမိုတ်မသုန်နှင့် ခပ်စိမ်းစိမ်းကြီး ကြည့်နေသည်ကို ဦးပဥ္စင်းကြီး သတိမထားမိလိုက်ပါ။ ဦးပဥ္စင်းကြီးကျောင်းနှင့် ကုဋီအလယ်လောက် အရောက်တွင် ဦးပဥ္စင်းကြီးမှန် သေချာသွား၍မသိ၊ ဆိတ်ကြီးသည် အနောက်ကနေပြေး၍ ဝှေ့လိုက်သည်။ ဦးပဥ္စင်းကြီးသည် မှောက်ရက်လဲကျသွားသည်။ စိတ်မကျေနပ်သည့်အလား ဆိတ်ကြီးသည် အနောက်ကနေပြေး၍ ဝှေ့လိုက်သည်။ ဦးပဥ္စင်းကြီးသည် မှောက်ရက်လဲကျသွားသည်။ စိတ်မကျေနပ်သည့်အလား ဆိတ်ကြီးသည် ဦးပဥ္စင်းကြီးအား ဓူးဖြင့် ဆက်၍ပေါက်နေပြန်သည်။

ဦးပဥ္စင်းကြီး အော်သံကြောင့် ဆရာတော်နှင့် ကိုရင်များ ပြေးဆင်းလာကြသောအခါ လဲနေသော ဦးပဥ္စင်းအား ဆိတ်ကြီးမှ ဓူးဖြင့်ပေါက်နေသည်ကို တွေ့ကြရသည်။ ဆိတ်ကြီးအား ခြောက်လှန့်မောင်းထုတ်လိုက်ပြီး သွေးအလူးလူးဖြစ်နေသော ဦးပဥ္စင်းကြီးအား ပွေ့ထူလိုက်သော ဦးပဥ္စင်းကြီးမှာ မျောမျောသာ ကျန်တော့သည်။ ကျောမှာလည်း ဆိတ်ချိုပေါက် ဝင်ထားသည်။ ကျောင်းပေါ်သို့ သယ်လာပြီး ရွာထဲရှိ ဂေါပကများကို သွားရောက်နိုးခါ အကြောင်းကြားကြသည်။ ဖားကန့်ဆေးရုံသို့ ကားဖြင့်ပို့ရန် စီစဉ်ကြသည်။ ဖားကန့်ဆေးရုံသို့ ပို့ရန် သယ်လာစဉ် လမ်းတစ်ဝက်၌ပင် ဦးပဥ္စင်းကြီး ပျံလွန်တော်မူသွားသဖြင့် ရွာသို့ပြန်လည် သယ်ဆောင်လာရသည်။



ဦးပဥ္စင်းကြီးသည် ဆိတ်ကြီးအား ဒေါသအလျောက် ရိုက်နှက်မိသည်။ ကြင်နာရမှန်းမသိ ဆိတ်ကြီးနာကျင်ခံစားရသည်ကို နားမလည်။ တိရစ္ဆာန်ဆိုတာ လူလုပ်လျှင်ခံရမည်ဟုများ အောင်းမေ့သလားမသိပေ။ ဆိတ်ကြီးကလည်း နာကျင်ခံစားရသောကြောင့် ဒေါသဖြစ်ကာ နာကြည်းလာပြီး အသေလုပ်ဖြစ်သည်။ လူဖြစ်ဖြစ် တိရစ္ဆာန်ဖြစ်ဖြစ် ဒေါသဖြစ်က အမှားဖြစ်မည်သာ။

(ဆိတ်ကြီးကိုလည်း ရေတွာန်းတပ်စခန်းမှ လာရောက် သိမ်းဆည်းသွားပါသည်)

**မောင်ဇင်သူ**

**(ကျောက်စိမ်းတွင်း)**



www.burmeseclassic.com

www.burmeseclassic.com



ဝိဇ္ဇာဆိုသည်မှာ

# ကိုယ်တွေ့ကြုံမှုယုံတတ်သူ

စေတော်ဝင်မောင်ကျော်ညွှန့်



www.burmeseclassic.com

www.burmeseclassic.com

ဘိုးမင်းခေါင် ပုပ္ပါးတောင်တွင် ပွင့်ထွန်းနေချိန်ဖြစ်သည်။

အရာရှိ အရာခံ သူဌေး သူကြွယ် လုပ်မြို့ ကြီးငယ်တို့ ဗိုင်းဗိုင်း လည် လာရောက် လှူဒါန်းပူဇော်နေကြ ပါသည်။

ဘိုးမင်းခေါင် တို့ကဲ့သို့ သာသနာပြုတန်ခိုးကြီး ပုဂ္ဂိုလ်ကြီးများကို (အထက် မဟိဒ္ဓိ ပုဂ္ဂိုလ်ကြီးများ) ဟု ခေါ်ကြောင်း သိခဲ့ရပါသည်။

အစိုးရစုံထောက်များ ဘိုးမင်းခေါင်၏ ပတ်ဝန်းကျင်၌ ထပ်ထပ်ကျန် ရှိနေကြသကဲ့သို့...

အမျိုးသမီးငယ်များကို ရှပ်ယှက်ခတ် ပွေပွေလီလီ ဖျက်ဆီးနေသည် ဟု ယူဆပြီး ဘိုးမင်းခေါင်အား သတ်ဖြတ်ရန် စောင့်စားနေသည့် တောခိုကွန်မြူနစ်တွေကလည်း ရှိနေကြသေး၏။

အဲဒီပရိသတ်၏ နောက်နားမှာတော့ အလံဖြူကွန်မြူနစ် ခရိုင်အဆင့် ဦးသန်းနှင့် မြို့နယ်အဆင့် ဦးမှိုင်းတို့ကို တွေ့ရမည် ဖြစ်ပါသည်။

သူတို့ကိုလည်း ဘိုးမင်းခေါင် တံတွေးတွေ ထွေးထားသော မုန့်ဖလုံ ကြီး တစ်ဖလုံ ချကျွေးထား၏။

ဦးမှိုင်းတစ်ယောက်မှာ သူ့ရှေ့က မုန့်ဖလုံကြီးကို မြင်လိုက်ရတော့ ထိန်းမနိုင် သိမ်းမရ စားလိုစိတ်တွေ ပေါ်ပေါက်နေပါသည်။ ဦးသန်းမှာ ခေတ်ပညာတတ်ဖြစ်နေ၍...

"မောင်မှိုင်း ... ဂျမ်း (ပိုး) မွှားတွေ ကူးလိမ့်မယ်။ မစားပါနဲ့ကွာ" ဟု အတန်တန် တားမြစ်သော်လည်း

"ဦးသန်းရယ်... ခန်းရောက်လို့ ကျွန်တော့်ကို ပေါ်လစ်ဗြူရိုမှာ မတင်ဘူးဆိုရင် စားပါရစေ" ထပ်တလဲလဲ ခွင့်တောင်းနေပါသည်။

"မင်း... ဒီလောက်မှ စားချင်နေရင်တော့ စားပါကွာ။ ငါကတော့ ဘယ်သူ့မှ မတိုင်ပါဘူး" ပြောကာမှ ဦးမှိုင်းမှာ ဖလုံကြီးတစ်ခုလုံး ပြောင်အောင် မုန့်တွေကို တစ်ထိုင်ထဲ အားရပါးရစားလိုက်ရုံမျှမက လမ်းစားရအောင် ခါးပိုက်ဆောင်ထဲ ထည့်ယူသွားပါတော့သည်။

သူတို့ ဌာနချုပ်သို့ ရောက်သောအခါ ဦးမှိုင်းတစ်ယောက် အကြားအမြင် တွေ့ရပြီး ဟောပြောနေနိုင်ပြီဟု ဦးသန်းက ပြန်လည်ပြောခဲ့ပါသည်။

တစ်ညသောအခါမှာလည်း သူတို့ ၂ ဦး ဘိုးမင်းခေါင်ထံ ရောက်သွားကြပြီး ဦးမှိုင်းက...

"အဘိုးကြီး ရေနွေးကြမ်း သောက်ချင်တယ်။ ချမ်းလိုက်တာ နိုက်နိုက်ကိုတုန်လို့" ဟု ညည်းညူလိုက်ရာ ဘိုးမင်းခေါင်က...

ဒီအချိန်ကြီး ဘယ်ကလာပြီး ရေနွေးရမလဲကွ" ဟု ဆိုလိုက်၏။

ဦးမှိုင်းက "ဘာဖြစ်ဖြစ် အဘိုးကြီး ရေနွေးမသောက်ရရင် မပြန်ဘူး" ဟု အတင်းပူဆာနေသဖြင့် ဘိုးမင်းခေါင်က...

"ဟော့ကောင်... ဟိုနားက ကြေးဖလားကြီးနဲ့ ရေခပ်ယူလာပြီး ငါ့လက်ဝါးပေါ် တင်လိုက်"



www.burmeseclassic.com

www.burmeseclassic.com

နိုင်းသည့်အတိုင်း လှစ်လိုက်ရာ ချက်ချင်းပင် ရေခူပွက်လာသည်ကို တွေ့ကြရသည်။

"ကဲ… ဟိုခေါင်က ဘူးထဲမှာ လက်ဖက်ခြောက်ရှိတယ်။ သောက်ပြီး ပြန်ကြပေတော့ ဟုသာ ပြောပြောဆိုဆို လိုက်လျောခဲ့ရ ပြန်ပါတော့သတည်း။

တစ်ချိန်မှာတော့ ဦးမှိုင်းကို ဘိုးမင်းခေါင်က…

"ဟော့ကောင်ရေ… ငါထွက်တော့မယ်။ မင်းဓိတောင်ဝှေး (၃) ချောင်းကို ယူပေတော့" ဟု

ပြောပြောဆိုဆို သူ့ထံပစ်ပေး လိုက်ရာ အောက်သို့မကျဘဲ ပန်းဆိုင်းချွဲထားသကဲ့သို့ လေထဲမှာ ရပ်တည်နေတော့၏ ဦးမှိုင်းလက်နှင့် လှမ်း၍ ယူလိုက်တော့မှသာ သူ့တွင် တောင်ဝှေး (၃) ကို ရရှိခဲ့ရကြောင်း ပြောပြသွားမှု သိရပါတော့သတည်း။

စတော်ဝင် **မောင်ကုသလ**

Dear Marry
Online Shopping Myanmar
No (301/9) Padauk Street. Near Yuzana Plazar Mingalar Taung Nyunt
http://www.facebook.com/Dear Marry Myanmar
Contact-09 5136230/ 09 5036602/ 09 5172150



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

နှစ်ရှစ်ဝ လှုပ်ရှားရန်းကန်ရှင်သန်ရသည့် တစ်နေ့တာအစီအစဉ်အားဖြင့် နံနက်အစောအိပ်ရာမှထကာ မျက်နှာသစ်ပြီး ဘုရားစင်ရှေ့တွင် ထိုင်၍ဘုရားရှိခိုးဖြစ်သည်။ ၎င်းနောက် ဇနီးဖြစ်သူက ထုပ်ပေးထားသည့် ထမင်းထုပ်ကိုလွယ်အိပ်တွင် ထည့်လိုက်သည်။ တောင်ပေါ်သို့ သစ်ဝါးခုတ်သွားကြသူတိုင် ထမင်းကို ချိုင့်ဖြင့် မထုပ်ကြပါ။ အလုပ်ကြမ်းဗို့ ပိန်တာပေါက်တာ ပျက်စီးတာဖြစ်နိုင်သည်မို့ ငှက်ပျောဖက်နှင့် ပဲထမင်းထုပ်ကြပါသည်။ စားပြီးသည်နှင့် လွှင့်ပစ်ခဲ့ရုံပင် ပြန်သယ်စရာမလိုတော့ပါ။ တောင်တက်တောတို အလုပ်တွင်တင်းတင်းလုပ်ရှားနိုင်ဖို့ ရေနွေးကြမ်းနှင့် ထမင်းကိုဝမ်းဝအောင်ဖြည့်တင်လိုက်သည်။ ကိုယ်လိုရာအလုပ်ခွင်ရောက်အောင် ခြေလျင် ၃· ၀၀ နာရီလောက်လမ်းလျှောက်ကာ တောင်ပေါ်သို့ တက်ကြရပါသည်။

"ကိုအောင်သင်းရေ ဒီနေ့မသွားပဲ နားပါဦးလား မိုးရွာမယ်ထင်တယ်" ဇနီးဖြစ်သူက အထက်ကမိုးသား မိုးရိပ်တို့ကိုကြည့်ပြီး ပြောကြားသည်။ "မနားဘူးကွာသွားမယ် မိုးရွာလဲရွာပေါ့ သစ်ဝါးမခုတ်ပဲ တခြားအလုပ်လုပ်မယ်"

ပြောပြောဆိုဆိုဖြင့် ထမင်းထုပ်ထည့်ထားသည့် လွယ်အိပ်၊ ရေဗူး၊ ဓါးမတို့ကိုယူပြီး အိမ်မှထွက်ခဲ့တော့သည်။ သမုဒ္ဒရာ ဝမ်းတစ်ထွာဟု လူတစ်ဦးအတွက်တင်စားခိုင်း နိုင်းသောစကားပုံရှိသည်။ ကျွန်တော်အဖို့ သမုဒ္ဒရာကား နှစ်တောင် တစ်ထွာရှိနေလေပြီ။ မိသားစုစားဝတ်နေရေး လူမှုရေး ကျန်းမာရေး မင်းရေးစီးရေးနှင့် ကလေးနှစ်ဦးအတွက် ပညာသင်စရိတ်တို့ ခြုံငုံတွေးရင်း မှန်လျှောက်နေမိသည်။

"ဟိုးဟိုး ဖြေးဖြေးသွားပါဗျာ ဒီတောင်တန်းကြီးက ဘယ်ကိုမှရွေ့မသွားပါဘူး စောင့်ပါဦး"

ရွာနှင့် ခပ်လှမ်းလှမ်းအရောက်၊ မြောက်ဘက်ရွာကလာသည့် လုပ်ဖော်ကိုင်ဘက်ဖြစ်သူ ကိုမြကျော်ကလှမ်းအော်သည့် အသံကြောင့် ခြေလှမ်းရပ်၍ စောင့်လိုက်သည်။ သူတို့ကလေးယောက်၊ ကိုမြကျော် ကိုစိုးဝင်း ကိုမျိုးလှိုင်နှင့် ကိုတင်ဦးတို့ ဖြစ်ကြသည်။

"ဒီနေ့ အစီအစဉ်ပြောင်းပါမလား အထက်ကတော့ မဲလိပ်နေတာပဲ" ကိုမျိုးလှိုင်က အထက်သို့ လက်ညှိုးထိုးရင်းပြောသည်။

"ခေါင်းပေါ်မှာ အိုင်မပါဘူးဗျာ ကျွန်တော်ကတော့ အလုပ်ပျက်မခံဘူး သမုဒ္ဒရာ နှစ်တောင့်ထွာ အရေးနေပူတာ မိုးရွာတာရွေးလို့ မဖြစ်ဘူး" "ဒါတော့ဗျာ ဘယ်သူမပြုမိမိမှုတဲ့ လူ့ရွာခေတ္တ ဧည့်သွာစကားလေးရောက်လာတုန်း အသိတရားနဲ့ ဆင်ခြင်နေနိုင်မှ တန်ကာကျတာကို ခင်ဗျားက ကိုယ့်ဒုက္ခ ကိုယ်ရှာထားတာပဲ သည်းခံရှေ့ ဒကာသည်းခံရှေ့"

ကိုစိုးဝင်းက ကျွန်တော်၏ မေးခွန်းကို လှမ်း၍ကိုင်ရင်းပြောရာ ကျွန်တော်က သူ့အားခြေဖြင့် ခပ်ဆတ်ဆတ် ကန်လိုက်သည်။

"သည်းခံပါလို့ ဆိုနေမှပဲ"

"ဝါးဟားဟားဟား" လူငါးယောက်သားရယ်မောရင်း ဆက်လျှောက်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ကြသည်။ တစ်နာရီမျှလျှောက်သော တောင်ထက်သို့မတတ်မီ တောင်အောက်ခြေတွင် တစ်ထောက်နားရာ ရေတွက်တစ်ခုရှိသော ရုံးပင်အကြီးကြီးအောက်တွင် ခေတ္တအနားယူ ဖြစ်ကြပါသည်။ တောင်ပေါ်သို့တက်သော် ထိုရေတွက်မှ ရေကိုရေဗူးတွင်ထည့်၍ ယူကြမြဲဖြစ်ပါသည်။

သင်ထိုး၊ ဘုံကွင်း၊ တောစိုး၊ မင်းလယ်၊ နတ်မော်၊ လင်းဇင်း အစရှိသည့် ကျေးရွာများမှ နေ့စဉ်တောင်တက်သစ်ခုတ် ဝါးခုတ်သူအားလုံး ဒီနေရာမှာ မပျက်မကွက် ဆုံဖြစ်ကြပါသည်။ တောင်ပေါ်သို့ ရောက်သွားကြလျှင်တော့ တစ်ယောက်တစ်နေရာစီ ဖြစ်သွားကြတော့သည်။

"မိုးပြာမှုံ့ဝေ တိမ်မဲညိုနိုပ်တွေ ရွာပါစေ စောစောစီးစီးရွာပါစေ"

"မိုးရွာရင်တော့ ငနဲအကြိုက်ပဲ ဖို့"

ရေတွက်သစ်ပင်ရိပ်တွင် ကြာလေလှစုံလေဖြင့် စကားများပြောသံရယ်သံမောသံတို့က ဆူညံနေပါတော့သည်။ အခါတိုင်းဆို လှစုံလျှင်ရေဗူးကိုယ်စီ ရေတွက်မှ ရေဖြည့်ကာအပေါ်သို့ တန်းတက်ကြသည်။ ဒီနေ့တော့ မိုးအခြေအနေကို စောင့်ကြည့်နေရင်း မည်သူမျှအပေါ်မတက်ချင်ကြပဲ ဖြစ်နေသည်။ နာရီဝက်ခန့်ကြာသော် "ကဲကွာ ဒီနေ့မတက်တော့ဘူးပြန်တော့မယ်"



နတ်မော်ရွာသားတစ်ဦးက ပြောရာ။

"သူများပြန်လို့မှ ကိုယ်မပြန်ငကဲ လူညံ့ဖြစ်ရောမည် လာကွာပြန်မယ်" ဟု အနောက်ဘက်ဘုံတွင် ရွာသားကို ကံမြင့်ကပြောရင်းမှ တည်ပြန်လေသည်။

မိုးကလည်းစ၍ ရွာလာနေပေပြီး တစ်စတစ်စပြန်သွားသူကများပြီး နှစ်ယောက်တည်းသာ ကျန်တော့သော အခါ နေ့စဉ်အတွဲညီသည့် ကိုမြကျော်က ကျွန်တော့်အား ကြည့်ပြီး မေးငေါ့ပြပါသည်။ ပြန်ဖို့အရိပ်အခြေပြခြင်းပင်။

"မပြန်ဘူးဗျာ။ အပေါ်ကိုတက်မယ် ကိုယ့်မိသားစုအကြောင်း ကိုယ်ပဲသိတယ်"

"ကိုယ်လူကလည်း အခုပဲမိုးကရွာနေပြီလေ အပေါ်ကိုတက်တော့ ရောဘာလုပ်လို့ရမှာတုန်း လာပါပြန်ကြစို့"

ဟု ဆိုပြီးထ၍ ပြန်လေပြီ။ ကျွန်တော်တစ်ယောက်ပဲ ကျန်ပါတော့သည်။ ကိုမြကျော်က ခပ်လှမ်းလှမ်း



www.burmeseclassic.com

www.burmeseclassic.com

အရောက်တွင် နောက်ပြန်လှည့်ကြည့်ပြီး ပြန်ဖို့ခေါ်ပြန်သည်။ ကျွန်တော်မလှုပ်မိ။ ကျွန်တော်၏ မြင်ကွင်းမှ ကိုမြကျော် ပျောက်သွားသောအခါမှ အပေါ်တက်ရန် ပြင်လိုက်သည်။ ဒီနေ့ရေခပ်သွားစရာမလို ပြီ မိုးတွေရွာနေသည်ကို။ ထို့ကြောင့်ရေ ဖူးတွင် ရေမဖြည့်တော့ပဲ တောင်ပေါ်သို့ တန်းတက်ခဲ့တော့သည်။

တစ်ယောက်ထဲမို့ ခြောက်ကပ် ကပ် မဟုတ်ပါပဲ မိုးရေများစိုရွှဲစွာဖြင့် မျက်ရိုင်းတောကို တို့ဝှေ့တက်ခဲ့သည်။ အပေါ်ကမိုးရေကာ၍ မျက်ရိုင်းတောထဲတိုး ရလို့ မြက်ပင်မှရေတို့လည်း အဝတ်တွေ စိုရွှဲလျက်ဖြင့်။ သစ်တော၊ ဝါးတောထဲမှာ မိုးပေါက်များ ကျသံတစ်ဝေါဝေါမည်သံ တို့က ကြီးစိုးနေပါသည်။ ဤတောင်ရိုး ကြီးပေါ်တွင် အရှေ့အနောက် ၁၂ မိုင် ခန့်၊ တောင်မြောက် ၁၀ မိုင်ခန့် အတွင်း၌ လူနေကျေးရွာမရှိပါချေ။ သိမ် ငယ်တတ်သူများဆိုလျှင် အဖော်မပါ လျှင် နောက်သို့သာပြန်ကြမှာ ဖြစ် သည်။ ကျွန်တော်အဖို့ ကိုယ့်အကြောင်း နှင့်ကိုယ်ရို့ မိုးများ တစ်စတစ်စ သည်းထန်စွာ ရွာလာနေသည်ဖြစ် သော်လည်း တစ်ယောက်တည်းမှန်မှန် လှမ်း၍ တက်ဖြစ်ခဲ့သည်။

အိမ်မှာ ဖိမ်ခံအနားယူဖို့စိတ် မရောက်နိုင်ပါ။ ဆတ်ကျတောင်ကြီး၏ အရှေ့ဘက်ရောက်သော လမ်းခုံလမ်း ကြောင်းသုံးခု ရှိပါသည်။ မြောက်ဘက် လမ်းလိုက်လျှင် ကျောက်မဲချောင်သို့ ရောက်မည်။ အရှေ့တည့်တည့်သို့သွား လျှင် ဘော်တွင်းနှင့်အင်ကြင်းတောသို့ ရောက်မည်ဖြစ်ပြီး တောင်ဘက်သို့သွား လျှင် မန်ကျည်းချောင်ဘက်သို့ ရောက် မည်။ ခေတ္တရပ်လျက် စဉ်းစားကာ မန် ကျည်းချောင်ဆီသို့ ခြေဦးတည်၍ လျှောက်ခဲ့တော့သည်။ ဤလမ်းကို ရွေးရခြင်းအကြောင်းမှာ အကယ်၍ မိုး က လုံးဝမရပ်နားဘဲ ရွာနေသည်ရှိ သော် သစ်ဝါးမခုတ်ဘဲ အခြားအလုပ်ကို လုပ်၍ ရနိုင်သောကြောင့် ဖြစ်သည်။ သို့ဖြင့် တောင်တက်လမ်းတွင် တစ်ယောက်တည်း နှစ်နာရီခန့်လျှောက် မိသော်လည်း အလုပ်ခွင်သို့မရောက်သေး ချေ။ အမြင့်သို့ရောက်လေလေ တောက နက်လာလေဖြစ်သည်။ ချောင်းအစပ်နား ရောက်သော် ခေတ္တရပ်လျက် ဝန်းကျင်




www.burmeseclassic.com

www.burmeseclassic.com

ကို မျက်စိကစားမိသည်။ ချောင်းငယ်၏ အရှေ့ဘက် တောင်စောင်းတစ်နေရာ တွင် ပင်လုံးညွတ်မျှသီးနေသော ဇီးဖြူ ပင်သုံးပင်ကို မြင်လိုက်ရ၍ ရှေ့သို့မသွား တော့ဘဲ ဇီးဖြူသီးဆွတ်ပြီးပြန်ရန် ဆုံး ဖြတ်လိုက်သည်။ မိုးတွေ သည်းမည်းစွာ ရွာနေတုန်း သစ်ပင်ခုတ်လျှင် လူအတွက် အန္တရာယ်ဖြစ်နိုင်သည်။ သို့ဖြင့် ရေစီး ချောင်းငယ်ကို ဖြတ်ကူးပြီး ဇီးဖြူပင်ရှိရာ သို့ တက်လာခဲ့တော့သည်။ ဇီးဖြူပင်မှာ နိမ့်နိမ့်လေးမို့ အပေါ်တက်ဆွတ်စရာ မလိုပဲ အောက်ကပင်မတ် တက်ရပ်လျက် အကိုင်းနိမ်ပြီး ဆွတ်ယူလိုက်သည်။ မိုး ရွာချင်သလောက် ရွာစိတ်ချမ်းသာ ပါ တယ်။ အကိုင်းနိမ်၍ ဆွတ်ယူနေရာမှ ဝါးလုံးဖြင့် အကိုင်းကိုရိုက်ချပြီးမှ အကြွေ များကို အသားကြုံးယူလျှင်ပို၍ မြန်နိုင် သည်ကြောင့် အနီးဝန်းကျင် မျက်စိကစား လိုက်သည်။ ဝါးခြောက်တစ်လုံးတွေ့၍ ဆွဲယူပြီး ဇီးဖြူပင်အကိုင်းအား ခတ်ပြင်း ပြင်းရိုက်ချလိုက်သည်။

"ဖြော ဖြော ဖြုတ်ဖြုတ်" "ပဲ ဝရုန်းရုန်း ဝုန်းဝုန်း" ဇီးဖြူ ကိုင်းကို ဝါးလုံးနှင့် ရိုက်လိုက်သော အသံ အသီးများ ကြွေကျသံတို့နှင့် တစ်ဆက်တည်း ချေတစ်ကောင်၏ ထိတ်လန့်တကြား အော်ဂစ်ထွက်ပြေး သွားသော အသံများကြောင့် ဝါးလုံးကို ကိုင်ထားလျက် မှင်တက်မိကာ ခေတ္တ ထိတ်လန့်သွားမိသည်။ ချေငယ်ထွက်ပြေး သွားသည့် အသံပျောက်သွားမှ သက်ပြင်း



ချမိတော့သည်။

ကောင်းကင်ကကျလာသည့် မိုးသံတဝေါဝေါရယ်၊ သစ်ပင်ဝါးပင်များ ပေါ်ကျသည့် အသံရယ်ကြောင့် ကျွန် တော့်ထက် ဦးစွာဇီးဖြူပင်ကို ရောက်နှင့် နေသောချေငယ်မှာ ကျွန်တော်ရောက် လာခြင်းကို အစကသိဟန်မတူပါ။ ကျွန် တော်ကဝါးလုံးဖြင့် အကိုင်းကိုရိုက်လိုက် မှာ မြန်းစားကြီးထိတ်လန့်ကြောက်ရွံ့စွာ ထွက်ပြေးသွားခြင်း ဖြစ်ပါသည်။ ကျွန် တော်ဆက်လက်လှုပ်ရှားကာ အသီးများ ကိုနိုင်သလောက် ကောက်ယူပြီးမှ အိတ် တွင် ထည့်ထမ်းလျက် တက်လာရာလမ်း အတိုင်း ပြန်ဆင်းကာ အိမ်သို့ပြန်လာပါ တော့သည်။

အော်စားဝတ်နေရေး စားဝတ် နေရေး ချေငယ်ဝမ်းမှာ ဘယ်နှစ်ထွာရှိ မည် ကျွန်တော်မသိပါ။ ကျွန်တော်အဖို့ တော့ သမုဒ္ဒရာနှစ်တောင့်ထွာ နားရက် မရပါကလား။

**အေးခွင့်ပန်(ဒေါင်ထုံး)**





www.burmeseclassic.com

www.burmeseclassic.com



ထောင်ချောက်

## မင်းဒေသ

# အရှုတ္တဂေါ အကြားမှဲ



www.burmeseclassic.com

www.burmeseclassic.com

ဂျင်က ဝင်လေထွက်လေကို အာရုံပြုပြီး မှတ်သားနေတယ်။ သည့်လို မှမလုပ်ရင် သူ့အသက်ရှုရပ်ပြီး ကိစ္စ ချောသွားနိုင်တယ်။ အရင်တုန်းက သူ့ အခုလို တစ်ခါမှ မလုပ်ခဲ့ဖူးဘူး။ သူ့ဘဝ တစ်ခုလုံးနဲ့ ပတ်သက်ခဲ့သမျှသူတွေက သူ့ကိုထောင်ကျအောင် လုပ်ခဲ့ကြတဲ့ အတွက် သူက ထောင်နန်းစံခဲ့ရပြီးပြီ။ ဒီနေ့တော့ အရာရာအားလုံးဟာ ကွဲပြား ခြားနားနေတယ်။ မကြာမီပဲ သူ့လူတွေနဲ့ ဂျင်က ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းတော့ မှာပါ။ သူ့မျက်နှာချင်းဆိုင်ပြီး ရင်ဆိုင်ဖြေ ရှင်းမယ့်သူကတော့ သူ့ဘဝတစ်ခုလုံးကို လိမ်လည်လှည့်စားခဲ့ပြီး သူ့ကိုထောင်ကျ အောင် လုပ်ခဲ့တဲ့သူပါ။ လွန်ခဲ့တဲ့ နှစ် ဆယ့်သုံးနှစ်လောက်က သူ့ကို ပြစ်မှုကျူး လွန်သူလို့ စွပ်စွဲခံရအောင် အကွက်ကျ ကျ ဖန်တီးခဲ့တဲ့သူဆိုရင်လည်း မဟုတ်ပါ ဘူး။

ဂျင်က အခထဲနဲ့အပြင်ကို သေ ချာ ဂရုတစိုက်စောင့်ကြည့်ရင်း အိမ်အ ပြင်ဘက်မှာရှိတဲ့ မီးလုံးလေးရဲ့ ထိုးကျနေ တဲ့ မီးအရောင်လေးကို ရှောင်တိမ်းလိုက် တယ်။ လက်ထဲမှာ ကိုင်ထားတဲ့သေနတ် ကို မြဲမြဲကိုင်ထားတာကနေ ခပ်ပေါ့ပေါ့ လေးဖြစ်သွားအောင် လက်ကလေးကို အသာအယာ ကစားပေးလိုက်တယ်။ နောက်ကို အနည်းငယ်ဆုတ်တယ်။ ပစ် မှတ်ကိုချိန်ထားတဲ့သေနတ်ကို အကြာ ကြီးမြဲအောင် ကိုင်ထားရတဲ့အတွက် သူ့ ရဲ့လက်မောင်း ကြွက်သားတွေက တင်း မာနေတယ်။ ဂျင်က အမှောင်ထဲကနေ လှုပ်ရှားမှုကို စတင်ဆောင်ရွက်ဖို့ ဆုံး ဖြတ်လိုက်တယ်။ အိမ်ထဲမှ ထွက်လာတဲ့ အသံတွေဟာ တိုးသွားမှန်းသိလိုက်ရချိန် မှာ လှမ်းတော့မယ့်ခြေလှမ်းကို တုံ့ခနဲ ရပ်လိုက်ရင်း ဂျင်ကသတိလေးနဲ့စောင့် ကြည့်နေလိုက်တယ်။ တစ်ချိန်တည်းမှာ ပဲ ခြေလှမ်းသံတွေကို ခပ်သဲ့သဲ့ကြားလိုက် တယ်။ အမျိုးသမီးနှစ်ယောက် တိုးလျှတဲ့ အသံတွေနဲ့အတူ သတိမဲ့စွာ လျှောက် လှမ်းလာတဲ့ သူတို့ရဲ့ ခြေသံတွေကို သူ ကကြားနေရတယ်။ တံခါးဖွင့်ပြီး သူတို့ ထွက်လာတော့ . . .

"ကောသီက အဲဒီကိစ္စနဲ့ ပတ် သက်ပြီး ပြီးအောင်လုပ်မှာ မဟုတ်ဘူးလို့ ငါပြောခဲ့တယ်"

"သူ လုပ်မယ်လို့ ပြောတယ် လေ၊ အမေ"

"အဲဒီကလေးမက ဘယ်တော့ မှ စိတ်မချရဘူး။ စောစောပြီးရမယ့်ကိစ္စ ကို အခုထိပြီးပြတ်အောင် လုပ်မထားဘူး လေ။ တို့တွေအချိန်ဖြုန်းနေသလို ဖြစ် နေတယ်"

အမျိုးသမီးနှစ်ယောက်က စကားပြောရင်း လှေကားအတိုင်းဆင်း လာတယ်။ ပြီးတော့ ခြံဝင်းရဲ့ လျှောက် လမ်းအတိုင်း လျှောက်သွားကြတယ်။

"နင် သူ့ကိုဘာကြောင့် ခိုင်း တယ်ဆိုတာ ငါနားမလည်နိုင်တာ အမှန်"

"သူက ကျွန်မရဲ့ အချစ်ဆုံး သူငယ်ချင်းလေ၊ ကျွန်မတို့က အမြဲတန်း တွဲသွားတွဲလာနဲ့ အတူတူလက်တွဲအလုပ် လုပ်ခဲ့ဘူးတယ်"

"ပြီးတော့ အမြဲတမ်းနောက်


www.burmeseclassic.com

www.burmeseclassic.com

ကျခဲ့ဘူးတယ်။ အခိုးဝါးခံရမှတ်တွေလည်းရခဲ့တယ်။ အဲဒါလည်း ထည့်ပြောလေ”

အပြန်အလှန်ပြောဆိုနေကြတဲ့ အမျိုးသမီးနှစ်ယောက်က အနီရောင်ကားတစ်စီးပေါ်ကိုတက်ပြီး မောင်းနှင်ထွက်ခွာသွားတယ်။ ညမှာဆိုတော့ ခလုပ်လုပ်ကို ရောက်သွားသည့်တိုင်ကာရဲ့အသံကို ကြားနေရခဲ့။ ဂျင်ကမာရှယ်မှာ သမီးတစ်ယောက်ရှိတယ်ဆိုတာ သိတယ်။ နောက်ထပ်သားသမီးတွေ ထွန်းကားခဲ့တယ်။ မထွန်းကားခဲ့ဘူးဆိုတာကိုတော့ မာရှယ်ကတစ်ယောက်တည်း အိမ်ထဲမှာ ရှိနေမယ်လို့ သူကတွေးမိလိုက်တယ်။ အမျိုးသမီးနှစ်ယောက်ထဲမှာ တစ်ယောက်က မာရှယ်ရဲ့မိန်းမ၊ နောက်တစ်ယောက်က သူ့သမီးပဲဖြစ်မယ်လို့ပဲ ဂျင်ကတွေးမိထားတယ်။ ဘာပဲဖြစ်ဖြစ် အထဲဝင်လို့ကောင်းမယ့် အချိန်ပါပဲ။ အသက်ကိုအောင့်ပြီး ခြေလှမ်းသွက်သွက်ကလေးနဲ့ အိမ်မကြီးပေါ်သို့ တက်သွားတယ်။ တံခါးကိုခြေထောက်နဲ့ ပိတ်ကန်လိုက်ပြီး ဖွင့်လိုက်တယ်။

“အဖေ . . . အဖေ . . . အဖေ”

တစ်ဘက်က အခန်းတံခါးဝမှာ ရပ်နေတဲ့ ကောင်လေးတစ်ယောက်ရဲ့ အော်သံ။ ဂျင်ကလှည့်ကြည့်လိုက်တော့ ကောင်းလေးက လက်ထဲမှာရေခွက်တစ်ခွက်ကိုင်ထားတာ တွေ့ရတယ်။ သေနတ်ကိုင်ထားတဲ့ ဂျင်ကို ကောင်လေးကမြင်တော့ ကြောက်ဒူးတုန်ပြီး လက်ထဲက ဖန်ခွက်ကအောက်ကို ကျကွဲသွားတယ်။ ကြမ်းပြင်ပေါ်မှာ ဖန်ခွက်ကွဲကျသွားသံကို ကြားတော့ ကောင်လေးရပ်နေတဲ့ အခန်းဘေးက မာရှယ်ရဲ့အခန်းကနေ မာရှယ်က “ဘာလဲကွ” လို့ အသံပေးရင်းထွက်လာတယ်။ အခန်းအပြင်ရောက်တော့ သူက ဇဝေဇဝါဖြစ်ပြီး ဂျင်ကသေနတ်နဲ့ချိန်ထားတယ်ဆိုတာ သိလိုက်တော့မှ “စိတ်မျက်စရာတွေ လုပ်နေပြီကွာ” လို့ ပြောရင်း လက်မြှောက်လိုက်တယ်။

ဂျင်က မာရှယ်နဲ့ ကောင်လေးကို

“လုံးဝ အသံမထွက်နဲ့” လို့ အော်ပေါက်ပြီးမှ မာရှယ်ရဲ့ နဖူးတည့်တည့်ကို သေနတ်နဲ့ ချိန်ရွယ်လိုက်တယ်။ ဂျင်က သူ့နောက်မှာဖွင့်ထားတဲ့ တံခါးကိုခြေထောက်နဲ့ နောက်ကန်ပိတ်လိုက်ရင်း

“ကောင်လေးနဲ့ ပတ်သက်ပြီးတော့ ငါမသိဘူး” လို့ မာရှယ်ကို လှမ်းပြောတယ်။





www.burmeseclassic.com

www.burmeseclassic.com

သူတို့သုံးယောက်လုံး ခေတ္တ ငြိမ်သွားကြတယ်။ ကောင်လေးကတော့ ကြောက်ရွံ့တုန်နေတယ်။

မာရှယ်က

"ဂျင် မင်း ဘယ်နေက လွတ်လာတာလဲ" လို့ မေးတယ်။

မာရှယ်ရဲ့အမေးကြောင့် တိတ်ဆိတ်ငြိမ်သက်မှုက ပြိုကွဲပျက်စီးသွားတယ်။ ဂျင်က ခပ်ပြင်းပြင်းပဲ အသက်ရှူထုတ်လုပ်လိုက်ပြီး မာရှယ်ကို စိတ်လှုပ်ရှားမှုအပြည့်နဲ့ မျက်မှောင်ကြုတ်ကြည့်နေတယ်။ နောက်ဆက်တွဲ ဘာတွေဆက်ဖြစ်လာတော့မယ်ဆိုတာ မသိတဲ့ဂျင်က စိတ်မထိန်းနိုင်လောက်အောင် ဒေါသထွက်နေတယ်။ သူ့ရဲ့စိတ်ထဲမှာ ဒေါသကြောင့် လောင်မြိုက်နေတယ်။



"မင်းနဲ့ ကိစ္စရှင်းဖို့ ငါရောက်လာတာ မာရှယ်။ မင်းငါ့ဘဝကို ဖျက်စီးခဲ့တယ်။ မင်းငါ့ကိုလိမ်ညာခဲ့တယ်။ ပြီးတော့ . . . မင်းကြောင့် လူတစ်ယောက်သေခဲ့ရတယ်။ အဲဒီအတွက် ငါမင်းဆီကို ရောက်လာတာ"

"ဂျင် မင်းတော့ မှားတော့မယ်။ ငါ ဘာမှမလုပ်ခဲ့ဘူး။ မင်းထင်တာတွေ မှားနေပြီ"

မာရှယ်က ဂျင်ကိုနားလည်အောင်ရှင်းပြဖို့ ကြိုးစားပေးမဲ့ ဂျင်က လက်မခံနိုင်လောက်အောင် ဒေါသထွက်နေတာဆိုတော့ မာရှယ်ကို အော်ငေါက်လိုက်တယ်။

"ငါ မမှားဘူးကွ။ မင်းငါ့ကို ဒုက္ခပေးခဲ့တာ ငါဘာလို့မေ့ရမှာလဲ။ မင်းကြောင့် ဇတ်တိသေခဲ့ရတယ်။ မင်းဘာငြင်းချင်သေးလဲ။ မင်းကြောင့် . . . အားလုံးဒုက္ခရောက်ခဲ့ကြတာ။ မင်းကိုငါသတ်မယ်"

မာရှယ်က တစ်ကိုယ်လုံးဇော ချွေးပြန်နေတယ်။ လက်နှစ်ဖက်မြောက်ရင်းမတ်တက်ရပ်နေရတာ ဆိုတော့ ခြေထောက်ကြွက်သားတွေလည်း တောင့်နေပြီ။ သူ့နဖူးတည့်တည့်ကို ချိန်ရွယ်ထားတဲ့ သေနတ်ကိုပဲ သူက အာရုံစိုက်နေရတယ်။

"ဂျင် . . . ကောင်လေးကိုတော့ မပစ်လိုက်ပါနဲ့ကွာ။ သူ့ကိုတော့ သွားခွင့်ပြုလိုက်ပါ။ သူနဲ့ ဘာမှမဆိုင်ဘူး။ ကျွဲနှစ်ကောင်ခတ်လို့ မြေစာပင်နစ်နာတာတော့ အဖြစ်မခံနိုင်ဘူးကွာ"

မာရှယ်က အသံတုန်တုန်ယင်ယင်နဲ့ ပြောတယ်။

ဂျင်က တစ်ခုခုပြောမယ် ရည်ရွယ်လိုက်ပေမဲ့ စကားလုံးက ထွက်မလာဘူး။ သူ့အတွက် ငဲ့စားစရာဖြစ်ခဲ့တာ





www.burmeseclassic.com

www.burmeseclassic.com

ဆိုတော့ ဂျင်က အနည်းငယ်စိတ်ရှုပ်ထွေးသွားတယ်။ သူက စိတ်ကိုစုစည်းပြီးတော့မှ အခန်းရဲ့အလယ်မှာ နေရာယူလိုက်တယ်။ ပြီးတော့ ကောင်လေးနဲ့မာရှယ်ကို သေချာဂရုစိုက် စူးစိုက်ကြည့်ရင်းမာရှယ်ကို လှမ်းပြောတယ်။

"စတိတ် သေခဲ့သလို မင်းလည်းသေရမှာ"

"စတိတ် သေခဲ့တာ သူ့အမှားနဲ့သူမို့လေ"

မာရှယ်က ဖြေရှင်းချက်ပေးတယ်။

"စတိတ်သေခဲ့တာ သူ့အမှားနဲ့သူမို့ သေခဲ့တာမှန်ခဲ့ရင် လွန်ခဲ့တဲ့ နှစ်ဆယ့်သုံးနှစ်က မင်းငါ့ကိုဘာလို့မပြောခဲ့လဲ။ ဘာကြောင့် အဲဒီတုန်းက မရှင်းပြခဲ့တာလဲ"

"ဂျင် . . . ငါ အဲဒီတုန်းက"

"မင်းကိုယ်တိုင် လွတ်ငြိမ်းချမ်းသာဖို့ ကြိုးစားခဲ့တယ်လို့ ပြောလိုက်ကွာ။ မင်းဝန်ခံလိုက်စမ်းပါ။ ဘာလို့ ကြောက်နေရတာလဲ"

"ကောင်းပြီ . . . အမှန်အတိုင်းပြောရရင် ငါတောင်ထဲ မဝင်ချင်ခဲ့ဘူး။ ဒါပေမဲ့ ငါ . . ."

"ရပြီ မာရှယ်။ ဒီလောက်ဆိုရင် ငါသဘောပေါက်ပြီ။ ဒီတော့ မင်းသေရတော့မယ် ဆိုတာကိုသာ သဘောပေါက်လိုက်တော့"

"ဂျင် . . . ဂျင် . . .။ ငါပြောတာ ဆုံးအောင်နားထောင်ပါဦးကွာ။ ငါ့သားကိုတော့ ကျေးဇူးပြုပြီး လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်ပါ"

"မပူပါနဲ့။ မင်းသေတာကိုတော့ သူမြင်ခွင့်ရမှာပါ"

ကောင်လေးက အခြေအနေကို ကြည့်ရင်း ကြောက်ရွံ့တုန်လှုပ်နေမိတယ်။ အခန်းနံရံဘက်ကိုကပ်ပြီး သူ့အဖေနဲ့ ဂျင်တို့ ငြင်းခုံနေကြတာကိုမြင်တော့ စိတ်လှုပ်ရှားနေတယ်။ ဘောင်းဘီတစ်ခုလုံးလည်း ကြောက်သေးပန်းလို့ ရွှဲနေပြီ။

"ဦးလေး။ ကျွန်တော့်အဖေကို အသက်ပါနဲ့"

ကောင်လေးက ဂျင်ကို ငိုပြီး တောင်းပန်ပြောဆိုနေရှာတယ်။

ဒါပေမဲ့ . . အိမ်အပြင်ဘက်က ကားတစ်စီး ဝင်လာနေတဲ့အသံကို ကြားရတော့ ဂျင်က အိမ်တံခါးဘက်ကို သေနတ်နဲ့ ချိန်ရွယ်ထားလိုက်တယ်။ အိမ်အပြင်ဘက် တံစက်မိတ်အောက်မှာ ခြေသံလေးတွေကို ခပ်သဲ့သဲ့ကြားရတဲ့ အချိန်မှာတော့ ဂျင်ကသေနတ်ကို တင်းတင်းဆုပ်ကိုင်ထားရင်း မာရှယ်ကိုတစ်ချက်လှည့်ကြည့်လိုက်၊ တံခါးဘက်ကိုတချက်လှည့်ကြည့်လိုက်နဲ့ အာရုံတွေရှုပ်ထွေးနေတယ်။ အခြေအနေက ရုတ်တရက်ပြောင်းလဲသွားတာဆိုတော့ သူက ဂရုစိုက်ရတာပေါ့။

တံခါးကိုဖွင့်ပြီး ဝင်လာတဲ့ အမျိုးသမီးက အခြေအနေကိုမြင်တွေ့ရတော့ "မာရှယ် . . . ဘာတွေဖြစ်နေတာလဲ" လို့ မေးတုန်းရှိသေး ဂျင်က အမျိုးသမီးရဲ့ဘေးက တံခါးဘောင်ကို "ဒိုင်း" ခနဲ သေနတ်နဲ့ ပစ်ထည့်လိုက်တယ်။ အမျိုးသမီးက "ဒိုင်း" ခနဲ ထွက်ပေါ်လာ





www.burmeseclassic.com

www.burmeseclassic.com

တဲ့ ပေါက်ကွဲသံကိုကြားပြီး အလန့် တကြားအော်တယ်။ အခန်းတံခါးအပြင် ဘက်မှာ ရပ်စောင့်နေတဲ့ အမျိုးသမီးတစ် ယောက်ကတော့ လွတ်ကင်းရာအရပ်ကို ကြောက်ကြောက်ရွံ့ရွံ့နဲ့ ပြေးထွက်သွား တယ်။

“ကယ်ကြပါဦးရှင်...ကယ် ကြပါဦး”

အမျိုးသမီးရဲ့ အော်ဟစ်ကူညီ တောင်းဆိုသံက သေနတ်ဖောက်သံထွက် ပြီးနောက် ဖြစ်ပေါ်လာတဲ့ နောက်ဆက် တွဲ စိတ်ခြောက်ခြားစရာအသံ တစ်ခုပါ ပဲ။

ဂျင်က အခန်းထဲက အမျိုး သမီးကို သေနတ်နဲ့ချိန်ရွယ်ထားပြီး

“သွားစမ်း။ ဟိုအနားကို သွား စမ်း” လို့ အမိန့်ပေးပြီးခိုင်းတယ်။

ကြောက်ရွံ့ တုန်လှုပ်နေတဲ့ အမျိုးသမီးက သူ့မယောကျ်ားနဲ့ သားရဲ့ ကြားမှာ လက်မြှောက်လျက်သွားတယ်။

“မာရှယ် ဘာတွေဖြစ်နေတာ လဲ။ ကျွန်မ ဘာမှမသိရပါလား” လို့ အမျိုးသမီးက ဒီရင်းမတ်တက်မေး တယ်။

“ဆူဆန် သူက ဂျင်လေ။ သူ နဲ့ငါက အလုပ်အတူတူလုပ်ခဲ့ကြတာ”

“ဟုတ်တယ်။ သူနဲ့ငါက အလုပ်အတူတူ တွဲလုပ်ခဲ့ဖူးတယ်။ ဒါ ပေမဲ့ နင့်ယောကျ်ားက လူတစ်ယောက် ကို သတ်ခဲ့တယ်”

“ဂျင်...ငါ မင်းကို ပြောခဲ့ တယ်။ စတီဗ်က”

“တော်စမ်း။ စတီဗ်သေတော့ ငါထောင်ထဲဝင်ခဲ့ရတာကွ။ စတီဗ်ကို ငါ မသတ်ဘဲ ငါ သတ်တယ်ဆိုပြီး စွပ် စွဲခံရအောင် မင်းလုပ်ခဲ့တာ။ မင်းက ငါ့ ကို ထောင်ချောက်ဆင်တုန်းက ဆင်ခဲ့ပြီး အခုမှ ဘာလို့ကိုယ်လွတ်ရုန်းချင်နေရတာ လဲ။ အခု မင်းမိန်းမနဲ့သား သေတာကို တစ်ဝကြီး မင်းကြည့်ရတော့မှာ”

ဂျင်က စကားဆုံးတော့ အား လုံးကို အမိန့်ပေးတယ်။

“အားလုံးဒူးထောက်ကြစမ်း။ လက်တွေကို မြှောက်ထားကြ”

ဆူဆန်က အသံတုန်ယင်စွာနဲ့ ဂျင်ကို မေးတယ်။

“ရှင်က ကျွန်မတို့အားလုံးကို သတ်တော့မှာလား...ဂျင်”

လို့မေးတော့ ဂျင်က မျက်လုံး ပြူးဆံခက်နဲ့ ဇဝေဇဝါဖြစ်သွားတယ် အဖြစ်အပျက်တွေက စိတ်ကူးယဉ်မဟုတ် ဘူးဆိုတာကို ဂျင်က ချက်ချင်းသဘော ပေါက်လိုက်တယ်။

“ငါ... ငါ”

ဆိုပြီး ဂျင်က အထစ်ထစ်အ ငေါ့ငေါ့နဲ့ ဘာပြောလို့ပြောရမှန်းလဲ မသိ တော့ဘူး။ အစတုန်းက ဂျင်က အခန်းထဲ ကို ဖောက်ခွဲဝင်မယ်။ မာရှယ်ကိုပစ်သတ် ပြီးရင် ဘယ်သူ့ကိုမှ အန္တရာယ်မပြုဘဲ ထွက်ပြေးမယ်လို့ စဉ်းစားထားတာ။ အခု တော့ အဲသည်လိုဖြစ်မလာဘဲ အခြေ အနေက ပြောင်းလဲသွားတယ်။ အခု တော့ သူ့မှာ မာရှယ်အပြင် ဓားစာခံသုံး ယောက်ပါရှိနေပြီ။ သူက ကောင်လေးနဲ့ သူ့မိန်းမအပေါ်မှာ ဘာအာဃာတမှ မရှိ ဘူး။ သူကိုယ်တိုင်ကလည်း လူသတ်



www.burmeseclassic.com

www.burmeseclassic.com

သမားတစ်ယောက်မဟုတ်သလို တစ်ခါမှလည်း လူမသတ်ဘူးတဲ့သူ။ သူက ရှေ့ဆက်ပြီး ဘာလုပ်ရမယ်ဆိုတဲ့ အဖြေကို ရှာမရဖြစ်နေတယ်။

သူတို့အားလုံးက ဒူးထောက်ထိုင်နေတဲ့ အချိန်ကတည်းက သူကချင့်ချိန်စဉ်းစားနေတာ နာရီဝက်တောင် ကြာသွားတယ်။ အပြင်ဘက်မှာ အနီရောင်မီးအစက် အပြောက်လေးတွေကို မြင်ရတော့ အိမ်ရှေ့လမ်းပေါ်မှာ ရဲကားတွေရောက်ရှိနေမှန်း ဂျင်က သဘောပေါက်လိုက်တယ်။

အိမ်အပြင်က ရဲကားတွေဆီက အသံထွက်လာတယ်။

"ဟေ့ . . .တို့တွေ မင်းကို ဝိုင်းထားပြီးပြီ။ မင်းထွက်ခဲ့ပါ။ တို့တွေ ဆွေးနွေးကြရအောင်"

"ဂျင် နင် ငါတို့ကိုသတ်မှာလား" လို့ အခြေအနေကို သိချင်စိတ်နဲ့ ဆူဆန်က မေးတော့မှ ဂျင်က မာရှယ်ရဲ့ နဖူးကို သေနတ်နဲ့ထောက်လိုက်တယ်။ ပြီးတော့ ဆူဆန်ဘက်ကိုလှည့်ပြီး "မင်း





www.burmeseclassic.com

www.burmeseclassic.com

သွားတော့" လို့ ခပ်မာမာပဲ ပြောလိုက်တယ်။

"မာရှယ်ကိုရော" လို့ ဆူဆန်က အသနားခံမေးတော့ မာရှယ်က သူမိန်းမကိုကြည့်ပြီး "ဆူဆန်···မင်းသွားတော့။ ဒီက ထွက်သွားတော့" လို့ ပြောတယ်။

ဆူဆန်က ဒူးထောက်ရင်း ဂျင်ကို စူးစိုက်ကြည့်တယ်။

မာရှယ်က သည်းမခံနိုင်ပဲ ဆူဆန်ကို ထပ်အော်ပြန်တယ်။

"ဆူဆန် မင်းငါပြောတာနားထောင်။ မင်း ဒီက ထွက်သွားတော့"

ဆူဆန်က မတ်တပ်ထပြီး တံခါးဘက်ကို ပြေးသွားတယ်။ ဆူဆန်ထွက်သွားပြီးမှ ဂျင်က ကောင်လေးဘက်ကို လှည့်ပြီး "ကောင်လေး၊ မင်းလည်းသွားတော့" လို့ ပြောတယ်။ ကောင်လေးကလည်း မတ်တပ်ထပြီး ပြေးထွက်လာတယ်။

ကောင်လေးထွက်သွားပြီးမှ ဂျင်က မာရှယ်ကို မတ်တပ်ထခိုင်းပြီး နဖူးတည့်တည့်ကို သေချာချိန်ပြီး ပစ်တော့မယ်လုပ်တော့ မာရှယ်က "ဂျင်၊ ခဏနေပါဦး" လို့ တောင်းပန်တယ်။

ဒါပေမဲ့···ဂျင်က သေနတ်နဲ့ လေးချက်ပစ်ထည့်လိုက်တယ်။ မာရှယ် ကြမ်းပြင်ပေါ်ကို လဲကျသွားတယ်။ သူ့တစ်လုံးလည်း သွေးကွက်တွေနဲ့ •

ဂျင်က အခုတော့ ဆုံးဖြတ်ချက်တစ်ခု ချလိုက်ပြီးသွားပြီ။ နောက်ထပ် ဆုံးဖြတ်ချက်တစ်ခုအနေနဲ့ သူ့ရဲ့တွေကို ဇဝေဇဝါဖြစ်သွားနိုင်မယ့် လှုပ်ရှားမှုတစ်ခုကို လုပ်ဖို့ပဲ။ ဂျင်က ရှေ့ပေါက်တံခါးဘက်ကို ပြေးသွားပြီး လမ်းဘက်ကို သေနတ်နဲ့ တစ်ချက်ပစ်ဖောက်ပြီး လိုက်တယ်။

ပြီးတော့ ဆင်ဝင်အောက်ကို ဝင်ပုန်းတယ်။ အပြင်က သေနတ်ပစ်ဖောက်သံတွေကို တရစပ်သူကြားနေရတယ်။ ဆင်ဝင်အောက်မှာ ဝင်ပုန်းနေတဲ့ အချိန်မှာ သူက ရုတ်တရက် ခြေဖဝါးကနေ ဓူးခနဲနာကျဉ်သလို ခံစားလိုက်ရတယ်။ ပြီးတော့ သူ့ဝမ်းဗိုက်ကလဲ ဓူးခနဲ နာကျဉ်လာပြန်တယ်။ နာကျဉ်မှုဝေဒနာကြောင့် တစ်ကိုယ်လုံး အေးစက်လာပြီး လဲကျတော့မလို ဖြစ်တာနဲ့ ကိုယ်ဟန်ချက်ထိန်းတယ်။ ဒါပေမဲ့ ဆင်ဝင်အောက်မှာပဲ မှောက်လျက်အနေအထားနဲ့ လဲကျသွားတယ်။ သူထနိုင်ရင် အဆင်ပြေမယ်လို့ ထင်နေပေမယ့် သူကမထနိုင်ဘူး။ ဒီတော့ငိုပြီး အကူအညီတောင်းတယ်။







www.burmeseclassic.com

www.burmeseclassic.com

ကူညီပေးမယ့် လူလည်းမရှိတော့ သူက ညည်းညူနေရုံကလွဲလို့ ဘာမှမတတ်နိုင်ဘူး။ ခင်ဝင်အောက်မှာ အဆိပ်သင့်အကောင်တစ်ကောင် ကိုယ်လိုက်တယ်ဆိုတာကိုတော့ သူသိလိုက်တယ်။ ဒါပေမဲ့ နောက်ဆုံးတော့ သူက ကျည်ဆံတစ်တောင့်နဲ့ အဲဒီခင်ဝင်အောက်မှာပဲ ဝိညာဉ်ကိုချုပ်လိုက်ရတယ်။

အခင်းဖြစ်နေရာကို ရောက်လာတဲ့ စုံစမ်းရေးအရာရှိနှစ်ယောက်က ဂျင်ရဲ့ ရုပ်ကလာပ်ကို စစ်ဆေးကြတဲ့အခါ ပထမ စစ်ဆေးရေးမှူးက

"သူဘာကြောင့် အဲသည်လို လုပ်သွားတယ်ဆိုတာ ကျွပ်စဉ်းစားလို့မရဘူးဗျ" လို့ ဒုတိယ စစ်ဆေးရေးမှူးကို မေးတယ်။

ဒုတိယ စစ်ဆေးရေးမှူးက ပြောတယ်။

"လူတစ်ယောက်သတ်ဖူးတဲ့ သူက နောက်ထပ် လူတစ်ယောက်သတ်ဖို့ဆိုတာ ဝန်မလေးဘူးကွ။ လူတစ်ယောက်သတ်မိပြီဆိုတာနဲ့ သူဟာ အမြဲတန်း လူသတ်သမား စာရင်းဝင်သွားတာပဲ။ လွန်ခဲ့တဲ့ နှစ်ဆယ့်သုံးနှစ်က လူတစ်ယောက်သတ်ဖူးတဲ့သူက အခုလည်း လူတစ်ယောက်ကိုသတ်ဖို့ ဝန်လေးမှာ မဟုတ်ဘူး။ သူဘာကြောင့် သတ်သွားတယ်ဆိုတာကို မင်းလည်းဘယ်တော့မှ တွေးမိမှာ မဟုတ်ဘူး"

"ဟုတ်တယ်နော်။ ခင်ဗျားပြောတာမှန်တယ်။ လူသတ်သမားတွေက ကျိုးကြောင်းဆက်စပ် တွေးခေါ်နိုင်မှုတွေ မရှိကြဘူး။ အသိတရားကင်းမဲ့ကြတာများတယ်။ သူတို့ဘာကြောင့် သတ်ရတာလဲ ဆိုတဲ့ ခိုင်လုံတဲ့ အကြောင်းပြချက် မရှိသလောက်ပါပဲ။ ပြောရရင်တော့ မိုက်ရူးရဲဆန်ကြတဲ့ သဘောပါပဲ။ လူတစ်ယောက်ရဲ့ အတွင်းအဇ္ဈတ္တ မကောင်းတော့ဘူးဆိုရင် ဘယ်တော့မှလည်း အဲဒီလူက အကောင်းလုပ်မှာ မဟုတ်ဘူး။ သူကိုယ်တိုင်လည်း ကောင်းအောင်နေမှာ မဟုတ်သလို သူများအပေါ်မှာလည်း ဘယ်တော့မှကောင်းကျိုးပေးမှာ မဟုတ်ဘူး။ လူတစ်ယောက်က အတွင်းအဇ္ဈတ္တကောင်းဖို့ သိပ်လိုတယ်နော်" လို့ ပထမ စစ်ဆေးရေးမှူးက ပြောတယ်။

သူတို့နှစ်ယောက်ကတော့ အခုထိ ဂျင်ကိုဘယ်သူသတ်သွားတယ်ဆို တာကိုတော့ အဖြေမရသေးပါဘူး။ အဖြစ်ကတော့ သူတို့နှစ်ယောက်လုံးကို ဇဝေဇဝါ ဖြစ်နေစေပါတော့တယ်။

xxxxx

Kenneth L. Gilbbons ၏ Standoff ဝတ္ထုတိုကို ဆီလျော်အောင် ဘာသာပြန်ဆိုပါသည်။

**မင်းအသသ**





www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တွေ့ကြုံသူ

# ကဝိတည်သူ

စောရွှေမောင်(ငှက်ပျောတော)

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် အသက် ၆၀ အရွယ်အထိ တစ္ဆေသရဲရှိသည်ကို မယုံကြည်ပါ။ နီးစပ်ရာ ဆွေမျိုးအပေါင်း အသင်းများက သူတို့တွေ့ကြုံရသည် တစ္ဆေသရဲများအကြောင်း ပြောပြလျှင် အားနားပါးနာ နားထောင်လိုက်ပြီး သူတို့ ကွယ်ရာတွင် ပြုံးမိပါသည်။ သို့သော် ကျွန်တော် တကယ်လက်တွေ့ တစ္ဆေသရဲကို မြင်ရသောအခါ မယုံ၍မရတော့ပါ။ ကျွန်တော်တွင်မက ကျွန်တော်နှင့်အတူ ရှိနေသော သား (၂)ယောက် အလုပ်သမား (၂)ယောက်ပေါင်း (၅) ယောက် လက်တွေ့ဖြစ်ရသောကြောင့် ဖြစ်ပါသည်။

မြင်ရသည့်အချိန်ကလည်း ခဏလေး မဟုတ်ပါ ၅ မိနစ်ခန့် ကြာပါသည်။ ကျွန်တော်ကိုယ်တိုင် မကြောက်သည့်ပြင် သရဲနှင့် စကားသွားပြောလိုက်ပါသေးသည်။ အကြောင်းမှာ သရဲမှာ အခြားသူမဟုတ် အသက်ရှင်စဉ်က ကျွန်တော်တို့နှင့် အင်မတန် ခင်မင်ရင်းနှီးပြီး ကျွန်တော့်ကို လေးစားသော သူတစ်ဦး ဖြစ်ပါသည်။ ကျွန်တော့်ကို စကားပြန်မပြောသော်လည်း ကျွန်တော့် စကားကို နားထောင်နေသည့်ပုံ ရှိပါသည်။ ကျွန်တော်သည် ထိုအချိန်က စ၍ တစ္ဆေသရဲရှိသည်ကို လက်ခံလိုက်ပြီ။ စသည့် တစ္ဆေသရဲ မရှိဟုဆိုသူများကို ကျွန်တော်က တကယ့်ကို ကိုယ်တွေ့ ဒီအကြောင်းကို ပြောပြရသည့်မှာ အမေး။

ဒီအကြောင်းကို ပြောရမည် ဆိုလျှင် အစကပြောမှ ထိပ်ပတ်လည်မည် ထင်ပါသည်။ တိတိကျကျ ပြောပြပါမည်။ လွန်ခဲ့သော ၅ နှစ်ခန့်ကြာသည့် ခုနှစ် ဖြစ်ပါသည်။ ကျွန်တော် အသက် ၆၀ ပြည့်သော နှစ်ဖြစ်ပါသည်။

ကျွန်တော်သည် ဖျာပုံမြို့နယ် မ····· ကျေးရွာအုပ်စု၊ ငှက်ပျောတော ကျေးရွာလေးတွင် နေထိုင်ပါသည်။ ငှက်ပျောတောကျေးရွာသည် ဖျာပုံ ဘိုကလေး မြစ်ဖြစ်သော ဂုံညင်းတန်း မြစ်ကမ်းနံဘေးတွင် တည်ရှိပါသည်။ ရေလမ်းခရီးကိုသာ အားကိုး၍ သွားရသည် ကားလမ်းမရှိ ငှက်ပျောတောမှ ဖျာပုံသို့ မော်တော်နှင့် သွားမည်ဆိုလျှင် ၂နာရီမှ ၃ နာရီခန့်သွားရပါမည်။ ၎င်း ရွာမှ ဘိုကလေးသို့ သွားမည်ဆိုလျှင် ၁ နာရီသာသာ သွားရပါသည်။

ကျွန်တော်သည် ထိုရွာလေးတွင် လယ်လုပ်ပြီး တစ်ဖက်ကလည်း သစ်ခွဲစက်ကလေး တည်ထောင်ထားပါသည်။ သစ်စက်သည် အနည်းဆုံး အလုပ်သမား ၃ယောက် လုပ်ရပါသည်။ အလုပ်မနိုင်သည့်အခါ ၄ယောက် လုပ်ရပါသည်။ ၄ယောက်ဆိုသည်မှာ (၁) ဗိုင်းဆရာ တစ်ယောက် (၂) ရှေ့ဆွဲ တစ်ယောက် (၃) ရိုလာကြိတ်သူ တစ်ယောက် (၄) သစ်တုံးတင်သူ တစ်ယောက်၊ သစ်တုံးများကို နေရာထစ် ကျဆွဲတင်ပေးထားရပြီး ဗိုင်းခုံပေါ်သို့ ရောက်နေသော သစ်တုံးကြီးပါက မနိုင်မနင်း ဖြစ်နေသော ဗိုင်းဆရာနှင့် ရှေ့ဆွဲကို ဗိုင်းဝန်းကူညီရပါသည်။ တစ်ခါ တစ်ရံ သစ်သာတိုက်သည့် သစ်ပိုင်ရှင်များကပါ ဗိုင်းကူရသည်။


www.burmeseclassic.com

www.burmeseclassic.com

သစ်တုံးနည်းသည့် အခါ အလုပ်သမား ၂ယောက် ၃ယောက်နှင့် နိုင်သော်လည်း သစ်တုံးများလာသည့် အခါ မနိုင်တော့ပါ။ နောက်ထပ် အလုပ်သမား တစ်ယောက်ထပ်ရှာရသည့် ဒီလိုအခါမျိုးတွင် ကျွန်တော်သည် ကျွန်တော်တို့ ခြံနှင့် ခြံခြင်းကပ်နေထိုင်သော ကိုရွှေနိုင်ကို သွားခေါ်ခိုင်းတတ်ပါသည်ကို ရွှေနိုင်သည် သစ်တိုက်ရာတွင် ရေခွဲအဖြစ် ကျွမ်းကျင်ပြီး ပိုင်းဆရာအဖြစ်လည်း နည်းနည်းပါးပါး လုပ်တတ်ပါသည်။ ကျွန်တော့်သားများနှင့်လည်း အင်မတန် ခင်ပါသည်။ လုပ်အားခနှင့် ပတ်သက်၍လည်း တိတိကျကျ မဟုတ်ပါ။ သူနှင့် ညှိနှိုင်း၍ရပါသည်။ ဆွေမျိုးလည်းမကင်း။ အိမ်နီးချင်းများလည်း ဖြစ်နေသောကြောင့် ဖြစ်ပါသည်။

ကိုရွှေနိုင်၏ အသက်အရွယ်နှင့် ပုံစံကို ပြောရမည်ဆိုလျှင် ကိုရွှေနိုင်သည် အသက် ၂၅နှစ်ရှိပြီး အရပ် ၅'-၈" ခန့် ထောင်ထောင် မောင်းမောင်းမှာ နဂတ်ပေါ်ပေါ် မျက်ခုံး မျက်လုံး ကောင်းကောင်း ကြည့်ပျော် ရှုပျော်သူ တစ်ဦးဖြစ်ပါသည်။ အမြဲတမ်း ပြုံးပြုံးရယ်ရယ် နေတတ်ပြီး လူတစ်ဖက်သားကို အကူအညီပေး တတ်သူတစ်ဦး ဖြစ်ပါသည်။ ကျေးရွာတွင် သာရေး၊ နာရေးရှိလျှင် ကျရာအခန်းကဏ္ဍက ကူညီဆောင် ရွက်ပေးတတ်သူ တစ်ဦး ဖြစ်ပါသည် ကိုရွှေနိုင်တွင် အပေါင်းအသင်းကလည်း စုံသည် သူ့အိမ်တွင် လူပြတ်သည်ဟူ၍ မရှိ၊ ကျွန်တော်နှင့် ခြံချင်းကပ်နေသည့်အတွက် သူ့အိမ်မှ စကားပြောအသံများ ရယ်သံများ နေ့တိုင်းလိုလို ကြားရသည်။ သူ့တွင် အမေအိုကြီးတစ်ဦးနှင့် ညီငယ်၊ ညီမငယ်နှစ်ယောက် ရှိပါသည်။ သူက အိမ်ထောင်ဦးစီး ဖြစ်သည့်အတွက် သူသဘောအတိုင်းသာ ဖြစ်သည်။ ကျန်သည့်အိမ်သားတွေက သူ့ဘာလုပ်လုပ်၊ မပြောရဲ၊ အသောက်အစားလေးကလည်း ဖက်သည့်အတွက် ဒီမျှအပေါင်းအသင်းများနေရခြင်းလည်း ဖြစ်ပါသည်။

သူ၏ အားနည်းချက်ကား၊ အရက်ကြိုက်ပြီး ကွမ်းကိုလည်းမပြတ်၊ စားတတ်သူ တစ်ဦးဖြစ်ပါသည်။ အရက်နှင့် ကွမ်းကတော့ အပြတ်မခံပါ။ အရက်ဆိုသည်မှာ အဖိုးတန်၊ အရက်မဟုတ်၊ ယခုခေတ်ပေါ်သော အရက်အဆီထုပ်ကလေးများ ဝယ်ပြီး ရေနှင့်စပ်၍ သောက်ခြင်း ဖြစ်ပါသည်။ တစ်ချီထဲ မှုမမှုလဲအောင်မသောက်၊ တစ်ခါသောက်လျှင် လက်ဖက်ရည်ပုံစံလေးနှင့် တစ်ခွက်၊ နှစ်ခွက်မျှသာ သောက်ပါသည်။ တစ်ခါတလေ ရေနှင့် အရက်ဆီကို ပုလင်းထဲ ဖျော်ထည့်ထားပြီး ခွက်မလို ပုလင်းနှင့် မော့သောက်တတ်ပါသည်။ ဒါကလည်း တစ်ငုံ၊ နှစ်ငုံမျှသာ သောက်ခြင်း ဖြစ်ပါသည်။ အမူးပြေလျှင် တစ်ခါ မော့ပြန်သည့် သည်လိုနှင့် မိုးလင်းမှ မိုးချုပ် သည့်တိုင်အောင်၊ သောက်တတ်ပါသည်။ အိပ်သည့်အချိန်လေးပဲ နားပါသည်။

တစ်ခါမှ ရုပ်ပျက်ဆင်းပျက် မမူး၊ စကားပြောကောင်း၊ ရယ်စရာ မောစရာပြောပြီး အပေါင်းအသင်းများနှင့်



www.burmeseclassic.com

www.burmeseclassic.com

တဝါးဝါး တဟားဟား နေတတ်သူဖြစ်ပါသည်။ သူ များတိုက်လျှင်လည်း သောက်သည်။ သူများမတိုက်လျှင် သူကတိုက်သည်။ အရက်နှင့် ပတ်သက်၍ ဘယ်တော့မှ မသမျှော၊ ကွမ်းကလည်း ကြိုက်မှကြိုက် တစ်နေ့လျှင် ကွမ်းတစ်ဆယ်သား အနည်းဆုံး။ ကွမ်းသီးကိုတော့ ရွာထဲမှာတွေ့ရာ အပင်မှ တက်ခူးလေ့ရှိသည်။ လူရင်းတွေဆိုတော့ တော်ရုံ၊ တန်ရုံ၊ သူ့ကိုဘယ်သူမှ မပြောကြ၊ သူကလည်း ကောင်းသည့်အပိုင်းရှိတာကို။

သူ့ကို သစ်စက်ထဲ ဝိုင်းကူလုပ်ဖို့ သွားခေါ်လျှင်ပင် ပေါ့ပါးသည်။ အလွယ်တကူ လိုက်လာလေ့ရှိသည်။ လိုက်မှာပေါ့ သစ်လာခွဲသူတွေက အရက်ဆီတွေ၊ ဝယ်လာလေ့ရှိသည်။ ဒီကျတော့ သစ်စက်လုပ်သားတွေနှင့် ဝိုင်းဖွဲ့သောက်ကြသည်။ ဒီအကြောင်းကို သိနေသော ကိုရွှေနိုင် သစ်ဝိုင်းတိုက်ဖို့ ခေါ်လျှင် နစ်ခါမခေါ်ရပေါ့ပါးပါး ပါလာလေ့ရှိသည်။ သို့သော် သူ့ကို ပင်တိုင်အလုပ်သမားအဖြစ်၊ ငှား၍မရ သူသည် လယ်မလုပ် ခြံမလုပ်သော်လည်း သူ့တွင် ဝင်ငွေကောင်းသော အလုပ်ရှိသည်။ ငါးရှဉ့်ထောင်၊ ကြွက်ထောင်ရာတွင် ရွှေနိုင်သည့်စပါးပင် ရှယ်သစ်ဖြစ်သည်။ သူ့ကို ဘယ်သူမှမမီ သူများ ထောင်လို့ ငါးရှဉ့် ၂ပိဿာရလျှင် သူက ၄-၅ ပိဿာရအောင် ထောင်နိုင်သည်။ ကြွက်ထောင်လျှင်လည်း ထိုနည်းတူဖြစ်သည်။ သူ့တွင် အမေအိုကြီးတစ်ယောက်၊ ညီငယ်၊ ညီမငယ် ၂ယောက်ရှိသည်။ ဒီတာဝန်ကိုလည်း သူယူရသည်။ ဒါအပြင် သူ့တွင် တခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းလည်း ရှိသည်။ အဲဒါက အုန်းသီးဝယ်၍ ကိုယ်တိုင်တက်ပြီး နိုင်သွားပို့သော လုပ်ငန်းဖြစ်သည်။ ကိုရွှေနိုင် ကိုယ်တိုင်တက်သဖြင့် အုန်းတက်သမားမငှားရပါ။

ဒီလုပ်ငန်းတွေ ရှိသည့်အတွက် ကိုရွှေနိုင်အတွက် တစ်နေ့မှ အရက်မပြတ်၊ ကွမ်းမပြတ်ပါ။ ဟင်းကောင်းကောင်းလည်း ကြိုက်သည်။ ဟင်းမပါဘဲဘယ်တော့မှ ထမင်းမစား အသားဟင်းပါမှ စားသည်ကို ကြည့်ရသည်မှာ မြိန်လှသည် အရက်သောက်ပြီးမှ ထမင်းစားလေ့ရှိသည်။ ကြွက်မထောင်၊ ငါးရှဉ့်မထောင်သည့်နေ့တွင် ကိုရွှေနိုင်အိမ်တွင် ဟင်းမရှိပါ။ အိမ်သားတွေအတွက် ဟင်းမရှိခြင်းဖြစ်သည်။ သူ့အတွက်မူ နံနက်စာအတွက်ဆိုလျှင် နိုင်းကွင်းလေး တစ်လက်ကိုင်ပြီး မြစ်ထဲဆင်း။ ကမ်းစပ်တွင်၊ နိုင်းကွင်းထိုး။ ချုံခပ်လိုက်လျှင် ပုစွန်ဆီတ်၊ ပုစွန်ထုပ်၊ ငါးကလေးတွေ တစ်ဆယ်သား နှစ်ဆယ်သား မခဲယဉ်းရလျှင် အိမ်ပြန်ကိုယ်တိုင်ချက်ပြီးမှ အရက်သောက် ထမင်းစားလေ့ရှိသည်။

ညနေဆိုလျှင် ထိုနည်းတူ ဟင်းမရှိလျှင် ထမင်းမစား။ အနည်းငယ် မှောင်လာသည်နှင့် ဓာတ်မီးထိုးပြီး ဖားကလေးတွေ ရိုက်၊ တစ်ဆယ်သားလောက်ရလျှင် အိမ်ပြန်ကိုယ်တိုင် ဟင်းချက်၊ ကျက်မှအရက်နှင့် မြည်းပြီး ထမင်းစားလေ့ရှိသည်။

သူဖားရိုက်သော စားကျက်မှာ

www.burmeseclassic.com

ရွာလမ်းပေါ်တွင် ရိုက်ပြီး၊ ရွာလမ်းမှ ကျွန်တော် သစ်စက်သို့ ဝင်လာသော လမ်းကလေးမှ ဓာတ်မီးထိုးပြီး တဖုတ်ဖုတ် ရိုက်လာလေ့ရှိသည်။ လူကိုမမြင်နေ့သဖြင့် လူကိုမတွေ့ရသော်လည်း သူ့ဓာတ်မီးမှန်းသိသဖြင့် ကျွန်တော်က အိမ်ဖော်မှနေ၍...

"ရွှေနိုင်ရေ... မင်းဟင်း ကျက်ရင် ငါ့ကိုလည်းခေါ်ဦး" ဟုဆိုလျှင်...

"သူက... စိတ်ချ စိတ်ချ အစ်ကို ကျက်ရင် ကျွန်တော်လှမ်းခေါ်လိုက်မယ်"

သူ့အိမ်နှင့် ကျွန်တော့်အိမ်မှာ တစ်ခေါ်လောက်သာ ဝေးပါသည်။ ညဘက်ဆို တိတ်ဆိတ်နေ၍ သူတို့အိမ်မှ စကားပြောလျှင် ကျွန်တော်တို့ အိမ်မှ ကြားရသည် စကားလုံးတော့မကွဲပါ။

ဒီလိုနှင့် ကိုရွှေနိုင်တစ်ယောက် ကြွက်ထောင်လိုက်၊ ငါးရှဉ့်ထောင်လိုက် အုန်းသီးတက်လိုက်နှင့် အလုပ်ကို ဇယ်ဆက်သလိုလုပ်ပါသည်။ အလုပ်လုပ်သလို အသောက်ကလည်းမပြတ်၊ အားသည့်အခါ ကျွန်တော်သစ်စက်တွင် ဝိုင်းကူလုပ်ပေးလေ့ရှိသည်။ သူက ကျွန်တော်တို့ မိသားစုကို အင်မတန်ခင်သည်။ ရပ်ဝေးသို့ ညအိပ်၊ ညနေကြွက်ထောင် ငါးရှဉ့်ထောင် သွားရာမှ ပြန်လာလျှင် ကျွန်တော့်အိမ်သို့ အလည်လာလေ့ရှိသည်။ သူ့ကြွက်ထောင်၊ ငါးရှဉ့်ထောင် သွားသည့် အတွေ့အကြုံများ အထူးသဖြင့် သူ့မျက်မြင်ကိုယ်တွေ့တစ္ဆေသရဲများအကြောင်း ပြောပြတတ်သည်။ သူက သရဲကြောက်တတ်သူ မဟုတ်ပါ။ ကြွက်ထောင်၊ ငါးရှဉ့်ထောင်သည် ဆိုသည်မှာ ညဘက်မှောင်ကြီး မည်းမည်းတွင် ဓာတ်မီးလေး တစ်လက်အားကိုးပြီး ထောင်ရသော အလုပ်သည် ရွာနှင့်ဝေး လူသူမနီးသော ကွင်းခေါင်ခေါင် (သို့) တောချုံအုံကြားတွင် ထောင်ရခြင်းဖြစ်သည်။ ထောင်ထားပြီးလျှင် ရွာသို့ပြန် အိပ်၍ မရပါ ငါးရှဉ့်ပုံးများ ကြွက်ညှပ်မှာ လူမခိုးအောင် မနီးမဝေးကြုံရာတွင် အိပ်ရသည် ကြွက်ထောင်ထားလျှင် ညဘက်တစ်ချီ လိုက်ရသေးသည်။ မလိုက်လျှင် ကြွက်အမိမကောင်းလျှင် လွတ်စာတတ်သည်။ သူများ ခိုးဖြုတ်တာလည်း ခံရတတ်သည် ငါးရှဉ့်ပုံးလည်း ထိုနည်းတူပင်။ အချို့က ညဘက်လူလစ်လျှင် ပုံးပါခိုးသွားတတ်သည်။ ဒီတော့ ကိုရွှေနိုင် ကြုံရာတွင် အိပ်ရသည်။ ဒီတော့ တစ္ဆေသရဲတွေနှင့် တွေ့ပြီပေါ့။

သူက အပြောလည်းကောင်းသည်။ သူလာလျှင် ကျွန်တော့် မြေးလေးများ ဝိုင်းနေတတ်သည်။ သူကလည်း သူတွေ့ကြုံရသည့် သရဲအကြောင်းကို ခရေစေ့ တွင်းကျ ပြောပြတတ်သည် သူ့စကားဆုံးလျှင် ကျွန်တော်က...

"ရွှေနိုင်မင်း ဘယ်လိုပြောပြော ငါကတော့ မယုံဘူးကွာ၊ ကိုယ်တိုင်တွေ့ရ ဒါမှမဟုတ်ဘဲ ငါအခု အသက် ၆၀ ရှိပြီ။ တစ်ခါမှ မတွေ့ဘူးသေးဘူး။ သရဲတကယ်ရှိရင် တွေ့ရမှာပေါ့ကွာ" ဟု ဆိုသောအခါ သူကမကျေမနပ်။

"အင်းပေါ့၊ အစ်ကိုက လက်တွေ့ မတွေ့သေးတော့၊ မယုံဘူးပေါ့၊



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် လက်တွေပြပါ့မယ်" ဟု ပြောပါသည် ကျွန်တော်က…

"ဟေ့ကောင်… မင်းဘယ်လို ဖြစ်မှာလဲ" သူက…

"နောက်တော့ အစ်ကိုသိလာမှာပေါ့" ဟုဆိုသောအခါ ကျွန်တော် ဘယ်လိုမှ စဉ်းစားမရအောင် ဖြစ်ရပါသည်။ ရွှေနိုင် ဘာအဓိပ္ပါယ်နဲ့ ပြောတာလဲ ပဟေဠိတစ်ပုဒ်ကို အဖြေထုတ်၍ မရသလို ဖြစ်နေပါသည်။

ကိုရွှေနိုင်နှင့် မတွေ့သည် ၃၊ ၄ လခန့်ရှိပြီး ကျွန်တော်ကလည်း ခရီးသွားသူကလည်း ကြွက်ထောင်၊ ငါးရှဉ့်ထောင်ထွက်နှင့် မဆုံဖြစ်ကြဖို့ သူတစ်ခါတစ်ခါ ထွက်လျှင်လည်း ၂ရက် ၃ရက်ခန့်ကြာတတ်သည်။ ငါးရှဉ့်တွေ ကြွက်တွေကို အိမ်ပြန်မယူတော့ လမ်းတွင်ပင် အဆင်ပြေသလိုရောင်းပြီး ငွေပဲ အိမ်သို့ပြန်ယူလာတတ်သည်။ ရက်ကြာလျှင် ငါးရှဉ့်ခြောက်၊ ကြွက်ခြောက် ကလေးများလုပ်ပြီး အိမ်ပြန်ယူလာတတ်သည်။

တစ်နေ့ကြွက်ခြောက် ၂ ကောင်၊ ၃ကောင်ယူပြီး ကျွန်တော်အိမ်လာလည်သည်။ ကျွန်တော်စားဖို့ ယူလာခြင်းဖြစ်သည်။ ကိုရွှေနိုင်ကို ကြည့်ရသည်မှာ အရင်ကို လန်းလန်းဆန်းဆန်းမရှိ သစ်ပိုင်းတိုက်သို့ သွားခေါ်လျှင်လည်း အရင်ကလို အင်နှင့်အားနှင့် ပိုင်းမကပ်နိုင် ပျော့ပျော့ရွှင်ရွှင်မရှိ။ ကျွန်တော်က မနေနိုင်၍…

"ဟေ့ကောင်… ရွှေနိုင်"

"မင်း… ဘယ်လိုဖြစ်နေတာလဲ။ မင်းကြည့်ရတာ၊ ခါတိုင်းလို မဟုတ်ဘူး။ ငေါင်တောင်တောင်နဲ့" ဟု ဆိုသောအခါ…

ကိုရွှေနိုင်က အားငယ်သံနှင့်

"အစ်ကို ကျွန်တော် ကျန်းမာရေးမကောင်းဘူး။ အားလည်း မရှိဘူး။ မောလည်း မောတယ်။ ဒါကြောင့် အစ်ကိုတို့ သစ်စက်ထဲ ကျွန်တော် ပိုင်းမလုပ်တာပဲ ပြောပြီး မထင်မှတ်ဘဲ။ အစ်ကို ကျွန်တော် သိပ်နေရမှာ မဟုတ်ဘူး။ အများဆုံးခံ ၃လပဲ" ဟု

ထူးထူးဆန်းဆန်း ပြောပါသည်။ ကျွန်တော်က…

"ဟေ့ကောင်… နိမိတ်မရှိ နမာမရှိ ဘာတွေ ရှောက်ပြောတာလဲ"

"အစ်ကို တကယ်ပြောတာ။ ကျွန်တော်ကို ကျွန်တော်သိတယ်" ဟု အတည့်ပေါက်ပြောသောအခါ ကျွန်တော် ဘယ်လိုပြောရမှန်း မသိတာ။

ဟုတ်ပါသည်။ သူပြောသလို ၂လခန့် ကြာသောအခါ တကယ်အိပ်ယာထဲလဲပါသည်။ ထမင်းစားလျှင် အပေါ့အပါးသွားသည့်အခါ ညီ၊ ညီမတွေက ထူပေးရသည်။ ကျွန်တော်သွားကြည့်တော့၊ အသားတွေ ညိုညစ်ပြီး အရင်က တောင့်တောင့်တင်းတင်းရှိသော သူ့ကိုယ်ခန္ဓာမှာ ပိန်ပိန်သေးသေးလေး ဖြစ်နေပါသည်။ ကျွန်တော့် မျက်စိကို ကျွန်တော်မယုံနိုင် ရွှေနိုင်တစ်ယောက် ဘယ်လိုဖြစ်တာလဲ၊ ဘာရောဂါလဲ ကျွန်တော် မစဉ်းစားတတ်။ သူလည်း အသံမထွက်ရှာ ဝမ်းနည်း၍ မျက်လုံးထဲမှ မျက်ရည်ကျလာသည်ကို တွေ့ရတော့

www.burmeseclassic.com

ကျွန်တော် စိတ်မကောင်း ဘယ်လိုမှလည်း မလုပ်တတ် သူ့အိမ်သားတွေက တတ်နိုင်သလောက် ကုသပေးသော်လည်း ဘယ်လိုမှမထူးခြား။

တစ်ည၊ ကိုရွှေနိုင်တို့ အိမ်ဘက်မှ ငိုသံကြားရသည်။ မနက်မိုးလင်းတော့ ကိုရွှေနိုင်တစ်ယောက် ဆုံးသွားပြီးတဲ့ ကျွန်တော်စိတ်မကောင်းပါ။ ကိုရွှေနိုင်အလောင်းမြေကျပြီး ရက်လည်သောနေ့ကို. ထိုတစ်နေ့ကား၊ ကျွန်တော့်တစ်သက်မမေ့မရသေး နေ့တစ်နေ့ဖြစ်ပါသည်။

ထိုနေ့က ကျွန်တော်တို့ သစ်စက်သည် တစ်နေ့လုံး။ သစ်တိုက်ပြီး ညနေ ၅နာရီထိုးသည်နှင့် သစ်စက်ဘေး ကျွန်တော့်သာ ၂ယောက်နှင့် အလုပ်သမား ၂ယောက် ရေမိုးချိုး၊ အဝတ်အစားလဲပြီး သစ်စက်ဘေးက တန်းလျားပေါ်တွင် ထိုင်ပြီး အနားယူနေကြပါသည်။ ကျွန်တော်သည်လည်း သူတို့နှင့် မနီးမဝေး ကုလားထိုင်ပေါ်မှာ ထိုင်နေပါသည်။ ထိုအချိန် ည ၆နာရီလောက်ရှိပါပြီ။ ရွာလမ်းမှ ခာတ်မီးလေးတစ်လုံးသည် မီးထိုးပြီး တဖောက်ဖောက်နှင့် ဖားရိုက်နေသံကို ကြားရပါသည်။ ထိုခာတ်မီးသည် ရွာလမ်းမှ ကျွန်တော်တို့ သစ်စက်ထဲဝင်သော လမ်းအတိုင်း မီးထိုးပြီး တဖောက်ဖောက် (တုတ်နှင့်မြေကြီးသံ) ဖားရိုက်ပြီး ဝင်လာပါသည်။ ကျွန်တော်တို့ သိလိုက်ပါပြီ။ ကိုရွှေနိုင်မှလွဲ၍ မည်သူမှ မဖြစ်နိုင်။ သည်အချိန် ဟင်းမရှိလျှင် သူဖားရိုက်ထွက်နေကြ၊ ဖားကလေးတွေရလို့ သူဟင်းချက်စားမည်။ အရက်နဲ့မြည်းမည်ဖြစ်ပါသည်။

ခာတ်မီးမီးရောင်လေးနှင့်အတူ ဖားရိုက်သံတဖုတ်ဖုတ် သစ်စက်နားသို့ ရောက်လာပါသည်။ ကျွန်တော်နှင့် ၄ လခန့်သာ ဝေးပါမည်။ ကျွန်တော် မနေနိုင်တော့ ကျွန်တော်ခာတ်မီးထိုးသော နေရာသို့ သွားပါသည်။ ခာတ်မီးရောင်နှင့် ကျွန်တော် ၂တောင်ခန့်သာ ဝေးပါမည်။ သူ့ပုံစံကို ခပ်ဝါးဝါးမြင်ရသည်။ ခာတ်မီးကလည်း ထိုးရက်သား ခာတ်မီးရောင်က အလင်းကြီး မဟုတ် သူ့အသက်ရှင်စဉ်က ထိုးသော ခာတ်မီးရောင်အတိုင်း နီကြောင်ကြောင်အရောင်။ ကျွန်တော်ကနှုတ်မှ . . .

"ဟေ့ကောင် . . . ရွှေနိုင်။ မင်းအခုထိ ဖားရိုက်တုန်းပဲလား" ဟု မေးလိုက်သောအခါ ခာတ်မီးရောင်လေးသည် ခဏလင်းသွားပြီး သူ့ခြံဘက်သို့ တိုးဝင်သွားပြီး ခာတ်မီးထိုးပြီး တဖုတ်ဖုတ်ဖြင့် ဖားရိုက်သွားသည့်အသံကို ကြားရပါသည်။ သူ့ခြံထဲရောက်မှ မီးရောင်လည်းပျောက် ရိုက်သံလည်း ပျောက်သွားပါသည်။

ကျွန်တော်တို့ ၅ယောက်လုံး။ မြင်ရကြားရသည်။ ကျွန်တော်သူ့နှင့် ရင်းနီးနေသည့်အတွက် ကြောက်ရလန့်ရမှန်းမသိပါ။ ထူးဆန်းသည်မှာ ဒီခာတ်မီးလေးကို သူ့ပရလောက ရောက်အောင် ဘယ်လိုယူသွားသလဲ၊ ကျွန်တော် ယနေ့ထိမစဉ်းစားဘဲ၊ နောက်တော့ ကျွန်တော်တို့ကြားရသည်မှာ ထိုညက သူနှင့်ခင်မင်ရင်းနီးသော သူများက တစ်နည်းမဟုတ်တစ်နည်း လယ်ကွင်းထဲတွင်





www.burmeseclassic.com

www.burmeseclassic.com

ဖားရိုက်နေသူများ နောက်မှ ခတ်စီးထိုးပြီး ခြေသံတစွပ်စွပ်ဖြင့်လိုက်ပြီး ဖားရိုက်နေသဖြင့် ဖားရိုက်နေသူများ ထွက်ပြေးကြပါသည်။

သူမသေခင် ရှာကင်းစောင့်စဉ်က ခေါက်နေကျ သံချောင်းကြီးကို သွားခေါက်ပုံ ရိုက်သူကို မတွေ့ရဘဲ ကြိုးတပ်ထားသော သံချောင်းကြီးကထဲတွင် တုန်ခါနေပြီး တခေါင်ခေါင်မြည်နေပုံ၊ မနက်မိုးလင်းတော့ အမှိုက်များကြားရပြန်သည်။

သူရွာသားတွေကို လိုက်နှုတ်ဆက်သည်နှင့်တူပါသည်။ ကျွန်တော်လည်း ဒီတစ်ခါကျမှ ကိုရွှေနိုင် ပြောခဲ့သော ပယောဂ္ဂီ ပုစ္ဆာကို တွက်၍ရပါတော့သည်။ သရဲတစ္ဆေကို မယုံသော ကျွန်တော်ကို ကိုရွှေနိုင် အသက်ရှင်စဉ်က ပြောခဲ့သော စကားကို ကျွန်တော် ပြန်လည်ကြားယောင်မိပါသည်။

သူက "အစ်ကိုတစ္ဆေသရဲကို ကိုယ်တိုင်မတွေ့သေးတော့ မယုံဘူးပေါ့။ ကျွန်တော် လက်တွေ့ပြပါ့မယ်" ဟူသော စကားကို ကိုရွှေနိုင် ဒီအပြောနှင့်အလုပ်ညီအောင်၊ တကယ်ပဲ သရဲရှိကြောင်း ကျွန်တော့်ကို လက်တွေ့ပြသွားပါပြီ။

ဒါကြောင့် ကိုရွှေနိုင်ကို ပရလောကသား ဘဝရောက်သည့်တိုင်အောင် ကတိတည်သူဟု ပြောရပါတော့သည်။

ထိုနေ့ကစပြီး ကျွန်တော်သည် တစ္ဆေ သရဲ မရှိဘူးဟုပြောသော သူများကို ကျွန်တော်က ပြုံးပြီး ကျွန်တော် လက်တွေ့တွေ့ရသော ကိုရွှေနိုင် အကြောင်းကို ပြောပြရသည်မှာအမော ယံနေတိုဖြစ်ပါသည်။

ကိုရွှေနိုင် တစ်ယောက် ကောင်းရာသုဂတိ လားပါစေ ဟူ၍သာ ဒီအကြောင်းကို ကျွန်တော်တို့ ငှက်ပျော တောတစ်ရွာလုံး သိကြပါသည်။

**စောရွှေမောင်(ငှက်ပျောတော)**

Dear Marry

Online Shopping Myanmar

No (301/9) Padauk Street. Near Yuzana Plazar Mingalar Taung Nyunt

http://www.facebook.com/Dear Marry Myanmar

Contact-09 5136230/ 09 5036602/ 09 5172150



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

သံလျှင်ခရမ်း ကားလမ်းအပေါ်မှာ ကျွန်တော်စီးလာတဲ့ တက္ကစီကားလေးက တရိပ်ရိပ်ပြေးနေပေမယ့် ကျွန်တော့်စိတ်ထဲမှာ နေးနေသလိုပါပဲ။

အမေ့ကို နေ့ချင်းပြန် ပြန်လာမယ်ပြောပြီး အလုပ်ကိစ္စလေးတွေက မထင်မှတ်ဘဲ ကြန့်ကြာသွားတာနဲ့ လိုင်းကားမစီးဘဲ တက္ကစီနဲ့ ပြန်လာတာလေ။

ကားပေါ်မှာပါလာတဲ့ ခရီးသည် ငါးယောက်ထဲက ကျွန်တော်တစ်ယောက်သာ စိတ်ပူပြီး ရောက်ချင်ဇော ကြီးနေပေမယ့် ကျန်ခရီးသည်များက စိတ်အေးလက်အေးနဲ့ပါ။

အမေ့ကို စိတ်ပူတာပါ။ မနေ့ညက အမေဖျားလို့ ရွာကသားဖွားဆရာမလေးပင့်ပြီး ဆေးတစ်လုံး ထိုးပေးခဲ့တယ်။

"အမေ ... ကျွန်တော် ဆက်ဆက်ပြန်လာမယ်" ပြောပြီး...

လမ်းကျမှ နောင်တရခဲ့မိတယ်။ အမေစိတ်ပူနေမှာကိုလေ။ ပြန်လာမယ်ဆိုအချိန်ကုန်တဲ့အထိ အမေစောင့်နေတော့မှာ။

တက္ကစီလေးက မှန်မှန်ပြေးနေတာပါပဲ။ သုံးခွမြို့ကို ဖြတ်တော့ ပိတ်နေကျ ကားတန်းကြီးနဲ့ ဆိုင်ကယ်တွေ စက်ဘီးတွေက ပိုများနေသလိုပဲ၊ နာရီကိုကြည့်တော့ ငါးနာရီ ထိုးပြီးပြီ။ ဆောင်းလယ် နေဝင်တော့မှာ ကားကလေးက ဆောင့်ပြီး ရပ်လိုက်တိုင်း ကျွန်တော့်စိတ်တွေ ပေါက်ကွဲထွက်တော့ မလိုပါဘဲ၊ သုံးခွမြို့ အလွန်ရောက်မှ ကားလေးတစ်ရှိန်ထိုး ပြေးနေတော့တယ်။ ခရမ်းမြို့ဝင်တော့ ငါးနာရီခွဲပြီးပြီ၊ အမှောင်ရိပ်က အတင်းလုပြီး ဝင်လာနေပြီလေ၊ ကျွန်တော် ကားပေါ်ကဆင်းပြီး တစ်စီးတည်းသာ တွေ့ရတဲ့ ဆိုင်ကယ်ကို သက္ကယ်ကုန်းရွာအထိ ဈေးမဆစ်ဘဲ ငှားလိုက်တယ်။ သက္ကယ်ကုန်းရွာကနေ ကျွန်တော့်ရွာ "အေးသာယာ" အထိ လမ်းလျှောက်ရဦးမှာလေ။

ကိုယ့်နယ်တက် ရောက်လာလို့ ကြောက်စိတ်မရှိပေမယ့်။ လမထွက်မီ အမှောင်ထဲမှာ တစ်ယောက်ထဲ လမ်းလျှောက်ရမှာ အားငယ်မိတယ်။ စိတ်ထဲမှာလည်း "ထင့်" နေသလိုပဲ။

ကျွန်တော့်စိတ်တွေ လေးနေတော့တော့ အမှန်ပဲလေ။

xxx

သက္ကယ်ကုန်းရွာ ဇရပ်တား ထိပ်မှာ ဆိုင်ကယ်ရပ် လိုက်တာနဲ့ ကျွန်တော်ခုန်ဆင်းလိုက်ပြီး ကယ်ရီခပေးပြီး ကားလမ်းပေါ်က ပြေးအဆင်းမှာ ကျွန်တော့်ဘေးက အပြေးဆင်းချလာသည့် လူတစ်ယောက်ကို လှည့်ကြည့်မိတယ်။

"ကိုကြီးထွန်း..."

ကျွန်တော် ဝမ်းသာအားရ အော်ပစ်လိုက်တယ်။ ဟုတ်တယ်လေ။ တစ်ယောက်ထဲမို့ အားငယ်နေတာ။ မမျှော်လင့်ဘဲ ကျွန်တော့်အစ်ကို "ကိုကြီးထွန်း" က ကျွန်တော့်ဘေးမှာလေ။

"ကိုကြီးထွန်း ဘယ်ကပြန်

www.burmeseclassic.com

လာတာလဲ"

"မင်းကို လာကြိုတာလေ။ မင်းနေ့ချင်းပြန် ပြန်လာမယ်ဆိုလို့"

ကိုကြီးထွန်းက ရှောလျှောက်ရင်း ခပ်တိုးတိုးပြောတယ်။ သူ့အသံက ဝမ်းနည်းနေသလိုမို့···

"အမေဘာဖြစ်လို့ ပါလိမ့်"

"ကိုကြီးထွန်း အမေနေကောင်းလား" မေးတော့ သူ့အသံခပ်လေးလေးနဲ့···

"အေး··· ပါ" တဲ့

တစ်ခွန်းဆို တစ်ခွန်းပဲ။ ကျွန်တော့်ရင်တွေ ပူလာပြီ။ ကိုကြီးထွန်းက ဒီလိုအေးတိအေးစက် လူမျိုးမှမဟုတ်တာလေ။ ကျွန်တော့်အစ်ကို တစ်ဝမ်းကွဲ ဆိုပေမယ့် ကျွန်တော်က သိပ်ချစ်ပြီး လို့ရှက်ချက် မထားကြတဲ့ ညီအစ်ကိုပါ။

ကျွန်တော်တို့ ငယ်ငယ်က အဘွားရဲ့ အိမ်ကြီးမှာ မိသားစုတွေ အားလုံးအတူတူ စုနေပြီး။ ပြည်ဝင် ထမင်းအိုးကြီးထဲက ထမင်းအတူတူစားပြီး ဟင်းလုစားရင်း သူ့ထက်ငါးနှစ်လောက် ငယ်တဲ့ ကျွန်တော့်ကို သူ့ကျောပေါ်တင်ပြီး သူသွားလေရာ ခေါ်သွားတတ်တဲ့ အစ်ကိုကြီးလေ။

တစ်အိပ်ရာထဲမှာ အတူအိပ်ရင်း အတွေ့အကြုံတွေ ဖြေပြန်ပြီး ပြောကြရင်း တဟီးဟီးလုပ်နေကြလို့ အဘွားဆူတာ ညတိုင်းခံရတဲ့ ညီအစ်ကိုလေ။

အဘွားဆုံးပြီး အမွေခွဲကြတော့မှ ရွာလယ်ပိုင်းက အိမ်ကို ကိုကြီးထွန်းတို့ ပြောင်းသွားလဲ တစ်အိမ်တည်းမှ နေခဲ့သလို အတွဲမပျက်ခဲ့ကြတာ။ သူ့စကားသံ တိတ်နေတဲ့ အဖြေကို ကျွန်တော်သိချင်သလို နားထောင်ရမှာ ကြောက်နေမိတယ်။ ကျွန်တော်အရဲစွန့်ပြီး ခေါ်လိုက်တယ်။

"ကိုကြီးထွန်း···"

ကျွန်တော့်အသံ အတော်ကျယ်သွားလို့ ထင်တယ်။ ကိုကြီးထွန်းက လျှောက်နေရင်း ရပ်ပြီးစောင့်နေတယ်။

"ကိုကြီးထွန်း အမေနေကောင်း ပါတယ်နော်"

"အေးပါကွာ · · · မင်းကလဲ"

"ကိုကြီးထွန်း အမေနဲ့ တွေ့ခဲ့လို့လား"

"အေး ···"

"ကိုကြီးထွန်း အိမ်ကိုရောက်ခဲ့တာပေါ့။ ဒါဆို"

"အေး ···"

"အမေက ကြိုနိုင်းလိုက်တာလား"

"အေး ···"

ဘာပဲမေးမေး "အေး" တစ်လုံးတည်း ဖြေနေရတာမို့ ဆက်ပြီးမမေးတော့ဘူး။ မျက်နှာကိုကြည့်ပြီး မေးဖို့ ကျွန်တော်သူ့ကို မီအောင်အပြေးလျှောက်နေပေမယ့် ကိုကြီးထွန်းကပိုပြီး ခပ်မြန်မြန်လျှောက်နေတယ်။ ရင်ထဲမှာ တင်းထားတဲ့ မျှော်လင့်ချက် "အား" တွေက တဖြေးဖြေးပြိုလဲကုန်ပြီ၊ ကျွန်တော် မျက်ရည်သုပ်ရင်း အပြေး လျှောက်နေ တယ်။

www.burmeseclassic.com

မနက်က စောစောထပြီး ခရီးမထွက်ခင် အမေ့ကိုထိုင်ကန်တော့ နေစဉ်ဆုတွေပေးနေတဲ့ အမေ့မျက်နှာက လန်းလန်းဆန်းဆန်းနှင့်ပါ။ ညကလည်း အမေ့ကို စိတ်မချလို့ ခဏခဏထကြည့်တော့ အမေအိပ်မောကျနေတာမှ တရှူးရှူးနှင့် ပါပဲ။ အမေ့နဖူးကို စမ်းကြည့်တော့ ချွေးကလေးများ စို့လို့။ အမေနေကောင်းတာ သေချာတယ်ဆိုပြီး ခရီးထွက်ခဲ့မိတဲ့ ကိုယ့်အမှားကို အပြစ်တင်ရင်း အိမ်အဝင်မှာ မြင်တွေ့ရမယ့် အမေ့ပုံရိပ်တွေကို တွေးပြီးကြိတ်ငိုရင်း ကိုကြီးထွန်းနောက်က မပြေးရုံလျှောက်နေမိတယ်။ ကိုကြီးထွန်းက ကျွန်တော့်ရှေ့မှာ ခြေလှမ်းမှန်မှန်လျှောက် နေပေမယ့် ကျွန်တော်ကတော့ မောလှပြီ။

ကျွန်တော်တို့ လျှောက်ရင်း သပြုကန်ရွာထိပ်ရောက်လာတယ်။ ဒီရွာကိုကျော်ပြီး ကြာထုံးရွာလွန်လျှင် ကျွန်တော်တို့ရွာကို ရောက်ပြီ။

"တို့ရွာပြင်က လျှောက်မယ်ကွာ။ ဒါမှအသိနှင့် မတိုးမှာ နှိမ့်နှိမ့်နှုတ်ဆက်နေရလို့ ခရီးဖင့်နေမယ်"

ကိုကြီးထွန်းစကားအတိုင်း ကျွန်တော်တို့ ရွာအပြင်က ချောင်းရိုးအတိုင်း လျှောက်ခဲ့ကြတယ်။ ချောင်းကလေးက ရေတက်ချိန်မှာ ရေငန်ဝင်ထားပြီး ရေကျသွားချိန်မှာ စမ်းခြောက်သွားတဲ့ မြေကြီးတွေကို ဆားချက်ဖို့ ရောပြီး စုပုံထားတဲ့ ဆားမြေပုံတွေကို ရှောင်ပြီး လျှောက်ရတယ်။

လဆုတ် (၂) ရက်မှာ သာတဲ့ လရောင်က လင်းလက်၊ ပဲခင်းစိမ်းစိမ်းများမှာ ပဲတီစိမ်းသီးလေးများက ခူးဖို့ အဆင်သင့် ဖြစ်နေပြီ ရွာနီးချင်းမို့ ပဲခင်းပိုင်ရှင်ကို ကျွန်တော်တို့သိတယ်။ တစ်လမ်းလုံး တိတ်ဆိတ်နေတဲ့ ကိုကြီးထွန်းကို ပြောဖို့စကားစ ရှာရပါတယ်။

ကိုကြီးထွန်းကို ကျွဲကြီးပဲခင်းက ကောင်းလိုက်တာများ ဈေးကောင်းရရင် တော့ ထောပြီ။

"အေးကွ..."

တိတ်ဆိတ်ခြင်းကို သည်းမခံနိုင်လို့ စကားစလိုက်ပေမယ့် ကိုကြီးထွန်းသံမှ တိုးတိတ်လွန်းတဲ့ တုံ့ပြန်သံကြောင့် ပတ်ဝန်းကျင်က ပိုပြီတိတ်ဆိတ်သွားသလိုပဲ ကြိတ်ပြီးငိုရှိုက်လိုက်တဲ့ ကျွန်တော့်အသံကို ကိုကြီးထွန်းကြားသွားမှာ စိုးရိမ်စိတ်နှင့် သူ့ကိုကြည့်လိုက်တော့ ကိုကြီးထွန်းက ဘာမှမကြားသလို ခပ်သုတ်သုတ်လျှောက်နေတယ်။

သပြုကန်ရွာထဲဆီက ကလေးငိုသံ၊ စကားပြောသံ၊ ခွေးဟောင်သံ၊ အချို့ကြားနေရပေမယ့် ထိုအရာအားလုံးက ကျွန်တော်တို့ နောက်မှာကျန်ခဲ့ပြီ။

xxx

ကြာထုံးရွာအဝင်မှာ ကိုကြီးထွန်း ကျွန်တော့်ကိုရပ်ပြီး စောင့်နေတယ်။

"ရွာပြင်ကပဲ သွားမယ်ကွာ။ တော်ကြာ အမျိုးတွေနှင့်တွေ့ပြီး ဝင်နိုင်းနေမှ ညဉ့်နက်နေဦးမယ်"

သူ့ပြောသလို ကြာထုံးတစ်ရွာလုံးလိုလို ကျွန်တော်တို့နှင့် ဆွေမျိုးမကင်းသူတွေချည်းမို့ ရွာအပြင်ကန်သင်းလမ်း

www.burmeseclassic.com

အတိုင်း ခပ်သုတ်သုတ်လျှောက်ခဲ့ကြတယ်။ ခြေလှမ်းတိုင်းမှာ ရင်တွေပိုပြီး အခုန်မြန်လာတယ်။ ကျွန်တော်မမြင်ချင်တဲ့ အမှေ့ပုံရိပ်တွေကို မြင်ရတော့မှာမို့ ကျွန်တော့် ခြေထောက်တွေပိုပြီး လေးလံလာနေပြီလေ။ ရင်ထဲမှာ လှိုက်လှိုက်ပြီး မောနေတယ်။ ကိုကြီးထွန်းက ရှေ့က လျှောက်ရင်း ခဏခဏရပ်ရပ်ပြီး စောင့်နေရလို့ စိတ်ရှည်ပုံမပေါ်ပါ သူက "မြန်မြန်လျှောက်ကွာ" ပြောလိုက်တိုင်း ကျွန်တော်တွေးနေတဲ့ အတွေးများက အမှန်တရားဖြစ်လာမှာ စိုးရိမ်လွန်းလို့ ရှေ့ဆက်ပြီး မလှမ်းချင်တော့အောင် မောဟိုက်နေပါတယ်။

"ကိုကြီးထွန်း . . . ခဏနားရအောင်ဗျာ" ပြောပြီး ကျွန်တော် ထိုင်ချလိုက်တယ်။

ပူလောင်လွန်းတဲ့ ကျွန်တော့်ရင်တွေ တဒိတ်ဒိတ်ခုန်နေတယ်။ ကိုကြီးထွန်းက လှည့်လည်းမကြည့် ထိုင်လဲမထိုင်ပါ။ ကျွန်တော်ကိုကြီးထွန်းကို လရောင်အောက်မှာ သေချာကြည့်မိတယ်။ ရွာကထိန်ပွဲမှာ ကျွန်တော်ဝယ်ပေးထားတဲ့ ရနိုင်ပုဆိုးကွက်စိမ်းမိုးပြာရောင်မှိုင်းမှိုင်းလေး ဝတ်ထားတာကို ကန်သင်ပေါ်ထိုင်လိုက်ရင် သူ့ပုဆိုးလေး ပေမှာစိုးလို့ ထင်ပါတယ်။ နောက်ပြီး ရှပ်အင်္ကျီ လည်ကတုံးအဖြူလေးကို သူသိပ်ကြိုက်တာလေ၊ ပေသွားမှာစိုးရိမ်မှာပေါ့။

ကျွန်တော် လယ်ကန်သင်းပေါ်မှာ ခြေပစ်လက်ပစ် ထိုင်နေမိတယ်။ အရပ်ကြီးပြတ်ဆိုတာ ဒါပဲနေမှာပါ။ တစ်ကိုယ်လုံးလှုပ်မရအောင် အားအင်တွေ ကုန်ခန်းနေပြီ။ ကျွန်တော့်ကို ကျောပေးပြီး ရပ်နေတဲ့ ကိုကြီးထွန်း ရင်တွေပိုပြီး ပူလောင်နေမယ် ထင်ပါတယ်။ ကျွန်တော့်ကို ပြောဖို့ခက်နေလို့ သူလည်း ကျိတ်ပြီး ငိုနေရှာမှာပါ။ ကျွန်တော် ရင်ကိုဖိထားရင်း မှိတ်ထားတဲ့မျက်လုံးတွေကို ဖွင့်ကြည့်လိုက်တော့ ကျွန်တော်တို့နားနေတာ "ဖိုးလေးထွန်းတင်" ရဲ့ လယ်စောင့်တဲလေး နားမှာလေ။ ဖိုးလေးမအိပ်သေးဘူး တင်တယ်။ မီးရောင်လက်လက်မြင်နေရတယ်။

ဖိုးလေးက အသက်ရှစ်ဆယ်ကျော်ပေမယ့် ကျန်းမာဖြတ်လတ်တယ်။ သူ့ပုခင်းတွေကို စောင့်ရင်း သူ့တဲလေးမှာ အမြဲနေပြီး ညဘက်ဆို တရားအားထုတ်နေတတ်တာ၊ ကြောက်စိတ်လုံးဝမရှိတဲ့ သူပါ။ ကျွန်တော်တို့နှင့်လည်း ဆွေမျိုးမကင်းပါ။ ဖိုးလေးတဲမှာ ရေဝင်သောက်မလို့ ကျွန်တော်ကတော့ ကိုကြီးထွန်းက "မဝင်နဲ့" လို့ လှမ်းပြီးပြောတယ်။ ရှုတ်ပါတယ်။ ဖိုးလေးအိပ်ရေးပျက်မယ်။ ကျွန်တော်သိချင်တဲ့ အဖြေဖိုးလေး ပြောပြလိုက်မှာ ကိုကြီးထွန်းစိုးရိမ်လို့ ထင်ပါတယ်။ ကျွန်တော်ခဏမြန်ထိုင်ပြီး အမောဖြေနေစဉ် ဖိုးလေးတဲက ကြေးစည်သံ ကြားရပြီး ဖိုးလေးရဲ့အမျှဝေသံက ကျွန်တော်တို့ဆီအထိ ပျံ့လွင့်လာတယ်။

"ဤသို့ပြုရ ပန်း။ ဆီမီး၊ ရေချမ်း အလှူဒါနကုသိုလ်ကို ကြားကြားသမျှ သုဒိတာ၊ မုဒိတာဝေနေယျသတ္တဝါအပေါင်းတို့သည် ကျွန်ုပ်နှင့် ထပ်တူထပ်မျှ ရကြပါစေသတည်း။ အာ[illegible]ကြား



www.burmeseclassic.com

www.burmeseclassic.com

ကြားသမျှ အမျှ··· အမျှ··· အမျှ ယူတော်မူကြပါကုန်သော်"

"သာဓု··· သာဓု··· သာဓု"

သာဓုခေါ်သံက ကျွန်တော်တို့ နှုတ်ဖျားမှ တညီတည်း ထွက်လာပါတယ်။ ရင်ထဲက အပူလည်း အေးမြသွားသလို ကျွန်တော့်စိတ်တွေ ကြည်လင်လာပါတယ်။ ရင်မဆိုင်ရဲတဲ့ အဖြေတစ်ခုကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်ဖို့ အင်အားအပြည့်နှင့် ထပြီးရပ်လိုက်တယ်။ ကျွန်တော့်စိတ်တွေ အဆင်သင့်ဖြစ်နေပါပြီ။ လရောင်အောက်မှာ ကျွန်တော်တို့ ခပ်သုတ်သုတ်လျှောက်နေတယ်။ တစ်လမ်းလုံး ကျွန်တော့်ကို မျက်နှာချင်းမဆိုင်တဲ့ ကိုကြီးထွန်းက ရပ်ပြီး စောင့်နေရင်း ပြုံးနေသလိုပဲ၊ လင်းထိန်နေတဲ့ လရောင်အောက်မှာ ကိုကြီးထွန်းရဲ့ ရွှန်းလဲ့နေတဲ့ အပြုံးကို သေသေချာချာ မြင်နေရတယ်။

ကျွန်တော်တို့ အေးသာယာ ရွာထိပ်ကိုရောက်ပြီ လရောင်ထိန်ထိန်အောက်မှာ "အေးသာယာ" ဆိုတဲ့ ရွာကလေးက တိတ်ဆိတ်စွာ အိပ်မောကျနေပါတယ်။

ကျွန်တော်ကိုကြီးထွန်းကို ကျော်တက်ပြီး ခပ်သွက်သွက်လျှောက်နေတယ်။

"ညီလေးဖိုးကျော်"

ကျွန်တော့် ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ရင်း ခေါ်လိုက်တဲ့ ကိုကြီးထွန်းအသံက တိုးတိတ်ညင်သာပေမယ့် ကြည်လင်နေတယ်။

"ကိုကြီးဝင်စရာလေးရှိလို့ မင်းသွားနှင့်"

ညအချိန်မတော် ဘယ်ကိုသွားမလို့ပါလိမ့်၊ အမေ့အလောင်းကို ဖက်ပြီး ငိုနေမယ့် ကျွန်တော့်ကို မကြည့်ရက်လို့ ရှောင်ထွက်သွားတာများလား။

"ကိုကြီးထွန်း ဘယ်သွားမှာလဲ။ မိုးကြီးချုပ်လှမှဗျာ"

"မင်းသွားနှင့်ပါ။ ရွာလယ်လမ်းကသွား၊ တို့အိမ်ကို အရင်ဝင်ပြီးမှ မင်းအိမ်ကိုသွားနော်။ နောက်ပြီး"

ကိုကြီးထွန်းက ရွာဘက်ဆီကို ငေးမျှော်ကြည့်ရင်း···

"နောက်ပြီး အမေ့ကိုဘာမှ စိတ်မပူနှင့်လို့ ပြောနော်။ ဖိုးလေးထွန်းတင်ကိုလဲ ကျေးဇူးတင်တယ်လို့ ပြောပေးနော် ညီလေး"

ဖိုးလေးထွန်းတင်အမျှဝေသံကြောင့် ကုသိုလ်ရလိုက်သည်ကို ကျေးဇူးတင်လို့တဲ့။ ဒါများ နောက်နေ့ပြောလဲ ရတာကို။

ကျွန်တော့်အတွေးများကို သူရိပ်မိနေသလိုပါပဲ။ သူ့အပြုံးကို နောက်တစ်ကြိမ် ထပ်ပြီးမြင်ရပြန်ပြီ။ နောက်ပြီး လင်းလက်နေတဲ့ သူ့ရဲ့မျက်လုံးများ။

ရွာထိပ်မှာကိုကြီးထွန်းနှင့် လမ်းခွဲခဲ့ပြီး တိတ်ဆိတ်နေတဲ့ ရွာလယ်လမ်းမှာ ကျွန်တော်တစ်ယောက်တည်း လသာနေသည်မို့ မကြောက်တော့ပါ။

လျှောက်ရင်း စူးရှတောက်ပလွန်းတဲ့ အောက်လင်းဓာတ်မီးရောင်က လမ်းပေါ်ကို ဖြာထွက်နေတယ်။ ဘယ်သူ့

www.burmeseclassic.com

www.burmeseclassic.com

အိမ်မှာ ဘာဖြစ်လို့ပါလိမ့် အတွေးနှင့် ခြေလှမ်းများက ပိုပြီးမြန်လာတယ်။ ငိုသံ တစ်ချို့ကြားနေရတယ်။

"သားကြီးရေ… အလိမ္မာတုံး ကြီးရဲ့"

ငိုသံက စူးရှကြေကွဲစွာရင်ကို ပွင့်အန်ထွက်လာတဲ့ အသံ၊ ကျွန်တော့် မျက်စေ့တွေ ပြာဝေပြီး ရင်တွေတဒိတ် ဒိတ်ခုန်ရင်း အားကုန်ပြေးနေပေမယ့် ခြေလှမ်းများက လှမ်းမရပါ။ အိမ်အဝင်မှာ ကျွန်တော် ဘာဖြစ်သွားမှန် မသိတော့။

သတိရချိန်မှာ ကျွန်တော့် လက်နှစ်ဘက်လုံး သွေးတွေနီရဲလို့ ကိုကြီးထွန်းဘေးမှာ ထိုင်ပြီး ကြမ်းပြင်ကို ဘယ်နှစ်ကြိမ်ထိုးမိသည် မသိတော့။ ရွာထိပ်မှာ ကျွန်တော့်ကို နှုတ်ဆက်ပြီး ခွဲခွာသွားခဲ့တဲ့ ကိုကြီးထွန်းက ရေမှာ သက်မဲ့စွာနှင့် ကိုကြီးထွန်းအမေ၊ ကျွန်တော့်ကြီးမေက ကျွန်တော့်ကို ပွေ့ဖက်ထားရင်း သူ့ရင်ကို ထုထုပြီး ငိုနေတယ်။

"သူညီပြန်မလာလို့ တမျှော်မျှော်နဲ့လေ။ သံစူးတာလေးကို ဘာမှမဖြစ် လောက်ပါဘူးတဲ့။ အနာဝင်ပြီး ဖျားနေ တာလဲ ဂရုမစိုက်ဘဲ မနက်က ပဲခင်းဆီ သွားပြီး ညနေပြန်လာပြီး ကတည်းက စကားမေး မရတော့တာ မြို့ဆေးရုံတင် ဖို့ ပြင်ဆင်နေတုန်း အသက်မရှိတော့ တာပါ"

"သားကြီးရေ… မင်းညီလေး ပြန်လာပြီလေ။ ဆီးကြိုပါဦး သားရဲ့"

ငိုရင်းကြီးမေ သတိလစ်သွား ပါပြီ။

ကိုကြီးထွန်း ပဲခင်းဆီသွားရင်း သံစူးခဲ့တာ ဘယ်သူ့မှမပြော၊ ခြေထောက် ယောင်ကိုင်းပြီး ဖျားနေသည့်ကြားမှပဲ ကောက်သမားရှာဖို့ သေရွာတွေအထိ သွားခဲ့သည်။ ညနေဘက် အိမ်အပြန်မှာ တစ်ကိုယ်လုံး ပူခြစ်ပြီး သတိပါလစ်ခဲ့ သည်တဲ့။ ထိုအချိန်သည် ကျွန်တော့်ကို လာကြိုတဲ့ အချိန်လေးပါ။ လရောင် အောက်မှာ ကျွန်တော်တွေ့ခဲ့တဲ့ မိုးပြာ ရောင်ပုဆိုးအဆင်း မှိုင်းမှိုင်းလေးနှင့် လည်ကတုံးအင်္ကျီအဖြူရောင်လေးက သူ့ကိုယ်ပေါ်မှာ လွှမ်းလို့။

ဖိုးလေးထွန်းတင်ကို ကျေးဇူး တင်ပါတယ်တဲ့ ကိုကြီးထွန်းပြောသွားစဉ် က အဓိပ္ပာယ်မထားမိပေမယ့် အခုတော့ တွေးစရာပါ။ သူ ကျွန်တော့်ကိုလာ ကြိုရင်း ဖိုးလေးထွန်းတင်ရဲ့ အမျှဝေသံ က သူသွားရမည့်နေရာတစ်ခုကို လမ်း ညွှန်ပေးလိုက်ပါပြီ။ ထိုနေရာသည် ကောင်းသောနေရာတစ်ခု ဖြစ်ကြောင်း ကိုထွန်းရဲ့ ကြည်လင်တဲ့ မျက်ဝန်းများနှင့် အပြုံးများက သက်သေပြနေခဲ့တယ်။

ကျွန်တော်ဆုပ်ကိုင်မထား မိခဲ့တဲ့ သူ့လက်များကို ရင်ခွင်မှာ တွေးပိုက်ထားရင်း သူ့မျက်နှာကို ကြည့် နေမိတယ်။ သူ့အပြုံးလေးတွေက သူ့ နှုတ်ခမ်းထောင့်စွန်းနှစ်ဖက်မှာ အခုထိ တွေ့နေရဆဲပါ။

ကျွန်တော် တစိမ့်စိမ့်ကြည့်ရင်း တားလို့ မနိုင်တဲ့ ကျွန်တော့် မျက်ရည် များက အင်္ကျီဖြူဖြူဖွေးဖွေးလေးမှာ ရွှဲနစ်ပေကျံနေပါပြီ။

**ကြည်နူးရည်(ရေမြန်း)**



www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီးဆိုပြီး

ကြည်ဝင်း(ဟာသီတာ)

# ရှေးခေတ်က ရန်ကုန်မြို့မှ လူမိုက်ကြီးများ

www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီး ဘိုးသက္ကသည် အေးရွာကလေးမှ ရပ်မိရပ်ဖလူကြီးမိဘတို့၏ မေတ္တာရပ်ခံတောင်းပန်မှုကြောင့် ထိုရွာမှ လူငယ်လူရွယ်တို့အား ကိုယ်လုံ ကိုယ်ခံ ပညာရပ်ကို တစ်လခန့်သင်ကြားပြသပေးခဲ့လေသည်။

ဆရာကြီးသည် သူ၏ မွေးဖွားရာ ဒေသ "မွန်ပြည်နယ် ဝင်းကဒတ်ရွာ" တွင် နေထိုင်စဉ် ၁၉၃၉ ခုနှစ်၌ ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားလာခဲ့လေ၏။ ထိုအချိန်ကာလအတွင်း ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးသည် နယ်ချဲ့တို့၏ လက်အောက်မှ ရုန်းရင်းကြီး လွတ်မြောက်ရမည်ဟူသော အဓိဋ္ဌာန်ဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး၏ ဖခင်၊ လွတ်လပ်ရေး ဗိသုကာကြီး ဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၀ ပြည့်နှစ်၊ ဩဂုတ်လတွင် မြန်မာပြည် ပြင်ပသို့ ထွက်ခွာကာ အကူအညီ ရှာဖွေခဲ့လေသည်။ ထို့နောက် မြန်မာပြည် လွတ်လပ်ရေး ရစေမည်ဟူသော ဂျပန် အစိုးရ၏ ကတိကို ရယူကာရဲဘော် သုံးကျိပ်တို့နှင့် အတူ စစ်ပညာကို သင်ကြားခဲ့၏။ ၁၉၄၁ ခု၊ ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ယိုးဒယားပြည် ဘန်ကောက်မြို့၌ ဗမာ့လွတ်လပ်ရေး တပ်မတော်ကို ဖွဲ့စည်းခဲ့လေသည်။

ထို့နောက်တွင်ကား ဗိုလ်ချုပ် အောင်ဆန်းကြီးမှူး ရှေ့ဆောင်သော ဗမာ့လွတ်လပ်ရေး တပ်မတော်သည် ဂျပန်စစ်တပ်များနှင့်အတူ ပူးတွဲချီတက်လာပြီးနောက် နယ်ချဲ့လက်အောက်မှ မြန်မာနိုင်ငံတော်ကြီးကို ပြန်လည်သိမ်းပိုက်ခဲ့လေသည်။

သို့သော် ဂျပန်စစ်တပ်သည် မြန်မာပြည် လွတ်လပ်ရေးရစေမည်ဟူသော ကတိကို ဖောက်ဖျက်ရုံမျှသာမက ပြည်သူလူထုအပေါင်းတို့အား ညှင်းပန်းနှိပ်စက်မှုများကို ပြုကျင့်လာခဲ့လေသည်။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းသည် ဂျပန်ဖက်ဆစ်တို့အား တော်လှန်တိုက်ခိုက်ရာ၌ လက်ရုံးရည်၊ နှလုံးရည်ဖြင့် ပြည့်စုံသော လူငယ်လူရွယ်များ လိုအပ်သည်ဖြစ်ရာ လူငယ်တို့အား စစ်ပညာသာမက ရန်သူအားချောင်းမြောင်း တိုက်ခိုက်ခြင်း၊ အနီးကပ်ရင်ဆိုင် တိုက်ခိုက်ခြင်းတို့အတွက် ကိုယ်လုံ၊ ကိုယ်ခံပညာရပ်များကို တတ်ကျွမ်းရန် လိုအပ်သည်ဖြစ်ရာ ဆရာကြီးဘိုးသက္က ကဲ့သို့သော ပညာရှင်များအား ပန်ကြား ဖိတ်ခေါ်ခဲ့လေသည်။ သို့ဖြစ်၍ ဆရာကြီး ဘိုးသက္ကသည် မြန်မာပြည်သူ၊ ပြည်သားများ ဖက်ဆစ်ဂျပန်တို့၏ ကြမ်းကြုတ် ရက်စက်စွာနှိပ်စက်သော ဘေးတို့မှ လွတ်မြောက်စေရေးတို့အတွက် ဖက်ဆစ် ဂျပန်တော်လှန်ရေးကြီး၌ အုတ်တစ်ချပ်၊ သဲတစ်ပွင့် ဖြည့်ဆည်းနိုင်ရန်အတွက် အညာကျေးလက်မှဆီသည် ဟန်ဆောင် ရုပ်ဖျက်ခါရန်ကုန်မြို့၌ ဗိုလ်ချုပ်အောင် ဆန်းနှင့် တွေ့ဆုံရန်လာ ရောက်ခဲ့ခြင်း ဖြစ်ပေသည်။

ဆရာကြီးဘိုးသက္ကသည် အေးရွာကလေးတွင် တစ်လခန့်နေထိုင်ပြီး လူငယ်လူရွယ်တို့အား ကိုယ်လုံး ကိုယ်ခံပညာရပ်များကို သင်ကြားပေးပြီး နောက် မင်္ဂလာဒုံမှတစ်ဆင့် ဆော်(စ်)



www.burmeseclassic.com

www.burmeseclassic.com

ကားစီးကာ ရန်ကုန်မြို့ထဲသို့ ထွက်ခွာလာခဲ့လေသည်။ သူ၏ဆီဒိုးများကို အေးရွာမှလူကြီးများက တန်ဖိုးဖြတ်ခါယူထားလိုက်ပြီဖြစ်၏။ ထို့ကြောင့် ယခုအခါ၌ ဆရာကြီးမှာ ဘန်ကောက်လုံချည်၊ လည်ကတုံးအကျီနှင့် သားသားနားနားဖြစ်နေ၏။ သို့သော် ဆရာကြီး၏ ဦးခေါင်းပေါ်မှ သျှောင်ထုံးနှင့် ပခုံးပေါ်မှ ယောကျ်ားဆောင်း ကြက်ဆင်ဇာဆိပ်ဖဲထီးချိတ်ကောက်ကြီးသည် ဆရာကြီးအား အညာကျေးလက်မှ တောသားကြီးမှန်းလူတကာကို သိစေသော အမှတ်အသားဖြစ်နေပေသည်။

ဘတ်(စ်) ကားကြီးသည် အရှိန်အဟုန်ဖြင့် ပြေးလွှားကာနေပေသည်။ မကြာမီ လမ်းမတော်မှတ်တိုင်တွင် ရပ်မည်ဖြစ်ရာ မှတ်တိုင်၌ ဆင်းမည့်သူများကလည်း ထိုင်ခုံလွတ်သည်နေရာများကို အတင်းတိုးဝှေ့ကာသွားနေကြ၏။ လူအများကိုယ့်အာရုံနှင့်ကိုယ်အလုပ်ရှုပ်နေကြချိန်တွင် အသံတစ်သံ ကျယ်လောင်စွာ ထွက်ပေါ်လာလေ၏။

"ခါးပိုက်နှိုက် . . . ခါးပိုက်နှိုက်"

ကိုယ့်အာရုံနှင့်ကိုယ် ကိုယ်စီကိုယ်ငှအလုပ်ရှုပ်နေကြသော လူအများသည် အသံလာရာသို့ လှမ်းမျှော်ကြည့်ရှုလိုက်သောအခါတွင် ရှောင်ထုံးနှင့် ပခုံးထက်ယောကျ်ားဆောင်း ဖဲထီးတစ်ချောင်းကို ချိတ်ဆွဲထားသော အသက်(၈၀)ခန့် အညာကျေးလက်မှ တောသားကြီးတစ်ဦးကို တွေ့ရှိလိုက်ရလေသည်။

အဘိုးအို၏ အော်သံကြောင့် အဘိုးအို၏ ရှေ့တစ်ယောက်ကျော်ရှိ အမျိုးသမီးတစ်ဦး၏ စလင်းဘက်အိတ်ခွဲပြီး ခါးပိုက်နှိုက်ရန် ကြံစည်နေသော ကျောက်ဖြူနန်းကျော်ကြီးသည် "တွန့်ကနဲ" ဖြစ်သွားကာ စလင်းဘက်ကို ခွဲမည့် ဘလိတ်ဓားအား လက်ဖဝါးထဲဝှက်ခါလက်ကို အသာပြန်လည် ရုတ်လိုက်၏။

ပြီး . . . မိမိနှင့် မဆိုင်သော အလုပ်ကို ဝင်ရှုပ်သော အဘိုးအိုအား စောင်းငဲ့ကာ မိုက်ကြည့် ကြည့်လိုက်၏။ အဘိုးအိုမှာ သူနှင့်မဆိုင်သလို ခပ်တည်တည်ပင် ဟိုကြည့် ဒီကြည့် လုပ်နေလေသည်။ ထိုအဖြစ်ကို မြင်ရသောအခါ ကျောက်ဖြူနန်းကျော်ကြီး၏ ဒေါသဒီဂရီသည် ငယ်ထိပ်သို့ဆောင့်ကာ တက်လာလေတော့၏။

ထို့ကြောင့် အံတစ်ချက်ကြိတ်လိုက်ပြီး ပြဿနာပေါ်လာပါက ဝင်ကူရန် အဆင်သင့်စောင့်နေသော အဘိုးအို၏ နောက်ဘက်ရှိ သူ့လူ (၂)ယောက်အား အသားခေါင်းဆတ်ပြလိုက်ပြီး အဖိုးအိုအားဆုံးမရန် အချက်ပြလိုက် လေသည်။

အဘိုးအို၏ နောက်ဖက်လူ (၂)ယောက်ကျော်တွင် ရှိနေကြသော စိန်ဓား၊ မြောင်တိုးကြီးနှင့် ခါးသန်းဌေးတို့သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာပြုံးလိုက်ကြ၏။ သူတို့ (၂) ဦးသည် ကျောက်ဖြူနန်းကျော်ကြီး ခါးပိုက်နှိုက်ရာတွင် အဆင်ပြေပါက ဝင်ပါစရာ မလိုသော်လည်း ပြဿနာ



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုခု ဖြစ်ပေါ်လာပါက လိုအပ်သလို ဝင်ရောက်ကူညီလှုပ်ရှားမည့် ပြဿနာ ရှင်းလင်းရေး ကူညီအဖွဲ့ဖြစ်ပေသည်။

စိန်ဓားမြှောင်တိုကြီးသည် ဓားမြှောင်နှင့် မျက်နှာအလှပျက်အောင်ခြစ်ပြရမလား။ သို့တည်းမဟုတ် အူအတွေး လိုက်ထွက်ကျလာအောင် လက်စွမ်းပြရမလား။ ဓားမြှောင်ကို အမျိုးမျိုးကျွမ်းကျင်စွာ အသုံးပြုနိုင်သည့်အတွက်ကြောင့် စိန်ဓားမြှောင်ဘွဲ့ရထားသူ ဖြစ်၏။

ခါးသန်းငွေမှာလည်း သူ၏ လက်ညှိုးနှင့် လက်ခလယ်ကြားတွင် ညှပ်ထားသော သင်တုံးဓားတမျှထက် အောင်သွေးထားသည့် ဗိုက်ဆံဆယ်ပြားစေ့ကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်သူဖြစ်၏။ သူ ခါးပိုက်နှိုက်မည့် သားကောင်၏ အိတ်ကို ခွဲရမလား။ စလင်းဘတ်အိတ်ကို ဖြတ်ထုတ်ရမလား။ လူတစ်ယောက်၏ မျက်နှာ၊ လည်ပင်း၊ ခြေ၊ လက်တို့ကို လှီးဖြတ်ရမလား။ အင်မတန်ကြောက်စရာကောင်းသော လက်နက်ဖြစ်သည်။ တစ်လောက မိန်းမကြီးတစ်ဦး၏ ဆွဲကြိုးကို ဖြတ်နေစဉ် ယခုလိုဘေးမှ အော်ဟစ်သတိပေးမိသော မိန်းကလေးတစ်ယောက်၏ မျက်နှာကိုဆယ်ပြားစေ့နှင့် ခြစ်ပစ်ခဲ့ရာ မိန်းကလေးများ ဒဏ်ရာကြီးသောရာ၊ ရှင်ရာသို့ ပါသွားခဲ့လေသည်။

လမ်းမတော်တစ်ဝိုက်တွင် မည်သူမျှ သူတို့သုံးဦးကို မော်မကြည့်ရဲ သုံးယောက်ပေါင်း လောင်းကျော်သော ရဲသုံးဘော်အဖွဲ့ဖြစ်၏။ ယခုသူတို့ရဲ့ သုံးဘော်အဖွဲ့သည် ဘာမဟုတ်သည့် တောသားအဘိုးကြီးတစ်ယောက်ကြောင့် ဓားပေါက်ပိတ်မည့်ကဲ့သို့ ဖြစ်နေလေ၏။ ဒီအဖြစ်မျိုးတော့ လက်မခံနိုင်ပါ။ ဒီဖြစ်ရပ်ကို အခြားအဖွဲ့များ သိသွားလျှင် သူတို့အဖွဲ့ သိက္ခာကျရပေတော့မည်။ ထို့ကြောင့်...

"သေပေတော့... အဘိုးကြီးစုတ်"

ခါးသန်းငွေသည် မထိတနိုးရင်း အဘိုးအိုအနားသို့ တိုးကပ်ခါသွားလိုက်၏။ ခါးသန်းငွေ ဤကဲ့သို့ပြုံးပါက အကြောင်းသိသူများ ရှောင်ကာသွားကြ၏။ ခါးသန်းငွေသည် ကြောင်ကကြွက်ကို အစွမ်းပြသည့်နှယ် သူ၏ဆယ်ပြားစေ့ အစွမ်းကို အမျိုးမျိုး ထုတ်ဖော်ပြသပြီးမှ တစ်ဖက်လူ၏ အသက်စည်းစိမ်ကို ချွေပစ်တတ်၏။ ယခုလည်း သူသည် သူ၏ ကိုယ်ပိုင်မရဏအပြုံးကို ပြုံးကာ အဘိုးအိုအနားသို့ ချဉ်းကပ်ခါလာနေပြီ ဖြစ်၏။

ထိုအချိန်တွင် ဘတ်(စ်)ကား ဒရိုင်ဘာသည် အဘိုးအို၏ အော်သံကြောင့် ကားဘရိတ်ကို အုပ်လိုက်ရာ ရုတ်တရက်ကားမှာ တုန့်ခနဲရပ်သွားလေသည်။ ထိုအခါ ခါးသန်းငွေသည် ယိမ်းယိုင်သွားသော ခန္ဓာကိုယ်ကို ထိန်းသိမ်းနိုင်ရန် ကားခေါင်မိုးတွင် တပ်ဆင်ထားသော လက်တန်းအား လှမ်းကာဆွဲလိုက်ရလေ၏။

အဘိုးအိုသည် ဘတ်(စ်)ကား တုန့်ခနဲရပ်လိုက်သည်တွင် သူ၏ရှေ့တွင် ရှိနေသော ကျောက်မြှုန်းရေအိုးကြီး



www.burmeseclassic.com

www.burmeseclassic.com

အနားသို့ ယိမ်းယိုင်ကာ ရောက်ရှိသွားပြီး ကျောက်ဖြုန်းကျော်ကြီး၏ အရှိက်အား ပခုံးစောင်းဖြင့် ပစ်တိုက်ထည့်လိုက်၏။ ပြီးသည်နှင့် ထိုမှတွန်းကန်ထွက်လာသော အရှိန်ကိုယူကာ နောက်သို့ဆုတ်ပြီးလျှင် ခါးသန်းငွေ၏ ရင်ဝသို့ တံတောင်ဖြင့် နောက်ပြန်တွတ်ထည့်လိုက်လေသည်။

ကားအရှိန်၊ လူအရှိန်နှစ်ခုပေါင်းအားကြောင့် ပြင်းထန်သောအရှိန်အဟုန်ဖြစ်ပေါ်လာပြီးလျှင် ခါးသန်းငွေ၏ ခန္ဓာကိုယ်ကြီးသည် ဘတ်(စ်)ကားနောက်ဘက်သို့ လွင့်စင်ထွက်သွားပြီးနောက် ဘတ်(စ်)ကား၏ နောက်ဘက်ခြမ်းနှင့် ထိမှန်ကာအောက်သို့ ပြုတ်ကျသွားလေတော့သည်။

"ဝုန်း..."

လူအများမှာ ဝုန်းကနဲ မြည်ဟီးသံကြောင့် ရှုံကနဲဘေးသို့ ရှောင်ကာပေးလိုက်ကြသဖြင့် ခါးသန်းငွေမှာ လွတ်လွတ်ကျွတ်ကျွတ် လွင့်ပျံထွက်ခါ ပြုတ်ကျသွားခြင်း ဖြစ်သည်။

ကားရပ်သွားသောကြောင့် အဘိုးအိုသည် ကား၏နောက်ပေါက်မှ ဆင်းကာ သူသွားလိုရာသို့ အေးချမ်းစွာ ထွက်ခွာသွားလေတော့သည်။

အဘိုးအိုက အေးချမ်းစွာ ထွက်ခွာသွားသော်လည်း စိန်စားမြောင်တို့ကြီးက မအေးချမ်းနိုင်ပါ။ ဘယ်ကလာလို့ ဘယ်သူမှန်းမသိသည့် အဖိုးကြီးကိုမှ မနိုင်လျှင် အရပ်ရပ်နေပြည်တော်ကြားမတော်လို့ စိန်စားမြောင်ဖြစ်ရတော့မည်။ ကြည်မြင်တိုင်၊ ရေကျော်ဘက်မှ ဘဝတူ ခါးပိုက်နှိုက်လုမိုက်များ ဝိုင်းကာလှောင်ပြောင်၊ ဟားတိုက်ကဲ့ရဲ့ ကြခြေတော့မည်။ မိမိတို့ရာဇဝင်တော့ အပျက်မခံနိုင်။ ထို့ကြောင့် ကျောက်ဖြုန်းကျော်ကြီး၏ ဘော (ငယ်ပါ) အား ထောက်မိရာ ကျောက်ဖြုန်းကျော်ကြီးမှာ သံတုတ်မြောက်လျက် ကုန်းကွကွကြီး ဖြစ်နေ၏။

အဘိုးအိုသည် ထီးကိုမြေပြင်သို့ ထိုးစိုက်ချလိုက်ပြီး မြေပေါ်ခွထောက်ထိုင်ချကာ ကျောက်ဖြုန်းကျော်ကြီး၏ ဘောတည့်တည့်သို့ လက်သီးတစ်လုံးကို ထိုးသွင်းလိုက်လေသည်။

"ဘုတ်..."

"ခွပ်..."

"အီး..."

ကျောက်ဖြုန်းကျော်ကြီးမှာ သူ၏ ငယ်ပါကို လက်နှစ်ဖက်ဖြင့် အုပ်ခါ တဂစ်ဂစ်တက်နေ၏။

"ဂစ်... ဂစ်... ဂစ်... ဂစ်... ဂစ်... ဂစ်"

အဘိုးအိုသည် ကျောက်ဖြုန်းကျော်ကြီး၏ အင်္ကျီအိတ်ထဲမှ မီးခြစ်နှင့် ကပ္ပိတန်စီးကရက်ဘူးကို ဆွဲထုတ်ခါ စီးကရက်တစ်လိပ်ကို ဆွဲထုတ်ယူလိုက်၏။ ထို့နောက် စီးကရက်ဖင်စီခံဖြင့် ကျောက်ဖြုန်းကျော်ကြီး၏ ဦးခေါင်းပေါ်တွင် တစ်ချက်၊ နှစ်ချက်ခေါက်လိုက်ပြန်၏။ ပြီးနောက် စီးကရက်ကို မီးညှိကာ တစ်ချက်မျှ ရှိုက်ဖွာပြီး ကျောက်ဖြုန်းကျော်ကြီး၏ ပါးစပ်တွင် စီးကရက်ကို တပ်ခါပေးလိုက်၏။

ထိုနောက်မြေပြင်ပေါ်တွင်

www.burmeseclassic.com

စိုက် ထားသောထီးကို ဆွဲယူပြီးလျှင်
အဝေးသို့ ထွက်ခွာသွားလေတော့သည်။
လူအားလုံးမှာ မိမိတို့ မြင်တွေ့ရသည့်
မြင်ကွင်းကို မယုံကြည်နိုင်ဟန်ဖြင့်

ပါးစပ်အဟောင်းသားဖြစ်ခါ ငေးမော၍
ကျန်ရစ်ခဲ့ကြ၏။
ကျောက်ဖြုန်းကျော်ကြီးမှာမူ
ပါးစပ်တွင် စီးကရက် တစ်လျက်

မိမိငယ်ပါကို လက်ဝါးဖြင့် အုပ်ခါ
တဂစ်ဂစ်တက်နေဆဲ···။

ကြည်ဝင်း(ဟသာတ)

ဆရာမကြီး
ဒေါ်သိန်းယဉ်
အမှတ်
တံဆိပ်
မှတ်ပုံတင်ပြီး
မားတံဆိပ်
နှတ်ဖျားဆေး
အမှတ်–၁၉/၂၁၊ ကျောင်းလမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့
တိုင်းရင်းဆေးဝါးယာယီမှတ်ပုံတင်အမှတ် - 0610Y008484



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

ကျော်ဇေယျသည် ရုံးအားရက်ဖြစ်၍ နံနက်စာ ထမင်းစားပြီး ပက်လက်ကုလားထိုင်ပေါ်တွင် စာအုပ်ဖတ်ပြီး အေးချမ်း ငြိမ်ကျနေလေသည်။ ကျော်ဇေယျတို့ အိမ်သည် တောင်ကုန်းပေါ်တွင်ရှိပြီး လှေခါးထစ်ကလေးများမှ တက်လာမှ အိမ်သို့ရောက်၏။ ခြေသံ ကြား၍ စာအုပ်ကိုပိတ်ပြီး လှေခါးထစ် လေးသို့ လှမ်းကြည့်လိုက်ရာ အဖြူ ရောင်လိုလို အဝတ်အစားများ ဝတ်ဆင်ထားသော လူရွယ်တစ်ယောက် ကိုတွေ့လိုက်ရ၏။ လူရွယ်လေးသည် လှေခါးအတိုင်း တက်လာပြီး ကျော်ဇေယျထိုင်နေရာရှေ့တွင် ခြေစုံရပ် လိုက် လေသည်။ လူရွယ်လေးမှာ အသက် (၂၀) ဝန်းကျင်ခန့်ရှိပြီး အရပ်ရှည်ရှည် ထောင်ထောင် မောင်းမောင်းဖြင့် ယောကျ်ားပီသ၏။ အသားဖြူပြီး ဆံပင်များ နက်မှောင်သန်စွမ်း၍ ထူထဲသော ဆံပင်အုံရှိပြီး မတိုမရှည်ဆံပင်ကို နောက်လှန်ဖြီးထားလေသည်။ အထူးခြားဆုံးမှာ လူရွယ်လေး၏ မျက်လုံးအစုံဖြစ်၏။ ကျော်ဇေယျကို ကြည့်နေသော မျက်လုံးများသည် မဲနက်တောက်ပြောင်းပြီး အရောင်တလက်လက်ထွက်နေ၏။ ထူထဲမဲနက်သော မျက်ခုံး မျက်တောင်နှင့် ပိရိသော နှုတ်ခမ်းတို့ကြောင့် လူချောတစ်ယောက် ဖြစ်၏။

"ဘာကိစ္စများလဲ" ကျော်ဇေယျစကားကြောင့် လူရွယ်သည် သွားစွယ်လေးပေါ်အောင် ပြုံးလိုက်ပြီး

"တိုင်ပင် ဆွေးနွေးစရာရှိလို့ပါ ထိုင်မယ်နော်"

"ထိုင်ပါ ထိုင်ပါ အမြတ်ခွန်ကိစ္စများလား"



မွန်ပြည်နယ် လက်ထောက်အခွန်ဦးစီးမှူး ဖြစ်သော ကျော်ဇေယျက သူနှင့် ပတ်သက်သည့် အမြတ်ခွန်ကိစ္စ ဟုထင်လိုက်၏။

"မဟုတ်ပါဘူးဗျာ တခြားကိစ္စပါ"

"ကဲ ဆိုပါဦး"

"ကျွန်တော်က ခေါင်းဆောင်ကျွန်း နဂါးသိုက်ကပါ"

"ဟေ…နဂါးသိုက်က ဟုတ်လား"

"ဟုတ်ပါတယ် အခု ဒီအိမ်မှာ နေမလို့ပါ နေခွင့်ပေးပါ"

"ဟေ နဂါးသိုက်ကလို့လဲ ဆိုရဲ့ ဒီမှာလဲနေမယ်ဆိုတော့ ဘယ်လိုပါလိမ့်"

"ကျွန်တော်ဟာ နောက်ပွင့်တော်မူမဲ့ အရိမေတ္တယျ ဘုရားရှင်ကို ပူဇော်မဲ့ ရေအောက် ပစ္စည်းတွေကို စောင့်ရှောက်ရတဲ့ နဂါးမင်းကြီးရဲ့ သားတော်ပါ။ အရေးကြီးတဲ့ ကိစ္စဆောင်ရွက်ဖို့ လူ့ပြည်ကိုလာရပါမယ်။ ဒါကြောင့်ပါ"



www.burmeseclassic.com

www.burmeseclassic.com

"လူယောင်ဖန်ဆင်းပြီး လာတာလား။ မရှင်းလိုက်တာကွာ"

လူရွယ်လေးသည် နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်ပြီး

"ဖေဖေတို့ ဇနီးမောင်နှံမှာ သားအဖြစ် ဝင်စားမှာပါ"

"ဟော ဘယ်တော့လဲ"

"အခုလေ မပြန်တော့ဘူး"

"စဉ်းစားခွင့် လေးတောင်မပေးလား ငါက အသက်ကြီးပြီးကွ"

"ဖေဖေက အသက် (၄၀) ပြည့်တော့မယ် မေမေက (၃၀) ပဲရှိတယ် အားလုံးသိပြီးသားပါ"

"ကောင်းကွာ မင်းက DRAGON ဒါရ်ဂွန် လေးပဲ"

"အဲဒါ ဘာပြောတာလဲ ဖေဖေ ဒါရ်ဂွန် ဟုတ်လား သားကို အဲဒီနံမည်ပေးပါ သားက ပါဠိ မကျွမ်းဘူး"

"သေတော့မှာပဲ အဲဒါအင်္ဂလိပ်လို နဂါးလို့ပြောတာကွ" "သား ကိုဒါရ်ဂွန်လို့ ခေါ်ပါ"

## (၂)

လူရွယ်လေး၏ စကားအဆုံးတွင် ကျော်ဇေယျ လန့်နိုးသွား၏။ စာအုပ်ကို ရင်ပတ်ပေါ်တင်ပြီး အိပ်ပျော်သွားပုံရ၏။

"အိပ်မက်ကလည်း ထူးဆန်းလိုက်တာကွာ ဟိုနေ့က "ခေါင်းဆေးကျွန်း"ကို သွားလည်တာကို စွဲလမ်းမိတယ် ထင်ပါရဲ့"

ကျော်ဇေယျ နှင့် ဇနီးမှုယာ တို့သည် ရန်ကုန်ဇာတိများဖြစ်ပြီး ယခု မော်လမြိုင်သို့ ရာထူးတိုးပြီး ပြောင်းလာသည်မှာ သုံးလရှိလေပြီ။ မော်လမြိုင်မြို့



၏ သာယာလှပမှု အစားအသောက် အသီးအနှံများ ပေါများမှုကြောင့် ဇနီးမောင်နှံပျော်နေကြ၏။ ရုံးအားရက်များတွင် မော်လမြိုင်မြို့တွင် နှင့် မြို့ပတ်ဝန်းကျင်များသို့ ဘုရားဖူးရင်း လည်ပတ်ကြ၏။ ပြီးခဲ့သော တနင်္ဂနွေ နေ့က ခေါင်းဆေးကျွန်းသို့ သွားခဲ့ကြသည်။

မှုယာသည် ကျောင်းဆရာမဘဝမှထွက်ထားပြီး အိမ်ရှင်မ ပီပီသသ လုပ်နေလေသည်။ တည်ငြိမ် အေးဆေးပြီး ဘာသာတရားကို လေးစား၏။ မော်လမြိုင်မြို့သည် ဗုဒ္ဓဘာသာကို ယုံကြည်လေးစားစွာ ကိုးကွယ်ဆည်းကပ်မှုရှိသဖြင့် မှုယာပို၍ ပျော်ရွှင်နေသည်။

မှုယာတို့နေသော အရာရှိတိုက်ကလေးသည် ဘိုကုန်းရပ်တွင် ရှိပြီး တောင်စောင်း တောင်နောင်မောင်းပေါ်တွင် အိမ်ကလေးများ အစီအရီရှိ၏။ တောင်ပေါ်တန်းလေးမှ ဆိုင်ကယ်ဖြင့် ဆင်းပြီး ကမ်းနားမှာ လမ်းလျှောက်ရခြင်းကို ကျော်ဇေယျနှင့် မှုယာအလွန်နှစ်သက်ကြ၏။ ကမ်းနားတွင် လတ်ဆတ်သော



www.burmeseclassic.com

www.burmeseclassic.com

လောကိုရှုရင်း ရေစီးနေသော သံလွင်မြစ်ကြီးနှင့် မှုံပြပြ ညို့ မှိုင်းမှိုင်း မြင်ရသော ဘီးလူးကျွန်း၏ အလှကိုကြည့်မဝရှုမဆုံး ဖြစ်လေသည်။

ယနေ့လည်း ကျော်ဝေယျ ရုံးဆင်းလာပြီး နှစ်ယောက်သားကမ်းနားသို့ လမ်းလျှောက် ထွက်လာကြ၏။ ကြည်နူးစရာ သဘာဝ ရှုခင်းများကိုကြည့်ရင်း

"ကိုရေ ဘီလူးကျွန်းကို သွားလည်ကြရအောင် ကိုတို့ရုံးမှာ ဘီးလူးကျွန်းက ဝန်ထမ်းတွေရှိတယ် မဟုတ်လား"

"အေးပါကွာ။ သွားတာပေါ့"

"ဟို ကမြင်နေရတဲ့ ကျွန်းကလေးက ခေါင်းဆေးကျွန်းနော်"

"အေး ဟုတ်တယ်" ကျော်ဝေယျသည် မှုယာကိုပြောရင်း ခေါင်းဆေးကျွန်းက နဂါးမင်းသား (DRAGON) ဒါဂ်ဂွန်ကို သတိရသွား၏။ ဒါဂ်ဂွန်ကို အိမ်မယ်ခဲ့တာ တစ်လကျော်သွားပြီ။

"ဒါနဲ့ ကိုရေ မှုယာလေ ခေါင်းမူးမူးနေတယ် အစာလည်း မကြေဘူး ရင်ပြည့်ပြည့်နေတယ်"

"ကဲ...လာပြန်ရင်းနဲ့ ဒေါက်တာအေးကို ဆီဝင်သွားရအောင်"

ဒေါက်တာအေးကိုသည် မှုယာကို အမျိုးမျိုး စမ်းသပ်ပြီးသောအခါ ကျော်ဝေယျကို လက်ဆွဲနှုတ်ဆက်လိုက်ပြီး...

"ကွန်ဂရက်ကျူးလေးရှင်းခင်ဗျား ကလေးချီရတော့မယ်။ မှုယာမှာ ကိုယ်ဝန်ရှိနေပြီ" ဆရာဝန်၏ စကားကို ကြားပြီး ကျော်ဝေယျသည် နဂါးမင်းသားကို သတိရပြီး မျက်လုံးအပြူးသားဖြင့်



ကြည့်နေလေသည်။

"ဟော့ရှူ ဒီလောက်တောင် ဝမ်းသာရသလား။ ကြည့်ပါဦး မျက်တောင်မခတ်ပဲ ကြောင်သွားရှာတယ်"

ထိုအခါမှ ကျော်ဝေယျ သတိဝင်လာပြီး ဝမ်းသာအားရ ရယ်မောလိုက်လေသည်။

(၃)

မှုယာသည် ကျန်းမာစွာဖြင့် ကိုယ်ဝန်ဆောင်ကာလကို ဖြတ်ကျော်ခဲ့ပြီး မိုးသည်းထန်စွာရွာသော လပြည့်ညသန်းခေါင်ယံတွင် ဖြူဖွေး ဖွံ့ထွားသော သားလေးကို ဖွားမြင်လေသည်။

ကျော်ဝေယျသည် ခုတင်ပေါ်တွင် အိပ်ပျော်နေသော ချစ်ဇနီးကို တစ်ချက်ကြည့်လိုက်ပြီး ခုတင်ခြေရင်း ပုခက်ကလေးထဲမှ နှစ်နှစ်ခြိုက်ခြိုက် အိပ်နေသော သားလေးကို ကြည့်ရင်း...

"နဂါးမင်းသား ဒါဂ်ဂွန်" ဟု ရေရွတ်လိုက်၏။ ထို့နောက် ကော်ဖီတစ်ခွက်ဖျော်ပြီး သောက်ရင်း ဆေးရုံရှေ့ ပန်းခြံလေးကို လှမ်းကြည့်နေလေသည်။


www.burmeseclassic.com

www.burmeseclassic.com

ပန်းခြံကြီး တစ်ခြံကို လှမ်းကြည့်လိုက်ရာ ကိုင်ထားသော ကော်ဖီခွက်ပြုတ်ကျမတတ် လန့်သွားလေသည်။

"မြတ်စွာဘုရား မြွေကြီးပါလား"

မြွေကြီးသည် ကျော်ဇေယျရှိရာဘက်သို့ ခေါင်းကြီးကို ငြိမ့်ပြလိုက်ပြီး ခြုံထဲသို့ တိုးဝင်သွားသည်။

စပါယ်ရှယ်နာ့ပ်စ်သည် ဆေးဗန်းလေးကိုကိုင်ပြီး ဝင်လာကာ ကျော်ဇေယျကို လှမ်းပြောလိုက်၏။

"ဒီနေ့ ထူးဆန်းလိုက်တာဆေးရုံဝင်းထဲမှာ မြွေတွေတွေ့လို့ အားလုံးလန့်သွားကြတယ် မြွေတွေမှ အကြီးအငယ် အစုံပဲ အစောင့်တွေ ရှင်းထုတ်နေကြလေရဲ့"

ကျော်ဇေယျသည် ဆရာမ၏ စကားအဆုံးတွင်...

"ခက်တော့နေပြီ ဒါ ဒါရ်ဂွန်နဲ့ ဆက်စပ်နေလား" ဟုတွေးတောရင်း သားလေးပုခက်ကို အုပ်ထားသော ဇာလေးကိုဖယ်ရင်း လေသံတိုးတိုးဖြင့်

"ဒါရ်ဂွန် မင်းနဲ့ ပက်သက်ရင် ဟိုကောင်တွေမလာစေနဲ့နော် အထူးသဖြင့် မင်းအမေတွေ့ရင် သေသွားလိမ့်မယ် သူက တီကောင်တောင် ကြောက်တာကွ"

ကျော်ဇေယျ၏ စကားအဆုံးတွင် အိပ်ပျော်နေသော ကလေးလေးသည် အားရပါးရ ပြုံးလေ၏။

ထိုအချိန်တွင် ဆေးရုံ ဝရံတာမှ တွယ်တက်လာသော မြွေကြီးတစ်ကောင်သည် မူယာနှင့် ကလေးရှိရာ အခန်းသို့ တရွေ့ရွေ့ လာနေရာမှ စိတ်ပြောင်းသွားသလို ဝရံတာမှ ပြန်ဆင်းသွားလေသည်။

ဆေးရုံမှ လုံခြုံရေး ဝန်ထမ်းများသည် ဒုတ်တစ်ချောင်းစီဖြင့် မြွေများကို မောင်းထုတ်နေကြ၏။ ဝန်ထမ်းထဲမှ အသက်ကြီးကြီး ဦးလေးကြီးက

"တစ်ယောက်မှ မသတ်ကြနဲ့နော် ဆေးရုံပေါ် မတက်နိုင်အောင် တားထား တစ်ခုခုများလို့ဖြစ်မယ် အခု နယ်တော်ရှင် နန်းမှာ ကန်တော့ပွဲနဲ့ တောင်းပန်နေပြီ" ဟု အော်ဟစ်လိုက်၏။ တဖြည်းဖြည်း မြွေများအလိုလို ပျောက်ကွယ်သွားလေသည်။

(၄)

မူယာနှင့် သားလေး ဆေးရုံမှ ဆင်းမည့် နေ့တွင် စပါယ်ရှယ်နပ်စ်က

"ကလေးအတွက်မွေးစာရင်း ယူပါမယ် ကလေးနံမည် တခါတည်း ထည့် မလား"

"ဟုတ်ကဲ့။ ဒါရ်ဂွန်လို့ နာမည် ထည့်လိုက်ပါ" ကျော်ဇေယျ စကားအဆုံးတွင်

"တံ ခွန် နံမည်လေးက အဆန်းပဲ တံခွန်" စပါယ်ရှယ်နာ့ပ်စ်သည် တံခွန် တံခွန် ဟု ရေရွတ်ရင်း ထွက်သွားလေသည်။

"ကိုရေ ဘာနံမည်ကြီးလဲ တံခွန်တဲ့ မူယာတော့ မကြိုက်ပါဘူး"

"အဲဒီလိုပဲ ဖြစ်သွားတယ် မင်း မသိသေးပါဘူးကွာ" ဟု ပြောလိုက်ရာ မူယာရင်ခွင်ထဲမှ ကလေးလေးသည် သွားဖုံးများပေါ်သည်ထိ ရီမောလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"အမယ် ရှိတယ် ရှိတယ် သားလေးက ဒိန်မည်ကိုကြိုက်သလား တံခွန် သားလေး တံခွန်" မွယာက ကလေးကြည့်ပြီး ပြောလေသည်။

အိမ်သို့ မပြန်မီ ကျော်ဇေယျသည် တပည့်တစ်ယောက်ကို အိမ်သို့ ကြိုပြီး လွှတ်လိုက်၏။

"အိမ်ပတ်ဝန်းကျင်တွေနဲ့ အိမ်ထဲမှာ အကောင်ရှည်တွေရှိမရှိ သေချာကြည့်ပြီး ရှင်းထားနော် မသတ်နဲ့ ဝေးတဲ့နေရာကိုဖမ်းပြီး လွှတ်လိုက်ကြားလား"

"ဆရာ ဆရာတို့ နေတဲ့နေရာမှာ အကောင်ရှည်မရှိပါဘူး စိတ်ချပါ" ဟု ပြောလေသည်။

သားလေး တံခွန်သည် မဖျား မနာ ကျန်းမာသန်စွာဖြင့် ၆ လ အရွယ် ရောက်လာလေသည်။ ၆ လပြည့်သော နေ့တွင် ထူးခြားဖြစ်စဉ် တစ်ခုဖြစ်ခဲ့၏။ ထိုနေ့က ကလေးကို ဧည့်ခန်းထဲတွင် အခင်းလေးပေါ်၌ သိပ်ထားပြီး မွယာက ထမင်းစားခန်းတွင် ထမင်းစားနေ၏။ အကူကောင်မလေး လုံးလုံးက ကလေးနားမှထသွားပြီး အဝတ်စိုများကို ဝရန်တာတွင် လှမ်းနေလေသည်။ ကလေးသည် အိပ်ရာမှ နိုးလာပြီး ဟိုလိမ့်ဒီလိမ့်ဖြင့် မှောက်ခုံလေးဖြစ်သွားပြီး တခစ်ခစ်ဖြင့် အသံထွက်အောင် ရီနေလေသည်။ မွယာ ထမင်းစားပြီး ထွက်လာသောအခါ သားလေးကိုကြည့်ပြီး အသံကုန်အော်လေသည်။

"အမယ်လေး မြွေကြီး မြွေကြီး လာကြပါအုံး" ဟုအော်ရင်း မေ့လဲသွားလေသည်။ မွယာ အော်သံကြောင့် လုံးလုံး ပြေးဝင်လာရင်း ကလေးကိုကြည့်လိုက်ရာ

"မြွေကြီး မြွေကြီး" ဟု အော်ပြီး အိမ်ပြင် သို့ ထွက်ပြေးလေ၏။ မွယာနှင့် လုံးလုံး၏ အော်သံကြောင့် အိမ်နီးနားချင်းအချို့ ပြေးလာသောအခါ မြွေကြီးမရှိတော့ချေ။ မွယာကို ပြုစုပြီး ကျော်ဇေယျထံ ဖုန်းဆက်ကြ၏။ ကျော်ဇေယျသည် ဖြစ်စဉ်ကိုနားထောင်ပြီး မွယာ၏ လက်နှစ်ဖက်ကို ဆုတ်ကိုင်ပြီး အားပေးလေသည်။

"မကြောက်ပါနဲ့ကွာ ဟိုကောင် မရှိတော့ပါဘူး"

"ကိုက ဘာသိလို့လဲ ကလေးနဲ့ မြွေက ခေါင်းချင်းဆိုင်နေပြီး မငြိသွားတာ ကံကောင်း"

"မင်း မသိသေးပါဘူး မွယာရယ်"

(၅)

ကျော်ဇေယျသည် သားလေးကိုချီပိုးရင်း ကလေးနားနားသို့သို့ ကပ်က တိုးတိုးပြောလေသည်။

"ဒါနဲ့ဂွန် မင်းအမျိုးတွေ မလာစေနဲ့ နောက်တခေါက်ဆို မင်းအမေသေမှကွာ အသက် ၆ လနဲ့ အမေကို သက်တဲ့သား ဖြစ်သွားမယ်နော်"

ထိုအခါ ကလေးလေးသည် ကျော်ဇေယျ၏ လည်ပင်းကိုဖက်ပြီး တခစ်ခစ်ရီလေသည်။ နောက်ပိုင်းတွင် ကျော်ဇေယျတို့ အိမ်တွင် မြွေများလုံးဝ မတွေ့ရတော့ချေ။ သားလေး တံခွန်သည် ကြီးပြင်းလာလေ ချစ်စရာကောင်းလေဖြစ် မြင်ရသူတိုင်း ချစ်ခင်ကြ၏။ အများ





www.burmeseclassic.com

www.burmeseclassic.com

အနာကင်းပြီး အကြောင်းမဲ့ ငိုခြင်းမရှိ အေးချမ်းစွာနေလေသည်။ မိခင်ထက် ဖခင်ကို ပိုကပ်လေ့ရှိပြီး ကျော်ဇေယျ နောက်တကောက်ကောက် လိုက်နေတတ်၏။ ကလေးသည် ဝမ်းလျားထိုး သွားတတ်သောအခါ အခြားကလေးများ ထက်ပိုမို လျင်မြန်စွာ တွားသွားလေသည်။ ကျော်ဇေယျ မျက်စိထဲတွင် မြွေတစ်ကောင် တွားသွားနေသကဲ့သို့ မြင်မိလေ၏။

တံခွန် အသက်သုံးနှစ်ပြည့်သောအခါ ကျော်ဇေယျ၏ ဘဝတာဆစ်ချိုးပြောင်းလဲသွား၏။ ရုံးမှပြန်လာသော ကျော်ဇေယျက မွှယာကို ပြောလေသည်။

"ရုံးမှာတော့ သတင်းထွက်လာပြီး ကို ရန်ကုန် ရုံးချုပ်ကို ပြောင်းရမယ်တဲ့"

"ဟင် . . . မော်လမြိုင်မှာ အခြေချနေတာ ရန်ကုန်ပြောင်းရင် နေရေးထိုင်ရေး ခက်ဦးမယ်။ သားလေးနဲ့ဆိုတော့ ကိုတို့မိဘတိုက်ခန်းမှာလဲ မဖြစ်ပါဘူး"

"ဝန်ထမ်း အိမ်ယာက အခန်းရဖို့ကို ကြိုးစားပါဦးမယ် ဒီမှာ လိုတော့ ခြံနဲ့ ဝင်းနဲ့ ကျယ်ကျယ်ဝန်းဝန်း ဘယ်ရှိပါ့မလဲကွာ"

ကျော်ဇေယျ၏ စကားအဆုံးတွင် အနားမှာ ကစားနေသော တံခွန်လေးသည် ပြေးလာပြီး ကျော်ဇေယျ ကိုယ်ပေါ်သို့ ဖက်တက်ကာ လည်ပင်းကို လက်နှစ်ဖက်ဖြင့် သိုင်းဖက်ပြီး ဖခင်နှင့် မျက်နှာချင်းအပ်၍ နဖူးချင်းပွတ်လေသည်။

သုံးလခန့်အကြာတွင် ကျော်



ဇေယျထံသို့ ရန်ကုန်မှ ရှေ့နေတစ်ဦး လာရောက်တွေ့ဆုံ၏။

"ကျွန်တော့ကို အမေရိကားမှာရှိတဲ့ ဦးကျော်ဇော ရဲ့ သေတမ်းစာနဲ့ ပတ်သက်ပြီး ဆောင်ရွက်ဖို့ တာဝန်ပေးထားပါတယ် ဦးကျော်ဇောကို သိမှာပါလား"

"ကျွန်တော့ အဖေရဲ့ ညီအရင်းပါ အဆက်အသွယ်ပြတ်နေတာ ၃ နှစ်လောက်ရှိပြီ ကဲဆိုပါဦး"

"ခင်ဗျာရဲ့ ဦးလေးဟာ လွန်ခဲ့တဲ့ ၆ လက အဆုတ်ကင်ဆာ ရောဂါနဲ့ ကွယ်လွန်သွားပါပြီ သူ မကွယ်လွန်မီမှာ ရန်ကုန်မြို့ပြည်လမ်း ၆ မိုင်ခွဲမှာရှိတဲ့ သူပိုင် အိမ်နဲ့ခြံကို ခင်ဗျားကိုပေးခဲ့ပါတယ်"

ဦးကျော်ဇေယျသည် မယုံနိုင်သလို ရှေ့နေကို ကြည့်နေမိလေသည်။ ရှေ့နေက ဆက်၍ . . . .

"ဗွားရမ်းထားတဲ့ သံရုံးဝန်ထမ်း မိသားစုလဲ နိုင်ငံခြားပြန်သွားပြီမို့ သော့ခတ်ထားပါတယ် ဒီမှာပါ" ပြောရင်း

www.burmeseclassic.com

သေ့ာတွဲကြီး တစ်တွဲကို အိတ်ထဲမှ ထုတ်ပေး၏။

"ဒီစာချုပ် စာရွက်စာတမ်းတွေ ကို လက်မှတ်ထိုးပါ ခင်ဗျာ ဒီအိမ်ရဲ့ ပိုင်ရေးဆိုင်ခွင့် အားလုံးကို ဦးကျော်ဇေယျ တစ်ယောက်ပဲ ပိုင်ဆိုင်ပါတယ်"

စာရွယ်စာတမ်း ကိစ္စများပြီးဆုံး သောအခါ ကျော်ဇေယျသည် ရှေ့နေကို လက်ဆွဲနှုတ်ဆက်ပြီး·····

"ကျေးဇူးတင်ပါတယ်ဗျာ" ဟု လှိုက်လှိုက် လှဲလှဲ ပြောလိုက်လေသည်။

(၆)

ကျော်ဇေယျသည် သူ၏ ရှေ့ စားပွဲတွင်ရှိသော သေ့ာတွဲကြီးနှင့် စာရွက်စာတမ်း ထည့်ထားသည့် အိတ်ညို ကြီး ကို မယုံနိုင်သလို ငေးကြည့်နေမိ၏။ ဦးလေးဦးကျော်ဇောသည် အမေရိကား သို့ ထွက်သွားပြီး ခဏပြန်လာကာ ထို အိမ်နှင့်ခြံကိုဝယ်ခဲ့၏။ ထိုနောက် အမေ ရိကားမှာ အပြီးနေတော့၏။ ငယ်စဉ်က တည်း အားလုံးထက် ကျော်ဇေယျကို ချစ်ပိုခဲ့သည် မှန်သော်လည်း သူတစ်ဦး ထဲကို အမွေပေးသွားမည် ဟု မထင်ခဲ့ ပါ။

ညနေ အိမ်ပြန်ရောက်၍ မွယာ အားပြောပြသောအခါ မွယာသည် အံ့ဩလွန်း၍ ဘာမှ မပြောနိုင်ခဲ့ပါ။ ယခု ရန်ကုန်မြေဈေး အိမ်ဈေးအရ ပြည်လမ်း ပေါ်ရှိ အိမ်နှင့်ခြံ၏ တန်ဖိုးသည် ကျော် ဇေယျတို့ ဒီတသက် အနားကပ်နိုင်မည့် ပုံမပေါ်·····

"အော် ထူးလေစွ ထူးလေ စွ"

အံ့ဩ ဝမ်းသာဖြစ်နေကြသော



ကျော်ဇေယျနှင့် မွယာထံသို့ တံခွန်လေး သည် ကစားနေရာမှပြေးလာကာ ကျော် ဇေယျကိုယ်ပေါ် တက်လေသည်။ ထို နောက်လည်ပင်းကို လက်နှစ်ဖက်ဖြင့် သိုင်းဖက်ပြီး နဖူးချင်းပွတ်လေသည်။ ကျော်ဇေယျသည် သားလေး၏ အပြုအမူ ကြောင့် ပြုံးပြုံးကြီး ဖြစ်သွားပြီး···

"ခါရှုံနံလေး ငါသိတယ်နော်" ဟု ပြောလိုက်ရာ မွယာက သားအဖနှစ် ယောက်ကို ကြည့်၍···

"ကိုက ဘာသိတာလဲ" ဟု မေးလိုက်ရာ···

"မင်းမသိသေးပါဘူးကွာ" ဟု ကျော်ဇေယျက ပြောလိုက်လေသည်။

သုံးလခန့် အကြာတွင် ကျော် ဇေယျ ရထူးတိုး၍ ရန်ကုန်သို့ ပြောင်းရ၏။ မော်လမြိုင်မှ ထွက်ခွာသည့်နေ့တွင် မိသားစုစီးလာသော ကားလေး သံလွင် တံတားကြီးပေါ်မှ ဖြတ်သန်းစဉ် တံခွန် လေးက ခေါင်းခေးကျွန်းကို လက်ညှိုး ထိုးပြပြီး···

"ဖေဖေ ဟိုမှာ ဟိုမှာ" ဟု





www.burmeseclassic.com

www.burmeseclassic.com

အော်လေသည်။ ကျော်ဝေယျသည် သားကို ဖက်ထားပြီး ပြောလိုက်၏။

"အေးပါ အေးပါ အဲဒါ ခေါင်းဆေးကျွန်းကို မြင်ရသည့်အထိ ငေးကြည့်သွားလေသည်။

ရန်ကုန်ပြည်လမ်း ၆ မိုင်ခွဲရှိ အိမ်ကလေးမှာ တစ်ထပ်တိုက်ပုပု ပြားပြားလေးဖြစ်ပြီး ကျယ်ဝန်းသော ခြံကြီးထဲတွင်ရှိ၏။ အိမ်အနောက်ဖက်တွင် သရက်ပင် မရမ်းပင် ပိန္နဲပင် စားပင်ကြီးများရှိပြီး အိမ်ရှေ့ ကွက်လပ်တွင် ပန်းမျိုးစုံ စိုက်ထား၏။ ရနံ့မွှေးသော ယုဇနဖွှန် စပါယ်ရုံများ အပြင် လှပသောအခြားပန်းပင်များလည်း ဝေဝေဆာဆာရှိနေ၏။ တံခွန်သည် ပန်းပင်များကြားတွင် ပြေးလွှားပြီး လိပ်ပြာရောင်စုံများ ဖမ်းနေလေ့ရှိသည်။ ညနေခင်းတွင် မိသားစု အင်းလျားကန်ဘောင်တွင် လမ်းလျှောက်ကြသည်။ တံခွန်လေးသည် အင်းယားရေပြင်ကြီးကိုကြည့်ပြီး ပျော်ရွှင်နေလေသည်။

ကြီးပြင်းလာသော တံခွန်လေးကို ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းတွင် ပညာသင်ကြားစေခဲ့သည်။ တံခွန်နှင့် ပက်သက်သော ထူးခြားဖြစ်စဉ် တစ်ခုဖြစ်ခဲ့လေသည်။ ကျောင်းမတတ်မီ ကုက္ကိုလ်ပင်ကြီးများ အောက်တွင် တံခွန်သည် ဘတ္တရီ ကားရုပ်ကလေးဖြင့်ဆော့နေ၏။ တတိယတန်းမှ ကျောင်းသားလေးနှစ်ဦးသည် တံခွန်၏ ကားလေးကို တစ်ယောက်ကယူပြီး တစ်ယောက်က တံခွန်ကို တွန်းလဲပြီး ခြေဖြင့် ကန်ရန်ရွယ်လိုက်စဉ် ပျော့ပျော့အိအိ အရာတစ်ခုသည် ရွယ်ထားသောခြေထောက်ကို ဖျပ်ကနဲ ပတ်လိုက်လေသည်။ ကျောင်းသားလေးသည် မိမိခြေထောက်ကို လှမ်းကြည့်ပြီး ကြောက်လန့်တကြား အသံကုန်အော်လေသည်။

"အား မြွေကြီး" ဟု အော်ပြီး ထွက်ပြေးရာ မြွေကြီးသည် ခြေထောက်ပတ်ပြီး တရွတ်တိုက်ပါလာလေသည်။ ကျောင်းသားများလည်း "မြွေကြီး မြွေကြီး" ဟု အော်ကြပြီး ထွက်ပြေးကြရာ ရုတ်ရုတ်သဲသဲ ဖြစ်ကုန်၏။ တံခွန်က

"မြန်မြန်သွား အန္တရာယ်ရှိတယ်" ဟု တိုးတိုးပြောလိုက်ရာ မြွေကြီးသည် လမ်းဘေးသို့ဆင်းပြီး ပျောက်ကွယ်သွားလေသည်။ မြွေပတ်၍ ဆတ်ဆတ်တုန်အောင်လန့်သွားသော ကလေးကြောင့် ဆရာမကြီးက "မြွေ အန္တရာယ်ရှိ၍ ကုက္ကိုလ်ပင်ကြီးများ အောက်သို့ မသွားရ" ဟု စာထုတ်လေသည်။

အချို့ကျောင်းသားလေး များက တံခွန်သည် မြွေကြီးနှင့်စကားပြောခဲ့ကြောင်း ပြောကြလေသည်။ ထိုအချိန်မှ စ၍ တံခွန်ကို ကျောင်းသားအချင်းချင်း အနိုင်မကျင့်ရဲကြတော့ချေ။

(၃)

တံခွန် ဆယ်တန်းရောက်သောအခါ ဦးကျော်ဝေယျသည် ညွှန်ကြားရေးမှူး ဖြစ်နေလေပြီ။ ဦးကျော်ဝေယျရော မယားပါသားကို မခွဲမခွာရက်အောင်ချစ်ကြ၏ ခရီးထွက်ပါကလည်း သုံးယောက်အတူသွားလေ့ရှိပြီး မိသားစုမကွဲမကွာ သွားလာကြ၏။ တံခွန်၏ မိဘအပေါ်



www.burmeseclassic.com

www.burmeseclassic.com

ရှိသေလေးစားမှု သိတတ်မှုများကို ပတ်ဝန်းကျင်ကလည်း အသိအမှတ်ပြုကြ၏။

တံခွန်သည် ကရာဇေးကစား သည် စာကျက်သည် အပျော်အပါးမရှိ သူငယ်ချင်း ၃ ဦးကလွဲလျှင် အပေါင်းအသင်းနည်း၏။ တံခွန် ဆယ်တန်းကိုလေး ဘာသာ ဂုဏ်ထူးဖြင့် အောင်လေသည်။ ဦးကျော်ဇေယျတို့ ဇနီးမောင်နှံမှာ ဝမ်းသာမဆုံးပဲ သားအတွက် ဂုဏ်ယူနေကြ၏။

ညသည် တိတ်ဆိတ်ငြိမ်သက်နေ၏။ ပြည်လမ်းမပေါ်မှ ကားများ ဖြတ်သန်းသံမှ တပါးတိတ်ဆိပ်နေလေသည်။ ဦးကျော်ဇေယျ စာကြည့်ခန်းတွင် စာဖတ်နေစဉ် တံခွန်ဝင်လာပြီး ဦးကျော်ဇေယျ၏ ထိုင်ခုံအောက် ကြမ်းပြင်တွင် ထိုင်ပြီး ဖခင်၏ ခြေသလုံးများကို နှိပ်နယ်ပေးလေသည်။

"ရပါတယ်ကွ ဖေဖေမညောင်းပါဘူး သားခုံပေါ်မှာ ထိုင်ပါ"

တံခွန်သည် နေရာမရွှေ့ပဲ ဖခင်၏ မျက်နှာကို မော့ကြည့်၍ အေးဆေးစွာ ပြောလိုက်၏။

"ဖေဖေသား ဖေဖေတို့ဆီရောက်တာ ၁၆ နှစ်ရှိသွားပြီး ဒီညတော့ ဖေဖေကို ပြောစရာတွေ အကုန်ပြောပြပါ့မယ်"

"အေး အေး...ပြောပါဦး"

"သားက ခေါင်းဆေးကျွန်းနဂါးသိုက်က ဆိုတာ ဖေဖေသိပြီးသားပဲ သားတို့မှာ မောင်နှမ သုံးယောက်ရှိပါတယ်။ သားကအကြီးဆုံး နှမတော်လေးက အငယ်ဆုံးပါ။ သားတို့ အားလုံးနှမတော်လေးကို သည်းသည်းလှုပ်ချစ်ကြပါတယ်"

"အေး အေး"

"လွန်ခဲ့တဲ့ နှစ် ၂၀က နှမတော်လေးရဲ့ ပြင်းပြင်းထန်ထန် တောင်းဆိုမှုကြောင့် လူပြည်မှာ ဝင်စားခွင့်ပြုခဲ့ကြပါတယ်"

"နှမတော်လေးက အခုဘယ်မှာလဲ"

"ဒီရန်ကုန်မှာပါပဲ နှမတော်လေးဒုက္ခတွေ့ နေပါတယ်"

"ဘယ်လို ဒုက္ခလဲကွ"

"နှမတော်လေးကို သိုက်ဆက်မှန်းသိသွားတဲ့ အောက်လမ်းဆရာတစ်ယောက်ဟာ ဖြားယောင်းပြီး အတင်းအကြပ် သူ့သားနဲ့ လက်ထပ်ပေးပြီး ချုပ်နှောင်ထားလိုက်ပါတယ်။ သိုက်နန်းနဲ့လဲ အဆက်အသွယ်လုပ်လို့ မရတော့ပဲ နှမတော်လေးဟာ သိုက်နန်းကိုလည်း ပြန်လို့မရတော့ပါဘူး"

"မင်းတို့တွေက နတ်နဂါးတွေ ဆိုတော့ တန်ခိုးဣဒ္ဓိပါဒ် ရှိတယ်မဟုတ်လား"

"မှန်ပါတယ် အဲဒီ အောက်လမ်းဆရာရဲ့ပညာကလဲ မသေးတော့ သားတို့ နှမတော်လေးကို ကယ်တင်ဖို့ ကြိုးစားနေရပါတယ်"

"ဖေဖေ ဘာကူညီရမလဲပြော"

"ဟုတ်ကဲ့ ပြောပါ့မယ်" သားအဖနှစ်ယောက် စကားဆက်ပြောနေကြ၏။

"ဖေဖေ သား ကော်ပီဖျော်ခဲ့



www.burmeseclassic.com

www.burmeseclassic.com

မယ် မုန့်လဲ ယူခဲ့မယ် စားရင်းသောက်ရင်း စကားပြောကြရအောင် ဇာတ်လမ်းကရှည်တယ်"

(၈)

ကော်ဖီသောက်ရင်း စကားဆက်ပြောကြ၏။

"ပိုပြီးဆိုတာက နမ်မတော်လေးကို အကြောင်းပြုပြီး နဂါးသိုက်ကို တူးဖို့ အကြံအစီပါ"

"သူတို့ ဒီလောက် စွမ်းပါ့မလား ကွ"

"သူတို့ ကြီးပဲဆို မလုပ်နိုင်ပါဘူး သူတို့အဖွဲ့မှာ အာဖရိကက ဗူဒူးအောက်လမ်းဆရာတွေ ဥရောပ စုန်းကဝေရှင်တွေ အင်ဒိုနီးရှားက မှော်ဆရာတွေ ပါဝင်ကြပါတယ်"

"မင်းတို့ သိုက်နန်းတွေကို ကာကွယ်ကြမဲ့ အဖွဲ့ရော မရှိဘူးလား"

"ရှိပါတယ် သမုဒ္ဒရာကြီး ၄ စင်းမှာရှိတဲ့ နတ်နဂါးတွေအားလုံးက အရိမေတ္တယျ ဘုရားရှင်ကို လှူဒါန်းခဲ့ရအောင် ရတနာတွေကို ဝိုင်းဝန်း





www.burmeseclassic.com

www.burmeseclassic.com

စောင့်ရှောက်ကြပါတယ်။ အခုလဲသူတို့ အကူအညီကို ယူရပါမယ်"

"အခု နဂါးမင်းသမီးလေး ဘယ်မှာရှိနေသလဲ"

"နေရာအတိအကျ မသိရသေးဘူး ဖေဖေ ရန်ကုန်ထဲမှာလို့ တော့သိထားပါတယ်"

"သားတစ်ယောက်ထဲ ဖြစ်ပါ့မယ်"

"သားတို့ မျိုးနွယ်တွေကလည်း လူဝင်စားအဖြစ် ရောက်နေကြပါတယ်။ နမတော်လေးကို ရအောင်ကယ်ပြီး ခမည်းတော်နဂါးမင်းနဲ့ မယ်တော်နဂါးမိဘုရားကြီးရဲ့ ရင်ခွင်ထဲ ပြန်ပို့ပေးရမှာ သားရဲ့တာဝန်ပါ ညီတော်လေးက သိကြားနန်းနဲ့ မိဘငဲ့တွေကို စောင့်ရှောက်ဖို့ နေခဲ့ရပါတယ်"

"အင်း အင်း"

"သမီးတော်လေးအတွက် ပူဆွေးနေတဲ့ မိဘတွေရဲ့ မျက်ရည်ကို သုတ်ပေးရပါမယ်။ ဘုရားရှင်ကို လူ့ခါန်းရမဲ့ ပစ္စည်း ဥစ္စာတွေ ခမည်းတော်ကြီး ပိုင်ဆိုင်တဲ့ ကိုယ်ပိုင်ပစ္စည်းတွေကိုလည်း ကာကွယ်စောင့်ရှောက်ရပါမယ်။ "မွေ့ခံထိုက်စေ" တဲ့ သားတစ်ယောက်ဖြစ်ချင်ပါတယ်"

"အမယ်လေး လေး တော်လိုက်တဲ့ ငါ့သားပါလား သားဟာဖေဖေ့အတွက်လည်း "မွေ့ခံထိုက်စေတဲ့ သားပါပဲကွာ"

"ကျေးဇူးပါ ဖေဖေ"

"အန္တရာယ်ကင်းကင်းနဲ့ သားကိစ္စတွေ ဆောင်ရွက်နိုင်ပါစေ"



(၉)

တံခွန်သည် ဆယ်တန်းကို အမှတ်ကောင်းကောင်းဖြင့် အောင်သော်လည်း လွတ်လပ်စွာလှုပ်ရှား ဆောင်ရွက်နိုင်ရန် အဝေးသင် တက္ကသိုလ်တတ်ရန် ရွေးချယ်ခဲ့သည်။

ရုံးပိတ်ရက်တစ်ရက် နံနက်ခင်းတွင် ကားတစ်စီးဖြင့် လူရွယ်လေးနှစ်ယောက်ရောက်လာကြ၏။ တံခွန်နှင့် ရွယ်တူ ဆိုက်တူ ဂိုက်တူ ဖြစ်ပြီး စူးရှတောက်ပသော မျက်ဝန်းပိုင်ရှင်လေးများဖြစ်ကြသည်။ တံခွန်က မိဘများနှင့် မိတ်ဆက်ပေးလေသည်။

"ဖေဖေ သား သူငယ်ချင်း သီလနဲ့ သိန္ဓိပါ"

"အေးကွယ် တွေ့ရတာ ဝမ်းသာပါတယ်။ သားသူငယ်ချင်းတွေဆိုတော့ ဦးရဲ့ သားတွေပဲပေါ့"

တံခွန်တို့ သုံးဦး အိပ်ခန်းထဲဝင်၍ တိုင်ပင်နီးနှော ကြလေသည်။

"နမတော်လေးရှိတဲ့နေရာကို ခြေရာကောက်မိပြီး မြောက်ဓငုံ့ရှိတဲ့


www.burmeseclassic.com

www.burmeseclassic.com

မြုံကြီးထဲမှာ” သီလ၏ စကားအဆုံးတွင် စဉ်းစားလိုက်ပြီး

“အဲဒီအိမ်နဲ့ မျက်နှာချင်းဆိုင် ဒါမှမဟုတ် ခေါင်းရင်း ခြေရင်း အိမ်ကို ရအောင်ငှားပါ ကြိုက်ဈေးပေးလိုက်ပါ”

သီလနှင့် သိဒ္ဓိသည် နဂါး အနွယ်တော်များဖြစ်ပြီး နမတော်လေး ကယ်တင်ရေးအတွက် တံခွန်ကို ကူညီရန် လူပြည်ရောက်နေသော လူဝင်းစားများဖြစ်၏။

တစ်ပတ်ခန့် အကြာတွင် မြောက်ဒဂုံမှအိမ်နှင့် မျက်နှာချင်းဆိုင်အိမ်ကို ငှားရမ်းပြီး မကြာမီ သီလနှင့် သိဒ္ဓိ ပြောင်းနေတော့မည့် အကြောင်း တံခွန်ထံ အကြောင်းကြားလိုက်၏။

သီလတို့ ငှားရမ်းလိုက်သော အိမ်သည် နမတော်လေးရှိသည် ဆိုသော အိမ်နှင့် မျက်နှာချင်းဆိုင် နှစ်ထပ်အိမ်ဖြစ်ပြီး လမ်းကျယ်တစ်ခုခြားနေ၏။ နမတော်လေး၏ တိုက်ကြီးက ခြံ၏ အလယ်တွင် ရှိပြီး သရက်ပင်ကြီးများထူထပ်စွာ ရှိနေ၏။ ကြေးပြားတစ်ချပ်ပေါ်တွင် “ရှာန်” ဟု ရေးထွင်း၍ ခြံတံခါးကို သော့ခတ်ထားပြီး တစ်အိမ်လုံး လူရိပ်လူရောင် မြင်ရခဲလေသည်။

အပြင်ကိစ္စများကို သိဒ္ဓိက ဆောင်ရွက်ပြီး သီလမှာ အိမ် တွင်းမှ မထွက်ပဲ မှန်ပြောင်းတစ်လက် ဖြင့် “ရှာန်” ကို ချောင်းနေလေသည်။ တံခွန်၏ ညွှန်ကြားမှုများအတိုင်း သီလ တို့နှစ်ယောက် ဆောင်ရွက်နေကြ၏”

ညနေ နေဝင်ရီတရော အချိန်တွင် သီလသည် မှန်ပြောင်းဖြင့် ကြည့်နေစဉ် ထူးဆန်းမှု တစ်ခုကိုတွေ့ရ၏။ အိမ်ခြေရင်းဘက် ကြီးမားသော သရက်ပင်ကြီးအောက်တွင် လူတစ်ယောက်သည် ရှမ်းဘောင်းဘီ အနက်နှင့် တိုက်ပုံ အနက်ဝတ်ထားပြီး ခေါင်းကိုအနက်ရောင်ပုဝါဖြင့် စည်းထား၏။ မြေပြင်ပေါ်တွင် ငှက်ပျောပွဲ တပွဲရှိပြီး အမွှေးတိုင်၊ ဖယောင်းတိုင်များ ပတ်လည်ထွန်းထား၏။ ငှက်ပျောပွဲနံဘေး လင်ပန်းတစ်ချပ်ပေါ်တွင် အနက်ရောင်ကြက်တစ်ကောင်ကို ကြိုးတုပ်၍ ထည့်ထား၏။ အနက်ရောင်ဝတ်စုံနှင့် လူသည် ငှက်ကြီးတောင်ဓားတစ်ချောင်းကို ထုတ်ကိုင်လိုက်ကာ ကြက်နက်၏ လည်ပင်းကို “ရွှတ်” ခနဲ ဖြတ်ပြီး ကြက်ကိုယ်လုံးကို အပေါ်သို့ မြှောက်တင်လိုက်လေသည်။ ၏

ခေါင်းမပါသော ကြက် ကိုယ်လုံးကြီးသည် သွေးရူးသွေးတမ်းဖြင့် တောက်ပံ့ဖျပ်ဖျပ်ခပ်ပြီး ပျံသန်းနေရာမှ “ဘုတ်”ခနဲ ပြုတ်ကျသွားလေသည်။

ထိုညသန်းခေါင်ယံ အချိန်တွင် “ရှာန်” အိမ်ကြီးပေါ်မှ မိန်းမတစ်ယောက်၏ စူးစူးဝါးဝါး ထိတ်လန့်တကြား အော်ဟစ်သံကို သီလကြားလိုက်ရ၏။

(၁၀)

“ရှာန်” အိမ်ကြီးထဲသို့ ညနေစောင်းတွင် ကားတစ်စင်းဝင်သွားပြီး ကားပေါ်မှ ကြိမ်ခြင်းကြီးများ သယ်ယူသွားကြ၏။ တစ်ခုခုတော့ လုပ်ကိုင်ကြတော့မည်ဟု စဉ်းစားမိပြီး သီလသည် အိမ်ကြီး၏ အပေါ်ထပ်သို့ မှန်းပြောင်းဖြင့် ချိန်ထားလိုက်၏။

လကွယ်ညဖြစ်၍ ညသည်မိုက်မှောင်နေ



www.burmeseclassic.com

www.burmeseclassic.com

ပိန်းမောင်နေ၏။ "ရှာန်" ခြံကြီးတစ်ခြံလုံး မှောင်မည်းနေပြီး အိမ်အပေါ်ထပ် ညှိခန်းထဲတွင် မီးမှိန်ပြပြလေးထွန်းထား၏။ သီလကြည့်လိုက်သောအခါ အိမ်ခေါင်းဘက်တွင် ချထားသောစားပွဲရှည် တစ်ခုကို အဝတ်နက် ခင်းထားပြီး လင်ဗန်းကြီး ၃ ချပ်ချထား၏။ လင်ဗန်းများပေါ်တွင် နွားခေါင်းချို ပါသော ဆိတ်ခေါင်းနှင့် လျှာတန်းလန်းထွက်နေသော ခွေးခေါင်းကို ထည့်ထား၏။ လင်ဗန်းများနောက်တွင် မီးခိုးငွေ့တလူလူ ထွက်နေသော လောပန်ခွက် သုံးခွက်ရှိ၏။

စားပွဲနောက်တွင် အဝတ်နက် ဝတ်ထားသော လူသုံးယောက်ဒူးထောက် နေကြလေသည်။ အောက်လမ်းသမားများ ယင်ပူဇော်နေကြပုံရ၏။ ခဏအကြာတွင် အလယ်မှ လူသည် အနက်ရောင်ဖယောင်း တိုင်ကြီး ခါကြားမှ ဓားမြှောက်တစ်ချောင်း ကို ထုတ်လိုက်ပြီး ကိုင်ထားလိုက်ကာ အိမ်ထဲသို့ လှမ်းအော်လိုက်၏။

အနက်ရောင်ဝယ်ထားသော လူနှစ်ယောက်သည် ဂါဝန်ရှည်အဖြူ ရောင်ဝတ်ထားပြီး ဆံနွယ်မှာခါးအထိ ရောက်အောင် ဖားဖားဝေနေသော ဖြူ ဖြူသွယ်သွယ် ကိုယ်ဟန်မြင့်မြင့် နှင့် မန်းကလေး တစ်ယောက်ကို တစ်ဖက် တစ်ချက်မှဆွဲပြီး ခေါ်လာကြလေသည်။ သီလသည် မှန်ပြောင်းဖြင့် မိန်းကလေး ကို သေသေချာချာကြည့်လိုက်သော အခါ နမတော် နဂါးမင်းသမီးဝင်စားထား သူလေး ဖြစ်နေလေသည်။

မိန်းကလေးကို စားပွဲရှေ့တွင် ဒူးထောက်ခိုင်းပြီး လူနှစ်ယောက်ကချုပ် ထားကာ ဓားမြှောင်ကိုင်ထားသူသည် ဆံနွယ်များကိုဆွဲပြီး မျက်နှာကိုမေ့စေ လိုက်သည်။ ထို့နောက် ဓားမြှောင်ဦးချွန် ဖြင့် မိန်းကလေး၏ မျက်လုံးနှစ်လုံးကို ကော်ထုတ်လိုက်လေသည်။

မိန်းကလေးသည် စူးစူးဝါးဝါး အော်ဟစ်ပြီး ခွေကျသွားလေသည်။ သီလသည် မြင်ကွင်းကြောင့် တဆက်ဆက် တုန်ပြီး စင်ဖြင့်တင်ထားသော ကင်ဒီဓား ရှည်ကြီးကို ပြေးဆွဲလိုက်လေသည်။ မှန် ပြောင်းမှ ဆက်ကြည့်လိုက်သောအခါ ဓားကိုင်သူသည် လက်ဝါးပေါ်တင်ထား သော မျက်လုံးနှစ်လုံးကို သေတ္တာအနက် ကလေးထဲသို့ ထည့်ပြီးစားပွဲပေါ် တင် ထားလိုက်၏။ စားပွဲရှေ့တွင် ခွေခွေလေး လဲနေသော နမတော်လေးကိုကြည့်ပြီး သီလသည် မျက်နှာကို လက်ဝါးဖြင့်အုပ် ပြီး ငိုချလိုက်၏။ မခံမရပ်နိုင်ခြင်း သနား ခြင်းတို့ကြောင့် သီလစိတ်တို့ ထိန်းမရ ဖြစ်သွား၏။ သို့သော် "သူမသိပဲ ဘာမှ မလုပ်ရ" ဆိုသော တံခွန်၏ မှာကြားချက် ကိုသတိရကာ မျက်ရည်သုတ်ပြီး တံခွန် ထံထွက်ခဲ့လေသည်။

(၁၁)

သီလသည် သူလာပြီ ဖြစ် ကြောင်း ဖုန်းဆက်ထား၍ ခြံဝန်းတံခါး ဖွင့်ပြီး စောင့်နေလေသည်။ နှစ်ယောက် သား တံခွန် အိပ်ခန်းတွင် ထိုင်ကြပြီး သီလက သူမြင်ခဲ့ရသော ဖြစ်စဉ် ပြော ပြလေသည်။ တံခွန်သည် နံရံကိုလက်သီး ဖြင့် ထိုးလိုက်ပြီး "တောက်" ထဲချက်





www.burmeseclassic.com

www.burmeseclassic.com

ပြင်းစွာ ခေါက်လိုက်၏။ တဆတ်ဆတ် တုန်နေပြီး သွားကိုစေ့ကာ. . .

"ခမည်းတော်နဲ့ မယ်တော်များ သိရင် ရင်ကွဲလိမ့်မယ် နမတော်အတွက် ဂလဲ့စားချေပေးမယ်" ဟု ပြောလိုက်လေသည်။

သိလပြန်သွားပြီး တရေးတမောအိပ်၏။ သိဒ္ဓိကိုလည်း လှမ်းခေါ်ပြီး မှန်ပြောင်းတလက်စီဖြင့် "ရှာန်" ကို ချောင်းကြပြန်၏။ ညနေစောင်းတွင်ရှာန် ခြံထဲသို့ ကားတစ်စီးဝင်လာပြီး ကားပေါ်မှ ကပ္ပလီတစ်ယောက် လူဖြူတစ်ယောက် ဆင်းလာ၏။ ကပ္ပလီသည် စောင်ကြားကြီးတစ်ထည်ကို အနောက်တိုင်းဝတ်စုံပေါ်လွှင် ခြုံထားပြီး ရှည်လျား ကွေ့ကောက်သော တောင်ဝှေးတစ်ချောင်းကို ကိုင်ထား၏။ လူဖြူမှာ ဂုတ်ထိရှည်သော ဆံပင်အဝါရောင်ဖြင့် အနက်ရောင်ဝတ်ထား၏။

"အာဖရိက ဗူဒူးမှော်ဆရာနဲ့ လူဖြူ ကဝေ ဆရာဖြစ်မယ်ကွ။ ဒီကောင်တွေ အလုပ်စတော့မယ်နဲ့ တူတယ်။ တံခွန်ကို ဖုန်းဆက်ခေါ်လိုက်တော့"

တံခွန်သည် တီရှပ်အနက် လက်ရှည်နှင့် ဂျင်းဘောင်းဘီအပြာကို ဝတ်ဆင်ပြီး ကျောပိုးအိတ်ထဲသို့ လိုအပ်သည်များထည့်လိုက်၏။ ဧည့်ခန်းတွင် ထိုင်နေသော မိဘနှစ်ပါးကို ထိခြင်းငါးပါးဖြင့် ကန်တော့ပြီး လက်အုပ်ချီ၍

"ဖေဖေနဲ့ မေမေ ဒီညသား ခရီးထွက်ရပါမယ့် အရေးကြီးတဲ့ ကိစ္စကြောင့် ခွင့်ပြုပါ" ဦးကျော်ဇေယျသည် တံခွန်စကားကိုကြားသောအခါ အရေးတော်ပုံ စတော့မည်ကိုသိ၍ . . .

"အေးပါ သားရယ်။ အန္တရာယ်ကင်း ဘေးရှင်းပါစေ အောင်မြင်ပါစေ" ဟု ဆုပေးလိုက်၏။ တံခွန်သည် ဖခင်နှင့် မျက်နှာချင်းဆိုင်ပြီး သူလုပ်နေကျအတိုင်း နဖူးချင်းပွတ်လိုက်၏။ ဦးကျော်ဇေယျသည် သားကို ကျစ်ကျစ်ပါအောင် ပြန်ဖက်ထားလေသည်။ ထို့နောက် ကျောပိုးအိတ်ကို လွယ်ပြီး ဒေါ်မှုယာကို တစ်ချက်နမ်းကာ ထွက်သွားလေသည်။



"ကိုရေ သားက ဘယ်သွားတာလဲ" ဒေါ်မှုယာ၏ စကားကို ဦးကျော်ဇေယျက လေးလေးတွဲတွဲ ပြန်ပြောလိုက်၏။

"မင်း မသိသေးပါဘူးကွာ"

(၁၂)

ဒေါ်မှုယာသည် စိတ်ဆိုးမာန်ဆိုးဖြင့်

"တစ်ခါလာလဲ မင်းမသိသေးပါဘူးကွာနဲ့ ပြီးနေပါကိုက ဘာတွေသိထားလဲ အခုပြော သားရဲ့ အပြုအမူတွေက ထူးဆန်းနေတယ်။ မှုယာလည်း သားအမေပဲ သိရမှာပေါ့ပြော အခုပြော" ဟု



www.burmeseclassic.com

www.burmeseclassic.com

မပြောစဘူးလေသံဖြင့် ပြန်အော်လေသည်။ ဦးကျော်ဝေယျသည် ထိနိုက်ကျေကွဲစွာဖြင့် ဒေါ်မှုယာ၏ ရှေ့ခုံတွင် ပြောင်းထိုင်ပြီး လက်ကလေးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်၏။

“မှုယာရေ စိတ်ကိုထိန်းပါကွာ တို့သားလေး တံခွန်ဟာ လူဝင်စားလေးပါ နဂါးသိုက်က နဂါးမင်းသားလေးတဲ့ကွ”

“အို... ကြံကြံဖန်ဖန် ကိုက ဘယ်လိုသိတာလဲ”

“သားကို မင်းကိုယ်ဝန်မဆောင်ခင်ကထဲက ကိုကို အိမ်မက်ပေးခဲ့တယ်။ နောက်သားကိုယ်တိုင်က ဖွင့်ပြောခဲ့တယ်။ သူ့ရဲ့ နမတော်ကို ကယ်စင်ဖို့ လူပြည်ကို ဝင်စားတာတဲ့ကွာ”

“ဖြစ်နိုင် ပါမလား ကိုရယ် ဒီခေတ်ကြီးမှာ ဒါမျိုးတွေ ရှိပါမလား”

“ကိုလည်း မယုံချင်ပါဘူးကွာ ဒါပေမဲ့ သားက ထူးဆန်းတဲ့ ကလေးပဲ သူ့ သူငယ်ချင်း သီလ နဲ့ သိန္ဓိကလည်း နဂါးအနွယ်တော် တွေတဲ့”

“သားရဲ့ နမတော်လေးက ဘာဖြစ်နေတာလဲ”

“နဂါးမင်းသမီးလေးဟာ လူဝင်စားအဖြစ် လူ့ပြည်ရောက်လာတဲ့အခါ နဂါးသိုက် ဆက်မှုန်းသိသွားတဲ့ အောက်လမ်းသမား တစ်စုက ဖမ်းချုပ်လိုက်တယ်။ မင်းသမီးလေး ဝင်စားတဲ့ မိဘနှစ်ပါးဟာလဲ အောက်လမ်းသမားရဲ့ ပရောဂနဲ့ ကားမှောက်ကွယ်လွန် သွားကြတယ်တဲ့”

“အို . . . သနားစရာပဲ ဖြစ်မှဖြစ်ရလေ”

“ပိုဆိုးတာက မင်းသမီးလေးကို



တန်ဆာခံလုပ်ပြီး နဂါးသိုက်ကို ဖောက်ဖို့ ကြံစည်ကြတာကို သားတို့က ကြိုတင်သိခဲ့တယ်”

“နဂါး ဘုရင်ကြီးကရော တန်ခိုးမရှိဘူးလားဟင်”

“ရှိတာပေါ့ကွယ်။ ဒါပေမဲ့ အောက်လမ်းအဖွဲ့ကလည်း တော်တော်စွမ်းတယ်တဲ့ အာဖရိကတို့ ဥရောပတို့က မှော်ဆရာတွေနဲ့ ပေါင်းထားကြတာတဲ့”

“နဂါးသိုက်မှာ ဘာတွေရှိလို့ သူတို့က ဖောက်ချင်ရတာလဲ”

“နောက်ပွင့်တော်မူမယ့် အရိမေတ္တေယျ မြတ်စွာဘုရားကို ပူဇော်မယ့် တန်ဖိုးမဖြတ်နိုင်တဲ့ ပလ္လင်တော်နဲ့ အမျိုးမျိုးသော ရတနာပစ္စည်းတွေရှိတယ်။ ရေအောက် ရတနာသိုက်ထဲမှာတော့ တံခွန်တို့ နဂါးသိုက်က အကြီးဆုံးပဲတဲ့”

“အဲဒါ ဘယ်မှာရှိတာလဲဟင်”

“မော်လမြိုင် ခေါင်းဆေးကျွန်းနားမှာ ကဲ အခုမင်းသိသွားပြီးနော်”



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ ဟုတ်ကဲ့"

"ကိုရယ် သားကမှုယာတို့ ဆီ ပြန်လာပါတော့မလား"

ဦးကျော်ဝေယျသည် ခေါ်မှုယာကို ဖတ်ထားပြီး လှိုက်လှိုက်လှဲလှဲ ပြောလိုက်လေသည်။

"ပြန်လာမှာပါကွာ သားလေးဟာ နဂါးမင်းကြီးအတွက် "မွေးခံတိုက်စေ" တဲ့ သားဖြစ်သလို ကိုတို့အတွက်လည်း မွေးခံတိုက်စေမယ့် သားပါ"

တံခွန် သီလနှင့် သိဒ္ဓိတို့သည် အိမ်ရှေ့မှာ "ရှာန်" အိမ်ကြီးကို အချိန်ပြည့် စောင့်ကြည့်နေကြ၏။ "ရှာန်" နှင့် ပတ်သက်၍ စုံစမ်းထောက်လှမ်းရသမျှကို သိဒ္ဓိက ပြောပြလေသည်။

"ရှာန် အိမ်ပိုင်ရှင်က "ဦးဗရှာန်" တဲ့ သူ့သားက "ရဲရှာန်" ဆိုတာပဲ နှမတော် "ယမုံခင်မင်" ကိုလက်ထပ်ထားတဲ့လူပေါ့ ဒီအိမ်အပြင် အိမ်လေးလုံးလောက်ရှိသေးတယ်။ ဦးဗရှာန် အဖေသက်ထက်ထဲက နံမည်ကြီး အောက်ထမ်းသမား မျိုးဆက်တွေပဲ"

တံခွန်သည် နက်နက်နဲနဲ စဉ်းစားပြီး "ငါတို့ သုံးယောက် အတင်းအဓမ္မ မဝင်တိုက်လို့ ရပါတယ်။ ဒါပေမဲ့ နှမတော်လေး ဒုက္ခရောက်မယ် သေသေချာချာ စဉ်းစားပြီး လုပ်ကြမယ်။ သိဒ္ဓိကားကိုအမြဲ အဆင်သင့် ဖြစ်နေပါစေ"

ထိုနေ့ည သန်းခေါင်းယံအချိန်တွင် ရှာန် အိမ်ကြီးအပေါ်ထပ်တွင် အောက်လမ်းသမားများ ယစ်ပူဇော်ပွဲ လုပ်ကြပြန်၏။ အနက်စခင်းထားသော စားပွဲပေါ်ရှိ လင်ပန်းထဲတွင် နွားခေါင်းပြတ်ကြီးကို ထည့်ထားပြီး အငွေ့မြူများ တလူလူထွက်နေသော ခွက်များရှိ၏။ နီရဲသော သွေးများထည့်ထားသည့် ခွက် အနက်သုံးခွက်ရှိ၏။

အာဖရိကမှ ဗူဒူး နတ်ဆရာသည် လက်နှစ်ဖက်ကို မြှောက်လိုက်ကိုင်ထားသော တောင်ဝှေးကို မြှောက်လိုက်ဖြင့် ဂါထာတစ်ပုဒ်ကို အသံနေအသံထားဖြင့် ရွတ်ဆိုနေ၏။

အဝတ်နက်ဝတ်ထားသော ယောကျ်ားနှစ်ယောက်သည် မျက်စိကို အဝတ်နက်စီးထားသော "ယမုံခင်ခင်" ကို တွဲပြီးခေါ်လာကြ၏။ ယမုံခင်ခင်ကို စားပွဲရှေ့တွင် ဒူးထောက်ခိုင်းပြီး ဦးဗရှာန်က လေသံမာမာဖြင့် ကြိမ်းမောင်းလိုက်၏။

"နဂါးမ နင့်မျက်စိနှစ်ကွင်း ပြန်မြင်ချင်ရင် နင်တို့ နဂါးသိုက်ဘယ်မှာရှိသလဲပြော မနာချင်ရင် ပြောစမ်းဘယ်နေရာလဲ"

ယမုံခင်ခင်သည် ဆက်ဆက်တုန်နေသော်လည်း စကားတစ်ခွန်းမှ မပြောချေ။ ထိုအခါ လူမြူမော့်ဆရာသည် ယမုံခင်ခင်၏ ခေါင်းကို လက်ဝါးတစ်ဖက်တင် လိုက်သောအခါ အသံကုန်အော်ဟစ်၍ ဒူးထောက်နေရာမှ လဲသွားလေသည်။

တံခွန်သည် နှမတော်လေးကို ကြည့်ပြီး မခံမရပ်နိုင်တော့ပဲ တိုက်နဂါးတစ်ကောင်ကို ဖန်တီးလွှတ်လိုက်လေသည်။ တံခွန်စလွှတ်စဉ် တိုက်နဂါးလေးသည် သေးသေးရှည်ရှည် လေးဖြစ်ပြီး

www.burmeseclassic.com

ရာန် အိမ်နံရံကို တွယ်တက်သွားလေသည်။ ပြူးတင်ပေါက်တံခါး ၂ ချပ်ကြားမှ တိုးဝင်ပြီး ဧည့်ခန်းထဲ အရောက်တွင် ကြီးမားသော နဂါးအသွင် ပြောင်းသွားပြီး ယာဉ်ပူဇော်ပွဲသို့ တရှူးထိုးဝင်သွားရာ ဗူးဒိုးနတ်ဆရာသည် လက်ထဲမှ တောင်ဝေးဖြင့် ဆက်ကနဲ ရှယ်လိုက်ရာ နဂါးကြီးသည် အခိုးအငွေ့ ဖြစ်သွားလေသည်။

"နဂါးတွေ သိသွားပြီး သတိထားပြီး ဆောင်ရွက်ကြ" ဟု နတ်ဆရာက အော်လိုက်၏။ ယမုံခင်ခင်ကို သတိပြန်ရအောင်လုပ်ပြီး မော်ဆရာက စိတ်ကိုညှို့ပြီး မေးသောအခါ ယမုံခင်ခင်၏ နှုတ်မှ တိုးညှင်းသော လေသံလေးထွက်လာ၏။

"မော်လမြိုင် ခေါင်းဆေးကျွန်း"

ယမုံခင်ခင်၏ စကားကိုကြားပြီး ဦးဗရာန်သည် အားလုံးကို အော်ပြောလိုက်၏။

"ဒီညပဲ မော်လမြိုင်ကို သွားကြမယ်"

(၁၄)

ရာန်ခြံထဲမှ စူပါကစ္စတန်ကားလေးထွက်လာပြီးတွင် တံခွန်တို့ ပါဂျဲရိုကားက မနီးမဝေးမှ လိုက်လာလေသည်။ နံနက်ဝေလီဝေလင်းတွင် မော်လမြိုင်သို့ ရောက်ပြီး ဦးဗရာန်တို့ကားက "စစ်ကဲကုန်း" ရှိ ခြံတစ်ခုထဲသို့ဝင်သွား၏။ တံခွန်တို့က ကမ်းနားလမ်းမှ "ငွေမိုးဟော်တယ်" သို့ သွားလေသည်။

ရန်ကုန်မှ စထွက်စဉ်ကထဲက တံခွန်သည် နဂါးသိုက်မှ ခမည်းတော် နဂါးမင်းကြီးအား ရန်သူများလာနေပြီဖြစ်ကြောင်း ဆက်သွယ်သတင်းပို့ပြီးဖြစ်ရာ နဂါးမင်းကြီးသည် နဂါးအပေါင်းကို တပ်လှန့်ထားလေသည်။

ထိုနေ့နံနက်တွင် ငါးဖမ်းသွားသော တံငါလှေများသည် ငါးအရ နည်းပြီး အသက်ကြီးကြီး တံငါတစ်ယောက်က ပြောလိုက်၏။

"အာ ပ လား ထူးမှထူးဟော့ မြစ်တစ်မြစ်လုံး မြွေနဂါးကြီးတွေ ကွန်ပစ်လဲရှောင်မလွတ် ပိုက်ဆွဲလဲ သူတို့ပဲ ဘယ်လိုဖြစ်ပါလိမ့်"

သံလွင်မြစ်တမြစ်လုံး ခါတိုင်းနေ့များထက် လှိုင်းလုံးကြီးများ တလိပ်လိပ်ဖြင့် ရေများပွက်ပွက်ဆူသကဲ့သို့ ဖြစ်နေလေသည်။ တောင်ပေါ်တန်း တစ်ခုလုံးလဲ မြွေတွန်သံများကြားနေရပြီး မြွေကြီးများကို ရိပ်ကနဲ ရိပ်ကနဲ မြင်တွေ့ကြရလေသည်။ မော်လမြိုင် တစ်မြို့လုံး မြွေများကြောင့် အုတ်အော်သောင်းနင်း ပြောဆိုကြလေသည်။

ဦးဗရာန် တည်းခိုသော အိမ်ကြီးမှာ နံမည်ကြီး အောက်လမ်းသမားကြီး၏ အိမ်ဖြစ်၏။ နဂါးသိုက်ကို ဖောက်ရန်အချိန်ကို ယနေ့ည သန်းခေါင်ယံကို ရွေးချယ်ကြ၏။ ယမုံခင်ခင်ကို နှိပ်စက်ပြလျှင် နဂါးမင်းကြီးပေါ်လာမည်ဖြစ်၏။ ထိုအခါ ဗူးဒိုးနတ်ဆရာက နဂါးမင်းကို ဖမ်းပြီး သိုက်နန်းကိုဖွင့်မည်။ မော်ဆရာနှင့် အောက်လမ်းသမားများက ဝိုင်းဝန်းကူညီကြမည်ဟု အစီအစဉ်ဆွဲကြ၏။

တံခွန် သီလနှင့် သိင်္ဂီတို့



www.burmeseclassic.com

www.burmeseclassic.com

သုံးဦးသည် နေဝင်ချိန်မှစ၍ ပုံချိုတ်တစ်စီးဖြင့် သံလွင်မြစ်ထဲတွင် လှူလားခေါက်တုံ မောင်းနှင်ကြလေသည်။

ညသန်းခေါင်ရောက်ခါနီးတွင် ဦးဗရှာန်တို့ အဖွဲ့သည်ပုံချိုတ်တစ်စီးဖြင့် ခေါင်းဆေးကျွန်း သို့ ဦးတည်ထွက်လာကြ၏။ ပုံချိုတ်ပေါ်တွင် ဖူးဒူးနတ်ဆရာ မှော်ဆရာ ဦးဗရှာန်တို့ သားအဖနှင့် ယမုံခင်ခင်ကို ချုပ်ကိုင်ထားသော မော်လမြိုင်မှ အောက်လမ်းဆရာကြီး ပါလေသည်။ နတ်ဆရာနှင့် မှော်ဆရာ၏ အစွမ်းကြောင့် နဂါးများသည် ပုံချိုတ်နားသို့ မကပ်နိုင်ကြချေ။

ခေါင်းဆေးကျွန်းသို့ ရောက်ခါနီးတွင် ပုံချိုတ်မောင်းနေသော တံခွန်က

"ကဲ အောက်လမ်းနည်းတွေ အထက်လမ်းနည်းတွေမသုံးပဲ လက်တွေ့နည်းကို သုံးလိုက်မယ်" ဟု ပြောပြောဆိုဆို ပုံချိုတ်ကို အရှိန်တင်လိုက်ပြီး ဦးဗရှာန်တို့ ပုံချိုတ်အားခါးလယ်သို့ ဝင်တိုက်လေသည်။ နဂါးများကို သတိထားနေသော ဦးဗရှာန်တို့ ပုံချိုတ်သည် တစ်ဖက်သို့ စောင်း၍ ရေထဲနစ်သွားလေသည်။ မြွေနဂါးကြီးများသည် ရေထဲနစ်လာသော အောက်လမ်းသမားများကို တစ်ကောင်ကို တစ်ယောက်ရစ်ပတ်၍ နဂါးဂူကြီးထဲသို့ ဆွဲသွင်းသွားလေသည်။

တံခွန်တို့ ပုံချိုတ်လည်း မှောက်သွား၍ သုံးယောက်သား ရေထဲသို့ ငုတ်လျှိုးသွားကြပြီး ရေထဲမှ ယမုံခင်ခင်ကို တံခွန်က ပွေ့ချီ၍ သိုက်နန်းသို့ ခေါ်သွားလေသည်။ သီလနှင့် သိဒ္ဓိသည် နဂါးများ အနားကပ်ရန်ခက်ခဲနေသော နတ်ဆရာနှင့် မှော်ဆရာကို ဖမ်းဆီးရန်ကြိုးစားနေကြ၏။ ထိုစဉ် နတ်ဆရာသည် သူ၏တောင်ဝှေးဖြင့် ရေပြင်ကိုထိုးဖောက်ပြီး ရေပေါ်တက်သွားရာ ရေပြင်ပေါ်လက်တစ်ဖက်ပေါ်လာသော မှော်ဆရာကို လှမ်းဆွဲ၍ ကမ်းပေါ်သို့ ခုန်ပျံသွားလေသည်။



(၁၅)

နဂါးနှင့် အောက်လမ်းသမားတို့ တိုက်ပွဲပြီးသောအခါ ဦးဗရှာန်တို့ သားအဖနှင့် မော်လမြိုင်မှ အောက်လမ်းဆရာကြီးမှာ နဂါးကြီးများလက်ချက်ဖြင့် မရှုမလှ သေသွားကြလေသည်။ ဖူးဒူးနတ်ဆရာနှင့် မှော်ဆရာတို့ လွတ်သွားကြသော်လည်း နဂါးမင်းသမီးလေး ယမုံခင်ခင်ကို ကယ်တင်နိုင်ကြလေသည်။

ခမည်တော်နဂါးမင်းကြီးနှင့် မယ်တော်တို့သည် သမီးတော်လေးအား ချစ်ကြင်နာစွာ ပြုစုကြ၏။ ကံကောင်းထောက်မစွာဖြင့် ဦးဗရှာန်၏ အိတ်ထဲတွင် သေတ္တာအနက်ကလေးကို တွေ့ရ၍ ဖွင့်ကြည့်သောအခါ တောက်ပသော

www.burmeseclassic.com

မျက်လုံးလေး နှစ်လုံးဖြစ်၍ နဂါးမင်းကြီး၏ တန်ခိုးဖြင့် ယမုံခင်ခင် မျက်စိအလင်း ပြန်ရသွားလေသည်။

နဂါးမင်းကြီးသည် ရန်သူကို နှိမ်နင်းနိုင်ခဲ့သော်လည်း ဒေါသမပြေနိုင်အောင် ဖြစ်နေ၏။ ထို့ကြောင့် သံလွင်မြစ်ကြီးသည် လှိုင်းလေထန်ပြီး တဝုန်းဝုန်းဖြင့် ကမ်းစပ်ကို ရိုက်ခတ်လေသည်။ နံနက်ခင်းတွင် ကမ်းနားလမ်းရေစပ်တွင် လှိုင်းအရုပ်၌ အလောင်းတစ်လောင်းလာ တင်နေလေသည်။ အလောင်းမှာ ဝစ်စလစ်ဖြင့် မျက်လုံး နှာခေါင်း နှုတ်ခမ်းများကို ငါးများ ကိုက်ထား၍ မရှုမလှ ကြည့်မကောင်း ရှုမကောင်းဖြစ်နေ၏။ ကိုယ်မှာဝတ်ထားသော အင်းဆံအင်းကွက်များကြောင့် မော်လမြိုင်မှ အောက်လမ်းဆရာကြီး ဖြစ်ကြောင်း သိကြရလေသည်။

ဦးဗချာန်တို့ သားအဖ၏ အလောင်းနှစ်လောင်းကို နဂါးသိုက်တွင် အကြီးမားဆုံး ရန်သူများအဖြစ် ဂူကြီးတစ်နေရာ၌ ချိတ်ဆွဲထားလေသည်။

နဂါးမင်းကြီးသည် ကြုံတွေ့ရသော ဒုက္ခများကြောင့် လူများကို စိတ်နာကျည်းသွားလေသည်။ လူပြည်သို့ သွားချင်လှသော သမီးတော်ကိုလည်း ဘယ်သောအခါမှ လူပြည်သို့ မသွားရဟု အမိန့်ထုတ်လိုက်လေ၏။

ပြဿနာများပြီးဆုံးသွားဖြစ်၍ တံခွန်သည် လူပြည်ရှိ မိဘနှစ်ပါးထံ ပြန်ရန် နဂါးမင်းကြီးက ခွင့်မပြုချေ။

"ခမည်းတော် ဦးဗချာန်တို့ကို မကောင်းတဲ့လူရှိသလို စိတ်သဘောထားကောင်းမွန်တဲ့ လူတွေလဲ ရှိပါတယ်။ သားတော်လူပြည်ရောက်ကထဲက သူတော်ကောင်းတွေနဲ့ပဲ တွေ့ရပါတယ်။ မိဘနှစ်ပါးစလုံး ဘာသာတရားလေးစားပြီး မြှုစင်ရိုးသားကြပါတယ်။ သူတို့ကို ကျေးဇူးဆပ်ချင်ပါတယ်"



"အရိမေတ္တေယျ ဘုရားရှင်ကို လှူဒါန်းမဲ့ ပစ္စည်းအဖြင့် ခမည်းတော်တို့ မိသားစုပိုင် ရတနာပစ္စည်းတွေရှိတာပဲ သားတော်ရဲ့ လူပြည်က မိဘတွေကို လုံလောက်အောင် ပေးလိုက်ပါ"

"ခမည်းတော်ဘုရား ပစ္စည်းဥစ္စာလဲ ပေးချင်ပါတယ်။ မိဘနှစ်ပါးစလုံး အသက်အရွယ်ကြီးမြင့်လာပြီမို့ ကိစ္စအဝဝကို ဆောင်ရွက်စီမံ ပေးချင်ပါတယ်။ အနားမှာနေပြီး ခြေဆုပ်လက်နယ် ပြုပေးချင်ပါတယ် ခွင့်ပြုတော်မူပါ"

သားတော်၏ စကားကြောင့် နဂါးမင်းကြီးသည် တွေဝေသွားသော်လည်း ခွင့်ပြုစကားမဆိုချေ။

(၁၆)

ဒေါ်မှယာသည်လည်း သားကို လွမ်းဆွတ်ခြင်း စိုးရိမ်ပူပန်ခြင်းတို့ကြောင့်





www.burmeseclassic.com

www.burmeseclassic.com

အအိပ်အစားပျက်လာလေသည်။ တံခွန်ထွက်သွားပြီး ၁၀ ရက်မြောက်တွင် ဒေါ်မှုယာ အိပ်ရာထဲမှ မထနိုင်တော့ချေ။ ဦးကျော်ဗေယျသည် ချစ်ဇနီး၏ ခံစားချက်ကိုသိ၍ အမျိုးမျိုးဖျောင်းဖျ၏။ ဒေါ်မှုယာ၏ ပြင်းပြသောဆန္ဒမှာ တံခွန်ကို တွေ့လိုမြင်လိုခြင်းဖြစ်၏။

တစ်နေ့ နံနက်ခင်းတွင် နဂါးမင်းကြီးသည် လူသားအသွင်ယူ၍ ကျိုက္ခစီဘုရားသို့ ဘုရားဖူးထွက်လေသည်။ နဂါးမင်းကြီး၏ ဘေးနားတွင် အသက် ၆၀ ခန့် လူကြီးတစ်ယောက်သည် ကြုံ့ကြုံ့ယုံ့ယုံ့ထိုင်၍ ဘုရားဝတ်ပြုနေလေသည်။ ဘုရားဝတ်ပြုပြီးသောအခါ အသံထွက်၍ ဆုတောင်းလေသည်။

"ဤသို့ ရှိခိုးပူဇော် ကန်တော့ရသော အကျိုးအားကြောင့် ဘုရားတပည့်တော်၏ သားလေးသည် ဘေးအပေါင်း ရန်အပေါင်း အန္တရာယ်အပေါင်း ရောဂါဝေဒနာအပေါင်းမှ ကင်းဝေးပါစေ။ သားအပေါ် ကျရောက်မည့် ဘေးဒုက္ခအန္တရာယ်တို့သည် သား၏ကိုယ်စား ဘုရားတပည့်တော်ထံကျရောက်ပါစေ"

ထိုသူ၏ ဆုတောင်းကိုကြားသောအခါ မင်းကြီးသည် အံ့ဩသွားလေသည်။ "ဩ လူသားတွေမှာလည်း အဖရဲ့ သံယောဇဉ်ကကြီးလှပါလား အင်း အင်း"

နဂါးမင်းကြီးသည် မိမိ၏ တန်ခိုးဖြင့် လူ့ပြည်ရှိ ဦးကျော်ဗေယျတို့ အိမ်ကို လှမ်းကြည့်ရာ နာမကျန်းဖြစ်နေသော ဒေါ်မှုယာကို မြင်တွေ့လေ၏။ သားဖြစ်သူကို တမ်းတနေသော ဒေါ်မှုယာကို မြင်သောအခါ နဂါးမင်းကြီးသည် သားတော်ကို ပြောလေသည်။

"သားတော်ရဲ့လူ့ပြည်က မိခင်ဟာနာမကျန်းဖြစ်နေပြီး ကံကုန်ပြီးဖြစ်လို့ အချိန်များများမကျန်တော့ဘူး သားဖခင်၏ သက်တမ်းလည်း နောက် ၃ နှစ်သာ ရှိပါတော့တယ်။ ဒါကြောင့်သားကို မိဘများထံပြန်ခွင့်ပြုမယ် ဒါပေမဲ့ ခမည်းတော်ကို ကတိတစ်ခုပေးရမယ်"

"ဘာကတိများလဲ ခမည်းတော် သားတော်ပေးပါမယ်"

"ကောင်းပြီ လူ့ပြည်မှာ ဘယ်မိန်းမကိုမှ စွဲလန်းချစ်ခင်ပြီး လက်ထပ်ပေါင်းသင်းခြင်း မပြုလုပ်ပါဆိုတဲ့ ကတိကိုပေးပါ"

"စိတ်ချပါ ခမည်းတော် သားတော် အသက်နဲ့ရင်းပြီး ကတိပေးပါတယ်"

(၁၇)

ရန်ကုန်မြို့ ပြည်လမ်းရှိ အိမ်ထဲတွင် ဆရာဝန်ကြီးသည် ကုတင်ပေါ်မှ ဒေါ်မှုယာကို စမ်းသပ်စစ်ဆေးနေလေသည်။ အနားတွင် ဦးကျော်ဗေယျနှင့် ဖြူဖြူသွယ်သွယ် သူနာပြုဆရာမလေး ရပ်နေကြ၏။

"ဒေါ်မှုယာ အစားမစားရင်တော့ နှာခေါင်းပိုက်သွင်းရမယ်နော် အစာမဝင်ရင် အားပြတ်သွားလိမ့်မယ်"

ဆရာဝန်သည် ဆရာမလေးအား ဆေးတိုက်ရန်ညွှန်ကြားပြီး ပြန်သွားလေသည်။ ဆရာဝန်အိမ်ထဲမှ အထွက်တွင် ကားတစ်စီးခြံထဲဝင်လာပြီး ကားပေါ်မှ တံခွန်

www.burmeseclassic.com

ဆင်းလာလေသည်။ တံခွန်ကိုတွေ့သော ဦးကျော်ဝေယျသည် ဝမ်းသာအားရဖြင့် ကြိုဆိုပြီး ဒေါ်မူယာထံ ခေါ်လာလေသည်။

တံခွန်က "မေမေ" ဟု လှမ်းခေါ်လိုက်သောအခါ ဒေါ်မူယာသည် ဆက်ကနဲလှည့်ပြီး "သား" ဟု ခေါ်လိုက်၏။ တံခွန်သည် မိခင်၏ လက်နှစ်ဖက်ကို ဆုပ်ကိုင်ပြီး မိခင်ကို ယုယစွာပွေ့ထူပြီး ရင်ခွင်တွင် ဖက်ထားလိုက်၏။ ဒေါ်မူယာသည် စကားမပြောနိုင်ပဲ သား၏ ရင်ခွင်တွင် ခေါင်းမှီပြီး တရှိုက်မက်မက်ဖြစ်နေသည်။ သားအမိနှစ်ယောက်ကို ကြည့်ပြီး ဦးကျော်ဝေယျသည် ဝဲလာသော မျက်ရည်များကို ကြိုးပမ်းပြီးထိန်းလိုက်ရ၏။

သူနာပြုဆရာမလေးမှာ ကုတင်နံဘေးတွင်ရပ်ပြီး အမေနှင့်သား၏ ချစ်ခြင်းမေတ္တာနှင့် ကြင်နာယုယမှုကို ငေးမောနေလေသည်။ တံခွန် ပြန်ရောက်လာသည့် နေ့မှစ၍ မိခင်အားသူနာပြုဆရာမလေးနှင့် အတူပြုစုလေသည်။ မိခင်၏ ဆီးဝမ်းသလိပ်များကို မရွံမရှာ သုတ်သင်ပေး၏။ မိခင်အစာဝင်စေရန် စိတ်ရှည်လက်ရှည် ခွံကျွေးပေး၏။ လူနာအား သန့်ရှင်းရေးလုပ်ပေးခြင်းကို ဆရာမလေးနှင့် အတူ ညင်ညင်သာသာလုပ်ပေးပြီး မိခင်၏ ဆံပင်ကို တံခွန်ကိုယ်တိုင် ဖီးလိမ်းပေး၏။

သားတစ်ယောက်၏ မိခင်အပေါ် ချစ်မြတ်နိုးမှုကို ဆရာမလေး "ချယ်ရီ" အံ့ဩမဆုံးဖြစ်နေ၏။ ချယ်ရီသည် ရှမ်းပြည်နယ် ပင်းတယသူလေး ဖြစ်ပြီး ရန်ကုန်သူနာပြု တက္ကသိုလ်ကျောင်းဆင်းဖြစ်၏။ အစိုးရဝန်ထမ်းလျှောက်ထားပြီး အလုပ်မဝင်ရသေးမီ ဒေါ်မူယာကို ကုသသော ဆရာဝန်ကြီး၏ အဆက်အသွယ်ဖြင့် စပါယ်ရှယ်နာ့စ်လုပ်နေခြင်းဖြစ်၏။ သန့်စွမ်းနက်မှောင်သော ဆံပင်ရှည်ရှည် မျက်ခုံးထူထူ နှုတ်ခမ်းဖူးဖူးလေးဖြင့် ချစ်စဖွယ်ကောင်း၏။ ဖြူစင်သော အသားအရေ ပန်းရောင်သန်းနေသော ပါးပြင်မို့မို့လေးများသည် ချယ်ရီကို ထူးထူးခြားခြားလှပစေ၏။ ဆံပင်နောက်တွဲလေးထုံး သူနာပြုခေါင်းဆောင်းလေးဖြင့် ချယ်ရီမျက်နှာလေးသည် ရှင်းသန့်နေပြီး ရင်ပုံးအင်္ကျီအဖြူ လုံချည်နီ ရဲရဲလေးကို အမြဲဝတ်ဆင်လေ့ရှိသည်။

ဒေါ်မူယာကိုလည်း ဆရာဝန်ကြီးညွှန်ကြားသည့် အတိုင်းပြုစုလေသည်။ နံနက် ၆ နာရီမှ ည ၆ နာရီထိ ဆင်း၏။ ထမင်းဗူးလေးဖြင့်လာပြီး တည်တည်တန့်တန့် နေလေသည်။ ဦးကျော်သူ၏ တပည့်လင်မယားက ချက်ပြုတ်ကျွေးမွေးခြင်း အိမ်စောင့်ထိန်းသိမ်းခြင်းများလာရောက် ကူညီပေး၏။

တံခွန်သည် နာရီနှင့်အမျှ မိခင်ကိုပြုစုရင်း စေတနာပါပါဖြင့် မိခင်လူနာကို ကြည့်ရှုစောင့်ရှောက်ပေးသော သူနာပြုဆရာမလေးကို သတိထားမိလာလေသည်။

(၁၈)

သူနာပြုဆရာမလေး ချယ်ရီသည် စကားများများပြောလေ့မရှိပဲ အေး



www.burmeseclassic.com

www.burmeseclassic.com

ချမ်းစွာဖြင့် မိမိတာဝန်ကို ထမ်းဆောင်နေ၏။ လူနာ၏ရောဂါ အတိမ်အနက်ကို ဆရာကြီး ပြောပြထား၍ ဦးကျော်ဝေယျရော မိမိပါ သိပြီးဖြစ်၏။ တံခွန်ကိုတော့ အသိမပေးရသေးပေ။

ယနေ့ ဦးကျော်ဝေယျတို့ အိမ်တွင်သံယာ ၁၀ ပါးကို ဆွမ်းကျွေး၍ သင်္ကန်းကပ်လှူ၏။ သံယာများ၏ ရှေ့တွင် ငွေကလပ်ဖြင့်တင်ထားသော ရွှေခေါင်းလောင်း တစ်လုံးတင်ထား၏။ ရွှေခေါင်းလောင်းမှာ ၆ လက်မ အဝကျယ်၍ ၂၅ ကျပ်သားရှိပြီး ရွှေသားမှာ ဝင်းအိနေကာ ခေါင်းလောင်း၏ နှုတ်ခမ်းပတ်လည်တွင် နီရဲရှန်းလက်နေသော မကျည်းစေ့အရွယ် ပတ္တမြားများစီချယ်ထားလေသည်။ ခေါင်းလောင်းထိပ်၌ ငွင်းကို နဂါးတစ်ကောင်၏ သဏ္ဌာန် ငွင်းပြုလုပ်ထား၏။

ခေါင်းလောင်း လှူဒါန်းပွဲကို ဒေါ်မှုယာ၏ အိပ်ခန်းနှင့် တည့်တည့် ညှိခန်းတွင်လုပ်ပြီး ဒေါ်မှုယာကိုခုတင်ပေါ်တွင် ဆရာမလေးချယ်ရီနှင့် တံခွန်က ပေးမပွေ့ထူးပြီး ဒေါ်မှုယာ၏ လက်ကို တံခွန်က ကိုင်၍ ရေစက်ချစေလေသည်။ ထိုရွှေခေါင်းလောင်းကို ရွှေတိဂုံစေတီတော်ကြီးသို့ လှူဒါန်းလေသည်။

ရွှေခေါင်းလောင်း လှူဒါန်းပြီး ဒေါ်မှုယာ၏ ကျန်းမာရေးမှာ တဖြည်းဖြည်း ယုတ်လျော့လေသည်။ ဆရာမလေးချယ်ရီသည် ညကိုမပြန်နိုင်တော့ပဲ နေ့ရောညပါ လူနာအနားမှာရှိနေပြီး သာယာအေးချမ်းသော အသံဖြင့် ပရိတ်တရားတော်များ ရွတ်ဖတ်ပေး၏။ ဒေါ်မှုယာသည် တံခွန်၏ လက်ပေါ်တွင် ညင်သာစွာ ကွယ်လွန်သွားလေသည်။



ဒေါ်မှုယာ၏ အသုဘကိစ္စ အဝဝပြီးဆုံးသောအခါ ဆရာမလေးချယ်ရီသည် တံခွန်တို့ သားအဖကို နှုတ်ဆက်၍ ပြည်လမ်းအိမ်မှ ထွက်သွားလေသည်။

ဒေါ်မှုယာ ကွယ်လွန်ပြီးနောက် ဖခင်၏ သက်တမ်းသည်လည်း အချိန်သိပ်မကျန်တော့ကြောင်း သိထား၍တံခွန်သည် ဖခင်ကိုအထူး ဂရုစိုက်၏။ သားအဖနှစ်ယောက် အင်းယားကန်ဘောင်တွင် လမ်းလျှောက်ကြပြီး ဖခင်စားချင်သည့် အစားအသောက်ကို လိုက်ကျွေးမွေး၏။ ရွှေတိဂုံဘုရားသို့ အတူသွားကြ၏။ တံခွန်သည် ဖခင်ကို အချိန်ပြည့် အဖော် လုပ်ပေးလေသည်။

(၁၉)

ဆောင်းအကုန် နွေအကူး ရာသီဥတု သာယာအချိန်တွင် ဦးကျော်ဝေယျတို့ သားအဖသည် တောင်ကြီးသို့ ခရီးထွက်ခဲ့ကြလေသည်။ တံခွန်ကကား လေးကို မောင်းပြီး ဦးကျော်ဝေယျက





www.burmeseclassic.com

www.burmeseclassic.com

သေးမှာထိုင်လေသည်။ ညိုညိုမှိုင်းမှိုင်းနှင့် လှိုင်းထနေသော တောင်စဉ်တောင်တန်းများ စိမ်းစိုနေသော ထင်းရှူးတောများနှင့် အကြွင်းအကျန်များ စိန်ပန်းပြာ စိန်ပန်းနီတို့သည် တောင်ကြီးမြို့ကိုအလှပဆုံး ချယ်မှုန်းထားကြလေသည်။ လှပသော ပန်းမျိုးစုံကလည်း မြိုင်မြိုင်ဆိုင်ဆိုင် ပွင့်နေကြ၏။ အေးမြသော ရာသီဥတုနှင့် သာယာလှပသော ပတ်ဝန်းကျင်ကြောင့် တံခွန်တို့ သားအဖ သက်သောင့်သက်သာဖြင့် ရွှင်းလန်းနေကြလေသည်။

တောင်ကြီး ဟော်တယ်တွင် တစ်ညအိပ်ပြီး ပင်းတယမြို့လေးသို့ ခရီးဆက်လာကြ၏။

"ရေသန့်ရှိပါသလား ဘာတံဆိပ်တွေရှိလဲ" အင်္ကျီအနက် ဆံပင်ရှည် ဖားလျားလေးနှင့် မိန်းကလေးသည် မော့ကြည့်လိုက်ပြီး အံ့သြစွာဖြင့် "တံခွန်" ဟု ခေါ်လိုက်သည်။ တံခွန်သည် မျက်နှာလေး ပန်းရောင်သန်းနေသော ချယ်ရီကို တွေ့လိုက်ရသောအခါ မယုံကြည့်နိုင်သကဲ့သို့ စူးစိုက်ကြည့်ပြီး

"ချယ်ရီ ဟုတ်ပါတယ်နော်"

ဟု ပြောလိုက်၏။ ဦးကျော်ဝေယျသည် ချယ်ရီကို လှမ်းတွေ့လိုက်၍ ကားပေါ်မှ ဆင်းလာလေသည်။

"လာပါ အန်ကယ်လ် လာပါ ထိုင်ပါ"

"ဆရာမ ချယ်ရီက ဒီမှာနေတာလား"

"ဟုတ်ပါတယ် ကျွန်မဇာတိပါ အလုပ်မဝင်ခင် မိဘတွေဆီပြန်ခဲ့တာပါ။ တံခွန်ထိုင်ပါ အခါးရည်သောက်ကြပါ"

"ဆရာမ တစ်ယောက်ထဲလား"



ဦးကျော်ဝေယျ အမေးကြောင့်

"မိဘတွေရှိပါတယ် အဘာနဲ့ အမေက ခြံထဲသွားကြပါတယ်။ အန်ကယ်လ်တို့ အလည်လာကြတာလား"

"အေးကွယ် ရွှေဥမင် ဘုရားလဲဖူးရင်ပေါ့"

"ညအိပ်မယ်ဆိုရင် ကျွန်မတို့ အိမ်မှာတည်းပါရှင်"

"ရပါတယ်ကွယ် ကျေးဇူးပါတို့ တည်းခိုခန်းမှာ တည်းပါ့မယ်"

"ဒါဆို ဇော်ဂျီ "အင်း" မှာ တည်းပါရှင် ဘုတ်တာလုပ်ကန်ရေမှာပါ"

"အေး အေး အဲဒီကိုသွားကြရအောင် တံခွန်"

"မနက်ကို ကျွန်မ လာခဲ့ပါမယ် ရွှေဥမင် ဘုရားကို လိုက်ပို့ပါရစေ နံနက်စာကိုလည်း ကျွေးပါရစေ"

(၂၀)

နှင်းမှုံလေးများ ပါးပါးလေးကျနေသော ပင်းတယမြို့လေးသည် အေးချမ်းသာယာလှ၏။ ယုန်မွေးချည်တာ





www.burmeseclassic.com

www.burmeseclassic.com

အနီရဲရဲလေး ဝတ်ထားသော ချယ်ရီ၏ ပါးလေးနှစ်ဖက်သည် ပန်းရောင်ရင့်ရင့် အရောင်သန်းနေ၏ ဆံပင်အရှည်ကြီးကို ခပ်မြင့်မြင့်ကလေးချိတ်ထား၍ တမျက်လုံး ရှင်းသန့်နေလေသည်။ သုံးယောက်သား မြို့ထဲမှ လဘက်ရည်ဆိုင်တွင် နံနက်စာ စားပြီး ရွှေညှင် ဘုရားသို့ထွက်လာကြ၏။ ပင်းတယရွာတွင် ဘုရားဖူးပြီး အခြားနီးစပ်ရာ ဘုရားများသို့ သွားဖူးကြလေသည်။ ဇော်ဂျီရေထွက်ဦးကိုလည်း ချယ်ရီက လိုက်ပြသေး၏။ ဘုရားဖူးခရီးစဉ် တစ်လျှောက်လုံး ချယ်ရီသည် တံခွန်ကိုအရပ် တစ်ကြည့်ကြည့်ရှိနေ၏။ တံခွန်ကတော့ ချယ်ရီနှင့် မျက်လုံးချင်းမဆုံမိအောင် ရှောင်နေလေသည်။

ကလေးနှစ်ယောက်၏ အရိပ်အကဲကိုကြည့်ပြီး ဦးကျော်ဝေယျသောဘာ တွေကျနေ၏။

"ချယ်ရီက ဘယ်တော့အလုပ် ဝင်ရမှာလဲ"

"ဒီလကုန်ပါ အန်ကယ်လ် ရန်ကုန်ဆေးရုံကြီးမှာပါ"

"အေး ကောင်းတယ် ကောင်းတယ် အန်ကယ်လ်တို့ ရန်ကုန်မှာ ပြန်ဆုံကြရအောင်"

ချယ်ရီသည် ချစ်ဖွယ်ခေါင်း ညိတ်လိုက်၏။ ပင်းတယမှ အပြန်ခရီးတွင် တံခွန်သည် နှုတ်ဆိတ်ပြီး မျက်လုံးအစုံက ရီဝေဝေ ဆွေးမြေ့မြေ့ရှိနေ၏။

"ဘာလဲ သား လွမ်းနေတာလား"

"ဟာ မဟုတ်ပါဘူး ဖေဖေရာ"

"ဟ လွမ်းရင်လွမ်းတယ်ပေါ့ကွ ဖေဖေသဘောတူပါတယ် ချယ်ရီလို မိန်းကလေးကို သားရွေးချယ်သင့်တာပေါ့"

"မဖြစ်ပါဘူး ဗျာ"

"ဟေ ဘာလို့လဲ"

"သားက ဘာလဲ ဘယ်တဝကလာတာလဲဆိုတာ ဖေဖေအသိဆုံးပါ သားကြောင့် ချယ်ရီစိတ်မဆင်းရဲစေချင်ပါဘူး"

တံခွန်၏ စကားအဆုံးတွင် ဦးကျော်ဝေယျ နှုတ်ဆိတ်သွားလေသည်။ ရန်ကုန်ပြန်ရောက်ပြီး ဦးကျော်ဝေယျ အတွက် ရွှေခေါင်းလောင်းတစ်လုံး လှူရန် တံခွန်ပြင်ဆင်လေသည်။ မိခင်ဒေါ်မှုယာအတွက် လှူဒါန်းခဲ့သော ရွှေခေါင်းလောင်းအတိုင်း ပုံစံပေး၍ အပ်နှံ၏။ ဦးကျော်ဝေယျ၏ မွေးနေ့တွင် ရွှေခေါင်းလောင်းလှူဒါန်းပွဲကို ပြည်လမ်းအိမ်တွင် ပြုလုပ်လေသည်။ ဆွေမျိုးအနည်းငယ် ဦးကျော်ဝေယျ၏ တပည့်ဟောင်းအချို့နှင့် ဆေးရုံကြီး သူနာပြု ဆောင်တွင်နေသော ချယ်ရီကိုလည်း ဖိတ်ကြားခဲ့လေသည်။

"ရွှေခေါင်းလောင်းကို ရေစက်ချ လှူဒါန်းပြီး ရွှေတိဂုံဘုရားသို့ သွားရောက် ပို့ဆောင်သောအခါ တာဝန်ခံ ဂေါပကကြီးအား တံခွန်က တောင်းဆိုလိုက်လေသည်။

"လွန်ခဲ့တဲ့နှစ်က လှူဒါန်းခဲ့တဲ့ ဒေါ်မှုယာ အမည်နဲ့ ယှဉ်ပြီးထားပေးပါခင်ဗျာ"

တံခွန်၏ တောင်းဆိုချက်အရ ရွှေခေါင်းလောင်း နှစ်လုံးကို ရွှေတိဂုံစေ

www.burmeseclassic.com

တိ၏ ထီးတော်တွင် ယှဉ်တွဲပြီး ထားပေးလိုက်လေသည်။

(၂၁)

ရာသီတွေ အလီလီပြောင်းခဲ့လေပြီ ချယ်ရီရန်ကုန် ရောက်သည်မှာလည်း ၂ နှစ်ရှိခဲ့ပြီ ချယ်ရီ၏ တံခွန်အပေါ်ထားရှိသော သံယောဇဉ်ကြီးသည်လည်း ပိုမိုခိုင်ခန့်နေပြီးဖြစ်၏။ တံခွန်ကတော့ ချယ်ရီကိုတွေ့တိုင်း ချစ်ရည်ရွှန်းသော မျက်ဝန်းအစုံဖြင့် စိုက်ကြည့်တတ်သည်ကလွဲ၍ မေတ္တာရှိကြောင်းဖွင့်ပြောမှုမရှိပေ။

တံခွန်ဖွင့်မပြောလည်း တံခွန်ရင်ထဲတွင် မိမိရှိနေကြောင်း ချယ်ရီသိလေသည်။ တစ်ဦးကို တစ်ဦးဖွင့်ဟ ဝန်ခံမှုမရှိသော်လည်း နှလုံးသားချင်းကသိနေလေသည်။ ချယ်ရီက "စောင့်နေပါ့မယ် တံခွန် တံခွန် ပြောလာတဲ့အထိ စောင့်ပါမယ်"ဟု တိုးတိုးရေရွတ်လိုက်၏။

ဦးကျော်ဇေယျသည် ဆီးသွားရာတွင် ခက်ခဲလာမှုကြောင့် ဆေးစစ်သောအခါ ဆီးကျိတ်ကင်ဆာ ဖြစ်နေကြောင်းသိရ၏။ ဦးကျော်ဇေယျကို ကီမို (ကင်ဆာဆေး) သွင်းခြင်း ဓာတ်ရောင်ခြည်ပေးခြင်းများဖြင့် ကုသရာတွင် ချယ်ရီသည် အစွမ်းကုန်ကူညီ ပြုစုပေးလေသည်။ တံခွန်သည် ဖခင်၏ နောက်ဆုံး အချိန်အား မအိပ်မနေ ပြုစုရ၏။ ချယ်ရီသည် တံခွန်ကို သနားလှ၏။ ချစ်ခြင်းပေါ် သနားခြင်းဆင့်၍ ချစ်မဆုံးရှိနေလေသည်။

ခေတ်မီ ကုထုံးများဖြင့် ကုသသော်လည်း ဦးကျော်ဇေယျသည် တံခွန်၏ လက်ပေါ်တွင် ကွယ်လွန်သွားလေသည်။ ဦးကျော်ဇေယျ၏ ရက်လည်ပြီး



သောနေ့တွင် ဆွေးမျိုးသားချင်းများ တပည့်တပန်းများ ပြန်သွားကြ၍ ပြည်လမ်းအိမ်ကြီးတွင် တံခွန် တစ်ယောက်တည်း ကျန်လေသည်။ ညနေစောင်း အလုပ်ဆင်းမှ ရောက်လာသော ချယ်ရီသည် ဧည့်ခန်းထဲရှိ ဆိုဖာပေါ်တွင် မျက်နှာကို လက်ဝါးဖြင့် အုပ်ပြီး ထိုင်နေသော တံခွန်ကို တွေ့လိုက်ရသည်။

"တံခွန်" ချယ်ရီ၏ အသံကို ကြားလိုက်သောအခါ တံခွန်သည် ထိုင်ရာမှထပြီး လက်နှစ်ဖက်ကို ဆန့်တန်းပေးလိုက်၏။ ချယ်ရီသည် တစ်လှမ်းချင်း တဖြည်းဖြည်းလျှောက်လာပြီး တံခွန်၏ အနားသို့ ကပ်လာကာ တံခွန်၏ ရင်ခွင်ထဲသို့ ဝင်လိုက်လေသည်။ တံခွန်သည် ချယ်ရီ ပခုံးပေါ်တွင် တရှိုက်မက်မက် ဖြစ်နေရာ ချယ်ရီက တံခွန်၏ ကျောပြင်အား လက်ဝါးလေးဖြင့် ပုတ်ပေးလေသည်။ နှစ်ဦးသားသည် ချစ်ခြင်းတရားကို မလွန်ဆန်နိုင်တော့ပဲ ပွင့်လင်းသော ချစ်သူများ ဖြစ်သွားကြ၏။

တံခွန်နှင့် ညစာအတူစားပြီးမှ



www.burmeseclassic.com

www.burmeseclassic.com

ချယ်ရီပြန်သွား၏။ နောက်နေ့ ညနေတွင် ချယ်ရီကိုလာကြိုမည် ဖြစ်ကြောင်း ချိန်းဆိုလိုက်ကြ၏။ ထိုညက တံခွန်မောမောဖြင့် အိပ်ပျော်သွားလေသည်။ အိမ်မက်ထဲတွင် နဂါးပြည်သို့ ပြန်ရောက်သွားပြီး ခမည်းတော် နဂါးမင်းရှေ့တွင် တံခွန်ဒူးထောက်ထိုင်လိုက်၏။ ခမည်းတော်က ဒေါသတကြီးဖြင့် တံခွန်ကို လက်ညှိုးထိုးကာ. . .

"သားတော် ပေးထားတဲ့ကတိကို ချိုးဖောက်တယ် အခု ချင်ချင်းပြန်လာရမယ်" အမိန့်ပေးလိုက်လေသည်။

(၂၂)

တနေ့လုံး အိပ်ခန်းထဲမှထံခွန် ထွက်မလာ၍ အိမ်စောင့် လင်မယားက အသဘောကိစ္စများဖြင့် ပင်ပန်းသွား၍ အိပ်ပျော်နေသည် ဟု ထင်ကြလေသည်။ ချယ်ရီသည် တာဝန်ပြီးသည်နှင့် ရေမိုးချိုးကာ အလှဆုံးပြင်ဆင်လေသည်။ အချစ်၏ စွမ်းပကားကြောင့် ချယ်ရီ၏ ပါးပြင်လေးနစ်ဖက်သည် ရဲရဲနီနေ၏။ တံခွန်ရောက်လာမည့်ချိန်တွင် အဆောင်ရှေ့၌ တက္ကစီတစ်စီးဖြင့် တံခွန်၏ အိမ်သို့ လာခဲ့လေသည်။ အိမ်စောင့် လင်မယားက တံခွန်တနေ့လုံး အိပ်ခန်းထဲမှမထွက်ကြောင်းပြော၍ ချယ်ရီ အိပ်ခန်းတံခါးကို ခေါက်လိုက်ပြီး သော့မခပ်ထား၍ အိပ်ခန်းထဲသို့ ဝင်လိုက်ရာ ကုတင်ကြီးပေါ်တွင် ညအိပ်ဝတ်စုံ အပြာနုလေးဖြင့် ပက်လက်အိပ်နေသော တံခွန်ကိုတွေ့လိုက်ရ၏။

ချယ်ရီသည် ချစ်သူကို ကြည့်ပြီး တချက်ပြုံးလိုက်ကာ တံခွန်ကို နှိုးလိုက်၏။

"တံခွန် ထတော့လေ ချယ်ရီရောက်ပြီ လာလဲမကြိုဘူး" ပြောပြောဆိုဆိုဖြင့် တံခွန်လက်ကို ကိုင်လိုက်ရာ အေးစက် တောင့်တင်းနေ၍ ချယ်ရီသည် အလန့်တကြား လွှတ်ချလိုက်ပြီး တံခွန်၏ နလုံးခုန်သံကို နားထောင်၏။ တံခွန်၏ မျက်စိသူငယ် အိမ်ကိုစစ်ဆေး၏။ တံခွန်အား သေဆုံးခဲ့နေပြီ

ချယ်ရီသည် မယုံနိုင်စွာဖြင့် တံခွန်၏ အေးစက်နေသော လက်ပြင်ကို ပါးလေးဖြင့် အပ်ပြီး

"တံခွန်ရေ ဘယ်လိုဖြစ်တာလဲ ဟင် မောင် ချယ်ရီကို ချစ်တယ်လို့ တစ်ခွန်းတောင် မပြောရသေးဘူးလေ ချယ်ရီဘာလုပ်ရမလဲ တံခွန်"

ချယ်ရီ၏ ငိုသံကြောင့် အိမ်စောင့်လင်မယား ပြေးလာကြ၏။ တံခွန်သည် မည်သူ့ကိုမှ နှုတ်မဆက်ပဲ လူ့လောကမှ ထွက်ခွာသွားလေတော့သည်။

ချယ်ရီသည် ထူးခြားဆန်းကြယ်လှသော ချစ်သူ၏ ဘဝကြောင်းကို မသိပဲ ကံကြမ္မာကို ဆိုးဝါးရက်စက်လှချေရဲ့ဟု ယိုးမယ်ဖွဲ့ကာ တစ်သက်လုံး အပျိုကြီး ဘဝကိုခံယူလိုက်လေသည်။ နဂါးမင်းသား တံခွန်မှာ နောင်ပွင့်တော်မူမည့် အရိမေတ္တယျ မြတ်စွာဘုရားသခင်အား လှူဒါန်းရမည့် ရတနာပစ္စည်းများရှိသော နဂါးသိုက်ကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်နေသည်။

စိန့်စိန့်အေး

www.burmeseclassic.com




၁၃၀

အတွဲ (၁၉) အမှတ် (၄)၊ ဇန်နဝါရီလ၊ ၂၀၁၆ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

မြန်နန်းနွယ်တို့ အိမ်မှာ သား အမိနှစ်ယောက်တည်းနေသောလည်း ရုံးပိတ်ရက် အလုပ်ပိတ်ရက် ကျောင်းပိတ်ရက်များတွင် အဝေးတွင်နေသော ညီအစ်ကို၊ မောင်နှမများ၊ တူ၊ တူမများ ရောက်ရှိလာတတ်ပြီး ညအိပ်ညနေ တစ်ယောက်တစ်မျိုးဈေးဝယ် ထွက်ကြပြီး စုပေါင်းချက်ပြုတ်စားသောက်ကြလေရာ လူစုံလေသည်။ တစ်ပတ်လုံး မတွေ့ရသောကြောင့် သူ့အကြောင်း ညဘက် လက်ဖက်သုပ်စား၊ ဂျင်းသုပ်စားရင်း အလုအယက်စကားပြောကြရာ ပိတ်ရက်တွင် မြန်နန်းနွယ်၏ ဧည့်သည်လာပါက၊ ဧည့်သည်မှာ မနေတတ်မထိုင်တတ်ဖြစ်ရလေသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် စနေနေ့တွင် မြန်နန်းနွယ်၏ သူငယ်ချင်းများ ဖြစ်သော စံပယ်ဖြူနှင့် ကြူကြူတို့ ရန်ကုန်မှ ရောက်လာရာ နံနက်အစောတွင် ပြင်ဦးလွင်သို့ သွားမည်ဖြစ်ကြောင်း မြန်နန်းနွယ်တို့အိမ်တွင် တစ်ညတာ တည်းခိုမည်ဖြစ်ကြောင်းပြောရာ အိမ်တွင် ဆွေမျိုးတစ်စုနှင့် အနေအထိုင်ကြပ်မည်ဆိုးသော်က တစ်ကြောင်းတစ်ရက်တာ ကာလလေးတည်းမည့် ကိစ္စတွင် "ဟိုတည်တွင် ကောင်းကောင်းမွန်မွန်" ထားလိုသည်ကတစ်ကြောင်း၊ မန္တလေးတွင် ရှိသော "..." ဟိုတည်မန်နေဂျာမှာလည်း မိတ်ဆွေရင်းချာဖြစ်ပြီး၊ သန့်ရှင်းသန့်ပြန့်၍ ရှုပ်ရှုပ်ယှက်ယှက်လည်း မရှိသောကြောင့်၊ စီစဉ်ပေးမည်ဟုပြောရာ မြန်နန်းနွယ်၏ သူငယ်ချင်းများက လက်မခံပါ။ ငရင်းဟိုတည်တွင် မြန်နန်းနွယ်ကိုယ်တိုင် လိုက်အိပ်မှ တည်းရဲမည်ဖြစ်ကြောင်း သူတို့နှစ်ယောက်တည်း မတည်းရဲကြောင်းပြောသဖြင့် သူငယ်ချင်း (၂) ယောက်အား ဟိုတည်သို့အထုပ်အပိုးများနှင့် ခေါ်ဆောင်သွားပြီး အတူတစ်ညအိပ်ရင်း ရှေးဟောင်းနှောင်းဖြစ်များ ပြောကြမည်။ နံနက်လင်းမှ သူငယ်ချင်းနှစ်ယောက်အား ကားဖြင့် ပြင်လွင်သို့ လိုက်ပို့ရန် စီစဉ်လိုက်ပါသည်။ ဟိုတည်တွင် အစားအသောက်များမှာ ဈေးကြီးသောကြောင့် ဟိုတည်စာမစားဘဲ အပြင်သို့ ထွက်စားကြပါသည်။ ညနေခင်းပိုင်းမိုးချုပ်သည့်အခါ သူငယ်ချင်းများမှ အကင်စားလိုကြောင်း သောက်လည်းသောက်ချင်ကြောင်း အပြင်မှ အစားအသောက် ယူစားလို့မရတော့ ခက်ကြောင်းပြောရာ မြန်နန်းနွယ်မှဘာမှ မူမနေနဲ့အေ၊ ငါ ထွက်ဝယ်ပေးမယ် မန်နေဂျာက ငါ့မိတ်ဆွေပါ။ သူမြင်လည်း မမြင်ချင်ယောင်ဆောင် နေလိမ့်မယ်။ ငါက ဒီဟိုတည်ဧည့်သည်ခေါ်လာတိုင်း အပြင်ကအစားအသောက် ယူစားနေကြ ဟုပြောပြီး သုံးယောက်သားအပြင်ထွက်ကြလေရာ "ငါးကင်၊ ပုစွန်ကင်နှင့် ပင်လယ်စာအစုံ၊ ဝိုင်ပုလင်းတို့အား" ဝယ်ပြီးနောက် ဟိုတည်သို့ ပြန်လာကြရာ အပေါ်ထပ်သို့တက်သည့် လမ်းတစ်လျှောက် ခြေသံများမှာ မြန်နန်းနွယ်တို့ သုံးယောက်ခြေလှမ်းထက်မက အုပ်စုများ သယောင်ရှိသဖြင့် ရုတ်တရက် လက်ကာပြပြီး ရပ်လိုက်ရာ ခြေသံများလည်း ရပ်တန့်သွားပါသည်။ နောက်ဆက်လျှောက်ပြန်ရာ နောက်မှ ခြေသံအများအပြား ကပ်ပါလာပြန်ပါသည်။ သူသိ

www.burmeseclassic.com

ဟာ "ခြေသံတွေ" ဟုပြောရာ မြန်နန်းနွယ်မှပြောရာ သူငယ်ချင်းများမှလည်း ငါတို့ သုံးယောက် ခြေသံတွေပါအေး၊ အတွေးချော်မနေပါနဲ့ ဟုပြောပြီး အခန်းသို့ရောက်ရာ စားကြသောက်ကြလေသည်။ ထိုစဉ် ရေချိုးခန်းတွင်းမှ "ရေချိုးသံ ဆပ်ပြာတိုက်သံ ရေပိုက်ခေါင်းပွင့်နေသည့်အသံ"များကြားရသောကြောင့် အရေးထဲ ရေပိုက်တွေပွင့်နေတယ်ထင်တယ် သွားပိတ်လိုက်ဟုပြောပြီး ပွင့်နေသောရေပိုက်အား ပိတ်လိုက်ပါသည်။ နောက်ဆက်၍ စားသောက်ပြီး စကားပြောနေစဉ် "ရေပိုက်ခေါင်းပွင့်သံ တဝေါဝေါ ပြန်ကြားရသဖြင့် တစ်ခါထပ်ပြီး မြန်နန်းနွယ်ကိုယ်တိုင်သွားကြည့်ရာ ရေချိုးဇလုံထိပ်တွင် ကြောင်တစ်ကောင်မှာ "ညောင်" ဟု ရှူးရှူးဝါးဝါး အော်လိုက်ပြီး ဝုန်းခနဲ ထခုန်လိုက်ရာ မြန်နန်းနွယ်မှ လန့်ပြီးရှောင်လိုက်ပါသည်။ ၎င်းနောက် ကြောင်အား ဂုတ်မှကိုင်၍ တံခါးဖွင့်ပြီးနောက် အပြင်သို့ပြစ်ထည့်လိုက်ရာ" ကြောင်မှာ ထွက်မပြေးဘဲ မာန်ဖီ၍ ပြန်ကြည့်နေရာ ရုတ်တရက် ကြက်သီးထမိပြီး အမလေး ကြောင်ကလည်း ကြောက်စရာကောင်းတာအေး၊ လူကိုတောင်ပြန်ကိုက်မဲ့အတိုင်း" ဟုပြောပြီး ဆက်စားသောက်နေရာ ဟိုတည်မီးမှာ ဖျတ်ခနဲ ပြတ်သွားရာ မီးမချိန်းမီ စက္ကန့်ပိုင်းမျှ



အချိန်တွင် ဝုန်းခနဲတံခါးပွင့်သွားသည့်အသံ လမ်းလျှောက် ဝင်လာသဖြင့် ထမီကလားနား တမြုန်းမြုန်းခတ်သံ ရုတ်တရက်အကြား ဖျတ်ခနဲ မီးပြန်လင်းရာ သူငယ်ချင်း (၃)ယောက်လုံးမှာ စားပွဲနားတွင်ငုတ်တုတ်၊ စောနက တံခါးနားနင်သွားသေးလား ငါလည်း မသွားဘူး။ တစ်ယောက်မျက်နှာတစ်ယောက်ကြည့် "ဒီဟိုတည်က မသန့်ဘူးထင်တယ်ဟာ" စိတ်ထဲတစ်မျိုးကြီးပဲ ကြောက်သလိုလိုခံစားရတယ်" လို့ စပယ်မြှုမှပြောရာ ကြူကြူမှထောက်ခံလေသည်။ ဟုတ်တယ်၊ တို့ပြန်ကြမလား ဟုပြောရာ အစအနောက်သန်သော မြန်နန်းနွယ်မှ တစ္ဆေအထီးလား အစ်မလားလာထား အာတွား" အထီးဆို အပျိုကြီး ကြူကြူဆီသွား၊ အမဆိုရင်ငါ့ဆီလာဟု ပြောရာ မပြောကောင်းဘူးမစနဲ့နော် ငါကြောက်တယ်ဟု အပျိုကြီး ကြူကြူမှ ပြောသော်လည်း အထီးလည်းမကြောက် အစ်မလည်း ငါမကြောက်ဘူး၊ သူ့ဘာ ဘာရင်ဖွင့်ချင်မှန်းမှ မသိတာ ပြောနေလို့





www.burmeseclassic.com

www.burmeseclassic.com

လာစတာနေမှာ ခေါ်လိုက်ရမလားဟု ပြောလေ ကြူကြူနှင့် စပယ်ဖြူမှာ နေစရာမရှိ တောင်ခေါင်းမိုးချုံကာ ကွေးနေလေတော့သည်။ ကြောက်တယ်ပြောလေ စလေလေ မြနန်းနွယ်တစ်ယောက် အူမြူးနေရာ ဘယ်အချိန်အိပ်ပျော်သွားမှာ မသိတော့ပါ။ ညနေခန်းတွင်းတွင် ခံပင်ဖားလျှားချလျက် အမျိုးသမီးတစ်ဦးမှာကျောပေးလျှ ညကမြနန်းနွယ်တို့ စားသောက်ရာမှ ကျန်သောပင်လယ်စာနှင့် ငါးကင်များအား အားရပါးရစားသောက်နေလေသည်။ ဂျိုးဂျိုးရွှတ်ရွှတ်သံကြားရသဖြင့် မြနန်းနွယ်မှာမျက်စိမှေးခနဲ ဖွင့်ကြည့်ရာ ကြက်သီးဖြန်းဖြန်းထပြီး ငြိမ်သက်စွာ ခန္ဓာကိုယ်မှာ တောင့်တောင့်ကြီးဖြစ်လျက် မလှုပ်မယှက်ဖြစ်နေပြီး ဘုရားစာရွတ်၍ မရတော့ပါ။ ဘုရားစာကိုပင် စဉ်းစား၍ မရ။ ဗုဒ္ဓံသရဏံ ကိုပင် မေ့နေလေတော့သည်။ ၎င်းနောက် တရွေ့ရွေ့ဖြင့် တံခါးအနားသို့ ထွက်ခွာသွားပြီး တံခါးဖွင့်သံမြန်ပိတ်သံ ကျွီခနဲကြားရပြီး ပျောက်ကွယ်သွားလေတော့သည်။ ပြီးမှ သတိဝင်လာပြီး အမလေးသရဲသရဲဟုအော်ရာ ကြူကြူနှင့် စံပယ်ဖြူလည်း နိုးလာရာ နံနက် (၂)နာရီထိုးဖြစ်သည်။ "မြန်ရအောင် ပြန်ရအောင် တကယ်သရဲခြောက်တယ်တော့" မြနန်းနွယ်မှ အကျိုးအကြောင်း ပြောပြရာ စံပယ်ဖြူဖြူနှင့် ကြူကြူမှာ နဂိုကတည်းက ကြောက်တတ်သူဖြစ်သဖြင့် အဝတ်အစားတွေ ကမန်းကတမ်းသိမ်းကြပြီး သုံးဦးလုံးမှာ အမလေးအောက်မခင်းရဲဘူး ဖုန်းဆက် ဖုန်းဆက်ဟုပြောပြီး ဟိုတည်ကုတ်ဂဏန်းသုံးလုံးအား မြနန်းနွယ်မှ ကပျာကယာနှိပ်လိုက်ရာ မကြာမီ "အပြင်ဘက်မှ ခေါက်ခေါက်" ဟု တံခါးခေါက်သံကြားသော်လည်း သွားမဖွင့်ရဲကြပါ။ သုံးယောက်ပြိုင်တူ တံခါးနားသွား အသာအယာဖွင့် ဟိုတည်ဝိတ်တာအား တံခါးဝတွင် ရုတ်တရက်အမြင် "အမလေး" ဟု လန့်အော် ဝိတ်တာလည်း ရုတ်တရက် လန့်၊ သရဲခြောက်တယ်တော့ ငါတို့မိုးလင်းတဲ့အထိ မနေတော့ဘူးဟု ပြောလိုက်သောအခါ "ဝိတ်တာ၏ မျက်လုံးများက စားပွဲပေါ်တွင် တင်ထားသော မြနန်းနွယ်တို့ စားသောက်ထားသည့် ပင်လယ်စာအကြွင်းအကျန်များထံသို့" ဒြေဘ် အစ်မတို့က အပြင်ကအစားအသောက်တွေအထဲ ယူစားတာကိုးတဲ့၊ မြနန်းနွယ်မှ အဲ့တော့ဘာဖြစ်လို့လည်းဟင် ဟုမေးရာ "လိုက်လာတာပေါ့ဗျ" တဲ့ "ဘယ်လို" ဟု ဆက်မေးရာ ဝိတ်တာလေးမှ အစ်မရေ ၆၂ လမ်းမေးတင်ကနေ လမ်း ၆၀ထိက ဆေးရုံအပိုင်းလေဗျာ၊ ဟိုတည်က ဆေးရုံနောက်ကြောမျက်နှာပြု လမ်း ၆၀ပေါ်မေးတင်ထားတာဗျ။ ဟိုတည်နဲ့ ခပ်လှမ်းလှမ်းမျက်နှာချင်းဆိုင် ဆေးရုံဝင်းအတွင်းမှာ ရေခဲတိုက်ရှိတယ်ဗျ။ အတွင်းပိုင်းရောက်နေတော့ သိပ်မသိကြဘူး။ ဟိုတည်နဲ့တော့ လမ်းမျက်နှာချင်းဆိုင် ဖြစ်ပေမဲ့လှမ်းတော့ လှမ်းတာပေါ့ဗျာ၊ အပြင်ကအကင်တွေ အစားအသောက်တွေ ငါးကင်တွေယူလာတော့ အနံ့ရတာရယ်။ ဟိုတည်ဆိုတာ အများသူငါ ဝင်ထွက်

www.burmeseclassic.com

သွားလာလို့ရတဲ့နေရာ ဆိုတော့လွှတ်လွှတ်လပ်လပ်လိုက်လာလို့ ရတာပေါ့တဲ့။ ဒီလိုပဲ အရင်ကလည်း အပြင်ကအစာတွေဝယ်လာတဲ့ ညှော်သည်တစ်ယောက် ဆိုးဆိုးဝါးဝါးအခြောက်ခံရလို့ ညတွင်းချင်း ထွက်ပြေးရတယ်တဲ့။ "ဂျာကြီးရှိလား အိပ်နေရင်လည်း နိုးပေးစမ်းပါအေး။ အိမ်က ၅၉ လမ်းတင်ပါ။ တို့သုံးယောက်လိုက်ပို့ဦးလို့" မြနန်းနွယ်မှ အကူအညီတောင်းပြီး သုံးယောက်သား အိမ်ပြန်လာကြလေတော့သည်။ မိုးလင်းသောအခါ မြင်ဦးလွင် ကားနှင့်သူငယ်ချင်း နှစ်ယောက်အား တင်ပေးပြီး "ဟိုတည်အကြောင်းစဉ်းစားကာ အိပ်ပျော်သွားစဉ်" အိပ်မက်ထဲတွင် ဆံပင်ဖားလျားနှင့် အမျိုးသမီးမှ ငါးကင်စားချင်ကြောင်း မဝကြောင်း အိမ်ထိလိုက်၍မရသောကြောင့် ရပ်ကွပ်ထိပ်တွင် ကျန်ရစ်ကြောင်း ပြောပြရာ မြနန်းနွယ် လန့်သွားလေသည်။ မြနန်းနွယ်မှ ကိုယ့်နေရာကိုယ်ပြန်ရန် ငါးကင်အား လမ်း ၆၀ရှိ ဆေးရုံနောက်ကျောဘက်တွင် ချထားပေးမည်။ ရင်းနေ့တွင် အောင်တော်မှုဘုရားတွင်ရွှေသင်္ကန်းကပ်ပေးမည်။ ညအတွက်လျှပ်စစ်မီးပူဇော်မည်။ ပဌာန်းတရားပွဲမတည်ပေးမည်။ အဲ့အတွက် သာဓုခေါ်ပေးရန်နှင့် မြနန်းနွယ်မှာ ခြေလေးချောင်းမစား တနင်္ဂနွေတိုင်း ပဌာန်းရွတ် ငါးပါးသီလ ယူသော ကုသိုလ်ရှိသည်။ သာဓုခေါ်ပြီး ချမ်းသာစွာနေပါလေဟု ပြောရာ ဆံပင်ဖားလျားနှင့် အမျိုးသမီးမှ



အဲ့ဒီနေ့က အစ်မခေါ်လို့လာတာပါ နှောင့်ယှက်တာ မဟုတ်ပါ။ ကျေးဇူးတင်ပါသည်ဟု ပြောပြီးပျောက်ကွယ်သွားသည်ဟု အိပ်မက်မက်လေသည်။ မိုးလင်းလင်းချင်း အိပ်မက်ထဲတွင် ပြောခဲ့သည့်အတိုင်း လုပ်ဆောင်ပေးခဲ့ရာ ရင်းနေ့ညတွင် အိပ်မက်ထပ် မမက်တော့သော်လည်း အမွှေးနံ့များရလေသည်။ မြနန်းနွယ်မှ အမျှ・・・အမျှ・・・အမျှ ညီမရေကောင်းရာဘုံဘဝ ကူးနိုင်ပါစေဟု အမျှဝေလိုက်ပြီးမှ ကြောက်စိတ်များပြယ်ကာ စိတ်လက်ပေါ့ပါးသွားပါလေတော့သည်။ ထိုသို့ ဖြစ်ပြီးနောက်ပိုင်း မြနန်းနွယ်တစ်ယောက် ခရီးသွားသည့်အခါ မည်သည့်ဟိုတည်တွင် တည်းတည်းအပြင်မှ အစားအသောက်များယူမစားရဲတော့သကဲ့သို့ တစ္ဆေနှင့်ပတ်သက်လျှင် နောက်ပြောင်တတ်သည့်အကျင့်ပါပျောက်သွားလေတော့သည်။

**မြနန်းသီတာနွယ်**



www.burmeseclassic.com

www.burmeseclassic.com



၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလအတွင်း (၇) ရက်သားသမီးများအတွက်

# ဘာကိုဆောင်လို့ ရှောင်မလဲ

ဣန္ဒာသယမဟိန္ဒီစေ
ဗေဒသုတေသီ ဆရာမျိုး



www.burmeseclassic.com

www.burmeseclassic.com

**တနင်္ဂနွေသားသမီးများအတွက်**

- အကောင်းအဆိုး ခွန်တွဲနေမည်။
- တစ်ယူသန်စိတ်ထားများ ပြုပြင်ပြောင်းလဲရန် လိုအပ်ပါသည်။
- လဆန်း (၁၀)ရက်အတွင်း လုပ်ငန်းသစ်များ စတင်သင့်ပါသည်။
- ၁၊ ၇၊ ၃၊ ၄ ဂဏန်းများ စတင်သင့်ပါသည်။
- ကျောင်းသားများ သချာ်နှင့် မြန်မာစာဂရုစိုက်ပါ။
- တတိယပါတ်နှင့် စတုတ္ထပါတ်တို့တွင် အိမ်တွင်ရား၌ ဆောင်သမြေ မကြာခဏလှူပေးပါ။

**တနင်္လာသားသမီးများအတွက်**

- ကောင်းစရာရှိလျှင်လည်း ထိပ်ဆုံး၊ ညံ့စရာရှိလျှင်လည်း အောက်ဆုံးဖြစ်နေတတ်ပါသည်။
- အပေါင်းအသင်းကြောင့် ဂုဏ်တက်သကဲ့သို့ အပေါင်းအသင်းကြောင့် ဂုဏ်ပျက်နိုင်ပါသည်။
- တတိယပါတ်နှင့် စတုတ္ထပါတ်တို့တွင် လုပ်ငန်းများတို့တွင် လုပ်ငန်းများ တိုးချဲ့နိုင်ပါသည်။
- ကျောင်းသားများ ကျက်စာဘာသာရပ် ဂရုစိုက်ပါ။
- အစားအသောက် အနေအထိုင် ဆင်ခြင်ရန်လိုအပ်ပါသည်။
- စနေသားရဟန်းတစ်ပါးကို ဝတ္ထုငွေ နှစ်ထောင်ကျပ်လှူလိုက်ပါ။

**အင်္ဂါသားသမီးများအတွက်**

- လုပ်ငန်းတွင် တဖြည်းဖြည်း အရေးပါသူဖြစ်လာနိုင်ပါသည်။
- ကျန်းမာရေး ဂရုစိုက်ရန်လိုအပ်ပါသည်။
- ကျောင်းသားများ မြန်မာစာနှင့် ဘောဂဗေဒဘာသာရပ်ကို ဂရုစိုက်ပါ။
- ကာယလုပ်ငန်းများထက် ဥာဏလုပ်ငန်းများ ပိုမိုအောင်မြင်နိုင်ပါသည်။
- အကျိုးပေးဂဏန်း (၁၊ ၄၊ ၈)
- "ဣရဂ္ဂွာဂတ္တရသော" ဟူသော ဂါထာဖြင့် ညစဉ်ပုတီးစိပ်ပေးပါ။

**ဗုဒ္ဓဟူးသားသမီးများအတွက်**

- ကံကောင်းသောလ ဖြစ်ပါသည်။
- အကျိုးပေးဂဏန်း (၆၊ ၁)
- ကျောင်းသားများ သိပ္ပံဘာသာရပ် ဂရုစိုက်ပါ။
- စနေ၊ တနင်္ဂနွေလုပ်ငန်းကိစ္စရပ်များ အောင်မြင်ပါမည်။
- ဘာသာရေးအသိဖြင့် ယှဉ်တွဲလုပ်ဆောင်ချက်များ အထူးအောင်မြင်မည်။
- မွေးနေ့ရောက်တိုင်း သံဃာတော်များကို ဆွမ်းကပ်လှူပါ။

**ကြာသပတေးသားသမီးများအတွက်**

- စိတ်လေလွင့်မှုများကို ထိန်းသိမ်းရန် လိုအပ်ပါသည်။
- ပညာသည်ရန်ရှိသဖြင့် အပြောအဆို အနေထိုင် ဆင်ခြင်သင့်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

- လုပ်ငန်းသစ်များ စတင်သင့်သော အချိန်မဟုတ်သေးပါ။
- ကျောင်းသားများ ပထဝီဘာသာ နှင့် ရူပဗေဒဘာသာရပ်ကို ဂရုစိုက်ပါ။
- အကျိုးပေးဂဏန်း (၂၊ ၆၊ ၂)
- မွေးနေ့တိုင်း သက်သတ်လွတ်စားပါ။

**သောကြာသားသမီးများအတွက်**

- ယခုလ ကံမကောင်းသေးပါဘူး။
- ဘဝကို အောက်ခြေက ရုန်းကန်ရပါမယ်။
- ကိုယ်က အေးအေးဆေးဆေးနေပေမယ့် အစေးပြဿနာများ ဝင်လာတတ်ပါတယ်။
- ခရီးမထွက်သင့်ပါ။
- အချို့အကြောင်းအရာတွေမှာ ပြောင်းပြန်ဖြစ်နေတတ်ပါတယ်။
- ရှင်မောဂ္ဂလာန်ဂါထာကို အမြင်ထွက်ခါနီးတိုင်း ရွတ်ဆိုပါ။

**စနေသားသမီးများအတွက်**

- ရပ်ဝေးက သတင်းကောင်း ကြားရနိုင်ပါတယ်။
- အချစ်ရေးမှာ အကြင်နာကို ရင်မှာ မျိုသိပ်ထားပါဦး။
- ကျောင်းသားများ သမိုင်းဘာသာရပ်ဂရုစိုက်ပါ။
- အကျိုးပေးဂဏန်း (၄၊ ၁၊ ၅)
- အစစအရာရာ အမိအဘများ၏ အကြံဉာဏ်ရယူပါ။
- လောကဝိဒူ ဂါထာတော်ကို ညတိုင်းပုတီးစိပ်ပေးပါ။

ကုဿသဲယမဟိဒ္ဓိစေ

**ဗေဒသုတေသီဆရာမျိုး**

မင်္ဂလာဆောင်၊ ဂျာနယ်၊ စာအုပ်မျိုးစုံ နှင့် လျှို့ဝှက်ဆန်းကြယ် မင်္ဂလာဆောင် နေပြည်တော်၊ ပျဉ်းမနားမြို့ ဖြန့်ချိရေး

**သော်တာဆန်း**

**စာပေ**

(၈) လမ်း၊ နေပြည်တော်
ပျဉ်းမနားမြို့
ဖုန်း - ၀၆၇ ၂၂၇၀၁



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

မဂ္ဂဇင်းတစ်အုပ်ထဲက ထူးဆန်းထွေလာကဏ္ဍမှာ အဘွားအို တစ်ယောက် ထမင်းစားနေပုံနဲ့ အတူ ရေးသားထားတာက "(၁၉) ရာစုတွင် မွေးဖွားခဲ့သူများ" လို့ဆိုတာကို တွေ့လိုက်ရပါတယ်။

(၁၉)ရာစု တစ်နည်း (၁၈၀၀) ပြည့် လွန်နှစ်များတွင် မွေးဖွားခဲ့သူများ ထဲမှ အသက်ရှင်နေဆဲ လူက (၅)ဦး မျှသာ ကျန်ရစ်နေတော့တယ်တဲ့။ ထူးခြားစွာပဲ အဲဒီလူသား (၅)ဦးလုံးဟာ အမျိုးသမီးများချည်းပဲ ဖြစ်နေတယ်လို့ ဆိုပါတယ်။

မွေးဖွားခဲ့တဲ့ နှစ်(သို့မဟုတ်) အသက်ကို တိတိကျကျ ဖော်ပြမထားလို့ အနီးစပ်ဆုံးဖြစ်အောင် ခန့်မှန်းကြည့်လိုက်ရင် (၁၈၉၉) ခုနှစ်က မွေးခဲ့ရင်တောင် အဘွားတို့ အသက်(၁၁၆) နှစ်လောက်ဖြစ်နေတာကြောင့် တကယ့်ကုသိုလ်ကံ ထူးခြားလှတဲ့ ဘွားသက်ရှည်တွေပါပဲ။

တစ်ခါ ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသားဆိုတဲ့ သူ့နေရာကို သူ့ထက် အသက်တစ်လသာ ငယ်တဲ့ နိုင်ငံထဲသား ယာဆုတာရိုကွိုင်ဒီက ဆက်ခံလိမ့်မယ်လို့ သတင်းတစ်ပုဒ်က ဆိုထားပါတယ်။

အမျိုးသားနဲ့ အမျိုးသမီးနှိုင်းယှဉ်ကြည့်လိုက်မယ်ဆိုရင် ဘိုးသက်ရှည်တွေရဲ့ အသက်ဟာ ဘွားသက်ရှည်တွေရဲ့ အသက်ကို လိုက်မမှီကြသေးတာကို တွေ့ကြရမှာ ဖြစ်ပါတယ်။

ကျွန်တော် မောင်းဖိုးအောင်တို့ တိုင်းပြည်ရဲ့ နောက်ဆုံးစစ်တမ်းမှာ မြန်မာလူမျိုးတို့ရဲ့ ပျမ်းမျှအသက်က (၆၆)နှစ်ဆိုတာ တွေ့လိုက်ရတာကြောင့် တို့လူမျိုးတွေ အတော်အသက်တိုနေသေးတယ်လို့ နားလည်လိုက်မိတယ်။ မြန်မာတွေ အသက်ရှည်အောင် ဘယ်လိုလုပ်ကြမလဲ။

မကြာသေးမီက အသက်(၁၀၀)နှစ်ကျော်ရှိပြီဖြစ်တဲ့ ဘိုးဘွားတွေကို နိုင်ငံတော် သမ္မတကြီးကထောက်ပံ့ ဂုဏ်ပြုငွေနဲ့ လက်ဆောင်တွေ ပေးအပ်နေတာကို တီဗွီမှာတွေမြင်လိုက်ရလို့တို့ သမ္မတကြီးက ဒါမျိုးတွေ သတိရတတ် ပါလားလို့ မုဒိတာပွားမိခဲ့ပါသေးတယ်။

အသက်တိုတာကိုတော့ လူတွေအားလုံးလိုလို ဘယ်သူတွေမှ သဘောကျလိမ့်မယ်မထင်ပါဘူး။ ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ ကိုယ်မွေးဖွားရှင်သန်ရာ နေရာမှာ အသက်ရှည်ကြာစွာ ပျော်မွေ့ကြမှာမလွဲပါဘူး။ ဒါပေမဲ့ အသက်ရှည်ကြာစွာ နေထိုင်သွားနိုင်အောင် (တစ်နည်း) ကျန်းမာရေးညီအောင်လူတွေ လိုက်နာဆောင်ရွက်နိုင်ကြသလား ဆိုရင်တော့ တော်တော်မေးခွန်း ထုတ်စရာတွေရှိလာတယ်။

ရှေ့ပိုင်းမှာ ရေးသားခဲ့တဲ့ ဘိုးသက်ရှည်နဲ့ ဘွားသက်ရှည်တို့ချင်း ယှဉ်ကြည့်လိုက်ပြန်ရင် ဘွားသက်ရှည်တွေက အသက်ပိုပြီး ရှည်နေပြန်တာ ဘာကြောင့်လဲလို့ အဖြေရှာကြည့်ကြရအောင်။

မည်သည့်နိုင်ငံ မည်သည့်လူမျိုးမှာမဆို ယောကျာ်းနဲ့ မိန်းမနှိုင်းယှဉ်



www.burmeseclassic.com

www.burmeseclassic.com

ကြည့်လိုက်ရင် ယောကျ်ားတွေကသာ အရက်သောက်၊ ဆေးလိပ်သောက်တတ်ကြတာပါ။ (မိန်းမတွေက သောက်တာရှိခဲ့ရင်လည်း အနည်းအကျဉ်း လူနည်းစုလူများသာဖြစ်တယ်) ကမ္ဘာ့ဘိုးသက်ရှည်တစ်ယောက်ကို "အဘိုးဘာကြောင့် ဒီလောက်အသက်ရှည်တယ် ထင်မိသလဲ" လို့ သတင်းထောက်က အင်တာဗျူးလုပ်တော့ သူက "အရက်နဲ့ ဆေးလိပ် မသောက်လို့ အသက်ရှည်တာ" လို့ ဖြေထားတာတွေရှိပါတယ်။

ယနေ့မြန်မာလူဦးရေ (၅၁) သန်းကျော်ထဲမှာ အမျိုးသားလူဦးရေထက် အမျိုးသမီးလူဦးရေက ပိုမိုများပြားနေရတာဟာ အမျိုးသားတွေက အရက်သောက်၊ ဆေးလိပ်သောက်ပြီး ရောဂါရတာကြောင့် အရွယ်မတိုင်မီ သေဆုံးကြရတာမျိုးလို့ ဆိုထားတာရှိနေတယ်။

ယောကျ်ားတွေကို အသက်တိုအောင် ဇီဝန်ချွေအသေသတ်နေတဲ့ အရက်၊ ဆေးလိပ်အပြင် ကွမ်းယာကိုလည်း ထည့်သွင်းတွက်ချက်သင့်ကြောင်း ဖိုးအောင်က အကြံပြုချင်ပါတယ်။ ကွမ်းဝါးတတ်လေ့ရှိတာကို သိပ်လျှော့မတွက်သင့်တော့ဘူး။ တိုင်းတစ်ပါးသားက မြန်မာလူမျိုးဆိုရင် ကွမ်းဝါးလေ့ရှိတယ်တဲ့။ တကယ်တော့ လူအများဆုံးမိတဲ့ ဘတ်စ်ကားပေါ်မှာ ကွမ်းတမြုံ့မြုံ့ဝါးနေတာဟာ ရက်တက်ဖို့ကောင်းတယ်။ ကွမ်းယာထဲမှာ ပါဝင်တဲ့အရာတွေအားလုံးကို တစ်ခုချင်းခွဲခြမ်းစိတ်ဖြာကြည့်လိုက်ရင် စားသုံးမိသူ လူတွေကို ကောင်းကျိုးပြုတာ ကွမ်းရွက်တစ်မျိုးသာပါဝင်တယ်လို့ ကျန်းမာရေးသုတေသီတွေက ဆိုထားပါတယ်။ ကျန်တဲ့အရာအားလုံးဟာ လူတွေရဲ့ကျန်းမာရေးနဲ့



အသက်ရှင်သန်ရေးကို တစ်နည်းမဟုတ်တစ်နည်းနဲ့ အလဲထိုးတိုက်ခိုက်ကြမှာတွေချည်းပါပဲတဲ့။

ယနေ့ခေတ်ကာလမှာ ပျောက်ကွယ်သလောက်ဖြစ်သွားတဲ့ ထန်းဖူးဇာတာ (ထန်းရွက်ပေါ်မှာ ရေးသားတဲ့ဇာတာ) တွေကို ဖိုးအောင်ငယ်ငယ်တုန်းက အတော်တွေခဲ့ဖူးတယ်။ ဇာတာကို ရေးသားထားတဲ့ စာအဆုံးမှာ "နေ့သားမောင် အသက် (၁၂၀)နှစ်ရှည်စေသော်" လို့ ရေးတတ်လေ့ ရှိပါတယ်။ ရှေးတုန်းက မြန်မာလူမျိုးထဲမှာလည်း အသက် (၁၂၀)နှစ်ထိ ရှည်တာရှိခဲ့မယ်ထင်ပါတယ်။

ဖိုးအောင်ရဲ့ ဘဝအတွေ့အကြုံကို ဥပမာပေးပြီးရေးပါ့မယ်။ မြန်မာတို့ရဲ့ ပျမ်းမျှသက်တမ်း (၆၀)နှစ်ကျော်ကျော်က မတက်သေးတဲ့အချိန်မှာ (အညာသား) မြန်မာစစ်စစ်ဖိုးအောင်ရဲ့ အဖေနဲ့ အမေတို့ ဘာကြောင့် အသက်ရှည်ခဲ့ကြရသလဲလို့ အဖြေရှာကြည့်ကြရအောင်။

အဖေကော၊ အမေပါ မျိုးရိုး



www.burmeseclassic.com

www.burmeseclassic.com

လိုက်တတ်တဲ့ရောဂါမရှိတဲ့ တောသူတောင်သားတွေ ဖြစ်ခဲ့ကြပါတယ်။ (ဒါကတော့ ကုသိုလ်ကံနဲ့သာ သက်ဆိုင်ပါလိမ့်မယ်) ကမ္ဘာတိုးဘွားသက်ရှည်တွေဟာ ချမ်းသာကြွယ်ဝတဲ့ နိုင်ငံသားတွေ ဖြစ်ကြလို့ ခေတ်မှီဆေးဝါးကောင်းနဲ့ ကျန်းမာရေးဝန်ဆောင်မှုလည်း ကောင်းလို့ အသက်ရှည်ကြတာလို့ စောဒကတက်ရင် ရနိုင်ပေမယ့် ဖိုးအောင်မိဘတွေက သာမာန်ဆင်းရဲသားတွေပါ။ (ခေတ်ကာလ ဘေးဆိုးဘေးကြပ်ကြီးထဲမှာ ယနေ့ကာလ သားသမီး၊ မြေးမြစ်တွေက တစ်ဝမ်းတစ်ခါးအတွက် ဦးစားပေးလုံးပန်းနေရတာမို့ ဘိုးဘွားသက်ရှည်မိဘတွေကြီး အိမ်မှာပစ်ထားခဲ့ရတယ်။ တကယ်လို့သာ အနီးကပ်ပြုစုပေးမယ့် လူအချိန်ပြည့်ရှိခဲ့ရင် အသက်ရှည်နေနိုင်မယ် ထင်ပါတယ်) ကွယ်လွန်ချိန်အထိ အဖေနဲ့ အမေမှာရောဂါ မရှိခဲ့ဘူး ဒီထက်ပိုပြီး ယနေ့ခေတ်ဆိုးထဲကို ဖိုးအောင်တို့ မြတ်သန်းရချိန်မို့ မိဘတွေအတော်များများကသားသမီး (၂)ယောက်လောက်ထက်ပိုမို မယူရဲကြတာအားလုံးအသိပါပဲ။ ဖိုးအောင်ရဲ့ မိဘတွေခေတ်တုန်းကဆို အမေက သားသမီး (၉)ယောက်တောင် မွေးခဲ့တယ်။ အမေ့ဘက်ကတော်စပ်တဲ့ ကြီးတော် (၃)ယောက်ရှိသေးရာ အမေလိုပဲ သူတို့လည်း သားသမီးတွေအများကြီးမွေးခဲ့တာချည်းပဲ။

ဒါကြောင့် ယခုအချိန်မှာ ဖိုးအောင်အသက် ၆၀ ကျော် ၇၀တွင်းကို ရောက်ရှိနေပြီ မွေးချင်းညီအစ်ကိုမောင်နှမ (၇)ယောက်သက်ရှိ ထင်ရှားရှိနေသေးတယ်။ သက်ရှိ ဝမ်းကွဲမောင်နှမတွေကဆို အများကြီးရှိသေးတယ်။

သေလွန်ခဲ့တဲ့ ညီအစ်ကိုတွေကို ပြန်ကြည့်လိုက်ရင် ညီအရင်းတစ်ယောက်က အသက် (၃၇)နှစ် အစ်ကိုဝမ်းကွဲတစ်ယောက်က အသက် (၆၄) နှစ်မှာ အရက်မဆင်မခြင်သောက်လို့ အသည်းကို ထိခိုက်ပြီး သေခဲ့တယ်။ အစ်ကိုဝမ်းကွဲတစ်ယောက်က ဆေးလိပ်သောက်လို့ အဆုတ်ကင်ဆာနဲ့ သေခဲ့ရတယ်။

ရန်ကုန်ဆင်ခြေဖုံးမြို့တစ်မြို့ကရပ်ကွက်ထဲမှာ အိမ်တစ်လုံးဝယ်ယူပြီး ဖိုးအောင်တို့ မိသားစုနေထိုင်လာခဲ့တာ (၂၅)နှစ်ကျော် ကာလကို ဆိုက်ရောက်ခဲ့ပြီ တစ်လမ်းတည်းအတူနေ အိမ်ခြေ (၅၀)လောက်ရှိရာ အရွယ်မတိုင်မီ အရက်ကြောင့် သေတာ (မျက်မြင်ကိုယ်တွေ့) လူသုံးဆယ်ကျော်ရှိတယ်။ တစ်အိမ်တည်း ညီအစ်ကိုသုံးယောက်ဆက်တိုက်သေတာ အရက်ကြောင့်ပဲ။ အရက်လုံးဝမသောက်တတ်တဲ့ အငယ်ဆုံးညီတစ်ယောက်ပဲ အသက်ရှင်ကျန်ရစ်တယ်။

မကြာသေးမီက ဖိုးအောင်အညာကိုခေတ္တ ပြန်ရောက်ခဲ့တော့ အမေတို့ အိမ်နဲ့မဝေးလှတဲ့ နေရာမှာ ကျောင်းနေဖက် သူငယ်ချင်း ဒုဗိုလ်မှူးကြီး (အငြိမ်းစား) တစ်ယောက်ရဲ့ အိမ်ကို ရောက်ခဲ့သေးတယ်။

သူငယ်ချင်းက ကျန်းမာရေးမကောင်းဘူး။ လေဖြတ်ခံရထားလို့ နားမကြား၊ စကားမပြောနိုင်ဘဲ ဝီးချဲယား

www.burmeseclassic.com

ပေါ်မှာပဲ နေရတာ (၁၃)နှစ်တောင်ကြာပြီ ဖိုးအောင်ရောက်လာတာကိုမြင်တော့ ဦးခေါင်းကိုမော့ပြီး "အား" ကနဲ တစ်ချက်အော်လိုက်တယ်။ ဘာဖြစ်တာလဲ ဆိုတော့ အဲဒါသူဝမ်းနည်းလို့ ငိုလိုက်တာတဲ့။ ဖြစ်ပျက်ပုံကို သူ့သမီးက ဘာသာပြန်ပေးတယ်။ သူနဲ့ဖိုးအောင် စာရွက်မှာ စာရေးပြီး အပြန်အလှန်စကား ပြောခဲ့ကြရတယ်။

"ဖေဖေဟာ တစ်ရက်ကို ဘီယာ (၇)ပုလင်း (၈)ပုလင်းလောက် ကုန်အောင် နေ့တိုင်းသောက်ခဲ့တယ်။ အဲဒါကြောင့် လေဖြတ်သွားတာခံရတာလို့ လူများတွေကပြောကြတယ်။ အဲဒါ ဟုတ်လား ဦးဦး"

သူငယ်ချင်းသမီးက ဖိုးအောင်ကို မေးတယ်။

"ဖြစ်နိုင်တာပေါ့ သမီးရဲ့။ ဘီယာဆိုတာ သောက်သုံးသူအတွက် ဆေးဘက်ဝင်တယ်လို့ မကြားမိဖူးဘူး။ များများလည်းသောက်၊ အမြဲသောက်ဆိုရင် ဆိုးကျိုးနဲ့ ဘေးဥပဒ်ရဖို့ပဲရှိတယ်။ မကောင်းပါဘူး။

တကယ်တော့ ဘီယာထဲမှာလည်း အယ်ကိုဟောပါတာပဲ။ အရက်ထက် ရာခိုင်နှုန်းနည်းတာပဲရှိတယ်။ များများသောက်ပြီး လူ့ရဲ့ဝမ်းဗိုက်ရောက်သွားရင် သူလည်းမူးယစ်စေတတ်တဲ့ သေရည်အရက်ပဲ" လို့ ဖိုးအောင်က ရှင်းပြလိုက်တယ်။

တစ်ချိန်တုန်းက ဖိုးအောင်တစ်ယောက် အငှားကားမောင်းနေခဲ့ရစဉ်မှာ ရွှေပေါက်ကံမြို့သစ်ဘက်ကို အော်ဒါပို့ရင်း ရောက်ခဲ့တယ်။ ကားပေါ်မှာ ကားငှားစီးသူ အမျိုးသမီးက လမ်းနံဘေးမှာထိုးထားတဲ့ နာရေးမဏ္ဍာပ်ကိုကြည့်ပြီးနောက်-

"သေဆုံးသွားတဲ့ လူငယ်လေးက အသက်မကြီးသေးဘူး။ သုံးဆယ်ကျော်လောက်ပဲ ရှိသေးတာ။ စိတ်ကောင်းနှလုံးကောင်းအတော်ရှိတဲ့ လူငယ်တစ်ယောက်ပဲ အရက်လုံးဝမသောက်တတ်ဘဲနဲ့ အသည်းခြောက်တဲ့ ရောဂါရပြီး သေရတာ အံ့သြစရာအတော်ကောင်းတယ်"

ထိုအမျိုးသမီး စကားကြောင့် ဖိုးအောင်က...

"အရက်ကိုတော့ မသောက်ဘူး။ ကွမ်းယာကိုတော့ အတော်စားတယ် မဟုတ်လား"

"အင်း... အစ်ကိုပြောသလို ဟုတ်နေတယ်။ သူကြည့်လိုက်ရင် ကွမ်းယာကတော့ အမြဲဝါးနေတာပဲ မြင်ရလေ့ရှိတတ်တယ်။ အစ်ကိုက ဘယ်လိုလုပ်သိနေတာလဲ"

"ကွမ်းသီးမှာ စွဲလေ့ရှိတဲ့ မှိုတစ်မျိုးက ကွမ်းယာစားရင်းလူတွေရဲ့ ဝမ်းဗိုက်ထဲကို ရောက်သွားရင် အသည်းကိုသွားပြီး ဒုက္ခပေးလေ့ရှိတတ်တယ်။ အဲဒီအခါ အသည်းခြောက်တဲ့ရောဂါ ရနိုင်တယ်လို့ ဆရာဝန်စာရေးဆရာ တစ်ယောက်ရေးထားတဲ့ ကျန်းမာရေး ဆောင်းပါးတစ်ပုဒ်ကို ဖတ်ဖူးတယ်။ ကွမ်းယာကြိုက်တဲ့ လူတွေသတိထားစရာ ကောင်းတယ်" လို့ ပြောပြလိုက်တယ်။

စင်စစ် အရက်မသောက်တတ်ဘဲ ကွမ်းမပြတ်ဝါးလေ့ရှိသူ



www.burmeseclassic.com

www.burmeseclassic.com

ဖိုးအောင်၏ မိတ်ဆွေဦးတိုးဆိုသူလည်း အလားတူပင် အသည်းခြောက်ရောဂါဖြင့် သေဆုံးခဲ့တာ မကြာသေးဘူး။

ယနေ့ခေတ် လူတွေကွမ်းယာ စားနှုန်းမသေးကြောင်း ကွမ်းယာရောင်း စားသူတိုင်း အဆင်ပြေဝင်ငွေကောင်း နေကြခြင်းက သက်သေဖြစ်တယ်။ အသက်ရှည်စွာ အနာမဲ့အကြောင်းရခဲလှသော လူ့ဘဝမှာ ကျန်းမာစွာနေသွားနိုင်ဖို့ဆိုရာမှာ ဒါတွေကို မလွှဲမသွေရှောင်ကြဉ်ဖို့လိုအပ်လှသည်။

ဖိုးအောင်ရဲ့ အဖေဟာ အသက် (၉၄)နှစ်ထိ အသက်ရှင်နေထိုင်သွားခဲ့ရာမှာ အဖေကကျောင်းဆရာ အလုပ်နဲ့ ဘဝကိုရိုးရှင်းစွာ ဖြတ်သန်းခဲ့တာဖြစ်ပြီး အရက်၊ ဆေးလိပ်၊ ကွမ်းယာ ဆိုတာတွေကင်းရှင်းခဲ့တယ်။ အမေကလည်း ဒါတွေနဲ့ မပတ်သက်ခဲ့လို့ အသက် (၉၀)နှစ်ထိ နေထိုင်သွားခဲ့နိုင်တာ လက်တွေ့ပါပဲ။

ဖိုးအောင်ကတော့ ငယ်စဉ်က စစ်မှုထမ်းခဲ့စဉ်က အရက်ကိုသောက်ခဲ့ဖူးတယ်။ အသက် (၃၀)နှစ် ကျော်ကျော် အရွယ်ကတည်းက ခန္ဓာကိုယ်မှာ ဒဏ်ရာရပြီး ဆေးအဆင့်နဲ့ တပ်ကထွက်ခဲ့တော့ အရက်ကိုလည်းမသောက်တော့ဘဲ ဖြတ်ပစ်နိုင်ခဲ့တယ်။ စိတ်သာလျှင် ပဓာနဆိုတာ ဘုရားဟောခဲ့တာပါပဲ။ တကယ်လည်း မှန်ပါတယ်။

ဖိုးအောင် (၉)တန်း ကျောင်းသားဘဝလောက်မှာ နိုင်ငံခြား ရုပ်ရှင်ကြည့်ပြီး ကောင်းဘွိုင်မင်းသား ကလင့်အိစ်ဝုဒ်စီးကရက် ခဲထားပုံကို သဘောကျလို့ အဲဒီညမှာ မျက်စေ့ကြောင်ပြီး တစ်ညတာလုံးတစ်မှေးမှ မအိပ်ပျော်လိုက်ရဘဲ မိုးစင်စင်လင်းသွားလို့ တစ်သက်တာ သင်ခန်းစာဖြစ်သွားခဲ့တယ်။ နောက်နောင်မစမ်းဝံ့တော့ဘူး။ အတုခိုးမှားခဲ့မိတာကို အချိန်မီပြုပြင်နိုင်ခဲ့တယ်။

ဖိုးအောင်တပ်ထဲမှာ တာဝန် ထမ်းဆောင်ရစဉ်က နောက်တန်းကို ပြန်ရောက်တုန်း သူငယ်ချင်းတစ်ယောက်ရဲ့ ကွမ်းယာကို စားကြည့်မယ်ဆိုပြီး ယူလိုက်တယ်။ ကွမ်းမစားတတ်သူမှန်း သိနေလို့ သူငယ်ချင်းကလည်း "ဆေး (ဆေးရွက်ကြီး) တွေပါတယ်နော်" လို့ သတိပေးပါသေးတယ်။ မအူမလည်နဲ့ ဖိုးအောင်က လူတတ်ကြီးလုပ်ပြီး...

"သိပါတယ်ကွာ။ ဒီလောက် မအပါဘူး။ အထဲမှာပါတဲ့ ဆေးရွက်ကြီးကို ဖယ်ထုတ်ပြီးမှ စားမှာပါ" လို့ ပြန်ပြောလိုက်တယ်။

ဆေးရွက်ကြီးကို ဖယ်ထုတ်ပစ်လိုက်ပြီးမှ ဝါးတာတောင် ဆေးရွက်ကြီးရဲ့ ပြင်းထန်လှတဲ့ အာနိသင်က ကွမ်းသီးကို စွဲကပ်ကျန်ခဲ့သေးတာကြောင့် ဆေးမူးပြီး ဖိုးအောင်ချွေးသီး ချွေးပေါက်တွေ ကျလာတယ်။ လမ်းသွားနေရင်း ဟန်မဆောင်နိုင်အောင် ခေါင်းမူးလာလို့ ဆက်မလျှောက်နိုင်တော့ဘဲ လမ်းနံဘေးမှာ အချိန်အနည်းငယ်ကြာ ငုတ်တုတ်ထိုင်ပြီး အမူးပြေသွားအောင် စောင့်ရတယ်။ ဆေးရွက်ကြီးဆိုတာ ဒါကြောင့်လည်း နာမည်ကြီးတာကိုလို့ စိတ်ထဲမှာ သဘောပေါက်သွားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

လက်တွေ့စမ်းသပ်ရုံသာ စမ်းသပ်ကြည့်ခဲ့ပြီး ဖိုးအောင်ကိုယ်တိုင်က အရက်၊ ဆေးလိပ်ကွမ်းယာဆိုတာတွေကို ကင်းရှင်းအောင် ဆက်လက်ရှောင်ကြဉ်ခဲ့နိုင်တာကြောင့် အသက် (၆၀)နှစ်ကျော်လာခဲ့ပေမယ့်ရောဂါမရှိဘူး။ သွေးမတိုးဖူးသေးဘူး။ ဇာတိရှိရင်ဇရာဆိုတာ သေချာပေါက်လာမယ်။ လိမ်ညာမရတာမို့ တဖြည်းဖြည်း အိုစာလာတယ်ဆိုတာကတော့ ရှောင်မရဘူးပေါ့။ ဦးခေါင်းမှာလည်း ဆံပင်သိပ်မကျန်တော့ဘူး။

လူ့အိုဘဝမှာ ခွန်အားတွေလည်း ရုတ်လျော့လာတတ်လို့ အားရှိတဲ့ အစားအစာတွေလည်း လိုအပ်တယ်။ ဒါကြောင့်မို့ သမ္မတကြီးပြောသလို နွားနို့မှန်မှန်သောက်နိုင်လျှင် ကောင်းမယ်ထင်တယ်။ ရပ်ကွက်ထဲလမ်းမပေါ်မှာ လှည့်လည်ပြီး အော်ရင်းရောင်းတဲ့ နွားနို့က ရေသာမက တခြားအရာ (ဆန်ဆေးရည်လား နို့မှုန့်လား) မသိတာတွေပါလာလို့ မသောက်ဝံ့ဘဲ သွန်ပစ်လိုက်ရတယ်။ ပင်စင်စား ဖိုးအောင်အတွက် လက်ဖက်ရည်ဆိုင်က နွားနို့ကတစ်ခွက်ကျပ် (၅၀၀)ဆိုတော့ အမြဲသောက်နိုင်ဖို့ မလွယ်ပါလား။ နယ်ကိုရောက်သွားရင်တော့ ရန်ကုန်နဲ့ နှိုင်းယှဉ်ရင် နွားနို့သောက်ရဖို့ လွယ်နေသေးတာကို တွေ့ရတယ်။

ဒါတောင် ရေရှည်မှာ နွားနို့က ရှားပါးခက်ခဲလာစရာရှိနေတယ်။ မြန်မာ့ကျွဲနွားတွေကို အိမ်နီးချင်းနိုင်ငံကြီးက ဈေးကောင်းပေးပြီး ဝယ်နေလို့ နယ်စပ်ကနေမှောင်ခိုကျွဲနွားကြီးတွေ ထွက်နေကြောင်း သတင်းကိုကြားနေရလို့ပဲ။

ဖိုးအောင်မှာ သားနှစ်ယောက်သာရှိပါတယ်။ သားကြီးက အသက် (၃၅)နှစ်၊ သားငယ်က (၃၃)နှစ်ရှိကြပြီးနှစ်ယောက်လုံး အရက်၊ ဆေးလိပ်၊ ကွမ်းယာကို မစားသုံးကြပါဘူး။ ယောကျာ်းဆိုတော့ ဖခင်ဖြစ်တဲ့ ဖိုးအောင်လိုပဲ တစ်ခါတစ်ရံ စမ်းသပ်ကြည့်ရုံတော့ ရှိနိုင်တာပေါ့။ သူတို့အသက်အရွယ်တွေက လူ့သက်တမ်းမှာ ကိုယ်ပိုင်ဦးနှောက်နဲ့ ဝေဖန်စားသုံးဖြတ်နိုင်တဲ့ အရွယ်တွေရောက်နေပြီမို့ မိဘရဲ့ဆိုဆုံးမစကားတွေ မတိုးတော့ပါဘူး။ မသင့်လျော်တာတွေ မှီဝဲစားသုံးနေလည်း ဘေးကနေကြည့်ရင်း စိတ်မကောင်းဖြစ်နေရုံပဲရှိပါတယ်။ ပြောနိုင်ဖို့မလွယ်တော့ပါဘူး။

ခုတော့ အဘိုးအဘွား။ အဖေအမေကနေ သားနှစ်ယောက်တိုင် မျိုးဆက်သုံးခုထိကောင်းမွေကို ထိန်းသိမ်းပေးထားနိုင်ခဲ့ပြီဖြစ်ပါတယ်။ တကယ်တော့ မိဘရဲ့အခန်းကဏ္ဍက ပိုမိုအရေးပါတယ်လို့ ဖိုးအောင်ကမြင်တယ်။

“လက်ဦးဆရာ၊ မည်ထိုက်စွာ၊ ပုဗ္ဗစရိယာ၊ မိနှင့်ဘ” ဆိုတဲ့အတိုင်း ကောင်းမွေကိုသာ လက်ဆင့်ကမ်းအမွေအဖြစ် ထားခဲ့ရမှာမဟုတ်ပါလားခင်ဗျာ”

လူသားအားလုံး အသက် (၁၂၀) ရှည်စေသော်

အာရောဂျံ ပရမံ လာဘံ

**အောင်ဆန်းလင်း**

(ဒီ-အေ)





www.burmeseclassic.com

www.burmeseclassic.com



နွယ်မြက်သစ်ပင်

# လေးညှင်းပွင့်ဝေါ ဆေးဖက်ဝင်ပုံ

နေဂျူကျပိုင်ဝမ်း



www.burmeseclassic.com

www.burmeseclassic.com

လေးညှင်းပင်သည် မြန်မာနိုင်ငံ တနင်္သာရီကမ်းရိုးတန်းတစ်လျှောက် ပင်လယ်ကမ်းစပ်အနီးတွင် စိုက်ပျိုးဖြစ်ထွန်းသည်။ လေးညှင်းပွင့်ကို အခြောက်ခံ၍ ဟင်းမွှေးမဆလာဖော်စပ်ရာနှင့် ကွမ်းယာအာမွှေးပြုလုပ်ရာတွင် သုံးသည်။ ကျားတံဆိပ်ဗလရှင်ဆေးပြားသည် လေးညှင်းပွင့်ကို အဓိကထားဖော်စပ်ထားခြင်းဖြစ်ပါသည်။ ခံတွင်းအနံ့ပျောက်ပြီး ချောင်းဆိုးခြင်းပျောက်ကင်း၍ လူကြိုက်များသည်။ လေးညှင်းအဆီကို သွားနာ၊ သွားကိုက်၊ ပျောက်ဆေးအဖြစ်သုံးသည်။ လေးညှင်းပွင့်ကို ဝါးစားလျှင် ပါးစပ်အနံ့ပျောက်၊ သွားကိုက်ပျောက်၊ သွားပိုးမစားပါ။ ကွမ်းရွက်ကို ရေဆေး၍ လေးညှင်းပွင့်နွယ်ချို၊ ဖာလာ၊ နာနတ်ပွင့်၊ ဇမ်ပါးထည့်၍ ဝါးစားပေးလျှင် ရောဂါများပျောက်သည် ခံတွင်းကို ကောင်းစေသည်။ ဂမုန်းပါထည့်စားရသည်။

လေးညှင်းပွင့်က ပါးစပ်အနံ့ပျောက်သည်။ သွားခိုင်သည်။ ပါးစပ်အာဂေါင်မွှေးသည်။ လေးညှင်းပွင့်နှင့် ဖာလာကသွားနှင့် ခံတွင်းမှာရှိအောင်နေတဲ့ ပိုးမျိုးစုံကိုသေစေနိုင်ပါသည်။ ခံတွင်းမှ အာပုပ်နံ့ကို Bad Greth Halotosis ဟု ခေါ်သည်။ အာပုပ်နံ့ထွက်ရခြင်းမှာ အာခံတွင်းသန့်စင်မှု အားနည်း၍ဖြစ်သည်။ အစားစားပြီး ပလုတ်မကျင်းသူ၊ သွားမတိုက်သူ၊ ဆေးလိပ်သောက်သူ၊ ရေသောက်နည်းသူ၊ ခံတွင်းခြောက်အောင် စကားပြောသူများဖြစ်ပါသည်။ ခံတွင်းမသန့်ရခြင်းမှာ စားကြွင်းစားကျန်များကို ခံတွင်းနှင့် သွားများတွင် စွဲကပ်နေသော ပိုးအမျိုးပေါင်း ၁၇၀ ခန့်က ဓာတ်ပြုရရာမှ ထွက်ပေါ်လာသော ကန့်အနံ့အငွေ့ဆိုးများကြောင့် ဖြစ်ပါသည်။ ခံတွင်း၊ လျှာနှင့် အာခံတွင်းမှ ပိုးများသည် သွားတိုက်ရုံဖြင့် မစင်ကြယ်နိုင်ပါ။ အစာအကြွင်းအကျန်များကလည်း သွားကြားများတွင်သာမက လျှာရင်း၊ အာခေါင်တွင်မှာရှိသော အမြှေးအောက် နက်နက် လိုဏ်ခေါင်းလေးအတွင်းမှာတွင်လည်း ရှိနေတတ်ကြသည်။ သွားကိုက်လျှင် လေးညှင်းပွင့်ကို ဝါးပြီးသွားအခေါင်းပေါက်ထဲကို သိပ်ပေးပါ။

သွားပိုးပေါက်နှင့် သွားကြိုးနေသောနေရာတွင်လည်း ပိုးများရှိတတ်သည်။ လေးညှင်းဆီ၊ ကျောက်ချဉ်၊ လက်ချားနှင့် ပရုတ်အေးတို့ကို ထောင်း







www.burmeseclassic.com

www.burmeseclassic.com

၍ ခံတွင်းသန့်စင်ဆေးရည်ပြုလုပ်၍ ပလုတ်ကျင်း ငုံထားပေးနိုင်သည်။ ကျောက်ချဉ်ကို သောက်ရေထဲတွင် ရေသန့်အောင် ထည့်ပေးရသည်။ ကျောက်ချဉ်မှုန့်ရည် နှင့် လက်ချား ပျော့ရည်ကို ရောထည့်ပြီး ခတ်ဆား ထုတ်နှင့် ဖျော်ပြီးဝမ်းလျှောနေသော ကလေးလူကြီးကိုတိုက်လျှင် ရောဂါ မြန်မြန်သက်သာပါသည်။ ကျောက်ချဉ်နှင့် လက်ချားပျော့ရည်ကို ရော၍ လူနာခွဲ စိတ်ရာတွင် (ဆေးကြောရန်ဆေး) သုံး လျှင် ပိုးများပိုသေ၍ အန္တရာယ်ကင်းပါ သည်။ ထိနိုက်ဒဏ်ရာများကိုလည်း ကျောက်ချဉ်မှုန့်ရည်ထဲတွင် လက်ချား ပျော့ရည်ကို ရောပြီးဆေးကြောလျှင် ဒဏ်ရာများအကျက်မြန်ပါသည်။

လေးညှင်းပွင့်ခံတွင်း သန့်စင် ရည်ဖော်စပ်နည်းမှာ ကျောက်ချဉ်မှုန့်၊ လက်ချားမှုန့်၊ လေးညှင်းဆီ၊ ပရုတ်အေး ၂ ပဲသား (အမှုန့်များကို ငါးပဲသားစီ) ရ၍ ကျောက်ချဉ်နှင့် လက်ချားကိုရေတစ် လီတာဖြင့်ဖျော်ပါ။ လေးညှင်းဆီနှင့် ပရုတ်အေးကို အရက်ပြန် ၁၀ စက်ခန့် တွင်ဖျော်ပါ။ ထိုအရည်နှစ်မျိုးကို ရောစပ် လိုက်၍ ဖျော်ပါ။ ပုလင်းထဲတွင် ထည့် ထားပါ။ သွားကိုက်ခြင်း၊ ခံတွင်း အနံ့ဆိုး ခြင်းကို ပလုတ်ကျင်းပါ။ ငုံထားပါ။ လေးညှင်းပွင့်မှုန့်နှင့် ဆားကိုရေနွေး ဖြင့်ရော၍ ငုံလို့လည်းရပါသည်။ လေး ညှင်းဆီကို ရေနွေးဖြင့်ရော၍ အစာစား ပြီးတိုင်း ပလုတ်ကျင်းပေးပါ။ ငုံထားပေး ပါ။ ဝမ်းထဲဝင်သွားလျှင် အန္တရာယ်မရှိ ပါ။ ကလေး၊ လူကြီးမရွေးသုံးနိုင်ပါသည်။ လေးညှင်းပွင့်ကို ကိုက်၍အရည်မျိုးချ လည်းရပါသည်။ ဝက်ခြံကို လေးညှင်းပွင့် ကို သွေးလိမ်းပါ။ ခေါင်းမှ ဖောက်များကို လက်ချားကို အမှုန့်ထောင်း ရေခွက်ကြီး ထဲတွင်ဖျော်၊ အမြှုပ်များထွက်လာလျှင် ခေါင်းလျှော်ပါ။ ဖောက်၊ ချေးကင်းပြီး ဆံပင်နက်သည်။ ပသီ (အာသီးရောင် လျှင် ရေနွေး၊ ဆား၊ ပျားရည်ရော၍ ငုံပါ။ သွားဖုံးပျော့နေခြင်း၊ မည်း၍ရေစီးပြီ ဖြစ်နေလျှင် သံပုရာသီးများများစားပါ။ လေးညှင်းမှုန့် ၉ပဲသား၊ ပရုတ်မှုန့် ၁ကျပ် သား၊ ဓုဏ္ဍာ ၂ပဲသား (ပရဆေးဆိုင်မှာ ဝယ်လို့ရသည်) တို့ကို ရောနှောပြီး သွားဖုံးမှာ ပွတ်ပေးလျှင် သွားဖုံးပျော့ခြင်း သွားပြည်ယိုခြင်း သွားကိုက်ခြင်းပျောက်သည်။



နေဂျူလိုင်ငွေး



www.burmeseclassic.com

www.burmeseclassic.com

တပ်မတော်ထဲက ရယ်စရာများ

# ဘဝကန္တာရထဲက ဟာသပျားရည်စက်များ

## ခွန်သက်တင်စန်း





အတွဲ (၁၉) အမှတ် (၄)၊ ဇန်နဝါရီလ၊ ၂၀၁၆ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

**နားကြားရွှင်ပါစေကြ**

**သတင်းကောင်းနဲ့သတင်းကောင်း**

စစ်မှုထမ်းဟောင်းအဖွဲ့နှင့် ပတ်သက်၍ ပြုလုပ်သော အခမ်းအနား ဖြစ်သည်။ လွန်ခဲ့သော (၂) ပတ်ခန့်က ဖန်းမော်မြို့စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌသည် ရန်ကုန်တွင် ပြုလုပ်သော စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံသို့ တက်ရောက်ပြီး အတွေ့အကြုံနှင့် ညွှန်ကြားချက်များကို စစ်မှုထမ်းဟောင်း အဖွဲ့များအား ပြန်လည်ပြောကြားရမည့် အခမ်းအနားလည်း ဖြစ်သည်။

ထိုအခမ်းအနားဖြစ်မြောက်အောင် ဖန်းမော်မြို့တွင် အခြေစိုက်ထားသော စစ်ဖျူဟာ (အခြေချ) စစ်ဖျူဟာမှူးကြီးမှ စီစဉ်ပေးခြင်း ဖြစ်သည်။ ဆွေးနွေးညွှန်ကြားချက်များအပေါ် ဝိုင်းဝန်းလုပ်ကိုင်ပေးစရာများရှိပါက ကူညီဆောင်ရွက်ပေးရန်နှင့် တိုင်းစစ်ဌာနချုပ်သို့လည်း ဆက်လက်တင်ပြရပါမည်။

ဖန်းမော်မြို့နယ် စစ်မှုထမ်းဟောင်းဥက္ကဋ္ဌမှာ ကချင်တိုင်းရင်းသား အငြိမ်းစားဗိုလ်ကြီး ဇော်ဒိန်ဖြစ်ပါသည်။ အသက် (၆၅) နှစ်ခန့်ရှိပါပြီ။ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် (၁၀၀) ဦးခန့်လည်း နေရာယူပြီးကြပြီဖြစ်သည်။ စစ်ဖျူဟာမှူးကြီးရောက်ရှိလာပြီးနောက် အခမ်းအနားကို စတင်ပါသည်။

အခမ်းအနားမှူးမှ စတင်၍

"အခမ်းအနားအစီအစဉ် (၁) အရ စစ်ဖျူဟာမှူးကြီးမှ အဖွင့်အမှာစကားပြောကြားပေးပါရန် ပန်ကြားအပ်ပါတယ်"

ဖျူဟာမှူးကြီး စကားပြောစင်မြင့်တွင် နေရာယူလိုက်ပြီး စစ်မှုထမ်းဟောင်းဗဟိုမှ ညွှန်ကြားလိုက်သည်များ ကူညီပေးစရာများရှိက ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း။ အဖွဲ့အစည်းအတွင်း စည်းရုံးကြဖို့ လိုကြောင်း။ စကားပြောခွင့်ရ၍လည်း ကျေးဇူးတင်ကြောင်း ပြောသွားပါသည်။

"အစီအစဉ် (၂) အရ ဖန်းမော် မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌမှ ပြောကြားပေးပါရန် တင်ပြအပ်ပါတယ်"

အငြိမ်းစားဗိုလ်ကြီး ဇော်ဒိန် စကားပြောစင်မြင့်တွင် နေရာယူလိုက်ပါသည်။

"အစည်းအဝေးတက်ရောက်လာကြသော ဖျူဟာမှူးကြီးနှင့်တကွ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ"

စစ်မှုထမ်းဟောင်း ဥက္ကဋ္ဌမှ ပထမစကားပြောလိုက်သည်။

"ကျွန်တော်အစည်းအဝေးတက်ဖို့ ဖန်းမော်ကလေယာဉ်နဲ့ သွားခဲ့ပါတယ်။ မင်္ဂလာဒုံလေဆိပ်ရောက်တော့ လာကြိုတဲ့အဖွဲ့တွေက တည်းခိုမဲ့မင်္ဂလာဒုံ ခရေပင်လမ်းခွဲကို ခေါ်လာပါတယ်"

ချောင်းတစ်ချက်ဟန့်လိုက်ပြီး . . .

"ရောက်ရောက်ချင်း ညနေမှာတော့ တည်းခိုမဲ့နေရာမှာဘဲ ညစာကျွေးတယ်။ ကြက်သားဟင်း . . . လက်ရာမဆိုးပါဘူး . . . စားကောင်းပါတယ်"

www.burmeseclassic.com

ကချင်သံဝဲဝဲလေးက ထပ်မံထွက်ပေါ်လာပြန်သည်။

"နောက်နေ့မှာ အစည်းအဝေးမစသေးဘဲ လေ့လာရေးအဖြစ် တိရစ္ဆာန်ရုံတို့၊ ဘုရားတို့ လိုက်ပို့မှာဖြစ်တယ်။ မနက်စာစောစောကို ထမင်းဆီဆမ်း၊ ပဲပြုတ်၊ ကြက်ဥနဲ့ လက်ဖက်ရည်တိုက်တယ်။ ထမင်းဆီဆမ်းလေးက မြေပဲဆီနံ့လေး သင်းနေလို့ ကျွန်တော် ထမင်းဆီဆမ်းပဲ စားလိုက်တယ်"

နားထောင်နေသူများ ဝံတွေးများပင် မျိုချမိကြသည်။

"အဲဒီနေ့ မနက်စာက ဝက်သားမစားရင် ကြက်သားကျွေးတယ်။ ညနေစာကဆိတ်သား…မဆလာနံ့လေးကိုသင်းလို့ အနံ့မန်အောင်ချက်လဲချက်တတ်ပ။ နှစ်ပန်းကန်လောက်စားမိလိုက်တယ်။ ပေါင်ချိန်လည်းတိုးလာမှာ စိုးရသေးတယ်လေ"

"နောက်နေ့ မနက်စာစာကိုတော့ ပလာတာနဲ့ လက်ဖက်ရည်ကျွေးတယ်။ ပလာတာလေးကို ကျွတ်လို့။ စားကောင်းတယ်ဗျာ"

"အဲ…ပြီတာနဲ့ အစည်းအဝေးခန်းဝင်ပြီး အစည်းအဝေး စတယ်"

အရေးကြီးသည့် နေရာရောက်ပေပြီ။ အားလုံးက မှတ်သားရန် စာအုပ်နှင့်ဘောပင်များ အသင့်လုပ်ကြသည်။ ဖျူဟာမှူးကြီးပင် မှတ်စုစာအုပ်လေးကို ဖွင့်လိုက်ပါသည်။

"အစည်းအဝေးမှာပြောတဲ့ အကြောင်းအရာတွေကိုတော့ ဘုတ်အုပ်ပါမသွားလို့ မမှတ်လိုက်ရပါဘူး။ အစည်းအဝေးမှတ်တမ်းကို နောက်မှပို့လိုက်မယ် ပြောတယ်…အဲဒီအခါမှ ထပ်ရှင်းပြပါမယ်နော်…ကျေးဇူးတင်ပါတယ်"

လျှာလေးများပင် သပ်ပြီး ဥက္ကဋ္ဌကြီးတစ်ယောက် စင်ပေါ်မှ ဆင်းသွားပါတော့သည်။

တော်ပါသေးသည်။ အစည်းအဝေးအပြီး လေယာဉ်ကွင်း မဆင်းမီ ကျွေးမွေးမှုများကို ဆက်မပြောမိပေလို့။

အစည်းအဝေးမှာကြားချက်များကိုတော့ မှတ်စုစာအုပ်ပါမသွားလို့ မမှတ်လိုက်ရပဲ အစားအသောက်များကို ယခုလက်ငင်းပဲ စားသောက်နေရသလို ပုံစံမျိုးဖြင့် ပြောသွားသော ဥက္ကဋ္ဌကြီးအား ဗျူဟာမှူးမှ တွေတွေကြီးစိုက်ကြည့်နေမိပါတော့သည်။

**ရွှေမိုးတလက်ရွှေမိုးကျုံးကြီး**

စိတ်တို့၏သဘောသည် ဆန်းကြယ်ပေစွ။ ပစ္စုပ္ပန်တွင်ရှိနေအောင် မည်ကဲ့သို့ပင်ကျင့်ကျင့် အတိတ်နှင့် အနာဂတ်များဆီသို့သာ လွတ်ထွက်သွားနေကြသည်။ အတိတ်ကိုတွေးပြီး အမြဲလွမ်းနေတတ်သူများလည်း ရှိကြပါသည်။ တိုက်ဆိုင်မှုများတွေ့ရင်လည်း ပြန်သတိရလွမ်းတတ်ပြန်ပါသည်။

ဗိုလ်လောင်းများ မေမြို့ (ပြင်ဦးလွင်) မှခွင့်ရ၍ မိဘရပ်ထံသို့ ပြန်ကြသည်။ တစ်နှစ်တာ မိသားစုနှင့် ခွဲခွာနေရပြီး မိခင်ချက်သည့် ထမင်းနှင့် ဟင်းကို စားလိုကြသည်မှာလည်း ဆန္ဒတစ်ခုပင်ဖြစ်ကြသည်။

မိဘ၊ ညီအစ်ကို မောင်နှမများ



www.burmeseclassic.com

www.burmeseclassic.com

နှင့် ပြောစရာစကားများ အပြည့်ရှိနေသည်။ သင်တန်းအတွေ့အကြုံများကို ပြောပြရာတွင် မိဘများက ပြုံးရွှင်စွာ နားထောင်ပေးသည်။ ညီငယ်များကို အားကျစွာနားထောင်ကြသည်။ အိမ်သို့ ရောက်ပြီး သုံးရက်ကြာလာသောအခါ ကျောင်းနေဖက် သူငယ်ချင်းများကိုလည်း တွေ့ချင်သေးသည်။ သူတို့ဘာတွေများ လုပ်နေကြသလဲ။

"မေမေ သား စိုးဟန်တို့အိမ် ခဏသွားလည်ချင်လို့၊ စိုးဟန်နဲ့လည်း စကားပြောချင်တယ်"

"အေးအေး… သားသွားရင် မိုးမချုပ်စေနဲ့နော်"

"ဟုတ်ကဲ့ မေမေ"

စိုးဟန်းနှင့် ကျွန်တော်မှာ ဆယ်တန်းအတူတူဖြေကြသည့် ငယ်သူငယ်ချင်းများဖြစ်သည်။ ကျွန်တော်မှ ဆယ်တန်းအောင်မြင်သွားပြီး ဗိုလ်သင်တန်း တက်ရောက်ခဲ့သော်လည်း စိုးဟန်မှာ စာမေးပွဲကျ၍ နောက်နှစ်ပြန် ဖြေရန် ကြိုးစားနေသည်။ စိုးဟန်မှာ စာမေးပွဲကျ၍ နောက်နှစ်သင်တန်းတက် လိုမှု ကျွန်တော့်ထက်ပင် ပြင်းထန်ပါသေးသည်။ အသက်မီသေးသည့်အတွက် ယခုနှစ်ဆယ်တန်းအောင်ပါက ဗိုလ်သင် တန်း တက်နိုင်ရန် အတွေ့အကြုံများ ပြောရပေဦးမည်။

စိုးဟန်တို့ အိမ်ရှေ့ရောက်သော် စိုးဟန်၏ မိခင်ကိုသာ တွေ့လိုက်ရသည်။

"ဟယ် … မောင်ကျော် ဘယ်တုန်းကရောက်လဲ။ လာ အိမ်ထဲဝင်"

"သုံးရက်လောက်ရှိပြီ ခင်ဗျ"

"မောင်ကျော် … မင်း အသားတွေ မဲလာတယ်နော်။ ငါ့သား စိုးဟန်လည်း အသားတွေ မဲလာတယ် ဟယ်"

"ဪ … ဟုတ်ကဲ့။ လေ့ကျင့်ခန်းတွေ လုပ်ရလို့ပါ"

အန်တီကြီးမှ အဝေးသို့ လှမ်းကြည့်ပြီး ရီဝေသောမျက်လုံးများနှင့်-

"အေးဟယ် … နင့်ကို တွေ့လိုက်ရတော့ ငါ့သားစိုးဟန်ကို ပိုပြီး လွမ်းမိတယ်ဟယ်။ သာကြီးလည်း ပင်ပန်းရှာတယ်ကွယ့်"

စိုးဟန် တစ်ယောက်ခရီးထွက်သွားပြီထင်သည်။ မိခင်တိုင်းမှာ သားသမီးတိုင်းကို စိုးရိမ်သတိရနေတာ




www.burmeseclassic.com

www.burmeseclassic.com

ကတော့ မဆန်းလှပါ။

"နင့် သူငယ်ချင်း စိုးဟန်လည်း ဒီနှစ်တော့ စာတစ်အားကြိုးစားတယ်။ ဆယ်တန်းအောင်မယ်ထင်တယ်။ သူက စစ်ဗိုလ်သိပ်ဖြစ်ချင်တာ မဟုတ်လား။ နင့်ကိုတွေ့ရင် သူသိပ်ပျော်မှာ… အင်း ပြောရင်းနဲ့တောင် သားကြီး မောင်စိုးဟန်ကို လွမ်းလိုက်တာကွယ်"

ခရီးသွားနေတာ တော်တော် ကြာပြီထင်ပ။ မိခင်များမှာတော့ သတိရ တတ်လွန်းကြသည်။

"မေမြို့က အေးလားဟဲ့"

"အေးတယ် အန်တီ။ ဒါပေမဲ့ လေ့ကျင့်ခန်းတွေ လုပ်တော့လည်း အေးမှန်းတောင် သတိမထားမိတော့ဘူး။

"မောင်စိုးဟန်က အေးတဲ့ ရာသီဥတုကို သိပ်ကြိုက်တာ။ သူလည်း မေမြို့ အအေးဒဏ်ကို ခံနိုင်မှာပါကွယ်။ ပြောရင်းဆိုရင်း ထပ်ပြီးတော့ သားကြီးကို လွမ်းလာပြန်ပြီကွယ်"

စိုးဟန် မိခင် အန်တီဒေါ်လွှမ်းမိုးကြီးမှာ စကားတစ်ခွန်းပြောလိုက် သူ၏ သား မောင်စိုးဟန်ကို လွမ်းလိုက်နှင့် ဟန်ချက်ကို ညီနေပေတော့သည်။

စိုးဟန်ကို တွေ့လို၍လာသော်လည်း မတွေ့ရတော့ဘူးထင်ပါသည်။ ဘယ်ကိုများ ခရီးလွန်နေပါလိမ့်။ သိလိုသည်များ ရှိလာသဖြင့်…

"ကျွန်တော်လည်း စိုးဟန်နဲ့ စကားပြောချင်လို့လာခဲ့တာ။ ခုတော့ မတွေ့ရတော့ဘူး။ ဒါနဲ့ စိုးဟန် ဘယ်သွားပါလဲခင်ဗျ"

"ရှိပါတယ်…။ ဘယ်မှမသွားပါဘူး။ အိမ်နောက်ဖေးမှာ ဝက်စာကျွေးနေတယ်လေ"

"ဟွမ်း… အင်"

နောက်ဖေးတွင် ဝက်စာကျွေးနေသောသားကို အိမ်ရှေ့တွင်ထိုင်ပြီး တစ်ချိန်လုံးလွမ်းနေသော လွမ်းတတ်လွန်းသူကြီး အန်တီ ဒေါ်လွှမ်းမိုးကို ကြည့်ပြီး…

"ကျွန်တော် နောက်ဖေးဘက် သွားပြီး စိုးဟန်ကို သွားတွေ့လိုက်ပါဦးမယ်။ အန်တီလည်း ဆက်လွမ်းထားလိုက်ပါဦးနော်"

"အေးကွယ်… အန်တီလည်း အချိန်လေးရနေတုန်း အားရပါးရ ဆက် လွမ်းလိုက်ဦးမယ်နော်"

အိမ်နောက်ဖေးတွင် ရှိနေသောသားကို အိမ်ရှေ့မှ လွမ်းနေတတ်သော မိခင်မျိုးလည်းရှိခဲ့ဖူးကြောင်း မှတ်သားမိပါတော့သည်။

**အဆောင်ကြီး ထိပ်ဆုံး**

မြစ်ကြီးနားမှ မန္တလေးသို့ ထွက်မည့် အမြန်မီးရထားကြီးသည် ခရီးသည်များ အပြည့်တင်ဆောင်ထားပြီး စတင်ထွက်ခွာရန် အသင့်ဖြစ်နေပါသည်။ ထိုအမြန်မီးရထားကြီး၏ ရှေ့တွင် APT (ARMYPATROL TRAIN) ခေါ် ရှေ့ဆောင်ပြေကင်းရထားမှ လမ်းကြောင်းလုံခြုံရေးအတွက် ရှေ့မှ ဦးဆောင်ခေါ်ရမည်။ မြစ်ကြီးနားဘက်မှ လုံခြုံရေးလိုက်သော APT ရထားနှင့် နန့်စီးအောင်ဘက်မှ လာသော APT

www.burmeseclassic.com

ရထားတို့ မိုးညှင်းတွင် ဆုံပြီးပါက ခေါက်ပြန်လှည့်ပြီး လုံခြုံရေးပြုလုပ်ကြရသည်။ မြစ်ကြီးနား၊ မိုးညှင်း အသွားအပြန်နှင့် မိုးညှင်း နန့်စီအောင် အသွားအပြန်တို့ကို APT ၂ စီးဖြင့် လုံခြုံရေးလိုက်နေကြသည်။

ကချင်ပြည်နယ်၏ နယ်မြေအခြေအနေမှာ အဆိုးဝါးဆုံးအချိန် ဖြစ်နေသည်။ မိုးကောင်းဘူတာတွင် ရထားရပ်ထားစဉ် ဗုံးပေါက်ကွဲခြင်း၊ ဟိုပင်အထွက်တွင် ရထားတွဲပေါ်ရှိ ငါးပေါက်သီးခြင်းမှ ဗုံးပေါက်ကွဲခြင်း၊ မြစ်ကြီးနားဘူတာတွင် ငါးပိဗုံးအတွင်းမှ ပေါက်ကွဲခြင်း၊ မြစ်ကြီးနား ရဲစခန်းတွင် ပါဆယ်ထုတ်မှတစ်ဆင့် ပေါက်ကွဲခြင်း၊ မြစ်ကြီးနားရုပ်ရှင်ရုံ အပေါ်ထပ်တွင် တိုက်မိုင်း တိုက်မိပေါက်ကွဲခြင်း၊ မော်လူးနှင့် မော်ဟန်ကြားတွင် ရထားလမ်းအား ဖောက်ခွဲခြင်းများ၊ ဆက်တိုက်လိုလို ဖြစ်ပွားနေသည်။ လူတိုင်းစိတ်တွင် မိုင်းအသိကစိုးမိုးနေကြသည် ရထားပေါ်တွင် ပစ္စည်းများ မေ့ကျန်နေလျှင်ပင် မိုင်းပါသည်ထင်၍ အပျောက်အရှမရှိဘဲ လုံခြုံရေးတာဝန်ခံများထံ ရောက်သွားသည်များရှိပါသည်။

နေ့စဉ်သွားလာနေသော မီးရထားစီး ခရီးသည်များ လုံခြုံရေးအတွက် APT အရာရှိတွင် တာဝန်ရှိသည်။ ထိုအရာရှိမှာလည်း မီးရထားဝန်ထမ်းများ ခရီးသည်များနှင့် ပြောဆိုဆက်ဆံနေရသဖြင့် အလုပ်အပေါ် အလေးထားနေရသည်။

ယနေ့ထွက်မည့် ရထားကိုလည်း အသေးစိတ်စစ်ဆေးနေရသည့်အတွက် APT တပ်စုမှူး ဗိုလ်ကြီး သာဇံတစ်ယောက် အလုပ်များနေသည်။ နံနက်စာပင် မစားရသေး...

" ကဲ... ရထားထွက်ဖို့ ခွင့်ပြုမိန့် ခွင့်ပြုမိန့်ရပြီ ထွက်မယ်"

မြစ်ကြီးနားဘူတာမှ APT ရထားဦးစွာ ထွက်ခွာပြီး ၎င်း၏နောက်မှ အမြန်ရထားကြီး လိုက်ပါခုတ်မောင်းလာပါသည်။

"ဟူး... ရထားထွက်မှဘဲ ဗိုက်ဆာလာတယ် ထွန်းထွန်းဝင်း ဘာစားဖို့လုပ်ထားလဲ"

မီးရထားခေါင်းတွဲ အတွင်း ခုံတွင်ဝင်ထိုင်လိုက်ပြီး အကူရဲဘော်ကို လှမ်းမေးလိုက်သည်။

"လက်ဖက်ရည်နဲ့ ကိတ်မုန့် ရှိတယ် ဗိုလ်ကြီး"

လက်ဖက်ရည်ခွက်နှင့် မုန့်ဗူး တစ်ခုလာချပေးသည်။ ကိတ်မုန့်မှာ ထိုအချိန်က နာမည်ကြီးသည့် အောင်ကြီး ကိတ်မုန့်ဖြစ်သည်။ စားကောင်းကောင်းနှင့် စားလိုက်ရာ တစ်ဗူးလုံးကုန်သွားသည်။ မီးရထားကြီးမှာလည်း အရှိန်အဟုန်မပျက် ခုတ်မောင်းနေသည်။

အမြန်ရထားဖြစ်၍ ဘူတာငယ်များဖြစ်သော ပြည်တောင်၊ မရမ်းဘူတာများတွင် မရပ်မနားပဲ နမ္မတီးဘူတာရောက်မှသာ ပထမအကြိမ် ရပ်နားပါသည်။ ခရီးသည် အတက်၊ အဆင်းများ ဆောင်ရွက်ပြီး ရထားကြီးမှာလည်း ဆက်လက်ထွက်ခွာလာပါသည်။ နမ္မတီးဘူတာမှ မိုးကောင်းဘူတာ



www.burmeseclassic.com

www.burmeseclassic.com

သို့ ခုတ်မောင်းနေစဉ် ရထားလမ်းလုံခြုံရေးတပ်များမှ ထူးခြားမှုရှိကြောင်း ဆက်သွယ်ရေးစက်ဖြင့် မိုးကောင်းရှိ ဗျူဟာသို့ သတင်းပို့လာသဖြင့် ဗျူဟာမှ APT အရာရှိထံသို့ ဆက်သွယ်က ညွှန်ကြားပါတော့သည်။

"မင်းခေါင်မှ ပျံလွှားအသံကောင်းလား"

"ပျံလွှားအသံကောင်းပါတယ်။ အမိန့်ရှိပါ ဒါပဲ"

လူစီး အမြန်ရထားရဲ့ စက်ခေါင်းနဲ့ ပထမဆုံးရထားတွဲကြား တွဲချိတ်တဲ့နေရာမှာ မိုင်းလို့ယူဆရတဲ့ အထုပ်တစ်ထုပ်ပါလာကြောင်း ရထားလမ်းလုံခြုံရေးအဖွဲ့က သတင်းပို့တယ် ဒါပဲ"

"ဆက်အမိန့်ရှိပါ ဒါပဲ"

"အခု ရထားဘယ်နေရာရောက်နေပြီလဲ"

"ဟုတ်ပြီ ရထားကို မိုးကောင်းမြို့ပြင်မှာ ရပ်ပါ။ မိုးကောင်းဘူတာနဲ့ ညှိထားပေးမယ်။ မိုင်းရှာဖွေတဲ့ အင်ဂျင်နီယာ BE စစ်သည်အဖွဲ့ကို ရထားဆီလွှတ်ပေးမယ် ဆက်လုပ်ပါ ဒါပဲ"

"ကိုး... ခြောက်ပါ"

လိုက်နာဆောင်ရွက်ပါမည်ဟု ပြောပြီးနောက် APT ရထားနှင့် လူစီးရထားခေါင်းတွဲကိုစက်ဖြင့် ဆက်သွယ်လိုက်ပါသည်။ လူစီးရထားခေါင်းတွဲတွင် ပါဝင်သော တပ်စုတပ်ကြပ်ကြီး လှငွေထံ ရထားကို မိုးကောင်းမြို့အဝတွင် ရပ်မည်ဖြစ်ကြောင်း၊ စက်ခေါင်းဗိုလ်ကြီးအား သတင်းပို့ရန် ပြောလိုက်သည့် မိုးကောင်းမြို့ပြင်တွင် ရထားနှစ်စီးလုံး ရပ်သွားသောအခါ ခေါင်းတွဲမှ အမြန်ရထားဆီသို့ အပြေးသွားလိုက်ပါသည်။

"ဆရာကြီးလှငွေ ပထမတွဲမှာပါတဲ့ ခရီးသည်အားလုံး အမြန်ဆင်းခိုင်းပါ။ ရထားတွဲနဲ့ ခပ်ဝေးဝေးမှာ နေခိုင်းထားပါ။ နောက်ဘက်က ရထားတွဲတွေလည်း ပိုစိတ်ချရအောင်ဆင်းခိုင်းပါ"

ဗိုလ်ကြီး သာဇံမှာ စက်ခေါင်းနှင့် ပထမတွဲကြားတွင် တွေ့နေရသော အထုတ်တစ်ထုတ်ကြောင့် လုံခြုံရေးအရ အမြန်သတိပေးလိုက်သည်။ ခရီးသည်များလည်း ကြောက်လန့်တကြား အလုအယက်ရထားတွဲပေါ်မှ ပြေးဆင်းကြသည်။ ဗိုလ်ကြီးသာဇံနှင့် ဆရာကြီးလှငွေတို့လည်း ရထားတွဲနှစ်ခုကြားရှိ





www.burmeseclassic.com

www.burmeseclassic.com

အထုတ်ကို ခပ်ဝေးဝေးမှ ကြည့်နေကြသည်။ ရထားတွဲဆက်၏ အလယ်ချိတ်တွင် စွတ်နေသည့်ပုံဖြစ်သည်။ ဘူးပုံစံကို ရင်းရင်းနှီးနှီးမြင်ဖူး သလိုထင်မိသည်။ ဆရာကြီးလုငွေမှ…

“ဗိုလ်ကြီး မိုင်းဖြစ်မယ်ထင်တယ်။ နမ္မတီးဘူတာက သိပ်စိတ်ချရတာမဟုတ်ဘူး ဒါပေမဲ့ အသံတော့ မကြားဘူး။ ချိန်ကိုက်ဗုံးတော့ မဖြစ်နိုင်ဘူး”

သူ့အထင်ကို ပြောနေပေမဲ့ မိုင်းဖြစ်စဉ်များ တောက်လျှောက်ဖြစ်ပျက်နေမှုအရ ဖြစ်နိုင်ချေများသည်။ မိုင်းရှာစစ်သည်များ ရောက်လာကြသည်။

“ဗိုလ်ကြီး ဘယ်နားမှာလဲ”

“ရထားတွဲ ဆက်တဲ့နေရာမှာ”

မိုင်းရှာစစ်သည် နှစ်ဦးမှာ မိုင်းရှာစက်၊ မိုင်းရှာစူးများကို သုံး၍ သံသယရှိသော နေရာသို့ တရွေ့ရွေ့ ချဉ်းကပ်သွားကြသည်။ ကြည့်နေသူများ အားလုံး ရင်တမမနှင့် စောင့်ကြည့်နေသည်။ ရထားတွဲနှစ်ခုကြားသို့ ရောက်ရှိသောအခါတွင်တော့

“ဗိုလ်ကြီး မိုင်းမဟုတ်ဘူးဗျ။ မုန့်ဘူးကြီးတစ်ခုစွတ်နေသော သေသေချာချာစွတ်ဆိုရင်တောင် မလွယ်ဘူး။ ခုတော့ ရေကူးစားပြီးပစ်လိုက်တဲ့ မုန့်ဘူးက ထူးထူးခြားခြား လာစွတ်နေတာပါ”

မိုင်းရှာသော BE ဆရာလေး ချွေးသုတ်ရင်း မုန့်ဘူးကိုယူလာကာ ဗိုလ်ကြီးသာဇံကို ပြလိုက်သည်။ သေသေ ချာချာကြည့်လိုက်ရာ အောင်ကြီး ကိတ်မုန့်ဘူးဖြစ်နေသည်။ ရထားထွက် ထွက်ချင်း စားကောင်းကောင်းနှင့် အားရပါးရ ကုန်အောင်စားခဲ့လေသော အောင်ကြီး ကိတ်ပင်ဖြစ်သည်။ အကူ ရဲဘော် ထွန်းထွန်းဝင်းမှ ကိတ်မုန့်ဘူးခွံကို ရထားပေါ်မှ လွှင့်ပစ်လိုက်ရာမှ ထူးဆန်းစွာ နောက်မှ ရထားတွဲ ၂ ခုကြား သွား၍ စွတ်နေခြင်းဖြစ်ပေသည်။

“ဗိုလ်ကြီး… ဒါ မနက်က ကိတ်မုန့်ဘူးကြီးပဲ”

တပ်သား ထွန်းထွန်းဝင်း ဇဝေဇဝါနှင့် မုန့်ဘူးအား ကြည့်ပြီး ပြောလိုက်သည်။

“အေး… မနက်က မုန့်ဘူးကြီးပဲ မင်းပြီးစလွယ်ရထားပေါ်က ပစ်ချလိုက်လို့ မလိုလားအပ်ပဲ အလုပ်ရှုပ်ကုန်ပြီ ခရီးသည်တွေလည်း လန့်ဖျပ်ကုန်တယ်။ အချိန်တွေလည်း ကုန်တယ်။ ခွေးသား ညနေကျရင် မင်းနဲ့ ငါတွေ့မယ်။ ဟင်း… ဟင်း”

ဗိုလ်ကြီး သာဇံလည်း ဖျူဟာသို့ အခြေအနေအား သတင်းပို့ပြီး ခွင့်ပြုချက်ရ၍ မီးရထားပေါ်ခရီးသည်များ ပြန်တင်၍ ဆက်ထွက်လာခဲ့ပါတော့သည်။

ခွန်သက်တင်ဆန်း

နေပြည်တော်
ပျဉ်းမနားမြို့
ဖြန့်ချိရေး
ဒေါ်ခင်လှ
၈၈၀



www.burmeseclassic.com

www.burmeseclassic.com




၁၅၆

အတွဲ (၁၉) အမှတ် (၄)၊ ဇန်နဝါရီလ၊ ၂၀၁၆ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းများတွင်လည်း ကောင်း၊ အတန်းတွင်းသို့ မိမိတို့၏ဆရာ ဆရာမများ ဝင်ရောက်လာလျှင်လည်း ကောင်း၊ တပည့်ကျောင်းသူကျောင်းသား များက ညီညီညာညာ မတ်တတ်ရပ်ကြ ကာ မင်္ဂလာပါဆရာ၊ မင်္ဂလာပါဆရာမ ဟူ၍ ပြိုင်တူပင် လက်အုပ်ကလေးများ ချီကာ နှုတ်ခွန်းဆက်သကြပါသည်။

လမ်းသွားလမ်းလာရင်း ဆရာ ဆရာမတို့အား တွေ့ကြုံကြလျှင်လည်း လက်အုပ်ကလေးချီကာ မင်္ဂလာပါဟူ၍ နှုတ်ဆက်ကြတတ်ပါသည်။ တကယ် တော့ မင်္ဂလာဆိုသော စကားနှင့်ပတ်သက် ၍ လူတို့အယူ ကွဲပြားခြင်း ဖြစ်ကြ လေသည်။

အချို့က မင်္ဂလာဆိုသည်ကား ကောင်းသော မြင်ခြင်းကိုဆိုသည်။ ဥပ မာအားဖြင့် နံနက်စောစောစော၌ ဖြူသော နွားလား၊ ကိုယ်ဝန်ဆောင် မိန်းမ၊ ငါး ကြင်း၊ ရေပြည့်အိုး၊ နွားနို့စသည်တို့ကို မြင်ခြင်းသည် မင်္ဂလာမည်၏ ဟုဆိုကြ သည်။

အချို့က ကောင်းသောမြင် ခြင်းသည် မင်္ဂလာမဟုတ်။ ကောင်းသော ကြားခြင်းသာလျှင် မင်္ဂလာဖြစ်သည်။ ဥပမာအားဖြင့် ချမ်းသာ၏၊ ချမ်းသာပါ စေ၊ တိုးပွားပါစေ စသော နှစ်လိုဖွယ် သောကြားခြင်းသာလျှင် မင်္ဂလာဖြစ်၏ ဟု ကြလေသည်။

အချို့ကမူကောင်းသော မြင် ခြင်း၊ ကြားခြင်းတို့သည် မင်္ဂလာမဟုတ်။ ကောင်းသောတွေ့ထိခြင်းသာ မင်္ဂလာဖြစ် ၏။ ဥပမာအားဖြင့် နံနက်အခါ၌ မြေ ကြီး၊ နေတမြက်၊ ငါးကြင်း၊ ရွှေခွက် ငွေခွက် စသည့်တို့ကို ကိုင်တွယ်ထိတွေ့ မိခြင်းသည်သာ မင်္ဂလာခင် စစ်ဖြစ်သည်။ ဟု ဆိုကြလေသည်။

ထိုသို့ဖြင့် မင်္ဂလာဆိုသော စကားနှင့်စပ်၍

(၁) ဒိဋ္ဌ မင်္ဂလာ။ ကောင်း သော မြင်ခြင်း။

(၂) သုတ မင်္ဂလာ။ ကောင်း သော ကြားခြင်း။

(၃) မုတမင်္ဂလာ။ ကောင်း သော တွေ့ထိခြင်း။

ဟူသော အယူဝါဒသုံးမျိုး ကွဲပြားကြကုန် သည်။ လူတို့သည် လည်းကောင်း၊ ဒုမ္မ ...

ထိုအခါ သိကြားမင်းသည် မင်္ဂလာတရားအစစ်ကို မြတ်စွာဘုရားမှ တစ်ပါး အခြားဖြေစွမ်းနိုင်သူ မရှိပြီ။ ဘုရားအား မေးလျှောက်အံ့ဟု လာ ရောက်ကာ ရှိသေစွာမေးလျှောက်လေ သည်။ ထိုအခါ မြတ်စွာဘုရားသည် သုံးဆယ့်ရှစ်ပြားသော မင်္ဂလာတရားအစစ် ကို ဟောကြားခဲ့ပေသည်။

ထို သုံးဆယ့်ရှစ်ပြားသော မင်္ဂလာတရားများမှာ ပါဠိလိုလည်းရှိ၏။ တချို့က ပါဠိနှင့် အနက်တွဲ၍ ပြဆိုကြ ၏။ တချို့က ရွတ်ဆို၍ ကောင်းပြီး မှတ် သားဖွယ်ဖြစ်အောင် ကဗျာကဲ့သို့ စပ်ဆို ခဲ့ကြ၏။ မည်ကဲ့သို့ပင် စပ်ဆိုရေးဖွဲ့ပြကြ သော်လည်း မင်္ဂလာတရားတော်တို့မှာ



www.burmeseclassic.com

www.burmeseclassic.com



သုံးဆယ်ရှစ်ဖြာပင် ရှိလေသည်။

ရိုးရိုး ရှင်းရှင်းနှင့် မြန်မာလို အနက်သက်သက်ဖြင့် မှတ်မိလွယ်အောင် ဖော်ပြပေးရလျှင် အောက်ပါအတိုင်းပင် ဖြစ်ပါသည်။

မင်္ဂလာတရား သုံးဆယ့်ရှစ်ပါး

၁။ လူမိုက်တို့ကို ပေါင်းဖော်ဆည်းကပ်ခြင်းမပြုရခြင်း။

၂။ ပညာရှိတို့ကို ပေါင်းဖော်ဆည်းကပ်ခြင်း။

၃။ ပူဇော်ထိုက်သူကို ပူဇော်ရခြင်း။

၄။ သင့်တင့်လျောက်ပတ်သော အရပ်၌ နေခြင်း။

၅။ ရှေးဘဝက ပြုခဲ့ဘူးသော ကောင်းမှု ရှိသောသူ ဖြစ်ခြင်း။

၆။ မိမိ၏ ကိုယ်ကိုကောင်းစွာ ဆောက်တည်ရခြင်း။

၇။ အကြား အမြင်များခြင်း။

၈။ လက်မှုပညာစသော အတတ်တို့ကို တတ်ခြင်း။

၉။ ဝိနည်းတရားကိုကောင်းစွာ သင်အပ်သည် ဖြစ်ခြင်း။

၁၀။ ကောင်းသော စကားကိုဆိုခြင်း။

၁၁။ အမိအဘတို့ကို လုပ်ကျွေးမွေးမြူခြင်း။

၁၂။ သားမယားတို့အား သင်္ဂြိုဟ်ထောက်ပံ့ခြင်း။

၁၃။ အနှောင့်အယှက်မရှိ လွတ်လပ်သော အမှုအလုပ်တို့ကို ပြုလုပ်ခြင်း။

၁၄။ အလှူပေးခြင်း။

၁၅။ ကောင်းသော အကျင့်ဟု ဆိုအပ်သော သုစရိုက်ဆယ်ပါးကို အမှုထား၍ ကျင့်ခြင်း။

၁၆။ အဆွေအမျိုးတို့အား ထောက်ပံ့ခြင်း။

၁၇။ အပြစ်မရှိသော အမှုတို့ကိုပြုခြင်း။

၁၈။ မကောင်းမှုမှ ဝေးစွာရှောင်ကြဉ်ခြင်း။

၁၉။ မကောင်းမှုတွေ့သည့်အခါ ရှောင်ကြဉ်ခြင်း။

၂၀။ သေရည် သေရက် သောက်ခြင်းမှ ရှောင်ကြဉ်ခြင်း။

၂၁။ ကုသိုလ်ကောင်းမှုတို့ကို မမေ့မလျော့ခြင်း။

၂၂။ ရိုသေထိုက်သောသူကို ရိုသေခြင်း။



www.burmeseclassic.com

www.burmeseclassic.com

၂၃။ မိမိကိုယ်ကို နှိမ့်ချခြင်း။

၂၄။ ရောင့်ရဲလွယ်ခြင်း။

၂၅။ သူပြုဘူးသော ကျေးဇူးကိုသိခြင်း။

၂၆။ သင့်တင့်လျောက် ပတ်သောအခါ၌ သူတော်ကောင်း တရားကိုနာခြင်း။

၂၇။ သည်းခံခြင်း။

၂၈။ သူတော်ကောင်းတို့ ဆုံးမအပ်သော စကားကို နာလွယ်ခြင်း။

၂၉။ ရဟန်းပုဏ္ဏားတို့အား ဖူးမြင်ရခြင်း။

၃၀။ သင့်လျော်သော အခါ၌ တရားတော်ကိုဆွေးနွေး မေးမြန်းရခြင်း။

၃၁။ ခြိုးခြံစွာကျင့်ရခြင်း။

၃၂။ မြတ်သော အကျင့်တရားတို့ကိုကျင့်ခြင်း။

၃၃။ သစ္စာလေးပါး တရားတို့ကိုသိခြင်း။

၃၄။ နိဗ္ဗာန်၏ အကျိုးအရသာကို ဆင်ခြင်အောက်မေ့၍ သိခြင်း။

၃၅။ ဆင်းရဲချမ်းသာစသော လောကဓံတရားရှစ်ပါးနှင့် တွေ့သောအခါ မတုန်လှုပ်ခြင်း။ ဝမ်းနည်းဝမ်းသာမရှိခြင်း။

၃၆။ လောကဓံတရားရှစ်ပါးနှင့် တွေ့ကြုံသောအခါ စိုးရိမ်ပူပန်ခြင်း မရှိခြင်း။

၃၇။ လောဓံတရားရှစ်ပါးနှင့် တွေ့ကြုံသောအခါ လောဘ၊ ဒေါသ၊ မောဟတည်းဟူသော အညစ်အကြေးမှ ပယ်ခွာခြင်း။

၃၈။ လောကဓံတရားရှစ်ပါးနှင့် တွေ့ကြုံသောအခါ ဘေးမှကင်းဝေးခြင်း။

ဟူ၍ မင်္ဂလာတရားစဉ်းဆယ့်ရှစ်ပါး ရှိလေသည်။

မြတ်စွာဘုရားသည် မင်္ဂလာအစစ် သုံးဆယ့်ရှစ်ပါးကို ဟောကြားတော်မူသောအခါ လူအပေါင်းတို့သည် များစွာ နှစ်သက်ဝမ်းမြောက်ခဲ့ကြသည်။ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးကိုလည်း ရဟန်းတို့က ချီးကျူးပြောဆိုကြလေသည်။

ရဟန်းတို့၏ ပြောဆိုကြသည်ကို မြတ်စွာဘုရား ကြားလေသောအခါ ယခုသာလျှင် မင်္ဂလာတရားများကို ဟောကြားသည် မဟုတ်၊ ရှေးကလည်း ဟောကြားခဲ့ဖူးပြီ ဖြစ်ကြောင်း အတိတ်ဇာတိကြောင်းကို ပြန်၍ဟောတော်မူလေသည်။

"လွန်လေပြီးသောအခါတွင် ဟိမဝန္တာ၌ ရက္ခိတမည်သော ရသေ့ကြီးသည် အခြံအရံငါးရာနှင့် နေလေသည့် တစ်ခါသော် တပည့်များဖြစ်ကြသော ရသေ့ငါးရာတို့သည် ဗာရာဏသီပြည်သို့ ချဉ်ဆားမှီဝဲ အံ့သောငှာလာခဲ့ကြလေသည်။

ထိုသို့ ရောက်ရှိလာကြသည်တွင် ဒိဋ္ဌမင်္ဂလာ၊ သုတမင်္ဂလာ၊ မုတမင်္ဂလာ ဤမင်္ဂလာသုံးပါး ပြဿနာသည် ကွဲပြားလျက်ရှိနေသည်ကို တွေ့ကြရလေသည်။

မင်းနှင့်တကွ လူတို့သည် ထိုရသေ့တို့အား မင်္ဂလာပြဿနာကို မေးလျှောက်ခဲ့ကြလေသည်။ ရသေ့တို့က ငါတို့ မသိကြကုန်။ သို့ရာတွင် ငါတို့၏ ဆရာကို မေးလျှောက်ပြီးမှ သင်တို့အား ပြန်ကြားပေးအံ့ဟု ဆို၍ ဟိမဝန္တာသို့ ပြန်ခဲ့ကြပြီး မေးလျှောက်ကြသောအခါ ဆရာ ရက္ခိတရသေ့ကြီးက မင်္ဂလာတရားတို့မှာ အောက်ပါအတိုင်း ဖြစ်ကြောင်း ဟောပေသည်။

၁။ မိမိကိုယ်ကို နှိမ့်ချ၍ သူတစ်ပါးတို့က ဆဲရေးရေရွက်သည်ကို အမျက်မထွက်ပဲ

www.burmeseclassic.com

ကောင်းသော စကားကိုသာဆိုခြင်း၊ သည်းခံတတ်ခြင်း။

၂။ မိမိ၏အဆွေ ခင်ပွန်းတို့အား မထေမဲ့မြင် မပြုခြင်း။

၃။ အဆွေ ခင်ပွန်းကောင်းရှိ၍ အဆွေခင်ပွန်းတို့၏ အကျိုးကို မဖျက်ပဲ မိမိ၏ဥစ္စာကို အဆွေခင်ပွန်းတို့အား ခွဲဝေပေးလေ့ရှိခြင်း။

၄။ အရွယ်တူသော တညီတညွတ် ဝမ်းမြောက်ဝမ်းသာ နေလေ့ရှိသော လင်ကိုရှိသ၍ လင်၏အလိုသို့ လိုက်သော ကုသိုလ်ကောင်းမှုကို နှစ်သက်တတ်သော မိန်းမမျိုး မဟုတ်သော မယားကိုရခြင်း။

၅။ အရည်အချင်းကို သိတတ်သော မင်းထံ၌ ခစားရခြင်း။

၆။ အစားအသောက် ပန်းနံ့သာစသည်တို့ကို စေတနာဖြင့် ပေးလှူခြင်း။

၇။ သီလသမာဓိ ပညာဖြင့် အားထုတ်၍ မင်္ဂလာကိုရခြင်း။

ဤသည်တို့မှာ စင်စစ်ကောင်းမြတ်သော မင်္ဂလာတရားတော်ပေတည်းဟု ဟောတော်မူလေသည်။

ထိုအခါ တပည့်ရသေ့တို့လည်း ဗာရာဏသီသို့ ပြန်လည်ကြွသွားကြ၍ လူတို့အား ထိုမင်္ဂလာတရားတို့ကို ဟောပြခဲ့ကြသောကြောင့် နာကြားရသော လူတို့မှာ မင်္ဂလာတရားတော်အတိုင်း ကျင့်ဆောင်ခဲ့ကြလေရာ သေလွန်ကြသောအခါ ကောင်းရာသို့သာ လားခဲ့ကြလေသည်"

ယခုအခါတွင် ကျောင်းများတွင် ကျောင်းသူကျောင်းသားများအား မင်္ဂလာတရားနှင့်အညီ လိုက်လျောညီထွေ ရှိနိုင်ကြစေရန်

၁။ လူမိုက်ကို မပေါင်းဖော်ရ။

၂။ လူလိမ္မာကိုသာ ပေါင်းပါ။

၃။ ပူဇော်ထိုက်သူကို ပူဇော်ပါ။ ဟူသော ကျောင်းသားများ၏ ဆောင်ပုဒ်ကို ကျောင်းများတွင် ရေးကပ်လှုံ့ဆော်ပေးထားသည်ကို တွေ့မြင်ရမည်ပင် ဖြစ်သည်။ ကျောင်းသူကျောင်းသားများကလည်း ထိုကျောင်းသားဆောင်ပုဒ်အတိုင်း လိုက်နာကြကာ ကျောင်းသားအချင်းချင်း၊ ကျောင်းသားနှင့် ဆရာဆရာမတို့ တွေ့ခဲ့ကြသည့် အခါတိုင်း မင်္ဂလာပါဟူ၍ အပြန်အလှန် နှုတ်ခွန်းဆက်ကြသည်။ သီတင်းဝါလကျွတ်သည့်အခါ မိမိတို့၏ ဆရာဆရာမများအား မိမိတို့ကို ပညာတတ်အောင် သင်ကြားပေးသည့် ကျေးဇူးတရားများကို သိမြင်ကာ စုပေါင်း၍ ဆရာကန်တော့ပွဲကျင်းပခဲ့ကြသည်။ ကျောင်းတွင်သာမကပဲ မိမိတို့၏ အမိ၊ အဖ၊ အဘိုး၊ အဘွား၊ သက်ကြီး ရွယ်အိုများကိုပါ မိမိတို့တတ်စွမ်းသမျှနှင့် ရိုသေစွာကန်တော့ကြလေသည်။

ထို အပြုအမူတို့မှာ ယဉ်ကျေးလိမ္မာပြီး ကောင်းမြတ်သော ဘုရားဟောကြားခဲ့သည့် မင်္ဂလာတရားများနှင့် ကိုယ်ညီကာ ထာဝရပြုကျင့်အပ်သော မင်္ဂလာတရားတော်များပင် ဖြစ်ပါကြောင်း ကြီးကြီး ငယ်ငယ် ရွယ်ရွယ် လတ်လတ် လူတိုင်းမှပင် လိုက်နာကျင့်ကြံကြရမည် ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

တင့်ထွေး(ဝေယံဘဝီ)



www.burmeseclassic.com

www.burmeseclassic.com



အဆောင်

# ပုလဲ

အောင်ပုန်းမြင့်(ကချင်မြေ)



www.burmeseclassic.com

www.burmeseclassic.com

နက်ပြာရောင်ပုလဲ- တောင်လွှားမော်ကြွားခြင်းကင်း၍ လူတန်းစာ အလွှာမျိုးစုံနှင့် ညီညွတ်သင့်မြတ်ပြီးလျှင် ဖြူစင်သော မေတ္တာ၊ နွေးထွေးသောကရုဏာ၊ မြင့်မြတ်သော အကြင်နာကို ပေးစွမ်းနိုင်သော အရာကို ပုလဲဟုခေါ်ကြ၏။

နက်ပြာရောင်ပုလဲ၏ သိဒ္ဓိစွမ်းအားများသည် ဝမ်းနည်းကြေကွဲခြင်း၊ စိုးရိမ်ကြောင့်ကြခြင်းနှင့် မုန်းတီးရန်ငြိုးဖွဲ့ခြင်းများကို ဖယ်ရှားပေးပြီး သာယာပျော်ရွှင်ခြင်း၊ လိုရာဆန္ဒပြည့်စေခြင်း၊ ကျက်သရေမင်္ဂလာတိုးပွားစေခြင်း၊ မုန်းစကိုတိုစေ၍ ချစ်စကို ရှည်စေခြင်းနှင့် မေတ္တာစာတ်ကို ပေါင်းကူးဂဟေဆက်ပေးခြင်းများကို ဖြစ်စေနိုင်ပါသည်။

နက်ပြာရောင်ပုလဲကို မဟာပင်လယ်ပြင်ကြီးအား စောင့်ရှောက်တော်မူသည့် နတ်မင်းကြီး၏ ရတနာတစ်ပါးဖြစ်သည်ဟု အသိအမှတ်ပြုကြ၏။ ပင်လယ်ပြင်နတ်မင်းကြီး၏ ရတနာဖြစ်သောကြောင့် လွန်စွာထက်ပြီး မမြင်မတွေ့နိုင်သည့် အတွင်းဂုဏ်သတ္တိများ ကိန်းဝပ်နေသည်ဟု ယုံကြည်ထားကြသော ဂမ္ဘီရအဆောင်ရတနာဖြစ်သည်။

အရှေ့တိုင်း အယူအဆအရ ပင်လယ်ပေါ်၌ နဂါးမင်းကြီး၏ ခန္ဓာကိုယ်ပေါ်တွင် စံမြန်းနေပြီး ကြာဝဠာလောကကြီးတစ်ခုလုံးကို စောင့်ရှောက်တော်မူသော ဗစ္စနိုး (ဗိသနိုး) နတ်ဘုရား၏ ရတနာတစ်ပါးဖြစ်သည်ဟူ၏။ ဗစ္စနိုးနတ်ဘုရားကြီးသည် နက်ပြာရောင်ပုလဲဖြင့် စီခြယ်အသက်သွင်းထားသော လက်စွပ်ကို ကြာလက်နက် ကိုင်ဆောင်ထားသည့် လက်ယာဘက်လက် လက်ခလယ်တွင် ဆင်မြန်းထားပြီးလျှင် လောကအကျိုးကို ဆောင်ရွက်ပေးတော်မူသည်ဟုဆိုသည်။

အနောက်တိုင်း ဂမ္ဘီရပညာရှင်များကမူ နက်ပကျွန်းမည်သော ပင်လယ်သမုဒ္ဒရာကို အစိုးရတော်မူသည့် ပင်လယ်စောင့် နတ်မင်းကြီး၏ အဆောင်ရတနာဖြစ်သည်ဟု ယုံကြည်မှတ်ယူထားကြသည်။ သို့ဖြစ်၍ စွမ်းပကားလွန်စွာကြီးမားလှသော အဖိုးတန်နက်ပြာရောင်ပုလဲကို အလိုရှိတိုင်း မရရှိနိုင်၊ ဘုန်းကံကြီးသမျှနှင့် ပတ္တန်းစက်ရှိသူများကသာ ထိုက်တန်ဝတ်ဆင်နိုင်သော ထူးမြတ်ကောင်းကျိုးပေးနိုင်သည့် အမြတ်ရတနာဖြစ်သည်။

နက်ပြာရောင်ပုလဲကို ပိုင်ဆိုင်ဝတ်ဆင်နိုင်သူတို့၌ ဘုန်းကံရှိသူများဖြစ်ကြလျှင် ဘုန်းတန်ခိုးရှိန်ဝါ ကြီးမားစေနိုင်ပြီး၊ မင်းမျိုးဖြစ်က မင်းဖြစ်စေနိုင်၏။ သူဌေးဖြစ်က သူကြွယ်တန်းဝင်စေနိုင်ပြီး သာမန်လက်လုပ်လက်စားဖြစ်ပါက နေရာအဆင့်ရမည်၊ အိမ်ပိုင်ရာပိုင်အတည်တကျဖြစ်နိုင်မည်၊ ကြိုးစားအားထုတ်လျှင် ချမ်းသာနိုင်မည်။ နက်ပြာရောင်ပုလဲများကို လွန်စွာနက်၍ခေါင်သော ပင်လယ်ကြမ်းပြင်များတွင် ကျက်စားတတ်သော အမည်းရောင် နှုတ်ခမ်းရှိသည့် ပင်လယ်နတ်မှုတ်ကောင် များထံမှ ရှားရှားပါးပါး ခက်ခက်ခဲခဲ ရှာဖွေယူရသော ပုလဲမျိုးဖြစ်သည်။

NEPTUNE - နက်ပကျွန်းဂြိုဟ်မင်းသည် မြစ်ပင်လယ်နှင့် ရေ[illegible]ကောင်း



www.burmeseclassic.com

www.burmeseclassic.com

သော ဂြိုဟ်မင်းတစ်ပါးဖြစ်ပြီး CANCER မည်သော ကရကဋ်ရာသီအိမ်တွင် တနင်္လာဂြိုဟ်မင်းနှင့်အတူ စံမြန်းနေရသော ဂြိုဟ်မင်းဖြစ်သောကြောင့် နက္ခတ်ပညာရှင်များက လမင်းကြီး၏ ကိုယ်ပွားဟု သတ်မှတ်ခေါ်ဆိုကြ၏။ တနင်္လာဂြိုဟ်မင်း၏ သင်္ကေတဂဏန်းသည် ၂ ဖြစ်ပြီး နက်ပကျွန်းဂြိုဟ်မင်း၏ သင်္ကေတဂဏန်းမှာ ၇ ဖြစ်သည်။ ၂ ဂဏန်းသည် အနုစားအတွင်းစိတ်သဘောကို ဆောင်ပြီး ၇ ဂဏန်းသည် အကြမ်းစား အကာသဘော၊ ရုပ်သဘောကို ဆောင်ထားတာ အသက်ဇီဝဂဏန်းဖြစ်သည်။

၇ ဂဏန်းကို ပိုင်ဆိုင်ထားပြီး တနင်္လာဂြိုဟ်မင်း၏ ကိုယ်ပွားဖြစ်သော နက်ပကျွန်းဂြိုဟ်မင်းသည် အနုအကြမ်း နှစ်ပါးစလုံးကို ဖော်ဆောင်နိုင်၏။ ထို့ထက်နက်နဲဆန်းကြယ်လှ၏။ ထူးခြားသော အစွမ်းသတ္တိများ ကိန်းဝပ်နေလေ၏။ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ စွမ်း[illegible]များကို ပေးစွမ်းနိုင်ပြီး ကယ်တင်နိုင်သောဂြိုဟ်မင်းဖြစ်သည်။

သို့ဖြစ်၍ နက်ပကျွန်းဂြိုဟ်မင်း၏ အဆောင်အယောင်ရတနာဖြစ်သော နက်ပြာရောင်ပုလဲသည် တပ်ဆင်ဆောင်ထားသူများကို အတိဒုက္ခအပေါင်းမှ ကယ်တင်ပေးနိုင်ပြီး အောင်မြင်ချမ်းသာခြင်းကို ဖြစ်စေနိုင်၏။ ရောဂါဘယ အမျိုးမျိုးမှ ကာကွယ်ပေးကာ ကျန်းမာသုခရစေနိုင်၏။ ထိုက်တန်သူများကသာ ဝတ်ဆင်နိုင်သော ရတနာမျိုးလည်းဖြစ်ပါသည်။

**ဂုဏ်သတ္တိထူးများ-** မြေပြင်မှရသော ဓာတ်သဘာဝများထက် စကြဝဠာလေပြင်နှင့် ပင်လယ်သမုဒ္ဒရာ ရေပြင်အနက်တို့မှရသော သဘာဝဓာတ်ပစ္စည်းများသည် ပိုမို၍ အစွမ်းထက်မြင့်မြတ်သည်ဟု သဘာဝကျောက်မျက်ပညာရှင်တို့က ဆိုကြ၏။ ထို့ကြောင့် စကြာဝဠာလေထုသခင် နက်ပကျွန်းဂြိုဟ်မင်းနှင့် ရေထုသခင်ဖြစ်သော ပင်လယ်နက်မှတ်ကောင်တို့မှ အကြောင်းဆုံချက်မိ၍ မွေးဖွားပေးလိုက်သော နက်ပြာရောင်ပုလဲကို မြင့်မြတ်သူများ၊ ဂုဏ်မြင့်သူများ၊ ကံစန်းညီညွတ်၍ ထိုက်တန်သူများ၊ ဘုန်းကံကြီးသူများနှင့် အလှူန်ကံကောင်း အကျိုးပေးသူများကသာ ဝတ်ဆင်ခွင့်ရနိုင်သော ရတနာဖြစ်သည်။

နက်ပြာရောင်ပုလဲရတနာကို အလှအပ ပစ္စည်းအဖြစ်ဖြစ်စေ၊ တန်ဖိုးကြီးရတနာအဖြစ်ဖြစ်စေ၊ အဆောင်ပစ္စည်းအဖြစ်ဖြစ်စေ၊ ဆေးဝါးစွမ်းအင်အာနိသင်အဖြစ်ဖြစ်စေ၊ နက်ပြာရောင်ပုလဲကိုမှ ကြိုက်နှစ်သက်၍ဖြစ်စေ၊ ဝတ်ဆင်ထားသူများကို စိတ်ပိုင်းဆိုင်ရာ အတက်အကျကို ထိန်းချုပ်ပေးနိုင်သော စွမ်းအားကြောင့် ဒေါသကို ကင်းဝေးစေနိုင်သည်။ အပူသောကကို ငြိမ်းချမ်းစေနိုင်သည်။ သွေးသားလည်ပတ်မှုကို ကောင်းစေနိုင်သဖြင့် ရုပ်ခန္ဓာကိုယ်ကို ကျန်းမာစေမည်။ ရုပ်ဖောက်ပြန်မှုကြောင့် ဖြစ်တတ်သော စိတ်ရောဂါနှင့် စိတ္တဇကြောင့် ဖွဲ့ကပ်လာရသော ရုပ်ဝေဒနာများကို ချမ်းသာရစေနိုင်သည်။ အပယောဂကြောင့် စိတ်ရောဂါ ခံစားနေရလျှင် စုန်းအောက်လမ်း အတိုက်အခိုက်





www.burmeseclassic.com

www.burmeseclassic.com

ကြောင့် စိတ်နှင့်ရုပ်မကာပ်ဖြစ်နေလျှင် အတိတ်ဆိုး နမိတ်ဆိုး အိမ်မက်ဆိုးများ တွေကြုံမြင်မက်နေရလျှင် ဝမ်းတွင်းနှင့် ကိုယ်တွင်း၌ ဖူးအတုံးအခဲပစ္စည်းများ အသွင်းခံရလျှင် နက်ပြာရောင်ပုလဲ ဆောင်ထားခြင်းဖြင့် ကင်းဝေးလွတ်ငြိမ်းနိုင်၏။

အမည်မသိရောဂါမျိုး ခံစားနေရသူများ၊ ဝမ်းနှင့်ပတ်သက်သော ဝေဒနာရှိသူများ၊ အစာအိမ်ရောဂါ စွဲကပ်ခံနေရသူများ၊ သွေးသားမညီညွတ်၍ ရောဂါမျက်လှည့်ပြခံနေရသူများ၊ နက်ပြာရောင်ပုလဲ ဝတ်ဆင်ထားခြင်း ပျောက်ကင်းနိုင်၏။

နက်ပြာရောင်ပုလဲ၏ ဂုဏ်သတ္တိထူးများသည် ဆုံးဖြတ်ချက်ခိုင်မာစေပြီး အောင်မြင်မှုပန်းတိုင်သို့ ရောက်စေနိုင်၏။ မကောင်းသော အတားအဆီး အခက်အခဲ အကျဉ်းအကြပ်များနှင့် ကြုံတွေ့လာလျှင် ကင်းဝေးလွတ်မြောက်စေနိုင်၏။ လုပ်ငန်းအလုပ်စီးပွား တိုးတက်ကောင်းမွန်စေပြီး လာဘ်သပ်ပကာ ဝင်စေကာ ငွေကံကောင်းစေနိုင်သည်။

ထို့ပြင် နက်ပြာရောင်ပုလဲသည် စိတ်ပွဲကို ကျေအေးစေနိုင်၏။ လောကီပဋိပက္ခအမျိုးမျိုးကို ငြိမ်းအေးစေနိုင်၏။ ကွဲကွာနေရသော ချစ်သူတို့ ဘဝကို ပြန်လည်ဆုံစည်းစေ၍ မေတ္တာ ဂဟေဆက်ပေးနိုင်၏။ အကြောင်းအမျိုးမျိုးကြောင့် သဘောထားချင်း မတိုက်ဆိုင်ဖြစ်ကာ ကမ္ဘာခြားနေကြရသော အကြင်လင်မယား အိမ်ထောင်သည်များကို ပြန်လည်ကျေအေး ပေါင်းသင်းခွင့်ရရှိစေနိုင်ပြီး ရန်ငြိုးရန်စ ရန်ဆူးရန်ငြောင့်များကို ပြေငြိမ်းစေနိုင်ပါသည်။

ပုလဲဝတ်ဆင်ခြင်း - နက်ပြာရောင်ပုလဲကို CANCER ခေါ် ဝါဆိုလ ကရကဋ်ရာသီဖွား၊ တနင်္လာသားသမီးများက ဝတ်ဆင်အသုံးပြုကြမည်ဆိုလျှင် နက်ပြာရောင်ပုလဲ၏ ကောင်းကျိုးချမ်းသာများကို ပိုမိုရရှိစေနိုင်ပါလိမ့်မည်။

ပုလဲကို နေ့နံအလိုက် ဝတ်ဆင်ကြမည်ဆိုလျှင် တနင်္ဂနွေသားသမီးများသည် ရွှေဝါရောင်ပုလဲကို ဝတ်ဆင်ဆောင်ထားကြခြင်းဖြင့် အလုပ်ခရီး အကြံအစည်များ အောင်မြင်၍ လိုရာဆန္ဒအဝဝ ပြည့်စုံစေနိုင်မည်။ တနင်္လာသားသမီးများသည် အဖြူရောင်ပုလဲ (သို့) ငွေရောင်ပုလဲကို ဆောင်ထားဝတ်ထားကြလျှင် ဘဝသာယာအေးချမ်း၍ လာဘ်လာဘကောင်းများ တိုးပွားပြည့်စုံစေမည်။ အင်္ဂါသားသမီးများသည် အနီရောင်သမ်းသော ပုလဲပန်းနီရောင်ကို ဝတ်ဆင်ထားကြမည်ဆိုပါက ရန်အပေါင်းကို အောင်နိုင်၍ဘဝ သာယာချမ်းမြေ့စေနိုင်လိမ့်မည်။

ဗုဒ္ဓဟူးသားသမီးများသည် အဝါရောင်ပုလဲ (သို့) စိမ်းဝါရောင်ပုလဲကို ဆောင်ယူထားမည်ဆိုလျှင် ဉာဏ်ပညာအလင်းပွင့်၍ အသိပညာ အတတ်ပညာဖြင့် ဘဝတက်လမ်း တိုးတက်အောင်မြင်စေနိုင်မည်။ ကြာသပတေးသားသမီးများသည် ပန်းခရမ်းရည်ပုလဲ(သို့) အဝါနုရောင်ပုလဲကို ဆောင်ထားခြင်းဖြင့် အလုပ်ရာထူးတက်လမ်း ပွင့်မည်။ ရန်စွယ်အပေါင်းကို အောင်နိုင်ပြီး



www.burmeseclassic.com

www.burmeseclassic.com

သာသနာပြုနိုင်သော သာသနာ့အာဇာနည်ဖြစ်နိုင်လိမ့်မည်။

သောကြာသားသမီးများသည် ပန်းနုရောင်ပုလဲ (သို့) အကြည်ရောင်ပုလဲကို ဝတ်ဆင်ဆောင်၍ ထားကြပါမူ လူချစ်လူခင်ပေါများစေပြီး မိတ်ကောင်းဆွေကောင်းခြံရံစေမည်။ အဆွေခင်ပွန်းကောင်းနှင့် နေထိုင်သွားရမည်။ ငယ်ရွယ်သူများဖြစ်ပါက မေတ္တာရေးအောင်မြင်မည်။ အိမ်ထောင်ရှင်များဖြစ်က အိမ်ထောင်ခိုင်မြဲမည်။

စနေသားသမီးများသည် အပြာရည်ဝင်နေသောပုလဲ (သို့) အနက်ရောင်စွဲသောပုလဲကို ဝတ်ဆင်ဆောင်ထားကြမည်ဆိုလျှင် ဒုက္ခဆင်းရဲအဖုံဖုံသောအန္တရာယ်အမျိုးမျိုး ရန်ဥပါဒ်ဘေးအလီးလီတို့မှ ကင်းဝေးစေနိုင်မည်။ ခုနှစ်ရက်သားသမီးများ နက်ပြာရောင်ပုလဲကို ယုံယုံကြည်ကြည်ဝတ်ဆင်ဆောင်ထားကြမည်ဆိုပါက WEALTHY ချမ်းသာသော ပြည့်စုံခြင်းဘဝကို ဆောင်ပေးနိုင်၏။ HEALTHY ကျန်းမာအသက်ရှည်ခြင်းကို ဖြစ်စေနိုင်၏။ VICTORY အောင်မြင်သော ဘဝကို ရရှိစေနိုင်၏။ BEAUTY အလှတရားများကို ဇုဝေးစေပြီး အလှပေါ်အယဉ်ဆင့်စေ၍ မျက်နှာပန်းလှ အထက်တန်းကျစေနိုင်ပါသည်။

ပုလဲလုံးများကို အထည်ပြုလုပ်ဝတ်ဆင်သည့်အခါ ငွေသတ္တု (သို့) ကြေးသတ္တုများနှင့် အထည်ခတ်ဝတ်ဆင်လျှင် ပုလဲ၏ ဂုဏ်သတ္တိကို ကျဆင်းစေနိုင်သဖြင့် ရွှေ (သို့) ပလက်တီနမ်သတ္တုများနှင့်သာ ပြုလုပ်ဝတ်ဆင်ထားရမည်။ ပုလဲလုံးများကို စိန်ရံ၍ဖြစ်စေ၊ ပွင့်ကောက်အနေတော်များကို လုံးရွယ်များနှင့် ရံ၍ဖြစ်စေ ဝတ်ဆင်နိုင်ပါသည်။"

ပုလဲကောင်းကျိုး - ပုလဲလုံးကို ဆံထိုးပြုလုပ်ဝတ်ဆင်ထားလျှင် အပြောအဆိုအောင်မြင်စေနိုင်သည်။ ပုလဲလုံးကို ရင်ထိုးပြုလုပ်ဝတ်ဆင်လျှင် ချစ်သူခင်သူပေါများစေနိုင်သည်။ ပုလဲလုံးကို နားကပ်၊ နားဆွဲ ပြုလုပ်ဝတ်ဆင်ထားလျှင် ဩဇာအရှိန်အဝါကြီးစေပြီး မျက်နှာစမ်းပွင့်စေနိုင်သည်။ ပုလဲလုံးကို ပုတီးကုံးပြုလုပ်ဝတ်ဆင်ထားပါက ကျက်သရေတိုးစေပြီး မင်္ဂလာရှိစေသည်။ အရောင်းအဝယ် ဈေးခေါ်ကောင်းစေနိုင်သည်။ စီးပွားဥစ္စာ တိုးပွားစေနိုင်သည်။ ပုလဲလုံးကို လက်ကောက်အဖြစ် လက်နှစ်ဖက်တွင် သီကုံးဝတ်ဆင်ပါက ကွဲကွာသူများနှင့် ပြန်လည်တွေ့ဆုံနိုင်သည်။ မေတ္တာထားရှိသူနှင့် ဖူးစာဆုံနိုင်မည်။ ပုလဲလုံးကို လက်စွပ်အဖြစ် ပြုလုပ်ဝတ်ဆင်သည့်အခါ လက်သူကြွယ်တွင် ဝတ်ဆင်လျှင် စီးပွားတက်မည်။ လက်ခလယ်တွင် ဝတ်ဆင်ထားလျှင် အမှု၊ တရားအောင်မည်။ လက်ညှိုးတွင် ဝတ်ဆင်ထားလျှင် ဩဇာအာဏာတည်မည်။ အကြီးအကဲဖြစ်မည်။ ရာထူးတက်မည်။ ပုလဲကို အရောင်နှင့် နေ့သင့်နံသင့် မဝတ်နိုင်ပါက နက်ပြာရောင်ပုလဲကို ဝတ်ဆင်ဆောင်ထားခြင်းဖြင့် ဘဝ၏ လိုရာဆန္ဒများကို ပြည့်ဝစေမည်ဖြစ်ပါသည်။

ပန်းလို စမ်းလို လမင်းလို
သာယာချမ်းမြေ့ကြပါစေ . . .

အောင်ဘုန်းမြင့်(ကချင်းမြဲ)

www.burmeseclassic.com




# အကြောပြင်ဆရာ

မေမြမွန်ဖြိုး(မြိုး)



www.burmeseclassic.com

www.burmeseclassic.com

(၁)

စာရေးသူ (ကျွန်ုပ်)သည် လွန်ခဲ့သော နှစ်ပေါင်း (၄၅)ကျော်ကပင် "အကြော" နှင့် ပတ်သက်သည့် စာများကို လေ့လာဖတ်ရှုခဲ့ရာမှ "အကြောပညာရှင်ကြီးများ" ၏ "စာဆို"ကို ဒီကနေ့အထိ မှတ်သားခဲ့မိပါသည်။ ၎င်းမှာ "အကြောတစ်ချက် ဆေးတစ်ခွက်" ပါတဲ့ ဆိုလိုသည်သည်မှာ အကြောနှင့် ပတ်သက်၍ ဝေဒနာရှင်ကို ကုသရာ၌ "အကြော" (မည်သည့်အကြောမဆို) "တစ်ချက်တည်း" ဖြင့် "နှိပ်" လိုက်ပါက (ကျွမ်းကျင်စွာ နှိပ်တတ်ပါသတဲ့။

သို့ပါ၍လည်း တိမ်ကောပျောက်ကွယ်လုနီးပါး ဖြစ်နေသည့် "အကြောပြင် ပညာရပ်" ကို ပြန်လည်ဖော်ထုတ်လိုသော ဆန္ဒများနှင့်အတူ "လျှို့ဝှက်ဆန်းကြယ်သည့် အကြောပြင်ပညာရပ်" ကို ကျွန်ုပ်လေးစားယုံကြည်ရပါသော (TOP TEN) ဝင် မဂ္ဂဇင်းကြီးတွင် အပါအဝင်ဖြစ်သည့် "လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းကြီး" တွင် "အသက်သွင်း" သကဲ့သို့ ရေးသားတင်ဆက်ရပါသည်။

(စာရေးသူ)

(၂)

အကြောပြင်ဆရာ ကိုကိုဝင်း (သစ်တိန်း)မှာ မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် အရှေ့ဘက် (အညာသားတို့အခေါ် အရှေ့ဘက်)ရှိ "သစ်တိန်းရွာကြီး"မှ မွေးဖွားခဲ့ပါသည်။ ငယ်စဉ်က မိဘနှစ်ပါးတို့ နွမ်းပါးကြသဖြင့် "တတိယတန်း" သာနေခဲ့ရပါသည်။ ခေတ်ပညာတတ်ကြီးဖြစ်လိုသော်လည်း မိမိဆန္ဒမပြည့်ဝခဲ့သဖြင့် ဘဝတွင် စိတ်ဆင်းရဲခြင်းများစွာနှင့် ကြုံတွေ့ခဲ့ရသဖြင့် ဆယ်ကျော်သက်အရွယ်မှာပင် ဇာတိမြေမှ စွန့်ခွာခဲ့ပြီး "နတ်မောက်မြို့နယ်" "မန်ကျည်းကုန်းရွာ" သို့ ရောက်ရှိခဲ့ပါသည်။ ထိုရွာမှ အကြောပညာရှင်ကြီး "ဦးဖိုးစိန်" ထံတွင် (တစ်နှစ်) ကြာ နေထိုင်လျက်၊ အကြောပြင် ပညာတို့ကို သင်ယူခဲ့ပါသည်။ ထိုအိမ်၌အလုပ်လုပ်လျက်မှ ဖြစ်ပါ၏။

တစ်ဆင့်တက်ရန် "ပညာကို ပြည့်ဝသည်ထက် ပြည့်ဝရန် စိတ်ကူးဉာဏ်ပေါက်ရန် "ရွှေဘိုမြို့" အကြောပြင်ဆရာကြီး "ဦးထွန်းနိုင်" ထံတွင် ပညာများ ဆက်လက်ဆည်းပူး လေ့လာခဲ့သလို အကြောအနှိပ်ပညာရှင် "ဦးသောင်ရွှေ" (သစ်တိန်း) ထံမှလည်း အကြောပြင်ပညာရပ်များ ဆက်လက်ဆည်းပူးလိုက်စားခဲ့ရာမှ၊ ပညာများကို (၁၀)နှစ်ခန့်ကြာသောအခါ အကြောပြင်ဆရာကြီး (၃)ဦးတို့မှ "အကြောပြင် ပညာဖြင့် ဝေဒနာရှင်တို့ကို ကုသနိုင်ကြောင်း ခွင့်ပြုခဲ့ရာ၌ ယခုအခါ "အကြောပြင်ဆရာကိုကိုဝင်း" (သစ်တိန်း) ဟု နာမည်ကျော်ခဲ့ပါသည်။

ရှမ်းပြည်နယ်မြောက်ပိုင်း- "လားရှိုး" "သီပေါ" နှင့်အတူ "နမ့်တူဘော်တွင်း" သို့လည်းကောင်း "ရှမ်းပြည်တောင်ပိုင်း" "တောင်ကြီး" "နမ့်စံ နှင့် "ကလောမြို့" များသို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး "ဒိုက်ဦး" "ကျောက်တံခါး" "ပဲနွယ်ကုန်း" နှင့် ဖြူးမြို့" သို့

www.burmeseclassic.com

လည်းကောင်း၊ မန္တလေးတိုင်းအတွင်းမှ "မိတ္ထီလာ" "မလှိုင်" "သာစည်" "ရမည်းသင်း" "ပျော်ဘွယ်" "တပ်ကုန်း" မြို့များသို့လည်းကောင်း၊ မိမိပိုင် (၄/ယ ၅၃၇၅) ဆိုင်ကယ်တစ်စီးဖြင့် ဆေးကုသလျက် ရှိနေပါသည်။

စာရေးသူ (ကျွန်ုပ်)နှင့်လည်း မိခင်ကြီးဘက်မှ ဆွေမျိုးတော်စပ်ခဲ့သည့် "တူ" တစ်ယောက်ဖြစ်ပါသည်။ (၃-၈-၂၀၁၅) နေ့အထိ စာရေးသူ (ကျွန်ုပ်) နေထိုင်ရာ "ဖြူးမြို့" သို့ သူ၏ "စီးတော်မြင်း" အလား သဘောထားသည့် (၄/ယ ၅၃၇၅) ဆိုင်ကယ်တစ်စီးနှင့် ရောက်ရှိလာခဲ့ရာ၌ "တိုင်းယက်သည့် ပက္ကလာ မိုးရွာသည်နှင့် အဆင်သင့်" ဆိုသကဲ့သို့ ကျွန်ုပ်တွင် ခံစားနေရသော "အကြောညှပ်"ရောဂါကို (၄၅) မိနစ်ခန့် အကြာ (၂) ကြိမ်တိတိ ကုသပေးခဲ့ရာ၌ ယခုအခါ ကျန်းမာရေးအလွန်ပင် ကောင်းသွားခဲ့ရာမှ ဤဆောင်းပါးကလေးကို တူတော်မောင် "ကိုကိုဝင်း" (သစ်တိန်း) သို့ ဂုဏ်ပြုရေးမိခြင်းလည်း ဖြစ်နိုင်သကဲ့သို့ ငွေကြေးမတတ်နိုင်ကြသဖြင့် "သမားတော်ကြီးများ" "ပါရဂူကြီးများ" နှင့် "ဒေဝနာ" သိသော်လည်း "ငွေအသပြာ မရှိသဖြင့် ဆေးမကုနိုင်ကြတဲ့ "အကြောညှပ် အကြောကပ်" ရောဂါ နှင့်အတူ "အသေသတ်" နိုင်တဲ့ "လေဖြတ်ရောဂါ" တို့ကို "စေတနာဖြူသဒ္ဓါကူ" ၍ အကြောပြင်ပညာဖြင့် ကုသနေခဲ့သူ "ဆိုင်ကယ်စီး၍ ခရီးသွားရင်း ဆေးကုသနေသည့် အကြောပြင်ဆရာ ကိုကိုဝင်း (သစ်တိန်း)မှာ ယခု ဤဆောင်းပါးရေးနေချိန်မှာပင် ကျွန်ုပ် (စာရေးသူ) ထံမှ (ဖြူးမြို့မှအပြန်) "ဆွာမြို့" တွင် အကြောပြင်နေခဲ့ပါသည်။ "ဖုန်း" သတင်းအရ သိရပါသည်။ "ရဟန်းတစ်ပါး"၏ လေဖြတ်ရောဂါကို ကုသနေချိန် ဖြစ်ပါသတဲ့။ ဘာသာရေးဘက်တွင်လည်း ကြည်ညိုသူတစ်ဦးပါ။

အကြောပြင်ဆရာ ကိုကိုဝင်း (သစ်တိန်း) မှာ မိမိ၏ဆိုင်ကယ်ပေါ်တွင် အိပ်ရာလိပ် အပါအဝင်၊ သွားတိုက်ဆေးမှ အစ၊ ဆပ်ပြာခွက်နှင့်အတူ၊ ဆိုင်ကယ်ပြင်ရန် "ဝူသေတ္တာ" (TOOL- BOX) အပါအဝင် ဆိုင်ကယ်တာယာအပိုကျွတ်အပိုတို့ကိုပါ စနစ်တကျ သယ်ယူခဲ့ပါသည်။ မြန်မာပြည်နေရာဒေသ အသီးသီးသို့ ဆေးကုသွားရောက်ခဲ့ရာ၌ "ကချင်ပြည်နယ်" အထိ၊ သွားရောက်ကုသခဲ့ကြောင်း ကြားသိခဲ့ရပါ၏။

"အသိမိတ်ဆွေ" တို့၏ နေအိမ်များတွင် တည်းခို၍လည်းကောင်း "တည်းခိုရိပ်သာ" တို့တွင် တည်းခို၍လည်းကောင်း၊ "အကြောပြင်ပညာ" ဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေသူ လူလတ်ပိုင်း အသက်အရွယ် (၄၀)ခန့်ရှိ အကြောပြင်ဆရာ ကိုကိုဝင်း (သစ်တိန်း) မှာ၊ ငွေအသပြာကိုမှ တလေးတစားထား၍ ဆေးကုသသူမဟုတ်ပါ။ စေတနာရှင်၏ အခြေအနေပေါ် မူတည်၍သာ "ကန်တော့ငွေ" ကို လက်ခံသူ တစ်ဦးပါ။ ယခုအချိန်အထိ အိမ်ထောင်မပြုသေး။ မိဘနှစ်ပါးတို့ကို လုပ်ကျွေးနေသူတစ်ဦးပါ။ ကျောင်းပညာကို အစအဆုံးမသင်ခဲ့ရသဖြင့် စာပေဗဟုသုတကို ရှောက်လေ



www.burmeseclassic.com

www.burmeseclassic.com

ရာတွင် ဖတ်ရှုသူပါ။ အင်္ဂလိပ်စာကိုပင် လေ့လာနေလျက်ရှိသူပါ။ (DICTIONARY) စာအုပ်ကိုတော့ သူ့လွယ်အိတ်ကြီးထဲ၌ တွေ့မြင်နိုင်သလို "အကြောပညာပိုင်းဆိုင်ရာ ကျမ်းစာအုပ်တို့ကိုလည်း (၃/၄) အုပ်၊ အမြဲဆောင်ထားသူဖြစ်ပါ၏။

မဂ္ဂဇင်းစာအုပ်တွေထဲက အထူးသဖြင့် "လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်း" နှင့် "နက္ခတ္တရောင်ခြည် မဂ္ဂဇင်း" "နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်း" တို့ကို အထူးအလေးထား ဖတ်ပါသတဲ့။ အကြောနှင့် ပတ်သက်၍ ခံစားနေကြရတဲ့ ဝေဒနာရှင်တို့အပေါ် "ခရီးဝေးသည်၊ နီးသည်" တို့ကို အလေးမထား ဝေဒနာရှင်တို့အပေါ် စေတနာထားသည်မို့ မည်သည့်ဒေသကို မဆို ဆိုင်ကယ်စီး၍ ခရီးနှင်ရင်း "အကြောပြင်" (ဆေးကုသ) နေသူတစ်ဦးပါ ခင်ဗျာ။

"အရင်းစစ်အမြစ်မြေ" ဆိုသကဲ့သို့ ကိုကိုဝင်း (သစ်တိန်း) ဇာတိချက်မြှုပ်ရာ လွန်ခဲ့သော နှစ်ပေါင်း (၆၀) ကျော်၌ မိန္နောဆရာကြီး "ဦးဖိုးခါ" (ဆရာခါ) တို့သည် "ကျောက်ပန်းတောင်းမြို့နယ်" တွင် အထူးထင်ရှားခဲ့သည့် "မြန်မာတိုင်းရင်းဆေးဆရာကြီး" တို့ ဖြစ်ကြပါ၏။ ဦးဖိုးခါ (ဆရာခါ) မှာ စာရေးသူ (ကျွန်ုပ်)၏ ဦးကြီးပင် ဖြစ်ပါသည်။

"အကြောပြင်ဆရာ ကိုကိုဝင်း (သစ်တိန်း)" သို့ "အကြောညှပ် အကြောကပ် လေဖြတ်ရောဂါ" များ ဖြစ်နေခဲ့ပါက မည်သည့်ဒေသမဆို၊ အရောက်လာ၍ ကုသပေးနေပါသည်။ ၎င်း၏ ဖုန်းနံပါတ် (09 .791192606) သို့သာ ဆက်သွယ်နိုင်ပါသည်။ နာမည်ကြီး ဆရာဝန်ကြီးများနှင့် ကုသ၍မပျောက်သော လေဖြတ်ရောဂါရှင်များ အကြောကပ်နေသူများကို ကုသပေးခဲ့သဖြင့် ပျောက်ကင်းခဲ့သူတို့၏ စာရင်းများလည်း "ကိုကိုဝင်း" (သစ်တိန်း) "အကြောပြင်ဆရာ" ထံတွင် တွေ့မြင်နိုင်ပါသည် ခင်ဗျာ။

"ပညာရဲ့ရှင် ပွဲလယ်တင်" သူမို့ "ကျောက်ပန်းတောင်းမြို့နယ်၊ သစ်တိန်းကျေးရွာ အုပ်စု၊ သစ်တိန်းရွာကြီး" မှစ၍ "အကြောပြင်ဆရာ ကိုကိုဝင်း" (သစ်တိန်း) သည် ယခုအခါ ကျောက်ပန်းတောင်းမြို့ အပါအဝင် "ပုပ္ပါး" "ပုဂံ" ညောင်ဦးမြို့" သို့တိုင် ဆိုင်ကယ်တစ်စီးနှင့်အတူ ဆေးကုသွားရောက်ခဲ့ရာ၌ မိမိ၏ဇာတိမြေ (ကျောက်ပန်းတောင်းမြို့နယ်၊ သစ်တိန်းကျေးရွာအုပ်စု၊ သစ်တိန်းကျေးရွာကြီး) သို့ "မိုး" နှောင်း "ဆောင်း" ကာလ (၂၀၁၅ ခု နိုဝင်ဘာလကုန်) ထိ မြန်မာပြည် နေရာဒေသ အသီးသီးမှ ပြန်သွားတော့မည်ဟု သိရှိရပါသည်။

"စိတ်လက်ကြည်သော အိပ်စက်ပျော်နိုင်ကြပါစေ"

ဤဆောင်းပါးဖြင့် "ကိုကိုဝင်း" (သစ်တိန်း) "အကြောပြင်ဆရာ" သို့ ဂုဏ်ပြုအပ်ပါသည်။ စာရေးသူ။

မေမြမွန်ဖြိုး (မြိုင်)



www.burmeseclassic.com

www.burmeseclassic.com



(၇) နေ့သားသမီးများအားလုံးအတွက်

# ၂၀၁၆၊ ဇန်နဝါရီလ ဟောစာတမ်း

ဆရာဂမ္ဘီရ

၁၇၀

အတွဲ (၁၉) အမှတ် (၄)၊ ဇန်နဝါရီလ၊ ၂၀၁၆ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

**တနင်္ဂနွေသားသမီးများ**

**လုပ်ငန်း စီးပွားရေး**

ဤလတွင် စပ်တူရှယ်ယာ အဆောက်အဦကိစ္စနှင့် ပတ်သက်၍ အောင်မြင်မည်။ ငွေချေးငှား ခြင်း၊ အကြွေးကိစ္စသတိထား ဆောင်ရွက် ပါ။ အိမ်ခြံမြေကားထွက်ကိန်း ရှိသည်။

**လူမှုရေး ပညာရေး**

မိမိနေအိမ် သို့ ဘိုးတော်၊ မယ်တော် အတုအယောင် ရောက်လာတတ်သည်။ ယုံကြည်မိက အလိမ်ခံရမည်။ အကြီးအကဲတစ်ဦးထံမှ အကူအညီရမည်။ ပညာရေးတွင် ဌ၊ လုံ့လ၊ ဝီရိယ စိုက်ထုတ်မှုအောင်မြင်မည်။

**အချစ်ရေး အိမ်ထောင်ရေး**

ချစ်သူ နှင့် ခွဲခွာနေရမည်။ တစ်ဦးနှင့်တစ်ဦး သဘောထား ကွဲလွဲနေမည်။ အိမ်ထောင်ရှင်အမျိုးသားနှင့် ပတ်သက်၍ ငွေဝင်ခြင်း၊ သတင်းကောင်း ကြားရမည်။

**ကျန်းမာရေး**

ခေါင်းမူးခြင်း၊ အစား မှားခြင်း ဖြစ်တတ်သည်။ ချဉ်ပေါင်၊ ကော်ဖီ၊ ငှက်ပျောသီး ပဲကြော် (၂၅) အတွဲရှောင်ပါ။

**အကျိုးပေးဂဏန်း**

၁၃၊ ၃၁ အတွဲ။

**ယတြာ**

တနင်္ဂနွေ၊ အင်္ဂါတစ်ပတ် နှစ်ရက်အိမ်ဘုရားမှာ အုန်းသီးပါသော မုန့်၊ အုန်းဆွမ်း ကပ်လှူပါ။

**တနင်္လာသားသမီးများ**

**လုပ်ငန်း စီးပွားရေး**

မိမိလုပ်နေ ကျ ပုံမှန်အလုပ် ဆက်လုပ်ပါ။ ငွေရင်းနှီး မြှုပ်နှံမှု မလုပ် သင့်သေးပါ။ ဝန်ထမ်း အလုပ်ကောင်း သည်။ ရှေ့ဆိုင်သမားများ အကြွေးကိစ္စ ကြောင့် စိတ်ညစ်နေရမည်။ စားသောက် ကုန်လုပ်ငန်းကောင်းမည်။

**အချစ်ရေး အိမ်ထောင်ရေး**

ချစ်သူ ရှိသူတစ်ဦးနှင့် တစ်ဦး စကားများရမည်။ လမ်းခွဲရမည်။ မင်္ဂလာ ကိစ္စအစီအစဉ်ပျက်မည်။ ဇနီးကျန်းမာရေး ညံ့မည်။ သားသမီး ပညာရေး၊ ကျန်းမာ ရေး ဂရုစိုက် ပေးသင့်သည်။

**လူမှုရေး ပညာရေး**

စပ်တူရှယ်ယာ အလုပ်၊ အုပ်စု၊ အသင်းအဖွဲ့ အလုပ်များ ပါဝင် မလုပ်သင့်ပါ။ စေတနာသည် ဝေဒနာ ဖြစ်တတ်သည်။ လူငယ်ဆိုပါက အချစ် ရေးထက် ပညာရေးဦးစားပေးပါ။ တနင်္လာ၊ ကြာသပတေးနေ့ ဖြေမည့် ဘာသာရပ်ဂရုစိုက်ပါ။

**ကျန်းမာရေး**

ဗိုက်နာခြင်း၊ ဝမ်းနှင့် ပတ်သက်သောရောဂါ၊ ဝမ်းဖော ဝမ်းရောင်၊ လေရောဂါ ဖြစ်တတ်သည်။

**အကျိုးပေးဂဏန်း**

၃ အစ ၇ အဆုံး။ ၇ အစ ၃ အဆုံး။

**ယတြာ**

မွေးနံထောင့်တွင် ဩဇာညွန့် (သို့မဟုတ်) ဩဇာသီးလှူပါ။ ညောင်ပင် တစ်ပင်မှာ ဆီမီးပူဇော် ဆုတောင်းပါ။

www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများ

**လုပ်ငန်း၊ စီးပွားရေး**

ဤလတွင် အလုပ်အကိုင်၊ အကြံအစည်ကိစ္စ အောင်မြင်မည်။ မမျှော်လင့်ပဲ ငွေအစ လိုက်ဝင်ကိန်းရှိသည်။ လုပ်ငန်းပြောင်းခြင်း တိုးချဲ့ဆောင်ရွက်ရမည်။ စပ်တူ ရှယ်ယာလုပ်ငန်း လုပ်ကိုင်ရမည်။

**လူမှုရေး၊ ပညာရေး**

ငွေပေး၊ ငွေယူကိစ္စသတိထားပြုလုပ်ပါ။ လူလိမ်၊ ခါးပိုက်နှိုက်၊ သူခိုးကြုံရတတ်သည်။ နေအိမ်သို့ ဘိုးတော်၊ ဘုန်းကြီး အတု အယောင် ရောက်လာတတ်သည်။ ပညာရေးအားနည်းနေသည်။ ဌ၊ လုံ့လဖြင့် ကြိုးစားမှုအောင်မြင်မည်။

**အချစ်ရေး၊ အိမ်ထောင်ရေး**

ချစ်သူထံ လက်ဆောင်ရမည်။ မိဘသဘောမတူသူနှင့် လက်ထပ်ရမည်။ အိမ်ထောင် ရှင်အမျိုးသားနှင့် ပတ်သက်၍ ငွေများ ဝင်မည်။ ပြည်တွင်း၊ ပြည်ပခရီးဝေးသွား လာရမည်။

**ကျန်းမာရေး**

အရိုး၊ အကြောနှင့် ပတ်သက်သောဝေဒနာ၊ ကိုးပေါင်းရောဂါ ခံစားရတတ်သည်။

**အကျိုးပေးဂဏန်း**

၁၃၇အတွဲ ပတ်လည် ထိထိုးပါ။

**ယတြာ**

ဆီးသီး၊ ဆီးဖျော်ရည်၊ ဆီညွှန့် တစ်မျိုးမျိုး ၈ ကုံး၊ ၈ ခွက်၊ ၈ ညွှန့် အင်္ဂါနေ့ အိမ်ဘုရားမှာလှူပါ။ အင်္ဂါထောင့် (သို့မဟုတ်) အိမ်ဘုရားမှာ လှူနိုင်သည်။

## ဗုဒ္ဓဟူးသားသမီးများ

**လုပ်ငန်း၊ စီးပွားရေး**

မည်သည့် စီးပွားရေးလုပ်ရင် ကောင်းမလဲ၊ ဘာ အလုပ်လုပ် ရမလဲဆိုတာ ဝေဝေဝါဖြစ်နေတတ်သည်။ ရတာရှိတာနှင့် ရောင်ရဲတင်းတိမ်တာ ပိုကောင်းသည်။ ရှိတာလေး ပေါင်နှံရင်းနှီးလုပ်လျှင် မြုပ်သွားမည်။ ကား၊ ခြံမြေအရောင်းအဝယ် အဆင်ပြေ မည်။ ရောင်းထွက်မည်။

**လူမှုရေး၊ ပညာရေး**

လက်အောက် ငယ်သား ညီအစ်ကို မောင်နှမထံမှ အကူအညီရမည်။ လူမျိုးခြား၊ နိုင်ငံခြားနှင့် ဆက်နွယ်သော အလုပ်ဆောင်ရွက်ရမည်။ ပညာရေးတွင် ကြိုးစားသလောက် အကျိုး ခံစားရမည်။

**အချစ်ရေး၊ အိမ်ထောင်ရေး**

မထင် မှတ်ပဲ အိမ်ထောင်ကျကိန်းရှိသည်။ သားသမီးရှိက ခိုးရာလိုက်ပြေးတတ်သည်။ ဤလတွင် လက်ထပ်မင်္ဂလာ မပြုလုပ်သင့်သေးပါ။ အိမ်ထောင်ရေး အဆင်ပြေသာယာမည်။

**ကျန်းမာရေး**

ခြေလက်ထုံကျင်ခြင်း၊ ထိခိုက်ခြင်း ဖြစ်တတ်သည်။ စိုးရိမ်စရာ မလိုပါ။ ဆရာကောင်း၊ ဆေးကောင်းတွေ့မည်။

**အကျိုးပေးဂဏန်း** ၃၊ ၆၊ ၉။

**ယတြာ**

မွေးနေ့တိုင်း ဓာန်း (၆) ညွှန့်





www.burmeseclassic.com

www.burmeseclassic.com

လှူပါ။ သက်ကြီး ဝါကြီးကို ဆေးဘူး
စားစရာလှူပါ။

## ကြာသပတေးသားသမီးများ

**လုပ်ငန်း စီးပွားရေး**

ပုံမှန်အလုပ် ဆက်လုပ်တာပိုကောင်းသည်။ ဝန်ထမ်း ဆိုပါက အလုပ်ထွက်ခြင်း ပြောင်းခြင်း မပြုလုပ်သင့်ပါ။ အိုးအိမ်အဆောက်အဦ ကိစ္စ တိုးလို့တန်းလန့် ဖြစ်နေတတ်သည်။ ဝင်ငွေထက် ထွက်ငွေများနေတတ်သည်။

**လူမှုရေး ပညာရေး**

ရင်းနှီးသော မိတ်ဆွေနဲ့ လမ်းခွဲရတတ်သည်။ မိတ်ဆွေအတု အယောင် တွေ့တတ်သည်။ အနီးကပ်ရန်သူ သတိထားပါ။ ပညာရေးတွင် မှန်းချက်နှင့် နှမ်းထွက်လွဲနေတတ်သည်။ သားသမီးပညာရေး အားပေးကူညီပါ။

**အချစ်ရေး အိမ်ထောင်ရေး**

အချစ်ရေး အဆင်မပြေဖြစ်နေတတ်သည်။ အချစ်ရေးကြားလူကြောင့် သဘောထား ကွဲလွဲလမ်းခွဲရတတ်သည်။ ဇနီးကျန်းမာရေး၊ မိခင်၊ သားသမီး၊ ကျန်းမာရေး စိတ်ပူနေရတတ်သည်။

**ကျန်းမာရေး**

အစာမကြေသော ရောဂါ၊ ဝမ်းနှင့် ပတ်သက်သောဝေဒနာ ခံစားရတတ်သည်။ လက်ဖက်၊ လက်ဖက်ရည်၊ ဘဲသား ရှောင်ပါ။

**အကျိုးပေးဂဏန်း**

၃၁၊ ၃၇ အတွဲပါသော ထီထိုးပါ။

**ယတြာ**

ခွေး နို့၊ ငါး (ရေသတ္တဝါ) တနင်္လာ၊ ကြာသပတေး နှစ်ရက်အစာကျွေးပါ။

## သောကြာသားသမီးများ

**လုပ်ငန်း စီးပွားရေး**

အလုပ်အကိုင် အပြောင်းအလဲရှိသည်။ အဆိုပါ ဝန်ထမ်း အပြောင်း အရွှေ့ကြုံရပါမည်။ လက်အောက်ငယ်သား ကူညီမှုဖြင့် လုပ်ငန်း အဆင်ပြေမည်။ ဆန်၊ ဆီ၊ ဆေး ဆား စက်နှင့် ပတ်သက်သော လုပ်ငန်းကောင်းမည်။

**လူမှုရေး ပညာရေး**

ကွဲကွာနေသော ဆွေမျိုးသားချင်းနှင့် ပြန်လည်ဆုံတွေ့ရမည်။ ပြည်တွင်း ပြည်ပခရီးဝေးသွားလာ ရမည်။ ပညာရေးထင်တိုင်း မပေါက်ဖြစ်နေမည်။ မိတ်ဆွေ၊ ဆရာသမားနှင့် အဆင်မပြေဖြစ်တတ်သည်။

**အချစ်ရေး အိမ်ထောင်ရေး**

ချစ်သူ ထံမှ လက်ဆောင်ရမည်။ ချစ်သူအပြိုင် တွေ့တတ်သည်။ ခရီးသွားလာရင်း ချစ်သူတွေ့မည်။ အိမ်ထောင်ရေးတွင် ခင်ပွန်းနှင့် ပတ်သက်၍ လာဘ်ငွေများ ဝင်လာမည်။

**ကျန်းမာရေး**

ခြေလက်ဖောရောင်ခြင်း၊ အရေပြားရောဂါ၊ ယားယံသော ဝေဒနာ ခံစားရတတ်သည်။ ပင်လယ်စာများ စားသုံးခြင်းရှောင်ပါ။

**အကျိုးပေးဂဏန်း**

၃၈၊ ၁၈ အတွဲ ရွှေထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com

**ယတြာ**

ဆီး၊ ဇော်စိမ်း၊ ငှက်ပန်း တစ်မျိုးမျိုး ၈ ညွန့်ဘုရားလှူပါ။ ဆီမီး (၃)တိုင် ပူဇော်၍ သရဏဂုံသုံးပါး ပုတီး စိပ်ပါ။

**စနေသားသမီးများ**

**လုပ်ငန်း၊ စီးပွားရေး**

မည်သည့် စီးပွားလုပ်ငန်းမဆို လဝက်၊ လဆန်း (၁၅) ရက်ကျော်မှ အဆင်ပြေမည်။ တနင်္လာ၊ ကြာသပတေးနံ ရှောင်ပါ။ တနင်္ဂနွေ အိုးအိမ်၊ အုတ်၊ အိုးလုပ်ငန်း၊ အင်္ဂါနံ ဆန်၊ ဆီ၊ ဆေး ဝါး၊ စက်၊ ဆိုင်လုပ်ငန်း အဆင်ပြေမည်။

**လူမှုရေး ပညာရေး**

အကြီးအကဲ၊ အုပ်ချုပ်သူထံမှ အကူအညီရမည်။ ပါတီ နိုင်ငံရေးတွင် အကြီးအကဲ၊ ဦးဆောင်သူ အဖြစ်ပါဝင်ရမည်။ ပညာရေးတွင် ချစ်သူ ငွေကြေးကြောင့် စိတ်မဝင်စားသလိုဖြစ်နေမည်။

**အချစ်ရေး၊ အိမ်ထောင်ရေး**

အချစ်ရေးထက် ပညာရေး၊ စီးပွားရေး၊ အလုပ်ကိစ္စဦးစားပေးပါ။ မိမိထက်ငယ်ရွယ်သော ချစ်သူတွေ့မည်။ အိမ်ထောင်ရေးတွင် စကားများရန်ဖြစ်တတ်သည်။ အိမ်ထောင် ကွဲကိန်း မရှိပါ။

**ကျန်းမာရေး**

အစာမကြေ လေရောဂါ၊ အအေးမိ ဖျားနာသော ဝေဒနာခံစားရတတ်သည်။ အအေးခံလွန်းခြင်း၊ အအေးစား၊ လေစာတို့ကိုရှောင်ပါ။

**အကျိုးပေးဂဏန်း**

၁ အစ ၃ အဆုံး။ ၃ အစ ၁ အဆုံး (အောင်ဘာလေထီပါ)

**ယတြာ**

မွေးနံထောင့်တွင် နှင်းဆီပန်း (၁၀)ပွင့်လှူပြီး "အရဟံသိဒ္ဓိအောင် ပုတီး (၁၈)ပါတ် စိပ်ပါ။

ကောင်းကျိုးလိုရာဆန္ဒပြည့်ဝကြပါစေ။

ဆရာဂမ္ဘီရ

Dear Marry
Online Shopping Myanmar
No (301/9) Padauk Street. Near Yuzana Plazar Mingalar Taung Nyunt
http://www.facebook.com/Dear Marry Myanmar
Contact-09 5136230/ 09 5036602/ 09 5172150



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

"နေမြင့်လေ အရွေးရင့်လေ၊ အရွေးဘုံမြောက် ချိုးခြောက်ကောက်စား။ လင်တရွေးစုန်းပွေး၊ အရွေးလင် လုပ်ရသလို"

ရှင်းစာပုဒ်ကလေးများသည် အရူးနှင့် ပတ်သက်သော အရူးတို့၏ စိတ်မညီညွတ်ပုံ၊ စိတ်မတည်ငြိမ်ပုံများကို ဖော်ပြထားတဲ့ မြန်မာဆို စကားကလေး တချို့တို့ဖြစ်ပါတယ်။

"ပြီးတော့လူကောင်းပင် ဖြစ်လင့်ကစား (စိတ်ထားမမှန်သူ) စကား ဗလောင်းဗလဲ ပြောသူ၊ ပေါကြောင်ကြောင် စကားပြောဆိုသူတို့ကိုလည်း အရူးစိတ်နှင့်မကင်းသူ၊ ကျပ်မပြည့်သူများ ဖြစ်လို့ (မရူးမနှံ့) လူတွေဟု ခေါ်ဆိုလေ့ရှိကြသေး၏။ နောက် ကလေးလူငယ်တွေကိုပင် စိတ်ထားမမှန်ကြသေးသဖြင့် အရူးအပေါကလေးတွေဟုပင် လူကြီးများက ပြောဆိုလေ့ရှိကြသေး၏"

ဒါကတော့ အရူးနှင့် သက်ဆိုင်တဲ့ အချက်အလက် တချို့ကို စလိုက်ရခြင်း နိဒါန်းပျိုးလိုက်ရခြင်းကတော့ ကျွန်တော်အရူးအကြောင်းကို တင်ပြချင်လို့ဖြစ်ပါ၏။ ထိုအခါ အရူးစိတ်ပေါက်သူ စိတ်မနှံ့သူများသည် ကလေးလူကြီးမရွေး ယောကျ်ား မိန်းမ မဟူ၊ သူတို့ စိတ်ကူးပေါက်ရာကို ဆင်ကန်းတောတိုး တဇွတ်ထိုး ပြုလုပ်တက်ကြတာ အမှန်ပါ။ သူတို့မှာ ဆင်ချင်တိုင်းထွာမှုမရှိတာ အမှန်ဖြစ်သည်။

ထိုအခါ သူတို့အကြောင်းနှင့် သူတို့ပြုလုပ် ဆောင်ရွက်နေတာက အကြောင်းမဟုတ် ပြဿနာ မပေါ်ပေမယ့် (အိမ်သူအိမ်သားနှင့်) အိမ်နီးနားချင်းများကို ဒုက္ခပေးမှုများ ဖြစ်ပေါ်တတ်ကြလေသည်၊ ဒါကြောင့် သူတို့လည်း ပစ်မှုရသွားသလို၊ သူတို့ပြုလုပ်တဲ့ သူတွေမှာလည်း အသက်ဆုံးရှုံးမှု ဖြစ်ခဲ့ကြရသော ဖြစ်ရပ်နှစ်ခုကို တင်ပြလိုက်ပါသည်။

"အမှန်တော့ စိတ်မနံ့သူ အရူးများနှင့် ပေါင်းသင်းဆက်ဆံ နေရတဲ့ လူတွေအဖို့ တကယ်တွေကြည့်ရင်း တကယ် အန္တရာယ် များလှ ပါသည်၊ (မြွေပွေး ခါးပိုက် ပိုက်ထားရသလိုမျိုး ရန်သူနှင့် ဆက်ဆံနေရသလိုမျိုး သက်ရောက်ပါ၏။ ပြီးတော့ သူတို့ သနားလည်း မကောင်း။ မုန်းလျှင်လည်း မကောင်းဖြစ်ပေ။

"ဒါပေမဲ့လည်း အနေနည်းပြီး ခြေရှင်းခေါင်းရှင်းလိုနေသော အရူးကလေး (တာဝ်) ဆို သူကလေးကိုတော့ ဦးဘလှဆိုသော အတိုးကြီးက စိတ်ချယုံကြည်စွာပင် သူ့အိမ်တွင် ဝင်ထွက်သွားလာခွင့် ပြုထားလေသည်။ ဦးဘလှမှာက သားမယား၊ သားထောက်သမီးခံမရှိသဖြင့် သူ့ဖာသူလုပ်ကိုင်စားနေရသူဖြစ်သည်။ လုပ်ကိုင်စားပေမယ့် အလုပ်ကြမ်းတော့မဟုတ်၊ သူ့မှာ လက်မှုပညာကလေးတစ်ခု တတ်ထားလေသည်။ အဲဒါက (တောင်းပလုံး၊ စကော၊ စကာ) စသော ဝါးဖြင့် ပြုလုပ်ရသော အတတ်မျိုး တတ်ထားသလိုမျိုး ထိုအလုပ်ကိုပဲ တကုတ်ကုတ် နေ့ရှိသရွေ့လုပ်ကိုင်ကာ ရောင်းချစားသောက်နေသော အတိုးကြီး ဖြစ်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ သူ့အိမ်ရှေ့မှ (ဝါးနှင့် ဓားက) တော့ အမြဲလိုလွယ်တလင့် ရှိနေတတ်လေသည်။ ဝါးခုတ်တယ်။ နီးဖြာတယ်ပေါ့။ ပြီးတော့ ဓားက တစ်ချောင်းမက သုံးချောင်းလောက်ကို အလဲအဖယ်ကိုင်နေသည်။ (ဓားမကြီး) ဓားရှည်ကလေး၊ ဓားမောက်ကလေးလို ဓားမျိုးဖြစ်သည်။ ပြီးတော့ သူ့ဓားတွေ အမြဲထက်အောင်ပြတ်အောင် မြည့် အောင်လည်း သွေးထားတာဖြစ်၏။

"ဒီလိုနဲ့ တစ်နေ့တော့ ဦးဘလှ သူ့အိမ်ရှေ့ ကွပ်ပျစ်ကလေးမှာ ဓားရှည် ကလေးသေးချပြီး ဓားမောက်ကလေး နှင့် မိုးနီးဖြာနေခိုက်၊ အရူးကလေး တာဇံဘယ်အချိန်က ရောက်နှင့်နေသည် မသိ ဦးဘလှ သေးချထားသော ဓားရှည် ကလေးနှင့် ဦးဘလှ ဇက်ပိုးခုတ်ချလိုက် ရာ အတိုကြီးပွဲချင်းပြီး သေသွားရှာလေ တော့သည်။

နောက်မိဘတွေ အများ တကာတွေက သိလို့ သူ့ကို ဆွဲပွကြိမ်း မောင်းကြပြီး ဖခင်ကပင် ရိုက်နက်မှုတွေ ပြုတော့သည်။ သူ့ကို မင်းဘာဖြစ်လို့ အတိုးကြီး သူ့ဘာသာသူနေတာ သက် သက်မဲ့ ဓားနဲ့ သွားခုတ်ရတာလည်း ဆိုတော့ (သူပြန်ပြောတာကလည်း)

"အဲဒါမှာ လုပ်ကျွေးမဲ့သူမရှိ ဘာမရှိနဲ့ တစ်နေ့တစ်နေ့ တကုတ်ကုတ် နဲ့ အလုပ်လုပ်နေရတာ ကျွန်တော် မကြည့်ရက်တော့လို့ အလုပ်မလုပ်ရ အောင်ဆိုပြီး သနားလို့ခုလို ဓားနဲ့ ခုတ် လိုက်တော့တာလေတဲ့"

"ဒီတော့ လူတစ်ယောက်က ဒါဆို မင်းက ဓားနဲ့ မခုတ်တဲ့ ကျွန်တော် လုပ်ကျွေးပါမယ်လို့ ပြောပြီး မင်းက လုပ်ကျွေးနေပါလားကွလို့ ဆိုပြန်တော့ သူပြန်ပြောတာ"

"ကျွန်တော်တောင် အလုပ် မလုပ်ချင်လို့ မိဘလုပ်စာထိုင်စားနေတာ။ သူ့ကိုလည်း အလုပ်လုပ်မကျွေး နိုင်ပါ ဘူးတဲ့"

"အဲဒါနှင့်ပင် အဘိုးကြီးအရူး သနားလို့ သေသွားသလို သူ့တွက် အလုပ်ငြိမ်ခဲ့တာတော့ အမှန်ပဲဟု ဆိုရ မလိုပါ။ ထိုအခါ အရူးကလေးတာဇံကို လည်း အလုပ်မလုပ်သတဲ့ မလုပ်ရတဲ့ နေရာဖြစ်သော (ထောင်ထဲကို ဥပဒေ) အရ ထည့်ထားခြင်းခံလိုက်ရလေ၏"

"ငင်းဖြစ်ရပ် ကတော့ ကျွန်တော့် အနေပြောတဲ့ ဖြစ်ရပ်တစ်ခု ပါ။ နောက်ဖြစ်ရပ်တစ်ခု ကတော့



www.burmeseclassic.com

ကျွန်တော် သိသင့်သလောက် သိမြင်တွေ့ရှိခဲ့ရတဲ့ ဖြစ်ရပ်တစ်ခုပါ။

ကျွန်တော်အတတ်လုပ်ငန်းကို စက်လှေတစ်စီးနှင့် အရောင်းအဝယ် လုပ်တဲ့အချိန်တွင် မြို့တစ်မြို့၏ ဆိပ်ကမ်းတံတားတစ်ခုမှာ အမှတ်မထင် ကုံးပေါ်ကလူတွေ ဝိုင်းအုံကာ ဆင်းလာပြီး လှေကလေးတစ်စင်း၏ အတွင်းကို တိုးဝေ့ကာ ကြည့်နေကြတာကို တွေ့လိုက်ရတဲ့အတွက် ကျွန်တော်လည်း သူတို့တစ်တွေနည်းတူ ထိုနေရာကို အရောက်သွားခဲ့မိပါတယ်"



"အနီးကို ရောက်တော့တွေ့လိုက်ရတဲ့ မြင်ကွင်းမှာ လှေကလေးပေါ်တွင် ဖျာလိပ်သုံးလိပ်ဖြင့် ပတ်ထားသော လူသေအလောင်းသုံးလောင်းကို တွေ့ရသလို မိန်းမရွယ်တစ်ယောက်ကိုလည်း ကြိုးတုတ်ပြီး လှေဦးကာမ်းနှင့် တွဲချည်ထားတာကို တွေ့လိုက်ရလေသည်။ (အမင်္ဂလာမြင်ကွင်းကြီး ဆိုပါတော့) ဒါကြောင့် လူတချို့အသံတွေမှာ စိတ်မကောင်းခြင်းများစွာဖြင့်"

"ဟယ်•• သနားစရာကောင်းလိုက်တာ။ ဟင်••• ဖြစ်မှ ဖြစ်ရလေတယ်နော်"

"အိုး••• ဘုရား ဘုရား။ အသေဆိုးလိုက်ကြတာနော်။ သုံးယောက်စလုံးကိုလား။ သူက သတ်တာ အာက မိန်းမပါလား။ ဩော်••• သူက ရှုးနေတာကို"

"ထိုစကားကလေးများကို ကျွန်တော် လူအုပ်ကြီးထဲရောက်တာနှင့် အရင်ဆုံးနားက ကြားလိုက်သလို ကျွန်တော်လည်း ထိုမကောင်းမှု မြင်ကွင်းကို ကြည့်မိရင်း စိတ်တွင်းမှ သူတို့ကစ်တွေနည်းတူ မကောင်းမှုဖြစ်ခဲ့ရပါသေး၏"

"နောက်တော့ သက်ဆိုင်ရာ ဆေးရုံ အမှုထမ်းများနှင့် ရဲအရာရှိတချို့တွေ ဆင်းလာပြီး လူနာတမ်းကပ်များဖြင့် အလောင်းသုံးလောင်းကို ဆေးရုံသို့ သယ်ဆောင်သွားကြတာကို။ ကျွန်တော်တို့တစ်တွေ တွေ့လိုက်ရပါသည်။ ထိုအခါမှာပင်•••

"အောင်မလေး••• အစ်ကိုတို့ အဖေတို့ ယောင်းမတို့ရဲ့ ကျွန်မကို တစ်ယောက်တည်း ဒီလိုပဲ ထားခဲ့တော့မှာလား။ ကျွန်မပါ လိုက်မယ်။ အစ်ကိုနဲ့ အတူလိုက်မယ်။ ဟီး••• ဟီး••• ဟီး ကျွန်မကတော့ ခုက္ခပါပဲ ဟီး••• ဟီး ••• ဟီး"

မမျှော်လင့်စွာပင် ဗိုင်းကြည်





www.burmeseclassic.com

www.burmeseclassic.com

နေတဲ့ လူအုပ်အနည်းမှာ လေ့ဦးပေါ်ကနေ ကြီးချည်လျက် တန်းလန်းက ထိုမိန်းက လေးက အော်ကြီးဟစ်ကျယ် ထပြီး ပြောဒိုလိုက်ခြင်းဖြစ်လေသည်။ ဒီတော့ အသံတစ်ခုကလည်း မရှေ့မနှောင်းပင်"

"နင် အခုမှ အော်ငိုမနေနဲ့။ အဲဒီလူတွေ နင်ပဲ ဓားနဲ့ခုတ်သတ်တာ မဟုတ်လား။ ဒါတောင် ကောင်လေး တစ်ကောင်က ထွက်အပြေးမြန်လို့ မသေတာ။ နို့မို့ လေးလောင်းကိုဖြစ်မှာ။ တော်တိတ် အခုမှ ငိုမနေနဲ့။ ငါ လှော်တက်နဲ့ ထပ်ရိုက်မိလိမ့်မယ်"

ထိုစကားကို ထပြောလိုက်သူကတော့ လှေ စောင့် ကျန် ရစ် ခဲ့ တဲ့ လှေကလေးပဲ့မှာ ထိုင်နေတဲ့ လူက ထိုမိန်းကလေး သူ့အပေစ်နှင့် သူမို့လားမသိပါ။ ငြိမ်ကုတ်သွားလေသည်။ ငေးငိုင်သွားလေသည်။

"နောက်တော့လည်း သိပ်မကြာပါ။ သူ့ကိုပါ လူနှစ်ဦးက လှေကမ်းမှ ကြိုးဖြုတ်ပြီး ကုန်းပေါ်သို့ ခေါ်သွားပြန်ပါသည်။ ဒီတော့လည်း သူ့ခများ ခေါင်းကလေးငုံ့လျက်ဖြင့် ခေါ်သူလူနှစ်ယောက်ပင်။ လျှောက်လှမ်းလိုက်ပြန်ပါ၏။ ထိုအခါ လှေတည်းမှာ ကျန်သူလူရွယ်ကို ၎င်းအဖြစ်အပျက်တွေနှင့် ပတ်သက်ပြီး ကျွန်တော်နှင့်အတူ လူအများတွေကပါ ဝိုင်းပြီး မေးမိကြပါသည်။ ဒီတော့ လူရွယ်ကလေး ပြောတာတွေက…

(အဲဒီ မိန်းမက ရူးနေတာလေ)

သူ့ရူးလို့ အခုလို လူသတ်မှုတွေ ဖြစ်ကုန်တာပေါ့။ သူတို့ကလည်း မျိုးနဲ့ရူးသလိုပါ။ သူ့အဖေတုန်းကလည်း အရူးဘဝနဲ့ သေသွားတာပဲ။ သူ့ရူးတာတော့ နှစ်နှစ်လောက်ရှိနေပြီဗျ။ ဒါပေမယ့် အမြဲတမ်းလိုတော့ အရူးစိတ်မဖောက်ဘူး။ တစ်ခါတလေတော့ လူကောင်းစိတ်ဝင်နေတတ်တယ်။

"အင်း… ဒါကြောင့်မို့ ထင်ပါရဲ့ သေသူတွေကိုပါ တပြီးသူပါလိုက်မယ်ဆိုပြီး အော်ငိုလိုက်တာ။ ဒါ သူလူကောင်းစိတ်ဝင်သွားလို့ ဖြစ်မှာပေါ့နော်။ ပြီးတော့ ဒုက္ခပါပဲလို့တောင်ဆို လိုက်သေးတယ်"

မိန်းမတစ်ယောက်က အရူးမလေးပိုပြီး ပြောသွားတာကို အမှတ်ရစွာ ပြောလိုက်သလိုပါ။ ဒီတော့ အရူးအကြောင်းပြောသူ လူရွယ်က ဆက်ကာပင်…





www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်ဗျ။ မနက်ကလည်း ဒီကိုလာကာနီး သူ့ယောကျ်ားကို ဖက်ပြီးအော်ငိုနေသေးတယ်။ အင်း သူ့ဘဝကလည်း သနားစရာတော့ သနားစရာပါပဲ။ သူကလည်း အဲဒီလူတွေကို အားကိုးနေရတာလေ။ သူ့မှာက မိဘဆွေမျိုးရှိတော့တာ မဟုတ်ဘူး။ ခုတော့ သူလည်း အားကိုးရာမဲ့ဖြစ်ပြီပေါ့ဗျာ။

ဒီတော့ လူကြီးတစ်ဦးက・・

"အေ・・・ ဒါဆိုရင် သေသူတွေအကြောင်း မကောင်းသလို သူ့အကြောင်းလည်း မကောင်းဖြစ်ပြီပေါ့ကွာ။ ဒါတွေက ကံတော့ ကံတရားတွေလို့ ပြောရမလိုပါဘဲ။ ဒါပေမယ့် ကံတရားဆိုသော်လည်း ကံယုံပြီး ဆူးပုံနင်းလို့တော့ မရသေးဘူး။ အရူးနဲ့နီးစပ်နေတဲ့လူတွေ ဆင်ခြေပြီး နေထိုင်ပြောဆိုကြဖို့တော့ လိုတာအမှန်ပဲ။

"ထိုသို့ လူကြီးတစ်ဦးက သေသူရော ရှင်သူပါ အကြောင်းမကောင်း ကံမကောင်းခဲ့ပုံနှင့် တစ်ဖန် အရူးနှင့်နေတဲ့က သူတွေ ကံယုံပြီးမနေတဲ့ ဆင်ခြင်ပြောဆို နေထိုင်ကြဖို့ကိုပင် လူကြီးပီပီ အမှန်တရားဆန်ဆန် ပြောလိုက်သလိုပါ။ နောက်ဆက်ခါလည်း・・・

"အေး・・・ ဖြစ်ပုံကိုလည်း ပြောစမ်းပါဦးကွဲ့၊ မောင်ရင်ရဲ့"

"ဒီတော့လည်း ထိုလူငယ်က ဆက်ပြောပြန်ပါသည်"

"အဲ・・・ မနေ့ကတော့ သူ့အိမ်မှာမနေတဲ့ ရွာထဲလျှောက်သွားနေတယ်လေ။ အလုပ်မဆင်းခင် သူ့ယောင်းမက ထမင်းအိုးဟင်းအိုး တည်ပစ်ခဲ့တယ်။ အဲဒါတွေကို သူမရှိတော့ ခွေးတွေ၊ ကြက်တွေက တက်စားထားပါလေရော။ ယောကျ်ားတွေ၊ ယောင်းမတွေက အလုပ်ကပြန်လာတဲ့အခါ ထမင်းဟင်းတွေ ကုန်တာတွေ့တော့ ယောကျ်ားဖြစ်တဲ့လူက မိန်းမအရူးမကို ဆူဆဲရိုက်ပုတ်မိတာပေါ့ဗျာ။ အဲဒီမှာ ယောကျ်ားကို အညိုးထားပြီး ညလည်းကြရော အကုန်လုံးအိပ်နေတုန်း ဓားသရန် ပြန်တော့တာပေါ့ဗျာ။ ဒါတောင်ကောင်လေးတစ်ကောင်က သူလိုက်ခုတ်နေမှန်းသိတော့ ထွက်ပြေးပေလို့ပေါ့။ နို့မို့ အဲဒီကောင်လေးပါ သူခုတ်တော့မှာလေ"

ထိုလူရွယ်ကလေးက ယင်းသို့ ပြောလိုက်တဲ့အတွက် ကြားရသူအပေါင်းနှင့် ကျွန်တော်သည် (သေသူတွေအတွက်ရော) အရူးမကလေးအတွက်ပါ စိတ်မကောင်းဖြစ်ခဲ့မိတာ အမှန်ပါ (ဒါကတော့) ကြွင်းကျန်ခဲ့သည့်နှစ်များက တွေ့ကြုံသိရှိခဲ့ရတဲ့ ဖြစ်ရပ်ကလေးတစ်ခုပင် ဖြစ်ပါသည်။ သို့မို့ကြောင့် ၎င်းစိတ်ဝေဒနာရှင်များနှင့် ဆက်ဆံနေထိုင်သူများသည် အသိတရားဖြင့် သတိထားကာ နေသင့်ကြပါ၏။

သရဖူသန်းအောင်
(မော်ကျွန်း)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ပန်းကန်ပြားပျံနှင့် ပက်သက်ပြီး အချို့သော သူများကရှိနိုင်သည်ဟုဆိုကြ၏။ တစ်ချို့သော သူများကမရှိနိုင်ဟု ပြောဆိုနေသည်များလည်း တွေ့နေကြားနေရ၏ ယခုဖော်ပြမည်မှာ ပန်းကန်ပြားပျံနှင့် ပက်သက်သော လေ့လာတွေ့ရှိချက်များ ဖြစ်သည်။ မျက်မြင်တွေ့သူများ၏ မှတ်သားထားသော အချက်များ။ စူးစမ်းလေ့လာမှုများမှ တွေ့ရှိချက်များစသည်တို့ကို ရေးသားဖော်ပြပါမည်။

ပန်းကန်ပြားပျံကို ကမ္ဘာမြေပေါ်တွင် စတင်တွေ့ရှိခဲ့ကြစဉ်က Flying Saucers ဟု ခေါ်ဆိုခဲ့ကြပါသည်။ ၁၉၅၂ ခုနှစ်သို့ရောက်သောအခါ UFO (Unidentinfied Flying Object) ဟု USAF မှ ပြောင်းလဲခေါ်ဆိုခဲ့ပါသည်။ UFO ၏ ပုံပန်းသဏ္ဍာန်မှာ စက်ဝိုင်းပုံ၊ ဘဲဥပုံ၊ စလင်ဒါပုံ စသည့်ပုံစံများ တွေ့မြင်ရလေ့ရှိပါသည်။ အရောင်အားဖြင့် အညိုရောင်၊ ငွေရောင်၊ အဖြူသည်။ UFO တွေ့ရှိချက်များကို စုဆောင်းထားသည့် Project Blue Book Reports (၁၉၄၇ - ၁၉၅၂) တွင် သေချာရေရာမှုရှိသည့် သတင်းအချက်ပေါင်း (၃၀၀၀) ကျော်ခန့်အား သေချာသိမ်းဆည်းထားပါသည်။ အထောက်အထား မခိုင်လုံသော သတင်းအချက်အလက် (၁၅၉၃) တို့ကို ပယ်ဖျက်ခဲ့ပါသည်။ ဤကဲ့သို့များပြားလှသော တွေ့ရှိချက်များသည် အမေရိကန်နိုင်ငံ၊ ဘရာဇီးနိုင်ငံ၊ မက္ကဆီကိုနိုင်ငံ၊ ကနေဒါနိုင်ငံနှင့် ဘယ်လဂျီယံနိုင်ငံတို့တွင် တွေ့ရှိရသည့် သတင်းအချက်များ ဖြစ်သည်။ မကြာသေးသော အမေရိကန်နိုင်ငံတွင် တွေ့ရှိရသော အချက်အလက် အချို့မှာ-

(၁)

နေ့ရက် - ၁ ဇူလိုင်လ ၂၀၁၅ခုနှစ်

နေရာ - Kansas City USA

တွေ့ရှိရပုံ - UFO မှ စူးရှ သောအလင်းရောင်များ ဖြာထွက်နေ သည်။

(၂)

နေ့ရက် - ၁၃ ဧပြီလ ၂၀၁၄ ခုနှစ်

နေရာ - Utah ပြည်နယ်၊ USA

UFO အရောင် - အညိုရောင် နှင့် ငွေရောင်

UFO ပုံစံ - စလင်ဒါပုံ

(၃)

နေ့ရက် - ၁၈ ဇန်နဝါရီလ ၂၀၁၄ ခုနှစ်

နေရာ - Texas USA

UFO အရောင် - အဖြူရောင်

UFO ပုံစံ - စက်ဝိုင်းပုံ

စသည့်တို့၏ အလားတူတွေ့ရှိမှုများကို Washing ton D.C, Michigan နှင့် အခြား ပြည်နယ်တို့တွင်လည်း တွေ့ရသည်။ ၎င်းအပြင် ဘရာဇီးနိုင်ငံတွင် တွေ့ရသော UFO မှာ အများအားဖြင့် အနက်ရောင်ဖြစ်သည်။

နေ့ရက် - ၃၁ အောက်တိုဘာ ၂၀၀၆ ခုနှစ်

နေရာ - Sao bernardo. do campo Bragil

UFO အရောင် - အနက် ရောင်

UFO ပုံစံ - စက်ဝိုင်းပုံ ဖြစ် သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုကဲ့သို့သော အနက်ရောင် UFO များကို USA တွင် Tennesse ပြည်နယ်၊ Arigona, Colcrado ပြည် နယ်တို့တွင် တွေ့ရှိပါသည်။ လိမ္မော်ရောင် UFO ကို Lourisville ပြည်နယ်တွင် တွေ့ရပါသည်။ ထို့အတူ မက္ကဆီကိုနိုင်ငံ၊ မက္ကဆီကိုမြို့တွင် တွေ့ရသော UFO ကို လူပေါင်းတစ်ရာကျော်ခန့် တွေ့မြင်လိုက်ရပါသည်။ တွေ့ရသော နေ့မှာ ၁၁ ဇူလိုင် ၁၉၉၁ ခုနှစ်ဖြစ်သည်။ အလားတူပင် ဘယ်လဂျီယံနိုင်ငံတွင် တွေ့ရသော UFO များကို "Phoenix Lights" ဟု အမည်ပေးပြီး National Geographic Channel ရုပ်သံလိုင်းတွင် " Secret History of UFOs" ခေါင်းစဉ်ဖြင့် ၁၉၉၇ ခုနှစ်တွင် ပြသခဲ့ပါသည်။ ထို့ပြင် USAE အမေရိကန်လေတပ် အရာရှိအချို့ ပန်းကန်ပြားပျံများကို မျက်မြင် တွေ့ရှိရသည့် သတင်းအချက်အလက်များစွာလည်း ပေါ်ထွက်ခဲ့သည်။ Nation Geographic channel ရုပ်သံလိုင်းမှ Chasing UFO ခေါင်းစဉ်ဖြင့် ဆက်လက်ထုတ်လွှင့်ပြသခဲ့ပါသည်။ စာအုပ်စာတမ်း အနေဖြင့် "Discovery Magazine" တွင် Dr Edgar Mitchel ရေးသားသော "Apollo Astronaut Chato About UFO" ခေါင်းစဉ်ဖြင့် ဆွေးနွေးရေးသားခဲ့ပါသည်။ ထိုခေါင်းစဉ်ပါ ဆောင်းပါးတွင် UFO လိုင်းအစများ တွေ့ရှိခဲ့သော Roswell ဒေသ၊ New Mexico အကြောင်း ပါဝင်သည်။ ထိုကဲ့သို့သော လေ့လာတွေ့ရှိရမှုများကြောင့် အမေရိကန် အထက်လွှတ်တော်အမတ် ချွန်မက်ကိန်းက UFO စုံစမ်းရေးကော်မတီဖွဲ့ပြီး စုံစမ်းလေ့လာသင့်ကြောင်း အဆိုတင်သွင်းခဲ့သော်လည်း ယင်းအဆိုကို ပယ်ချခဲ့ကြပါသည်။

အမေရိကန် လျှို့ဝှက်ကာကွယ်ရေး သိပ္ပံဌာနတွင် တာဝန်ထမ်းဆောင်သော Lt Col Philip Corso မှ Rosuell ဒေသတွင် ရရှိခဲ့သော ပန်းကန်ပြားပျံအပိုင်းအစသည် အဆင့်မြင့်သော မဂ္ဂနီဆီယမ်ဓာတ် သတ္တုများပါဝင်ကြောင်း ပြောဆိုခဲ့သည်။ အသိသက်သေအနေဖြင့် သူနှင့်အတူ လုပ်ဖော်ကိုင်ဖက်များလည်း သိကြကြောင်းလည်း ဖြည့်စွက် ပြောကြားခဲ့သည်။ ၎င်းပြင် University of New Hanpshire မှ Professor Ted Loder (PHD Chemical oceanography) မှလည်း ပန်းကန်ပြားပျံနှင့် ဂြိုဟ်သားများ အမှန်တကယ်ရှိကြောင်း ပြောဆိုခဲ့သည်။

မည်သို့ပင်ဆိုစေ ကိုယ်တိုင်တွေ့သူများက UFO ရှိသည်ဟု ပြောသကဲ့သို့ ကိုယ်တိုင်တွေ့ပြီး မဟုတ်နိုင်ဟု ဆိုယူပန်းကန်ပြားပျံနှင့် ပတ်သက်သော လေ့လာတွေ့ရှိချက် အချို့ကို ရေးသားဖော်ပြရင်း အဆုံးသတ်အပ်ပါသည်။

ကိုးကား

- The report on UFO
- NARA blue book Roll 85

မြန်မာနိုင်ငံသူ/သားများ
ဗဟုသုတတိုးပွားပါစေ။

**အောင်သူခ**



www.burmeseclassic.com

www.burmeseclassic.com

ဆိုးဝါးတဲ့အမှတ်တရသင်္ဘောသားများဘဝ

# နံရံတွေအားလုံးမှာလည်း ကျပ်ခိုးတွေ ဖုံးနေပါသည်

သက်လှိုင်မျိုး(စက်မှု)





www.burmeseclassic.com

www.burmeseclassic.com

၁၉၇၂ ခုနှစ်က အဖြစ်အပျက် ဆိုတော့ ကြာတော့ ကြာခဲ့ပါပြီ ဟုဆိုရပါမည်။ သို့သော်လည်း ကျွန်တော့် အဖို့ ယနေ့တိုင် မမေ့နိုင်သေးပါ။

ကျွန်တော့်အမည်မှာ ကိုခင်မောင်ဦး။ ၁၉၇၅ ခုနှစ်တွင် ရန်ကုန်စက်မှုတက္ကသိုလ်မှ ဘီ•အီး (စက်မှု) အင်ဂျင်နီယာဘွဲ့ကို ရရှိခဲ့သည်။ အစိုးရဝန်ထမ်းဘဝဖြင့် လုပ်သက် (၅)နှစ် ရရှိခဲ့သည်။ ရေကြောင်းအင်ဂျင်နီယာ M.O.T 2rd Class Part 'A' သင်တန်းအောင်မြင်ပြီးသောအခါ ကျွန်တော် ဝန်ထမ်းဘဝမှ အနားယူခဲ့သည်။ ကျွန်တော့်လက်ထဲတွင် နိုင်ငံကူးလက်မှတ်နှင့် သင်္ဘောသားလုပ်သက်မှတ်တမ်းစာအုပ်တို့ ရရှိခဲ့ပေပြီ။

ရန်ကုန်တွင် သင်္ဘောလိုက်ရန်ကြိုးစားသော်လည်း အဆင်မပြေပါ။ နိုင်ငံခြားနှင့် အဆက်အသွယ် အတော်ပင် ခက်ခဲပါသည်။ နောက်ဆုံးသူငယ်ချင်း တတိယ အရာရှိ ကိုမြတ်စော၏ အကူအညီအားပေးမှုဖြင့် နှစ်ယောက်သား ဘန်ကောက်မြို့သို့ ရောက်ရှိလာသည်။ ကိုမြတ်စောမှာ အရင်က သင်္ဘောနှစ်ခေါက်လိုက်ခဲ့ဖူးပြီး ထိုင်းနိုင်ငံဘန်ကောက်မြို့ဝယ် နှစ်လခန့် ဟိုသွားဒီသွားနှင့် သင်္ဘောအလုပ်လည်း မရရှိသေး။ ကျွန်တော်တို့ နှစ်ယောက်မှာ အိမ်ကငွေလှမ်းမှာနေရသည်။ ကျွန်တော်မှာ ဘန်ကောက်ဝဲဂယက်ထဲမှာ မျောပါကူးခပ်ရင်း M.V DREAM သင်္ဘောမှာ အငယ်တန်းအင်ဂျင်နီယာ အနေဖြင့် သင်္ဘောတက်ဖို့ အခြေအနေဖန်တီးလာခဲ့ပါသည်။ ကိုမြတ်စောအတွက်လည်း ဒီသင်္ဘောမှာ တတိယအရာရှိအဖြစ် အလုပ်ရရှိခဲ့ပါပြီ။

စီစဉ်ပေးသူ၊ တာဝန်ယူသူတို့နှင့် ကျွန်တော်တို့ ပေးရမည့်အကျိုးဆောင်ခ၊ ကျွန်တော်တို့ ရပိုင်ခွင့်အားလုံးကို ညှိနှိုင်းသဘောတူခဲ့ပြီး အကျိုးဆောင်ခတွေကို ကျွန်တော်တို့ပေးခဲ့ရသည်။ သင်္ဘောတက်ဖို့ ကျွန်တော် ကိုမြတ်စောအပါအဝင် အားလုံးပေါင်း (၁၅)ယောက် ဗီလစ်ပိုင်နိုင်ငံ ဗဟားအိုမြို့ကို ထွက်လာခဲ့ကြသည်။

သင်္ဘောမရောက်လာသေးလို့ Mariner Club မှာတစ်ညတည်းနေခဲ့ရသည်။ အဲဒီညက ဝန်ထမ်းတွေနဲ့ စကားပြောဆိုရင်း ကျွန်တော်တို့ တက်ရောက်ရမည့် သင်္ဘောရဲ့ အခြေအနေတွေကို သိလိုက်ရသည်။ အဲဒီညက ဝန်ထမ်းတွေနဲ့ စကားပြောဆိုရသည့် သင်္ဘောပိုင်ရှင်က လခမပေးလို့ သက်ဆိုင်ရာကို တိုင်တန်းခဲ့တဲ့အကြောင်း၊ သင်္ဘောရဲ့အခြေအနေက အဖက်ဖက်က ဆိုးဝါးနေတဲ့အကြောင်း ဒီသင်္ဘောကိုတက်ဖို့ ရောက်လာခဲ့တဲ့ ကျွန်တော်တို့အတွက် စိုးရိမ်တဲ့ မျက်ဝန်းတွေနဲ့ သတိပေးပြောပြကြပါသည်။

"အဲဒါပဲဗျာ။ ပြီးခဲ့တဲ့ အခြေအနေက လခမရတာ (၃) လရှိနေပြီ။ ဒါပေမယ့် ခင်ဗျားတို့ ရောက်လာပြီးတာနဲ့ အခြေအနေတစ်မျိုး ဖြစ်လာကောင်းချင်လည်းကောင်းလာနိုင်ပါတယ်" တဲ့ ကျွန်တော်တို့ ဘာလုပ်ရမလဲ။ ဒီလိုအခြေအနေဆိုးတွေကြောင့် လှည့်ပြန်ရင်လည်း ပွဲခဆုံးမည့်အပြင် ကိုယ့်စရိတ်နဲ့

www.burmeseclassic.com

ကိုယ်ပြန်ရဦးမယ်၊ ကုန်ခဲ့တဲ့ ငွေပမာဏကလည်း မနည်းတော့ဘူး။

မိဘတွေကိုလည်း စိတ်မညစ်စေချင်တော့ဘူး။ ဒါကြောင့် ဖြစ်ချင်တာဖြစ်၊ ရေပေါ်မှာ သင်္ဘောပေါ်မှာ တစ်လနေရ တစ်လစာတော့ အိမ်ကို ငွေပြန်ပို့နိုင်မယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ သူတို့တစ်တွေရဲ့ ကရုဏာစကားတွေကို ကျွန်တော်တို့ ဥပေက္ခာပြုခဲ့ရသည်။

အဲဒီညမှာပဲ . . .

"သင်္ဘောအခြေအနေ အရမ်းကို ဆိုးရွားနေပြီ၊ အင်ဂျင်ထိုးရပ်သွားပြီ" ဆိုတဲ့ သတင်းတစ်ခု၊ ကျွန်တော်တို့ဆီကို ရောက်လာတယ်။ ကျွန်တော်တော်တော်လေး စိတ်ပူသွားတယ်။ ဘာတွေဖြစ်သွားပြီးလဲ၊ ကျွန်တော်တို့ ဒီကပဲ လှည့်ပြန်ရတော့မှာလား။ ကံကောင်းတယ်လို့ ဆိုရပါမည်။ "ဗဟားအို" ဆိပ်ကမ်းသို့ သင်္ဘောကပ်လာနိုင်ခဲ့ပါသည်။ ရောက်ရောက်ချင်းပဲ ကိုယ်စားလှယ်က ကျွန်တော်တို့အားလုံးကို သင်္ဘောပေါ်သို့ လိုက်ပို့ခဲ့ပါသည်။

အဲဒီအချိန်က ကျွန်တော်တို့မှာ အတွေ့အကြုံမရှိလို့ အခြေအနေတွေကို မသုံးသပ်တတ်ခဲ့ပါ။ ဒါပေမဲ့တစ်ခု ကျွန်တော် သတိထားမိလိုက်တာကတော့ သင်္ဘောကဆင်းမယ့် တစ်ဖွဲ့လုံးအလွန်ပျော်ရွှင်နေကြတာကို တွေ့လိုက်ခြင်းပါပဲ။ အလုပ်အဝတ်အစား လဲပြီးတာနဲ့ ကျွန်တော်တို့ စက်ခန်းထဲသို့ ဆင်းခဲ့ကြသည်။

မြေအောင်းကျောက်မီးသွေးတွင်းထဲကို ဆင်းလိုက်ရသလို ဆရာအားလုံးဟာ မည်းမှောင်ညစ်ပတ်နေသည်။ လေသွင်းစနစ်များကလည်း မကောင်းတော့လို့ လေလည်းကောင်းကောင်းမရပါ။ ထိုကဲ့သို့သော အင်ဂျင်ခန်းထဲမှာ ကျွန်တော်တို့ တစ်နေ့လျှင် (၁၆) နာရီလောက် အလုပ်လုပ်ခဲ့ရသည်။ လေထုတ်စနစ်များမှာလည်း အတော်ပင်အားနည်းနေသည်။

(၅) ရက်လောက် ဆက်တိုက် ပင်ပင်ပန်းပန်း ပြင်ဆင်ပြီးတော့မှ သင်္ဘောပြန်ထွက်နိုင်သည့် အခြေအနေကို ပြန်ရောက်လာခဲ့ပါသည်။ စက်မကြီးကို စတင်နှိုးသည့်အချိန်မှာပဲ ကွဲအက်နေသည့် အိတ်ဇောငွေ့ထွက်ရေပိုက်တွေ၊ ဖလန်းတွေကနေ အမည်းရောင် မီးခိုးငွေ့လှိုင့်ထွက်နေခဲ့သည်။ မီးခိုးတွေက အင်ဂျင်ခန်းထဲမှာ ဝေ့ဝဲလို့။

အင်ဂျင်ခန်းထဲက အရာဝတ္ထုအားလုံးမည်းမှောင်နေရသည့် အကြောင်းအရင်း တစ်ခုမှ ကျွန်တော်သဘောပေါက်လိုက်ပါပြီ။ နံရံတွေအားလုံးမှာလည်း ကျပ်ခိုးတွေဖုံးနေပါသည်။

ကျွန်တော် ဂျူတီပြီးလို့ အခန်းပြန်ရောက်တော့ မှန်ရှေ့မှာ ရပ်လိုက်မိသည်။

ကျွန်တော့်မျက်နှာကလည်း မိုးကြိုးပစ်ခံရတဲ့သူလို မည်းလို့၊ ဆံပင်တွေလည်း ကျပ်ခိုးတွေနဲ့ မာပြီးတောင့်လို့ မီးခိုးတွေကြောင့် နှာရည်တွေနဲ့ စိုစွတ်နေတဲ့ နှခေါင်းဝကို လက်နှင့်နှိုက်လိုက်မိသည်။ လက်သည်းမှာ မည်းနက်နေသည့် ကျပ်ခိုးတွေ ကပ်ပါလာပါသည်။


www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်မမြင်နိုင်သည့် ကျွန်တော်ရဲ့ အဆုတ်မှာကော ဘာတွေဖြစ်နေပြီလဲ။ ကျွန်တော် အလွန်ပင် ထိတ်လန့်သွားမိပါသည်။ ကျွန်တော်တို့ သင်္ဘော "ဗဟားဒို" ဆိပ်ကမ်းကနေ စတင်ထွက်လာခဲ့ပါပြီ။

အစပိုင်းမှာတော့ အခြေအနေက မဆိုးလှပါ။ ဒါပေမဲ့ မြူမြင်ထိန်းသိမ်းလဲလှယ်တပ်ဆင်ဖို့ သက်တမ်းလွန်နေပြီဖြစ်တဲ့ အစိတ်အပိုင်းတွေက တစ်ရက်၊ နှစ်ရက်အတွင်း အမောဖောက်လာပါသည်။ ရောက်ရာအရပ်က အနီးဆုံး လှိုင်းလေငြိမ်ရာကို မရောက်ရောက်အောင် မောင်းနှင်ပြီး စက်ခန်းအဖွဲ့သားအားလုံး လက်ပူတိုင် လုပ်ဆောင်ရပြန်သည်။ ဒီလိုနဲ့ ကျွန်တော်တို့သင်္ဘောကြီးမှာတစ်ခါ မောင်းတစ်လှည့်နဲ့ပဲ တရုတ်နိုင်ငံ နန်ရှားဆိပ်ကမ်းကို (၁၀)ရက်အကြာမှာ ရောက်လာနိုင်ခဲ့ပါသည်။ ဒီသင်္ဘောမှာ စက်မပျက်လို့ ပုံမှန်ဂျူတီယူရတဲ့နေ့ဆိုတာ လက်ချိုးရေတွက်လို့ ရပါတယ်။





www.burmeseclassic.com

www.burmeseclassic.com

"တစ်နေ့တစ်မျိုး မရိုးရအောင် မုန့်ဟင်းခါးနဲ့ ခေါက်ဆွဲသုတ်က ပုံမှန်စား နေရတာပဲနော်"

ကိုခင်မောင်ဦး ပြောမယ်ဆို ကလည်းပြောစရာပင် ကြာတော့ စိတ်



ပျက်လာကြပြီ။ နေ့တိုင်း စက်အစိတ် အပိုင်းတစ်ခု မဟုတ်တစ်ခုပျက်လို့ ပြင်နေရပါသည်။ ပျက်လို့ ပြင်နေရတာ ကတော့ ပြဿနာမဟုတ်ပါဘူး။

ဒါပေမဲ့ ဒီလိုနေ့တိုင်း နေ့ မနား ညမအား အားသွန်ခွန်စိုက် လုပ်ကိုင်နေရပေမယ့် ကျွန်တော်တို့ သင်္ဘောသားတွေကို ပေးရန်ရှိတဲ့ လုပ်အားခတွေ အခွင့်အရေးတွေကိုတော့ တတ်နိုင်သမျှ အချိန်ဆွဲထားခြင်း၊ မပေး ဘဲထားခြင်းဆိုတဲ့ ညစ်ပတ်ခြင်းမျိုးနဲ့ ညစ်ပတ်ပြီး လှည့်ဖျားညာဝါး ခိုင်းခဲ့ပါ သည်။ စက်ခန်းရဲ့ အခြေအနေကတော့ အမြဲတမ်း အရေးပေါ်ပါပဲ။

စက်ခန်းလို့ ခေါ်ရမည့်အစား အရေးပေါ်အခန်းလို့ ခေါ်ရမလိုပါပဲ။ သင်္ဘောရဲ့ အခြေအနေက အရမ်းကို အိုနေပြီ။ အိုနေပြီ ဆိုတာထက် အရမ်းကို ရွဲနေပြီလို့ ဆိုရပါမည်။ လဲလှယ်စရာ အရံပစ္စည်း၊ စတိုပစ္စည်းတွေ မရှိတော့ စက်ပျက်တိုင်း အဟောင်းပုံထဲ ကပဲ ပြန်လည်ရှာဖွေ တပ်ဆင်နေရပါ

သည်။ သင်္ဘောခုတ်မောင်းနေချိန်မှာ ခေါင်းတိုင်ကနေ တဒိန်းဒိန်းနဲ့ မီး လေ ပေါက်ကွဲနေသံကလည်း အမြဲရှည်နေပါ သည်။

အင်ဂျင်စက်ခန်းထဲမှာလည်း အိတ်ဇောပိုက်နှင့် ပိုက်အထွက်နေရာများ တွင် မီးဖုတ်ထားသလို နီရဲလို့နေပါ သည်။ ဆီစက်ကျရင် အချိန်မရွေး ထလောင်နိုင်ပါသည်။ အင်ဂျင်ရဲ့နေရာ အတော်များများက ယိုကျနေတဲ့ ဆီတွေ ကလည်း သုတ်လို့ကိုမနိုင်၊ အန္တရာယ် ကတော့ လက်တစ်ကမ်းတွင် ရှိနေပါပြီ။ သို့သော်လည်း လုံခြုံရေးကတော့ မရေ ရာပါ။

ကျွန်တော်သင်္ဘောပေါ်ရောက် ပြီး စက်ခန်းထဲမှာ နှစ်ကြိမ်၊ အဖက်ဖက် က အဆင်ပြေမှုမရှိဘဲ အမြဲလိုလို ပျက်ယွင်း၊ ပျော့ပါနေရသည့် သင်္ဘော ပေါ်မှ သင်္ဘောသားများမှာ ကိုယ်စိတ်နှလုံး သုံးပါးစလုံးထိခိုက် ပင်ပန်းနေကြပါ သည်။

သို့ဖြစ်၍လည်း ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com

မှာ မကြာခဏသရန်ဖြစ်စကားများ ကြုံပါသည်။ (၆) လအတွင်းမှာ ကျွန်တော်တို့ မပြုပြင်လိုက်ရသော စက်အစိတ်အပိုင်းဟူ၍ မရှိတော့ပေ။ စက်မကြီး၏ ဆလင်ဒါများကို ဖွင့်ရသည့်အကြိမ်သည်လည်း မရေတွက်နိုင်။ သို့သော် အပိုလုပ်အားခများကို မှန်မှန်ကန်ကန်နှင့် ထိုက်သင့် သလောက်မပေးချေ။ ကျွန်တော်တို့ သင်္ဘောပိုင်ရှင်မှာ တရားမဝင်သစ်များဖြင့် ဝင်ငွေပိုရနေသော်လည်း သင်္ဘောအတွက် အရံပစ္စည်းများနှင့် သင်္ဘောသားတို့အတွက် ငွေကုန်လိုခြင်း ဆန္ဒလုံးဝမရှိပေ။

ဒုတိယအကြိမ် ပူဆန်မြို့မှာ သစ်ချပြီးအပြန် ရှန်ဟဲမှာ ကုန်တင်ကာ ဆူရာဗားရားမြို့သို့ ပြန်လာခဲ့ကြသည်။ ပျက်၊ မျော သံသရာထဲတွင် သင်္ဘောသားအားလုံး စိတ်ပင်ပန်း၊ လူပင်ပန်းနှင့် တစ်နေ့လျှင် (၁၈)နာရီခန့် အလုပ်လုပ်နေကြရသည်။ စက်ပြင်ဆင်ရသည့်အချိန်က မောင်းနှင်နိုင်သည့် အချိန်ထက် ပိုနေခဲ့သည်။ ယခုအခါ မီးစက်အင်ဂျင်နှစ်လုံးအနက် တစ်လုံးတည်းသာ အလုပ်လုပ်နိုင်တော့သည်။

ကဲ… ဘယ်လိုလုပ်ကြမလဲ။

လက်ပူတိုက်ရင်းနှင့်ပင် သင်္ဘောမှာ ဆူရာဗားရားမြို့သို့ ရောက်လာခဲ့သည်။ သင်္ဘောရဲ့ အခြေအနေက အဖက်ဖက်မှာ ဆိုးဝါးနေပါပြီ။ လွန်းတင်ပြင်ဆင်ရမည့် အခြေအနေသို့ ရောက်နေပါပြီ။

ဘယ်လိုမှ လက်ပူတိုက်ပြီး ဆက်လက်မောင်းနှင်ဖို့ မဖြစ်တော့ပါ။ စက်မောင်းချိန် (၁၀)နာရီခန့်ကြာလျှင် အိတ်ဇောငွေ့ အထွက်ပိုက်ကနေ သင်္ဘောခေါင်းတိုင်ထိပ်ဝအထိ ပိုက်လုံးကြီးမှာ မီးဖုတ်ထားသလို နီရဲလာသည်။ စက်ရပ်ပြီး ပြန်ပြင်၊ ပြန်မောင်း ပြန်ဖြစ်နဲ့ ဘယ်လိုမှ အဆင်မပြေတော့ပါ။ လဲလှယ်စရာ အရန်အိပ်ဇောဗားတွေနဲ့ ဗားအထိုင်တွေတောင် မရှိတော့။ သင်္ဘောသားတွေ အားလုံးလည်း ခြေကုန်လက်ပန်း ကျနေကြပြီ။ ဘယ်သူ့ကိုမှ အယုံအကြည်မရှိကြတော့။ ဒီလို အခြေအနေရောက်မှ ကုန်းပေါ်မှ စက်ပြင်ဆင်အဖွဲ့နှင့် သင်္ဘောကို စက်ပြင်ဆင်ရန် ပိုင်ရှင်က စီစဉ်လာခဲ့သည်။

ကုန်ကျစရိတ် သက်သာစေဖို့အတွက် စက်မကြီးယူနစ်နစ်လုံးကို ဖြုတ်၊ တပ်၊ ပြင်ဆင်ပေးဖို့ သင်္ဘောသားတွေကို ညှိနှိုင်းလာခဲ့သည်။ ပြီးလျှင် အမေရိကန်ဒေါ်လာ (၁၀၀၀) ကို စက်ဖြုတ်၊ တပ်၊ ပြင်ဆင်ခပေးမယ်လို့ ကတိပေးခဲ့သည်။ ကုန်းပေါ်မှ စက်ပြင်အဖွဲ့က ပြင်ဆင်ခ အမေရိကန်ဒေါ်လာ (၆၀၀၀)တောင်းဆိုသဖြင့် ပိုင်ရှင်က ချွေတာသည့် သူတို့ကိုယ်စား ကျွန်တော်တို့က ပြုလုပ်ပြင်ဆင်ပေးရခြင်းပင်။

သို့သော် သင်္ဘောပိုင်ရှင် သူ့ငွေမှာ အားလုံးပြီးစီးသည့်အခါ ကတိအတိုင်းမပေးဘဲ အကြောင်းအမျိုးမျိုး ပြလာခဲ့သည်။ ကျွန်တော်တို့ ဘာမျှ မတတ်နိုင်ခဲ့ပါ။

သင်္ဘောမှာ အင်ဒိုနီးရှားနိုင်ငံ၊ ဂျာကာတာမြို့သို့ မောင်းထွက်လာခဲ့ပါပြီ။ (၁၂) နာရီခန့်မောင်းနှင်ပြီးသည့်အခါ

www.burmeseclassic.com

သင်္ဘော၏ အခြေအနေက လုံးဝမကောင်းတော့ပါ။ လက်မှုတိုက်ရမယ့် အခြေအနေကို ပြန်ရောက်လာခဲ့သည်။ သင်္ဘောသားတွေလည်း ဘယ်သူ့ရဲ့ အမိန့်ကိုမှ မနာခံချင်တော့။ ရေနှင့်ရိက္ခာကလည်း သင်္ဘောစထွက်လာကတည်းက မလုံလောက်လို့ မိုးရေခံသုံးဖို့ စီစဉ်နေကြရသည်။ ရွှေမိုးရယ် ရွာပါတော့။

"ဟော့… မိုးတွေ ရွာလာပြီ။ မိုးရေတွေခံဖို့ ပြင်ဆင်ကြဟေ့ ချော်မလဲအောင်လည်း သတိထားကြဟေ့"

အားလုံးကိုယ်စီ လှုပ်ရှားနေကြသည်။ ဆူရာဗားရားမြို့နဲ့ ဂျာကာတာမြို့ကိုတောင် ဆယ်နှစ်ရက်ကြာ သွားရမည်ဆိုတာ ဘယ်သူမှ မခန့်မှန်းနိုင်ကြ။ ဒါကြောင့် ကျွန်တော်တို့ သင်္ဘောမှာ အနီးဆုံးဖြစ်သည့် ဆူရာဗားရားမြို့ကိုသာ ပြန်လည်မောင်းနှင်လာခဲ့ပါသည်။

ဆူရာဗားရားမြို့ကို ရောက်တော့ ပိုင်ရှင်က သင်္ဘောကိုရောင်းဖို့ စီစဉ်ခဲ့သည်။ ကပ္ပတိန် အင်ဂျင်နီယာချုပ်က လွဲလို့ကျန်တဲ့ သင်္ဘောသားအားလုံးကို ရုတ်တရက်သင်္ဘောပေါ်မှ ဆင်းစေခဲ့သည်။ လက်ထဲသို့ ဘာဒေါ်လာမျှ မပေး။

"သင်္ဘောသားတွေ ရစရာရှိတဲ့ လဝက်စာ လက်ခ၊ အချိန်ပို လုပ်အားခ၊ စားစရိတ်တွေ အားလုံးကို ဘန်ကောက်ရုံးမှာ ရှင်းပေးမယ်" ဟု သင်္ဘောကိုယ်စားလှယ်က ပြောဆိုကာ ကျွန်တော်တို့ကို ဘန်ကောက်သို့ ပြန်ပို့ခဲ့သည်။

ဘန်ကောက်သို့ ရောက်သောအခါ ဘန်ကောက်ကိုယ်စားလှယ်က ကျွန်တော်တို့အတွက် ကျသင့်ငွေအားလုံးကို သင်္ဘောကိုယ်စားလှယ်ထံ အားလုံးရှင်းပေးထားပြီး ဖြစ်ကြောင်း၊ သင်္ဘောမှ မထွက်ခွာ ခင်ကတည်းက ဗီဗီလက်ထဲ ရစရာရှိတာတွေရပြီးမှ ထွက်ခွာလာသင့်ကြောင်း။ ယခု ပိုင်ရှင်ထံမှာလည်း ငွေတစ်ပြားမှ မကျန်တော့မှ ဆင်ခြေပေးလာခဲ့ပါသည်။

ကျွန်တော်တို့ အားလုံးမှာလည်း လဝက်အလစာ၊ အပိုလုပ်အားခများ၊ စားစရိတ်ငွေများ မရရှိတော့ပါ။ "ခဏနေ ပြန်လာပါ့မယ်" ဟု မနက်တည်းက ပျောက်သွားသော ဘန်ကောက်ကိုယ်စားလှယ်မှာလည်း ညနေတိုင်အောင် မလာတော့ပါ။

နောက်ပိုင်းလည်း ပြန်မလာတော့ပါ။ ရှာလို့လည်း မတွေ့တော့ပါ။ နိဂုံးချုပ်ရရင် တစ်ဖို့တည်းသာ ကြည့်ရှုတဲ့ ယုတ်မာတဲ့ ပုဂ္ဂိုလ်တွေ၊ ပိုင်ရှင်ဆိုးညစ်တွေကြောင့် ကျွန်တော်တို့ သင်္ဘောသားတွေ ပြဿနာတွေနဲ့ ကြုံတွေ့ကြရတာပါ။ တကယ်တော့ ဒါတွေက မဖြစ်သင့်တဲ့ အကြောင်းအရာတွေပါ။

အမှန်ပြောရပါမူ သင်္ဘောသားထိုင်း သင်္ဘောလိုက်ရသည်မှာ အဆင်ပြေကြသည်မဟုတ်။ အခြေအနေ အကြောင်းအရာ မျိုးစုံနှင့် ရင်ဆိုင်ဖြေရှင်းကြရသည်။ မလွှဲသာလို့သာ လိုက်နေကြရတာပါ။ ဒီဖြစ်ရပ်မှာ ၁၉၈၂ ခုနှစ်က အဖြစ်အပျက်ဆိုတော့ ကြာတော့ ကြာခဲ့ပါပြီ။

သက်လှိုင်မျိုး
(စက်မှုတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ,civrtqu

(၂၇·၁၀·၂၀၁၀)။ နံနက် (၅း၀၀)နာရီတွင် အိပ်ရာထ၊ သန့်စင်ပြီး ကောက်ညှင်းပေါင်း ပူပူနွေးနွေး လဘက်ရည်၊ နှမ်းအုန်းခေါက်ဆွဲ (ထားဝယ် အစားအစာ)တို့နှင့် ညှိခံပါသည်။ ရှင်မော်သို့ သွားသည့်လမ်း အတော်ကြမ်းပြီး လမ်းဆိုးသည့်နေရာတွေမှာ ဆင်းလျှောက်ရပါသည်။ "ကျောက်နီမော်" ရွာမှ "ရှင်မော်" သို့ မိုင်(၂၀)ခန့်ဆိုသည့် ဆိုင်းဘုတ်လေးမှ "ကျောက်ဝပ်ပြင်" ရွာသို့အတွက် ပင်လယ်ကြီးမြင်ရတော့ အမောတွေ၊ ကိုယ်လက်နာတာတွေ ပြေပျောက်သွားပါတယ်။ "အောက်ကျောက်ဝပ်" ရွာမှ ခထာနားကြပါတယ်။ သကျက်တောရွာမှ လှေဆိပ်သို့ (၉)မိုင်းခန့်ရှိတယ်လို့ ပြောပါတယ်။ အောက်ကျောက်ဝပ်ရွာမှ စက်လှေဆီရောက်အောင် ဒူးအထက်ခန့်ရှိ ပင်လယ်ရေကို လုံချည်တစ်တက်မ၊ ဖိနပ်ကိုင်၊ အိတ်လွယ်နဲ့ လဲမှာစိုးပြီး ကြောက်ကြောက်နဲ့ ဖြတ်ကူးရတာပါ။ ဒူးနာသသမားမို့ စက်လှေပေါ်မတက်နိုင်၍ ပြန်ကပြေးရွာသား ကိုဇော်ဝင်းက ဆွဲတင်ပေးလို့ ကျေးဇူးတင်ပါတယ်။ ပင်လယ်ကြီးထဲ စက်လှေမောင်းတော့ ရေလှိုင်းတွေတဖြတ်ဖြတ်နဲ့ စင်တဲ့သဘာဝအရသာလေးက ခံစားလို့ကောင်းပါတယ်။ အန္တရာယ်ကင်းပါစေ၊ မိုးမရွာပါစေနဲ့ ဆုတောင်းရင်း စက်လှေစီးရတာကြောက်ပေမယ့် ပျော်ပါတယ်။ မျက်စိတစ်ဆုံးအပြေကျယ်လှသည့် ပင်လယ်ကြီးကို သဘောကျမဆုံး မှတ်တမ်းတင်ပါသည်။

နံနက် (၉း၁၅)ခန့်ထွက်လာရာ လောင်းလုံမြို့နယ် ကျောက်မတ္တရွာအုပ်စု "ကြက်လွှတ်ရွာ" သို့ (၉း၅၅)ခန့် ရောက်ပါတယ်။ ဤကြက်လွှတ်ရွာသို့လည်း ဒူးအထက်မှာရှိ ပင်လယ်ရေကို ဖြတ်ကူးပြီးမှ သောက်ကမ်းပေါ် ရောက်တာပါ။ မလတ်၏ သမီးလွင်လွင်စွမ်းတို့၏ မိတ်ဆွေတစ်အိမ်မှာခထာနားပြီး ကြိုပြောထား၍ အသင့်ချက်ထားသော ထမင်းအိုးဟင်းအိုးတွေယူပြီး ရှင်မော်တောင်ဘုရား၏ တောင်ဘက်လမ်းကို မြှပြင်နေသည့် အမိုးမပါသောကားကြီးနဲ့ နံနက် (၁၀း၀၀)ခန့်တက်ပါသည်။ လမ်းကကြမ်း၊ ကားကကြမ်းနဲ့ ဒူး ခါး ကိုယ်လက်တွေ နာသော်လည်း ဘုရားဖူးချင်စိတ်က ဦးဆောင်နေတော့ နာတာကိုနာတာလို့မှတ်ပါတယ်။ (၁၀း၄၉)ခန့် တောင်ပေါ်ရောက်ပါသည်။ အိုးယာခင်ကဆို အခုလိုလမ်းကြမ်းလို့ မပေါက်သေးလို့ ခြေလျင်ခရီးနဲ့ ဖူးရပါတယ်လို့ သိရပါသည်။ ကုသိုလ်ရှင်တွေကြောင့်သာ လမ်းကြမ်း၊ ခရီးကြမ်းပေမယ့်။

မမောမပန်းပဲအချိန် ကုန်သက်သာ ခြေညောင်းသက်သာလို့ ကျေးဇူးတွေတင် သာရခေါ် ပါတယ်။ ကြက်လွှတ်ရွာမှ တောင်ပေါ်ခရီး (၃)မိုင်ခန့်ရှိပါသည်။ တောင်တက်လမ်းမှာ သာယာလှသည့် ရေတံခွန်နှင့် စေတီငယ်ကိုဖူးရပါတယ်။ တောင်ပေါ်ရောက်မှ အမောပြေစိတ်အားရပါသည်။ TV ဘုရားဖူးအစီအစဉ်မှာ ဖူးရသော လျောင်းတော်မူဘုရား အံတော်စေတီနှင့် မှန်ဦး၊ ပင်လယ်ကျောက်ဆောင်တွေနှင့် ပင်လယ်အလှ၊ ပင်လယ်



www.burmeseclassic.com

www.burmeseclassic.com

ရေထဲသဘာဝ ကျောက်တုံးပေါ်မှသပွါယ်လှ ရွှေစေတီလေးတို့ကို မျက်ဝါးထင်ထင် ဖူးရပြီမို့ လွှင်လွှင်တို့ကို ကျေးဇူးတင်ပါသည်။ မှတ်တမ်းတင်ပါသည်။ တောင်ပေါ်တွင် သီတင်းသုံးပါသောဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့ကိုနေ့ဆွမ်း အချိုပွဲကပ်ပါသည်။ ဘုရားဖူးအဖွဲ့ကိုလည်း နေ့လည်စာကျွေးမွေးပါသည်။

ရှင်မော်တောင်ပေါ်မှ ပင်လယ်ရေစပ်ရှိ ဘုရားများကိုဖူးရန် လှေကားကြမ်းလေးများနှင့် အဆင့်ဆင့်ဆင်းရတာ လှေကားထစ် ပေါင်းမြောက်များစွာပါ။ အဆင်းမသိသာသော်လည်း အတက်မှာ အလွန်ကိုမောတာ ဟောဟဲ၊ ဟောဟဲပါ။ ဘုရားစောင်းတန်းလေးမှာ အမောဖြေနားရင်း ရှင်မော်ဘုရားဆိုလို့သာ ဓါတ်ပုံရိုက်ခဲ့သည့် ဘုရားကရုပ်ပွားတော် တစ်ဆူနှင့် ပဌဝီကီငါးပါးနှင့်ပါ။ ဝယ်ခဲ့သည့် ရှင်ကိုးရှင်ဘုရားပုံတော်တွေကို ပြန်ကြည့်တော့ ရုပ်ပွားတော်နှစ်ဆူနှင့် ပဌမကီငါးပါးနှင့်ပါ။ မမြင်သေးပါ။ ဒီလောက်ရှည်လျားသည့် ခရီးဝေးကြီးကို မနည်းရောက်အောင်လာခဲ့ပြီး ကြုံတောင့် ကြုံခဲဖူးရတာမို့စုံစမ်းဦးမှပါ။ မေးပါများစကားရလေ လဘက်ရည်ဆိုင်မှ ကလေးမကို ရှင်းကိုးရှင်ပုံတော်တွေကိုပြပြီး စုံစမ်းခါမှ ဟိုးအောက်ကို ပြန်ဆင်းပြီး "အံတော်စေတီ" အနားမှာတဲ့ ဟယ်…လှေကားထစ်ပေါင်းများစွာကို ပြန်ဆင်းရမှာပဲ စောစောကများသိလိုက်ပါတော့ ကံကောင်းစွာနဲ့ ဘုရားပုံ



www.burmeseclassic.com

တော်တွေကို ပြန်ကြည့်မိလို့သာ နှိုးနိုးခဲ့ရ ခဲဆစ် ကုန်းတစ်တန်၊ ရေတစ်တန်လှိုင်း လေကြီးသည့် ခရီးကြမ်းနှင့် ရောက် အောင်လာခဲ့ပြီးမှ အဓိကကျသည့်ဆံ တော်အစစ် ကိန်းဝပ်တော်မူသော ရှင် မော်ဘုရား (ရှင်မှော်တောင်) ကိုကျန်ခဲ့ တော့မလို့ပါ။ မြတ်ဘုရားဂုဏ်ကျေးဇူး တော်နဲ့ ဖူးရပါပြီး အံ့တော်စေတီအနီးမှ အမိုးအကာနှင့် ကျောင်းဆောင်လေးထဲ မှာပါ။ နည်းနည်းမှောင်လို့ သတိမထား မိတာပါ။ ဘုရားဝတ်ပြုဆုတောင်း၊ လှူ ဒါန်းပြီး မြတ်ဘုရားရှင်နှင့်တကွ နတ်ဒေ ဝါအပေါင်း အစောင့်အရှောက်အပေါင်း တို့ကို မေတ္တာပို့အမျှဝေတိုင်တည်ဆု တောင်းခွင့်တောင်းပြီးမှ ဖိတ်ပုံပေးသော ကလေးမကို ကျေးဇူးတင်ပါသည်။ အခု ပဲဘဝင်ကျပါတော့တယ်။ ဘုရားပုံတော် တွေကို ပြန်ဖူးမိသည့် အကျိုးကျေးဇူးပါ။ တစ်ခေါက်တစ်ကျင်း လာဖူးရဖို့မလွယ် ကူတဲ့ခရီးပါ။ လွယ်လွယ်ကူကူမရောက် နိုင်သည့် မြတ်ဘုရား၏ ဆံတော်အစစ် ကိန်းဝပ်တော်မူသော ရှင်မော် (သို့)ရှင် မှော်တောင် ဘုရားဖူးပို့ပေးသည့် သား ကြီး၊ သမီးစု အတွားနှင့် အလှူရှင်မိသား စု ဘုရားဖူးပို့ပေးသည့် သမီးလွင်လွင်နှင့် အိမ်မှမိသားစု စက်လေ့အတက်အဆင်း ကူညီပေးသည့်ကိုဇော် (ပြန်ကမြေး) ရန် ကုန်မှ ကလေးများ ထားဝယ်မှ ကျေးဇူး တင်ထိုက်သူ အားလုံးတို့ကို ကျေးဇူးအ ထူးတင်ရှိပါသည်။

ရှင်မော်ဘုရားစေတီတော်ကို ထားဝယ်မြို့မှ တောင်ဘက်မိုင် (၄၀) ကျော်ကွာဝေးသော ထားဝမြစ်ရှင်မော် တောင်အငူစွန်းတွင် တည်ထားလျက်ရှိ၍ ရန်ကုန်၊ မော်လံမြိုင်၊ မြိတ်၊ ကော့သောင်း စသော မြို့များသို့သွားသော လေ့၊ သ ဘော်စီး ခရီးသည်များတို့ သေချာစွာဖူး မြင်နိုင်ပေသည်။ တနင်္သာရီတိုင်း ဘုရင် ကောရဗ္ဗမင်း။ နှုရကတိုင်းကြီးဘုရင် ဓမ္မ သေနမင်း ဝါသုလာဒေဝနဂါးမင်း။ မင်း (၃)ပါးတို့သည် ရှင်တော်မြတ်စွာ၏ လက်ျာအံတော်တတ်မြတ်ကို ထားဝယ် မြို့၏ ပင်လယ်ဝမော်ဦးဖြစ်သော သိန္ဓု သေလ (ရှင်မော်)တောင်ပေါ်တွင် အံ တော်ဓာတ်မြတ်ကို နဂါးမင်း၏ကုသိုလ် ဖြစ်သည့် ပတ္တမြားစေတီတော်အတွင်း ဝယ်သွင်းနံ့တော်မူ၍ ဓမ္မသေနမင်းမြတ်၏ ကုသိုလ်တော်ဖြစ်သည့် ရွှေသားစေတီ တော်ကို အုပ်တော်မူလေသည်။ ယင်း နောက် တနင်္သာရီတိုင်း မင်းမြတ်၏ ကုသိုလ်တော်များနှင့် အဆင့်ဆင့်တည် တော်မူပြီးသည် နှင့်မဟာဗြဟ္မာ၊ ရှင့ဗြဟ္မာရ ဟန္တာအရှင်မြတ် (၂)ပါးတို့အားလည်း မင်း (၃)ပါးတို့က ပရိက္ခရာ (၈)ပါးတို့ ဖြင့် လှူဒါန်းတော်မူပြီးလျှင် ရေစက်သွန်း ချအမျှဝေပြီးသည်နှင့် တစ်ပြိုင်နက်တော တောင်အလုံးတော် လျှင်ပုံတင်ဟီးပြီး မဟာပထဝီမြေကြီး (၃)ကြိမ်လှုပ်၍ ကောင်းချီး သာဓုခေါ်လေသည်။

ရှင်မော်တောင်ဘုရား၌ (၇) ရက်ကြာ သီလဆင်ကြည့်စွာ ယုံယုံကြည် ကြည်ဆောက်တည်၍ မိမိတို့အလိုဆန္ဒ ရှိသော ဆုကိုတောင်းသော် ပြည့်စုံ ကြောင်း ပေါက္ကံရာဇဝင်နရပတိစည်သူ စကြာမင်း ခဏ်း၌ပါရှိသည်။

နေညိုသည်နှင့် လှိုင်းလေကြီး





www.burmeseclassic.com

www.burmeseclassic.com

သည့်အတွက် ရှင်မော်တောင်မှ နေ့ (၂၁၅)ခန့် ဆင်းလာကြပါတယ်။ ဘုရား တန်ခိုးတော်နှင့် အန္တရာယ်ကင်းပါစေ ဆုတောင်းပါသည်။ သမိုင်းဝင်ရှင်ကိုးရှင် ဘုရားများတည်ထားရာမှ ဤရှင်မော် ဘုရားသည် ထားဝယ်မြို့နှင့် အဝေးဆုံး ဖြစ်ပြီး ကုန်တစ်တန်၊ ရေတစ်တန်သွား ရပြီး တောင်ပေါ်ခရီးကြမ်း ဖြစ်ပါ၍ တောင်ပေါ်တက် ကားကလည်း အဆင်း မှာလည်း လမ်းကြမ်းလေ၊ စကောထဲမှ ငါးဖြူသီးလိုပဲလှုပ်လိုက်မှ၊ ဒီလိမ့်မို့တစ်ကိုယ် လုံးရိုက်ထားသလိုနာကျင်နေပြီ ဖြစ်၍ တောင်ခြေကိုမြန်မြန် ရောက်ချပါပြီ။ တောင်ပေါ်အဆင်း ခရီးတစ်လျှောက် ရောမသစ်ပင်ကြီးတွေ၊ ဝါးရုံတောတွေပေါ များလှပါတယ်။ အပင်ကြီးတစ်ပင်ကို တွယ်ကပ်ပေါက်နေသည့် အရွက်စိမ်းဖား ဖားနှင့် အပင်ကြီးကိုသဘောကျလို့ မေး ကြည့်တော့ အပင်ကြီးကိုတွယ်ကပ်ပေါက် နေလို့ ကပ်ပါးပင်ပါတဲ့။

ကြက်လွှတ်ရွာသို့ ရောက်ရှိပြီး သေဆိပ်ရောက်တော့ နေညိုသည်နှင့် လှိုင်းလည်းကြီးလာပါပြီ။ ရေကိုချစ်သလို ကြောက်လွန်း၍ ဆုတောင်းရင်းစက်လှေ ဆီရောက်ဖို့ အလာတုန်းကပင်လယ်ရေ သည် ဒူးအထက်မှာ ယခုအပြန်ခရီးမှာ ပင်လယ်ရေက ပေါင်တစ်ဝက်ခန့်တိုး လာပြီး လှိုင်းကထန် ကြောက်လှ၍ ရေထဲလဲကျမှာစိုးရိမ်ရနဲ့ ခင်ပွန်းသည်က တွဲကူးပေးပြီး စက်လှေနားရောက် ကို



www.burmeseclassic.com

ဇော်ကဆွဲကူနဲ့ မနည်းအပေါ်ရောက်အောင်တက်ရပါတယ်။ (၃း၅၅)ခန့် စက်လှေထွက်ပါပြီ။ စက်လှေစီးရတာရေကြောက်တာကလွဲလို့ ခရီးပန်းသက်သာလို့နစ်မြှိက်ပါတယ်။ အပြန်ခရီးစက်လှေပေါ်မှ ဘုရားဖူးအဖွဲ့ကို အမှတ်တရဓါတ်ပုံရိုက်ပါသည်။ လှေဆိပ်ရွာဖြစ်သည့် "အောက်ကျောက်ဝပ်ရွ" မှ စားသောက်ဆိုင်မှာနားပြီး၊ လွင်လွင်က ဦးဇင်းတို့ကိုအအေးကပ်၍ ဘုရားဖူးအဖွဲ့ကို ငါးနှိုင်းခြင်းနှင့် ထားဝယ်မုန့်ဟင်းခါး (သို့)အာပူလျှာပူနှင့် ခေါက်ဆွဲသုတ်တို့ကို ကုသိုလ်ပြုပါသည်။ ဗိုက်ဆာနေသည့် စာရေးသူငါးများများနဲ့ ထားဝယ်မုန့်ဟင်းခါးကောင်းသော်လည်း ငါးမကြိုက်၍ ငါးဖတ်မပါ ဟင်းရည်ကြည်နဲ့ အဆာပြေသောက်ပါတယ်။ အပြန်ခရီး ခရီးပန်းပြီးနုံးချိပါဆို ကားမှုးပျောက်ဆေးသောက်ရန်မေ့သွားသည်မို့ လမ်းမကောင်း၍ ကားကခုန်ပေါက်၊ ခေါင်းကမူးနဲ့ မြန်မြန်ရောက်ချင်ပါပြီ "ဂေါ့အင်းရွာ"အဝင်မှာ သပွါယ်လှစေတီသုံးဆူနှင့် "ကြယ်စင်တောင်" မှခ်ဦးသောယာလှ၍ ဓါတ်ပုံရိုက်ခဲ့ပါတယ် မူးနေ၍ မြန်မြန်ရောက်ချင်ပါဆို လမ်းများ၌ အချိန်ပိုကြာပြီး ညနေ (၆း၀၀)မှ သကျက်တောရွာကို ရောက်ပါသည်။ ဘုရားဖူးပို့သော လွင်လွင်ကိုကျေးဇူးတင်စကားပြောပြီး ခဏနားရပါတယ်။ မချိန်နဲ့အိမ်ရှင်မိသားစုက ပျူပျူငှာငှာရှိပြီး ပင်လယ်စာနှင့် ဟင်းပွဲတွေစုံတာကာနဲ့








www.burmeseclassic.com

www.burmeseclassic.com

ညနေစာကျွေးပါသည်။ ခေါင်းကအတော်ကို မူးနေလို့မစားနိုင်ပါ။ ရေနွေးကြမ်းကြိုက်သည့် စာရေးသူကိုမချိန်က ရေနွေးကြမ်းလာပို့ပြီး နေကောင်းပုံမရဘူးနော် ရှင်မော်ဘုရားဖူးခရီးစဉ်က ခရီးရှည်လမ်းကြမ်းတော့ ခရီးပန်းတာပေါ့။ ဆေးသောက်ပြီး စောစောအိပ်ရာဝင်နော်လို့ ဂရုစိုက်ပေးလို့ တစ်နယ်တစ်ကျေးမှာ အခုလိုနွေးနွေး ထွေးထွေးရှိပေးသည့် မချိန်ကို ကျေးဇူးတင်ပါသည်။

(၂၈·၁၀·၂၀၁၀) ထားဝယ်သို့ပြန်မည့် လိုင်းကားက နံနက် (၅း၀၀) နာရီမို့ အစောထဧည့်ခံပေးနေတဲ့ မချိန်ခမျာ ဘုရားဝတ်ပြုပြီး ပုတီးမစိတ်ရသေးလို့ ရပါတယ်မချိန်ရယ် ပုတီးစိတ်ပါ ကားလာရင်သွားတော့မှာမို့ အားလုံးကို ကျေးဇူးအများကြီး တင်ကြောင်းအားနာကြောင်းပြောပြီး နှုတ်ဆတ်ခဲ့ပါပြီ။ လမ်းခရီးတစ်နေရာမှာ သာယာလှပသည့်သုံးထပ်ရေတံခွန်ကို တွေ့တော့ပျော်ပါတယ်။ ဓါတ်ပုံရိုက်ချင်တာ ကားသွားရင်းမို့ခွဲချိန်မရလိုက်ပါ။ သားကြီးအိမ်သို့ရောက်တော့ သားကြီးက စာရေးသူတို့ကို သွားကြိုပြီတဲ့ လမ်းလွဲပြီဖြစ်ကြောင်း သားကြီးကို ဖုန်းဆက်ရပါတယ်။

သမီး ခင်လေးထွန်းကို ရှင်မော်ဘုရားဖူး။ အတွေ့အကြုံတွေပြောပြတော့ အန်တီတို့အဝေးကြီးကလာပြီး ဖူးထိုက်လို့ဖူးရတာ ခရီးအဆင့်ဆင့်သွားရပြီး ခရီးလမ်းကြမ်း။ ဝေးလည်းဝေးလို့ ထားဝယ်သူသားတွေတောင်မဖူးဘူးသူတွေရှိတယ် အန်တီလို့ပြောပါတယ်။ အလှူရှိလို့သာ ဖူးရခဲ့သည့်ရှင်မော်ဘုရားဖူးရတာမို့ ကြည်နူးဝမ်းသာပြီး အလှူရှင်မိသားစုနှင့် သားကြီးတို့ကို တစ်သက်တာကျေးဇူးတင်ပါတယ်။ နေ့လည်စာသမီးစုက ကြက်သားကြော်၊ ဝက်အူချောင်းကြော် မုံလာချဉ်ရည်ဟင်းနဲ့ ကျွေးပါတယ်။ ထမင်းပူပူ ဟင်းရည်ပူပူနဲ့စားကောင်းလို့ ကျေးဇူးတင်ပါသည်။ ထားဝယ်ပြန်လက်ဆောင်ဝယ်ရန်စုက ဈေးသို့လိုက်ပို့ပါတယ်။ သား၊ သမီးမြေးတို့အတွက်အမှတ်တရဝယ်ပါသည်။

(၂၉·၁၀·၂၀၁၀)မချိန်က ထိန်ခင်းအလှူပြုလုပ်သည့် ထားဝယ်မြို့တလိုင်းထိန်ရပ်ကွက်၊ သုဝဏ္ဏရုံသီကျောင်းတိုက်ကြီးတွေ အမြောက်အများပါ။ ကြီးကျယ်ခမ်းနားသည့် ကျောင်းတိုက်ကြီးတွေ ဘုံပြာသဒ်အဆင့်ဆင့်တွေနဲ့ မှန်ဦးမှာပါ ရွှေကနုတ်ပန်းဖါဖါ ဝင်းဝင်းနဲ့ ခမ်းနားကျက်သရေ ရှိလှပါတယ်။ မြို့ပေါ်မှာကို (၁၀၃) ကျောင်းရှိပါသည်တဲ့ ထမင်းဟင်းစုံ၊ အချိုပွဲ၊ ရေခဲမုန့်တို့ကို အလှူ့ပယ် ဧည့်ခံကျွေးမွေးသည့် အလှူကြီးပါ။ အဘွား မချိန်၊ မလဝ်၊ ဇင်ဇင်တို့က ခင်ခင်မင်မင်ဧည့်ဝတ်ကျေပွန်းလို့ အားနာပြီး ကျေးဇူးတင်ပါသည်။ အဘွားက ပြုံးပြုံးနဲ့ စာရေးသူလက်ကိုဆွဲကိုင်ပြီး စကားတွေပြောပါတယ်။ အလှူမှအပြန် ခင်လေးထွန်းနဲ့ ဈေးသွားပါတယ်။ လိုက်ပို့ရုံသာမက၊ ဝယ်သမျှပစ္စည်းတွေကို ကူသယ်ပေးသော သမီးခင်လေထွန်းကို ကျေးဇူးတင်ပါတယ်။ ပျဉ်းမနားမှ သမီးတို့ကလည်း ရက်ကြာပြီမို့ ပြန်လာပါတော့ ဖုန်းတွေ ခဏခဏဆက်ပါတယ်။ အပြန်ခရီးစဉ်ကို အပြောင်းအလဲ အတွေ့အကြုံ

www.burmeseclassic.com

တစ်ခုရဖို့ မီးရထားနဲ့ပြန်မယ် စိတ်ငြိထား ပါသည်။

ဘိုးဘိုး၊ ဘွားဘွားနဲ့အတူ အိပ်နေကျမြေးလေး၊ အိပ်မပျော်ခင်လည်း အိပ်ရာထဲမှာ စကားတွေတီတီတာတာ ဖောင်ဖောင်ပြောတတ်တဲ့ မြေးကြီးမလေးနဲ့ မကြာခင်ခွဲရတော့မှာမို့ စိတ်မကောင်းပါ။ အိပ်မပျော်သည့် မြေးအဘွားနှစ်ယောက် TV ရှေ့မှာဇာတ်ကားကြည့်ပြီး အိပ်ရာဝင်ပါတယ်။ စာရေးသူကညစဉ် နှစ်နှစ်ချိုက်ချိုက် အိပ်မပျော်တတ်သူ မြေးလေးကလည်း ကလေးသဘာဝတယ် လူ့ညာလိမ့်နဲ့ဆို ပိုအိပ်မပျော်မို့ ပွေ့လုံးလေးခြားပြီး သိပ်တာကို "ဘွားဘွားဘယ်တော့ ပြန်မှာလဲဟင်" "ဘွားဘွားနဲ့ဘယ်နှစ်ရက် အတူအိပ်ရမှာလဲလို့" မေးရာတဲ့ သနားစရာမြေးလေးရယ် ရင်ထဲနင့်ကနဲ ခံစားရပြီး "နှစ်ညအတူအိပ်ရဦးမှာပါ သမီးရယ်" လို့ပြောတော့ "ဘွားဘွားတို့ပြန်ရင်သမီးက မေမေတို့နဲ့ပဲအိပ်ရမှာ" လို့ပြောရာတဲ့ မြေးလေး" အေးပေါ့သမီးရယ် ဒါကြောင့်သမီးကို ဘွားဘွားတို့ပြန်ရင်လိုက်ခဲ့ပါ။ ပျဉ်းမနားမှာကျောင်းထားပေးမယ် ဒါဆိုဘွားဘွားတို့နဲ့ ညတိုင်း အတူအိပ်ရမှာလို့ပြောတော့ မေမေပါမှတဲ့ ဩော် ··· မြေးလေးရယ် မိဘကိုလည်းမခွဲနိုင် ဘိုးဘိုး၊ ဘွားဘွားနဲ့လည်း အတူနေချင်ရှာတာ အေးအေးချမ်းချမ်း ရှိလှတဲ့ မြေးလေးကိုသနားရလွန်းလို့ မျက်ရည်တွေဝေ့လာပြီမို့ "ကလေးအိပ်တော့နော် အိပ်ရာဝင်လည်းနောက်ကျနေပြီ" ပြောလိုက်ရော "သမီးဘိုးဘိုး၊ ဘွားဘွားနဲ့ကပ် အိပ်မယ်နော် ဒီပွေ့လုံးကြီးဖယ်ပစ်မယ်တဲ့" သနားစရာချစ်မဝမြေးလေးကို ဂရုဏာသက်ပြီး မကြာခင်မြေးလေးနဲ့ ခွဲရတော့မှာမို့ အိပ်ပျက်လည်းပျက်ပါစေတော့ မြေးလေးကိုပွေ့ဖက်ပြီး အိပ်လိုက်ပါတယ်။ အိပ်တယ်သာပြော အိပ်မရလို့ ဘုရားစာပဲရွတ်ဖတ်နေပါတယ်။ ချစ်မဝမြေးလေးကတော့ ဘွားဘွားရဲ့ရင်ဘတ်နားကပ်အိပ်လိုက် ညောင်းလို့တစ်ဘက် လှည့်အိပ်ပြန်တော့ ကျောလေးနာကပ်အိပ်နဲ့ မြေးချစ်ပေါ်မျက်နှာလေးကို နမ်းလိုက်ပွေ့ဖက်လိုက်နဲ့ အလွမ်းမိုးရွာနေပါတယ်။ အိပ်ပျော်တဲ့မြေးလေးက တွန်းတဲ့အခါတွန်း စောင်တွေဖယ်ပစ်နဲ့ ပြန်ခြုံပေးရင်း အိပ်စက်မရပဲမိုးလင်းစပြုပါတော့တယ်။ ကျန်းမာရေးအရည်လုံးပေါက် အိပ်မရညတွေဖြတ်သန်းရ စာရေးသူအတွက်တော့မထူးပါ။

(၃၀ ·၁၀ ·၂၀၁၀)ရေး

ထွက်တိုင်း သာ၊ သမီးမြေးတို့တင် မကသမီးချွေးမတို့အတွက်ပါ အမှတ်တရလက်ဆောင် ဝယ်စရာကျန်သေး၏ သမီးခင်လေးထွန်းနဲ့ ရှော့ပင်ထွက်ပါတယ်။ တစ်ဆိုင်ပြီးတစ်ဆိုင် စိတ်ရှည်လက်ရှည်ပို့ပေးပြီး ဝယ်သမျှပစ္စည်းတိုင်းပေးပေးအန်တီ သမီးကိုပေးပါနဲ့ ကူညီပေးလို့ အားနာကျေးဇူး တင်ပါသည်။ ဈေးမှအပြန် နံနက် (၁၀း၀၀)ခန့် ထားဝယ်မြို့မှ (၇)မိုင်ခန့်ဝေးသော လောင်းလုံးမြို့နယ် မြို့ဟောင်းကျေးရွာ (ရှေးအခေါ်) သာဂရမြို့တွင် တည်ရှိသည့် ရှင်ကိုးရှင်မှ "ရှင်ဇလွန်ဘုရား" သို့ ပို့ပေးပါသည်။ ကမျောကင်းတံတားကိုဖြတ်ပြီး မြို့အစွန်



www.burmeseclassic.com

www.burmeseclassic.com

တောတန်းလေးအနီးမှ လှမ်းမြင်ရပါသည်။ နီးလာသည်နှင့် ခွဲလံသံတချွင်ချွင်နဲ့သာယာကြည်နူးဖွယ် ရှင်ဧလွှန်စေတီတော်ကိုဖူးတွေ့ရပါပြီ။ ပုဂံမှ "တုရင်တောင်စေတီ" ကဲ့သို့အတက်အဆင်းလှေကားလေးတွင် ရှိပါသည်။ ဖူးချင်သည့်ဘုရားစေတီများကို အချိန်လုံပြီး စိတ်ရှည်စွာ ဘုရားဖူးပို့ပေးသည့် သားကြီးကို ကျေးဇူးတွေတင် သာဓုခေါ်ပြီး ဆုမွန်ကောင်းတွေ ပေးပါသည်။

ယနေ့နေ့လယ်စာကို အလှူလာခွေမျိုးများနှင့် စာရေးသူတို့ကို ကြိုတင်ဘွတ်ကင် လုပ်ထားသော ရွှေနဂါးစားတော်ဆက်မှာ သားကြီးကကျွေးမွေးပါသည်။ စားကောင်း၍ သားကြီးတို့ကို ကျေးဇူးတင်ပါသည်။ ယမန်နေ့ညကတစ်ညလုံးအိပ်မရလို့ ကိုယ့်ကျန်းမာရေးအရ ဒီနေ့ညပါမအိပ်လျှင် ခေါင်းတော့မှာ မိုးဆေးသောက်ပြီး မြေးမလေးနှင့်ဘုရားဝတ်ပြုပါသည်။ သင်ပေးထားသည့်အတိုင်းမြေးလေးက ဘိုးဘိုး၊ ဘွားဘွားမိဘတွေကို ကန်တော့ပါ၍ ဆုတွေပေးပြီး အိပ်ရာဝင်တော့ "ဘွားဘွားဘယ်နေ့ပြန်မှာလဲ" မေးရာပြန်ပြီ "သဘက်ခါလေသမီးရဲ့" "ဒါဆိုကြာကြာနေရဦးမှာပေါ့နော်ဘွားဘွားနော်လို့" ပြောတော့ ရင်ထဲမကောင်းသလို မြေးလေးစိတ်မကောင်းဖြစ်မှာစိုးလို့ "အေးပေါ့သမီးရဲ့" လို့ပြောလိုက်ရော စာရေးသူအနားကပ်လာပြီး တီတီတာတာစကားတွေ ပြောလိုက်တာ သနား



www.burmeseclassic.com

စရားမြေးလေးကို ခွဲရတော့မှာပါလား မြေးလေးရယ် စိတ်မကောင်းချင်တွေနဲ့ "သမီးမှာလေ ခြင်ကိုက်ထားတာ ယား တယ် ဘွားဘွားကုတ်လည်း ယားနေ တော့ "သမီးအိပ်မရဘူးလို့ ပြောပြီးပြ သည့် မြေးခြေဖမိုးလေးကို အယားပြေ အောင် အသာအယာပွတ်ပေးတာကို " ဘွားဘွားနည်းနည်း ပိုးကုတ်ပေးနော် ဘွားဘွားကုတ်ပေးတာ ကောင်းတယ်" လို့ပြောရှာတဲ့ မြေးလေးမြေးနဲ့ အတူအိပ် ရဖို့၊ နေရဖို့၊ ရက်တွေသိတ်မရှိတော့လို့ ကုတ်ပေးပွတ်ပေးရင်း မြေးအဘွားနှစ် ယောက် အိပ်ပျော်သွားပါသည်။

(၃၁·၁၀·၂၀၁၀)ယနေ့ ပြန် မယ်စီစဉ်ထား သားကြီးက ဒီနေ့တစ်ရက် နေပါဦးမေမေ၊ ဘုရားဖူးပို့ပေးချင်သေးလို့ ပါ။ နက်ဖြန်မှပြန်ပါတဲ့ သားကနေစေချင် တော့လည်း နေလိုက်ပါတယ်။ သားကြီး က မိဘအပေါ်မှာ ပို့ပြီးနားလည်သိတတ် လွန်းပြီး တလေးတစား ဂရုစိုက်လွန်းလို့ ဝီတိတွေ ဖြာဝမ်းသာကြည်နူးရပါတယ်။ သမီးတို့ကလည်း ပြန်မလာသေးဘူးလား ခဏခဏဖုန်းဆက်လို့ ပြန်လာတော့မယ် ပြောရပါတယ်။ ရှင်ကိုးရှင်ပြည့်စုံအောင် ဖူးချင်စာရေးသူကို "ရှင်တောင့်ပုံဘုရား" ပို့ပေးမယ်လို့ သားကြီးကပြောတော့ ပျော်သွားပါတယ်။ အလုပ်များသည့် သားကြီးခမျာ ညနေ (၄း၀၀)ခန့်မှ ပို့ ပေးနိုင်ပါသည်။ "ပေါက်တိုင်းတံတား" ကိုဖြတ်ပြီးတော့ တန်းလေးနှင့်ပထာရ






www.burmeseclassic.com

www.burmeseclassic.com

သည့်တောင်ပေါ်မှ "တောက်ထိန်တောင်" ဘုရားသို့ရောက်ရှိပါတယ်။ ရှင်တောင့်ပုံ ဘုရားသို့သွားရမည့် ခရီးကရှိသေး၍ တောနှင့်တောင်နှင့် သာယာလှသည့် တောက်ထိန်ဘုရားကို တောင်ခြေမှပဲဖူး ရပါသည်။ (၅း၃၀)ခန့် သရက်ချောင်းသို့ ရောက်ရှိပြီး တောင်ပေါ်တက်ရန် စည်ပင်မှ ဦးစီးအရာရှိ ဦးကြည်စိုးတို့ထံ ဝင်ရောက်စုံစမ်းပါသည်။ ဦးကြည်စိုးတို့က လေးလေးစားစားနှင့် E.E ထိုင်ပါဦး။ အန်တီထိုင်ပါဦး ခင်ဗျာနဲ့ ညှိခံပြီး E.E ကားနဲ့ဆို တက်မရပါ တောင်ကမတ်စောက်သည့်ပြင် မိုးလည်းချုပ်စပြုပြီး လမ်းမီးလည်း မရှိသေးတော့ တောင်တက်နေကျဆိုင်ကယ်၊ ဂျစ်တို့နဲ့သာ အဆင်ပြေတာမို့ ကျွန်တော်စုံစမ်းပါဦး မယ်။ ခဏစောင့်ပေးပါ ပြောပါသော်လည်း မိုးချုပ်စပြု တောရိပ်တောင်ရိပ်နဲ့ ဆိုတော့ မှောင်ရီသန်းပါပြီ တောင်ပေါ်လမ်း။ အန္တရာယ်ရှိခဲ့သော် စိတ်ပူမိ၍ နေပါစေသားရယ်လို့ပြောတာကို ရပါတယ် ခင်ဗျ ခဏလေးပဲ စောင့်ပါခင်ဗျ တောင်တက်နေကျ ဂျစ်တွေကယ်ရီတွေဆိုတော့ စိတ်ချရပါတယ်။ ကျွမ်းကျင်သူတွေပါနဲ့ အန်တီနဲ့ လေးလေးစားစားရှိလှလို့ကျေးဇူးတွေ တင်ပါသည်။

ညနေ (၆း၀၀)ရှိပြီမို့ ဆိုင်ကယ်ရီဂွားတာ အဆင်မပြေခဲ့သော် မဖူးဖြစ်ခဲ့လျှင် မှန်ဦးလေးပဲ မှတ်တမ်းတင်ရလည်း မနည်းဘူးအတွေးနဲ့ မှန်ဦးရောက်အောင် အတော့်ကို ပြန်သွားပြီး ဓါတ်ပုံရိုက်ခဲ့ပါသည်။ မှောင်စပြုလို့ အလင်းနည်းပါတယ်။ ပုံထွက်ကောင်းပါစေဟု ဆုတောင်းပါသည် ကိုကြည်စိုးပြန်လာပြီး တောင်တက်ဆိုင်ကယ်ကယ်ရီ (၄)စီး ငှားလာပါတယ်။ မတ်စောက်မြင့်လှသည့် တောင်တက်။ လမ်းမှောင်နေမှာ သေချာသော်လည်း ထားဝယ်မြို့၏ အထင်ကရ "ရှင်ကိုးရှင်" မှ တစ်ဆူအပါအဝင် "ရှင်တောင့်ပုံဘုရား" ဖူးချင်လှ၍ နောက်မဆုတ်ပါ ခင်ပွန်းသည်ကတစ်စီး စာရေးသူက တစ်စီးနဲ့တက်ခဲ့ရသော်လည်း ကြောက်ကြောက်နဲ့ပဲဘုရားစာအဆက်မပြတ် ရွတ်ဖတ်ပါသည်။ ဘုရားတန်ခိုးတော်နဲ့ အန္တရာယ်ကင်းမှာပါ။ ကယ်ရီသမားလေးက "တောင်တက်ခရီးမို့ သေချာကိုင်စီးပါအန်တီ မတ်စောက်တဲ့ နေရာရောက်ရင်ရပ်ပေးပါ့မယ် အန္တရာယ်ကင်းအောင် ခွစီးရပါမယ်တဲ့" ဘုရားရေ ဒီအသက်ဒီအရွယ်ရှိပြီ ခွဲလို မစီးဘူးပါဘူးဟယ် မတတ်နိုင်ပါဘူး ရခဲဘုရားဖူးချင်သူလေ စီးရပါတယ်။ မှောင်ကမှောင် လမ်းမီးမရှိ ဆိုင်ကယ်မီးအားကိုနဲ့ တောင်တက်ခရီးလမ်းကကြမ်း တောင်ကမတ်စောက်၊ အကွေ့တွေကများချက် အနည်းဆုံး (၁၂)ကွေ့ခန့်ရှိပါသည်။ ဘုရားစာရွတ်ဖတ်ရတာ အာတွေခြောက်ခမန်းပါ။ ရင်တထိတ်ထိတ်နဲ့ စီးရတာပါ။ တဖြည်းဖြည်းနဲ့ စေတီထိပ်မှ ပွင့်ဖော်ထားသည့် မီးရောင်ပြပြလေးလှမ်းမြင်ရချိန်မှာ စိတ်နည်းနည်း အေးသွားပါတယ်။ ဘုရားကုန်းတော်ပေါ် မတက်ခင်မှာ ကယ်ရီသမားလေးက "အန်တီဖိနပ်ချွတ်ကိုင်ပြီးစီးပါတဲ့" ဘာသာရေးအလေးထားသည့် ထားဝယ်သားတွေရဲ့ သူတို့အရပ်ဒေသချစ်စရာ လေးစားစရာကောင်းလှပါတယ်။ အချို့အရပ်ဒေသတွေမှာဆို ဆိုင်





www.burmeseclassic.com

www.burmeseclassic.com

ကယ်ပေါ်ပဲ ဘုရားကုန်းမြေ နင်းတာမှ မဟုတ်ဆိုပြီး မချွတ်ကြပါဘူး။ တကယ့်ကိုလေးစားပါတယ်။ ဘုရားကုန်းတော်ပေါ် ရောက်မှာပဲ ရင်အေးပါသည်။ မှောင်ပြီဖြစ်ပေမယ့် လွန်စွာသပ္ပါယ်လှသည့် ရုပ်ပွားတော် ဘုရားစေတီတို့ကို မှတ်တမ်းတင်ပါသည်။ လှူပါသည်။ ဆရာတော်ကိုလည်း ဝတ္တကပ်ပါသည်။ ဘုရားဖူးချင်စိတ်ပြင်းပြလို့သာ တောင်ပေါ်စတက်ပါပြီဆိုထဲက မတော်တာဆဆိုသည့် စိုးရိမ်စိတ်မတ်စောက်ပြီး အကွေ့အကောက်များလမ်းမီးမရှိသည့် ရှင်တောင့်ပုံဘုရားကိုဖူးချင်ဇောနဲ့ အားတင်း၍တက်ရောက်ဖူးခဲ့သော်လည်း သားကြီးတို့နှင့်မြေး (၂) ယောက်ကိုတော့ စိုးရိမ်ပြီး စိတ်မချလို့မတက်လာပါစေနဲ့ ဆုတောင်းပါဆို စာရေးသူတို့နဲ့ မရှေးမနှောင်း ဆိုင်ကယ် (၂)စီးနှင့် မိသားစုတွေတက်လာတာကြည့်ပါဦး မှောင်လှမတ်စောက်လှတောင်တက်လမ်းကို မကြောက်မရွံ့တက်ခဲ့ကြတယ်။ ကိုယ်သာဲဆို ကလေးငယ်တွေ့အတွက်စဉ်းစားပြီး တက်ရဲမှာမဟုတ်ပါ။ မိဘနှစ်ပါးဖူးချင်လှသည့် ရှင်တောင့်ပုံဘုရား ဖူးစေရန်တောင်တက်ခရီးကြမ်းကိုစွန့်စွန့်စားစား ကိုယ်တိုင်ကိုယ်ကျကလေးငယ် (၂)ယောက်ကိုပါ ခေါ်ဆောင်ပြီးလိုက်ပါခဲ့သည့် သားကြီးနှင့်စုတို့ကို ကျေးဇူးတင်ပြီး သာဓုခေါ်ပါသည်။

ဤရှင်တောင့်ပုံ တောင်တက်ခရီးမှာ နံနက် (သို့)နေ့လယ်နေ့ခင်း မြင်





www.burmeseclassic.com

www.burmeseclassic.com

မြင်ထင်ထင်မှာဆို သဘာဝရေတံခွန်တွေ သာယာလှပတော့ တောင်ရှုခင်းအလှ တရားတွေနဲ့ ရှုမဆုံးကြည့်မဝပါတဲ့ မှောင်မှမှောင်ဆိုတဲ့ အချိန်မှ တက်ခဲ့ရတာ ရေးသူတို့တော့ မခံစားရပါ။ ဖူးရခဲ့သည့် ရှင်ကိုးရှင်မှ ရှင်တောင့်ပုံဘုရားကို ဖူးရတာကိုမနည်းမနော ကုသိုလ်ကြီးပါ။ ရှင်တောင့်ပုံတောင်တက် ခရီးကြမ်းကြမ်း။ အကွေ့တွေများနဲ့ ဆိုင်ကယ်နဲ့ကိုအတန် ကြာမောင်းတက်ရတာပါ။ သရက်ချောင်း မြို့တောင်ခြေရင်း၌ တည်ရှိသည့်ရှင်တောင့်ပုံတောင်သည် အမြင့်ပေပေါင်း (၂၀၀၀)ကျော်ခန့်ရှိ၍ ရေးအခါကတောင်တက်လမ်း တစ်မိုင်ခန့်မှာ လမ်း၏(၃)ပုံ (၁)ပုံခန့်မျှသာ ပြေပြစ်၍ကျန် (၂)ပုံမှာမတ်စောက်သဖြင့် အတိုးကြီး၊ အသွားကြီးများ တက်နိုင်စွမ်းမရှိ၍ သူတို့အတွက် တောင်ပေါ်ရှိ တောင်စောင့်နတ်ကြီးအား ကိုးကွယ်ပူဇော်ခါ ဆုတောင်းဆုယူပြုကြစေရန် ထိုလမ်း၏ (၃)ပုံ (၁)ပုံခန့်နေရာတွင် ယာယီနတ်ကွန်းဆောက် လုပ်ထားရှိလေသည်။ (ထိုယာယီနတ်ကွန်းနေရာ ကွက်လပ်မှာ ယနေ့တိုင်ရှိလေသည်။) ယခုအခါနတ်ကွန်းမှာ တောင်ပေါ်တွင် ဖြစ်လေသည်။ ယင်းယာယီနတ်ကွန်း၌ ကန်တော့ပွဲ ပန်းဆီမီးများနှင့် ရွှေပြားများ ကပ်ခါပူဇော်ကြရသည့် အကြောင်းကို ယင်းခေတ်စာဆိုသူပညာရှိ တစ်ဦးကဖွဲ့စပ် သီဆိုထားရှိသည့် ထားဝယ်ဓိန်းသံ သီချင်းကို မြန်မာလိုပြန်ဆိုရမူ (တောင်းပုံ တောင်းပုံ ရှင်တောင်းပုံ တောင်းပုံ မတ်စောက်တက်မရောက်၊ အောက်က ကွန်းယာ၊ ရွှေပြားနှင့် ပူဇော်ပါကိုလေး၊ အိုအစ်မရေ ကျွန်မတို့ရွာကို လွမ်းလှသလေးဟု၍ ထားဝယ်ဓိန်းသံ သီချင်းကိုစပ်ဆိုခဲ့ပါသည်။) "ရှင်တောင့်ပုံဘုရား" ဖူးပို့ပေးသည့် သားကြီးတောင်တက်ကယ်ရီ စီစဉ်ပေးသည့် ကိုကြည်စိုး ကျွမ်းကျွမ်းကျင်ကျင် ကယ်ရီမောင်းပို့သော ကလေးတွေကို ကျေးဇူးတင် သာခုခေါ်၍ နှုတ်ဆက်ပြီး ပြန်လာပါသည်။

ညနေစာကို သားကြီးကမြေအိုးမြီးရှည် ထားဝယ်အာပုံမုန့်တို့ကို ဝယ်ကျွေးတာစားလို့ ကောင်းပါတယ်။ အထူးသဖြင့် အုန်းသီးပေါ်သော ပင်လယ်ကမ်းကမ်းခြေ ထားဝယ်မြို့သည်-အုန်းသီးကိုအားပြုလုပ်သော ဒေသအစားအစာတွေအမျိုးမျိုးပါ။ အာပုံမုန့်သည် အုန်းနို့ရည်နှင့် ပြုလုပ်သော ဆန်မုန့်ဖြစ်ပြီး ပူပူနွေးနွေးဆို အလွန်စားကောင်းလို့ ကြိုက်ပါသည်။ ပြန်တော့မည့် မိခင်ကို "မေမေ ဘာဝယ်ချင်သေးလဲ ဘာဝယ်ပေးရမလဲ ညီလတ်အတွက်အင်္ကျီဝယ်ပေးမယ်" ပြောနေလို့တော်ပါပြီကွယ် သားကြီးမှာ အကုန်အကျများနေပါပြီး ညီငယ် (၃)ယောက်အတွက် ပစ္စည်းကောင်းလေးတွေ ဝယ်ပေးပြန်လို့အားနာရပါတယ်။ မိဘတွေကို ဘုရားဖူးတွေပို့လိုလေသေးမရှိ ဂရုစိုက်၊ မြေးတွေအလှူမှာဆုံချင်လို့ ခရီးစရိတ်၊ လေယာဉ်လက်မှတ်တွေစီစဉ်ပေး ဝယ်ချမ်းပေးနဲ့ အားနာလှပါဆို နေရပ်ပြန်ကြတော့မည့် မိဘနှစ်ပါးကို ကန့်တော့ပြီး အပြန်ခရီးစရိတ်ပါ ထည့်ပေးလို့ "တော်ပါပြီးသားကြီးရယ် မေမေတို့မှာ လုံလောက်ပါတယ်" ငြင်းလည်းမရပါ။ ယူပါမေမေ ယူပါနဲ့


www.burmeseclassic.com

www.burmeseclassic.com

အတင်းကို လက်ထဲထည့်ပေးသည့်သားကြီးပါ ဝမ်းသားကြည်နူးရပါတယ်။ ဆုတွေပေးပါသည်။ ပုဇွန်ခြောက်ဝယ်ပြီးပါပြီဆို စုကအဆောင့်ရှိ ပုဇွန်ခြောက်ဘူးကိုပါ ထည့်ပေးပါတယ်။ ခင်လေးထွန်းကလည်း ငပိ၊ နာနတ်ယိုတို့ကို လက်ဆောင်ပေးလို့ ကျေးဇူးတင်အားနာရပါသည်။ နက်ဖြန်ခါဆိုမွေးရပ်မြေကို ပြန်ကြတော့မယ်။ သားကြီးမြေးတို့နှင့် (၁၅)ရက်ခန့် နွေးနွေးထွေးထွေးနေခဲ့ရပြီး ယခုခွဲရတော့မယ်။ ရင်ထဲတော်တော် မကောင်းပါ။ ချစ်စရာ သနားဘွယ်မြေးဦးလေးကို ခွဲရဦးမယ် ဘိုးဘိုး၊ ဘွားဘွားနဲ့ ညစဉ်ပုံပြင်ပြောပြပြီးအတူ အိပ်သည့်မြေးလေးကို ချစ်မဝခွဲမသွားလိုပါ။

(၁ ၊ ၁၁ ၊ ၂၀၁၀)နံနက် (၂း၀၀)နာရီအချိန်တွင် အိပ်ရာထ (၃း၀၀) သားကြီးက ဘူတာလိုက်ပို့ပါသည်။ သားကြီးတို့က ထားဝယ်၊ ရန်ကုန်ကို လေယာဉ်နဲ့ ပြန်ချင်သည့် စာရေးသူတို့က ဘူတာသို့သွားသည့် လမ်းနှင့်ရထားချိန်စုံစမ်းထားပြီးသော်လည်း တစ်ခေါက်ပဲရောက်ဘူးသည့်လမ်း နံနက်လင်းအားကြီး အမှောင်အား ကများချိန်ဆိုတော့ လမ်းကမကျွဲပြား မြတ်ဘုရားကိုပဲ တိုင်တည်ဆုတောင်းရ လမ်းစကိုမြင်မှဟုတ်ပြီ တကယ်ပဲဘူတာသို့သွားသည့် လမ်းပါ။ ယခုမှစိတ်အေးရပါသည်။ (၃း၁၅)ပါ သားကြီးခမျာ တာဝန်တွေးများလို့ နေ့စဉ်ပင်ပန်းပါခို့ အခုအိပ်ရေးပျက်ရပြီ။ စားသောက်ဆိုင်မှာ ခဏနားရင်း ခင်ပွန်းသည်က ကော်ဖီမုန့်မှာ သောက်ပါသည်။ စာရေးသူက ဒီလောက်အစောကြီးမစာတတ်ပါ။ အိပ်ပျော်ပြီး ကျန်ရစ်ခဲ့မြေးလေး။ အိပ်ရာနိုးတာနဲ့ အနားမှာမရှိတော့သည့် ဘိုးဘိုး၊ ဘွားဘွားကို မျှော်စီရှာတော့မယ်နဲ့ မြေးလေးကိုသနားပြီးလွမ်းမိပါတော့တယ်။သားသမီးအချစ် မြေးအနှစ်ဆိုတာ တကယ့်ကိုမှန်ပါလား။

ရထားထွက်ချိန် လိုသေးမို့ သားကြီးနာချိန်ရအောင် ဌတ်ပြန်ခိုင်းရပါတယ်။ မြေးလေးကိုဂရုစိုက်ပါ မှာရပါတယ်။ မှန်ပြပြလုသူမရှိသေးသည့် လမ်းမပေါ်ကား တစ်စီးနဲ့ထွက်သွားသည့်သားကြီးကိုငေးကြည့်ရင်း မျက်ရည်တွေလည်ပြီး ခွဲရပြန်ပြီပေါ့ မေမေ့သားကြီးရယ် သားကြီးမြေးတို့ကို လွမ်းဆွတ်ဝေဒနာတသသနဲ့ ရထားကြီးခေါ်ဆောင်ရာသို့လိုက်ပါရင်း ခွဲခွာနှုတ်ဆက်ခဲ့ပါတယ် ချစ်စရာမြို့ထားဝယ်။

(၁၈၊၁၀၊ ၂၀၁၀)မှ (၁၊ ၁၁ ၂၀၁၀) ရန်ကုန်ထားဝယ် ခရီးစဉ်တွင် ဖူးခဲ့ရ "ရှင်ကိုးရှင်" ဘုရားများမှ ဖူးရန်ကျန်ခဲ့သည့်မှာ ဆံတော်အစစ်ကိန်းဝင်တော်မူရာ "ရှင်ဆံတော် (သို့) ကလိန်အောင် ဆုတောင်းပြည့် ဆံတော်ရှင်စေတီတော်" ဖြစ်ပါသည်။ ယင်းဆံတော်ရှင် ကလိန်အောင်ဘုရားကို (၄၊ ၁၁၊ ၂၀၁၄) မြန်မာ၊ ထိုင်း၊ ချစ်ကြည်ရေး ထားဝယ်တန်ဆောင်တိုင်ပွဲတော်မှ သားကြီးကဖိတ်ခေါ်၍ လိုက်ပို့ပေးမည်ပြောပါ၍ ဝမ်းသာကျေးဇူးတင်ပါသည်။ ရတနာသုံးပါးကို အလွန်ကြည်ညို လေးစားတော်မူသည့် နရတိမင်းမြတ် တည်ထားတော်မူသည့် ယင်းဆုတောင်းပြည့် ကလိန်အောင် ဆံတော်ရှင် စေတီတော်မြတ်သည် ထား



www.burmeseclassic.com

www.burmeseclassic.com

ဝယ်မြို့မှ မြောက်ဘက် (၄၇)မိုင်ခရီးအကွာ ထားဝယ်မြို့နှင့် ရေးမြို့သွားကားလမ်းပေါ်ရှိ ကလိန်အောင် ရွာကြီးအနောက်ဘက် ထားဝယ်မြစ်ကမ်းရှိ တောင်ပေါ်တွင် တည်ရှိလေသည်။ နှစ်စဉ်တပို့တွဲလပြည့်နေ့ ကျရောက်တိုင်း ဘုရားပွဲတော်ကို ကြီးကျယ်ခမ်းနားစွာ ကျင်းပပြုလုပ်ကြလေသည်။

နံနက် (၆း၃၀)ခန့်စထွက်ခဲ့ပြီး အစောစာသားကြီးက ကျွေးပါတယ်။ နန်းကြီးသုပ်မှာ စားတာကောင်းပါသည်။ ဤဆိုင်မှာ စားကြသူတွေ နေရာလပ်မရှိအပြည့်မို့ အလှူပေးနေလားထင်ရပါသည်။ ကလိန်အောင်ခရီးစဉ်ဝေးလှ၍ ရောက်နိုး၊ ရောက်နိုးနဲ့ပါ။ လမ်းခရီးတစ်နေရာတွင် ကားခဏရပ်နားပြီး စာရေးသူတို့သားကြီးတို့ မိသားစု၊ ကားဆရာနှစ်ဦးပါ အဆာပြေစားသောက်ရင်း ကာရောလှုပါ ခဏနားရပါတယ်။ ကလိန်အောင်မြို့နယ်ထဲမှ "ဆံတော်ရှင်ကလိန်အောင် စေတီတော်" တောင်ကိုပတ်၍ ကားလမ်းဖောက်နေဆဲမို့ ပြုပြင်နေဆဲကုသိုလ်ရှင်တွေကို ကျေးဇူးတင်ရှိပြီးသာခုခေါ်ပါသည်။ စာရေးသူတို့လာနေဆဲခရီးမှာကို လမ်းမကောင်းသေးပါ။ ကျွေ့ခါပတ်ခါတက်ရတာမလွယ်ပါ။ ကားဆရာက ကျွမ်းကျွမ်းကျင်ကျင် ဂရုစိုက်မောင်းတတ်လို့သာ နံနက် (၁၀ ·၁၀)ခန့် ကောင်းမွန်စွာနှင့် ဘုရားစောင်းတန်းခြေရင်းသို့ ရောက်ပါသည်။ မြင့်မားလှတောင်ပေါ်မှာ တည်ထားသည်မို့ စောင်းတန်းရှည်ကြီးရှိသော်လည်း အမြင့်ကြီးတက်ရလို့ အသက်အရွယ်ရ လူကြီးတွေကျန်းမာရေးမကောင်းသူတွေ အတော့်ကိုမောအောင်တက်ရမှာပါ။ ယခင်တစ်ခေါက် ထားဝယ်လာစဉ်ထဲက ဖူးရန်ကျန်ခဲ့သည့် တစ်ဆူတည်းသော "ဆံတော်ရှင် ကလိန်အောင်စေတီတော်" အား မကြာမီထားဝယ်သို့ တစ်ခေါက်ထပ်မံသွားရပြီး ဖူးဖြစ်အောင် ဖူးပါရစေ ဆုတောင်းပြည့်သည့် အတွက်ဝမ်းသာပီတိဖြစ်ရပြီး သားကြီးကိုကျေးဇူးတွေတင်ပါသည်။ ဖူးချင်လှကလိန်အောင်စေတီတော် ဝင်းဝင်းဝါဝါရွှေတောင်ကြီးတည်ထားသလို ဝင်းနစ်သပ္ပါယ်လှပါသည်။ ဖူးကိုဖူးရပါပြီ စေတီပတ်လည်မှာရွှေတုံးရွှေခဲတွေပမာ စုထွက်နေတာကိုထူးဆန်းစွာမြင်တွေ့ရလို့ အလှူခံဌာနမှာလူ့ရှင်းစုံစမ်းကြည့်ရာ သဘာဝကျောက်အရှင်ကဲ့သို့ ထွက်ပေါ်နေတာပါတဲ့ ထူးဆန်းပြီး တန်ခိုးတော်ကြီးလှပါသည်။ (၈·၁၁·၂၀၁၄)နေ့မှာ ဖူးရတာပါ။ "ရှင်ဆံတော် (သို့) ကလိန်အောင်ဆံတော်ရှင်ဘုရား" သည် နေ့ကောင်းရက်မြတ်များတွင် တစ်နေ့တည်း (၂)ကြိမ်မှ (၃)ကြိမ်အထိ ရောင်ခြည်တော်များ ကွန့်မြူးလေ့ရှိကြောင်း သိရပါသည်။ စာရေးဆရာကြီး ထားဝယ်ရွှေဝယ် (ဦးဘအေး)၏ ထားဝယ်ရာဇဝင် သမိုင်းတော်ကြီးမှ ကိုးကားရပါ၍ ဆရာကြီးကိုဂါဝရပြု ကျေးဇူးအထူးတင်ရှိပါသည်။ ထားဝယ်မြို့၏ အထင်ကရဖူးချင်ပါသည့် သမိုင်းဝင်ရှင်ကိုးရှင်ဘုရား (၉)ဆူးကို ပြည့်စုံအောင်ဖူးခဲ့ရပြီမို့ ဘုရားဖူးပို့ပေးသော သားကြီးကို ကျေးဇူးလွန်စွာတင်ပါသည်။

ဤဘုရား သမိုင်းစာအုပ်ကိုဝယ်ပေးပါသော သားကြီးမိဘနှင့်ပါးကို



www.burmeseclassic.com

www.burmeseclassic.com

ဘုရားဖူးပို့ပေး။ ဂရုစိုက်ပြုစုစောင့်ရှောက်သည့်သားကြီးနှင့် မိသားစု၊ အလှူရှင် အဘွားဒေါ်ကျင်မြနှင့် သမီးကြီးမချိန်ကြည် ရှင်မော်(သို့) ရှင်မှော်တောင်သို့ ဘုရားဖူးပို့ပေးသည့် မလတ်နှင့်သမီးလွင်လွင်မိသားစု တည်းခိုရသည့် ဦးထွန်းမြင့် မိသားစု ကူညီပေးသော သမီးခင်လေးထွန်း မိသားစုနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့ကို ကျေးဇူးအထူးတင်ရှိပါသည်။ လိုအပ်ချက်ရှိနိုင်မည့် စာရေးသူ၏ စာမူလေးများကို မဂ္ဂဇင်းစာမျက်နှာပေါ်တင်ပေးပါသည့် ဆရာဦးကျော်ကျော်ဆွေ (စာရေးသူ၏ ဒုတိယမိခင်မဂ္ဂဇင်း) ဖြစ်သည့် လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းကိုလည်း ကျေးဇူးအထူးတင်ပါသည်။ ကျန်းမာရေး မပြည့်စုံသည့်ကြားမှ စာပေဝါသနာကြီးစွာနှင့်ရေးပါသည် စာရေးသူ၏ စာမူတို့မှာ လိုအပ်မှုလေးများရှိခဲ့လျှင်သည်ခံ ဖြည့်စွက်ပေးပါလို့ ကျေးဇူးရှင် စာဖတ်ပရိသတ်တို့ကို မေတ္တာရပ်ခံပါသည်။ မှတ်တမ်းဓါတ်ပုံများကို စေတနာထားထုတ်ပေးပါသော သမီးစုငယ်၊ စိတ်ရှည်လက်ရှည် တစ်ပေးပါသော သမီးတော်ကွန်ပျူတာအဖွဲ့တို့ကို ကျေးဇူးတင်ရှိပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

ကြည်ကြည်ကျော်

(ရင်တွင်းပုံရိပ်)

ပျဉ်းမနား

ဆရာမကြီး

ဒေါ်အိန်းယု

အမှတ် တံဆိပ်

မှတ်ပုံတင်ပြီး

ဓားတံဆိပ်

ငှက်ဖျားဆေး

အမှတ်-၁၉/၂၁၊ကျောင်းလမ်း၊မင်္ဂလာတောင်ညွန့်၊ရန်ကုန်မြို့

တိုင်းရင်းဆေးဝါးယာယီမှတ်ပုံတင်အမှတ် - 0610Y008484



www.burmeseclassic.com

www.burmeseclassic.com



အမှတ်တရ မြို့တော်စည်ပင်(၄)

# မြင်သူမသိဘေးဘော

# ဗိုလ်ချုပ်မှူးကြီးသန်းရွှေအကြောင်း

သောင်းဝေဦး

www.burmeseclassic.com

www.burmeseclassic.com

,civrtqu

## အခန်း (၃၁)

### ဒီတစ်ခါတော့ Y.C.D.C အလှည့်

ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ၁၉၉၇ ခုနှစ် နှစ်ကုန်တွင် သူ၏ နဝတ ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးများကို ဖြုတ်ထုတ်ရှင်းပြုလုပ်၍ နဝတအား နအဖအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့လေသည်။

ဒါသာမကပါ။ သူ၏ ဝန်ကြီးဌာနများတွင်လည်း ယခင် ဗိုလ်ချုပ်ကြီးဟောင်းများ၏ အမာခံလူများကို တပ် မတော်ထောက်လှမ်းရေး၏ အကူအညီဖြင့် ရှင်းလင်းပစ်ခဲ့၏။ ရှင်းလင်းစေခဲ့၏။ အထူးသဖြင့် လူပြောသူပြောများသည့် ဝန်ကြီးဌာနများ ဖြစ်ကြသည်။

ဥပမာ

- ဟော်တယ်ခရီး ဝန်ကြီးဌာန
- ကုန်သွယ်ရေးဝန်ကြီးဌာန
- လယ်ဆည်ဝန်ကြီးဌာန

သူကိုယ်တိုင် တိုက်ရိုက်ကိုင်တွယ်နေသော Y.C.D.C ကိုလည်း အလွတ်မပေးခဲ့ပါ။

မြို့တော်ဝန်ဦးကိုလေးကို နိုဝင်ဘာလကုန်တွင် ခေါ်တွေ့၏။

"ကဲ ... မြို့တော်ဝန် ငါ့အစိုးရအဖွဲ့ကိုတော့ ငါ အပြတ်ရှင်းလိုက်ပြီးပြီ။ မင်း Y.C.D.C လည်း ရှင်းတော့"

"ငါခေါ်ထားတဲ့ ဒုမြို့တော်ဝန်ကလွဲပြီး ကျန်တဲ့လူတွေ မထားနဲ့တော့ကွာ။ ရှင်းလိုက်။ အသစ်ပြန်ဖွဲ့"

မြို့တော်ဝန်ဦးကိုလေးကား တပည့်သားမြေးများ အပေါ် အလွန်သံယောဇဉ်ကြီးသူ ဖြစ်၏။

မြို့တော်စည်ပင်တွင် ရှိနေသူများအနက် နောက်ဆုံး ခေါ်ထားသည် ဗိုလ်မှူးကြီးအောင်စိုးနှင့် ကျွန်တော်တို့သည်ကား သူနှင့် အတော်ကြာအောင် တစ်တပ်တည်း အတူနေခဲ့ပြီး သူ့ညီတပည့်များ ဆိုရပါ၏။ ယောက်ျားချင်းသာမက မိသားစုလိုက်ပါ အထူးရင်းနှီးချစ်ခင်နေကြရာ တကယ့်ဆွေမျိုးရင်းချာပမာ ဖြစ်နေကြပါသည်။

တပည့်တွေပေါ် သံယောဇဉ် အလွန်ကြီးသော မြို့တော်ဝန်က ဗိုလ်ချုပ်မှူးကြီးအား ခြေသလုံးဖက်မတတ် အထူးတောင်းပန်တိုးလျှိုးပြီး သူ့ Organization အား မဖျက်ရအောင် ပြောဆိုလေတော့သည်။

"ဗိုလ်ချုပ်မှူးကြီးခင်ဗျာ .. ကျွန်တော့်လူတွေက ဘာအမှားကြီးတွေမှ မကျူးလွန်ကြပါဖူးခင်ဗျာ။ ကျွန်တော် တာဝန်ယူပါတယ်။ အထူးသဖြင့် အောင်စိုးတို့၊ သောင်းဝေတို့ဆိုတာ ရောက်တာ ဘာမှမကြာသေးပါဘူး။ တစ်နှစ်၊ နှစ်နှစ်ပဲ ရှိကြပါသေးတယ်။ လူငယ်တွေပါ။ ဘာမှလည်း မဟုတ်တာ မလုပ်တတ်ရှာကြဘူး။ သည်းခံခွင့်လွှတ်ပေး



www.burmeseclassic.com

www.burmeseclassic.com

ပါခင်ဗျာ"

မြို့တော်ဝန်၏ အကြိမ်ကြိမ် တောင်းပန်တိုးလျှိုး မှုကြောင့် Y.C.D.C ကော်မတီ ဖျက်လိုက်ရမည့် အရေးမှ ကင်းဝေးသွားခဲ့ပါသည်။

"အေး ... ကောင်းပြီ။ မင်း ကော်မတီ မဖျက်ချင် လည်း ရတယ်။ ဒါပေမဲ့ ဒီကောင့်တော့ မထားနဲ့တော့"

ဟုဆိုကာ သူ့အံဆွဲထဲမှ ဖိုင်တစ်ခု ထုတ်ပေးသည်။

ထိုဖိုင်မှာ အတွင်းရေးမှူး ဗိုလ်မှူးကြီး ကျော်ဝင်းအား တိုင်တန်းထားသည့် စာဖိုင်ဖြစ်၏။

ဗိုလ်မှူးကြီး ကျော်ဝင်းက မြေယာနှင့် အဆောက်အဦဌာနမှာ ကိုင်တွယ်ရရာ အလွန်လက်စောင်းထက်၏။ Aggressive ဖြစ်သူဖြစ်သဖြင့် စကားပြောလျှင်လည်း အတော်မာရေကျောရေ နိုင်၏။ စစ်ရုံးက အရာရှိကြီးများနှင့်လည်း သိပ်အဆင်ပြေသူ မဟုတ်။

တစ်ခါက တပ်မတော်နေ့ စစ်ရေးပြအတွက် တော်လှန်ရေးပန်းခြံနှင့် ကွင်းပြင်ဆင်ရေးအတွက် ဘတ်ဂျက် တောင်းရာ များသည်ဆိုပြီး စစ်ရုံးက ဗိုလ်ချုပ်တစ်ဦးနှင့် စကားများကြ၏။ ထိုအစည်းအဝေးတွင် ကျွန်တော် ပါပါသည်။ မကြာမီ သတင်းထွက်လာ၏။

"အတွင်းရေးမှူးက စစ်တပ်ကို တောင် မသဒ္ဒါဘူး"

ဟူ၍ ဖြစ်၏။

ယခုတိုင်စာကိစ္စမှာ ရွှေဂုံတိုင်အပိုင်းနားက ဘာ ရျော်ဂျီကုန်းအား မြို့ဖျက်ပြီး အိမ်သစ်များ တည်ဆောက်သည့်ကိစ္စနှင့် ပတ်သက်၍ တည်ဆောက်ရေးကုမ္ပဏီတစ်ခုက သိန်း ထောင်နှင့်ချီပြီး ကော်မရှင်ခတောင်းသည်ဆိုပြီး ဗိုလ်ချုပ်မှူးကြီးထံ ဦးတိုက်တိုင်ကြားသည့်စာဖြစ်၏။

အတွင်းရေးမှူးသည် ထိုစဉ်က ဗိုလ်ချုပ်ကြီး ခင်ညွန့်၏ တိုက်ရိုက်ကွပ်ကဲမှုဖြင့် ရန်ကုန်တစ်မြို့လုံးအား ပြန်လည်ပြုပြင်တည်ဆောက်နေရာ အချို့ဆို မြို့တော်ဝန်တောင် မသိလိုက်သည်များ ရှိခဲ့လေသည်။

လုပ်ပိုင်ခွင့်အားလုံးမှာ သူ့လက် သူ့ခြေချည်းသာ ဖြစ်၏။ ထိပ်က ဗိုလ်ချုပ်ကြီးခင်ညွန့် ခံနေသဖြင့် အတွင်းရေးမှူး၏ ဆောင်ရွက်ချက်များအား မြို့တော်ဝန်က ဘာမှ မပြောဘဲ နေခဲ့၏။

ဤသို့ဖြင့် ဘာရျော်ဂျီကုန်း မြို့ဖျက်ရေးတွင် ပြဿနာမှာ အထွတ်အထိပ်သို့ ရောက်သွားပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေဆီထိ တိုင်စာတင်သွားခြင်း ဖြစ်လေသည်။

ကော်မတီတစ်ခုလုံး ဖျက်သိမ်းရမည့်အစား အတွင်းရေးမှူးတစ်ဦးတည်း ဖယ်ရမည့်ကိစ္စကို မြို့တော်ဝန်မှ လက်ခံခဲ့ရလေတော့သည်။

ဤနေရာတွင် ကျွန်တော်နှင့် ဗိုလ်မှူးကြီးအောင်စိုးတို့အကြောင်း နည်းနည်းပြောချင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်မှူးကြီးအောင်စိုးသည် ၁၉၉၄ ခုနှစ်တွင် Y.C.D.C သို့ ရောက်ရှိသူဖြစ်သည်။ NDC နည်းပြမှ လာ သူဖြစ်၏။

DSA 8 မှ ဖြစ်သည်။

အရက် မသောက်တတ်။

ဆေးလိပ် မသောက်တတ်။

ကွမ်း မစားတတ်။ အလွန် ရိုးသားသူ ဖြစ်သည်။

သူ ကိုင်ရသည့် ဌာနများမှာလည်း သိပ် Hot မဖြစ်ပါ။

လူကြိုက်မများသော ဌာန သုံးခုသာ ဖြစ်၏။

ရေသန့်၊ စစ်ဆေးရေး၊ လုံခြုံရေး သုံးခုသာဖြစ် သည်။

သူနှင့်ပတ်သက်ပြီး ဘာ တိုင်စာ၊ တောစာမှ တက်စရာမရှိပါ။ ဘုရားတရားလည်း အလွန်လုပ်သူဖြစ်သည်။ လူမှုရေး အလွန်ကင်းရှင်း၏။

ကျွန်တော်ကတော့ ...

အရက် သောက်သည်။

ဆေးလိပ် မသောက်ပါ။

ကွမ်းမစားပါ။

လူမှုရေး ရှုပ်ထွေးမှုလည်း မရှိပါ။

ဘာသာရေးတော့ ဗိုလ်မှူးကြီးအောင်စိုးလောက် မလုပ်ဖြစ်ပါ။ နည်းနည်းပါးပါး စမည်ကြကာ ရှိပါသေးသည်။

အရက်ကိုလည်း တစ်နှစ်လျှင် ဝါတွင်းသုံးလ နားပါသည်။ နေ့မသောက်တတ်ပါ။ ည ထမင်းစားခါနီး တစ်ခွက် တစ်ဖလားမျှ သောက်ခြင်းသာဖြစ်ပါသည်။

အဲ ... လာဘ်လည်း မစားတတ်ပါ။

ပေးတာလည်း မယူရဲသေးပါ။

၁၉၉၇ ခုနှစ် နှစ်ကုန်သည် အထိ ဖြစ်ပါသည်။

၁၉၉၇ ခုနှစ်ကျော်တော့ မြို့တော်ဝန်ကြီးက ခေါ် ပြောသဖြင့် အဲ ... ပေးတာတော့ ထားခဲ့ ထားခဲ့ ဟု ပြောတတ်လာပါသည်။

တကယ်တော့ မြို့တော်စည်ပင်သည် Temptation အလွန်များသောဌာနကြီး ဖြစ်ပါသည်။ ဤဌာနကြီးတွင် တာဝန်ထမ်းဆောင်ရသည်မှာ ကြိုးတန်းလမ်းလျှောက်၊ ကြိုးတန်းမှ ကောင်းကင်ကြိုးတန်း။ ယိမ်းယိုင် စရာတွေ ပေါ်များလှသောကြောင့် တိုင်စာ၊ တောစာတွေ တက်တာ မထူးဆန်းလှပါ။ စည်ပင်ရောက်တာ ၂ နှစ် တောင် မပြည့်သေးခင်မှာ ပြုတ်တော့မလို့။ ဘာလာဘ်မှလည်း မစားရသေးဘဲနဲ့ စောစောစီးစီး ပြုတ်မသွားတဲ့ အတွက် မြို့တော်ဝန်ကြီးကို ကျေးဇူးတင်ရပါသည်ခင်များ။

ဗိုလ်မှူးကြီး ကျော်ဝင်း ထွက်သွားတော့ တွဲဖက် အတွင်းရေးမှူး ဗိုလ်မှူးကြီး မြင့်အောင် အတွင်းရေးမှူး ဖြစ်လာ၏။

ဗိုလ်မှူးကြီးမြင့်အောင်မှာ ရှေ့ကိုင်းမျက်မှန်နှင့် အသားဖြူဖြူ လူပုံချော၊ လူအေး၊ ကြော့လည်း



www.burmeseclassic.com

www.burmeseclassic.com

ကြောက် တတ်သည်။ ဘာမှလည်း စွတ်ရွတ်မလုပ်တတ်။ ထို့ကြောင့် ပြဿနာတော့ အတော်နည်းသွား၏။ အရာရာကို မြို့တော်ဝန်ကြီးအား ဦးတိုက်လေ့ရှိသဖြင့် ကော်မတီမှာ အရင်ကထက် ပိုပြီးညီညွတ်လာ၏။

တွဲဖက်အတွင်းရေးမှူး နေရာအတွက် ကော်မတီဝင် သုံးဦးမှ ရွေးရမည်ဖြစ်၏။

ဗိုလ်မှူး ကြည်ဝင်း၊

ဒုတိယဗိုလ်မှူးကြီး အောင်စိုးနှင့်

ကျွန်တော်တို့ ဖြစ်၏။

ကိုကြည်ဝင်းမှာ ကယား (၁) မှ ဗိုလ်မှူးရာထူးဖြင့် ၁၉၈၀ ခုနှစ်လောက်ကတည်းက မြို့တော်စည်ပင် ရောက်လာသူ ဖြစ်၏။ DSA 7 မှ ဖြစ်သည်။ အင်္ဂလိပ်စကားကို အထူးကျွမ်းကျင်စွာ ပြောနိုင်သည်။ စည်ပင် ရောက်တာ ၁၅ နှစ်ကျော်ပြီး လုပ်ငန်းလည်း ကျွမ်းသည်။ သူသည် ထိုကျွမ်းကျင်မှုများကြောင့် ဌာနစုမှူးမှ တဖြည်းဖြည်း ရာထူး တက်လာရာ နောက်ဆုံး ၁၉၉၃-၉၄ ခုနှစ်လောက်တွင် ကော်မတီဝင်ဖြစ်လာသူဖြစ်၏။

ထို့ကြောင့် မြို့တော်ဝန်ကြီးက သူ့အား တွဲဖက်အတွင်းရေးမှူး ပေးချင်သည်။ ထိုကိစ္စကို ကျွန်တော်နှင့် ဗိုလ်မှူးကြီး အောင်စိုးအား ခေါ်ပြော၏။

ကိုယ့်ထက်လည်း လုပ်ငန်းကျွမ်းသည်။

စီနီယာလည်းကျ အသက်လည်း ပိုကြီး

စသည့်အကြောင်းတရားများကြောင့် သူ့အား တွဲဖက်အတွင်းရေးမှူးတာဝန် ပေးမည့်ကိစ္စအား ကျွန်တော်တို့နှစ်ယောက်က တညီတညွတ်တည်း သဘောတူလိုက်ကြပါသည် ခင်ဗျား။

ဤသည်မှာ ၁၉၉၇ ခုနှစ်က နဝတအဖွဲ့ကြီး၏ ဖြုတ်ထုတ်ရှင်းပွဲကြီး၏ နောက်ဆက်တွဲဂယက်နှင့် ဆက်စပ်နေသည့် Y.C.D.C အား ရိုက်ခတ်မှုအကြောင်း တစေ့ တစောင်းပါ ခင်ဗျား။

ကံကောင်းလို့ သောင်းဝေဦးတို့ စောစောစီးစီး ပြုတ်မသွားတယ်။

■

## အခန်း (၃၂)

### မမျှော်လင့်ဘဲ
### လယ်သမားဖြစ်ရပြန်ခြင်း

စည်ပင်ရောက်တာ ၂ နှစ်ကျော်ပြီ။

ဒီ ၂ နှစ်အတွင်းမှာ သောင်းဝေဦးတို့ တော်တော် လူရည်လည်လာပြီ။ စောစောကတော့ အတော်အ,ပါသည်။

စစ်သားစိတ်မကုန်သေး ကျွန်တော်သည် အရာရာကို အမှန်တွေချည်းပဲ ပြောတတ်သည်။ စစ်တပ်က လိမ်၍ မရ။ လိမ်ရင် ဗိုဒ္ဓကွ ရောက်တော့၏။ စစ်ထဲဝင်ချင်

www.burmeseclassic.com

ဝင်ခြင်းပင် အမိန့်နာခံတတ်အောင်၊ မလိမ်တတ်အောင် စသင် ပါသည်။

ပင်ကိုယ်ကပင် မလိမ်တတ် မညာတတ်သော ကျွန်တော်သည် စစ်တပ်ထဲတွင် ပိုပြီး မလိမ်တတ် မညာတတ်သူ ဖြစ်လာ၏။

သို့ရာတွင် Y.C.D.C ရောက်တော့ ဒီလိုလုပ်လို့ မရတော့ပါ။ အားလုံးလိုလိုက လူလည်တွေ။ တော်တော်များများက အလိမ်အညာတွေ။ ပုံကြီးချဲ့ချင်သူတွေ။ တစ်ဆိတ်ကို တစ်အိတ်လုပ်ချင်သူတွေ။ ငိုပြနေသူတွေ။ ဤသို့သောသူများထဲဝယ် ပရိယာယ်ကို နားမလည်သော ကျွန်တော်သည် ဟိုလူယုံရမလိုလို၊ ဒီလူယုံရမလိုလိုနဲ့ ဒုက္ခရောက်ခဲ့၏။ ဗျာများခဲ့ရ၏။ လုပ်ငန်းများ မအောင်မြင်ခဲ့ပါခင်ဗျာ။ မြို့တော်ဝန် ဦးကိုလေးထံ မကြာခဏ အတိုင်ခံရပါသည်။

ဗိုလ်မှူးကြီးသောင်းဝေ ဆက်ဆံရေး မကောင်းကြောင်း။

ဗိုလ်မှူးကြီးသောင်းဝေ စိတ်တိုတတ်ကြောင်း။ ဘုဂလန့် ဖွ ပြောတတ်ကြောင်း စသည် ... စသည်တို့ ဖြစ်ပါ၏။

မြို့တော်ဝန်ကြီးက မကြာခဏ လူချင်းတွေ့တိုင်း ပြောတတ်၏။

"ဗိုလ်မှူးသောင်းဝေရေ Tactful နော် ... Tactful နော်"

အဓိပ္ပာယ်ကတော့ ပရိယာယ်ကြွယ်ကြွယ်နဲ့ လုပ်ပေါ့။

သိပ်မအူနဲ့၊ မအနဲ့။ ပေးတာယူ၊ ကျွေးတာ စား။ လုပ်ပေးနိုင်တာ လုပ်ပေးလိုက်။ လုပ်မပေးနိုင်တာလည်း တစ်ဖက်သား နားခံသာအောင် ပြော။ ဒါမှမဟုတ်လည်း အချိန်ဆွဲတဲ့ နည်းဗျူဟာကျင့်သုံး စသည် စသည် ပေါ့ဗျာ။

ပုတ်သင်ညိုများသည် မိုးတွင်း၌ အစိမ်းရောင်ဖြစ်၏။

နွေကာလတွင်ကား အဝါရောင်ပြောက်ကျားများ ဖြစ်ကုန်ကြ၏။

အလားတူပင် ရေခဲပြင်များတွင် နေထိုင်ကြသည့် ဝက်ဝံများ၊ ဝံပုလွေများ၊ မြေခွေးများ အားလုံးကား ဆွတ် ဆွတ်ဖြူကြ၏။

သဲကန္တာရတွင်နေထိုင်သည့် မြေခွေးများ၊ ကုလားအုတ်များ၊ တွားသွားသတ္တဝါများ အားလုံးကား သဲပြင်နှင့် အရောင်တူ အဝါရောင်များပါတည်း။

ကျွန်တော်သည် Y.C.D.C ရောက်သော်လည်း အပြာရောင် ယူနီဖောင်းဝတ်ချင်သူ မဟုတ်ပါ။ စစ်စိတ် စစ်သွေး မကုန်သေးသဖြင့် စစ်ယူနီဖောင်းအစိမ်းကိုသာ ဝတ်ဆင်သူ ဝတ်ချင်သူဖြစ်ပါသည်။ အငြိမ်းစား ယူသည် အထိ စစ်ယူနီဖောင်းကိုသာ ဝတ်ခဲ့ပါသည်။

အဲဒါကြောင့်လားတော့ မသိပါ။ ကျွန်တော့်ကို Facebook တွင် မလိုသူတွေက War Dog ဟု ပြောသူက ပြောကြ၏။





www.burmeseclassic.com

www.burmeseclassic.com

ပြောချင်ရာပြောကြပါစေ။

ကျွန်တော်သည် တပ်မတော်
ပင်စင်စား ဖြစ်၏။

သူ့ဆန်စားတော့ ရဲရပေ
မည်။

မင်းမှာ သစ္စာ၊ လူမှာ
ကတိတဲ့။

စာဆိုတော်ရှိသည် မဟုတ်
လားဗျာ။

ဘာတဲ့ ...

ကတိသစ္စာ တည်သောအခါ
တွင်

ပြဗ္ဗာလေးနက် ပေါ်ဆီတက်
၍

နွယ်မြက်သစ်ပင် ဆေးဖက်
ဝင်သတဲ့။

စစ်တပ်ထဲဝင်လိုက်မိလို့ ဒီလောက်အဆင့်တွေ ရောက်ပြီး ဒီနေရာရောက်လာတာပေါ့။ ဒီလမ်းကြောင်းက ပြေးလာလို့ ဒီလောက်မြန်တာပေါ့။

ကျွန်တော် ငယ်ငယ်တုန်းက စိတ်ကူးယဉ်ခဲ့သလို တက္ကသိုလ်ဆရာသွားလုပ်မိရင်တော့ အလွန်ဆုံး ပါမောက္ခချုပ်ပေါ့ ခင်ဗျာ။

ဒါပေမဲ့ စစ်တပ်ကနေပြီး ဗိုလ်မှူးကြီးအဆင့်နဲ့ ပညာရေးဌာနရောက်ရင်တော့ အနည်းဆုံး ညွှန်ချုပ်ပေါ့ဗျာ။ အဲဒါဆိုရင် အဲဒီ ပါမောက္ခတွေ၊ ပါမောက္ခချုပ်တွေ ကျွန်တော့်ကွပ်ကဲမှု အောက်ကပေါ့ဗျာ။

ကျွန်တော့်သူငယ်ချင်းတွေ တစ်ပတ်တည်းဆင်းတွေ ရှိကြသည်။

တစ်ယောက်က ဗိုလ်မှူးကြီးသိန်းအောင်။ ရိုးရိုး ဘီအေပဲ။ ဒါပေမဲ့ ဗိုလ်မှူးကြီးအဆင့်နဲ့ နယ်ဘက်ရောက်လာတော့ အထက်ဗမာပြည် ပညာရေးညွှန်ချုပ်ရာထူး ရ၏။ တတ်တာတွေ၊ မတတ်တာတွေ အသာထား စစ်အစိုးရ ခေတ်။ မိုးပေါ်က ကျလာတဲ့ မိုးကျရွှေကိုယ်တွေ။

အဲဒီလိုပဲ ကျွန်တော့် သူငယ်ချင်း တစ်ပတ်တည်း ဆင်း ဒုတိယဗိုလ်မှူးကြီး သူရအောင်ထွန်း။ သူကတော့ BA. BEd ဘွဲ့ရ။

သူ့ကိုတော့ ဒုတိယဗိုလ်မှူးကြီး ရာထူးနဲ့ပဲ မြန်မာနိုင်ငံ စာစစ်မင်းကြီးရာထူး ခန့်ပေးခဲ့၏။ သူလည်း မိုးကျ ရွှေကိုယ်ပဲလေ။

အောင်ထွန်းနဲ့ ကျွန်တော် သင်တန်းနှစ်ခု၊ သုံးခု အတူတက်ခဲ့ဖူးသည်။ စာတော့ တော်ပါသည်။ သို့ရာတွင် စာစစ်မင်းကြီးခန့်လောက်အောင် တော်, မတော် ကျွန်တော် မပြောနိုင်ပါခင်ဗျာ။

ကဲ ... စာရှည်သွားပါပြီ။

Y.C.D.C မှာ ၂ နှစ်ကျော်ကြာတော့ ကျွန်တော် အရောင်ပြောင်းခဲ့ပါသည်။ မပြောင်းလို့လည်း မရ။ ဒီရာထူးက နောက်ဆုံးရာထူး။ ဒီမှာမှ ဘဝနေဝင်ချိန်အတွက် မတည်ဆောက်နိုင်ရင် လုမ်လာတာတွေ အလကား ဖြစ်မည်။ ကိုယ်လည်း စိတ်ညစ်ရမည်။ နောက်မှ နောင်တရမည်။ နောင်တတစ်ဖန်ပူပန်ရမည်။


www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် Water Follow fish follow နေခဲ့ပြီး သဟာဇာတမှ စတင်ကျင့် သုံးဖြစ်ပါတော့သည်ခင်ဗျား။

အံမယ် ... အဲဒီကျတော့လည်း Y.C.D.C က တယ်နေလို့ကောင်းဗျာ။

If you want, you can get everything ပါပဲ။

အဲ ... သူတို့တောင်းဆိုတာတွေတော့ လုပ်ပေး ရမယ်နော်။

သူ့ဆန်စား ရဲရမယ်။

ထားပါတော့ဗျာ။ ဒါတွေ နောက်ပိုင်း ကြုံရင် ပြောပါဦးမည်။

အခုဟာက မမျှော်လင့်ဘဲ ကျွန်တော် လယ်သမား ဖြစ်လာတဲ့ အကြောင်း ရေးမလို့ ပြောမလို့ပါ။ ဟိုတုန်းကလည်း ရေးခဲ့ပြီးပါပြီ။ အတွဲ (၃) မှာလည်း ပါခဲ့ပြီးပါပြီ။ ဒါပေမဲ့ ဒီမှာလည်း နည်းနည်းတော့ ရေးမှဖြစ်မှာမို့ ရေးခွင့် ပြုပါခင်ဗျား။

❖ ❖ ❖

၁၉၉၈ ခုနှစ် မိုးတွင်းနေ့ တစ်နေ့။

ကျွန်တော်က ရုံးပေါ်က အဆင်း မြို့တော်ဝန်ကြီးက ရုံးပေါ် ပြန်အတက်။ Y.C.D.C ရုံးကြီးအဝင်တွင် တွေ့ကြသည်။

မျက်နှာမသာမယာနှင့်။

အကျိုးအကြောင်း မေးကြည့်တော့ စစ်ရုံးကပြန်လာတာတဲ့။

ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ခေါ်လို့ သွားရတာတဲ့။

ကိစ္စက ဘာလဲလို့မေးတော့ . . .

"စပါးစိုက်ခိုင်းတာပါဗျာ" တဲ့။

"မင်းက လူလည်းရှိတယ်။ ငွေလည်း ရှိတယ်။ စပါးစိုက်ကွာ"

ဆိုပြီး ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ရန်ကုန် ပတ်ဝန်းကျင်မှာ ရှိသည့် မြေလွတ် မြေလပ် မြေရိုင်းများကို စပါးစိုက်ပေးရန် မြို့တော်ဝန်အား ခေါ်ပြောခြင်း ဖြစ်သည်။

၁၉၉၇ ခုနှစ် ဖြတ်ထုတ်ရှင်းပွဲကြီး ပြီးသွားသောအခါ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မြေယာတော်လှန်ရေးကို အကြီးအကျယ် ဆင်နွှဲတော့၏။ အထူးသဖြင့် သူ တိုင်းမှူးဘဝနှင့် တာဝန်ယူခဲ့သော မြစ်ဝကျွန်းပေါ်ဒေသနှင့် ရန်ကုန်တိုင်းအတွင်းတို့တွင် လွတ်နေသော မြေတွေ အများကြီးရှိသည်။ အဲဒါတွေကို သွားရင်းလာရင်း သူ တွေ့နေသည်။

"အဲဒီ လွတ်နေတဲ့နေရာတွေကို ငွေတတ်နိုင် တဲ့လူတွေ တာဝန်ပေးပြီး စပါးစိုက်ခိုင်းကြကွာ။ လယ်သမားတွေ သွားမခိုင်းနဲ့ကွ။ သူတို့က အရင်းအနှီးရှိကြတာ မဟုတ်ဘူး"

ဤသို့ဖြင့် ၁၉၉၇ ခုနှစ် နောက်ပိုင်း၌ ရန်ကုန် ပတ်ဝန်းကျင် အထူးသဖြင့် လှိုင်မြစ်နှင့် ရေဝတီကြား အိုင်ကလောင် ဘောလည်ကျွန်း ပတ်ဝန်းကျင်ရှိ ရေကြီး ရေလျှံကွင်းများကို လယ်ဖော်၍ စပါးစိုက်ကွင်းများ ပေါ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com

ပုဂ္ဂလိက ငွေတတ်နိုင်သည့် ကုမ္ပဏီများနှင့် ဝန်ကြီး ဌာနများ အပြိုင်အဆိုင် ဆောင်ရွက်ကြ၏။

အစိုးရက မြေတွေ ကေ ထောင်သောင်းချီပြီး ချပေးသည်။

ပုဂ္ဂလိက ကုမ္ပဏီတွေ အပြိုင်အဆိုင် စပါးစိုက် ကြသည်။

စပါးစိုက်သည့် ကုမ္ပဏီများ အား ဟိုတုန်းက ပိတ်ထားသည့် ကားသွင်းခွင့်၊ လယ်ထွန်စက်နှင့် အခြားစက်ပစ္စည်းများ သွင်းခွင့်ပေးသည်။

ထို့ကြောင့် မြေလည်းရ၊ ကားတွေ၊ စက်တွေလည်း ရဖို့ စပါးစိုက်ချင်သူတွေ ပေါလှ၏။ မြေက အလကား နီးပါးပေးခြင်း ဖြစ်၏။

အခု ပြဿနာတက်နေတဲ့ မြေယာကိစ္စများကား ၁၉၉၇/၉၈ ခုနှစ် အဲဒီ မြေသိမ်းပြီး လယ်စိုက်ခဲ့သည့်ကိစ္စများက မြစ်ဖျားခံလာခဲ့ခြင်း ဖြစ်၏။

ဝန်ကြီးဌာနများတွင်YCDC ၊ ပြည်ထဲရေးနှင့် လယ်ဆည်တို့က ထိပ်ဆုံးက စိုက်ကြသည်။ ထိုဌာနကြီး သုံးခုသည် လူလည်း တတ်နိုင်၊ ငွေလည်း တတ်နိုင်သဖြင့် စပါးစိုက်ပျိုးရေးကို မလွှဲမရှောင်သာပဲ လက်ခံကြရ၏။

"မင်းစိုက်လို့ရတာ မင်းလူတွေ ပြန်ကျွေးပေါ့ကွာ"

မြို့တော်ဝန်အား ဗိုလ်ချုပ်မှူးကြီး သန်းရွှေက မှာလေသည်။

မလွှဲမရှောင်သာပဲ ရန်ကုန်နှင့် မိုင် လေး၊ ငါး၊ ခြောက်ဆယ် တောဆင်းပြီး လယ်စိုက်ရန် ဖြစ်လာတော့ ဘယ်သူမှ မလုပ်ချင်ကြပါ။

အစကနဦးက အတွင်းရေးမှူး ဗိုလ်မှူးကြီးမြင့်အောင်ကို တာဝန်ပေးရန် စီစဉ်ခဲ့၏။ ဗိုလ်မှူးကြီးမြင့်အောင်က လူပုံချော၊ ပြဇာတ်မင်းသား မြို့တော်သိန်းအောင်ရုပ်။ လယ်သမားနဲ့မှ မတူတာ။ ပြီးတော့ သူက သိပ်အသန့် အပြန့် ကြိုက်တာ။ ဘယ်ရွှံ့တော ဗွက်တောထဲ လယ်လုပ်ချင်မှာလဲ။

ကော်မတီဝင်တွေထဲက လယ်စိုက်ဖို့ တက်ကြွသည့် ကြက်ဖတစ်ကောင်မှ မတွေ့ရပါ။ အားလုံးက ငြိမ်ကုပ်နေကြသည်။ မြို့တော်ခန်းမကြီးမှာ ရုံးတစ်လုံး ဓားတစ်စင်းနဲ့ နေရတာ ဇိမ်ကျသည်လေ။ ဒီကနေ ဘယ်မှ မသွားချင်ဘူး။ ဒီမှာက **Everything O.K** ပဲ။

လယ်စိုက်တဲ့ကိစ္စအတွက် စစ်ရုံးတွင် အစည်းအဝေးတစ်ခါလုပ်တော့ ကျွန်တော်တို့ စည်ပင်အရာရှိတွေကို ဗိုလ်ချုပ်မှူးကြီးက မိန့်ခွန်းခြွေ၏။

"မင်းတို့ စည်ပင်က ကောင်တွေက တောဆင်းပြီး ဘယ်လယ်လုပ်ချင်ပါ့မလဲကွ။ ရန်ကုန်မှာ ရုံးကြီး ကန္တာရကြီး နဲ့၊ မဟောဂနီစားပွဲကြီးနဲ့၊ ကားလစ်ဘတ်ဘီယာနဲ့၊ စက္ကထေရီ မလေးတွေနဲ့ အတော်ဇိမ်ကျနေကြတာ မဟုတ်လား"

သူ ပြောတာ ဟုတ်သေ

လောက် ဟုတ်ပါသည်။ အကုန်လုံး တော့ မဟုတ်ပါ။

နောက်ဆုံး Volunteer Serviceဖြင့် ကျွန်တော် သောင်းဝေဦး သည် Y.C.D.C အတွက် Pioneer လယ်သမားကြီး ဖြစ်လာခဲ့ပါသည် ခင်ဗျာ။

**ကျွန်တော် လယ်သမားကြီး**

Y.C.D.C လယ်လုပ်ဖို့ အတွက် လူစွမ်းကောင်းတွေ ရွေးကြရ၏။

လုပ်ငန်းကော်မတီ ဥက္ကဋ္ဌက ကျွန်တော်။

အတွင်းရေးမှူးက စီမံဌာနမှူး ဗိုလ်ကြီးမြင့်ဆွေ။

အဖွဲ့ဝင်တွေကတော့ ဌာနမှူး အားလုံးထည့်ထား၏။

မထည့်ထား၍ မရ။ တော်ကြာ ငါတို့မပါဘူးဆိုပြီး ဘေးဖယ်နေမှာစိုးရ၏။ ထို့ကြောင့် ပြေးမလွတ်အောင် အားလုံးထည့်ထားရသည်။

ကြွေးကြော်ကတည်းက ကိုယ့်ဝန်ထမ်းတွေစားဖို့ ဌာနတိုင်း လယ်လုပ်ရမည် ဟူသတည်း။

စိုက်ပျိုးရေးလုပ်ငန်း ကော်မတီဖွဲ့ပြီးတော့ မြေနေရာ ရွေးကြ၏။ အိုင်ကလောင်၏ ဘောလည်ကျွန်းထဲ ရောက်သည်။ လှိုင်မြစ်ရိုး တစ်လျှောက် လျှောက်ကြည့်ကြသည်။ တိုင်းမှူး ဗိုလ်ချုပ် ခင်မောင်သန်းအား မြေယာခွဲ ဝေပေးရေး တာဝန်ပေးထားရာ တိုင်းမှူးက ...

"မြို့တော်ဝန်ကြီးနဲ့ ကိုသောင်းဝေတို့ ကြိုက်တဲ့ နေရာယူပါ" ဟု ဆိုသည်။

နောက်ဆုံးတော့ ကျွန်တော်က သွားရလာရ လွယ်ကူသော လှိုင်မြစ်အရှေ့ဘက်ခြမ်းက UDO ဥတိုကို ရွေးခဲ့သည်။ မြို့တော်ဝန်ကြီးအား တင်ပြရာ သဘောတူသဖြင့် ကော်မတီ အတည်ပြုချက်ယူ၍ Y.C.D.Cမှ UDO စပါးစိုက်ပျိုးရေးကြီး စဖြစ်ခဲ့ပါသည်ခင်ဗျာ။

၁၉၉၈ ခုနှစ် မိုးတွင်း ဩဂုတ်လမှာပါ။

ပထမဆုံး လူနေဖို့ ၆ ခန်းတွဲတစ်ဆောင် လမ်းဘေးမှာ အမြန်ဆောက်ရသည်။ ပြီးတော့ လူကြီးတွေလာကြည့်ရင် ရှင်းပြဖို့ ရှင်းလင်းဆောင်တစ်ဆောင် ဆောက်သည်။ ဒါပြီးတာနဲ့ လမ်းမြောက်ခြမ်းအစပ်ကို အပြေးအလွှား တောရှင်းကြသည်။

နေရာက တကယ့် ချုံတော ကိုင်းတောကြီး။ ကိုင်းပင်တွေက ကိုင်းခေါင်းဖြူတွေ။

ကျွန်တော်တို့အဖွဲ့တွင် တကယ်လုပ်မယ့်သူများ ရွေးရသည်။

ခေါင်းဆောင်က ကျွန်တော်။

ဒုခေါင်းဆောင်က ဗိုလ်ကြီး မြင့်ဆွေ။

နောက်တစ်ယောက်က အဆောက်အဦတွေ ဆောက်မယ့် ယာဒုံက ဦးခင်ကျော်။

နောက်တစ်ယောက်က



www.burmeseclassic.com

www.burmeseclassic.com

အခွန်ဌာနက ဗိုလ်မှူး ချစ်ဆွေ။

နောက်တစ်ယောက်က စီမံဌာနမှ ဌာနခွဲမှူး ဗိုလ်ကြီးမြင့်ဦး။

အစပထမပိုင်းတွင် ဤငါးဦးသည်ကား UDO စိုက်မွေး စီမံကိန်းကြီးတွင် တကယ့်အမာခံ Five Hellion များဖြစ်ကြ၏။

ဤအမာခံများဖြင့် လူနေဖြစ်ရုံ အဆောက်အဦများ ဆောက်၍ ရက်သတ္တတစ်ပတ် နှစ်ပတ်ခန့် UDO တွင် အခြေချနေပြီး တောရှင်းခြင်းအား အဓိကထား လုပ်ကြသည်။ ၎င်းနောက် လမ်းမကြီးတစ်ခု မြောက်ဘက်သို့ ဖောက်ကြ၏။ လမ်းကိုတော့ လမ်းတံတားဌာနကို ဖောက် ခိုင်းရ၏။ အတွင်းထဲ ၂ မိုင်ခန့် ရအောင် မြေသားလမ်း ဖောက်သည်။ လမ်းဘေး ဘယ်ညာ လယ်စိုက်၍ရမည့်နေရာများကို ကေကွက်များ ဖော်ရသည်။ တောင်ကမူများ၊ သစ်ပင်ချုံနွယ်များ၊ ဆူးရစ်ပင်များ၊ ကိုင်းခေါင်းဖြုံများကို သုတ်သင်ရှင်းလင်းပြီး လယ်ဖော်ကြရာ ဧက လေးငါးဆယ် စဖော်နိုင်၏။

မြို့တော်ဝန်ကြီးက ...

"ဒီနှစ်မိုးတွင်းမှာ အနည်းဆုံး ဧက ၁၀၀ လောက် စိုက်နိုင်အောင် လုပ်ကြဗျာ"

ဟု ကျွန်တော်တို့ ဦးစီးကော်မတီကို Mandate ပေး၏။

စက်တွေပါသုံးနိုင်သဖြင့် ဧက ၁၀၀ ခန့် ဖော်နိုင် ပါသည်။

မြေပြုပြင်ပြီး ထယ်ထိုး မြေသားဘောင်တွေ လုပ်ကာ စပါးစစိုက်သည်။

အားလုံးက စိုက်တတ်ကြ၍ မဟုတ်ပါ။ ခိုင်း၍ လုပ်ကြခြင်းသာဖြစ်၏။

ကျွန်တော်တို့ ထိပ်ပိုင်းခေါင်းဆောင်များအားလုံးမှာ စစ်သားများဖြစ်၍ အမိန့်နာခံတတ်သူများ ဖြစ်ပါသည်။

ကဲ ... စက်တင်ဘာမှာ စပါးစိုက်ဖို့ အသင့်ဖြစ်ပြီ။ ဘာစပါးစိုက်မှာလဲ။

ဒီနှစ်တော့ ဒေသခံစပါးပဲ စိုက်မှရမည်။ ကိုယ်လည်း ဘာမှသိတာ မဟုတ်။ သို့ဖြစ်၍ တိုက်ကြီးနဲ့ UDO မှ စပါးစိုက်တတ်သူများ ခေါ်ရသည်။

UDO မှ ဦးကျော်ဌေးအား အလုပ်သမား Incharge ခန့်ပြီး ကူညီခိုင်းရ၏။ မြို့တော်စည်ပင်မှ အလုပ်သမား တပ်ခွဲတစ်ခွဲပေးသည်။

ဒေသခံစပါးကို မျိုးထောင်ပြီး ဥတ္တိုရွာသာကြီးသွား လမ်းမကြီးဘေးမှာ စပါးခင်းကြီး တမျှော်တခေါ် စိုက်လိုက်နိုင်၏။ အရင်က ချုံတောတွေနေရာမှာ စိမ်းနေသည့် စပါးခင်းကြီးကို စက်တင်ဘာလကုန်တွင် စတွေ့ကြရလေ၏။

ထိုကာလများ၌ ကျွန်တော်တို့သည် တစ်ပတ်တွင် အိမ်ကို တစ်ရက်၊ နှစ်ရက်သာ ပြန်နိုင်ကြ၏။ ရုံးလုပ်ငန်းတွေကို ရန်ကုန် ကျန်ရစ်သူ

www.burmeseclassic.com

သူများအား လွှဲခဲ့ရ၏။ ဤသို့ ရန်ကုန်ရုံးအလုပ်ကို လွှတ်ထားပြီး တောထဲမှာ အနေကြာသွားသဖြင့် နောင်တွင် မမျှော်လင့်သော အမှုကိစ္စကြီးတစ်ခု ဖြစ်ခဲ့ရပါသည်။

ဤအကြောင်းကို အလျဉ်းသင့်သည့်နေရာတွင် ဖော်ပြသွားပါမည်။

ကျွန်တော်တို့စိုက်ကွင်းသို့ မြို့တော်ဝန်ကြီးက တစ်ပတ်တစ်ခါ လာကြည့်သည်။ လမ်းဘေးက အိပ်ဆောင်မှာ လာညအိပ်သည်။ ကျွန်တော်တို့ကို အားပေးသည်။ ကျွန်တော်တို့နှင့် အတူ ညစာစားသည်။ မနက် ထပြန်တတ်သည်။ များသောအားဖြင့် စနေ သို့မဟုတ် တနင်္ဂနွေနေ့ည များတွင် လာအိပ်ခြင်း ဖြစ်သည်။



မြို့တော်ဝန်ကြီးက ...

ကျွန်တော်တို့ ပျင်းနေမှာစိုး၍ ဟုဆိုကာ TV အပေါ်စက်၊ အောက်စက်ကြီး တစ်လုံး ဝယ်လာပြီး ညည၌ စုပေါင်း သီချင်းဆိုကြသည်။

အများအားဖြင့် ဆိုဖြစ်သော သီချင်းများကား ...

နဂါးနီ

ဂီတဗိမာန်

အောင်ပါစေမတ္တာပို့

မိုး

မိုးသက်လေနှင်

အမေချစ်တဲ့ အဖေတူသား

စနေနေ့ည ကိုးနာရီ

ပြင်ဦးလွင်က မေ

ချစ်ရက်ရှည်ရှည် အင်းလျား

မြေ

တို့ဖြစ်၏။

မြို့တော်ဝန်ကြီးက ဆိုကရေးတီး ဝါသနာပါသည်။ ကျွန်တော်နှင့် သနက (၁) မှာ ကတည်းက တွဲမိခဲ့ပြီး ဖြစ်သည်။

သူသည် မယ်ဒလင်လည်း တီးတတ်၏။ ကျွန်တော်က ဆို၊ သူက တီး။

ထိုနှစ်က လယ်လုပ်ရာ တစ်ခါမှ လယ်တော အတွေ့အကြုံ မရှိသည့် ကျွန်တော်သည် ပင်ပန်းလှသဖြင့် စိတ်ထွက်ပေါက်ရရာရကြောင်း သီချင်းဆိုသည်။ သီချင်း ဆိုရာ၌ ယမကာလေး တစ်ခွက် နှစ်ခွက် မှီဝဲပြီးဆိုပါက အလွန်အရသာတွေ့၏။ ဒါက ဟိုငယ်ငယ်ကတည်းက တစ်ခွဲမှု။ ဘဝလောက်ကတည်းက။

Y.C.D.C ရောက်ပြီးနောက် အရက်တွေ အလကားရပြီး အရက်ကောင်းတွေ သောက်နေရသဖြင့် အရက်သောက်လို့ အလွန်ကောင်းနေ၏။ အရက်ပုလင်းတွေကလည်း ရသလား မမေးနဲ့။ ပထမရောက်စ



www.burmeseclassic.com

www.burmeseclassic.com

၁၉၉၆ ခုနှစ် တစ်နှစ်ကုန်တော့ ရတဲ့ အရက်ပုလင်းတွေရောင်းပြီး ၁၀ သိန်းလောက်တန်သည့် **Toyota Grande Mark II** ကား တစ်ပတ်ရစ် ကလေးတစ်စီးကိုပင် ဝယ်စီးနိုင်ခဲ့၏။

အရက်ပုလင်းတွေကလည်း သူ့ပေး လူပေး တစ်လကို ၁၅ ပုလင်း၊ ပုလင်း ၂၀ ခန့် ဖြစ်သည်။ တစ်လ တစ်သိန်းခန့် အရက်ရောင်းရသည့်ငွေကို စုထားသည်။

ရောင်းပြီးကျန် တာကို **Whisky** တစ်ပုလင်းအား ရမ် ၅ ပုလင်းနှင့် လဲသောက်ခဲ့သည်။ တစ်နှစ်ခန့်ကြာမှ **Whisky** ပြောင်းသောက်သည်။ ရမ် မသောက်တော့။

ထိုသို့ အရက်ကောင်းများ သောက်နေရသဖြင့် နေ့စဉ် အရက်က မပြတ်။ ကြာရင် အရက်သမား ဖြစ်သွားမည်။

ထို့ကြောင့် ဝါတွင်းသုံးလ အရက် ရှောင်လိုက်သည်။ နားလိုက်သည်။

ယခုတော့ ဥတိုမှာ လယ် လုပ်သည့်အခါ အရက် သောက်ချင်စိတ် ဖြစ်လာ၏။

အထူးသဖြင့် ညည ကာရာအိုကေ ဟဲသည့်အခါ ပိုသောက်ချင်၏။

ထို့ကြောင့် တစ်ညတွင် ကာရာအိုကေ ဆိုခါနီး၌ မြို့တော်ဝန်ကြီးနှင့် အဖွဲ့က ဝီစကီခွက် ကိုယ်စီနှင့်။

ကျွန်တော်က သူတို့လက်ထဲမှ ပယင်းရောင် ဝီစကီ ဖန်ခွက်များကို စူးစိုက်ကြည့်မိပြီး **Feeling** တက်လာသဖြင့်

"မြို့တော်ဝန်ကြီးခင်ဗျာ တင်ပြစရာတစ်ခု ရှိပါ တယ်"

"ပြောပါ"

"ကျွန်တော်က ဝါတွင်း သုံးလ အရက်ရှောင်တာ Y.C.D.C ရောက်ကတည်းပါခင်ဗျာ"

"အဲဒီတော့ ဘာဖြစ်လဲ"

"အခု ဝါမကျွတ်သေးဘူး ခင်ဗျ၊ ကျွန်တော် ဝီစကီ သောက်လို့ မရပါဘူး။ ဒါပေမဲ့ သိပ်သောက်ချင်ပါတယ်။ ကျွန်တော့်သဘောနဲ့ ကျွန်တော် သောက်ရင် အဓိဋ္ဌာန်ပျက်သွားမယ်ခင်ဗျ"

"အဲဒီတော့ ဘာဖြစ်လဲ"

"မြို့တော်ဝန်ကြီးက ကျွန်တော့်အထက်ကလူကြီးမို့ စစ်တပ်မှာ လူကြီးက အမိန့်ပေးရင် လုပ်ရတာမို့ ကျွန်တော့်ကို ဝီစကီသောက်ဖို့ အမိန့်ပေးပါခင်ဗျ"

"ဩော် ... ဒါလား။ ဒါဆိုရင် ပေးတယ် ... သောက်"

ဤသို့ဖြင့် ကျွန်တော်သည် Y.C.D.C တွင် ဝါတွင်း သုံးလ ယမကာ ရှောင်ကြဉ်ခြင်းအား ၂ နှစ်သာ ဆောင်ရွက် နိုင်ခဲ့ပြီး ၁၉၉၈ ခုနှစ်မှစ၍ တာဝန်မှ အနားယူချိန်ထိ တစ်နှစ်ပတ်လုံး ယမကာ မပြတ်မှီဝဲခဲ့ပါတော့သည် ခင်ဗျား။

သောင်းဝေဦး

■ ရွှေလဆန်းရန်



www.burmeseclassic.com

www.burmeseclassic.com

# နက္ခတ်(၃)သွယ် ဇန်နဝါရီလအတွက်
# ဟောစာတမ်း

နတ်မျက်စိ ဆရာအောင်စိုး(B.Sc)





အတွဲ (၁၉) အမှတ် (၄)၊ ဇန်နဝါရီလ၊ ၂၀၁၆ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

**တနင်္ဂနွေသား (နတ်နက္ခတ်များ)** - လုပ်ငန်းကောင်းမယ်၊ အရောင်းအဝယ်ကောင်းမယ်။ ခရီးစဉ်ကောင်းမည်။ ငွေကံကောင်းနေတယ်။ သွေးရောဂါဖြစ်တတ်တယ်။ အိမ်ထောင်ရေးမှာ ဆွေမျိုးတွေကြောင့် စိတ်ညစ်ရမယ် မေတ္တာရေးမှာ ပွင့်လင်းလာမယ်။ ပညာရေးမှာ တက်ကြွနေမယ်။ သံဃာတော်တစ်ပါးအား ဆေးဝါးလှူပါ။

**တနင်္ဂနွေ (လူနက္ခတ်များ)** - ကြိုးစား၍ လုပ်ငန်းအောင်မြင်မယ်။ ရုံးဝန်ထမ်းအဖို့ အထစ်အငေါ့ ရှိမယ်။ အိမ်ကိစ္စ၊ မြေကိစ္စဆောင်ရွက်ရမည်။ ရေချိုးဆင်ခြင်ပါ။ အကြော၊ အရိုးဝေဒနာကြုံရမယ်။ အိမ်တွင်းရေးသာယာမည်။ အချစ်ရေးမှာ လူရွယ်များ ကြင်နာမှုကြွယ်စင်များ ရေတွက်ချိန် ပညာရေးမှာ စိတ်ငြိမ်နေဖို့ လိုအပ်ချိန်။

ယတြာ။ ။ ရဟန်းတစ်ပါးအား ထီး ဖိနပ်လှူဒါန်းပါ။

**တနင်္ဂနွေ(ဘီလူးနက္ခတ်များ)** - အရောင်းအဝယ်အဆင်ပြေမည်။ ပွဲလမ်းသဘင် တက်ရောက်ရမည်။ ဝန်ထမ်းများ ရှင်လန်းရချိန်၊ ငွေဝင်သော်လည်း ပြန်ထွက်စရာ ပေါ်နေမည်။ အဆုတ်ရောဂါထိခိုက် ပွန်းပဲ့စရာပေါ်မည်။ အိမ်ထောင်ရေးမှာ မိဘများကြောင့် ပျော်ရွှင်ရမည်။ အချစ်ရေးမှာ မတည်ငြိမ်သောသူကြောင့် ခက်နေမည်။ ပညာရေးကံမြင့်နေပါပြီ။

ယတြာ။ ။ ဘုန်းတော်ကြီးတစ်ပါးအား လမ်းစရိတ်လှူဒါန်းပါ။

**တနင်္လာသားသမီး (နတ်နက္ခတ်များ)** - အရောင်းအဝယ် ကောင်းသော်လည်း တပည့်၊ အလုပ်သမားကြောင့် စိတ်ရှုတ်ရမည်။ ဝန်ထမ်းများ ချီးကျူးခံရကိန်းရှိ၏။ ရာထူးတိုးဖို့ မျှော်မှန်းနိုင်ပါပြီ။ အစားမှား၊ အစာအိမ်၊ ဦးခေါင်းခဲခြင်း၊ မူးဝေခြင်း ကြုံတတ်ပါ၏။ အိမ်ထောင်ရေးမှာ သားရေး၊ သမီးရေးတွက်၊ စိတ်မအေးစရာပေါ်မယ်။ မိမိအပေါ်မှာလည်း အခိုးမြင်ခံရကိန်းရှိ၏။ ချစ်သူရှိသူတို့မှာ ဝိုမိုနီးကပ်ခွင့်ကြုံမည်။ ငွေမရှား ရွှေမရှားအချိန်၊ ပညာရေးမှာ ပြင်ပကိစ္စ၊ ဆက်ဆံရေးများ လျှော့သင့်ချိန်။

ယတြာ။ ။ မွေးနေ့မှာ ဘုရားရှင်အား သစ်သီး (၃)မျိုး လှူပါ။

**တနင်္လာ (လူနက္ခတ်များ)** - မှန်းချက်နှမ်းထွက်မကိုက်သော စီးပွားရေးလုပ်ကွက်အားနည်းချိန်၊ ဝန်ထမ်းများအပြောင်းအရွှေ့ကြုံရချိန် ငွေဝင်စရာရှိနေပါပြီ။ ဗုဒ္ဓဟူး ကြာသပတေးသားများနှင့် ကံစပ်ချိန်၊ အိမ်တွင်းရေးမှာ ဝယ်မိသော ပစ္စည်းတစ်ခုကြောင့် စကားများကိန်းကြုံချိန်၊ ချစ်သူတို့ အချစ်တိုးနေချိန် ပညာရေးမှာ၊ မိမိကြိုးစားမှုကို ရှေ့တိုးသင့်ချိန်။

ယတြာ။ ။ နေအိမ်ရှိ ဘုရားရှင်အား ရေချမ်းလှူပါ၏။

**တနင်္လာ (ဘီလူးနက္ခတ်)** - အရောင်းအဝယ်ကောင်းမည်။ ဆိုင်ပစ္စည်းများ

www.burmeseclassic.com

www.burmeseclassic.com

ပျောက်ရှုံးကြုံမည်။ ငွေပေးမှားမယ်။ မင်္ဂလာခရီးကြုံမည်။ သွား၊ မျက်စိ၊ နား တို့ကို ဂရုသရမည့်အချိန် အိမ်ထောင်ရေး ပိုသာယာလာမည်။ ချစ်သူတို့မှာ စကား များ ပြောမှားဆိုမှားကြမယ်။ ပညာရည် တိုးတက်နေပါပြီ။

ယတြာ။ ။ နေအိမ်ဘုရားမှာ ဖောင်း သပြေလှူပါ။

**အင်္ဂါသားသမီး (နတ်နက္ခတ်များ) -** ဩဇာထက်မြက်ခြင်း။ ရာထူးတိုးခြင်း။ နာမည်ကောင်းရခြင်း။ အရောင်းအဝယ် ကောင်းခြင်းတို့ ကြုံမည်။ ငွေဝင်အား ကောင်းမည်။ . အလှူလုပ်ရမည်။ အိမ်တွင်းရေးမှာ နားလည်မှုတွေ တည်ဆောက်နေကြမည်။ အချစ်ရေးမှာ ရှုပ်ထွေးမှုရှိလာမည်။ ပညာရေးမှာ တစ်ဆင့်မြင့်လာကိန်းရှိပါပြီ။

ယတြာ။ ။ ဘုရားဂုဏ်တော်ကို နေ့စဉ်သက်စေ့ပူဇော်ပါ။

**အင်္ဂါသားသမီး (လူနက္ခတ်များ) -** လူကြီးနှင့် အထင်မြင်လွဲခြင်း။ အကောင်း မမြင်ကြုံရမည်။ ငွေဝင်အားကောင်းမည်။ အရောင်းအဝယ် ကောင်းလာမည်။ အအိပ်ပျက်ခြင်း၊ အစားပျက်ခြင်း ကြုံ မယ်။ အိမ်ထောင်ရေးမှာ အေးချမ်း ကြမည်။ ချစ်သူကို အချေအတင်စကား၊ အငြင်းအခုံတွေနှင့် အချိန်ကုန်မယ်။ ပညာရေးမှာ ရမှတ်တွေ တိုးတက်လာ မယ်။

ယတြာ။ ။ သမ္ဗုဒ္ဓေ (၅)မျိုးကို တစ်မျိုးလျှင် (၉)ခေါက် နှုန်းစီဖြင့် ရွတ်ဆိုပါ။

**အင်္ဂါသားသမီး (ဘီလူးနက္ခတ်) -** လူကြီး ချစ်ခင်မှုကြုံမည်။ အထက်အရာ ရှိမှ မျက်နှာသာပေးခြင်းကြုံမည်။ အကြိတ်အဖုလေးတွေ ဖြစ်ပေါ်မည်။ အိမ်ထောင်ရေးမှာ အခြေအတင်များ ဖြစ်ပေါ်နေမည်။ အချစ်ရေးမှာ မေတ္တာ စမ်းရေသွန်းဖြန်းချိန် ကျောင်းသား ကျောင်းသူများ မိမိကိုယ်ကို ယုံကြည်မှု မပျောက်ဆုံးချိန် ဖြစ်မည်။

ယတြာ။ ။ ဓမ္မစကြာဝတ်ပါဠိတော်ကို နေ့စဉ် (၃၇)ခေါက် ပူဇော်ပါ။

**ဗုဒ္ဓဟူးသားသမီး (နတ်နက္ခများ) -** ပျော်ရွှင်သော ခရီးရှိမည်။ ပရိဘောဂ ပစ္စည်းဝင်မည်။ အရောင်းအဝယ်တိုးတက် မည်။ လုပ်ငန်းတွင် တိုးတက်မည်။ မိတ်ကောင်းတိုးမည်။ ကျန်းမာရေးမှာ အာရုံကြောရောဂါ၊ မူးဝေသောရောဂါ၊ အားနည်းသောရောဂါများ ကြုံမည်။ အိမ်ထောင်ရေးမှာ ပျော်ရွှင်မှုများ ကြုံ မည်။ ငွေဝင်အားကောင်းမည်။ ချစ်သူ တို့ ပန်းခင်းလမ်းလျှောက်ချိန် ပညာရေး မှာ ဆရာကောင်းရရှိမည်။

ယတြာ။ ။ နှင်းဆီပန်း ဘုရားတွင် လှူပါ။

**ဗုဒ္ဓဟူးသားသမီး (လူနက္ခတ်များ) -** အလုပ်မှာ မပျော်မရွှင်ဖြစ်ချိန်၊ လူကြီးများ ရဲ့ အားကိုးနေမည်။ အနီးနေ လုပ်ဖော် ကိုင်ဖက်နှင့် အဆင်မပြေဖြစ်မည်။ အိမ်

www.burmeseclassic.com

www.burmeseclassic.com

မှာ မပျော်၊ အိမ်ထောင်ရေးမှာ အပြင်ပြဿနာကြောင့် စိတ်ရှုပ်ထွေးရမည်။ ငွေဝင်အားကောင်းမည်။ မိတ်ဟောင်းတို့နှင့် ကြုံမည်။ ချစ်သူရှိသူတို့ ပျော်ရွှင်စရာကြုံမည်။ နလုံးအားကောင်းရန် ဆေးဝါးလေ့ကျင့်ခန်း လိုအပ်ချိန်၊ ပညာရေးမှာ စိတ်အေးအေးထားရချိန်။

ယတြာ။ ။ နို့ထမင်းဆွမ်းကို မွေးနေ့တိုင်းလှူဒါန်းပါ။

**ဗုဒ္ဓဟူးသားသမီး (ဘီလူးနက္ခတ်များ)** - ရန်တွေနိုင်မည်။ အခက်ခဲတွေ ကျော်လွှားနိုင်မည်။ နာမည်ကောင်းရမည်။ မိတ်သစ်တွေ များလာမည်။ ဆရာသမားများနှင့် အဆင်ပြေချိန် ခေါင်းမူးရောဂါ၊ အစာမကြေရောဂါ၊ အနာတရဖြစ်ခြင်းများ ကြုံမည်။ အိမ်တွင်းရေးသာယာချိန် ချစ်သူတို့မှာ အနိုင်လိုစိတ်ကြောင့် ချစ်သူရဲ့ အမုန်းသံသရာရှည်သွားတတ်မည်။ ပညာရေးမှာ အောင်မြင်ရေး လမ်းကြောင်းပေါ် ရောက်မည်။

ယတြာ။ ။ မွေးနေ့တိုင်း၊ အုန်းဆွမ်းလှူဒါန်းပါလေ။

**ကြာသပတေး (နတ်နက္ခတ်များ)** - ခရီးရှိမည်။ လုပ်ငန်းများ။ အသင့်အတင့်အောင်မြင်မည်။ အရောင်းအဝယ်ကောင်းမည်။ ဝန်ထမ်းများ ရာထူးတစ်ဆင့်တိုးကိန်းရှိပြီ အိမ်တွင်းမှာ လျှပ်စစ်ပစ္စည်းအဆန်းများ ဝင်မည်။ အားနည်းခြင်း၊ ခေါင်းပိုင်းဆိုင်ရာ သွေးနှင့်နှယ်သောရောဂါများကြုံမည်။ အိမ်ထောင်ရေးပဋိပက္ခကြုံမည်။ လူမှုရေးမှာ မတင်မကျဖြစ်မည်။ ငွေနှင့် စပ်သောအကြံအစည်အောင်မည်။ ချစ်သူတို့ လမ်းခွဲစကားဆိုရ အခြေအနေကြုံမည်။ ပညာရေးမိုးလေဝသကောင်းသည်။

ယတြာ။ ။ သက်ကြီးတစ်ဦးအား ငွေလှူပါ။

**ကြာသပတေး (လူနက္ခတ်များ)** - အကြံစည်အောင်မည်။ လုပ်ငန်းစီးပွားရေးကောင်းမည်။ သို့သော် လက်အောက်ငယ်သားတို့ ထွက်သွားခြင်းရှိမည်။ ငွေကြေးလိုအပ်ချက်မြင့်မားနေမည်။ စိုက်လျော်ရမဲ့ ကိစ္စပေါ်ပေါက်မည်။ အာရုံကြောရောဂါ၊ အအေးမိခြင်း၊ ခြေလက်တို့တွင် အနာတရ ဖြစ်တတ်သည်။ အိမ်တွင်းရေး သာယာနေမည်။ ချစ်သူတို့ ခရီးဝေးကွာကိန်းရှိမည်။ ပညာရေးထူးချွန်လာမည်။

ယတြာ။ ။ သက်ကြီးတစ်ဦးအား ဆေးလှူပါ။

**ကြာသပတေး (ဘီလူးနက္ခတ်များ)** - မမျှော်သော အောင်မြင်မှုရမည်။ အကြံအစည် ခေတ္တနှေးနေမည်။ တဖြည်းဖြည်းမှ ရည်မှန်းချက်ပြည့်ဝမည်။ ငွေကံအားကောင်းချိန် အိမ်ထောင်ရေးမှာ လူမှုရေးမှုစတင်လာတတ်၏။ အစာမကြေရောဂါ၊ အကြောရောဂါ၊ အဖျားရောဂါ ကြုံတတ်ရပေ။ အချစ်ရေးမှာ မေတ္တာရေစင်ဖျန်းပက်ချိန်၊ ပညာရေးကောင်း၏။

ယတြာ။ ။ သက်ကြီးအား သစ်သီးတို့ဖြင့် လှူဒါန်းပါ။



www.burmeseclassic.com

www.burmeseclassic.com

**သောကြာသားသမီး (နတ်နက္ခတ်များ)** - ခရီးရှိသည်။ လုပ်ငန်းခွင်တွင်း စိတ်ကြေနပ်စရာ အရောင်းအဝယ်ကောင်းမည်။ လူမှုရေးမှာ မနာလိုခြင်းခံရမည်။ အိမ်တွင်းရေးမှာ ပြင်ပကိစ္စကြောင့် စိတ်ရှုပ်ထွေးရမည်။ ငွေကံပွင့်လာမည်။ ရင်ဘတ်ဆိုင်ရာရောဂါ၊ အာရုံကြောရောဂါ၊ နားတို့ ဒုက္ခပေးမည်။ အိမ်ထောင်ရေး စိုပြည်နေမည်။ ချစ်မှုချစ်ရာမှာ သောကခြေရာသာ ပြည့်နေတော့မည်။ ပညာရေး ကျက်နည်းပုံစံသစ်ကြောင့် အမှတ်တိုးလာမယ်။

ယတြာ။ ။ ငါးတစ်ကောင် လွှတ်ပေးပါ။

**သောကြာသားသမီး (လူနက္ခတ်များ)** - အတွေးများချိန် အလုပ်ပေါ် အာရုံစိုက်မှုနည်းချိန်၊ မခံချင်စိတ်များချိန် အရောင်းအဝယ်တိုးတက်မည်။ ဝင်ငွေကောင်းနေမည်။ လက်၊ ခြေတို့တွင် ဒဏ်ရာရမည်။ ပြင်ပခေါ်သံကို မိသားစုရိပ်မြုံတွင်း မသွင်းမိဖို့လိုအပ်ချိန်၊ ရည်မှန်းချက်တစ်ဝက်ပြည့်မီချိန်၊ အဝတ်အစားသစ်လက်ဆောင်ရမည်။ ချစ်သူတို့ ကဗျာချိုမြမြရေးဖွဲ့သီချိန်။

ယတြာ။ ။ စာကလေး (၃)ကောင် အရှေ့အရပ်သို့ လွှတ်ပေးပါ။

**သောကြာသားသမီး (ဘီလူးနက္ခတ်များ)** - စိတ်ပျော်ရွှင်မှုများ ကြုံမည်။ လုပ်ငန်းအလုပ်တွင် မျက်နှာပွင့်နေမည်။ ငွေထွက်စရာ ငွေလက်လွှန်စရာကြုံမည်။ ရည်မှန်းချက်ပြည့်ဝမည့် ကူညီသူပေါ်မည်။ ဦးခေါင်းပိုင်းဆိုင်ရာ မျက်စိ၊ ဆီးရောဂါ သတိပြုရပါမည်။ အိမ်ထောင်ရေးမှာ ဆွေမျိုးအရေးအခင်း တစ်ခုကြောင့် စိတ်ညစ်ရမည်။ အချစ်ရေးသင့်၏။ ပညာရေးမှာ အောင်ပွဲဆင်မည်။

ယတြာ။ ။ ငှက်များ ဘေးမဲ့လွှတ်ပါ။

**စနေသားသမီး (နတ်နက္ခတ်များ)** - ကြိုးစားမှုကြောင့် အလုပ်အကိုင် အခွင့်အလမ်းကောင်းတွေ ကြုံမယ်။ ဆုလာဘ်တွေရမယ်။ နာမည်ကျော်ကြားမည်။ ရန်သူတွေ မိတ်ဆွေဖြစ်လာမယ်။ ဉာဏ်ရည်ထက်လာမယ်။ ငွေကြေးကံတက်လာပါမယ်။ တနင်္ဂနွေ၊ စနေသားသမီး အကျိုးပြုမည်။ အစားအသောက်ပျက်တာ၊ မောပန်းလွယ်တာ၊ အဆစ်အမြစ်တို့ ဒုက္ခပေးမယ်။ အိမ်ထောင်ရေးမှာ အငြင်းပွားစရာ ကြုံနေမယ်။ အချစ်ရေးမှာ လှို့ဝှက်ချက်တွေ ပေါ်ပေါက်မယ်။ ပညာရေးကောင်း၏။

ယတြာ။ ။ နေအိမ်ဘုရားမှာ အုန်းယိုလှူပါ။

**စနေသားသမီး (လူနက္ခတ်များ)** - စိတ်ကြပ်တည်းမှုမှ လွတ်မြောက်မည်။ ရောဂါနှင့် ဆေးတွေ့မည်။ လုပ်ငန်းခွင်အတွင်း ပျော်စရာကြုံမည်။ ငွေကြေးပတ်သက်ပြီး စိတ်အေးစရာပေါ်မယ်။ ကံကြောင့် ငွေဝင်မယ်။ အင်္ဂါနှင့် စနေသားသမီးအကျိုးပြုမယ်။ အိမ်ထောင်ရေးမှာ အပူအထဝ်တွေနှင့် ပြည့်နှက်နေမယ်။ အချစ်ရေးမှာ မေတ္တာတေးဆိုခွင့်ရချိန်၊





www.burmeseclassic.com

www.burmeseclassic.com

ပညာရေးမှာ အောင်လံထူနိုင်ခွင့်ရချိန်။

ယတြာ။ ။ နေ့အိမ်ဘုရားမှာ ပဲထမင်း လှူပါ။

ဓနုသားသမီး (ဘီလူးနက္ခတ်များ) - အလုပ်အကိုင် ကောင်းမွန်ခြင်းနှင့် ကြုံမည်။ ရည်မှန်းချက်တွေ အောင်မြင်မည်။ မရောက်ဘူးတဲ့ နေရာဒေသရောက်မည်။ ဗုဒ္ဓဟူး။ တနင်္လာသားသမီးတွေနှင့် အဆင်ပြေမယ်။ ခြေ လက်ဒဏ်ရာရမည်။ ဆေးမတည့်တဲ့ ဘေးထွက်ဆိုးကျိုး သတိပြုပါ။ ဝင်ငွေကောင်းပါမည်။ အိမ်ထောင်ရေး သာယာနေမည်။ အချစ်ရေးမှာ စိတ်သဘောထားတွေ တိုက်ဆိုင်နေမည်။ ပညာရေးမှာ စိတ်တည်ငြိမ်ဖို့ လိုအပ်ချိန်။

ယတြာ။ ။ နေ့အိမ်ဘုရားမှာ မွေးနေ့ တိုင်း နို့လှူပေးပါ။

နတ်မျက်စိဆရာအောင်စိုး(B.Sc)

Dear Marry
Online Shopping Myanmar
No (301/9) PadaukStreet. Near Yuzana Plazar Mingalar Taung Nyunt
http://www.facebook.com/Dear Marry Myanmar
Contact-09 5136230/ 09 5036602/ 09 5172150



www.burmeseclassic.com


www.burmeseclassic.com
စနေသမီး
အဖေနှင့်တူသောသမီးများ
နတ်မျက်စိ ဆရာအောင်ပု
www.burmeseclassic.com

www.burmeseclassic.com

**အမေနှင့်တူသော သမီးကြီးများရဲ့ ဘဝ တိမ်းညွှန်**

ငယ်စဉ်ကတည်းက၊ မိုလ်လုပ်ရမှု၊ ဦးစားပေးမှုကြေနပ်မယ်၊ ကိုယ့်ပစ္စည်း အရပ်တွေသူများကိုင်တာမကြိုက်ပါ။ အဖေကချောသိပ်မှု၊ ကြေနပ်သူပါ။ ငယ်စဉ် ကျောင်းသူဘဝမှာလည်း ဦးဆောင်တတ်မယ် မဟုတ်မခံရှိတယ်။ မဆီမဆိုင် နိမ့်ကျသူဘယ်မှာ မုန်တဲ့ဘက်မှာ ရပ်တည်မယ်၊ ပညာကတော့၊ TopTen ထဲမှာ ပါတယ်တယ်။

တက္ကသိုလ် ကျောင်းသူဘဝမှာ၊ ခွဲထွက်သော အလှတစ်မျိုးဖြင့်၊ ထင်ရှားကြမယ်၊ ကိုယ့်ကျင့်တရားကို ထိန်းမယ် ချစ်ရေးဆိုရဲသူနည်းနေမယ်၊ သူ့ရဲ့မျက်နှာထိမထင်မျက်နှာထား ကြောင့်ပေါ့ အပေါင်းအသင်းကြားမှာ ပျော်ပျော်ပါးပါး၊ ပေါ့ပေါ့ပါးပါး တွေ့ရသော်လည်း မိဘအပေါ်အာဆိုးမှုများ သက်ရောက်လာမှာကို မလိုလားပါ။ ဘာသာရေးလိုက်စားမှု၊ ဒုတိယအရွယ်က အားကောင်းမယ်၊ အောင်သွယ်ကောင်းမှု ချစ်သူရတာတို့၊ အိမ်ထောင်ပြုတာတို့ ကြုံမယ်။

အိမ်ထောင်သည်ဘဝမှာ၊ အချက်အပြုတ်ကောင်းသူ ဖြစ်လာမယ်။ အိမ်ထောင်ဖက်ကောင်းနှင့် တွေ့တတ်တယ်။ သားသမီး (၃) ယောက်အထက် မွေးရင်း တစ်ယောက်တွက် အလွန်စိတ်ဆင်းရဲရမယ်။ အိမ်ထောင်ရေး ကောင်းမွန်၍၊ ဘဝရဲ့ တတိယအရွယ်မှာ ကျက်သရေရှိ၍ ဘဝဇာတ်သိမ်းလှသူများ ဖြစ်ပေတော့သည်။

**အမေနှင့်တူသော ဒုတိယမြောက် ဇနေ သမီးများရဲ့ ဘဝရေစုန်**

မောင်နှမကြားမှာ ထင်ပေါ်မယ်၊ ငယ်စဉ်ကချူချာမယ် ငယ်စဉ်က အမေကို ချစ်သော်လည်း အဖေကို ပိုကပ်လာမယ်၊ အဖေရဲ့ အနေအထားကို ဂုဏ်ယူနေမယ်၊ အနုပညာခံစားတတ်မယ်။ အပေါင်းအသင်း ရွေးပေါင်းမယ်၊ တစ်ခါတစ်ရံ တစွတ်ထိုးကြောင့် အပေါင်းသင်း မိသားစုတွင်းမှာ ခပ်စွာစွာနေလေ့ရှိမယ် ကိုယ်ပစ္စည်းကို သူများကိုင်တာမကြိုက်တတ်သလို သူများပစ္စည်းကို မမက်မောတတ်ပါ။ သို့မိုကြောင့် လူမှုရေးမှာ၊ သန့်ရှင်းသော စိတ်ဓာတ်တွေ ပိုင်ဆိုင်တယ် ဒေါ်သကို၊ လွှတ်ခနဲ ထွက်တတ်လို့ အမုန်းကဏ္ဍတွေ အချစ်ခရီး၊ အိမ်ထောင်ရေးလမ်းကြောင်းမှာ ပေါ်မယ် ရတာမှာ ရွှေငွေကိုမယ်မောမယ်၊ ပညာထူးချွန်သော ကျောင်းသူစာရင်းမှာ ပါဝင်သလို၊ အလှအပစာရင်းဝင်လဲ ဟုတ်တယ်။ ကိုယ့်စိတ်အကြိုက်၊ အိမ်ထောင်ဖက်ကိုရွေး လေ့ရှိသဖြင့်၊ အမှားနှင့်ကြုံလေ့ရှိသော်လည်း။ မိဘများ နာမကျန်းဖြစ်သော်၊ အနီးကပ်ပြုစုတတ်သူများပါ ဘဝမှာ အိုးပိုင်အိမ်ပိုင်နှင့် တင့်တင့်တယ်တယ် နေနိုင်သော်လည်း အမျိုးသားကျန်းမာရေး လူမှုရေးတွက် စိတ်သောကရောက်တတ်သည်၊ သားသမီးအကျိုးခံစာရင်း။ နိဗ္ဗာန် မျက်မှောက်ပြုနိုင်သည်ထိ၊ တရားထူးကို ရရှိနိုင်ကား၊ ဘဝ တစ်ခန်းပြီးစေတော့သည်။

**အမေနှင့်တူသော နိဗ္ဗာသမီးဖြစ်သော ဇနေသမီးများရဲ့ ဘဝပင်လယ်**

ငယ်ငယ်ကတည်းက၊ ခွန်အရော

www.burmeseclassic.com

အပြောအဆို၊ ဟန်ပန်ကြောင့်၊ တစ်အိမ်သားလုံး၊ အသဲစွဲဖြစ်နေမယ်။

စွန့်ကြဲတာ၊ ပေးကမ်းတာ ဝါသနာပါမယ်။

သူ့ဆီကတောင်းတာ၊ ချေးတာ မကြိုက်ဘူး။ စေတနာရှိမှ၊ ပေးတာ၊ ကျွေးတတ်တာ၊ ပွင့်လင်းသမားပေါ့။

အငြိုးအတေး၊ အကောက်အကွေ့မရှိတဲ့ဖြင့် ပွင့်ပွင့်လင်းပြောတတ်သူ၊ သူငယ်ချင်းများနဲ့လည်း နေမယ် လွတ်လပ်တာကြိုက်လို့၊ အဝတ်အစား ဆန်းတာတွေ သဘောကျမယ်၊ ကိုယ်တိုင်လည်း ဖန်တီးတတ်သလို သူများကို ဆရာကြီး လုပ်နိုင်စွမ်းရှိမယ်၊ အနုပညာပိုးတော့ အနည်းအများရှိမယ်။ အရွဲ့တိုက်တတ်တဲ့ ဉာဉ်ကြောင့် မိဘနှင့် ဆန့်ကျင်တာ၊ အမေတွေအကိုတွေနှင့် သဘောထားမတိုင်ဆိုင်တာတွေ့ရတတ်တယ်။ အချစ်ကို ဦးစားပေးတတ်သူပါ။ တစ်ဖက်မိသားစုထဲမှ၊ အသက်ကြီးဆုံးသူနှင့် ဖူးစာဆုံမှုကောင်းပါမည်။ ဝန်ထမ်းဘဝမှာ၊ စီးပွားရေးသမား ဘဝမှာ၊ လမ်းကြောင်းသစ် ဖောက်သွားသူဖြစ်ပေသည်။

တစ်ခါတစ်ရံ ပေးကမ်းပြီး ပြန်နှမြော နေမိမည်။ သမီးလိမ္မာများရဲ့ မိခင်များ ဖြစ်ကြသော်လည်း။ အသက် ၄၀ နှင့် ၅၀ တွင် ခွဲစိပ်မှုများ ကြုံမည် တတိယ အရွယ်တွင် အကြောအဆစ်နှင့် နလုံး ရောဂါတို့ ဖိစီးသော်လည်း လောကစံ တရားကို မမြဲသော အနိစ္စ သဘောကို သိမြင်လွယ်၍ သားသမီးများ လွှမ်းတ သသဖြင့် ကျန်းမာနေသူများဖြစ်မယ်။

**အဖေနှင့်တူသော စနေသမီးဖြစ်သော အငယ်ဆုံး အထွေးဆုံးတို့ရဲ့ ဘဝခရီး လွှင်ပြင်**

ငယ်စဉ်က ပညာထက်မယ် အပြောမခံ၊ စိတ်ဆတ်မယ် ဆိုသော်စိတ် ဆိုးတာ တစ်ခဏပါပဲ။

အဖေကိုခင်တွယ်မယ်။ သီချင်း သံလေးနှင့် အိပ်စက်တတ်မယ်။ အနုပညာမှာ ထူးချွန်လေ့ရှိတယ်။

သူငယ်ချင်းပေါ် ညာတာတတ်သော်လည်း၊ ကြောသလိုလို အထက်စီး ဆက်ဆံလာရင် ခေါင်းမာတော့ ဘူး။ ဒါပေမဲ့ စိတ်ဓာတ်ထွဝတ္တုရားကျေပွန် တတ်ပါစေ၊ စကားပြောကောင်းမယ်၊ နားဝင်အောင်ပြောမယ် တစ်ခုခုကိုမရမက ပူဆာတာ တောင်းဆိုတာ ရလေ့ရှိတယ်။ သူငယ်ချင်းကြားမှာ၊ သူ့စကားကို အတည်ပြုလေ့ရှိတယ်။ ပျော်ပျော်ပါးပါး အုပ်စုနှင့် နေတယ်၍ သူငယ်ချင်းထဲမှ ချစ်သူတွေ့ရတတ်၏။

မပြင်တတ်သော်လည်း အလှအပကို မည်ကဲ့သို့၊ ပုံဖော်ရမည်ကို ဉာဏ်ပြေးသူများ ဖြစ်ပေတော့သည်။

မိဘတွေလှူရန်တွက် နိုင်ခံရာ ဖွဲ့ပေးမည် အမေတွေ၊ အမတွေ လှူလျှင် ကိုယ်လှူသလို ခံစားနေမည်၊ ကြေနပ်နေမယ်။

သားကောင်းများ ထွန်းကားတတ်သော်လည်း သမီးသုံးယောက်အထက်ရှိလျှင် သောကပေးသူ တစ်ဦး ပေါ်တတ်၏။ သွေးတိုးရောဂါ၊ လေးဘက်နာဝေဒနာ ခံစားရတတ်၏။ မိသားစုနှင့် မကွဲမကွာ ဘဝနေဝင်ချိန်ကို အလှူအတန်းများနှင့် ပျော်ရွှင်၍ ခရီးဆုံးနှင်တော့သည်။

နတ်မျက်စိဆရာအောင်စိုး





www.burmeseclassic.com

www.burmeseclassic.com




# သင့်ကျန်းမာရေး ကောင်းမကောင်း

ဒေါက်တာလွင်သန့်(ဆေး-၂)

www.burmeseclassic.com

မိသားစုတွေမှ ကျန်းမာရေးအချို့ ကျန်းမာရေး သတိမရှိတတ်ကြပဲ လက်လွတ်စပယ် နေထိုင်စားသောက်တတ်ကြတယ်။ ကျန်းမာရေး အကြောင်းမလေ့လာ၊ မသင်ယူထားတော့ ကျန်းမာအောင် ဘယ်လိုနေရ၊ ထိုင်ရ၊ စားသောက်ရ၊ လှုပ်ရှားနေထိုင်ရမယ်ဆိုတာ မသိဘူးဖြစ်နေတယ်။ အများအားဖြင့် စာသင်ကျောင်းတွေမှာ "ကျောင်းကျန်းမာရေး" ဝင်ရောက်ပညာပေးဟောပြောတတ်ကြသလို၊ ကိုယ်ပိုင်အချိန်ထဲက နေ့စဥ်ပညာပေးစာအုပ်များ၊ ဆောင်းပါးများ ဖတ်ရှုရင်းကြားဖူးနားဝရှိလာပါတယ်။ လေ့လာလိုက်စားရင်း ကျန်းမာရေး ကောင်းမွန်အောင် ဘယ်လိုနေထိုင်ရတယ်ဆိုတာ ဆရာဝန်၊ ဆရာမများ လမ်းညွှန်မှုခံယူရင် သိလာကြမှာပါ။

ကျန်းမာရေးကောင်းတဲ့ သူရဲ့ လက္ခဏာများက ခွန်အားပြည့်ခြင်း။ ကြည်လင်တောက်ပတဲ့ မျက်လုံးရှိခြင်း။ ဆံပင်ရဲ့ကောက်ခြင်း။ တောက်ပြောင်နက်မည်းခြင်းရှိခြင်း၊ အရေပြားစိုပြေပြီး အနာကင်းခြင်း။ ကြည်လင်ရေတောက်ပတဲ့ နေထိုင်မှုရှိခြင်း။ အသက်အလိုက်ကိုယ်လေးချိန်၊ မပိန်လွန်း၊ မဝလွန်းခြင်း။ အရုပ်အမောင်းကောင်းခြင်း။ ကိုယ်ခန္ဓာအချိုးအစား ပြေပြစ်ခြင်း။ ပျော်ရွှင်လန်းဆန်းမှုရှိခြင်း။ အရာရာစူးစမ်းလေ့လာလိုစိတ်နှင့် တက်ကြွလုံ့လမှုရှိခြင်းတို့ဖြစ်တယ်။

ကျန်းမာရေးချို့တဲ့ သူတွေရဲ့ လက္ခဏာများက ခန္ဓာကိုယ် ကျန်းမာရေး ချို့တဲ့လက္ခဏာများဖြစ်တဲ့ ရုတ်တရက် ပိန်ကျသွားပြီး ကိုယ်အလေးချိန် အရှယ် ကျသွားခြင်း။ ရုတ်တရက် အလွန်ဝခြင်း။ ကိုယ်အလေးချိန်တို့လာခြင်း။ လန့်လန့်ဆန်းဆန်းမရှိ ထိုင်းမှိုင်းခြင်း။ မကျန်းမာတဲ့ လက္ခဏာရှိခြင်း။ မောပန်းလွယ်ခြင်း။ အသေးအမွှားရောဂါများ (ခေါင်းကိုက်ခြင်း၊ ဗိုက်နာခြင်း၊ အခြားခြေဆစ်လက်ဆစ်ကိုက်ခဲခြင်း။ နာစေး၊ ချောင်းဆိုးခြင်း၊ အချွဲကျပ်ခြင်း၊ ညနေဘက် ကိုယ်နွေးခြင်း။ အစားအသောက်ပျက်ခြင်း။ ကိုယ်အလေးချိန်ကျခြင်းတို့ဖြစ်ကာ၊ မောပန်းလွယ်တတ်တယ်။ ထွားကျိုင်းမှု မရှိတတ်ဘူး။ လူငယ်က ကျောင်းမကြာခဏပျက်ပြီး စာမေးပွဲဖြေရင် ဖျားနေတတ်တယ်၊ မူဝေအော့အန်တတ်တယ်၊ အသားအရေ ဖြူရော်ရှိပြီး လက်သည်းများပန်းရောင်မဟုတ်ပဲ၊ ဖြူနေကာ၊ အောက်မျက်ဝန်း မြကြည့်ရင်၊ ဖြူနေတတ်ကာ၊ သွေးအားနည်းရောဂါရှိ တတ်တယ်။ ဗိုက်ပူနံကားနဲ့ အရိုးပိန်ဖြစ်နေတယ်သလို၊ တီဘီရုပ်လက္ခဏာ ဖြစ်နေတတ်တယ်။

မိတ္တနှင့် စိတ္တဖက်ကြည့်ရင် ကျန်းမာရေးကောင်းတဲ့သူဟာ အပေါင်းအသင်း ဆက်ဆံမှုများ မှန်ကာ အများနဲ့ ပူးပေါင်းဆောင်ရွက်ခြင်း။ ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိခြင်း။ တွေဝေထိုင်မှိုင်းမှု မရှိခြင်း။ ကြောက်ရွံ့ စိုးရိမ်စိတ်မရှိ၊ ပျော်ရွှင်အောင် နေထိုင်ခြင်း။ အသိဉာဏ်ဖွံ့ဖြိုးမှုအလိုက် ရည်မှန်းချက်ရှိပြီး လူအခွင့်အရေးများ သိရှိခံစားတတ်ခြင်း။ ပျော်ရွှင်ဝမ်းမြောက်ခြင်းတို့ တွေ့ရတတ်ပါတယ်။

မကျန်းမာတဲ့ သူတွေအတွက်

www.burmeseclassic.com

မိဘ္ဘနဲ့ စိတ္တမှာ အနည်းမှုရှိပြီး အလွန် ရှက်ကြောက်ခြင်း၊ တစ်ဦးတည်နေခြင်း၊ အပေါင်းအသင်း ရှောင်ဖယ်ခြင်း၊ တွေဝေ စိတ်ကူးနေမှုများခြင်း၊ အလွန့်အလွန့်ကြွား ဝါနေထိုင်ပြောဆိုခြင်း၊ အလွန်ခေါင်းမာ ခြင်း၊ အလွန်ဒေါသကြီး၊ စိတ်မထိန်းနိုင် ခြင်းတို့ တွေ့ရတတ်ပါတယ်။

ကျန်းမာရေး ကောင်းခြင်း၊ မကောင်းခြင်းပေါ်မူတည်ပြီး ပညာရေး အပေါ် လွှမ်းမိုးမှုရှိနိုင်ပါတယ်။ သာမန် လူငယ်တွေအဖို့ တစ်နှစ်တစ်တန်း မှန် မှန်အောင်လို့၊ ဆယ်တန်းအောင်ပြီး ဘွဲ့လက်မှတ် တစ်ခုခုရရှိသွားနိုင်ပါတယ်။ အသက်မွေးဝမ်းကျောင်း၊ ပညာရပ်တစ်ခု ခုနဲ့ ဘဝတစ်ခု ထူထောင်နိုင်ကြပါ တယ်။

ကျန်းမာရေးမကောင်း လူငယ် ကတော့အမြဲတမ်း မိမိဘဝမလွတ်နိုင် သလို၊ တစ်နှစ်တစ်တန်း အောင်ဖို့ မလွယ်လို့၊ ဆယ်တန်းအောင်တဲ့ အထိ သာမန်ဘွဲ့တစ်ခုခုရဖို့ထိ၊ အသက်မွေး ဝမ်းကျောင်း သင်ဖို့အထိခက်ခဲ နေတတ် တယ်။

အကြောင်းအားဖြင့် လူတစ် ယောက် ကျန်းမာရေးစစ်ဆေးပေးရာမှာ မျက်စိစစ်ဆေးခြင်း၊ နား၊ နှာခေါင်း၊ လည် ချောင်းစစ်ဆေးခြင်း၊ သွားနဲ့ခံတွင်စစ်ဆေး မှု စစ်ဆေးခြင်း၊ ခန္ဓာကိုယ်ဖွံ့ဖြိုးမှု စစ် ဆေးခြင်း၊ တို့လိုအပ်တယ်။ အခြားအထူး လိုအပ်တဲ့ စစ်ဆေးမှုမျိုးလည်း လိုအပ် ကောင်းလိုအပ် တတ်ပါတယ်။

မျက်စိစစ်ဆေးခြင်းမှာ မျက်စိ မြင်ခြင်း၊ မမြင်ခြင်းသာမက၊ မျက်စိစွေ စောင်းမှုရှိမရှိ၊ မျက်စိရောဂါများ၊ ဥပမာ မျက်စိနာခြင်း၊ ထိခိုက်ဒဏ်ရာ၊ မျက်စမ်း၊ ဝမ်းရောဂါ၊ ဗီတာမင်အေကြွက် မျက်ညသင့် ရောဂါ၊ မျက်စိမှုန်ခြင်းရောဂါ၊ မျက်ကြည် လွှာအနာဖြစ်ခြင်း၊ မျက်ကြည်လွှာရောင် ရမ်းခြင်း၊ အတွင်ထိမ်း၊ မျက်နက်စရောင် ရမ်းခြင်းတို့ လိုအပ်သလို၊ စစ်ဆေးပေးရ မယ်။

နားနဲ့ပက်သက်ပြီး နားကောင် စွာ ကြားခြင်ရှိမရှိ၊ သာမန်လူတစ်ယောက် လို နံမည်ခေါ်ရင် တုံ့ပြန်မှုရှိမရှိ၊ နား အတွင် နားပြည်ယိုခြင်း၊ ပြင်ပဝ္တုများ အတွင်းဝင်ခြင်း၊ နားအတွင် နားဖာချေးရှိ မရှိ စစ်ဆေးရမယ်။

နှာခေါင်းနဲ့ပက်သက်ရင် နှာ ခေါင်းသွေးယိုခြင်းရှိမရှိ၊ နှာရည်ယိုခြင်း၊ နှာခေါင်းသံနှင့် စကားပြောဆိုမှု အာ ခေါင်းသံ၊ အာခေါင် ရောင်ရမ်းနေမှုနဲ့ စကားပြောဆိုမှုရှိမရှိ စစ်ဆေးရမယ်။

လည်ချောင်းမှာလည်း ပြင်ပ ဝတ္ထု၊ လည်ချောင်းအကွင်းကို ဝင်ခြင်းရှိ မရှိ၊ မန့်ခံကောင်မကောင်း စစ်ဆေးဖို့လို သလို၊ အစာမျိုခြင်း၊ ရေမျိုခြင်း ဒုက္ခပေး မှုရှိမရှိ စစ်ဆေးပေးသင့်ပါတယ်။

လူငယ်များရဲ့ သွားနဲ့ခံတွင်သန့် ရှင်မှုရှိမရှိ၊ တစ်နှစ်တစ်ကြိမ် စစ်ဆေး ပေးဖို့လိုတယ်။ သွားများသန့်ရှင်မှုရှိမရှိ၊ ငယ်သွားများပုံမှန်လဲခြင်ရှိမရှိ၊ သွား အပေါက်များ ပိုးစားခြင်ရှိမရှိ၊ ကြည့်ရှုရ မယ်။

ကိုယ်ကာယ ဖွံ့ဖြိုးကြီးထွားမှု အခြေအနေကို စနစ်တကျ စစ်ဆေးဖို့ လိုတယ်။ နေ့စဉ်ပုံမှန်၊ နှာရိုက်ရ တစ်



www.burmeseclassic.com

www.burmeseclassic.com

နာရီထိပုံမှန်လေ့ကျင့်ခန်း (အပြေး၊ လမ်းလျှောက်၊ စက်ဘီးစီး၊ ရေကူး) လုပ်ပေးဖို့ လိုအပ်သလို၊ ခန္ဓာကိုယ်အချိုးအဆ (ဘီအမ်အိုင် Body mass Index) ကို ပုံမှန် (၁၈.၉) မှ (၂၄.၉) အတွင်းရှိဖို့ လိုအပ်ပါတယ်။ ဘီအမ်အိုင်ဆိုတာ ခန္ဓာကိုယ်အလေးချိန် (ကီလိုဂရမ်) ကို အရပ်အမြင့်မီတာ (နှစ်ထပ်ကိန်း) နဲ့ စားလို့ရတဲ့ ရလဒ်ဖြစ်လို့ အလေးချိန်များလွန်းခြင်း မဖြစ်ရအောင်၊ အသင့်အမြန်စားအစားအစာများ (ဟမ်ဘာဂါ၊ ခဝင်းဒစ်၊ ပီဇာမုန့်) မစားဖို့လိုပါတယ်။ အစားအသောက် ညီညွတ်မှုရှိရသလို ခန္ဓာကိုယ်အချိုးအစား ညီညွတ်မှုရှိရပါမယ်။

ယေ်စဉ်ကတည်းက ကျန်းမာရေးလိုက်စားပါမှ ကြီးလာရင် ရောဂါအနာတရကင်းရှင်းမှာ ဖြစ်သလို လူတစ်ယောက်ရဲ့ ကျန်းမာခြင်းကောင်းခြင်း၊ မကောင်းခြင်း အပေါ်သူ့ရဲ့ အနာဂတ်က တည်မှီနေပါတယ်။

အခြေခံအာဟာရ ပညာအရ ခွဲခြားထားတဲ့ အစာအာဟာရဓာတ်များ အုပ်စု (၃) အုပ်စုရှိပါတယ်။

(က) အင်အားဖြစ်ထွန်းစေသော အစာအုပ်စု အာလူး၊ ထောပတ်၊ ကောက်ညှင်းထုပ်၊ ဘီစကစ်၊ ထန်းလျက်၊ သကြားဆီ၊ ကန်စွန်းဥ၊ ပိန်းဥ၊ ပဲပြား၊ ခေါက်ဆွဲ။

(ခ) ခန္ဓာကိုယ်ကြီးထွားစေသော အစာအုပ်စု အသား၊ ကြက်သား၊ ငါး၊ ပုစွန်၊ ငါးကလေး၊ ပဲအမျိုးမျိုး ဥမျိုးမျိုး။

(ဂ) ရောဂါဘယမှ ကာကွယ်သော အစာအုပ်စု။ စိမ်းလန်းတဲ့ ဟင်းရွက်များ (ကန်စွန်းရွက်၊ ဒန့်သလွန်၊ ဟင်းနုနွယ်ရွက် အခြား ဟင်းသီးဟင်းရွက်များ၊ ခရမ်းချဉ်သီး၊ ရုံးပတီသီး) သခော်များ၊ ငှက်ပျောက်၊ ပိန္နဲ၊ မာလကာ၊ သရက်တို့ပါတယ်။

ဒေါက်တာလွင်သန့်

လှိုဖွက်ဆန်းကြယ်မဂ္ဂဇင်း
ရန်ကုန်ဖြန့်ချိရေးနှင့် အထူးကိုယ်စားလှယ်

စောဦး စာပေ

၃၁-လမ်း၊ ရန်ကုန်မြို့



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

အညာနေ့ဆိုတော့…နံနက်မိုးလင်းနေရောင် ထွက်လာသည်နှင့် အပူဒဏ်ကို စတင်ခံစားလာရပါတော့သည်။

နယ်ထိန်းခေါင်းဆောင် ခုရဲအုပ် ပြည့်ဖြိုးဟိန်း၊ တပ်ကြပ်ကြီး နိုင်လင်းဦး၊ တပ်ကြပ်ကိုရဲနှင့် တပ်သားကိုလင်းတို့ လေးယောက်ကတော့ နေ့အပူကို ဂရုမစိုက်နိုင်၊ မိုးရွာရွာ ဆောင်းချမ်းချမ်း ပြည်သူ့ဘဝလုံခြုံဖို့ တရားဥပဒေစိုးမိုးဖို့အတွက် ၂၄ နာရီတာဝန်ရှိသည်ဟုခံယူထားသော ပြည်သူ့ရဲဝန်ထမ်းများပီပီမော်တော်ဆိုင်ကယ် နှစ်စီးဖြင့် ရွှေကူအရှေ့ရပ်၊ လွတ်လပ်ရေး လမ်းထဲသို့ထွက်လာခဲ့ကြခြင်း ဖြစ်လေသည်။ ဖုန်းဖြင့် သတင်းပေးသူက ရပ်ကွက်လမ်းလူကြီး ဦးသန်းဝေ၊ လွတ်လပ်ရေး လမ်းထဲတွင် လူသတ်မှုဖြစ်ပွားသည်။ တရားခံကိုလည်း ဖမ်းမိထားသည် ဟု သတင်းပေးပြီး ဖုန်းချသွားလေသည်။ ဖုန်းသတင်းကိုလက်ခံစကားပြောလိုက်သူက စခန်းမှူးကြီး ကျော်ဖြိုးထက်။ ဒီတော့…

"ကိုဟိန်းရေ…အရေးတော်ပုံတော့ပေါ်ပြန်ပြီပော့ လွတ်လပ်ရေးလမ်းထဲမှာ လူသတ်မှုဖြစ်လို့တဲ့ တရားခံလည်းဖမ်းမိထားတယ်လို့ ပြောတယ်။ ကိုဟိန်းတို့အဖွဲ့ လှုပ်ရှားပေတော့"

တရားခံကို ဖမ်းဆီးခေါ်ဆောင်ခဲ့ရန် စခန်းမှူးကြီးက တာဝန်ပေးလာတော့သည်။ နယ်ထိန်းခေါင်းဆောင် ပြည့်ဖြိုးဟိန်းနှင့်အဖွဲ့က သွက်သွက်လက်လက်ပင် မော်တော်ဆိုင်ကယ်နှစ်စီးဖြင့် ထွက်ခဲ့ကြခြင်းပင် ဖြစ်လေသည်။

"ဗိုလ်လေး…ဒီတစ်ခါတော့ သိပ်မလှုပ်ရှားရတော့ဘူးပေါ့နော်… တရားခံရှိပြီးသားဆိုတော့"

မော်တော်ဆိုင်ကယ်နောက်မှ ထိုင်လိုက်လာသော တပ်ကြပ်ကိုရဲက ဆိုင်ကယ်မောင်းလာသော ခုရဲအုပ်ပြည့်ဖြိုးဟိန်းကို ပြောလိုက်ခြင်းဖြစ်လေ၏။ သိပ်မကြာလိုက်ပါ။ လူသတ်မှုဖြစ်ပွားရာ နှစ်ထပ်ပျဉ်ထောင် အိမ်တစ်လုံးရှေ့သို့ ရောက်သွားသည်။ လမ်းလူကြီး ဦးသန်းဝေနှင့် ရပ်ကွက်လူကြီးများက အိမ်ရှေ့မှ ထွက်မောင့်နေသည်ကို တွေ့လိုက်ရသည်။

"လူသတ်မှုဖြစ်တာက အိမ်အောက်ထပ်မှာ ဗိုလ်လေး"

မော်တော်ဆိုင်ကယ်ကို ခေါက်ထောက်ရပ်နေသော ခုရဲအုပ်ပြည့်ဖြိုးဟိန်းကို လမ်းလူကြီး ဦးသန်းဝေက ပြောလိုက်သည်။ ခုရဲအုပ်ပြည့်ဖြိုးဟိန်းက အိမ်ဝိုင်းထဲသို့ လှမ်းကြည့်လိုက်သည်။ အိမ်ရှေ့မကျည်းပင်အောက်တွင် စားပွဲတစ်လုံး၊ ဘေးဘယ်ညာတွင် ခုံတန်းရှည်နှစ်လုံးချထားပြီး ခုံတန်းရှည် တစ်လုံးပေါ်တွင် ဘုန်းတော်ကြီး တစ်ပါးနှင့် အသက် ၂၅ နှစ်ခန့် လူရွယ်တစ်ဦးတို့ ထိုင်နေသည်ကိုတွေ့လိုက်ရသည်။ အိမ်အောက်ထပ်တွင် လူသူလေးပါးကင်းရှင်းနေသည်။

"ဘယ်လိုဖြစ်ကြတာလဲ ဦးသန်းဝေ"

"ရက်လည် ဆွမ်းသွတ်အပြီးမှာ မောင်နမသုံးယောက် အမွေကိစ္စနဲ့ စကားများပြီး ခြေလွန်လက်လွန်ဖြစ်သွားကြတာပါ…ခုံတန်းရှည်ပေါ်မှာ ထိုင်နေတဲ့ကောင်က ကွယ်လွန်သွားသူ့ ဒေါ်လှ



www.burmeseclassic.com

www.burmeseclassic.com

ချစ်ရဲ့ အငယ်ဆုံးသား လူသတ်တရားခံ ရန်နိုင်ဦးပါ. . .ဘုန်းတော်ကြီးကတော့ ဒေါ်လှချစ် ကိုးကွယ်တဲ့ ကိုယ်တော်ပါ ဦးနာယကပါ"

"အသတ်ခံရတာက"

ဒေါ်လှချစ်ရဲ့ အငယ်ဆုံးသမီး ရန်နိုင်ဦးရဲ့အမ ခင်လေးတင့်ပါ။ ဒေါ်လှချစ်မှာ သမီးသုံးယောက်နဲ့ သားတစ်ယောက်ရှိပါတယ်။ ယောကျ်ားကတော့ မရှိတော့ပါဘူး။ သေတာကြာပါပြီ"

ခုရဲအုပ် ပြည့်ဖြိုးဟိန်း မေးသမျှ လမ်းလူကြီး ဦးသန်းဝေက ဖြေနေသည်။

"ဒေါ်လှချစ်က ဘာရောဂါနဲ့ဆုံးတာလဲ"

"သွေးတက်စတွေစားပြီး. . .သွေးတိုး ရောဂါနဲ့ ဆုံးတာပါ"

ခုရဲအုပ် ပြည့်ဖြိုးဟိန်းက အကွက်စေ့စေ့ မေးလိုက်မိသည်။ ဦးသန်းဝေကလည်း သိသမျှဖြေသည်။ အိမ်အောက်ထပ်သို့ ဝင်လိုက်သည်နှင့် အမျိုးသမီးငယ်တစ်ယောက် ခွေခွေလေး လဲကျသေဆုံးနေသည်ကို တွေ့လိုက်ရသည်။ သေသူ၏ ပတ်ဝန်းကျင်တွင် မုန့်ဟင်းခါးပန်းကန်များ၊ မုန့်ဟင်းခါးဖတ်များ နံနံပင်များ၊ မန္တလေးပဲကြော်များ၊ ဇွန်းများ ပွကြဲနေသည်။ ရှန်းရှင်းဆန်ခတ်ဖြစ်ထားသည့် အနေအထား။ ရဲတပ်ကြပ် ကိုရဲက ကင်မရာတစ်လုံးဖြင့် ရှထောင့်ပေါင်းစုံမှ မှတ်တမ်းတင် ဓါတ်ပုံရိုက်နေသည်။ လမ်းလူကြီး ဦးသန်းဝေနှင့် ရပ်ကွက်လူကြီးများက အိမ်အောက်ထပ်အထိ လိုက်မလာကြ၊ အိမ်ပေါက်ဝမှပင် လှမ်းကြည့်နေကြသည်။ ခုရဲအုပ် ပြည့်ဖြိုးဟိန်းက သေဆုံးနေပြီ ဖြစ်သော အလောင်းအား သေချာစွာစစ်ကြည့်လိုက်သည်။

"မိုလ်လေး. . .ဓားဒဏ်ရာနဲ့တူတယ်။ နှလုံးကိုထိသွားတာ ဖြစ်မယ်"

ဘယ်ဘက်ရင်မှ ရှုဝင်ဒဏ်ရာတစ်ချက်ကိုသာ တွေ့လိုက်ရသဖြင့် တပ်ကြပ်ကြီး နိုင်လင်းဦး၏ စကားကို ထောက်ခံသည့် သဘောဖြင့် ခေါင်းငြိမ့်ပြလိုက်မိသည်။ တစ်ခြားမည်သည့်နေရာမှ ပြင်ပဒဏ်ရာမတွေ့ရပေ။ ဒေါသအလျှောက်လုပ်မိလိုက်သည့် သဘောပင်။ အလောင်းနှင့် မနီးမဝေးတွင် ညိုးငယ်သော မျက်နှာဖြင့် အမျိုးသမီးနှစ်ယောက်ထိုင်ပြီး ငိုနေသည်။ အသတ်ခံရသူ ခင်လေးတင့်၏ အစ်မနှစ်ယောက် ဖြစ်ပေလိမ့်မည်။ အမှုကရှိုးရှိုးရှင်းရှင်းလေးပင် ရုတ်တရက်ထွက်ပေါ်လာသော ဒေါသကို မထိန်းနိုင်၍ ဖြစ်သွားသော လူသတ်မှုဟု ခုရဲအုပ် ပြည့်ဖြိုးဟိန်းက ကောက်ချက်ချလိုက်သည်။ အလောင်းကို သေချာစွာစစ်ဆေးပြီးပြီမို့ ဆေးစာနှင့်အတူ ဆေးရုံသို့ ပို့ခိုင်းလိုက်သည်။

"ဟို. . .ငိုနေတဲ့ နှစ်ယောက်က ဘယ်သူတွေလဲ"

အိမ်ပေါက်ဝမှာ ရပ်နေသော လမ်းလူကြီး ဦးသန်းဝေကို မေးလိုက်သည်။

"ခင်လေးမြင့်နဲ့ ခင်လေးဆင့်ပါ။ အသတ်ခံရတဲ့ ခင်လေးတင့်ရဲ့အမ



www.burmeseclassic.com

www.burmeseclassic.com

နှစ်ယောက်ပေါ့"

ခုရဲအုပ် ပြည့်ဖြိုးဟိန်း သူထင်သည့်အတိုင်း ဖြစ်နေသည်။ ရဲတပ်သား ကိုလင်းကို ထိုအမျိုးသမီးနှစ်ယောက်အား ခေါ်ခိုင်းလိုက်ပြီး သူကိုယ်တိုင်ကတော့ ဘုန်းတော်ကြီးထိုင်နေသော မန်ကျည်းပင်အောက်က စားပွဲခုံရှိရာသို့ ထွက်လာခဲ့သည်။ သူနောက်မှ ရပ်ကွက်လူကြီးများပါ လိုက်လာကြသည်။

"ဘယ်လိုကိစ္စကစပြီး…အခုလိုမျိုး လူသတ်တဲ့အထိ ဖြစ်သွားရတာလဲ"

ခုရဲအုပ် ပြည့်ဖြိုးဟိန်းက လူသတ်တရားခံ ရန်နိုင်ဦး၏ ညာဘက်ဘေးတွင် ဝင်ထိုင်ရင်းမေးလိုက်သည်။ ပြီးမှ မျက်နှာချင်းဆိုင် ခုံတန်းရှည်ပေါ်မှ ဆရာတော် ဦးနာယကကို လက်အုပ်ချီ၍ကန်တော့လိုက်သည်။

"အိမ်…ဒီကိစ္စဆိုရင်တော့ ဘုန်းကြီးကပဲ စပြီးပြောပါရစေ ဒကာလေးရယ်။ ဒီကိစ္စ…ဒီလူသတ်မှု ဖြစ်ရတဲ့ အကြောင်းရင်းရဲ့အစက ဘုန်းကြီးနဲ့ ပတ်သက်နေပါတယ်။ ကွယ်လွန်သူဒကာမကြီး ဒေါ်လှချစ်ကသာ ဘုန်းကြီးကို အိမ်မက်လာမပေးရင် ဒီပြဿနာတွေလည်းပေါ်လာမှာ မဟုတ်ဘူးပေါ့ကွယ်"

"ဘယ်လို အိမ်မက်ပေးတာလဲ ဘုရား"

စိတ်ဝင်စွာမေးလိုက်သူက ခုရဲအုပ် ပြည့်ဖြိုးဟိန်း မှခင်းတစ်ခုဖြစ်ပေါ်လာရသည့် အကြောင်းရင်းကို သိရတော့မည် မဟုတ်ပါလား…

"ဒီလိုဒကာလေးရဲ့…လွန်ခဲ့တဲ့ တစ်ခေါက်လောက်…ဒကာမကြီး ဒေါ်လှချစ်က ဘုန်းကြီးကို အိပ်မက်ပေးတယ်…အိမ်မက်ထဲမှာ ဒကာမကြီးက သူအိပ်တဲ့ကုတင်ခြေရင်းက ဖိနပ်ပေါင်းတွေထည့်တဲ့ ထင်းရှူးသေတ္တာပုံးပေါင်းထဲမှာ သူစုထားတဲ့ငွေ (၁၅) သိန်းရှိပါတယ်။ အဲဒီငွေတွေကို သူ့သားလေး ရန်နိုင်ဦးကို ယူပေးလိုက်ပါ။ ပြီးတော့ ဘုရားစင်ပေါ်မှာ တင်ထားတဲ့ဗလာစာအုပ်ထဲမှာ ရစရာရှိတဲ့ အကြွေးတွေ မှတ်ထားတာရှိတယ်။ ရအောင်တောင်းခိုင်းပေးပါလို့ပြောတယ်။ ဒါနဲ့ ဘုန်းကြီးလည်း "ဒကာမကြီးရယ်…ကိုယ့်သားသမီးတွေကိုကိုယ်တိုင် အိမ်မက်သွားပေးပါလား" လို့တောင် ပြန်မိန့်မှာလိုက်သေးတယ်။ ဒကာမကြီး ဒေါ်လှချစ် ဆုံးသွားပြီဆိုတာ ဘုန်းကြီးမသိရသေးဘူးကွဲ့။ မနက်လင်းတော့မှ ဘုန်းကြီးဆီကို ဒကာတစ်ယောက် ရောက်လာပြီး ည (၁၂) နာရီတိတိ မှာ ဒေါ်လှချစ်တစ်ယောက် သွေးတိုးရောဂါ နဲ့ ကွက်လွန်သွားတဲ့အကြောင်း လျှောက် တော့မှ သိလိုက်ရတာ"

"ဒါဆို ဒေါ်လှချစ်က ကွယ် လွန်သွားတာနဲ့ အရှင်ဘုရားဆီကို အိမ် မက်တန်းပေးတာပေါ့"

တပ်ကြပ်ကိုရဲက ဝင်မေးလိုက် လေသည်။

"အိမ်း…ဒီလိုပဲပြောရမှာပေါ့ ကွယ်။ ဘုန်းကြီးလည်း အိမ်မက်ကိစ္စ ကို ရက်လည်တဲ့နေ့ သားသမီးဆုံကြ တော့မှ ပြောတာကောင်းပါတယ်ဆိုပြီး ဒီနေ့မှ ပြောလိုက်မိတာပဲ…

"အိမ်မက်ပေးတဲ့ အတိုင်းငွေ ၁၅ သိန်းကိုတွေ့လားဘုရား"

ခုရဲအုပ် ပြည့်ဖြိုးဟိန်းက လက်အုပ်ချီ၍ မေးလိုက်သည်။





www.burmeseclassic.com

www.burmeseclassic.com

“တွေ့တယ်ဒကာ···တွေ့လို့လည်း အခုလို ပြဿနာတွေပေါ်လာတာပေါ့···ငွေ ၁၅ သိန်းကိုတွေ့လိုက်ရတော့ လောဘဆိုတဲ့ စိတ်မိုက်၊ စိတ်ရိုင်းတွေ ဝင်လာတာပေါ့ကွယ်။ ပြီးတော့ အခု လို ငွေ ၁၅ သိန်းကို အစုလိုက်အပုံလိုက် တစ်ခါမှ မတွေ့ဘူးတဲ့ သမီးခင်လေးဆင့်နဲ့ ခင်လင်းတင့်တို့ ညီအစ်မနှစ်ယောက် ကစပြီ ပြဿနာရှာတော့တာပါပဲ”

“ဘယ်လို ပြဿနာပါလဲ ဘုရား”

“အမေထားခဲ့တဲ့ ဒီငွေတွေကို မောင်လေးရန်နိုင်ဦး တစ်ယောက်ထဲမပေးနိုင်ဘူး။ သူတို့နဲ့လည်းဆိုင်တယ် အမွေဆိုင်ငွေလို့ လောဘစကားပြောတော့တာပါပဲ။ လူကြီးသူမတွေက တားမြစ်ဆုံးမ ကြပါတယ်။ သွေးသားအရင်းအခြာဖြစ်ပေမယ့် ကြောက်မက်ဖွယ်ရာ ဒေါသတရားကို ရှေ့တန်းတင်လာကြတယ်။ အထူးသဖြင့် ခင်လေးဆင့်နဲ့ ခင်လေးတင့်တို့က ခါးခါးသီးသီးပဲ ကွယ်လွန်သွားတဲ့ အမေ့မျက်နှာမှ မထောက်ကွယ်။ ရက်လည်ဆွမ်းကျွေး တရားနားတဲ့ ဧည့်သည်တွေကြားထဲမှာ ဖြစ်သွားတာပါပဲ”

“ဒေါ်လှချစ်က မသေခင်တုံးက ဘာအလုပ်လုပ်တာလဲ ဘုရား”

“အဲဒါဆိုရင်တော့ ဒကာမကြီး ဒေါ်လှချစ် အကြောင်းကို အစကပြန်ပြောရမှာပေါ့လေ။ ဟို မ·ဆ·လ အစိုးရ လက်ထက်မှောင်ခိုတွေ ခေတ်ကောင်းစဉ်က ဒေါ်လှချစ်ဟာ မှောင်ခိုလုပ်ငန်းကို လုပ်ကိုင်ပြီး စီးပွားရှာခဲ့တယ်။ သူ့ယောကျ်ား ကိုဘစံက ကုန်တင်ကားမောင်းတယ်။ သမီးအကြီး ခင်လေးမြင့်နဲ့ အတူမော်လမြိုင်ထိ ရွှန်းရွှန်းစားစား သွားလုပ်တယ်။ ကျန်တဲ့ သမီးနှစ်ယောက်က ကျောင်းသူတွေပေါ့။ မှောင်ခိုလုပ်တယ်ဆိုတာကလည်း ကြီးကြီးစားစား မဟုတ်ပါဘူး။ ထမင်းမငတ်ရုံ တစ်နိုင်တစ်ပိုင် လုပ်တာပေါ့။ သမီးအငယ်နှစ်ယောက်ကို ရင်အုပ်မကွာ မစောင့်ရှောက်နိုင်တော့ စောစောစီးစီး တစ်ယောက်ပြီး တစ်ယောက် အိမ်ထောင်ကျပြီး ယောကျ်ား နောက်လိုက်သွားကြတယ်။ အမေကခရီးထွက် အမေကကာသမား အိမ်မှာ တစ်ယောက်ထဲ ကျန်ခဲ့တဲ့သားကလည်း ဖြစ်ချင်တိုင်းဖြစ် မ·ဆ·လ အစိုးရပြုတ်သွားပြီး နဝတ အစိုးရသစ် လက်ထက်မှာ မှောင်ခိုလုပ်ငန်းပပျောက် သွားတယ်။ ဒေါ်လှချစ်တစ်ယောက် ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဖြစ်နေတဲ့ အချိန်မှာ ယောကျ်ားက ဆုံးသွားပြန်တယ်။ ယောကျ်ားဆုံးသွားလို့မှ မြေကြီးလမပြည့်သေးဘူး။ သမီးကြီး ခင်လေးမြင့်က ယောကျ်ားယူသွားတယ်။ သားငယ်ကလည်း ဘာမှမလုပ်တတ်။ ယောင်ခြောက်ဆယ်သမား ရှိနေတယ်။ ဒေါ်လှချစ်က မာန်ကြီးတယ်။ သမီးကြီးအိမ်မှာ လိုက်နေတယ်ဆိုပေမယ့် အလကား မနေဘူး။ အိမ်လခပေးနေတယ်။ သားအမိနှစ်ယောက်တည်း ထမင်းဟင်းချက်စားတယ်။ အလုပ်လုပ်မှ ထမင်းစားရမှာဆိုတော့ မနက်ပိုင်းမှာ အသုတ်ဆိုင်လေးဖွင့်ရောင်းတယ်။ နေ့လည်ပိုင်းမှာ ပြောင်းဖူးချိန်ဆို ပြောင်းဖူးပြုတ်ရောင်းတယ်။ ရပ်ကွက်ထဲမှာ လှည့်ပြီး ရောင်းတယ်”



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော် ဦးနာယကက စကားပြောရတာ မောသွားဟန်ဖြင့်ခဏ နားလိုက်သည်။ ခင်လေးမြင့်နှင့် ခင်လေးဆင့် ညီအစ်မနှစ်ယောက်က ခုံတန်းရှည်နောက်မှာရပ်၍ နားထောင်နေကြသည်။

"ပြီးတော့ ဈေးထဲကမိန်းမတော် အထည်တွေကိုဝယ်ပြီး ရပ်ကွက်ထဲမှာနေ့သွင်းနဲ့ အမြတ်တင်ပြီးရောင်းတယ်။ အဲဒီလိုနေရင်းနဲ့ အစားအသောက်မဆင်ချင်တော့ သွေးတိုးရောဂါရလာတယ်။ သွေးတိုးရောဂါ ရှိတာသိပေမဲ့ အစားအသောက်ကို မဆင်ချင်ဘူးလေ။ အငတ်ခံပြီး မသေနိုင်ဘူး။ ဝဝစားပြီး လုလုလေးသေမယ်လို့ သူ့ရောဂါနဲ့ ပတ်သက်ပြီး ပြောရင်အဲဒီလို ပြန်ပြောတဲ့သူလေ။ အခုတော့ ဝဝစားပြီးလုလုလေး သေပြီလေ။ အင်းလျှောဘ လောဘ။ ဒကာမကြီးက အစားကြောင့်သေရတယ်။ သမီးငယ်က ငွေကြောင့်သေရတယ်။ အစားလောဘနဲ့ ငွေလောဘကတယ် ကြောက်ဖို့ကောင်းတယ် ဒကာကြီး"

ဆရာတော် ဦးနာယကက သတိသံဝေဂရသံဖြင့် စကားအဆုံးသတ်လိုက်သည်။ ခုရဲအုပ် ပြည့်ဖြိုးဟိန်းက ရန်နိုင်ဦးဘယ်သို့ လှည့်၍…

"ဘာဖြစ်လို့ လူသတ်တဲ့အထိ ဖြစ်သွားရတာလဲ ကွာ"

ရန်နိုင်ဦးက ခေါင်းငုံ့နေရာမှ ခုရဲအုပ် ပြည့်ဖြိုးဟိန်းဘယ်သို့ လှည့်ကြည့်လိုက်သည်။

"လောဘပေါ့ အစ်ကို… လောဘကြောင့် ဒေါသဖြစ်…ဒေါသကို မထိန်းနိုင်တော့ ကိုအစ်မအရင်းကိုသတ်မိတဲ့အထိ ဖြစ်သွားတာပါ"

"ဘယ်လိုကစပြီး ဖြစ်တာလဲ"

"ဆရာတော် ဦးနာယကက လည်း ခွမ်းကျွေးတရားနာပြီး ပင့်သံဃာ ငါးပါးလည်း ပြန်ကြွသွားရော ကျွန်တော်တို့ မောင်နှမလေးယောက်ကိုခေါ်ပြီး မေမေက သူ့အိပ်တဲ့ အိပ်ရာခြေရင်းက ဗီနပ်ပော့င်းတွေ ထည့်တဲ့ထင်းရှူးပုံးထဲမှာ ငွေ ၁၅ သိန်းရှိတဲ့ အကြောင်း အိမ်မှာပေးတယ်လို့ မိန့်ကြားလာတယ်။ ကျွန်တော်တို့ မောင်နှမလေးယောက် လည်း မယုံတစ်ဝက် ယုံတစ်ဝက်နဲ့သွားရှာကြတော့ တကယ် ငွေ ၁၅ သိန်းက ရှိနေတယ်။ ကြွပ်ကြွပ်အိပ်အမည်းရောင်နဲ့ ထုပ်ထားဟာခင်ဗျ။ ဆရာတော် ဦးနာယကေ ဒီငွေ ၁၅ သိန်းကို ဒကာမကြီးဓေါ်လှချစ်က သူ့သားအငယ်ဆုံး ရန်နိုင်ဦးကို ပေးပေးပါလို့မှာတဲ့အကြောင်း ထပ်ပြောလိုက်တော့ အစ်မကြီး ခင်လေးမြင့်ကဘာမှ မပြောပေမဲ့ ကျန်တဲ့ အစ်မခင်လေးဆင့်နဲ့ ခင်လေးတင့်တို့က ခါးခါးသီးသီး လက်မခံနိုင်ဘူး။ သူတို့နဲ့လည်းဆိုင်တယ်လို့ ဖြစ်လာတော့တာပါပဲ။ ဆရာတော်က မိဘမှာခဲ့တဲ့စကားကို အလေးထားဖို့ဝင်ပြောပေမဲ့ မျက်စေ့ထဲမှာ ငွေ ၁၅ သိန်းကလွဲပြီး ဘာမှမမြင်တော့တဲ့ အစ်မကြီးယောက်





www.burmeseclassic.com

www.burmeseclassic.com

က…

"သေတဲ့ အမေစကားကို နားမထောင်နိုင်ဘူး" လို့ ပြန်ပြောတာနဲ့ ဆရာတော် လည်း ဘာမှပြန်မမိန့်တော့ပဲ ဆိတ်ဆိတ် နေလိုက်တယ်။ ကျွန်တော် လည်း လောဘရှိတာပဲ အစ်ကို မေ့မေ့ က ကျွန်တော်အတွက် ထားခဲ့တဲ့ ငွေတွေကို လိုချင်မိတာ အမှန်ပဲပြီးတော့ ကျွန်တော်က လူပျိုလူလွတ်တစ်ယောက်။ ပိုက်ဆံကလိုတာပေါ့…

"မေမေက ငါ့အတွက်ထားခဲ့တာ။ နင်တို့နဲ့ ဘာဆိုင်လို့လဲ"

ကျွန်တော်က အဲဒီလိုပြောပြီး ငွေ ၁၅ သိန်းထည့်ထားတဲ့ ကြွပ်ကြွပ်အိပ် ကိုဆွဲယူလိုက်မိတယ် အစ်ကို အဲဒီ အချိန်မှာ အစ်မခင်လေးတင့်က…

"နင့်က လူလွတ်…ဘာ သံယောဇဉ်မှရှိတာ မဟုတ်ဘူး။ ဘုန်းကြီးဝတ်လိုက်။ ဒီငွေတွေကို ငါယူမယ်"

အစ်မခင်လေးတင့်က ပြော ပြောဆိုဆို အိတ်ကိုဆွဲယူလိုက်တယ်။ ကျွန်တော်က အဆွဲမခံပဲ ပြန်လုတော့ အိတ်ကပြဲသွားပြီး ငွေတစ်ထောင်တန် (၁၅) ချပ်ကထွက်ကျပြီး ပျံ့ကြဲသွားတာ ပေါ့။ အဲဒီမှာ အစ်မခင်လေးတင့်က ဘာ မပြောညာမပြောနဲ့ ကျွန်တော့်ကို ပါးရိုက် ပြီး ဝင်လုံးတော့တာပဲ။ ကျွန်တော့် အသားကိုထိလာတော့ ဒေါသထွက်သွား တယ်။ ဒေါသကိုမထိန်းနိုင်တာ ကျွန် တော့်အမှားပါ။ ဒီအချိန်မှာ လောဘနဲ့ ယှဉ်ပြီး ထွက်လာတဲ့ ဒေါသကိုထိန်းဖို့ ဝေလာဝေး လွှတ်ပေးလိုက်မိတယ်။ အစ်မခင်လေးတင့်ကို ကျွန်တော်စောင့် တွန်းပြစ်လိုက်တာ မှန်ဟင်းခါးပွဲပြင်ထား တဲ့ စားပွဲပေါ်ကို ပက်လက်လန်လဲကျသွား တယ်။ ငွန်းတွေ၊ ပန်းကန်တွေ မန္တလေး ပဲကြော်တွေ နံနံပင်တွေဆိုတာ ပျံ့ကြဲ သွားတာပဲ…

"နင်ကငါ့ကို ပြန်လုပ်တယ်။ အကောင်စုတ်…ငါ့အကြောင်းသိ မယ်"

အဲဒီလိုပြောပြီး ပြန်ထလာ တယ်။ ကျွန်တော့် မျက်စိထဲမှာ မုန့် ဟင်းခါးပွဲပြင်တဲ့ စားပွဲဘေးမှာကျနေတဲ့ ကြက်သွန်လှီးတဲ့ ဓားကိုသွားမြင်လိုက် တယ်။ ကျွန်တော် အဲဒီဓားကိုပြေးကောက် လိုက်ပြီး ပြေးဝင်လာတဲ့ အစ်မခင်လေး တင့်ကို ဆောင့်ထိုးပြစ်လိုက်မိတယ်။ အင်…ဆိုတဲ့အသံတစ်ချက်ပဲ ထွက်လာ ပြီး လဲကျသွားပါတယ်။ ကျွန်တော်က တော့ ငိုင်ပြီးရပ်နေမိတယ်။ ပြီးတော့ မှ လက်ထဲက ဓားကိုလွှတ်ချလိုက်မိတယ် ဗျာ…

"ခင်လေးတင့် သေသွားပြီ"

မကြီးခင်လေးမြင့် အသံကြား လိုက်တော့မှ ကျွန်တော်သတိ ပြန်ဝင် လာသလို မှားသွားပြီဆိုတာ သိလိုက်ရ တယ်။ သွေးရင်းသားရင်း မောင် နှမရင်းချာပင် ဖြစ်လင့်ကစားငွေကြေးနေ ဆိုတဲ့ တပ်မက်ဖွယ်ရာ လောဘကြောင့် ရန်သူကြီးများ သဖွယ်ဖြစ်သွားခဲ့ပါတယ် ဗျာ။

တုနိုင်းမရတဲ့ မိခင် တစ် ယောက်် ဆုံးရှုံးသွားကာကို သတိမရ ကြတော့ပဲ လောဘဇော တိုက်မိတဲ့။ ကျွန်တော် လူမိုက်ကြီး ရန်နိုင်ဦးကိုသာ ဖမ်းကြပါတော့ဗျာ…

ကျော်ဝဏ္ဏကျော်





www.burmeseclassic.com

www.burmeseclassic.com




# ပဟေဠိဆန်သော တစ်ညတာ

ဝင်းတင်(ရွှေကျောင်းမြေ)



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁)

လူ့လောကကို ရောက်လာကြ သူလူတွေထဲမှာ တချို့က သာမန်ဖြစ်ရိုး ဖြစ်စဉ်နဲ့ ဘဝကိုဖြတ်သန်းသွားကြတာရှိ သလို။

တချို့ကတော့ မထင်မှတ်ပဲထူး ခြားဆန်းပြားတဲ့ အဖြစ်မျိုးတွေကြုံတွေ့ရ ပြီး ဖြတ်သန်းခဲ့ရတာလည်း ရှိပါတယ်။

အမျိုးမျိုးသော ထူးခြားဆန်း ပြား အဖြစ်တွေထဲက "တစ်ညတာ" ထူးထူးဆန်းဆန်း ပျောက်သွားရသူ လူ တစ်ယောက်လည်း ရှိခဲ့ပါတယ်။

အခုတင်ပြမှာက ထူးထူးဆန်း ဆန်း တစ်ညတာ ပျောက်သွားရတဲ့သူ အကြောင်းပါ။

xxx

အခန်း (၂)

ကျွန်တော်တို့ အရပ်ထဲမှာ အများအခေါ် "ဖိုးဒို" လို့ အမည်တွင်တဲ့ လူတစ်ယောက် ရှိတယ်။

ကိုဖိုးဒိုက ကျွန်တော့်ထက် အသက်ဆယ်နှစ်လောက် ကြီးပါတယ်။

ကိုဖိုးဒိုရဲ့ နာမည်အရင်းက သိန်းဇံလို့ ခေါ်ပါတယ်။

"ဖိုးဒို" လို့တာကြောင့် နာမည် တွင်တာလည်း ဆိုတော့ "ကိုဖိုးဒို" ဝယ် ငယ်တုန်းက တော်တော်အဒိုသန်လွန်း လို့ ဒွေးဒေါ်ကြီးတွေက ချစ်စနိုးခေါ်ရင်း တွင်သွားခဲ့တာပါ။

"သိန်းဇံ" လို့အမည်ပေးထားပါ ရဲ့နဲ့ ငယ်ငယ်တုန်းက အဒိုသန်လွန်းတာ ကြောင့် "ဖိုးဒို" ဆိုပြီး နာမည်တွင်ခဲ့တာ မဆန်းပေမယ့်။

ကိုဖိုးဒို ကိုးနှစ်သားလောက် အရောက်မှာ ကြုံခဲ့ရတဲ့အဖြစ်က ဆန်း တယ်လို့ ပြောရလိမ့်မယ်။

အဖြစ်က ဒီလိုပါ။

ကိုဖိုးဒို ကိုးနှစ်သားလောက် အရောက်မှာ မိဘတွေကရှင်ပြုပေးဖို့စီစဉ် ခဲ့ကြတယ်။

မနက်ဖြန်မှာ ရှင်လောင်းလှည့် ပြီး ဆွမ်းချတရားနာမှာဆိုတော့ ကိုဖိုးဒိုတို့ အိမ်မှာ လူတွေနဲ့ စည်ကားနေတယ်။

အလှူလုပ်မယ့် အိမ်ဖြစ်လို့ လာရောက် လုပ်ကိုင်မယ့်လူတွေနဲ့ ရပ် ဝေးရပ်နီးက လူတွေကြောင့် တစ်အိမ်လုံး မှာ ရယ်မောစကားပြောသွား သံတွေနဲ့ ဆူညံနေတာပေါ့။

အောက်လင်းဓာတ်ကြီးတွေ ထွန်းထားလို့ အိမ်ပေါ်အိမ်အောက်နဲ့ အိမ်ရှေ့မဏ္ဍပ်ထဲမှာပါ မီးရောင်တွေနဲ့ ထိန်ထိန်လင်းနေတယ်။

လူကြီးတွေက အလှူအတွက် ဆွေးနွေးပြောဆိုကြရင်း ရေနွေးသောက် မုန့်စားအားများ နေကြသလို။

အိမ်ရှေ့မဏ္ဍပ်ထဲမှာ ရောက် နေကြတဲ့ ကလေးတွေကလည်း အလှူ ရှင်ကကျွေးတဲ့မုန့်တွေ စားအပြီးမှာ ခုန် ပေါက်ကစားနေကြတယ်။ အဲဒီလို ရယ် မောပျော်ရွှင် စကားတွေပြောကြရင်းက ညရှစ်နာရီထိုးလောက် အရောက်မှာ တော့။

"ဟေ့ကောင် ဖိုးဒို မင်းပုန်းနေ တာကြာပြီ ထွက်လာခဲ့တော့"

"ဟုတ်တယ် ဖိုးဒို မင်းတစ်



www.burmeseclassic.com

www.burmeseclassic.com

ယောက်ပဲကျန်တယ် ထွက်လာခဲ့တော့ကွာ"

မဏ္ဍပ်ထဲမှာ ကစားနေကြတဲ့ ကလေးတွေဆီက ခေါ်သံတွေကို လူကြီးတချို့က ကြားမိကြတယ်။

ဒါပေမဲ့လည်း ကလေးတွေအချင်းချင်း ကစားကြရင်းနဲ့ ခေါ်နေကြတာပဲဆိုပြီး ကြားမိကြတဲ့ လူကြီးတွေလည်း အမှုမဲ့ပါပဲ။

တော်တော်လေး ကြာတော့ လူကြီးတွေစကားဝိုင်းမှာ ရှိနေတဲ့ ဦးအောင်ပွင့်အနားကို ကလေးတချို့ရောက်လာကြတယ်။

"ဘကြီး...ဘကြီး"

"ဟေ...ဘာလဲကွ"

ဦးအောင်ပွင့်က သူ့ကိုလာခေါ်တဲ့ ကလေးကိုလှည့်ကြည့်ရင်း မေးလိုက်တဲ့အခါ။

"ဖိုးငိုပျောက်နေလို့ ဘကြီးကိုလာပြောတာပါ"

"ဟေ..."

လာခေါ်တဲ့ ကလေးအပြောကြောင့် ဦးအောင်ပွင့်သာမက အနားမှာရှိနေကြတဲ့ လူကြီးတွေပါ အံ့ဩသွားကြတယ်။

"ဟာ...မင်းတို့နဲ့အတူတူကစားနေတာပဲ တနေရာရာမှာ ရှိမှာပေါ့ကွ"

"ဘယ်မှာမှမရှိဘူး ဘကြီးရဖိုးငိုကို သားတို့လိုက်ရှာတာနေပြီ"

"ဟေ..."

"ဟုတ်တယ် ဘကြီးရဖိုးငိုကို လိုက်ရှာတာကြာနေပြီ ဘယ်မှာမှရှာလို့မတွေ့တာနဲ့ ဘကြီးကိုလာပြောတာပါ"

"ဟာ..."

နောက်ထပ်ကြားလိုက်ရတဲ့ ကလေးစကားကြောင့် လူကြီးတွေအားလုံး လန့်ဖျတ်ကုန်ကြတယ်။

"ခုကွယ်ပဲ...ဖိုးငိုကိုရှာကြပါဦးဟ"

ဖိုးငိုပျောက်နေတယ်ဆိုတဲ့ သတင်းကို ကြားလိုက်ရသူအားလုံး အံ့ဩစိုးရိမ် ထိတ်လန့်သွားကြရာက လှုပ်လှုပ်ရှရှဖြစ်ကုန်ကြတယ်။

တစ်ချိန်တည်းမှာပဲ တစ်ယောက် တစ်ပေါက်ပြောကြရာက ဖိုးငိုတို့အိမ်မှာ ဆူညံပွက်လောရိုက်သွားပါတယ်။

ရှိသမျှလူတွေလည်း ဖိုးငိုကို တကြော်ကြော် အော်ခေါ်ကြရင်း နေရာအနှံ့မှာ လိုက်ရှာကြတယ်။

ဒါပေမဲ့ ပျောက်ချက်သားကောင်းနေတဲ့ ဖိုးငိုကို ဘယ်မှာမှရှာလို့မတွေ့ပဲ ဖြစ်နေပါတယ်။

"အမယ်လေး ကျွန်မသားလေးပျောက်နေတယ် ရှာပေးကြပါဦး"

ဖိုးငိုပျောက်နေတဲ့အတွက် ဖိုးငိုရဲ့ မိဘတွေပါမက ရှိတဲ့လူအားလုံးလည်း စိတ်ညစ်သွားကြပါတယ်။

တကြော်ကြော် အော်ခေါ်သံတွေနဲ့ ငိုသံတွေရောပြီး ဆူညံဖြစ်နေတာကို အားလုံးထဲမှာ အသက်အကြီးဆုံးဖြစ်တဲ့ ဦးဖိုးလှပ်က ထိမ်းလိုက်ပါတယ်။

"ကဲကဲ...အားလုံးကိုပြောမယ် နင်တို့အသံတွေ တိတ်ကြဦး ကလေးတွေ



www.burmeseclassic.com

www.burmeseclassic.com

ကို ငါသေချာမေးပါဦးမယ်"

"ဟုတ်တယ် သေချာသိရမှ ဖိုးငိုကို ရှာလို့ရမယ်"

အားလုံးကို ငြိမ်အောင်ထိမ်း ပြီးတာနဲ့ ဦးဖိုးလှပ်က လာပြောတဲ့ကလေး တွေကိုခေါ်ပြီး စုံစမ်းရေးလုပ်ရတော့တယ်။

"ကဲ . . .ကလေးတို့က ဖိုးငိုဘယ်လိုစပြီး ပျောက်သွားတယ် ဆိုတာ အဘိုးကို သေချာပြောပြကြ ဟုတ်လား"

"ဟုတ်ကဲ့ . . .အဘိုး သား တို့ပြောပြပါ့မယ်"

ကလေးတွေထဲက သွက်သွက် လက်လက်ရှိပုံရတဲ့ တစ်ယောက်ကို ဦးဖိုးလှပ် မေးကြည့်တဲ့အခါ။

"သားတို့တွေ ပုန်းတမ်းကစား နေကြရာက ပုန်းရမယ့်အလှည့်ရောက်တဲ့ အခါ အိမ်အောက်မှာ ဝင်ပုန်းကြပါတယ်"

"ဟုတ်ပြီ . . ."

"အိမ်အောက်ထဲ သားတို့ဝင် ပုန်းတုန်းက ဖိုးငိုလဲပါတယ်။ အဘိုး"

"အေးအေး ဆက်ပြောပါဦး"

"အိမ်အောက်မှာ သားတို့ဝင် ပုန်းပြီး နောက်ပိုင်း အဲဒီအချိန်ကစလို့ ဖိုးငိုကို သားတို့မတွေ့တော့တာပါ အဘိုး"

"ဟာ . . ."

ကလေးတွေက အကြောင်းစုံ ကိုပြောလို့အပြီးမှာ နားထောင်နေသူ အားလုံး ရင်မောသွားကြပါတယ်။

ကလေးတွေကို မေးမြန်းလို့ အပြီးမှာတော့ အိမ်မှာရှိနေကြတဲ့ လူ တွေပါမက၊ သတင်းကြားလို့ရောက်လာ ကြတဲ့လူတွေပါ အလုပ်ရှုပ်ကုန်ပါ တယ်။

တစ်ခဏအတွင်းမှာပဲ ဖိုးငိုကို တွေ့ဖို့အရေး အိမ်ပေါ်အိမ်အောက်နဲ့ အနီးပတ်ဝန်းကျင်က သစ်ပင်ချုံပုတ် မကျန် ရှာလိုက်ကြတာ ခြောင်းဆန်သွား တာပဲ။

နောက်ဆုံးမှာ ရေတွင်းထဲများ ကျသွားသလားဆိုပြီး ဆင်းရှာကြပါသေးတယ်။

ဒါပေမဲ့ . . .လူတွေအားလုံး လိုက်ရှာကြလို့ တစ်ညလုံးသာ ကုန်သွား ပါတယ်။

ထူးထူးဆန်းဆန်း ပျောက်နေ တဲ့ ဖိုးငိုကိုတော့ဘယ်မှာမှ ရှာလို့မတွေ့ ခဲ့ပါဘူး။

ဖိုးငိုရဲ့ မိဘဆွေမျိုးတွေအပြင် အရပ်ထဲကလူတွေအားလုံး ခေါင်းမီး တောက်ခဲ့ကြပါတယ်။

ဒီလိုနဲ့ မိုးသာလင်းသွားပါ တယ်။

ဖိုးငိုကတော့ ပျောက်ချက်သား ကောင်းနေတုန်းပါပဲ။

xxx

အခန်း (၃)

မနက် မိုးစင်စင်လင်းလို့ ခြောက်နာရီး ထိုးလောက်တဲ့ အချိန်မှာ ပေါ့။

ပျောက်နေတဲ့ မောင်ရှင် လောင်းဖိုးငိုကို လိုက်ရှာကြသူအားလုံး



www.burmeseclassic.com

www.burmeseclassic.com

ဂျင်ခြေလည်သလို လျှောက်ထားရလို့ ခြေကုန်လက်ပမ်းကျပြီး စိတ်ညစ်ညစ်နဲ့ ထိုင်နေကြချိန်မှာ။

လူတွေအားလုံး တစ်ယောက်ကို တစ်ယောက် ဘာမှမပြောနိုင်ကြတော့ပဲ၊ မှိုင်တွေငေးနေကြတဲ့ အချိန်မှာပေါ့။

"ဟာ..."

"ဟင်..."

"အို"

အိမ်အောက်မှာ ထိုင်နေကြတဲ့ လူတွေဆီက အသံတွေထွက်လာလို့ ကျန်တဲ့လူတွေ အားလုံးလှည့်ကြည့်မိကြတယ်။

မမျှော်လင့်ပဲ တွေ့လိုက်ရတဲ့ မြင်ကွင်းကြောင့် လူတွေအားလုံး အံ့ဩဝမ်းသာ ဖြစ်ကုန်ကြတယ်။

ဟုတ်တယ်...အဲဒီမြင်ကွင်းကို တွေ့လိုက်ရသူအားလုံး အံ့ဩဝမ်းသာဖြစ်မယ်ဆိုလည်း ဖြစ်စရာပဲလေ။

ဘာဖြစ်လို့လဲဆိုတော့ တစ်ညလုံး ပျောက်ချက်သား ကောင်းနေတဲ့ ဖိုးငို။

သူတို့အားလုံး စိုးရိမ်ထိတ်လန့်ခဲ့ရလို့ တွေ့အောင်ဆိုပြီး အပမ်းတကြီး လိုက်ရှာခဲ့ရတဲ့ ဖိုးငိုကို ရုတ်တရက်ကြီး တွေ့လိုက်ရတာကို။

"ဖိုးငိုကို တွေ့ပြီဟေ့"

"ဖိုးငိုက အိမ်အောက်မှာပဲရှိနေတာဟ"

အမယ်လေး ဖိုးငိုကို မမျှော်လင့်ပဲ ပြန်တွေ့လိုက်လို့ အော်လိုက်ကြတာမှ ဆူညံသွားတာပဲ။

ရုတ်ရုတ်သဲသဲ ဖြစ်သွားပြီးလို့ အခြေအနေတွေ တည်ငြိမ်သွားတဲ့အခါမှ ဖိုးငိုကို မေးကြရတယ်။

"သား...ဖိုးငို တစ်ညလုံး သားဘယ်သွားနေတာလဲ"

"သား... ဘယ်မှမသွားဘူး အမေ အိမ်အောက်မှာပဲ တစ်ညလုံးရှိနေတယ်"

"ဟယ်..."

ဖိုးငိုရဲ့ အဖြေကိုကြားလိုက်ရသူအားလုံး အံ့ဩကုန်တယ်။

"သားပျောက်နေလို့ အမေတို့ အော်ခေါ်တာ သားမကြားဘူးလား"

"ကြားတာပေါ့ အမေရဲ့"

"ဟင်ကြားရဲ့သားနဲ့ သားက ဘာလို့ မထူးတာလဲ"

"အမေတို့ခေါ်နေတာ သားကြားလို့ထူးတာပဲဟာ အမေတို့မှမကြားတာ"

"အဲ..."

မိခင်ဖြစ်သူရဲ့ အမေးကို ဖြေလို့အပြီးမှာ ပြန်ပြောလာတဲ့ ဖိုးငိုစကားကြောင့် ကြားလိုက်ရသူအားလုံး အံ့ဩကြရပြန်တယ်။

"ဒါဆို အမေတို့ခေါ်တာကြားရဲ့သားနဲ့ သားကဘာလို့မထွက်လာတာလဲ"

"အမေတို့ ခေါ်တာကြားလို့ အိမ်အောက်ထဲကနေ သားထွက်လာတာပဲ ထွက်လို့မှမရတာ"

"ဟာ..."

"ဟင်..."

နောက်ဆုံးမှာတော့ တစ်ညတာ ပျောက်သွားခဲ့တဲ့ ဖိုးငိုကို မေးမြန်း





www.burmeseclassic.com

www.burmeseclassic.com

ရာက ထူးဆန်းတာတွေပဲ ကြားကြရ လို့ လူတွေအားလုံး အံ့ဩခဲ့ရတယ်။

ဟုတ်တော့လည်း ဟုတ်တယ်။

တစ်ညလုံးပျောက်နေတဲ့ ဖိုးငို က အိမ်အောက်မှာပဲ ရှိနေတာကိုး။

သိချင်တာက အိမ်အောက်မှာ တစ်ညလုံးရှိနေတဲ့ ဖိုးငိုကို၊ လိုက်ရှာကြသူ လူအားလုံးက မတွေ့ကြတာ ဘာကြောင့်လဲ။

အိမ်အောက်မှာရှိနေတဲ့ ဖိုးငို ကလည်း အပြင်ထွက်ဖို့ ကြိုးစားပါရဲ့နဲ့ ထွက်လို့မရတာ ဘာကြောင့်လဲ။

လဲပေါင်းများစွာပါတဲ့ မေးခွန်းတွေကို ဘယ်သူကမှ မဖြေနိုင်ခဲ့ကြဘူး။

ဒါပေမဲ့ပေါ့နော်···အဖြေရှာလို့ မရအောင် တစ်ညလုံးပျောက်နေတဲ့ ဖိုးငိုကို အကောင်းပကတိ ပြန်တွေ့တာက ပဲ အားလုံးအတွက် ကံကောင်းခြင်း လက်ဆောင်လို့ ဆိုရတော့မှာပေါ့။

ကဲ···ဒီဇာတ်လမ်းကို ဖတ်မိကြတဲ့ စာဖတ်သူတွေကရော "ကိုဖိုးငို" ပျောက်သွားရတဲ့ အကြောင်းရင်းကို အဖြေရှာနိုင်မလားလို့ မေးမြန်းရင်း။

ဝင်းတင်(ရွှေရောင်မြေ)






www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

မချိန်ကာလအားဖြင့် ဆောင်းအကုန် နွေအကူး ရှိမတောတွင်းရှိ သစ်ပင်များမှ သစ်ရွက်များ ဝါကြွံကြွံ ဝါးရုံများက အရွက်များက ကြွေကျချိန် သစ်ရွက်ကြွေချိန်ဆိုလျှင် မမှားပေ။ အပူရှိန်ကလည်း နေ့ဘက် အပူရှိန်များ ပါသလို၊ ညအချိန် အအေးဓာတ်ကြောင့် စောင်ခြုံအိပ်ရဆဲပင် တောင်စောင်း၊ ဆင်ခြေလျှောမြေများ၊ မိုးရေစီးဆင်းခြင်းကြောင့် ချိုင့်တို့ရေစီးကြောင်းမြောင်းဖြစ်ခဲ့သော်လည်း ယခု ခြောက်သွေ့စပြုနေသည်။ ယခင်သွား နေကျလမ်းများပေါ်မှ မြက်ပင်များ သေကြေကြသဖြင့် ခြေသွားလမ်းပေါ်လာ၍ သွားလမ်းလာလမ်းကောင်းပါသည်။ အချို့နေရာရှိ ခြုံနွယ်ပင်များ ထူပိန်းမနေ ဘဲ ကျိုးကျဲကျိုးကျဲ တွေ့မြင်ရသည်။

နံနက် အရုဏ်တက်ချိန် ရောက်ပြီဆိုလျှင် ငှက်မျိုးစုံ အော်မြည်သံတို့က တောတွင်းဂီတသံတစ်မျိုး ခံစားရသလို၊ ညအချိန်ရောက်သည်နှင့် ခွေးဟောင်သံ၊ ဆင်အော်သံ၊ ပရစ်အော်သံ၊ အချိန်နာရီကပြောသည့် တောကြက်တွန်သံတို့ကြားနေရသည်။ တဲအတွင်း အိပ်နေသူတို့ စိတ်အာရုံ၌ နားသာယာစရာ၊ ကြောက်ရွံ့စရာ ခံစားကြရလေသည်။

ဆင်စခန်းဆိုပေမယ့် ဆင်ဦးစီး ဆင်ပဲ့ချိပ်နှင့် သစ်ခုတ်လုပ်သားတို့က မြေပြန့်ကျယ်သောနေရာ ရွေးချယ်ပြီး အိမ်ဆောက်လုပ်နေကြရာ သစ်သားအိမ်နှင့် ဆောက်လုပ်ကြသလို ဝါးလုံးချောချော အိမ်တိုင်ထူ၍ နီးသက်ငယ်၊ ဓားသက်ကယ် မိုးကြသည်။ သစ်ထုတ်လုပ်ငန်းရှိနေသဖြင့် သစ်လုံးသယ်ယူပို့ဆောင်ရန် မော်တော်ယာဉ်၊ ယန္တရားလုပ်သားများ ဖွဲ့စည်းထားရှိခြင်းကြောင့် ယာယီနားနေရန် တဲများတွင် မိသားစုများ လိုက်ပါနေထိုင်ကြ၍ ဆင်စခန်းနှင့် မလှမ်းမကမ်းတွင် ရှိသဖြင့် အဝေးက ကြည့်လျှင် ရွာတစ်ရွာကိုပင် တွေ့မြင်ရသည်။ ကလေးလူကြီးပေါင်းလိုက်လျှင် လူ ၂၀၀ ခန့်ပေါက်ရှိကြပေမည်။ နံနက်ခင်း အလုပ်သွားချိန် မိသားစုများသာကျန်သည်။ ညနေစောင်းလောက် လုပ်ငန်းနားချိန်ရောက်ပြီဆိုလျှင် ဆူညံသံ၊ အော်ဟစ်စကားပြောသံများ ထွက်ပေါ်လာတော့သည်။

ဆင်စခန်းအစုတွင် ကုန်မျိုးဆိုင်ဖွင့်ထားသလို မော်တော်ယာဉ်စခန်းတွင်လည်း ကုန်မျိုးဆိုင်၊ ထမင်းဆိုင်များ ဖွင့်လှစ်ရောင်းချကြသည်။

အအေးဘူးမျိုးစုံ၊ ယမကာမျိုးစုံတို့ပါ ရှိသဖြင့် ညနေပိုင်း သူ့ဆိုင်ကိုယ့်ဆိုင်များ၌ စည်ကားနေသည်။ တချို့ကျေးရွာများမှ အသုပ်စုံဆိုင် ထမင်းကြော်ဆိုင်၊ လက်ဖက်ရည်၊ ကော်ဖီမစ်များ လာရောက်ရောင်းချ၍ တောတွင်းပင်ဆိုလင့်ကစား ဈေးအနည်းငယ်များသော်လည်း ဝယ်ယူစားသုံးနိုင်ကြသည်။ သစ်သယ်ယာဉ်များကလည်း နေ့စဉ်တောင်ငူဘက်သို့ ကားအသွားအပြန်ရှိနေ၍ လိုအပ်သည့် ကုန်များသယ်ယူရှိသည်။

ယာလုပ်သားများတွင် မုဆိုးများရှိ၍ သားကောင်များ ရှိ့ပါက



www.burmeseclassic.com

www.burmeseclassic.com

ရောင်းချကြသည်။ ယာထွက်ဟင်းသီးဟင်းရွက်၊ ငြုပ်၊ မြေပဲ၊ ပြောင်းများ ရာသီအလိုက် ထွက်ကုန်သီးနှံများလဲ ထိုစခန်းများသို့ လာရောက်ရောင်းချကြသည်။

ဆင်ဦးစီး ဆင်လုံချိပ်တို့က လုပ်ငန်းနားချိန် ဆင်များကို တောထဲ လွှတ်ထားကြပြီး လုပ်ငန်းရှိပါက ဆင်ရှိရာသို့ လိုက်လံကောက်ယူကာ လုပ်ငန်းတွင် သစ်ဆွဲခြင်းကို ခိုင်းစေကြသည်။ ဆင်စခန်းနှင့် မလှမ်းမကမ်းတွင် နွေရော၊ မိုးပါ စီးဆင်းနေသော စမ်းချောင်း ကလေးတစ်ခုရှိသည်။ ထိုစမ်းချောင်းရေများကို ဆင်အဖွဲ့မိသားစုရော၊ ကားအဖွဲ့မိသားစုများပါ သောက်ရေသုံးရေခပ်ယူကြပြီး ရေချိုးသည့်အခါ ကလေးလူကြီး ထိုစမ်းချောင်းတွင် ရေချိုး အဝတ်လျှော်ဖွတ်ခြင်း ပြုလုပ်ကြသည်။ နွေဦးကာလဖြစ်၍ ရေနည်းသော်လည်း တသွင်သွင်စီးဆင်းနေ၍ ရသည်။ ကြည်လင်အေးမြနေသည်။

သစ်လုပ်ငန်းခွင်မှာ ပဲခူးတိုင်းနှင့် မန္တလေးတိုင်း အစပ်၊ တောင်ပေါ် အရောက် ယန္တရားနှင့် ပေါက်သည့်လမ်းမှ သစ်ကွက်အတွင်းက သစ်လုံးများကို သူ့အပိုင်းနှင့် သူထုတ်ယူကြရသည်။ ပွင့်လင်းရာသီဖြစ်၍ မိုးမကျမီသတ်မှတ်ချိန်ပြည့်မီအောင် အင်ပြည့်၊ အားပြည့် လုပ်ဆောင်ကြရသည်။ စက်ပြင် ဝပ်ရှော့ လုပ်ငန်းထားရှိ၍ စက်ချို့ယွင်းသော ယာဉ်များပြင်ဆင်နိုင်သည်။ ထိုကားအဖွဲ့တိုင်းတွင် မီးစက်ရှိ၍ လျှပ်စစ်မီးရသလို၊ ဈေးဆိုင်များမှ မီးစက်ဖြင့် လျှပ်စစ်မီးရရှိခြင်းကြောင့် တီဗွီ၊ ဗွီဒီယိုများ ကြည့်ရှုအပန်းဖြေနိုင်ကြသည်။

ညအချိန် ဖား၊ ငါးရှာသူများမှ လက်နှိပ်ဓာတ်မီးဖြင့် သဲဖားရိုက်သူ၊ ငါးခူထိုးသူများက ဟင်းစားရှာကြသည်။



ပိုလျှံပါက ရောင်းချပေးသည်။

ဆင်စခန်းနှင့် ကားစခန်းမှ မိသားစုများ အနေကြာလာပြီဖြစ်၍ ငှင်း လုပ်ငန်းခွင် အတူတကွ အလုပ်လုပ်ရင်း ခင်မင်ရင်းနှီးကြသည်။ တစ်နေ့တွင် ဆင်စခန်းမှ ပဲ့ချိပ်ဖိုးမောင်အိမ်ရှေ့ ထိုင်ရန်တုံးတိုများ ပတ်လည်ထားပြီး အလယ်တွင် မျှဉ်ချပ်စားပွဲ ရေနွေးဝိုင်း၌ ကားအဖွဲ့မှ အောင်ဘု၊ ဆိုးပေ၊ ဆင်လုပ်သား မောင်ကြီးတို့ထိုင်၍ ရေနွေးကြမ်းသောက်ရင်း စကားပြောဆို နေကြသည်။ သို့နှင့် စခန်းတွင် တစ်ခါတစ်ရံ အသား၊ ငါး ပြတ်လပ်သည့် အခါမျိုးလည်း တွေ့ကြုံရသဖြင့် ဟင်းစားတစ်ခုခု ရှာရန် ဆိုးပေက စကားစလိုက်သည်။

တို့စခန်းက တစ်ခါတလေ "ဟင်းပြတ်ပြီဆိုရင် ကြက်ဥတောင် ဝယ်မရဘူး။ ငါးလေး၊ ဖားလေး ရှာလို့လဲ ဒီအချိန်သိပ်ရဖို့ မလွယ်ဘူး။

အေး . . . ဟုတ်တယ်ကွ။ တစ်ခါအလုပ်ပြီးချိန် ထမင်းပွဲမှာ ငပိ ထောင်းနဲ့ ဟင်းချိုဟင်းပဲ စားရနေ



www.burmeseclassic.com

www.burmeseclassic.com

ရှိတယ်။ အိမ်ရှင်မကလဲ ဘာအသားမှ ဝယ်မရလို့ ဒါပဲချက်ထားတာတဲ့။ ဟင်းမကောင်းရင် ဆီဆမ်းစားလို့ ပြောတယ်။ အဲဒီပြောသံကြောင့် ဒေါသထွက်မိတယ်။ ရိုက်မယ်လို့ လုပ်သေးတယ်။ ကလေးတွေ ငိုလို့မရိုက်ဖြစ်ဘူး။ ပြန်စဉ်းစားတော့လဲ တောထဲ၊ တောင်ထဲနေတာပဲ မြို့လို ဝယ်ချင်တဲ့ သား၊ ငါး ဝယ်လို့မှ မရတာဘဲလို့ စိတ်ကိုပြန်ဖြေရတယ်ကွ။

"ဖိုးမောင်က . . . ငါ့အကြံ တစ်ခုရတယ်"

"ဘာ့ အကြံ လဲ ကွ" ဟု မောင်ကြီးက မေးလိုက်သည်။

ဒီလိုလေကွာ . . . တို့စမ်းချောင်းထဲမှာ ပုစွန်သေးသေး (ပုစွန်ဆိတ်) ထောင်မယ်။ ဒီရာသီ စမ်းရေမှာ ပုစွန်လေးတွေရှိတယ်။ လသာတဲ့ ရက်ဆိုပိုမြူးတယ်။

"အဲဒီပုစွန်ကို ဘယ်လိုဖမ်းမှာလဲ" ဟု အောင်ဘုမေးနေသည်။

ကိုင်း... ငါပုစွန်ထောင်နည်းကို မပြောခင် မင်းတို့က ဘယ်လိုဖမ်းမှာလဲ ဟု ဖိုးမောင်က မေးလိုက်ရာ-

ဟာ... လွယ်ပါတယ်ကွာ။ ငါးဖမ်းတဲ့ ပိုက်စိပ်စိပ်နဲ့ ရေထဲဆင့်ကျော့ရင် ရမှာပေါ့ကွ...ဟု အောင်ဘုပြောသည်။

တို့ . . . ချောင်းတွေထဲမှာ လင်းယုန်တို့၊ ရင်တွန်းတွေနဲ့ တိုက်ရင် ရမယ်" ဟု ခိုးပေက ပြောပြန်သည်။

အောင်ဘု . . . ကလဲကွာ။ ဒီနေရာ အဲဒီလို ဖမ်းလို့မရဘူးကွ။ ဒီလိုလေကွာ... ထင်းတုံး တစ်တောင်ခန့် တုံး တိုရယ်၊ ရေထည့်သောက်တဲ့ အဝ ၄ လက်မ၊ ၅ လက်မ ရေအိုးရှိရင်ရပြီလေ ဟု ဖိုးမောင်က လမ်းကြောင်းလိုက်ရာ...

အဲသလိုနဲ့ ဖမ်းလို့ရရောလား ကွ ဟု စိတ်မရှည်သံနှင့် မောင်ကြီးက ဝင်ပြောပြန်သည်။

မင်းတို့ကလဲ နားထောင်ပြန်ရော ဒီလိုကွ ပထမဦးဆုံး မနက်ဖြန် ညနေစောင်းရင် စမ်းချောင်းကို သွားမယ်။ လူတွေ ရေချိုးဆိပ်နဲ့ ခပ်လှမ်းလှမ်း အောက်ဘက်ရေစီးကြောင်း ကျဉ်းတဲ့ နေရာရှာရမယ်။ ရပြီဆိုရင် တုံးတိုထားလို့ရအောင် ကမ်းစပ်ကနေ ရွှံ့တွေ၊ နုံ့တွေ ဆယ်ပြီးရေတားအောင် လုပ်ရမယ်။ တုံးတိုရဲ့ ထိပ်အထိ ရေမထွက်အောင် ကပ်ထားရမယ်။ ပြီးရင် ရေစီးတဲ့အခါ တုံးပေါ်ချော်ကျနိုင်တဲ့အထိ ရေစီးအား လိုတယ်။ တို့ဘောင်ဆယ်ထားတဲ့ဟာ ကျယ်ရင်ရေစီးနည်းပြီး တုံးပေါ်က မှန်မှန်လေးစီးမယ်။ ဘောင်ကိုကျဉ်းယူမယ်ဆိုရင် အထက်ကစီးလာတဲ့ ရေများလာပြီး အားကောင်းလာတဲ့အခါ တုံးပေါ်ကနေပြာပြီး ရေကျလာမယ်။ ရေအိုးက တုံးဝေ့က ရေကျော်အားကောင်းလာတဲ့ အခါ တုံးပေါ်က ပြာပြီးရေကျလာမယ်။ ရေအိုးက တုံးဝေ့ကရေကျော်ကျတဲ့ အောက်မှာထားမယ်။ အိုးထဲကို ရေမကျစေရဘူး။ အိုးနှုတ်ခမ်းပေါ်က ကျော်ဖြတ်သွားရင်ရပြီ။ အဲဒီအခါမှ ရေစီးကို ခုန်ကျော်တဲ့ ပုစွန်သေးတွေ၊ ငါးလေးတွေက ခုန်လိုက်တာနဲ့ အိုးထဲကို ရောနေပြီပဲ။ အဲဒါ ဘာခက်လို့လဲ ဟုအငွေ့အကြံ



www.burmeseclassic.com

www.burmeseclassic.com

ရှိသူ ဖိုးမောင်က ရှင်းပြလိုက်သည်။ ကျန် ၃ဦးက ဝါသနာအလျောက်သာ လုပ်ချင်ကြသူများ ဖြစ်သည်။

ဒီနေ့တော့ လုပ်နည်းသိပြီ လား။ မနက်ဖြန်အလုပ် နေ့လည်ခင်း ပြီးရင် ညနေစောင်းသွားကြမယ်။ ညဥ့်လဲ နက်ပြီ မင်းတို့လဲ ပြန်အိပ်ကြတော့ဟု ပြောကာ လူစုခွဲခဲ့ကြလေသည်။

နောက်တစ်နေ့ ညနေစောင်း တွင် ဖိုးမောင်တို့ ၄ဦးက တုံးတိုထမ်းသူ ရေအိုးသယ်သူ အသီးသီး စမ်းချောင်းသို့ လာခဲ့ကြသည်။ ရေချိုးဆိပ်တွင် ရေချိုး သူ အဝတ်လျှော်သူများကို ရှောင်ကွင်းပြီး ရေစီးကြောင်းကျဉ်းသည့် နေရာကို တွေ့ရှိ၍ တုံးတိုချသူ၊ ဘောင်ဆယ်သူများ ဝိုင်းလုပ်သဖြင့် မကြာမီပြီးစီးသွားသည်။ ရေစီးအားခေတ္တစောင့်ကြည့်ရာ၊ ရေစီး နှေးနေ၍ ကမ်းစပ်မှစ၍ ရွှံ့ နွံများဖြင့် ဘောင်ကျဉ်းအောင် ပြုပြင်ကြရာ၊ ရေစီး အားမှာ တုံးပေါ်မှ အောက်ဖက်သို့ အိုး နှုတ်ခမ်းကျော်လောက်ဖြစ်၍ ရေအိုးကို တုံးဘေးနားကပ်လျက် မရွေ့လျားနိုင် အောင် ရွှံ့ နွံများဖြင့် ဖိထားလိုက်သည်။ အိုးနှုတ်ခမ်းသာ လွတ်နေသည်။ အလုံးစုံ ပြီးစီးပြီဖြစ်၍ ပြန်လာခဲ့ကြသည်။

ည ၇နာရီလောက်တွင် အောင်ဘ၊ ဆိုးပေ၊ မောင်ကြီးတို့ ၃ဦး ဖိုးမောင် အိမ်ရောက်လာကြပြီး ဖိုးမောင် အိမ်ရှေ့ထိုင်ခုံများတွင် ဝိုင်းထိုင်ကြပြီး ရေနွေးကြမ်းသောက်ရင်း တွေ့ရာလေးပါး စကားပြောကာ အချိန်ကုန်လွန်စေ သည်။

၉ နာရီလောက်ရှိချိန်တွင် ပုစွန်ထောင်ထားသည်မှာ ၃ နာရီကျော် လောက်ရှိပြီမို့ ဖိုးမောင်က တို့ပုစွန်သွား ဖော်ကြမယ်။ မင်းတို့ ဓာတ်မီးတွေပါတယ် မဟုတ်လား။ အေးပါ… ပါတယ်ကွ ဟု ဖြိုင်တူအသံထွက်လာသည်။



သို့နှင့် ရှင်းတို့ ၄ ဦး စမ်းချောင်းထဲသို့ လာခဲ့ပြီး ရှင်းတို့ထောင် ထားသည့် ပုစွန်အိုးရှိရာသို့ရောက်သည် နှင့် အိုးအတွင်းသို့ လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်ကြရာ ပုစွန်သေးများအိုး တစ်ဝက်လောက်ရှိနေပြီ တွေ့ရသဖြင့်-

ဟား… မနည်းပါလား။ ဟင်း စားတော့ရပြီ ဟေ့ဟု ဝမ်းသာအားရ ပြောနေသည်။ အောင်ဘ မင်းပုစွန်အိုး ကို ဖော်ယူခဲ့ကွာ ပြောလိုက်သည်နှင့် အောင်ဘက ပုစွန်အိုးထမ်းလျက် ၄ဦးသား ဖိုးမောင်တဲသို့ ပြန်ရောက်ခဲ့ သည်။ ။

ဖိုးမောင်က လင်ပန်းတစ်ချပ် ယူလာပြီး အိုးထဲမှ ပုစွန်များသွန်ချ လိုက်ပြီးနောက် အညီအမျှခွဲယူကြသည်။ ဖိုးမောင်က သူ့ဝေစုထဲမှ အနည်းလိုက် ပြီးနောက် အညီအမျှယူကြသည်။ ဖိုးမောင်က သူ့ဝေစုထဲမှ အနည်းငယ် နှုတ်ယူပြီး သူ့ဇနီးကို ဆီနှင့်ကြော်ခိုင်း သည်။ ပုစွန်ကြော်ပြီး၍ ပုဂံတစ်ချပ်ထဲ ထည့်ယူပြီး ရေနွေးကြမ်းနှင့် စားသောက်



www.burmeseclassic.com

www.burmeseclassic.com

ကြမ်းနှင့် စားသောက်ကြသည်။ ညဥ့်နက်ပြီဖြစ်၍ အသီးသီးပုခွန်ဆိတ်များ ခွဲတမ်းကျယူ ပြန်ခဲ့ကြသည်။

ဤသို့ဖြင့် ၂ ည၊ ၃ ည အထိ ပုခွန်ထောင်ဖမ်းခြင်းမှာ ဟင်းစားများရနေ၍ အဆင်ပြေနေကြသည်။ ၄ ညမြောက်သည့်အခါ ယခင်အတိုင်း ပုခွန်ဖော်သွားကြရာ၊ အိုးအတွင်းပုခွန်အနည်းငယ်နှင့် အိုးလည်ပင်းတွင် ပုခွန်သေများကပ်လျက်ကျန်သည်ကို ဓာတ်မီးရောင်ဖြင့် မြင်တွေ့လိုက်ရာ...

ဟာ... ဘယ်လိုဖြစ်တာလဲ။ ပုခွန်ကို ဘယ်သူခိုးလာယူသွားသလဲ မသိဘူး။

နေပါဦးကွ...။ လူသူခိုးဆိုရင် အိုးပါထမ်းယူမယ်။ တစ်ခုခုတော့ တစ်ခုခုပဲ။

ငါထင်တာတော့ တောထဲဆိုတော့ မျောက်လိုသတ္တဝါလဲ စားတတ်တယ်ကွ။

ညအချိန်ဆိုတော့ ငှက်ကြီးတွေလဲ စားတတ်တာပဲ ဟုအမျိုးမျိုး ၄ ဦးသား ၎င်းတို့အထင်များ ပြောနေကြသည်။

ဟေ့... ဟေ့ တို့တွေ ဒီလိုဟိုပြောဒီပြော ပြောနေလို့မဖြစ်ဘူး။ အခုညဥ့်လဲနက်လာပြီ၊ ပုခွန်အိုးယူပြီး ပြန်မယ်ဟု ဖိုးမောင်ပြောလိုက်သည်နှင့် ဆိုးပေက ပုခွန်အိုးဖော်ယူကာ ဖိုးမောင်အိမ်သို့ပြန်လာခဲ့ကြသည်။ ပုခွန်းအိုးဘေး နှုတ်ခမ်းတို့တွင် ကပ်နေသော ပုခွန်သေများ၊ အိုးအတွင်းမှ ပုခွန်ကျန်များကို ရေဆေးကာ ဖိုးမောင်အိမ်ရှေ့ကြမ်းပြင်၌ မှောက်ထားလိုက်သည်။ ဖိုးမောင်က တို့တွေစောစောသွားပြီး အိုးကိုပြန်ထားမယ်။ ပုခွန်ဖော်ချိန်မတိုင်မီ တို့တွေစောစောသွားပြီး တစ်နေရာရာက စောင့်မယ်။

အေး... မင်းပြောတဲ့အတိုင်း လုပ်ကြမယ်ဟု ကျန်လူများက ထောက်ခံပြောဆိုပြီး လူစုခွဲကာ ပြန်ကြသည်။

နောက်တစ်နေ့ ညနေတွင် ထုံးစံအတိုင်း ပုခွန်အိုးကို မူလတုံးဘေးတွင်နေရာတကျထားလိုက်ပြီး စမ်းချောင်း၏ ဘယ်ညာကမ်းပါးအစပ်၌ ပုန်းနိုရန်နေရာရှာခဲ့ပြီး ၄ ဦးသား အိမ်အသီးပြန်ခဲ့ကြသည်။ ည ၇ နာရီခန့်တွင် ဖိုးမောင်အိမ်၌ ပြန်ဆုံမိသည့်အခါ ဖိုးမောင်က ဒီညတော့ တရားခံအမိ ဖမ်းရမယ်။ မင်းတို့ ဓားပါသလား၊ တုတ်ကြီးကြီးပါသလား ဟုမေးလိုက်သည့်အခါ အေး အကုန်လုံး အဆင်သင့်ယူခဲ့တယ်။







www.burmeseclassic.com

www.burmeseclassic.com

ဆိုပေကာ ငါကမှန်းရှည်ရှည်ယူခဲ့တယ်။ ဟိုမှာ ကြည့်လိုက်မြေကြီးပေါ်မှာ စိုက်ထားတယ်ဟု ပြောလိုက်သည်။ ဤသို့နှင့် ဖိုးမောင်အိမ်ရှေ့ကွပ်ပျစ်တွင် ရေနွေးကြမ်းသောက် လုပ်ငန်းအတွေ့ အကြုံမြို့မှ လာသမျှ ကားတွင် လိုက်ပါရသူများက ပြောပြနေသည်။

ဟော့ . . . ဒီလိုစကားထိုင်ပြောနေလို့ မပြီးသေးဘူး။ အောင်ဘု မင်းနာရီကြည့်စမ်း အချိန်ဘယ်လောက်ရှိပြီလဲ ဟုဖိုးမောင်မေးသဖြင့် အောင်ဘုက အခု ၇နာရီခွဲကျော်ပြီ ၈ နာရီထိုးတော့မယ်။

တို့စမ်းချောင်းလျှောက်ရမဲ့ အချိန်။ နေရာရှာရမှာနဲ့ အခုလောက် ဆိုသွားဖို့ အချိန်တော်ပြီဟု မောင်ကြီးက ပြောသဖြင့် အားလုံးဓာတ်မီးကိုယ်စီ တုတ်၊ ဓားများ ယူဆောင်ကာ စမ်းချောင်းသို့ လာခဲ့ကြပြီး ပုစွန်ထောင်ထားသော ဒီနေရာမရောက်မီ ၂ဦးစီ သေးတစ်ဖက်တစ်ချက် ချုံပုတ်အကွယ် ကမ်းစပ်၌ ပုန်းကွယ်နေကြသည်။ ၎င်းတို့ ပုန်းကွယ်သည့် နေရာမှာ ပုစွန်ထောင်ထားသည့် အိုးကို ဓား ၂ ကိုက်အကွာလောက် ဖြစ်၍ မှောင်နေသော်လည်း ကြယ်ရောင်ကြောင့် မြင်နိုင်သည်။ ပုစွန်သူခိုးဖမ်းသူများ စမ်းချောင်း၏ ကမ်းတစ်ဖက်စီတွင် စောင့်ဆိုင်းနေကြရာတွင် ဆေးလိပ်မသောက်ရ၊ စကားမပြောဘဲ ထိုင်နေကြရင်း ပုစွန်အိုးကို လှမ်းကြည့်ရာ တစ်စုံတစ်ရာမျှ အိုးနားလာသည်ကို မတွေ့ရပေ။ အချိန်မှာ ညဥ့်နက်လာပါပြီ။ ထိုင်စောင့်နေသည်မှာ ၁ နာရီကျော်ရှိလာသည်မို့ ပုစွန်အိုးဆီသွားရန် ခဲတစ်လုံးပစ်၍ အချက်ပြလိုက်သည်နှင်က ပုစွန်အိုးရှိရာသို့ အနီးဆုံးရောက်ရှိသည်နှင့် ပြိုင်တူလက်နှိပ်ဓာတ်မီးနှင့် ထိုး ကြည့်လိုက်လျှင် စပါးကြီးမြွေတစ်ကောင် အိုးအတွင်းမှ ပုစွန်များကို စားလျက် တွေ့ရသည့်အခါ အားလုံး ဟင်ခနဲ၊ ဟာခနဲ ဖြစ်သွားကြပြီး ချက်ချင်း ဖိုးမောင်က ပါလာသည့် ဓားရှည်ဖြင့် မြွေ၏လည်ပင်းဆီ မှန်း၍ခုတ်ချလိုက်ရာ၊ အိုးမှာကွဲထွက်လွင့်စင်သွားပြီး ဂွမ်းဟု အသံထွက်ပေါ်သွားပြီး မြွေကြီးမှာလည်း လည်ပင်းပြတ်လုနီးပါးဖြစ် တစ်ကိုယ်လုံး လှုပ်ရမ်းနေ၍ ရေသံတွင် တဖျန်းဖျန်း ထွက်လာသည်။ ဖိုးမောင်က ဟော့ကောင်တွေ မြွေကိုယ်လုံးကို ခုတ်ကျ၊ ရိုက်ပါကွ၊ မင်းတို့ကို မြွေအမြီးနဲ့ အရိုက်ခံရဦးမယ်၊ ကြည့်ရှောင်ကြဟု ပြောလိုက်သည်နှင့် ၃ ဦးသား မြွေကြီးကို ခုတ်ကျ၊ ရိုက်ကျသဖြင့် ခဏကြာလျှင် စပါးကြီးမြွေမှာ ငြိမ်သက်သွားလေသည်။

အားလုံးက တို့ပုစွန်ကို လာခိုးတဲ့ တရာခံအစစ်ကို အခုမှမိတော့တယ်။

ဟော့ . . . တရာခံအစစ်က ဒီကောင်ကြီးပေါ့။

၎င်းတို့ ၄ ဦးစောင့်နေစဉ် စပါးကြီး မြွေကြီးက အောက်ဘက်မှ ရေစီးအတိုင်း ကူးလာပြီး ပုစွန်လာစားသည်ကို နောက်မှ စဉ်းစားမိလေတော့သည်။

ဇီးကုန်း - ဇော်ဝင်းမောင်



www.burmeseclassic.com

www.burmeseclassic.com

# သွမ်းကျော်ရှိန်

ဘိုဘို(ရွှေကံကူ)



အတွဲ (၁၉) အမှတ် (၄) ၊ ဇန်နဝါရီလ ၊ ၂၀၁၆ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အိပ်ယာမှ ထလာခဲ့ပါသည်။ အပြင်ဘက် မြန်ထဲတွင် တန်းလျားပေါ်၌ပေါ်၌ အမေနှင့် မြောက်ဘက်အိမ်များမှ မမခင်အေး မမခင်ငွေး မမခင်သိန်းမျိုးတို့ ရောက်ရှိနေကြပြီး စကားဝိုင်းဖွဲ့လျက်ရှိပါသည်။ ဥပုဒ်ကျောင်းမှ ပြန်လာကြဟန်တူပါသည်။ လင်ဗန်းအလွတ်များကို စားပွဲပေါ်တင်ထားပြီး ရေနွေးကြမ်းသောက်နေကြရင်း စကားပြောနေကြခြင်း ဖြစ်ပါသည်။ ကျွန်တော်သည် တံစက်မြိတ်စဥ်အိုးတွင် မျက်နှာသစ် သွားတိုက်လျှင်ရှိရာမှ အမေတို့ပြောဆိုနေသော စကားသံတို့နားထဲသို့ ဝင်ရောက်လာပါသည်။

"မနက် ၄ နာရီခွဲလောက်က ကားဘီး ပေါက်သံလိုလို ကြားလိုက်ရတာ အဲဒါ သေနတ်သံတဲ့"

"ဟင် . . . ဟုတ်လား။ ငါလည်းကြားလိုက်ရတယ်။ ဘယ်က သေနတ်သံတဲ့တုန်း ဘာဖြစ်တာတဲ့တုန်း"

"မြေကျေးရှင်းရုံးထဲနေတဲ့ အိမ်က ကလေးမလေး သူ့ကိုသူ သေနတ်နှင့် ပစ်ပြီးသေသွားတာတဲ့"

"ဘယ်လိုများဖြစ်ရတာပါလိမ့် အော . . . ကလေးမလေး သနားပါတယ်"

"ကံအကြောင်းနယ် ဆိုးလိုက်တာ။ အဖန်ငါးရာငါးကမ္ဘာ ခံရတော့မှာဘဲ။ လုတာ၊ ပတာ လေးလို့ပြောတာပဲ"

ရုတ်တရက်ကြားလိုက်ရသော စကားသံတို့သည် ခတ်သဲ့သဲ့မျှသာ ဖြစ်သော်လည်း ကျွန်တော်ဦးခေါင်းသည် အစိပ်စိပ် အမွှာမွှာဖြစ်သွားသကဲ့သို့ မြည်ဟိန်းပေါက်ကွဲ၍ သွားသလားထင်မှတ်ရပါ၏။ အိုးထိမ်းစက်ကဲ့သို့ ကမ္ဘာကြီး ချားချာလည်သွားပြီဟု ထင်မှတ်ရသည့် အလား မူးဝေ၍လာပါ၏။ ရင်ထဲတွင် တစ်လှပ်လှပ်ဖြစ်လာပါသည်။ တကယ် မဖြစ်ပါစေနှင့် အိမ်မက်သာဖြစ်ပါစေ၊ နားကြားလွဲခြင်းသာ ဖြစ်ပါစေဟု ဆုတောင်းမိပါသည်။

"လူလေး . . . အိပ်ရာနိုးလာပြီလား။ မီးဖိုထဲမှာ အဆင်သင့် ခူးခတ်ထားပြီးသားပဲ စားလိုက်တော့"

"ဟုတ်ကဲ့ပါ . . . အမေ"

ကျွန်တော်သည် ဖျားနေသည့်အကြောင်း မပြောတော့ပါ။ ကြောင်အိမ် (မီးဖိုချောင်သုံးပစ္စည်းများ ထားရှိသော ဗီရိုတံခါးများတွင် သံဆန်ကာများ တပ်ထားသည်) ကိုဖွင့်ပြီး ကော်ဖီဖျော်သည်။ ကိတ်မုန့်နှင့် စားလိုက်ပြီး ပါရာစီတမောသောက်လိုက်ပါသည်။ ရင်ထဲတွင် ပူလောင်နာကျင်လျက် နေပါ၏။ ကမ္ဘာမီးထက်လည်းကောင်း။ ငရဲမီးထက်လည်းကောင်း။ ပူပြင်းလောင်မြိုက်မှုတို့သည် ကျွန်တော့် နှလုံးသားထဲ၌ လှည့်လည်လောင်ကျွမ်းလျက်ရှိပါပြီတည်း။ မနေ့ညက အဖြစ်အပျက်တို့ကို ပြန်လည်ဆန်းစစ်လျှင် ယခုကြားရသော သတင်းစကားတို့သည် အစစ်အမှန်ဖြစ်မည်မှာ သေချာပါ၏။ ကျွန်တော်သည် အိပ်ယာထဲတွင် ခွေခွေလေးအိပ်နေလိုက်ပါသည်။ တစ်နာရီခန့်ကြာလျှင် ချွေးများစို့လာပြီး



www.burmeseclassic.com

www.burmeseclassic.com

အနည်းငယ်သက်သာ သွားပါသည်။

ထို့နောက် အဝတ်အစားများ လဲပြီး ဈေးကုန်းဘက်သို့ ထွက်ခဲ့ပါသည်။ မှတ်ဆိတ် (ကိုကိုဝင်းမောင်) ၏ ကမ္ဘာ သစ်လက်ဖက်ရည်ဆိုင်တွင် ဩဘာနှင့် ကြီးထွန်းတို့ကို တွေ့ရပါသည်။ ကျွန်တော် ၎င်းတို့ဝိုင်းတွင် ခုံလွတ်တစ်ခုံ၌ ဝင်ထိုင် လိုက်ပါသည်။ ကိုကိုဝင်းမောင်မှ "နွားနို့ တစ်ခွက်ပော့။ သကြားမထည့်ဘူး။ ဆား နည်းနည်း" ဟု အော်လိုက်ပါသည်။ ကိုကို ဝင်းမောင်သည် ကျွန်တော်၏ ယောက်ဖဝမ်းကွဲ ကျွန်တော့် အစ်မ၏ ယောကျာ်းဖြစ်ပါသည်။ ကျွန်တော်လာ သည့်အခါတိုင်း နွားနို့နဲ့ဆေးလိပ်ချပေးပါ သည်။ မည်သည့်အခါမျှပိုက်ဆံမယူပါ။

"မှိုင်းလွင် ... မင်းလည်း ကြားပြီးရောပေါ့ကွာ။ ငါတို့လည်း စိတ်မကောင်းပါဘူး။ ဘယ်လိုဘယ် အကြောင်းကြောင့် ဒီလိုဖြစ်ရပါလိမ့်ကွာ။"

"ဩဘာမှ စိတ်မကောင်းစွာ ဖြင့်ပြောသည်"

"ဟုတ်ပါရဲ့ကွာ သေချာပေါက် အစစအရာရာ စီစဉ်ပြီးခါမှ ဘယ်လိုဖြစ် ရတယ်လို့။ သူငယ်ချင်း စိတ်ထိန်းပါ ကွာ"

"ကြီးထွန်းမှလည်း စိတ် မကောင်းစွာဖြင့် ပြောပြန်ပါသည်။ ငါ မယုံဘူးကွာ ဖြစ်နိုင်မယ် မထင်ပါဘူး။ ငါကိုညာနေတာနေမှာ"

"ဒီလိုဆိုရင်တော့ ကောင်းတာ ပေါ့ကွာ။ ဒါပေမဲ့ တကယ်ကွ ငါတို့အမေ တို့တောင် ပြန်လာကြပြီ။ ဟိုမှာ လမ်းပေါ်မှ လူတွေ အဲဒီကိစ္စအိမ်ကိုသွား တဲ့ လူနဲ့ပြန်တဲ့ လူတွေကွ" မှန်ပါသည် လမ်းပေါ်တွင် ရွာထဲမှ မိန်းမကြီးများသည် အသုပ်လိုက်၊ အသုပ်လိုက် သွားသူပြန် သူများကို တွေ့မြင်နေရပါသည်။ ကျွန်တော်တို့ မြို့သာယာ၏ ထုံးစံမှာ သာရေးထက် နာရေးကို ဦးစားပေးလေ့ ရှိကြပါသည်။ ဧည့်သည်များနှင့် ငွေကြေး ချို့တဲ့ သူတို့၏ နာရေးကိစ္စများဆိုလျှင် ကရုဏာထား၍ ဝိုင်းဝန်းကြသဖြင့် ပိုမို စည်ကားလေ့ရှိပါသည်။ နာရေးသို့ သွားကြသူ၊ ပြန်ကြသူများဖြစ်ကြောင်း သိသာပါ၏။ တဘက်ကလေးများကို ခေါင်းပေါ်တင်ပြီး သုပ်သုပ်နှင့် သွားနေကြ ပါသည်။ ကျယ်လောင်စွာစကားများ ပြောဆိုရယ်မောခြင်း မပြုကြပါ။ စိတ် မကောင်းဖြစ်ခြင်းနှင့် သံဝေဂဖြစ်ခြင်းတို့ သည် မျက်နှာများပေါ်၌ အထင်းသားပေါ် လွင်လျက်ရှိကြပါ၏။



www.burmeseclassic.com

www.burmeseclassic.com

"သေနတ်မှန်ရင် မီးစနဲ့ ထိုးလိုက်တာထက်ကို ပိုဆိုးသတဲ့ ကောင်မလေး နနနယ်နယ်နဲ့ မသေခင် ဘယ်လောက်နာလိုက်မလဲကွာ"

"ဟုတ်တယ် . . . သူ့ကို သူ့သေနတ်နဲ့ ပစ်ပြီးနာလွန်းလို့နေမှာပေါ့။ သေနတ်ဒဏ်ရာထဲကို ဆန်တွေ



ဆုပ်ပြီး သိပ်ထားတာတဲ့"

"လူကြီးတွေ နီးလာပြီး ထွက်ကြည့်လိုက်တော့ ကြမ်းပြင်မှာ လူးလိမ့်နေရတာ အသံတောင်မထွက်နိုင်တော့ဘဲ တစ်ခဏလေးနဲ့ အသက်ပျောက်သွားတော့တာပဲတဲ့ အနားမှာလည်း ခရီးဆောင်အိတ်ချထားသတဲ့ အိမ်ကထွက်ပြေးဖို့ ကြံစည်နေတာဖြစ်မှာပေါ့ကွာ။ သူ့အကြံမအောင်လို့ သူ့ကိုသူ သတ်သေသွားတာဖြစ်မယ်"

"ပိတောက်တော့ တော်တော်ချစ်တဲ့ ကောင်မလေးပဲတဲ့ သေတာတောင်လက်တစ်ဖက်မှာ ပိတောက်ပန်းတွေဆုပ်ထားသေးသတဲ့ တော်တော်တော့စိတ္တဇဆန်တာကွ။ အေးလေ လူတစ်ယောက်ကိုယ့်ကိုယ်ကို အဆုံးစီရင်ဖို့ဆိုတာ တော်ရုံစိတ်ညစ်ရုံနဲ့တော့ လုပ်မှာမဟုတ်ဘူး။ ဒါမှမဟုတ် အခုလောလောဆယ်တော့ အချုပ်ထဲရောက်နေပြီ အာမခံမရဘူးလို့ ပြောတာပဲ"

လက်ဖက်ရည်ဆိုင်အတွင်းမှ လူတို့သည် မြတ်လေးနွယ်၏ နာရေးကိစ္စအကြောင်းကို ပြောနေကြပါ၏။

ဦးမင်းထိန်သည်လည်း မြိုင်သာယာတွင် ထန်းလျက်ပွဲရုံဖွင့်ခဲ့သည်မှာ တစ်နှစ်ကျော်မျှ ကြာမြင့်ခဲ့ပြီဖြစ်သောကြောင့် နယ်မိတ်ဆွေများ ပေါ်များနေပြီဖြစ်ရာ၊ ထိုသတင်းကို ကြားသည်နှင့် အညာကျေးလက်ပြည်သူတို့၏ စိတ်နေစိတ်ထားအတိုင်း နွားလှည်းများဖြင့် ရွာလုံးကျွတ်နီးပါး တက်လာကြပါသည်။ အစိမ်းသေဖြစ်သည့်အပြင် နှစ်ဆန်းတစ်ရက်နေ့ဖြစ်နေ၍ နေ့တွင်းချင်း သင်္ဂြိုဟ်မည်ဟုသိရပါသည်။ မြတ်လေးနွယ်၏ နာရေးသည်ကား တစ်နယ်လုံးစိတ်ဝင်စားမည်ဆိုလည်း စိတ်ဝင်စားဖွယ်ရာကောင်းလှပါ၏။ ငွေကြေးချမ်းသာကြွယ်ဝ၍ မည်သည့်အရပ်ဒေသမှန်းမသိရပဲ ပြောင်းရွှေ့လာသော ဦးမင်းထိန်တို့ မိသားစု၏ အနေအထားသည်ပင် ထူးဆန်း၍ ဝတ္ထုဆန်နေပါ၏။ လူမကနတ်တမျှ လှပချောမောသည့်အပြင် ငယ်ရွယ်နုပျိုလျက် ပတ်ဝန်းကျင် အပြင်လောကနှင့် ဆက်နွယ်မှုရှိဘဲ တိတ်

www.burmeseclassic.com

တစိတ် နေထိုင်ခဲ့သော မြတ်လေးနွယ်သည်လည်း ဓမ္မာရီဆန်လွန်းသည့်အပြင် သေနတ်ဆိုသည်မှာလည်း ကျွန်တော်တို့ ဒေသနှင့် အလှမ်းဝေးလွန်းလှပြီး သေနတ်နှင့် ကိုယ်ကိုယ်ကို ပစ်၍ အဆုံးစီရင်ခြင်းဆိုသည်မှာ မကြားဘူး မတွေ့ဘူးပါ။ ထူးဆန်းလွန်းလှ၍ အံ့ဩတုန်လှုပ်ခြင်းဖြစ်ရကာ စိတ်ဝင်စားစရာဖြစ်နေပြီးလှပချောမောသော မိန်းကလေးတစ်ယောက် ဖြစ်နေ၍ လူတိုင်း စုပ်တသပ်သပ် ဖြစ်ကြရကာ ကရုဏာသက်လျက်ရှိကြပါ၏။

"သဗ္ဗေ သတ္တာ ကမ္မသကာ ဆိုပေမယ့်လည်း ဒီအဖြစ်ကတော့ ဆိုးလှပါတယ်။ သက်ပျောက်ဆွမ်းတရားဟောရင်းနှင့် ဘုန်းကြီးတောင်မှ အတော်ကလေးကို ဝမ်းနည်းမိတယ်" ဟု ဆုတောင်းပြည့် ဆရာတော်ကြီးမှပင် မိန့်ကြားတော်မူခဲ့ ပါသည်။ တစ်ရွာလုံး တစ်နယ်လုံး မြတ်လေးနွယ်ကို သနား၍ နေခဲ့ကြပါသည်။ မြတ်လေးနွယ် သက်ရှိထင်ရှား ရှိစဉ်က တွေ့မြင်ဖူးသူနည်းပါးပါသည်။

"လှလိုက်တဲ့ မိန်းကလေး ဒီလောက်လှတဲ့ ကလေးမျိုး ငါတို့တစ်သက်မှာ တစ်ခါမှ မတွေ့ဖူးပါဘူး။ ပိုက်ဆံလည်း ချမ်းသာတယ်။ ဘာကြောင့် ဒီလောက်ကံဆိုးရတာလည်း သနားလိုက်တာအေ" မြတ်လေးနွယ်၏ အသုဘရှုပြန်လာသော မိန်းမကြီးများ အားလုံးမှ တစ်ညီတစ်ညွတ်တည်း ပြောဆိုကြပါ၏။

"သူငယ်ချင်းတို့ ငါ မြတ်လေးနွယ်ဆီ သွားချင်တယ်ကွာ၊ ငါ့ကို လိုက်ပို့ပေါ့"

"ဟိုရောက်ရင်တော့ စိတ်ထိန်းနော်"

"လူတွေရိပ်မိသွားရင် . . . မင်းရဲ့ ဂုဏ်သိက္ခာလည်း ကျမယ်။ လူတွေက ဒီကောင်မလေး ကိုယ့်ကိုယ်ကို သတ်သေသွားရတာဟာ မင်းနှင့် ပတ်သက်ပြီးတစ်ခုခုရှိလို့ ဖြစ်မယ်လို့ အပေါ်ယံယူကပြီး ကောက်ချက်ချခံရရင် မင်းအတွက်လည်း ဂုဏ်သိက္ခာကျမယ်။



www.burmeseclassic.com

သွားလေသူ မြတ်လေးနွယ်လည်း ဂုဏ်သိက္ခာထိခိုက်လိမ့်မယ်။ မင်းသွားသင့်ပါတယ်ကွာ။ ငါတို့အားလုံး အတူတူသွားကြတာပေါ့"

ကျွန်တော်တို့ သူငယ်ချင်းများအားလုံး စုညီလာပြီ ဖြစ်သောကြောင့် မြတ်လေးနွယ်ထံသို့ ထွက်ခဲ့ကြပါတော့သည်။ မြေကျေးရှင်းရုံးနားရောက်သည်နှင့် သွားသူပြန်သူလူများစွာတို့ကို တွေ့ရပါသည်။ ဝင်ပေါက်ရောက်သည်နှင့် မြတ်လေးနွယ်သည် မကြိုဆိုသင့် မကြိုဆိုထိုက်သော အနေအထားဖြင့် ကျွန်တော့်ကို ကြိုဆို၍နေပါပြီတည်း။



မြတ်လေးနွယ် ချစ်သော ပိတောက်ပင်ကြီးအောက်တွင် ကျယ်ပြန့်လှသော အေးမဏ္ဍပ်ကြီးထိုးထားပါသည်။ ပိတောက်ပင်ကြီးမှာလည်း ထက် ကျန်ပိတောက်ဖူးတို့အားလုံး အစွမ်းကုန်ပွင့်နေ၍ လှချင်တိုင်းလှ၍နေပါ၏။ မဏ္ဍပ်အလယ်တည့်တည့်တွင် အေးခုတင်ဖြင့် မြတ်လေးနွယ်ကို ပြင်ဆင်ထားပါသည်။ အပြာနုရောင် ဇာခြင်ထောင်လေးချထားပါသည်။ အိပ်ယာခင်းအသစ်၊ ခေါင်းအုံး အသစ်၊ ပန်းနုရောင် စောင်ပါးပါးကလေးခြုံပေးထားပါသည်။ ပန်းကုလားကာများ မြုလုပ်ထားပါ၏။ ရေမွှေးနံ့များမှာလည်း ကြိုင်သင်းလျက်ရှိသည့်အပြင် ပိတောက်ရနံ့တို့မှာလည်း တစ်ဝင်းလုံးမွှေးပျံ့လျက်ရှိပါ၏။ လေတိုက်သည့်အခါတိုင်း ပိတောက်ပွင့်ဖတ်ကလေးများ ကြွေကျလျက်ရှိရာ မြေပြင်တွင် ရွှေဝါရောင်ပန်းတောက်ကော်ဇော ခင်းထားသည်နှင့်ပင် တူနေပါသည်။ မဏ္ဍပ်အမိုး မိုးကာပေါ်သို့လည်း ပိတောက်ပွင့်ဖတ်တို့ တဖျောဖျောနှင့် ကြွေကျလျက်ရှိသော အသံတို့ကို ကြားနေရပါသည်။

မဏ္ဍပ်ပစ်တွင် ပရိသတ် အပြည့်ရှိလျက် ငြိမ်သက်စွာထိုင်နေကြပါသည်။ ကောင်စီဥက္ကဋ္ဌ ဘကြီးကျော်၊ အတွင်းရေးမှူး ဘကြီးသိန်းပို၊ ဦးချစ်မောင်၊ ဦးလှသောင်း၊ ဦးပို့သိုင်း၊ ဘကြီးလှညွန့်၊ ဘကြီးရှိန်၊ ဘကြီးငြိမ်း အစရှိသော လူကြီးများနှင့် ကိုရင်စက်ငြိမ်း၊ ကိုရင်စက်ရှိန်၊ ကိုရင်ချိုထွန်း၊ ကိုဝင်းလွင်ကို ညီညီကိုမြင့်အောင် စသော လူငယ်ပိုင်းအရွယ်များ ကာလသားခေါင်းကို ဘဲလေးနှင့် လူငယ်များတို့ ရောက်ရှိလျက် ရှာဘုံပစ္စည်းများဖြင့် ရေနွေးကြမ်း၊ ဆေးလိပ်၊ ဂျင်း၊ လက်ဖက် တို့ဖြင့် ညှိခံလျက်ရှိနေကြပြီး သင်္ဂြိုဟ်ရန်ကိစ္စ

www.burmeseclassic.com

တို့ကို တိုင်ပင်ညှိနှိုင်းလျက်ရှိကြပါသည်။ အုတ်ရှုတည့်ဖို့ ပြောတယ်။ ပန်းရဲ့ ငှက်ရိုးနှင့် မောင်သောင်းတို့သွားကြပြီလား။

ဘကြီးကျော်မှ ကိုမောင်မြင့်ကို မေးပါသည်။ အစောကြီးကတည်းက သွားကြပါပြီ။ အခုလောက်ဆို အကြော်ထည့်တောင် ပြီးတော့မယ်ထင်တယ်"

ခြံ၏တစ်ဖက်တွင် ဖျာများဖြင့် ကန့်၍ ထမင်းရုံပြုလုပ်ထားပြီး အသုဘရှုလာကြသော ပရိသတ်တို့ကို ညှော်ခံကျွေးမွေးလျက်ရှိပါသည်။ သုံးရေအတွက် ရေစည်လုည်းများဖြင့် တိုက်ကြရ၏။ ရွာသူရွာသားများသည် လိုလေးသေးမရှိရအောင် ဝိုင်းဝန်းလုပ်ကိုင်ပေးကြပါ၏။

ယခုအချိန်တွင်တော့ ကျွန်တော်သည် ထူပူလျက်ရှိကာ အိပ်မက်ထဲတွင် လမ်းလျှောက်နေသူသို့သာ ဖြစ်ပါ၏။ ရင်ထဲတွင် စူးအောင့် နာကျင်လျက်လေးလံမှုန်းကျပ်လျက်ရှိပါ၏။ ကျွန်တော်သည် ပရိသတ်အတွင်းမှ တဖြည်းဖြည်းတိုးကပ်၍ အနီးဆုံးသို့ ရောက်အောင် သွားလိုက်ပါသည်။ မြတ်လေးနွယ်၏ မျက်နှာလှလှလေးကို အနီးကပ်တွေ့မြင်ရပါပြီ။ သေသူနှင့် မတူပါ။ အိပ်ပျော်နေသည်ဟုသာ ထင်ရပါ၏။ မြတ်လေးနွယ်ယခုကဲ့သို့ ရုတ်တရက် ကွယ်လွန်သွားခဲ့ သောကတ်စွတွင် ကျွန်တော်၏ ပယောဂများ ဖြစ်နေလေရောသလား။ ကျွန်တော် အစကတည်းက တွေးမိဖို့ကောင်းပါသည်။ မြတ်လေးနွယ်ကို လက်ထပ်ချင်သည်ဟု ဆိုသောအချိန်မှစ၍ မြတ်လေးနွယ်ကို ကြည့်ရသည်မှာ အခက်တွေ့လျက် စိတ်ညစ်နေဟန် တူပါသည်။ မြတ်လေးနွယ်တွင် ကျွန်တော့်ကို လက်ထပ်ရန်အတွက် ကြီးမားသော အခက်အခဲ ကြီးမားသော ပြဿနာ တစ်ခုခု ရှိနေမည်မှာ သေချာလောက်ပါသည်။ ထိုသို့ဆိုလျှင် ကျွန်တော်နှင့် ချစ်သူမဖြစ်ခင်က မြတ်လေးနွယ်ကို ကြည့်ရသည်မှာ လန်းဆန်းတက်ကြွလျက် ပျော်ပျော်ရွှင်ရွှင် တွေ့မြင်ခဲ့ရပါ၏။ ကျွန်တော်နှင့် ချစ်သူဘဝသို့ ရောက်ရှိပြီးနောက်တွင် တစ်စတစ်စ ငေးမှိုင်၍




www.burmeseclassic.com

www.burmeseclassic.com

လာသည်ကို တွေ့ရှိရသည်။ ရှင်လန်း တက်ကြွမှုတို့ တဖြည်းဖြည်း ပျောက်ဆုံး၍လာပါသည်။ ကျွန်တော် ဆင်ခြင်တွေးဆ၍ ဖွတ်မပြောသင့်မှန်း သိရမည်



ဖြစ်ပါ၏။

ကျွန်တော်မှ လက်ထပ်ခွင့် တောင်းသောအခါ ထိတ်လန့်၍ သွားသည်ကို သတိပြုမိပါသည်။ အမှန်တော့ မြတ်လေးနွယ်ကို ကြည့်ရသည်မှာ အားမရသဖြင့် ကျန်းမာရေးပြဿနာသော်လည်းကောင်း။ အခြားသော ပြဿနာသော်လည်းကောင်း၊ မြတ်လေးနွယ်တွင် ရှိနေပြီဟု တွက်ဆမိပါသည်။ ကျွန်တော်သာ မြတ်လေးနွယ်ကို လက်ထပ်လိုက်လျှင် မြတ်လေးနွယ်တွင် ကြုံတွေ့နေရသော ပြဿနာ (သို့မဟုတ်) ဒုက္ခတို့ကို မျှဝေခံစားနိုင်လိမ့်မည်။ ကူညီဖြေရှင်းပေးနိုင်မည်။ ဘယ်လိုပြဿနာမျိုးမဆို မြတ်လေးနွယ်ရှေ့မှ မားမားရပ်ကာ ရင်ဆိုင်၍ မြတ်လေးနွယ်ကို အကာအကွယ်ပေးနိုင်မည်ဟု ယူဆခဲ့မိပါသည်။ ထို့ကြောင့် ကျွန်တော် မြတ်လေးနွယ်ကို ဖွတ်အတင်း လက်ထပ်ခွင့် တောင်းဆိုခဲ့မိခြင်း ဖြစ်ပါသည်။ စေတနာရှေ့သွားဖြင့်သာ တောင်းဆိုခဲ့ မိခြင်းဖြစ်ပါသည်။ ယခုတော့ ကျွန်တော်၏ စေတနာတို့သည် ဝေဒနာဖြစ်ရပါချေ ပြီတည်း။ မြတ်လေးနွယ်သာ ဤလမ်းကို ရွေးချယ်မည်ဆိုပါက ကျွန်တော် လက်ထပ်ရန် တောင်းဆိုမိမည် မဟုတ်ပါ။ ယခုမှ အချိန်လွန် နောင်တတို့သည် ကျွန်တော့်အား အပြင်းအထန်ဆုံး ထိုးနက်၍ ဖိစီးနှိပ်စက်လျက်ရှိပါလေပြီ။

"မြတ်လေးနွယ် တမလွန်ဘဝကနေ ကိုယ့်ကိုခွင့်လွှတ်ပါကွယ်။ မြတ်လေးနွယ်ရဲ့ ရှေ့မှာပဲ ကိုယ်သစ္စာပြုပါမယ်။ မြတ်လေးနွယ်ဟာ လူ့လောကမှာ မရှိတော့ပေမဲ့လည်း ကိုယ့်ရင်ထဲမှာ မြတ်လေးနွယ် ထာဝရရှိနေမှာပါ။ တကယ်တော့ ကိုယ့်ရဲ့ အသက် ၁၇ နှစ်ဆိုတာ ငယ်ပါသေးတယ်။ ကိုယ့်ဘဝမှာ တခြားမိန်းကလေးတွေ တွေ့ကြုံလာဦးမှာပါ။ အဲဒီအခါကျရင် မြတ်လေးနွယ်ကို ကိုယ့်ရင်ထဲကနေ ဘယ်တော့မှ မဖယ်ထုတ်ပါဘူး။ ကိုယ့်ရင်ထဲမှာ မြတ်လေးနွယ် ထာဝရရှိနေမှာပါ။ ကိုယ်တစ်သက် ဘယ်တော့မှ အိမ်ထောင်မပြုတော့ဘူးလို့ ကတိပြုပါတယ်။ တကယ်တော့ ကိုယ်





www.burmeseclassic.com

www.burmeseclassic.com

ဟာ မြတ်လေးနွယ်နှင့် လူချင်းမပေါင်းသင်းခဲ့ကြရသေးပေမဲ့လည်း နလုံးသားချင်း ပေါင်းသင်းခဲ့ကြရပြီးမို့ ကိုယ့်ကိုယ်ကို လွတ်လပ်သူတစ်ယောက် မဟုတ်တော့တဲ့ အိမ်ထောင်သည်တစ်ယောက်လို သဘောထားပါတော့မယ်။ ကိုယ့်ရဲ့ သစ္စာတွေ မှန်ကန်နိုင်မြဲခဲ့ရင်တော့ မြတ်လေးနွယ် ကောင်းရာသုဂတိ လားပါစေ။ မြတ်လေးနွယ်နှင့် ကိုယ်တို့လည်း သံသရာတစ်ကွေ့ တစ်ခုသောဘဝမှာတော့ နောင်ကြီးမုံ့အဖြစ်နှင့် ပျော်ရွှင်စွာ ပေါင်းဆုံရပါစေလို့ ကိုယ်ဆုတောင်းပါတယ် မြတ်လေးနွယ်ရယ်" ကျွန်တော်သည် မြတ်လေးနွယ်၏ သက်မဲ့မျက်နှာကလေးကို ကြည့်ငေးကာ ရင်ထဲမှ စကားများ ဆိုနေမိပါ၏။ မျက်လုံးအိမ်အတွင်းဝယ် မျက်ရည်တို့သည် ပြည့်လျှံလာလျက် မြတ်လေးနွယ်၏ ရုပ်သွင်သည်ပင် မပီဝိုးတဝါးဖြစ်၍ လာပါ၏။

"သူငယ်ချင်း စိတ်ထိန်းပါကွာ။ လူတွေရိပ်မိကုန်လိမ့်မယ် သွားကြပါစို့"

သူငယ်ချင်းကြီးထွန်းမှ ကျွန်တော့်ကို အသာလက်ကုတ်ပြီး ကျွန်တော့်ကို ပြောပါသည်။ မှန်ပါသည် ကျွန်တော် ဤနေရာတွင် ဆက်နေလျှင် ကျွန်တော့်စိတ်ကို အက်ပြီးထိန်းထားနိုင်မည် မဟုတ်တော့ပါ။ မျက်ရည်တာကျိုး၍ တစ်ကမ္ဘာလုံးကြားအောင် ချုံးပွဲချ၍ ငိုကြွေးမိတော့မည်ဖြစ်ပါ၏။

"ငါ… အိမ်ပြန်လို့ မဖြစ်ဘူးကွာ။ ငါမျက်နှာဟာ ဘယ်လိုမှ အိခြေဆည်လို့ လိမ်ညာဖုံးကွယ်လို့ ရနိုင်တော့မှာ မဟုတ်ဘူး။ ကွက်သစ်ပိုင်းကိုသာ သွားရအောင်"

"အေးပါကွာ… မင်းစိတ်ချမ်းသာသလိုနေပါ။ အားမလျှော့နှင့် မင်းရဲ့ အနားမှာ ငါတို့အမြဲရှိနေမှာပါ"

ကျွန်တော်တို့ ကွက်သစ်ပိုင်းသို့ ထွက်ခဲ့ပါသည်။ တဲထဲတွင် မနက်ဖိုထားသော မြတ်လေးနွယ်နှင့် ထွက်ပြေးရာ၌ ယူဆောင်မည့် ကျွန်တော့်၏ အဝတ်အစားအိတ်၊ ဂစ်တာ၊ ငှက်ကြီးတောင်ဓား (ဓားအိမ်ပါ) နှင့် ဓာတ်မီးတို့ကို တွေ့ရသောအခါ မနေ့ကနှင့် ဒီကနေ့၏ ဖြစ်





www.burmeseclassic.com

www.burmeseclassic.com

ပျက်ပြောင်းလဲမှုတို့၏ မြန်ဆန်ခြင်းကို ကြည်ကာ ဝမ်းနည်းမိရပါ၏။ မနေ့ညကသာ ကျွန်တော်နှင့် မြတ်လေးနွယ်တို့ နိုးပြေဖြစ်လျှင် ဤအချိန်တွင် ကျွန်တော်သည် မြတ်လေးနွယ်ကို ပိုင်ဆိုင်လျက် ရှိနေပြီဖြစ်ကာ မြိုင်သာယာနှင့် ဝေးလံနေသော တစ်နေရာတွင် ရောက်ရှိနေမည်ဖြစ်ပြီး လောကကြီးထဲတွင် ကျွန်တော်တို့ နှစ်ယောက်သာ ရှိသကဲ့သို့ မိုးမမြင်လေမမြင် ပျော်ပွဲဆင်၍ နေကြလောက်ပြီဖြစ်ပါ၏။ လူ့ဘဝဟူသည်ကား ဖြစ်ချင်တာ ဖြစ်ခွင့်မရ၊ မဖြစ်ချင်တာကိုမှ ကြုံတွေ့ခဲ့ရ၍ အသဲနာလွန်းလှပါ၏။ ကံကြမ္မာ ဟူသည်ကား ယုံစား၍မရနိုင်သော အရာပါတကားဟု ရင်နာနာနှင့် နားလည်သိရှိလိုက်ရပါသည်။ အစစအရာရာ ကြိုတင်စီမံပြင်ဆင် ကြိုးစားအားထုတ်ပြီးခါမှ မသက်ဆိုင်သော ဆန့်ကျင်ဘက်ဖြစ်သော ရလဒ်တို့ ဖြစ်ပေါ်လာရခြင်းသည် ကံကြမ္မာ၏ လှည့်စားခြင်းပေလော၊ ဉာဏ်မမီနိုင်တော့အောင် ဖြစ်ရပါ၏။

ကျွန်တော် ပြေဆည်ရန် ခက်နေသည်မှာ ကျွန်တော့်ပယောဂကြောင့် ကျွန်တော့် တောင်းဆိုချက်ကြောင့် မြတ်လေးနွယ် လူ့လောကမှ ထွက်ခွာသွားရသည်ဟူသော အချက်ပင် ဖြစ်ပါ၏။ ကျွန်တော့်တွင် အပြစ်ရှိသည်ဟု ခံစားရခြင်းပင် ဖြစ်ပါသည်။ အပြစ်ရှိသူကဘာမှမဖြစ်ဘဲ အပြစ်မရှိသော မြတ်လေးနွယ်က လူ့လောကကြီးမှ ထွက်ခွာသွားရခြင်းမှာ မတရားပါ။ မဖြစ်သင့်ပါ။ ကျွန်တော်သည် ကျွန်တော် ၏ အပြစ်ကို ကျွန်တော်ခံယူသင့်ပါ၏။ မြတ်လေးနွယ်မရှိသော ဘဝတွင် ကျွန်တော်ဆက်လက်ရှင်သန်နေ၍ကာ ကျွန်တော်ဘ၀သည် အဓိပ္ပာယ်ရှိပါမည်လား...။ ပျော်ရွှင်နိုင်ပါမည်လား . . .။ မြတ်လေးနွယ်၏ လမ်းစဉ် မြတ်လေးနွယ်၏ နောက်သို့သာ လိုက်သင့်ပါ၏။

ကျွန်တော့်တွင် ထိုသို့ မိုက်မဲလှစွာသော အတွေးတို့ဝင်ရောက်လာပါ၏။ နေ့လယ် ၃နာရီခန့်ဖြစ်၍ နေသည်လည်း ခြစ်ခြစ်တောက်မျှ ပူပြင်းလျက်ရှိပါ၏။ ဆေးသောက်ပြီးခါစက အဖျားကျသလိုလို ရှိခဲ့သော်လည်း ယခုမူ အဖျားက ပြန်၍တက်လာသဖြင့် ကိုယ်တို့သည်လည်း ခြစ်ခြစ်တောက်ပူ၍လာပါ၏။ ကျွန်တော့်ရင်ထဲတွင်လည်း ကမ္ဘာမီးတမျှ အသဲနှလုံးတို့ အရည်ပျော် ပြာကျလုမတတ်။ ရင်နှစ်ခြမ်း ဖျန်းဖျန်းကွဲမတတ် မခံမရပ်နိုင်အောင် ပူလောင်၍ နေပါ၏။ တဲအတွင်းမှ လေးတိုင်စင် (ခုတင်အဖြစ်အသုံးပြုသည်) အောက်ခြေထောင့်တွင် သစ်ပင်များအား ဆေးဖြန်းရာတွင် အသုံးပြုသော အင်းဒရင်း (ဝါးဆေး) ပုလင်းသို့ မျက်စိ ရောက်သွားသည်။ ကျွန်တော်၏ ခေါင်းတို့သည်လည်း ပွင့်ထွက်မတတ် ကိုက်ခဲလျက်ရှိကာ မူးနောက်၍လည်း နေပြီဖြစ်ပြီး မျက်စိထဲတွင်လည်း အမည်းပျောက်တို့ ပေါ်လာပြီး ပြာဝေလို့လာပြီ ဖြစ်ကာ ရုတ်တရက် ဆေးပုလင်းဆွဲယူ လိုက်ပါ၏။

ရှေ့လဆက်ရန်

ဘိုဘို(ရွှေကံကူ)





www.burmeseclassic.com

www.burmeseclassic.com

ဝတ္ထုရှည်အစအဆုံး

# ဂီတဝေယောင်ကော့ပြုံးတယ်

တိုးတိုး





www.burmeseclassic.com

www.burmeseclassic.com

ကျွန်မအခု အသက် ၄၀ ကျော်ပြီ၊ အမေက ကျွန်မထက်ကြီး သား ၂ ယောက် မွေးသေးတယ်။ ၄ နှစ် ၅ နှစ်နဲ့ ကွယ်လွန်သွားကြလို့ ကျွန်မရယ်။ ညီမ ၂ ယောက်ထပ် မွေးပြီး အဖတ်တင်တယ်။

အဖေတို့ ငယ်ငယ်ကတော့ ရွာကြီးမှာ စည်စည်ကားကားနဲ့ အဘိုးကလည်း သူကြီးဖြစ်တော့ အဖေတို့ ညီအစ်ကို ၃ ယောက်ရှိတာ၊ တောသူဌေးသားတွေပေါ့ အဘိုးက လယ်ဧက ၁၀၀ လောက်ရှိတော့ ကုလားတွေကို လယ်အငှားချပြီး အဖေတို့ ညီအစ်ကို ၃ ယောက်၊ ရွာကြီးနဲ့ နီးတဲ့မြို့မှာ ခေတ်ပညာတွေ သင်ကြတာ။

အဖေက ဆယ်တန်း မအောင်ခင်၊ မြို့သူကို ခိုးပြေး မြို့သူကို အိမ်ခေါ်လာ။ အဘိုး လယ်ကရတဲ့ ပိုက်ဆံနဲ့စား။ သားသမီး မွေးပေါ့။ အဖေ့ညီ ၂ ယောက်ကသာ။ ပညာတတ်ပြီး မြို့သူတွေနဲ့ ယူကြ။ အစိုးရ အလုပ်တွေ လုပ်ကြရင်း အဘိုးအဘွားတို့ ကွယ်လွန်ကြ၊ တိုင်းပြည်တွေ ပျက်နေတော့ လယ်လုပ်၊ ကုလားတွေလည်း ကုလားပြည်ကုန်ပြီး ဟိုရွာပြေး။ ဒီရွာပြေး အိမ်ကြီးတွေသူများ ဖျက်ယူပြီးမှ ကျွန်မတို့ ညီအစ်မတွေကို မွေးတာ။

အဲဒီတော့ တောင်ဥက္ကလာပ မြို့တောင် တည်နေပြီး ဒီတုန်းက မြေက ဈေးချိုသေးတော့ ပေ ၄၀၊ ပေ ၆၀ မြေလေးဝယ် သစ်သားအိမ်ဆောက်။

ကျွန်မတို့ ညီအစ်မတွေကို ကျောင်းထားပြီး အမေက အိမ်ရှေ့မှာ လက်ဖက်နဲ့ အကြော်စုံတွေ၊ တင်ရောင်းတယ်။ ဒါလည်း လူကလည်း မလည်တော့ အကြွေးကျတာနဲ့ ဆိုင်ပြုတ်တာပါပဲ။

အဲဒီအချိန်မှာ ကျွန်မအစားကို ခြိုးခြံရပြီး ဆန်ခပ်ညံ့ညံ့၊ ထမင်းနဲ့ ဟင်းချို ငါးပိရည် တို့စရာနဲ့ စားရတာများပါတယ်။ အဖေ့ကိုတော့ ငါးဟင်းလေး တစ်ပတ်မှာ ၂ ခါလောက် ချက်ပေးတာ အမေက "ငါ့ကို ဟင်းတွေ မကျွေးကြနဲ့၊ ငါးပိရည်လည်း ကြိုက်တာပဲ" လို့ ပြောတယ်။

အဲဒါနဲ့ ကျွန်မတို့ ညီအစ်မ ၃ ယောက်၊ ဘွဲ့တွေရလာတော့ ညီမ ၂ ယောက်က သူတို့ ကြိုက်တဲ့သူတွေနဲ့ လက်ထပ်ကြရော။ လူချော၊ လူတော်လေးတွေ ပညာတွေသင်ရင်း ကြိုက်ခဲ့ကြတာ၊ သူတို့လဲ အိမ်ငှားတွေနဲ့ မိသားစုများလို့ ဒီအိမ်မပါလာကြတာ။

ပြီးတော့လည်း … ဒီတုန်းက ယောကျ်ားတွေ အရက်သိပ်မသောက်ကြသေးတဲ့ အချိန်၊ လက်ဖက်ရည်ဆိုင် မထိုင်ကြတဲ့ သမက်တွေ အဖေနဲ့ အမေကလည်း လက်ခံကြပါတယ်။ ဒါနဲ့ ကျွန်မက အိမ်နဲ့ သိပ်မဝေးတဲ့ ကျောင်းမှာ ကျောင်းဆရာမ လုပ်တယ်။ ညီမ ၂ ယောက်နဲ့ သူတို့ ခင်ပွန်းတွေက ရသမျှ လခကို ကျွန်မကိုပေး။ ကျွန်မက နေ့လယ်မှတက်ရတဲ့ ကျောင်းကို တက်ပြီး အိမ်မှာ စားမှုသောက်မှု အကုန် ဖန်တီးတယ်။ အဖေနဲ့ အမေလည်း အသက်ကကြီးလာပြီ။

ဆန်နည်းနည်းကောင်းတာနဲ့



www.burmeseclassic.com

www.burmeseclassic.com

ဟင်းအသင့်အတင့် ချက်တော့လည်း အားလုံးက စားကြတာပဲ။ ဒါနဲ့ အိမ်ထောင်သည် ညီမတွေက ကလေး ၂ ယောက်စီရကြတော့လည်း ကျွန်မပဲ ကလေးတွေ အဝတ်ဖိုး မုန့်ဖိုး ဖန်တီးတာပေါ့။

ဒါနဲ့ အဖေ့ ညီ ၂ယောက်လည်း ပင်စင်စားတွေ ဖြစ်ပြီး သားသမီးချမ်းသာတဲ့လူလည်း အိမ်ပိုင်ရာပိုင်နဲ့ နေကြတာ။ တစ်ခါတစ်ရံ မုန့်လေးဝယ်လာ အဖေ့ကိုကျွေး။ တူမတွေကိုလဲ ချစ်ကြတော့။ ကျွန်မကိုလဲ ဦးလေးတွေက စကြ။ နောက်ကြတယ်။

"ဘယ့်နှယ့်လဲ… ဒီအပျိုကြီးက ညီမတွေလို အိမ်ထောင်ပြုပြီး ကိုယ်လင် ကိုယ်သားသမီးနဲ့ နေပါလား။ ခုတော့ အားလုံးသူ့ အပူကျနေတာပဲ။ ဒါနဲ့ ရုပ်က အိုရုပ်ပေါက်နေပြီ" ဒီလို စတော့။

"ပြုတော့ ပြုချင်တာပေါ့။ ကျွန်မကိုလည်း ကြိုက်တဲ့လူတွေ ရှိပါတယ်။ ရုပ်ချော၊ သဘောကောင်းတွေ။ ဒါပေမဲ့ ငွေတွေ၊ ဘွဲ့လေးတစ်ခုရပြီး အိမ်ပိုင် မရှိဘူး။ ဒီလိုက်လာမှာ။ ဒီတော့…

"နွတ်ခမ်းပဲ့ချင်း မီးမှုတ်လို့ ပဲပြုတ်နဲ့ ချဉ်ပေါင်ကြော်၊ နေ့စဉ်တုတ်ရင်း အလုပ်ဆင်းရတယ်နော်" ဆိုတဲ့ သီချင်းလို သူ့ငွေးကလည်း ကျွန်မကို လာမကြိုက်ဘူး"

ကျွန်မ ဒီလိုပြောတော့။ ဦးလေးတွေရော အဖေအမေရော ရယ်လိုက်ကြတာ။ ဟုတ်တယ်။ ကျောင်းဆွေလေး၊ ကျွန်မတောင် ပြန်ကြိုက်တော့မလို့ ရုပ်ချော သဘောကောင်း၊ ကျောင်းဆရာအလုပ်နဲ့ မိဘတွေကို လုပ်ကျွေးနေတဲ့လူ သူလည်း ခုတော့ အိမ်ထောင်ကျပြီ။

ဒါနဲ့ အသက်ကလဲ အိပ်ရင်း စားရင်းနဲ့ ၄၁ နှစ်ထဲ ရောက်လာပါရောလား။ ကုန်ဈေးနှုန်းတွေကလည်း ကြီးလာ။ အဖေအမေတွေလဲ၊ ၇၅ နှစ်ဖြစ်လာတော့ ဆေးဖိုးကပါ ကုန်လာသေးတယ်။ ညီမတွေရဲ့ ကလေးတွေကလည်း။





www.burmeseclassic.com

www.burmeseclassic.com



ကြီးလာတော့ အစားနဲ့ အဝတ်ကို ပိုလာ။

ဈေးထဲသွားရင် ဘာဟင်းလေး ချက်ရင် ကောင်းမလဲ။ စဉ်းစားတာနဲ့ ကြာလာတာပဲ။ ကျွန်မလည်း အဖေနဲ့ အမေအတွက် ဝက်သား ၂ ရက်၊ ၃ ရက်ဆို အစိတ်သား ဝယ်တယ်။ ဒါနဲ့ ဝက်သားသည်ဆီမှာ ဟိုလူကြီးနဲ့ ခဏခဏ ဆုံတယ်။ သူကတော့ နေ့တိုင်း ဝယ်တာကို၊ သူဝယ်နေတော့၊ ကျွန်မ ဘေးဖယ်ပြီး စောင့်နေတာ၊ ဝက်သားသည်က …

"လာလေ အဖိုးကြီးရဲ့ ဆရာမကလည်း။ အဖေအို အမေအိုအတွက် ဝယ်တာကို။ ကျင်မောင်လည်း ဝယ်လို့ ပြီးပါပြီ" ဆိုတော့…

သူက…

"ဩော်… ဟုတ်လား။ အဖေအို၊ အမေအို ရှိတာလား။ ကုသိုလ်လုပ်ပါရစေ။ ဒီမှာ အဖေ အမေ မရှိကြတာ ကြာပြီ။ ဒီအတုံးချိန်စမ်းပါ" ဆိုတာနဲ့ ဝက်သားသည်က ချိန်တာ။

"ငါးဆယ်သား ကျော်တယ်။ ငါးဆယ်သားဖိုးပဲပေး" ဆိုတာနဲ့ သူက ယူပြီး ကျွန်မခြင်းထဲ ထည့်ပြီး ထွက်သွားရော။ သူ့နောက်က ခွဲခြင်းကြီးနဲ့ မိန်းမကြီးတစ်ယောက် အမြဲလိုက်တာ မြင်ရတယ်။

ဝက်သားသည်က "ယူသွား ဆရာမ။ တရုတ်က သူဌေး ဈေးရှေ့က သစ်ဆိုင်နဲ့ တိုက်ကြီးကို ပိုင်တာ၊ မဆိုးဘူး အသက်က ၄၇ နှစ် ရှိသေးတယ်။ သား ၂ ယောက်က အိမ်ထောင်သည်တွေ မနက်ဘက် အဖေနဲ့ သစ်လာရောင်းညနေပြန်။ အဲဒါသူက အိမ်အကူနဲ့ ချက်ပြုတ်ကျွေးတာ ကုသိုလ်လည်း လုပ်တာပဲလေ"

ဝက်သားသည်ကြီးပြောမှ၊ သတိထား ကြည့်မိတော့၊ ဈေးရှေ့က ပေ ၁၀၀ ပတ်လည်လောက် ၂ထပ် တိုက်ကြီးနဲ့ ရှေ့က သစ်ဆိုင်ကြီး ပြောမှ၊ သတိထား ကြည့်မိတော့၊ ဈေးရှေ့က၊ ပေ ၁၀၀ ပတ်လည်လောက် ၂ ထပ် တိုက်ကြီးနဲ့ ရှေ့က သစ်ဆိုင်ကြီး၊ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com

အိမ်နဲ့ ကား ၁ မှတ်တိုင်လောက် သွားရင်လည်း။ ကျွန်မ အလုပ်လုပ်တဲ့ ကျောင်းဖြစ်လို့ နေ့တိုင်း ကျွန်မ လမ်းလျှောက်သွားတာ ဂရုမထားမိလို့ မသိတာပါ။

ဒါပေမဲ့ ဈေးထဲမှာတော့ နေ့တိုင်း တွေ့ပါတယ်။ သူ့အဖော် မိန်းမကြီး။ ခြင်းတောင်းနဲ့ ပြန်သွားမှ သူက မုန့်ဟင်းခါးဆိုင် ထိုင်တာ။ နောက်နေ့တွေမှာ မုန့်ဟင်းခါးဆိုင် ဝင်ခါနီး ကျွန်မနဲ့ တွေ့လို့လာ "မုန့်ဟင်းခါး စားပါဦး" လို့ ခေါ်သေးတယ်။

"ကျွန်မက စားခဲ့ပါပြီ။ နေပါစေ" ဆိုပြီး ရှောင်ခဲ့ရတယ်။ တစ်ခါတော့ သူတို့ တရုတ် လမ်းပွဲ လုပ်တာတဲ့၊ ဈေးထဲက လူတွေကို ဝက်သားပေါက်စီ၊ ကြက်သားပေါက်စီတွေ၊ ကျွတ်ကျွတ်အိတ်တွေနဲ့ ထုတ်ပြီး ဝေနေရာက၊ ကျွန်မကိုလည်း တွေ့ရော။ သူ့အကူ မိန်းမကြီး ခြင်းထဲက ၂ ထုပ် နှိုက်ပြီး။ ကျွန်မကို ပေးတယ်။ ကျွန်မလည်း အတင်းပေးတော့ ယူခဲ့ပြီး အိမ်ပြန်ကျွေးတာ တစ်အိမ်လုံးစား လိုက်ကြတာလေ။ ပေါက်စီတွေကလည်း မွှေးနေတာပဲ။

အဲ့ဒါနဲ့ ၁ လကျော်ကျော် ကြာတော့ ကျွန်မလည်း ကျောင်းပိတ်တဲ့ရက်မို့ ဈေးကို ဖြည်းဖြည်းလာတာ။ သူ့ သစ်ဆိုင်ရှေ့မှာ ဈေးသည်မိန်းမ ၅ ယောက်ခန့်နဲ့ ဝက်သားသည်ကြီးလည်း ပါတယ်။ ရပ်နေကြတယ်။ ကျွန်မကိုလည်း တွေ့ရော ဈေးသည်တွေက "ဟော··· လာပြီ လာပြီ" ဆိုပြီး သစ်ဆိုင်ထဲကို ခွဲခေါ်ကြတယ်။ အဲဒီနေ့က သစ်ဆိုင် ပိတ်ထားပြီ။

"လာကြပါ··· လာကြပါ။ ဒီနေ့ တရုတ်နှစ်သစ်ကူးနေ့ပါ။ ကိုယ့် မိတ်ဆွေတွေကို ကျွေးချင်လို့ မြို့ထဲက ချက်ပြီး လာပို့တာ။ အပေါ်ထပ်ကို တက်ကြပါ" ဆိုပြီး သူက ရှေ့ကတက်တယ်။

အပေါ်ထပ်ရောက်တော့၊ စားပွဲဝိုင်းကြီးနဲ့ ပြင်ထားလိုက်တာ။ ဘဲကောင်လုံးပေါင်း ထားတာက ၂ ကောင်၊ ဝက်ခေါက်ကင်၊ ဝက်သားကင်၊ ဝက်သဲ၊ အူစုံကို တုတ်ထိုးလုပ်ထားတာလဲ ပါတယ်။ ခေါက်ဆွဲကြော်၊ ကြာဆံကြော်တွေကလည်း အများကြီး၊ ပုစွန်အကောင်လိုက်တွေကြော်၊ ကကတစ် အကောင်လိုက်ကြော်ပြီး အသီးအရွက်ကြော်တွေ အုပ်ထားတာလည်း ပါရဲ့။ ၁၂ မျိုးဟင်းချို ပန်းကန်ကြီးကလည်း အကြီးကြီးပဲ၊ လာကြတာပေါ့။ အရက်ကလေးတွေ ဖန်ခွက်ငယ်နဲ့ ထည့်ပြီး "နည်းနည်းတော့ သောက်ကြပါ" ဆိုတာနဲ့ သောက်ကြ။ ဝက်သားသည်ကြီးက သူလည်း တရုတ်ကပြား အရက်တွေထပ် ငှဲ့သောက်သူများတွေကို ငှဲ့ပေးလို့ ရယ်ကြတာပေါ့။ အဲဒီမှာ စားနေကြတုန်း ဈေးသည်တွေက"

"ကဲ··· ဈေးစည်တုန်းလာခေါ်တယ်"

"ဟောဒီ··· ကိုကျင်မောင်ကတော့ သွားမှပဲ" ဆိုပြီး ထကြတော့ ကျွန်မမှာ စားလက်စနဲ့ မထပဲ စားလိုက်တော့တာ။

"နေကြပါဦး··· နေကြပါဦး" ဆိုပြီး ကျွတ်ကျွတ်အိတ်တွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ထုပ်ထား အထုပ်တစ်ထုပ်စီ ပေးပြီး စားပွဲမှာ လာထိုင်တယ်။ ကျွန်မလည်း စားတာ လက်စသတ်ပြီး ပန်ကန်နဲ့ ဇွန်းခက်ရင်းကို ချလိုက်ရော။ သူက ကျွန်မ လက်ကို ဖမ်းဆုပ်ပြီး···

"ကျွန်တော် မအောင့်နိုင်တော့ဘူး။ ဈေးသည်တွေက ပြောကြတယ်။ ခင်ဗျားက အပျိုကြီး သိပ်ဣန္ဒြေရှိတယ်။ အလုပ်က အထက်တန်းပြဆရာမ၊ အသက် ၄၂ နှစ်တဲ့။ ကျွန်တော်က မုဆိုးဖို အသက် ၄၇ နှစ်၊ သား ၂ ယောက်က အိမ်ထောင်ကျနေပြီ မြို့ထဲမှာ နေတယ်။ နေ့ခင်းတော့ ဒီမှာ သစ်ဆိုင်ရောင်းပြီး မနက်စာစားပြီး ညနေ ပြန်တယ်။ ကျွန်တော်က အဖေက တရုတ်အစစ်၊ အမေက တရုတ်ကပြား ဗုဒ္ဓဘာသာပဲ ယူတယ်။ တရုတ်အစစ် ကပြားတွေလာစပ်ကြပါတယ်။ ကျွန်တော် မယူဘူး။ ခင်ဗျားကို တွေ့တာ ၂ နှစ်ကျော်ပြီ မရ အရယူမယ် စိတ်ကူးတယ်။ ခင်ဗျားကြိုက်တဲ့အထိ ကျွန်တော် စောင့်မလို့ပါ။ ခုတော့" ဆိုပြီး···

ကျွန်မလက် ၂ ဖက်ကို သူ့လက်နဲ့ဆုပ်ပြီး စားပွဲပေါ်မှာ ကျွန်မလက်ကို သူ့ခေါင်းနဲ့ ဖိပြီး ခေါင်းငုံ့ထားတယ်။ ဆက်ပြောတယ်။

"ဒီအိမ်မှာ ကျွန်တော်နဲ့ နေပါ။ ဘာမှမချက်နဲ့ တံမြက်စည်းလည်း မလှည်းနဲ့ အဖော်ရှိတယ်။ ကျောင်းဆရာမပဲ ဆက်လုပ်။ ကျွန်တော် မပြောသေးဘူး မှတ်တာ ခုတော့ ကျွန်တော်တို့မှာ အချိန်မရှိတော့ဘူး။ ကျွန်တော့် နားမှာနေပါ။ ကြည့်နေရရင် ကျွန်တော် ပျော်ပြီ။ နော်··· နော်"

သူလေး သူ့အတော် ပြောတတ်တာပဲ။ ပြောနေရင်းလည်း ကျွန်မ လက် ၂ ဖက်ကို သူ့လက်နဲ့ ဆုပ်ပြီး မျက်နှာနဲ့ ဖိထားတယ်။ ကျွန်မထက် ၅ နှစ်ကြီးပေမယ့် ကျွန်မထက် ငယ်မယ် ထင်ရအောင် အရွယ်က တင်တာ။

"ကျွန်တော် ဒီစကားများ ဘယ်သူ့ကိုမှ မပြောဖူးပါဘူး။ သားတို့ အမေနဲ့ မိဘချင်း ပြောဆိုပေးထားလို့ ညားခဲ့တာပါ။ ဒီတော့ ကျွန်မ စိတ်က

www.burmeseclassic.com

ဘယ်လိုဖြစ်သွားတယ် မသိဘူး။ ခု ချက်ချင်း ခေါင်းညိတ်ချင်တဲ့ စိတ်ပေါက် သွားပြီး...

သူ့ဦးခေါင်းနဲ့ ဖိထားတဲ့ ကျွန်မ လက်၊ ဆွဲမယူပဲနဲ့။ "ကျွန်မ စဉ်းစားမယ်နော်... နော်" ဆိုပြီးမှ လက်ကို ဆွဲယူရတယ်။ သူလည်း ဦးခေါင်း မော်ကြည့်ပြီး ပြုံးပြတယ်။

"စောင့်နေပါ့မယ်၊ ရမယ် ဆိုတဲ့ စကားကို စောင့်နေပါ့မယ် နေပါဦး။ ဒီအိမ်ကို ပေးဖို့လုပ်ထားတဲ့ အထုပ် တွေ" ဆိုပြီး ဘေးနားက စားပွဲလေးပေါ် တင်ထားတဲ့ ကျွတ်ကျွတ်အိတ် သုံးထုပ် ကို ယူပေးပြီး သူကရှေ့က ဆင်းသွား ပြီး အိမ်ရှေ့က ဆိုက်ကားကို ခေါ်တယ်။ ကျွန်မလည်း ခက်ရက်ရက်နဲ့ ဆိုက်ကားနဲ့ အိမ်ပြန်လာခဲ့တယ်။

အလုပ်ပိတ်ရက်၊ ကျောင်းပိတ် ရက်မို့ အိမ်မှာ လူစုံရှိနေကြတော့။

"ဘာထုပ်တွေလဲ ဟင်၊ ဈေး မဝယ်ပဲ ချက်ပြီးသားတွေ ဝယ်လာတာ လား" ကလေးတွေက ပြောပြီး အထုပ် တွေ ဖြေတာ၊ ကြက်ကောင်လုံး ပေါင်က တစ်ကောင်၊ ဝက်ခေါက်ကင်တွေ အသားကင်တွေ ခေါက်ဆွဲကြော်တွေ ကြာဆံကြော်တွေ ပုစွန်ထုပ်ကြော်တွေ မှ အများကြီးပဲ၊ အဖေနဲ့ အမေကို တစ်ပွဲပြင်ပေးပြီး အားလုံး။ မတ်တွေ ညီမတွေ ကလေးတွေစားတာ မကုန် ဘူး။ ပြီးတော့ ဝက်သားကောက်ညှင်း ထုပ်တွေ လိမ္မော်သီး ပန်းသီးတွေကလည်း အများကြီးပဲ။



ကျွန်မလည်း ဖြစ်ကြောင်း ကုန်စင် အဖေနဲ့ အမေကို ပြောပြလိုက် တော့ အဖေနဲ့ အမေက သဘောကျပြီး အဖေက...

"ပြုံးလိုက်တော့ သမီးမှဆိုးဖို့ ဆို အဖေ သဘောကျတယ်"

အမေကလည်း "ဟုတ်တယ် သမီးလည်း အမေတို့ တစ်အိမ်လုံးရဲ့ ဝတ္တရားတွေကို ပြုခဲ့တာ။ နစ်မနည်း တော့ဘူးပြုပါ သဘောတူတယ်"

အဖေကလည်း "သမီးသွားပြီး စကားပြန်ပါ။ ခပ်ကျဉ်းကျဉ်းပဲ ရုံးမှာ


www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်မယ်လို့ အဖေတို့ အိမ်မှာ ဘုန်းကြီး ငါးပါး ဆွမ်းကပ်မယ်ပြီးပြီ"

ဒီလိုပြောလို့ ကျွန်မသွားပြီး စကားပြန်တော့ သူက၊ သူ့ဈေးက ပတ်ဝန်းကျင်က ၁၀ ယောက်၊ အရပ်လူကြီးက ၁၀ လောက် ဖိတ်မယ်။ ကျွန်မတို့ ဆွေမျိုးနဲ့ အိမ်နီးချင်းနဲ့ ၃၀ ဖိတ်ပါ။ သူက ခံပေါက် ပွဲ ၁၀၀ မှာ ပေးမယ်လို့ ပြောပြီး နောက် ၃ ရက်မှာ ရွှေဆွဲကြိုးက ၂ ကျပ်သား လက်ကောက် ၂ ရံက ၂ ကျပ်သားနဲ့ စိန်ချယ်၊ ၇ လုံးစီထားတဲ့ လက်စွပ်တစ်ကွင်း ကျွန်မ ဖို့ လာပေးတယ်။ အဖေ့ကို ငွေ ၅ သိန်း။ အဲဒါ မင်္ဂလာဆောင်ပြီး နေ့ခင်းမှာ ကျွန်မ သူ့အိမ်ကို လိုက်ခဲ့တာပဲ။ အိမ်ကျတော့ အပေါ်ထပ်မှာ ခုတင် အသစ်၊ ခြင်ထောင်အသစ်၊ မွေ့ယာ အခင်းနဲ့ စောင်အသစ်တွေနဲ့ ဆင်ထား တယ်။

လုံချည်က ကိမိုနိက ၅ထည်၊ အင်ဒိုနီးရှား ပါတိတ်က ၅ထည်၊ ဖော့ရှ် အိန်ရှ် အင်္ကျီချုပ်ပြီးသားတွေက ၁၀ထည်၊ ဘောလီတွေ၊ အောက်ခံဘောင်းဘီ တွေလည်း ပါတယ်။

"ဈေးထဲက စက်သမားတွေကို ဝယ်နိုင်းလို့ ချုပ်နိုင်းလို့ ဝယ်ပေးထားတာ" လို့ပြောတယ်။ ဗီရိုအသစ်ကြီးမှာ ကျွန်မ အတွက်လို့ ပြတယ်။ အလှပြင်တဲ့ ပစ္စည်းတွေလည်း နိုဗ္ဗာတို့၊ လိုရှင်း တို့ မိတ်ကပ်တို့ အစုံပဲ ပါတယ်။

မနက်စောစော၊ အိပ်ရာက ထရင်းခွဲထားတယ်။

"ဘာလုပ်မလို့လဲ။ ဘာမှ မလုပ်ရဘူး။ တော်တော်ကြီးမှ အဝတ် အစားတွေဝတ်ပြီး ဈေးဝယ်မယ်။ မုန့်ဟင်းခါး စားကြမယ်။ ရွှေလေးလည်း ဝတ်ထားပါ။ နည်းနည်းလေးကို" ပြောပြီး ဖတ်ထားလို့ အတော်နဲ့ အပြင်မထွက်ရ ဘူး။ သူက မုဆိုးဖိုပေမယ့် ကျွန်မကတော့ အချစ်ဦးမို့ ချစ်တာပေါ့။

"မင်းဖို့ ပိုက်ဆံတွေလည်း ရှိတယ် သုံး" တဲ့။

အိမ်အကူ မိန်းမကြီးက သူ့ အိမ် နောက်ဖေးတင်နေတာမို့ ခြောက်



www.burmeseclassic.com

www.burmeseclassic.com

နာရီခွဲ ရောက်ပါတယ်။ မိန်းမကြီးက ခြင်းနဲ့ နောက်က လိုက်တယ်။ သူက ဈေးဝယ်ပြီး မိန်းမကြီးပြန်မှ သူနဲ့ ကျွန်မတို့ မုန့်ဟင်းခါး စားတယ်။ အိမ်ကျမှ ကျွန်မကြိုက်တာ ကော်ဖီဖြစ်ဖြစ် ဟောလစ်လို ကြိုက်တာပြော၊ သူဖျော်ပေးတယ်။ ပြီးမှ ကျွန်မကြိုက်တဲ့ ဟင်းပြော အိမ်အကူက အားလုံးချက်တတ်တယ်။

ပြီးမှ သူသား ၂ ယောက်နဲ့ သူစားဖို့ ချက်နိုင်တယ်။ သူသားတွေကလည်း ကျွန်မကို "အဒေါ် မုန့်စားပါ" ဆိုပြီး မုန့်အမျိုးမျိုး ဝယ်ဝယ်လာ ကျွေးတယ်။ မြန်မာဟင်းတစ်ခွက်လည်း အမြဲပါတော့ ကြိုက်တယ်။ အိမ်အကူ မိန်းမကြီးကလည်း ကျွန်မထက် ၁၂ နှစ်ကြီးပေမယ့် ကျွန်မကို "သမီး" တဲ့ ချစ်တယ်။ ကျွန်မကလည်း ညနေခါတိုင်း ခြောက်နာရီမှ ပြန်ပေမယ့်..

"အခေါ်ကြီး သမီးနဲ့ မြေးရှိတယ်ဆို၊ ညစာအိမ်ကျမှ စား" ဟင်းတွေ ပိုတာ ယူသွားလို့ ပေးတာ။ ဝမ်းသာတာပေါ့။ မိန်းမကြီး ပြန်သွားမှ ကျွန်မက ပန်းကန်တွေ မဆေးမသပ်ထားခဲ့တာတွေ ရှင်းနေရင်း သူဝင်လာပြီ။

"မိန်းမကြီးကို စောစောပြန်လွှတ်တော့ ကိုယ်ပင်ပန်းတာပေါ့။ သူ့ကို ဒီလိုလုပ် ဟိုလိုလုပ်နဲ့ ခိုင်းပါလား။ လာပါ ကျောင်းမှာလည်း ပင်ပန်းမှာပဲ။ မိန်းမကြီး စောစောပြန်တော့လည်း ကိုယ်တို့ ကိုယ်တို့ စောစော အိပ်ရာဝင်ရတာပေါ့ လာပါ" ဆိုပြီး ခွဲခေါ်လို့။ ကျွန်မ ရယ်ရတယ်။

ကျောင်းပိတ်တဲ့ ရက်လည်း ထမင်းကို နေ့စာ စားပြီးမှ အမေတို့ အိမ်ကို ကျွန်မသွားတာ။ သူသိပ်မကြိုက်ဘူး" ကျောင်းပိတ်တဲ့ ရက်လည်း မိန်းမက မိဘအိမ်ကိုသွားလို့ မျှော်ရတာပဲ" သူ ဒီလိုပြောလို့ ကျွန်မ ကျောင်းပိတ် တိုင်းမသွားပါဘူး။

ကျွန်မ အိမ်ထောင်ကျမှ ကျွန်မ ညီမငယ်က ဈေးဝယ်တော့ ဈေးထဲ ကျွန်မတို့ ဈေးဝယ်အခါနဲ့ ဆုံရင် သူက ဝက်သား ၅၀ သားဖြစ်ဖြစ်၊ ကြက်ကောင် ဖြစ်ဖြစ်၊ ဝယ်ထည့် ပေးလို့။ ညီမက သူ့ကိုအဝေးက မြင်ရင် ရှောင်ပြေးတာပဲ။

ဒီလိုနဲ့ သူ ၅ရက်လောက် ဖျားတယ်။ သူ့သား ၂ယောက်က သူ့ ကြည့်နေကျ။ ဆရာဝန်နဲ့ သူ့နှာပြု ခေါ်ကုတယ်။ သူ အသဲ နည်းနည်း ခြောက်တယ် ပြောတယ်။ ကျွန်မ ကျောင်းက ခွင့်ယူပြီး မအိပ်မနေ ပြုစုတော့ သက်သာသွားပါတယ်။

ဆရာဝန်က ပြောတယ်။

"ဩော်... မိန်းမ ရနေပြီလား။ ခင်ဗျား မိန်းမ၊ မအိပ်မနေ ပြုစုတော့ ကျွန်တော် သဘောကျလိုက်တာဗျာ" လို့ ပြောသွားတယ်။

ဒါနဲ့ ကျွန်မ၊ အမေတို့ အိမ် မရောက်တာ ၁ လလောက်ရှိတော့ သူလဲ နေကောင်းလို့ သွားတာ။ ဟိုမှာ မီးဖိုချောင် တစ်ခုလုံး ပြိုကျလို့ အိမ်သာကို ရသလို တစ်ခုခုနဲ့ ပြန်ဆောက်ထားပြီး မီးဖိုကိုတော့ အိမ်ထဲရွှေ့ချက်နေကြတယ်။ ညီမတွေလည်း မီးဖိုဆောက်စရာ၊

www.burmeseclassic.com

ပိုက်ဆံရှာတာ မရကြဘူး။ မှန်းချေ "၁၀ သိန်း" လောက် ကုန်နိုင်တယ်။ ကျွန်မ စဉ်းစားတယ်။

ကျွန်မ အိမ်ထောင်ကျတာ၊ ၅ နှစ်ရှိပြီ ကျွန်မကို မင်္ဂလာဆောင်ပေးတာလဲ။ သင့်သလိုပါ။ ကျွန်မကို ရွေ့ဝယ်ဆင်တာတော့ ဒီအတိုင်း ရှိနေတာပဲ။ ကျွန်မ အဖေ၊ အမေတွေ မီးဖိုပြင်တာ ငွေ ၁၀ သိန်း ကုန်မှာကို ကျွန်မဟာ သမီးကြီး ပိုက်ဆံရှိတဲ့ လူနဲ့ အိမ်ထောင်ကျနေတာ။ ဒါလေးကို ကျွန်မအကုန် ခံလိုက်မယ်ဆိုရင် ဆွေမျိုးတွေ ဘယ်လောက် သဘောကျကြမလဲ။ ကျွန်မ သူ့ကို ပြောမှာပဲ။ ဒီလိုစိတ်ကူးပြီး ပါးစပ်က ထုတ်ပြောရမှာ ရှက်နေတယ်။ ဒါပေမဲ့ အိမ်ပြန်ရောက်တော့။

"ကျွန်မတို့ အဖေ၊ အမေ အိမ်က နောက်ဖေးမီးဖိုချောင်ကြီး ပြိုကျသွားပြီ။ အိမ်သာပါ ပါသွားတယ်။ အိမ်သာတော့ မတ် ၂ ယောက်က ယာယီ အိမ်သာလေး လုပ်ထားတယ်" လို့ပြောတော့ သူဘာမှ မပြောဘူး။

"သွားကြည့်လုပ်ပေး လိုက်ပါလား။ ငွေဘယ်လောက် ကုန်မှာလဲ၊ မင်းလုပ်ပေးလိုက်ပေါ့" ပြောမလားလို့ ကျွန်မစဉ်းစားတာ မပြောတော့ ဒီလိုနေ တုန်း သူ့ပဲခူးဘက်ကို သွားစရာရှိတယ်။ ၁ လတစ်ခါ မနက်စောစော "နေ့စာ ထမင်းစားလိုက်တော့ ဟေ့" ဆိုပြီး သွားတာ။ သူ့သားတစ်ယောက်လည်း ပါလို့ သစ်ဆိုင်လည်း ပိတ်ထားတယ်။ ကျွန်မလည်း ကျောင်းပိတ်လို့ အိမ်အကူ မိန်းမကြီးလည်း အလာမနိုင်းပဲ ကျွန်မ အိမ်ရှင်းနေတာ။

သူ့ဗီရိုမှာ သော့တန်းလန်းနဲ့ တွေ့လို့ ကျွန်မဖွင့်ကြည့်တာ။ ဗီရိုထဲမှာ ပိုက်ဆံတွေ သိန်း ၇၀ ထပ်၊ ထားတာ တွေ့တယ်၊ ကျွန်းသေတ္တာလေး တစ်လုံး လဲ သော့ခတ်ထားတာ။ အဲဒီသော့တွဲမှာ သော့အသေးလေးရှိတော့ ကျွန်မ ဖွင့်ကြည့်တာ စိန် ၂ တန်သွား လက်ကောက်က ၁ ရံ၊ စိန်အလုံး ၆၀ လောက်ပါ။ ဆွဲကြိုးက ၁ ကုံး။ စိန်တစ်လုံး နာကပ်ကြီးက ၁ ရံ စိန် ၁၀လုံး ချယ်ထားတဲ့ နာကပ်ကြီးက တစ်ရံ စိန် ၁၀ လုံးရံထားတဲ့ လက်စွပ်ကြီးက တစ်ကွင်း ရွှေ ၅၀ကျပ်သား လောက် ရှိတဲ့ ရွှေလက်ပတ်ကြိုး တစ်ခု၊ သူ့ မိန်းမရဲ့ဓာတ်ပုံနဲ့ သူတို့ လင်မယား ဓာတ်ပုံကြီးပါ တွေ့တယ်။

ကျွန်မ သော့ပြန်ခတ်ပြီး သော့ကိုတော့ သူ့စားပွဲ အံဆွဲထဲ ခါတိုင်း ထားတာမြင်လို့ ထည့်ထားလိုက်တယ်။ သူ့စားပွဲထဲ မှာတော့ နေ့တိုင်းသုံးဖို့ ထားတဲ့ ပိုက်ဆံတွေထင်တယ်။ ၄၊ ၅ သိန်းလောက် ရှိတယ်။

မိုးချုပ်စမှ သူပြန်လာတယ်။ သူ့သားက ကားနဲ့ ပို့ပြီး ပြန်သွားတော့၊ အောက်ထပ် တံခါးတွေ ပိတ်ပြီး အိမ်ပေါ် တက်လာတယ်။

"ထမင်းလည်း စားခဲ့ရတယ်။ ငါကွာ ဟိုလူကတိုက် ဒီလူကတိုက်နဲ့ နည်းနည်းများသွားတယ်။ အိပ်ကြစို့" ဆိုပြီး . . .

ကျွန်မကို အိပ်ရာထဲ ဆွဲသွင်းတယ်။ ကျွန်မလိုက်ရတာပေါ့။ ခထာနဲ့





www.burmeseclassic.com

www.burmeseclassic.com

သူအိပ်ပျော်သွားတယ်။ ကျွန်မကတော့ ဒီအိမ်မှာ ရှေ့ရေအေးတွေ ရေချိုးသလို ကျွန်မ မိဘတွေ အသက်ရှစ်ဆယ်နီး နေတာကို ရေအေးလေးနဲ့ အိမ်ပေါ်မှာ ချိုးစေချင်တာပေါ့။ ဗိုလ်ထိုင် အိမ်သာလေးမှာ ဝင်စေချင်တာပေါ့။

အဲဒါလေး လုပ်ပေးဖို့ ပြောတာကို သူက စကားမပြန်တာ။ အိပ်လို့တောင် မပျော်ဘူး။ ဒီကြားထဲ သူက အရက်စော်နံနံနဲ့ ဖက်ထားလို့ ငြိမ်နေရတယ်။ ဒါနဲ့ ကျွန်မ မနက်ကျတော့ သူ့နဲ့ မုန့်ဟင်းခါးလိုက်ပြီးစား။ ဟင်းပိုင်းချက်နေ့စားထမင်းစားပြီး။ ကျောင်းကိုသွား ညနေပြန်လာ သူနဲ့ ထမင်းစားပြီး အိပ်ရာ မဝင်ခင်ပဲ။

"ကျွန်မ ပြောထားတာ။ ဘယ်လိုလဲ။ အဖေတို့ မီးဖိုချောင်လေး ပြင်ပေးဖို့လေ မိုးလည်းကျလာတော့မယ်။ လက်သမားလည်း ရှာရဦးမယ်လေ" လို့ ပြောလိုက်တော့...

"ဟ... အဖေနဲ့ အမေက အတူနေတဲ့ သမက် ၂ ယောက်က ကြည့်လုပ်ကြမှာပေါ့။ အဖေနဲ့ အမေလည်း အိုနေကြပြီ။ သေရင်လည်း ဒီအိမ် သမီး။ သမက်၊ မြေးတွေပဲ ယူကြမှာပဲ။ မင်းက ပူနေတာ။ ငါနဲ့လည်း မဆိုင်ပါဘူး။ မင်းအတွက် ငါပူမယ်။ စိတ်ထဲထားမနေနဲ့" သူလေ သူဒီလို ပြောလိုက်တာ ကျွန်မဖြင့် လန့်သွားတာပဲ။ ဒါနဲ့ ကျွန်မပြန်ပြီး ပြောလိုက်တယ်။

"ဘယ့်နှယ် ... ကျွန်မနဲ့ မဆိုင်ရမှာလဲ။ ကျွန်မက သမီးအကြီးဆုံး။ လူငယ်တွေ မတာတ်နိုင်တဲ့ နေရာမှာ ကျွန်မအိမ်ထောင်သည်က ပိုက်ဆံရှိတဲ့ ယောကျ်ားနဲ့ အိမ်ထောင်ကျတဲ့ သမီးက အဖေ အမေရဲ့ အိမ်ပျက်နေတာ ပြင်ပေးတယ် ဟော့ ဆိုတဲ့ နာမည်ကိုလည်း ယူချင်တာပေါ့။ ရှင်နဲ့ မညားဘဲ အပျိုကြီးဆိုရင်လဲ ကျွန်မ ပူတာကတော့ ပူမှာပဲ" ဒါနဲ့ ကျွန်မ သူ့သဘောကို သိရအောင်...။

"ဒါဖြင့် ကျွန်မကို ရှင်လုပ်ပေးပြီး ဆင်ထားတဲ့ထဲက လက်ကောက် ၂





www.burmeseclassic.com

www.burmeseclassic.com



ကျွန်မလည်း ကျောင်းပိတ်လို့ အိမ်ရှိနေတုန်း သူသားကြီး တက်လာပြီး၊ စာရွက်တစ်ထပ် "အမေလာရင် ပေးလိုက်ပါ" ဆိုပြီး ကျွန်မကို ပေးပြီး ဆင်းသွားလို့ ကြည့်လိုက်တော့ စာချုပ်တွေ ဖြစ်နေတယ်။

"ဒီ သစ်ဆိုင်နဲ့ တိုက်၊ မြို့ထဲက တိုက်အားလုံး သူ့သား ၂ ယောက်ကို အပြီးလွှဲပေးလိုက်တဲ့ စာချုပ်ဖြစ်တယ်။ အောက်က သူ့လက်မှတ် ထိုးထားတယ်။ အဲဒီစာချုပ်ကို ကျွန်မ မြင်အောင် ကျွန်မကို လာပေးတာ ဖြစ်မယ်ထင်တယ်။ ကျွန်မ···

"ဟဲ···ဟဲ···ဟဲ " လို့ ရယ်လိုက်မိတယ်။ အခု သူသေရင် ဒီတိုက်ပေါ်က ကျွန်မ ခွေးပြေး ပြေးဆင်းပေါ့။ ကျွန်မကရော မသေဘူးလား။ ဒီစာချုပ် လုပ်တာ မကြာသေးဘူး ကျွန်မ သူ့ထိုင်တဲ့ စားပွဲပေါ် တင်ထားပြီး ကျွန်မပြန်ဖတ်တာ။ ဟို ၇ လတုန်းက ညီမဝမ်းကွဲက စာရေးတာ···

"အစ်မ··· ကျွန်မတို့ ဆီမှာ ကျူရှင်သင်ပြဖို့ လူလိုနေလို့၊ အစ်မ အလုပ်ကထွက်ပြီး လာပါလား။ ၁ လကို ၂ သိန်း၊ ၃ သိန်းရမယ်၊ နေစရာ၊ စားစရာလည်း ကျွန်မဆီမှာ နေစား၊ ကျွန်မကလေးတွေလည်း ပညာသင်ပေးလာပါလား။ အစ်မရယ်" လို့

စာရေးတာ၊ ကျွန်မက "ငါ အိမ်ထောင်ကျနေပြီပေါ့ မလာတော့ဘူး" လို့ စာပြန်လိုက်တာ။

အခုသူ့ဆီ ကျွန်မစာရေးတယ်။

"ညီမ ငါလာမယ် စိတ်ကူးတယ်"

"ကျူရှင်ယူချင်တဲ့ လူတွေရှိသေးလား" ဆိုတော့···

"အစ်မ လာသာလာခဲ့ ကျူရှင်ယူချင်တဲ့ လူတွေများလို့ ကျွန်မတောင် ကျူရှင်ခန်း ဖွင့်ထားတယ်။ အစ်မလာနော်။ အစ်မ" တဲ့ ဖုန်းပြန်လာတယ်။ ဖုန်းနဲ့ ပြောတာပါ။

ဒါနဲ့ ကျွန်မ "ကျွန်မက စနေသမီး" ထက်ထက်" လို့ ဖွင့်ထားတာ။



www.burmeseclassic.com

www.burmeseclassic.com

စိတ်ကြီးတယ်။ ဒီတော့ ကျွန်မကြံထားတာ၊ အထမြောက်အောင် လုပ်မှာပဲ ကျွန်မ သူငယ်ချင်း မအုပင်မှာ ရှိတယ်။ မအုပင်မှာ ကျူရှင် ပြရင် ၁လ ၂သိန်း လောက်ရတယ်တဲ့ ကျွန်မ မအုပင်ကို သွားမယ် စိတ်ကူးတယ်။ ဒီလို ပြောတော့ "မသွားပါနဲ့ကွာ။ ငါငွေ ၁၀ သိန်းပေးပို့မယ့်" များ ပြောမလား မှတ်တယ်။

"ဟာ… မအုပင် နီးနီးလေးပဲ သွားပေါ့။ ၁ ပတ်တစ်ခါ ပြန်လာ။ ငါလည်း လာချင် လာမှာပေါ့" တဲ့

"အင်းလေး . . . ကျွန်မ စဉ်းစားပါဦးမယ်။ ကိုယ့်ယောကျ်ားကို လည်း လွမ်းပါတယ်" ဆိုတော့။

"နီးနီးလေးပဲကွာ။ မဟန်ရင်လည်း ပြန်လာပေါ့" တဲ့

ကျွန်မနောက်နေ့မှာ။ ကျောင်းက ထွက်ဖို့ လျှောက်လွှာတင်တာပဲ။ တစ်လလုံး လုပ်စရာတွေလုပ်၊ အမေ့တို့ အိမ်ကိုတော့ ဘာမှမပြောခဲ့ဘူး။ အဝတ်ခက် ဟောင်းဟောင်း ၅ စုံကို အိမ်အကူ မိန်းမကြီးကို ပေးထားတယ်။

ကျောင်းလုံ ချည်တွေ အဟောင်းရော အသစ်ရော အမိုက်ကောက်တဲ့ မိန်းမကို ၅ ရက်လောက် ထဲကပေးထားတာ၊ အဝတ် ၅ စုံပဲ။ ကျွန်မ အိမ်ကပါတာကို ယူခဲ့တယ်။ ကျောင်းဝတ်စုံ အသစ်ကိုတော့ ဝတ်ခဲ့တယ်။

လေယာဉ်လက်မှတ်တော့ ဝယ်ထားပြီး သူနဲ့ မနက်ဘက် မုန့်ဟင်းခါးလည်း ဈေးထဲမှာ စားတယ်။ နေ့စာ ထမင်းလည်း အိမ်မှာ သူနဲ့စားတယ်။ သူသားတွေ ရောက်လာမှ သူအောက် ထပ်ဆင်းသွားတယ်။

ဒါနဲ့ကျွန်မ ဆွဲကြိုး၊ လက်ကောက်၊ နားကပ်၊ လက်စွပ်တွေချွတ်၊ ကျွန်မမှာ ရှိတဲ့ ပုလဲနားကပ်နဲ့ ပုလဲလက်စွပ်ကလေးကို ဝတ်၊ သူဆွဲကြိုး လက်ကောက်၊ နားကပ်၊ လက်စွပ်တွေကို လက်ကိုင်ပုဝါနဲ့ ထုတ်ပြီး သူခေါင်းအုံးဘေးမှာထား။ ကျောင်းစိမ်းလုံချည် အသစ်ကို ဝတ်ပြီး ကျောင်းသွားမယ့်



www.burmeseclassic.com

ပုံနဲ့ ထွက်ခဲ့ပြီး ခတ်လှမ်းလှမ်းကျမှ အငှားကား စီးပြီး လေယာဉ်ကိုလာတာ။ တစ်နာရီလောက်မှာ လေယာဉ်ထွက်တာပဲ၊ ဒီခရီးလောက်မှာ ရောက်တာပဲ။ အဲဒါ "စစ်တွေ" ပေါ့။

အငှားကားနဲ့ သူ့အိမ်ရှေ့ ရပ်လိုက်တော့ . .

"ဟယ် . . . အစ်မ။ အစ်မ လာပြီ"ဆိုပြီး ညီမဝမ်းကွဲကစီးဖက်တယ်။

အမေ့တူနဲ့ အဖေ့တူမနဲ့ ညားကြတဲ့ လင်မယားဖြစ်လို့ ကြိုဆိုကြတာလေ။ အဖေနဲ့ အမေက ပညာသင်ပေးလိုက်လို့၊ သူတို့ ဘွဲ့ရကြတယ်။ အခု "အထက်အောက် ကုန်တွေ" ရောင်းဝယ်နေကြတာ။ သူဌေး ဖြစ်နေကြပြီ။ ကျွန်မပြောပြလိုက်တယ်။

"ငါက အိမ်ထောင်ကျနေတာ။ ငါကြိုက်လို့ပေါ့ဟာ။ ပစ္စည်း အသင့်ရှိတယ်၊ လူချော မှုဆိုးဖို ငါ့ကိုတော့ အစစ ချစ်ခင်ပြီး၊ ရွှေ ၅ သားလောက် ဆင်ထားပေးမယ့် အဖေ အမေတို့ အိမ်ပေါင်းတော့ မီးဖိုဆောင်နဲ့ အိမ်သာပါ



ပြိုကျတော့။ အတူနေ ညီမတွေ၊ မတ်တွေကလည်း မပြင်နိုင်လို့ ငါက သမီးကြီးဖြစ်တော့ ပြင်ပေးချင်လို့ ငွေ ၁၀ သိန်းတောင်းတာ . . .

"မင်းအပူမဟုတ်ပါဘူးကွာ။ မင်း မတ်တွေ လုပ်ကြမှာပေါ့ ဆိုတာ။ ငါ့ဒေါသဖြစ်ပြီး။ ငါ့ကျောင်းက ထွက်ခဲ့တော့ ကျူရှင် ပြရမယ်ဆို"

ဆိုတော့ သူတို့လင်မယား ရယ်ကြတယ်။ ပြီးမှ . . .

"အဲဒါ ကျွန်တော်တို့ တာဝန်ပဲ အစ်မ၊ ကျွန်တော်တို့ကို ပညာသင်ကျွေးမွေးပြီး ဒီ ၂ယောက်ကို မင်္ဂလာဆောင်ပေးလိုက်တာ။ ဒါဖအေနဲ့ မအေပဲ။ ကျွန်တော် ဒီအိမ်ကို ပြင်မယ်"

"ဟုတ်တယ် . . . အစ်မ ကျွန်မတို့ ရန်ကုန်ကို မရောက်လို့ ဒါတွေ မသိတာဖြစ်မယ်။ ငွေ ၁၀သိန်းနဲ့ ရမလား။ ကျွန်မတို့ ပြင်မယ်" တဲ့

ငါက သမီးကြီး ငါလုပ်ရမှု၊ ကျေနပ်မှာမို့ အလုပ်က ထွက်ပြီးလာတာ ကျူရှင်ပြဖို့ နေရာသာပြကြ" ဆိုတော့





www.burmeseclassic.com

www.burmeseclassic.com

"ကဲ・・・ လာ။ ကျွန်မက နောက်ဖေးက မြေမှာ ကျူရှင်ခန်းလုပ်ပြီး စာမေးပွဲကြီးလဲ နီးတော့ ပိုက်ဆံရှိတဲ့ သားသမီးတွေက တက်ကြမယ် ဆိုလို့ ဆောက်ပြီးမှ ဟိုဘက်က ပိုက်ဆံတွေ ပိုပေးပြီး ခေါ်သွားလို့ ဆရာကောင်းတွေ မရှိလို့ ပိတ်ထားတာ။ အစ်မ လာရင် ပြန်ဖွင့်မယ်။ စိတ်ချ・・・ စိတ်ချ" ဆိုပြီး နောက်ဘက်ကို ခေါ်သွားတယ်။ တွေ့ပါတယ်။ စာသင်ခုံတွေနဲ့ ကျွန်မ သဘောကျတာပေါ့။

ကျွန်မအတွက် တစ်ခန်း ခုတင်တွေ မွေ့ရာတွေနဲ့လုပ်ပေး။ ထဘီ၊ အင်္ကျီတွေလည်း ၅ စုံဝယ်ပေးတယ်။

၂ ပတ်နေတော့ ညီမ ယောကျ်ားက ရန်ကုန်က ညီမကြီးရုံးကို ဖုန်းဆက်ပြီး ငွေ ၁၀သိန်း။ အိမ်ပြင်ဖို့ ပြောပြီး။ ဘဏ်ကငွေ လွှဲလိုက်တာ။ ယောကျ်ားကို မပြောနဲ့လို့ ဖုန်းနဲ့ မှာတယ်။ နောက်ပတ်မှာ ညီမငယ်ဆီက ဖုန်းလာတယ်။

"မမ ・・・ ယောကျ်ား အိမ်ကို လာမေးတယ်။ မသိဘူး" လို့ပြောတော့



သူ့ မအေ့ပင်ကို သွားပြီး တမြို့လုံးရှာတာ မရှိဘူးတဲ့။ ဘယ်သွားလဲတဲ့။ ကျွန်မတို့လည်း မသိဘူး။ ဆိုတော့ ပြန်သွားတယ်လို့ ဖုန်းဆက်တယ်" လို့ဆိုတယ်။ နောက် ၁ လမှာ ညီမက・・・

"မမ ယောကျ်ားလာတယ်။ သူ့ကို မိန်းမ ၃ ယောက်တောင် လာစပ်ကြတယ်။ အသက် ၃၀ လဲ ပါတယ်။ ၁လ အတွင်း ပြန်မလာရင် သူမိန်းမ ယူလိုက်မယ်တဲ့" ကျွန်မဖုန်းနဲ့ ပြန်ပြောလိုက်တယ်။ အစ်မလဲ ဘယ်ရောက်နေလဲ မသိဘူး။ မိန်းမသာ ယူလိုက်လို့ ပြောလိုက်။ နောက်ကို သူ့အကြောင်း ငါ့ကို မပြောနဲ့လို့" ပြောလိုက်တယ်။

ဒီအိမ်မှာလဲ ကျွန်မက ငါးတွေ ပုစွန်တွေကို မြန်မာလို ချက်လို့ စားကောင်း ကြတယ်။ ဒီမှာ အိမ်အကူက ရခိုင်လို ချက်တာ စားမကောင်းလို့တဲ့၊ ကျွန်မ ဟင်းချက်ရတယ်။ ကျွန်မ မိုးမလင်းခင်ထ၊ ဈေးသွားဝယ်၊ ဟင်းစာ အိုးချက်ပြီးမှ စာသင်တာ။ တစ်လကို ၂ သိန်း ကျော်ရတယ်။



သူတို့ လင်မယား တင်ပေးလိုက်တဲ့ ငွေ ၁၀သိန်းကို ကျွန်မ ပြန်ပေးတာလဲ၊ မယူကြဘူး။ ဒါနဲ့ ရန်ကုန်ကိုပဲ ၂သိန်း လွှဲပေးပြီး…

"အဖေနဲ့ အမေအတွက် စားချင်တာ ဝယ်ကျွေး၊ ကျန်းမာရေး မကောင်းရင်၊ ဆေးကုဖို့ ထား။ နင်တို့ မသုံးနဲ့" လို့မှာ ရတယ်။

မတ် ၂ယောက်လည်း ရာထူးတွေတိုးလို့ လခတွေလဲ တိုးရတော့၊ ကျွန်မပို့တဲ့ ၁လ ၂သိန်းကို အဖေနဲ့ အမေအတွက် ဘဏ်မှာ အပ်ထားတယ်လို့ ပြောကြတယ်။ ညီမ ၂ယောက်က ဖုန်းတစ်လုံးဝယ်ပြီးမှာ အဖေနဲ့ အမေကို ဆက်ပေးကြတော့၊ ကျွန်မနဲ့ စကားပြောရတယ်။

BURMESE CLASSIC .com

"သမီးလုပ်ပေးတဲ့ အိမ်သာ ဗိုလ်ထိုင်နဲ့ ရေချိုးခန်းနဲ့ အဖေနဲ့ အမေ ရေဝင်ချိုးရတယ်။ သမီး၊ မီးဖိုဆောင်လဲ အသစ်ဖြစ်သွားပြီ၊ ဆောင်းတွင်းအေးတဲ့ အခါလည်း မြေးတွေက ရေနွေးကြို ထည့်ပေးလို့ အဖေတို့ ရေပူ၊ ရေအေးလို ရေချိုးခန်းနဲ့ ချိုးရတယ်။ သမီးရယ်၊ ဟိုမှာ သမီးပျော်သလောက် နေနော် သမီး" တဲ့။

ကျွန်မ ဝမ်းသာရတာပေါ့။ နောက်ထပ် နှစ်၊ ၂ နှစ်နေပြီး ကျူရှင်ယူချင်တဲ့ ကလေးတွေကို ဈေးရှေ့ယူ မပေးနိုင်တဲ့ ကလေးတွေ သင်ပေး၊ ညီမတွေ၊ မောင်တွေကို မြန်မာဟင်းတွေ ချက်ပေး။ မုန့်ဟင်းခါးတွေလည်း ၁လ၊ ၁ခါ ချက်ပြီး အနားက ဘုန်းကြီးကျောင်းကို ကပ်တာ၊ ဘုန်းကြီးတွေနဲ့လည်း ခင်လို့ ဘုန်းကြီးက အသက် ၆၀ ဝါ ၄၀ သူ့ ညီမ သီလရှင် ၂ ပါးက အသက် ၅ ဆယ်ကျော်၊ ညီမ ဝမ်းကွဲက ၂ပါးက ၄၀ကျော်တွေ၊ တစ်လ ၁ခါ မိုးကုတ်တရားစခန်း ဖွင့်တယ်။ ရန်ကုန်သား ဘုန်းကြီးနဲ့ သီလရှင်တွေပေါ့"

တရားစခန်း တစ်လ တစ်ခါ ဖွင့်တာ၊ လူ ၄၀ ၅၀၊ ဒီလိုတရားဝင်ကြတယ်။ ဆွမ်းစရိတ်မယူပဲ ဖွင့်တား လှူတဲ့ လူတွေကလည်း အမြဲရှိတော့၊ ကျွန်မလဲ၊ တရားစခန်းဖွင့်ရင် ချေးသည်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com

သွားတရားထိုင်ပြီး မိုးချုပ်မှ အိမ်ပြန်။

ဒါနဲ့ ဘုန်းကြီး နမ၊ သီလရှင်တွေကို မေးကြည့်တာ သီလရှင် ဆရာကြီးတို့ ဆွမ်းခံရတာလည်း မတွေ့ပါလား ဆိုတော့။ ဆရာလေးတို့က အစ်ကို ဘုန်းကြီး စစ်တွေမှာပဲ ပျော်တယ် ဆိုတာနဲ့ အဖေ အမေတွေ ကွယ်လွန်တော့ ခြံတွေ၊ အိမ်တွေ ရောင်းပြီး စစ်တွေကို လိုက်လာပြီး ၂ယောက်စလုံး သီလရှင်ဝတ်လိုက်ပြီး ကျောင်းတွေလည်း ဆောက်၊ ငွေတွေလည်း ဘဏ်မှာ အပ်ထား။ ညီမဝမ်းကွဲ သုံးယောက်ကလည်း လိုက်လာပြီး သီလရှင် ဝတ်လိုက်တာ သံဃာတော်က ကျောင်းမှာ ၇ ပါးပဲရှိတယ်။

တရားစခန်းလုပ်လို့ ငွေလိုရင် ဘဏ်က ထုတ်ပြီး သုံးအလှူရှင်တွေ လှူသူရှိရင်လည်း ဘဏ်ထဲထားတော့ ငွေပိုနေတယ်။ ကျောင်းထိုင်ဘုန်းကြီးနဲ့ ကျောင်းရှိသံဃာတွေကို အရဏ်ဆွမ်း။ နေ့ဆွမ်း၊ ဆရာလေးတို့က ချက်ပြီး ကပ်ရတယ်။ ကပ္ပိယကြီးတွေကလည်း ဆရာလေးတို့ အစ်ကို ဝမ်းကွဲတွေပဲ အသက်တွေ ၆၀ ရှိပေမယ့် ကျန်းမာကြတယ်။ သူတို့က ယောကျ်ား အလုပ်တွေ၊ လုပ်ကြတာပေါ့။ ကျောင်းဝိုင်းထဲ သစ်ပင်၊ ပန်းမန်တွေ စိုက်ကြတာ၊ အမှိုက်လှဲကြ ညနေဆို တရားစခန်းမရှိလဲ ကပ္ပိယတွေရော၊ ဆရာလေးတို့ရော၊ တရား ၂နာရီ ထိုင်ရတယ်"

ဆရာတော် တရားစခန်းဖွင့်တဲ့ အခါ ကျွန်မ တရားနာရတယ်။ ဇိပ္ပ သသနာ တရားတွေ ဟောတာ၊ ဆရာတော်က "ထူတောင်ရင် ပူလောင်ရတယ်။ ရပ်သိမ်းမှ ချုပ်ငြိမ်းရတယ်" ဆိုတာတွေ ဟောတယ်။

ကျွန်မ အိမ်ပြန်လာတော့ ညီမကြီးဆီက ဖုန်းလာတယ်။

"မမ ယောကျ်ား အိမ်ကိုလာတယ်။ နင့်အစ်မ ဘယ်မှာလဲ။ ငါတွေ့မှ ဖြစ်မယ်။ ငါ့ကိုလာစပ်တဲ့ ဆရာဝန်မက သူ့မှာ အမေက အသက် ၇၅နှစ်၊ အစ်ကိုက ခြေထောက်တစ်ဖက် ခြေသလုံးက ပြတ်နေတဲ့ အစ်ကိုနဲ့ အမေကို





www.burmeseclassic.com

www.burmeseclassic.com



ငါ့ဒိမ်ခေါ်ထားမယ်တဲ့ အဲဒါတွေ ကား တစ်စီးဝယ်ပေးရမယ်တဲ့၊ ကားက ၃၀၀ တန်ကားကောင်းတဲ့ စိန်နားကပ်၊ စိန် လက်ကောက်၊ စိန်ဆွဲကြိုး၊ စိန် လက်စွပ်တွေ ဝယ်ဆင်မှ ငါ့ကို ယူမယ် တဲ့။ လုတော့ လုတယ်။ အသက်က လည်း ၃၀ပဲ ရှိသေးတယ်။ ငါက သစ်ဆိုင်နဲ့ တိုက်လည်း ပိုင်တယ်။ မုဆိုးဖိုလည်း ဖြစ်တယ်။ ဒီတော့ ဒါတွေ၊ တင်တောင်းမှ ယူမယ်တဲ့ ငါ့စိတ်ဆိုးလို့ မယူဘူးလို့ ပြောလိုက်တယ်။ ငါ စိတ် ဆိုးလို့ မယူဘူးလို့ ပြောလိုက်တယ်။ နင်အစ်မကို ရောက်တဲ့ ဆီ ငါ့ရှာမယ်။ နင်တို့ သိကိုသိရမယ်" လို့ ပြော်သွား တယ်။ သနားပါတယ် မမရယ်။ ပြော လိုက်ရမလား" တဲ့။

"အမယ်လေး သွားမပြောနဲ့ ငါ့သီလရှင် ဝတ်မလို့ မပြောကြနဲ့နော် လို့ ပြောလည်း ပြော" နောက် ၁ပတ်မှာ သီလရှင် ဝတ်ဖို့ ကြံလိုက်တော့တယ်။ ဆရာတော်က အမြဲဟောတယ်။

"ကိုယ့်အကြောင်း ကိုယ်ကြည့် ကိုယ်မကောင်းတာ လုပ်တာလဲ ကိုယ်ပဲ သိတယ်။ ကိုယ်ကောင်းတာ လုပ်တာ လည်း ကိုယ်ပဲသိတယ်။ ဒီတော့ ကိုယ် သွားရမယ့် လမ်းလဲကိုယ်ပဲ သိမယ်"တဲ့။

ကျွန်မ လုပ်ခဲ့တာတွေ သိပါ ပြီ။ ကျွန်မ ငွေ ၃၀၀၀၀ ယူပြီး၊ ဆရာလေးတွေစီ သီလရှင် အဝတ်ဝယ် ဖို့ သွားတော့ ဆရာလေးတွေက "သူ များ လှူထားတဲ့ ဝတ်စုံတွေ ရှိတယ် လေးစုံယူသွား၊ ဖောင်၊ ခြင်ထောင်တွေ လည်းအစုံရှိတယ်။ လှူချည့်လာခဲ့"တဲ့။

ညီမဝမ်းကွဲ လင်မယားက လှူ ၁၀၀ ဖိတ်ပြီး၊ ထမင်းကျွေးမယ်တဲ့၊ အဖေနဲ့ အမေရယ် ညီမကြီး လင်မယာ လည်း လေယာဉ်နဲ့ လိုက်လာကြတာ။ ကျွန်မ သီလရှင်ဝတ်တဲ့ ပွဲမှာ အဖေနဲ့ အမေကို ကျွန်မ ကန်တော့တယ်။ ရန်ကုန်ကို မလာတော့ဘူး" လို့

ကျွန်မ သီလရှင် ဘွဲ့က မမွေ့သီ၊ တဲ့ရှင်။

အိမ်ထောင်ကျဖူးတယ်။

ဟိုးတုံး

www.burmeseclassic.com